

ဦးပိုးကျား
ကိုယ်တွေ့ဝတ္ထုများ

[illegible] ၃ ပါး

[illegible]
[illegible]
[illegible]

[illegible]

## [illegible]

- [illegible]
- [illegible]
- [illegible]
- [illegible]

ဦးဖိုးကျား

# ကိုယ်တွေ့ဝတ္ထုများ

ပါရမီ

စာပေ

**ကိုယ်တွေ့ဝတ္ထုများ**
ဒုတိယအကြိမ်၊ ၁၉၉၉ ဇူလိုင်၊ အုပ်ရေ ၃၀၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၄၆/၉၉(၇)နှင့် စာမူခွင့်ပြုချက်အမှတ် ၄၂၀/၉၉(၅)တို့အရ ဒေါ်နယ်လီ(ခေါ်) ဒေါ်ခင်လေးတင့် (၀၂၅၇၀)၊ အမျိုးသမီးဂုဏ်ရည်စာပေ၊ ၄၁/၁၉၁၊ ဒဂုံမြို့သစ် မြောက်ပိုင်းက ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

စာအုပ်ချုပ် ဇော်ဝမ်း

တန်ဖိုး ၁၀၀၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်( ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော် မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

## မာတိကာ


| | | |
|---|---|---|
| | ထုတ်ဝေသူ၏ အမှာ | ၄ |
| | စကားချီး | ၆ |
| ၁။ | သွက်လက်ချက်ချာသော မယ်မျှင် | ၁၁ |
| ၂။ | မောင်ဘစီ | ၁၆ |
| ၃။ | အခမဲ့ကူလီထမ်းခြင်း၏ အကျိုး | ၂၄ |
| ၄။ | မြို့အုပ်မင်း | ၄၀ |
| ၅။ | ဘုရားဖူးသွားခြင်း | ၅၈ |
| ၆။ | လွဲသောအကြွား | ၇၅ |
| ၇။ | မယ်ဒုက္ခ | ၉၀ |
| ၈။ | အရက်သမား | ၉၈ |
| ၉။ | ခြောက်ပြစ်ကင်း | ၁၁၃ |
| ၁၀။ | ကျွန်ုပ်အလိမ္မာတိုးသော နေ့တစ်နေ့ | ၁၁၉ |
| ၁၁။ | လူရိုး | ၁၂၇ |
| ၁၂။ | မင်းကတော် | ၁၄၀ |
| ၁၃။ | မိတ်ဆွေရှင်ပြု | ၁၅၃ |
| ၁၄။ | အဖိုးတန်သော အိမ်သူမယ်သန့် | ၁၇၃ |
| ၁၅။ | လက်တွေ့ချမ်းသာရာနည်း | ၁၈၂ |
| ၁၆။ | မယ်မြ | ၁၉၀ |
| ၁၇။ | ရွှေဘိုမဂျမ်းခင် | ၂၀၂ |
| ၁၈။ | ရှိဇီခင်တင့်ထူး | ၂၁၈ |
| ၁၉။ | ငွေမျက်နှာ | ၂၇၄ |

## ထုတ်ဝေသူ၏အမှာ

အမျိုးသားပညာဝန်ဦးဖိုးကျားသည် မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်မှစ၍ 'ကိုယ်တွေ့ဝတ္ထုများ'အမည်ဖြင့် အမှတ်စဉ်တပ်၍ စာအုပ်များ ရေးသား ထုတ်ဝေခဲ့ရာ ရှာဖွေတွေ့ရှိသမျှ အမှတ်စဉ် ၆ အထိ ရှိပါသည်။ အမှတ် စဉ် ၁ မှ ၄ အထိ စာအုပ် ၄အုပ်၌ ဝတ္ထုစုစုပေါင်း ၂၁ ပုဒ် ပါရှိပြီး အမှတ်စဉ် ၅ သည် '၃၇ မင်း' ဖြစ်၍ အမှတ်စဉ် ၆ သည် 'အလောင်းတော်ကဿပ' ဖြစ်ပါသည်။

ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထု အမှတ်စဉ် ၅ ဖြစ်သော '၃၇ မင်း' ကို ကျွန်တော်များ ပါရမီစာပေက ၁၉၉၉ ခု ဇွန်လတွင် ပြန်လည်ထုတ်ဝေပြီး ဖြစ်ပါသည်။ အမှတ်စဉ် ၆ 'အလောင်းတော်ကဿပ' ကို အခါအခွင့် သင့်လျှင် ပြန်လည်ထုတ်ဝေပါမည်။

ကိုယ်တွေ့ဝတ္ထုအမှတ်စဉ် ၁ မှ ၄ အထိ စာအုပ် ၄ အုပ်၌ ပါရှိခဲ့သော ဝတ္ထုစုစုပေါင်း ၂၁ ပုဒ်အနက် 'သာသနာပြုကိုယ်တော်လေး' နှင့် 'သာသနာ့ရန်ဆူးရန်ငြောင့်' တို့မှာ ဘာသာရေးဝတ္ထုများဖြစ်၍ သီးခြားစာအုပ်အဖြစ် ထုတ်ဝေရန် စီစဉ်ထားပါသည်။

ယခု ဤစာအုပ်၌ အထက်ဖော်ပြပါ ဝတ္ထု ၂ ပုဒ်မှလွဲ၍ ကျန်စာ ၁၉ ပုဒ်လုံး ပါဝင်ပါသည်။ ယင်း ၁၉ ပုဒ်ထဲမှ ကောင်းနိုးရာရာ ၁၆ ပုဒ်တို့ကို ရွေးချယ်ကောက်နုတ်၍ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်က 'ကိုယ်တွေ့ဝတ္ထုကောက်နုတ်ချက်များ' အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။ တန်ဖိုးမှာ ၈ ပဲဖြစ်ပါသည်။

တစ်ဖန် အထက်ပါ ဝတ္ထုများထဲမှပင် ၁၃ ပုဒ်တို့ကို ထပ်မံကောက်နုတ်ကာ 'ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထု ကောက်နုတ်ချက်များ'

အမည်ဖြင့် စာပေဗိမာန်က ထုတ်ဝေခဲ့ပါသည်။ ထုတ်ဝေခုနှစ် ဖော်ပြမထားပါ။ တန်ဖိုးမှာ ၁ ကျပ် ဖြစ်ပါသည်။

ယခုအကြိမ်ထုတ်တွင်မူ ဆရာကြီးဦးဖိုးကျားကို လေးစားစွာဂုဏ်ပြုသောအားဖြင့် ဝတ္ထု ၁၉ ပုဒ်လုံးကို တစ်စုတစ်စည်းတည်း ဖတ်ရှုနိုင်ကြစေရန် ရည်သန်ထုတ်ဝေပါသည်။

ဤသို့ ထုတ်ဝေနိုင်ရန် စေတနာဖြင့် အကြံပေးကူညီခဲ့ကြသော အမျိုးသားစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင် အမှူးပြုသော ဝန်ထမ်းများ၊ ပန်းချီဦးစံတိုး၊ ဆရာဦးစိန်ပန်းတို့ကို ပါရမီစာပေက အထူး ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။

**ပါရမီစာပေ**

## စကားချီး

ယခုခေတ်အခါ ကျောင်းသားသူငယ်များဖတ်ရန် ဖတ်စာနှစ်မျိုး လိုအပ်လေသည်။ တစ်မျိုးမှာ သင်ယူရန်ဖတ်စာ၊ တစ်မျိုးမှာ အလွတ်ဖတ်ရန်ဖတ်စာ ဟူ၍ ခေါ်ဆိုနိုင်သည်။

သင်ယူရန်ဖတ်စာဆိုရာ၌ လုံးစေ့ပါဒ်စေ့၊ အဓိပ္ပာယ်အစုံအလင်နှင့် အသေးစိတ်၍ ဖတ်ကြားသင်ယူ မှတ်သားရသော ဖတ်စာမျိုး ဖြစ်သည်။ (ယခုအခါ ပထမတန်း၊ ဒုတိယတန်းစသည့် ဖတ်စာမျိုး၊ ဝေသန္တရာဇနကစသော ဝတ္ထုများကို ဆိုလိုသည်။)

အလွတ်ဖတ်ရန် ဖတ်စာဆိုရာ၌ လုံးစေ့ပါဒ်စေ့ အသေးစိတ်၍ သင်ကြားရသည်မဟုတ်၊ အလွတ်လျှောက်၍ ဖတ်သွားပြီးလျှင် ဝတ္ထုကြောင်း သဘောလောက်ကိုသာ အကြမ်းအားဖြင့် မှတ်သားရလေသည်။ ထို့ပြင် ပင်ပန်းစွာ မဟုတ်ဘဲ စိတ်ပါလက်ပါ၊ ပျော်ပျော်ရွှင်ရွှင်နှင့်ဖတ်သွားစရာ ပုံဝတ္ထုစာမျိုးဖြစ်၍လည်း ဆရာမပါဘဲနှင့်ပင် တပည့်တို့ဘာသာ ဖတ်သွားနိုင်လေသည်။ ဖတ်လည်း ဖတ်သွားချင်ကြလေသည်။

ဤဒုတိယဖတ်စာမျိုး ရနိုင်ရန် ဤယခု 'ကိုယ်တွေ့ဝတ္ထုများ'ကို ကျွန်ုပ်ရေးထုတ်လိုက်ခြင်း ဖြစ်ပါသည်။

တစ်ဖန် ယခုခေတ်၌ မြန်မာနိုင်ငံတွင် ဖတ်စာသာမည ကိုသာ လိုအပ်သည်မဟုတ်။ လူငယ်လူရွယ်တို့၏ စိတ်နေသဘောထား၊ အကျင့်စာရိတ္တမှစ၍ ပြုပြင်အားပေးသော ဖတ်စာမျိုးကိုလည်း အထူးလိုအပ်လေ သည်။ ရဲရင့်မြင့်မြတ်သောစိတ်၊ တည်ကြည်သောစိတ်၊ တိုးတက်ကြီးပွားလိုသော စိတ်၊ မကောင်းကိုပယ်၍ ကောင်းရာဘက်ကို ပြုပြင်လို

သောစိတ် စသော စိတ်ကောင်းစိတ်မြတ်များကို ဖြစ်စေလျက် သတ္တိ၊ သဘော သကာရ၊ အကျင့်စာရိတ္တ၊ တိုးတက်ကောင်းမွန်ရေးတို့ကို အားပေး ပြုပြင်သော ဖတ်စာမျိုးကို လိုလေသည်။

ယခု ဤစာအုပ်ပါ ဝတ္ထုများကို ဖတ်ကြည့်ပါလျှင် အထက်ပါ ရည်ရွယ်ချက်များကို အဓိကထား၍ ရေးထားကြောင်း တွေ့ရှိကြပါလိမ့် မည်။

လွန်ခဲ့သော ၅ နှစ်အတွင်းက ကျွန်ုပ်သည် 'ကိုယ်တွေ့ဝတ္ထုများ" ဟု ရေးထုတ်ခဲ့၏။

ထိုဝတ္ထုတို့မှာ ကျွန်ုပ်ငယ်ရွယ်စဉ် ကျောင်း၊ သိပ္ပံကျောင်း တို့၌ ရှိနေစဉ်က တွေ့ခဲ့၊ ကြုံခဲ့၊ ကြားသိခဲ့ရသည်တို့ကိုလည်းကောင်း၊ အထူး သဖြင့် ၁၂၈၂ခု သိပ္ပံကျောင်းများ သပိတ်မှောက်သည်မှစ၍ အမျိုးသား ကျောင်းကိစ္စများနှင့် ပတ်သက်၍ အရပ်ရပ်အနယ်နယ်သို့ရောက်ရှိ၊ တွေ့ ကြုံ၊ ကြားသိခဲ့ရသည်တို့ကိုလည်းကောင်း အခြေပြု၍ ကျွန်ုပ်ရေးသားခဲ့ လေသည်။

ထိုဝတ္ထုများအနက်မှ လူငယ်လူရွယ်များနှင့် အထူးသင့်လျော်သော ဝတ္ထုအချို့ကို ယခုရွေးထုတ်၍ ဤစာအုပ်တွင် ရေးထည့်လိုက်ပါသည်။

တိုင်းနိုင်ငံပြုပြင်ရေးတွင် စာအုပ်စာတမ်းများလည်း အလွန် အရေး ကြီးသော အချက်တစ်ရပ် ဖြစ်လေသည်။ အနောက်နိုင်ငံကြီးများတွင် ခေတ် အလျောက် ပြုပြင်နိုင်ကြစေရန် စာရေးဆရာကြီးအများ ပေါ် ထွက်လာသည့် အနက် လွန်ခဲ့သော အနှစ် ၂၀၀–၃၀၀ အတွင်း ပေါ်ပေါက်ခဲ့သော အက်ဒစ် ဆင်၊ ဂိုးလ်စမစ်၊ ဒစ်ကင်စ် (Addison, Goldsmith, Dickens) စသော ပုဂ္ဂိုလ်ကြီးများမှာ အထူးမှတ်သားဖွယ် ကောင်းလေသည်။

မြန်မာနိုင်ငံတွင်လည်း အထိုက်အလျောက် ရှိလေရာ ယခုခေတ် တွင် မစ္စတာမောင်မှိုင်းဘွဲ့ခံ ဆရာကြီးဦးလွန်း၏ ရေးသားချက်တို့မှာ အထူးမှတ်သားဖွယ် ကောင်းလေသည်။ ထိုဆရာကြီး၏ ရေးသားချက်

တို့ ကို ကြည့်လျှင် မြန်မာရာဇဝင်၊ မြန်မာစာပေတို့ကို ဖတ်ချင်၊ ရှုချင်အောင် ကြံဆောင်ရေးသားသည်မှတစ်ပါး ယခုခေတ်အခါ၌ မတော်မလျော် ဖြစ်ပျက်နေသည်တို့ကို သိမ်မွေ့သောနည်းဖြင့် ဖော်ပြ၍ ပြုပြင်ရန်ကို တိုက်တွန်း အားပေးသော ရေးသားနည်းဖြစ်သည်။

ယခုခေတ်အခါ ကာလပေါ်ဝတ္ထုတို့မှာ အများအားဖြင့် ကာမရာဂစသော အဖျင်းအညံ့တို့ များစွာပါလေရာ မကြာမီကမှ "ပီမိုးနင်း" "မဟာဆွေ"စသော ဝတ္ထုရေးဆရာအချို့တို့သည် အထက်တန်းစား ဝတ္ထုများဟု ခေါ်ဆိုလောက်သော ပြုပြင်ရေးဝတ္ထုများကို ရေးစပြုလာသည့်အတွက် ဝမ်းမြောက်ဖွယ်ဖြစ်တော့သည်။

ကျွန်ုပ်ဆိုလိုရင်းမှာ တစ်လောကလုံးတွင် ပြုပြင်ရေးဝတ္ထု၊ တရားပြဝတ္ထုမျိုးတို့ချည်းသာ ထွက်ရမည် ပေါ်လာရမည် မဆိုလိုပါ။ အကြောင်းသင့် အခွင့်ကောင်းသည့်အခါ ညှပ်၍ညှပ်၍ တစ်အုပ်ကောင်း နှစ်အုပ်ကောင်းစသည်ဖြင့် ထွက်လာလျှင်ပင် အကျိုးကျေးဇူး အတန်များပါလေပြီ။

ထိုစကားသည် မှန်၏။ ယခုအခါ မြန်မာနိုင်ငံတွင် ပြုပြင်ရေးများစွာလိုနေ၏။ တောတောတောင်တောင် အရပ်ဒေသမျိုးစုံတို့သို့ ကာလပေါ်ဝတ္ထုများ ရောက်ရှိနိုင်၏။ သို့ကြောင့်လည်း ပြုပြင်ရေးကာလပေါ်ဝတ္ထုများ အထူးလိုအပ်လေသည်။

*

ဤစာအုပ်တွင် သုံးထားသော စကားအချို့တို့မှာ စာစကား မဟုတ်ချေ။ တိုက်ရိုက်စကားမျိုးများဖြစ်၏။ ထိုသို့ တိုက်ရိုက်စကားပြောပုံကို ထည့်လိုက်ခြင်းမှာ လူအများ ပိုမို၍ နားလည်သည့်အပြင် အဓိပ္ပာယ်ကို ထင်ရှားလေးနက်စေသည်။ ထို တိုက်ရိုက်စကားတို့ကို "..." ဤအမှတ်လက္ခဏာကွင်းအတွင်း၌ ထည့်သွင်းထား၏။ ထိုစကားတို့အတွက်

သတ်ပုံ သတ်ညွှန်းထက် အသံထွက်ကို လိုက်၍ ရေးထားပါသည်။ ဥပမာ "၍၊ သော၊ သည်" စသော စာစကားတို့ကို "လို့၊ တဲ့၊ တယ်" ဟူ၍ ရေးထားလေသည်။

ဤသို့ စာစကားနှင့် တိုက်ရိုက်စကားကို ခွဲခြား၍ ပြခဲ့သည်မှာ ယခုအခါ လူအများတို့သည် စာစကားတွင် တိုက်ရိုက်စကားမျိုးကို စည်းကမ်းမထားဘဲ ရောနှော၍ သုံးနေကြသည်ကို တွေ့ရခြင်းကြောင့် ဖြစ်၏။

မြန်မာစာ အခန့်ရေးရာ၌ "လို့၊ တဲ့၊ ဒီ၊ ဒါ" စသော တိုက်ရိုက်စကားတို့ကို ထည့်သွင်း၍ ရောနှောသုံးလိုက်သော် မြန်မာစာ၏ တန်ဖိုးကို ထိခိုက်လေသည်။

ဤသို့အားဖြင့် ယခုစာအုပ်တွင် စာစကားနှင့် တိုက်ရိုက်စကားတို့ကို စည်းကမ်းနှင့် သုံးထားသည့်အတိုင်း ခွဲခြား၍ သတိပြုစေချင်၏။ စာစကားအခန့်ရေးကြရာ၌ တိုက်ရိုက်စကားများ ရောနှောမပါလေအောင်လည်း သတိပြုစေချင်၏။

ယခု ဤစာအုပ်တွင်ပါသော ဝတ္ထုတို့မှာ ဖတ်ရှုသူတို့အတွက် အထိုက်အလျောက် အကျိုးကျေးဇူးရှိလိမ့်မည်ဟု ယုံကြည်မိပါ၏။ အကျိုးကျေးဇူးကို ခံစားနိုင်ကြပါစေသောဝ်။

ဖိုးကျား
၁၂၉၉ ခု၊ ကဆုန်လ

[ဤစကားချီးကို မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်က ထုတ်ဝေခဲ့သော 'ကိုယ်တွေ့ဝတ္ထုကောက်နုတ်ချက်များ'စာအုပ်၌ ဖော်ပြခဲ့ပါသည်။]

# သွက်လက်ချက်ချာသောမယ်မျှင်

ကျွန်ုပ်သည် နံနက် လမ်းလျှောက်လေ့ရှိ၏။ တစ်နံနက်၌ ရန်ကုန်မြို့ ကျောက်မြောင်းဘက်သို့ လှည့်၍လျှောက်ခဲ့၏။ လမ်းတွင် ရုတ်တရက် မိုးရွာသည်နှင့် အနီးရှိ အိမ်ဆိုင်ငယ်ကလေးတစ်ခုသို့ မိုးဝင်၍ ခိုမိ၏။

အိမ်ခန်းကျဉ်းကျဉ်း၊ ဟောင်းနွမ်းသော ဆိုင်ခုံပေါ်တွင် ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ မုန့်ပဲသရေစာ အနည်းငယ်မျှ တည်ခင်းထား၏။ ဆိုင်ရှင်မှာ ၁၅ နှစ် ၁၆ နှစ်ရွယ် သူငယ်မ ဖြစ်၏။ ပုံပန်း တော်သင့်ရုံရှိ၏။ အနေအထိုင် အဝတ်အစားတို့ကို မြင်ရသဖြင့် ဆင်းရဲ နွမ်းပါးကြောင်းကို သိရ၏။ သို့ရာတွင် ဝတ်စားပုံ၊ ထားပုံ၊ သိုပုံ၊ ဆိုင်ခင်းထားပုံတို့ကို မြင်ရသဖြင့် ထိုသူငယ်မသည် သေချာသပ်ရပ် ကျကျနန ရှိသည်ကို အထူးသတိပြုမိ၏။

ဆိုင်သို့ဝင်မိလျှင် ထိုသူငယ်မက ပြုံး၍ "ဩော်၊ ဦး မိုးဝင်ခိုတာလား၊ ထိုင်ပါ ထိုင်ပါ၊ မိုးစဲမှ သွားတာပေါ့ရှင်"

"အေး၊ ကျေးဇူးပါကွယ်၊ ဦးက ခုမနက် နေသာတာနဲ့ မိုးမရွာဘူးလားလို့ ထီးတောင်မယူခဲ့ဘူး"

"ဟုတ်ကဲ့၊ နေသာပေမယ့် မိုးသားမှ မကင်းဘဲ။ ခုမနက် မိုးရွာမှာပေါ့ ဦးရဲ့"

"အေး၊ မင်းက အမှတ်အသားကောင်းသားပဲ" (သူ့အရွယ်နှင့် စာသော် တော်ပေ၏ဟု စိတ်ထဲက ချီးမွမ်းမိ၏။)

ထို့နောက် ထိုသူငယ်မ ဘေးနားတွင် သတင်းစာဟောင်း၊ ဂျာနယ်ဟောင်း လေးငါးခု တွေ့မြင်ရသည်နှင့်–

"ဩော်၊ သတင်းစာဖတ်နေကျလား"

"ဟုတ်ကဲ့၊ ဆိုပါတော့ရှင်။ ကိုယ်တိုင်ဝယ်မဖတ်နိုင်ပါ။ အနီးအနားမှာ ဝယ်ဖတ်နိုင်တဲ့ လူများဆီက အဟောင်းအမြင်းကလေးများ တောင်းရမ်း ဖတ်ရပါတယ်။ မှန်မှန်လည်း မဖတ်ရဘူးဦးရဲ့"

"အေး...အေး၊ စာဖတ်တာ ကောင်းတာပေါ့ကွယ်၊ မင်း တော်တော်စာဖတ်တတ်သလား"

"ကျွန်မ ငယ်ငယ်က အိမ်မှာပဲ အဖေက စာသင်ပေးပါတယ်၊ ကျွန်မတို့ ဆင်းရဲတယ်ရှင့်၊ ကျောင်းမှာမနေနိုင်ဘူး။ အခုတော့ အဖေရော အမေရော ဆုံးသွားကြတာ လေးငါးနှစ် ရှိပါပြီ။ ကျွန်မနဲ့ မောင်လေးနဲ့ နှစ်ယောက်တည်း ရှိပါတယ်၊ အဲဒါနဲ့ တော့ဒီးတော့ဒတ် ဖတ်တတ်ရာက ဟိုဟာဆွဲဖတ် ဒီဟာဆွဲဖတ်နဲ့ ခုတော့ တော်တော်ကလေး ဖတ်နိုင်ပါပြီရှင့်"

"နေပါဦး၊ မင်း သတင်းစာဖတ်တာ တိုင်းရေးပြည်ရေး ဝါသနာပါလို့လား"

"တိုင်းရေးပြည်ရေး ဝါသနာပါလို့ရယ် မဟုတ်ပါဘူး၊ စာဖတ်ချင်တဲ့ ဝါသနာကလည်း ရှိ၊ ဖတ်ရင်လည်း မှတ်စရာ သားစရာ တွေ့တာနဲ့ ဖတ်တာပါပဲ"

"နို့– မင်းဖတ်တဲ့ သတင်းစာ ဂျာနယ်တွေမှာ မင်း ဈေးရောင်းတာနဲ့ တိုက်ရိုက်ဆိုင်တာများ ပါလို့လား" (စုံစမ်းလို၍မေးသည်)

"တိုက်ရိုက်တော့ ဘယ်ပါမလဲဦးရဲ့၊ နို့ပေမဲ့ ဟိုဒင်း ပြောတာလို ဆားများ စားရတယ်မရှိဘူး၊ ဟင်းခပ်တာနဲ့ ကုန်တာပဲဆိုသလိုပေါ့ ဦးရဲ့၊ စာဖတ်လို့ အကြားအမြင်များတော့ ဈေးရောင်းတာရော ဘာရော နေရာတိုင်းမှာ စိတ်ကူးဉာဏ် အလိမ္မာတိုးတာပေါ့ရှင်"

"အေး၊ ဟုတ်တန်ရာရဲ့၊ နေပါဦး၊ မင်းတို့မိန်းမတွေ ဒီသတင်းစာတွေ ဂျာနယ်တွေဖတ်ဖို့ လိုသလားကွဲ့"

"ဟာ... ဦးကြီးနယ်၊ လိုပါပြီလား။ ခုတစ်လော မကြားဘူးလားရှင့်၊ မိန်းမအသင်းတွေဖွဲ့၊ ဝတ်လုံတွေဘာတွေတောင် ဖြစ်ကုန်ပြီ ဆိုပဲဦးရဲ့၊ ပြီးတော့လည်း ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် စာတတ်ရင် ကောင်းတာပေါ့ဦးရဲ့"

"မင်းတို့မောင်နှမနှစ်ယောက် ဘယ်လိုနေကြ စားကြသလဲကွဲ့"

"သြော်...ကျွန်မမောင်လေးက ဟိုဘက်နားက ဦးမြဘူးကျောင်းမှာ နေတယ်၊ အခု သုံးတန်းရောက်နေပြီ။ စာမေးပွဲတိုင်း အောင်တယ်ဦးရဲ့။ ကျွန်မ ဈေးရောင်းလို့ တစ်နေ့တစ်မတ် ငါးပဲလောက် ကျန်တယ်။ အဲဒါကလေးနဲ့ ကျောင်းလခလည်း ပေးရတယ်၊ ဝတ်ဖို့၊ စားဖို့၊ နေဖို့လည်း ဒီအထဲကပဲ၊ တစ်ခါတစ်ခါ အဝတ်အစားအဆန်းကလေးများ ဝယ်ချင်ပါရဲ့၊ ရုပ်ရှင်လည်း ကြည့်ချင်တာပဲ၊ နို့ပေမဲ့ ပိုက်ဆံမလောက်တော့ ခြစ်ခြစ်ခြုတ်ခြုတ် ခြိုးခြံနေရတာပဲ ဦးရဲ့"

"အေး...သာဓုကွယ်၊ သာဓု။ မိုးလည်း စဲပြီ၊ ဦး သွားလိုက်ဦးမယ်" ဆို၍ ထွက်ခဲ့၏။

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်ရေးသော စာအုပ်ထဲမှ တော်သင့် သော ၅ အုပ်၊ ဗလာစာအုပ် ၁၂ အုပ်၊ သတင်းစာဂျယ်နယ်ဟောင်း ၁၀ စောင်လောက်တို့ကို ထုတ်ယူ၍ ထိုသူငယ်မ ဆိုင်ဘက်သို့ လျှောက်ခဲ့ပြန် ၏။

နံနက် ခုနစ်နာရီခန့်တွင် ရောက်သွားရာ ထို ဝီရိယရှိသော သူငယ်မမှာ ဆိုင်အသင့် ခင်းကျင်းပြီးနှင့်သည်ကို တွေ့ရ၏။

မြင်လျှင်ပင် နှုတ်ခွန်းဆက်၍ "ရော့ဟော့၊ မင်းဖတ်ဖို့နဲ့ မင်းမောင်ကျောင်းမှာသုံးဖို့ စာအုပ်တွေ ယူလာတယ်၊ ရော့..ဖတ်ပေရော့"

ဆို၍ ပေးပြီးနောက် ထိုသူငယ်မသည် ကျေးဇူးတင်လွန်း၍ ပါးစပ် အဟောင်းသား ရှိနေစဉ် ကျွန်ုပ်သည် သုတ်သုတ်ထွက်ခဲ့လေ၏။

ဤကား လွန်ခဲ့သော လေးငါးနှစ်က အဖြစ်အပျက်တည်း။

*

လွန်ခဲ့သောလက ကျွန်ုပ် စာတစ်စောင်ရ၍ ဖတ်ကြည့်ရာ အောက်ပါ အတိုင်း ပါလေ၏။

*ဦးရှင့်–*

*စာအုပ်များပေးစဉ်က ရုတ်တရက် ထွက်သွား၍ ကျေးဇူးတင် စကားမှ မပြောလိုက်ရပါ၊ ပေးထားသောစာအုပ်ငါးအုပ်ကို ယခုဖြင့် အလွတ်ရမလောက် ရှိနေပါပြီ၊ ကျေးဇူး အင်မတန်တင်သည့်အတွက် ၎င်း ပေးသောနေ့ကပင် ကျွန်မ၏မှတ်တမ်း စာအုပ်တွင် စာရင်းတင်ထား လိုက်ပါသည်။ ဦးကို ဘယ်လို ကျေးဇူး ဆပ်ရမည်လဲဟု အမြဲတွေးနေပါ သည်။ ယခုမှ ၎င်း စာအုပ်တို့ကို ပုံနှိပ်တိုက်က ကျေးဇူးပြု၍ ယခုစာကို ထည့်လိုက်ပါသည်။*

*ကျွန်မတို့ဆိုင်ဘက်ကို လမ်းလျှောက်ခဲ့စေချင်ပါသည် ဦးရှင့်။*

*မယ်မျှင်*

ကျွန်ုပ်သည် ထိုသူငယ်မကို မေ့နေရာမှ သတိရ၍ ခါတိုင်းလို ပင် ထီးမပါ၊ ဖိနပ်မပါ၊ ဖျင်အင်္ကျီလက်တိုနှင့် ထိုဆိုင်ဘက်သို့ နံနက် လမ်း လျှောက်ထွက်ခဲ့၏။

ပထမဆိုင်နေရာတွင် အတန်ကောင်းမွန်သပ်ရပ်သော နှစ်ထပ် အိမ်ကို တွေ့ရ၏။ အောက်ထပ်တွင် ဆေးလိပ်အမျိုးမျိုး၊ ၎င်းပြင် ကုန်စုံ များ၊ တစ်ခြမ်းတွင် လက်ဖက်ရည်ဆိုင်၊ ၎င်းလက်ဖက်ရည်ဆိုင်တွင် လည်း မြန်မာလူငယ်များ အလုပ်လုပ်နေသည်တို့ကို တွေ့ရ၏။ စိတ်တွင် ဇဝေဇဝါ ဖြစ်နေ၍ အလုပ်သမားတစ်ယောက်ကို မေးရာ–

“သြော်…မမျှင်လား၊ ရှိပါတယ်။ သူတို့ အပေါ်ထပ်မှာ နေပါတယ်။ ကျွန်တော်ပြောလိုက်ပါ့မယ်” ဟု ပြောပြောဆိုဆိုနှင့် တက်သွားလေ၏။

မကြာမီပင် လက်ဖက်ရည်၊ မုန့်ပဲ သရေစာတို့ကို လောကွတ်ကြီး စွာဖြင့် ကျွေးမွေးပြီးမှ “ဦးရဲ့ကျေးဇူးကို ဘယ်တော့မှမမေ့ပါ၊ ပေးထားတဲ့ စာအုပ်ငါးအုပ်ကိုလည်း ဟောဒီမှာ ပေါင်းချုပ်ပြီး သားရေအုပ်ထားပါတယ်” ဟု ဗီရိုမှ ထုတ်၍ပြ၏။ မှတ်ထားသော စာ စာရင်းကိုလည်း ပြ၏။

ထို့နောက်ဆက်၍ မိမိစာဖတ်ဝါသနာရှိသဖြင့် ဗဟုသုတများစွာရကြောင်း၊ စိတ်ကူးအကြံအစည်တိုးကြောင်း၊ ထို့ကြောင့်ပင်လျှင် ယခင်ဆိုင်ငယ်မှ ယခုကိုယ်ပိုင်အိမ်နှင့် ဆိုင်ကြီးဖြစ်လာကြောင်း၊ မိန်းမများ စာဖတ်သင့်ကြောင်း၊ ရွှေတာသင့်ကြောင်း၊ ဘာကြောင်း ညာကြောင်းနှင့် နာရီဝက်ခန့် ကျွန်ုပ်အား “လက်ချာ”ပေးနေလေသတည်း။ ကျွန်ုပ်မှာလည်း ပြုံးတဲ့ကာ မလှုပ်ဘဲ နားထောင်နေရလေသတည်း။

ပြီးမှ ကျွန်ုပ်၏အဝတ်အစားကို စိုက်ကြည့်၍ “သြော်… ဦးကို ကျေးဇူးဆပ်ချင်ပါတယ်၊ စာအုပ်ဖိုးတွေဟာ ၁၀ ကျပ် ၁၅ ကျပ်လောက် ရှိပါလိမ့်မယ်၊ အဲဒီတော့ အနည်းဆုံး အဲဒီစာအုပ်ဖိုးတွေကို လက်ခံစေချင်ပါတယ်ဦးရဲ့”

“ဦးမှာ ပိုက်ဆံကြေးငွေ မချမ်းသာပါဘူး၊ နို့ပေမဲ့ စာအုပ်ဖိုးကို လက်ခံဖို့တော့ ဖြစ်မယ်မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပေးတာနဲ့ ရောင်းတာ ခြားနားတာကို မင်းသိတယ်မဟုတ်လား၊ ဦးရဲ့စာအုပ်ဖိုးကို လက်ခံရမှာဖြင့် မင့်လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးတွေကိုလည်း လက်ခံရလိမ့်မယ်”ဟု ဆိုလိုက်ရာ ထိုနားလည်လွယ်သော သူငယ်မသည် ပြုံး၍သာ နေလေတော့သတည်း။

# မောင်ဘစီ

ကျွန်ုပ်သည် အမျိုးသားပညာရေးအဖွဲ့ချုပ်၌ အမှုထမ်းနေရာ လွန်ခဲ့သော ကိုးနှစ်ခန့်က ပုသိမ်မြို့ အမျိုးသားကျောင်းသို့ ခေတ္တကျောင်းအုပ်အဖြစ်ဖြင့် ဆောင်ရွက်ရန် အဖွဲ့ချုပ်က စေလွှတ်သည့်အတိုင်း သွားရောက် ဆောင်ရွက်ရာ၏။ ထိုအခါက မှတ်သား ချီးမွမ်းဖွယ်ကောင်းသော ကျောင်းသားတစ်ယောက်ကို တွေ့ကြုံရ၏။ ထိုသူငယ်ကား မောင်ဘစီဆိုသူတည်း။

ပုသိမ် တလိုင်းချောင်းရပ်ရှိ ဦးလှ–ဒေါ်မြတို့မှာ အတန်ကြွယ်ဝသော ကုန်သည်များဖြစ်ကြ၏။ ၎င်းတို့သား မောင်ဘစီသည် အမျိုးသားကျောင်း၌ ခုနစ်ဆင့် အောင်လေသည်။ အောင်သည့်နှစ်၌ပင် ဖခင်ဦးလှ ဆုံးလေ၍ လည်းကောင်း၊ ကြာရှည်စွာအလုပ်ပျက် ငွေကုန်သည့်ပြင် လူလိမ်လူကောက် ခံရ၍လည်းကောင်း ဒေါ်မြနှင့်မောင်ဘစီ သားအမိတို့မှာ အလွန် ဆင်းရဲစွာ ကျန်ရစ်ခဲ့လေ၏။

အမိမှာ ဖြစ်တတ်သမျှ မျက်နှာငယ်ငယ်နှင့် ဈေးရောင်းရ၏။ သားအမိနှစ်ယောက် စားဖို့အပြင် အပိုမရချေ။ မောင်ဘစီကား သန်မာထွားကျိုင်း သတ္တိနှင့်ပြည့်စုံသူဖြစ်၍ မိမိစရိတ်နှင့် မိမိ ကျောင်းဆက်နေရန် ကြိတ်၍ကြံစည်နေလေ၏။

နွေကျောင်းပိတ်၍ ကျောင်းဖွင့်ခါနီးတွင် ဆရာကြီးထံ သွားရောက်၍ အဖြစ်အပျက်ကို ပြောပြပြီးလျှင် ကျောင်းစရိတ်ရရန် အလုပ်တောင်းလေ၏။ မောင်ဘစီ၏ ဉာဏ်ပညာ ဝီရိယကို သိပြီးသော ဆရာကြီးက လခလွတ်နေတော့ဟု ဆို၏။

"လခလွတ်ရင် ကျွန်တော် အစွမ်းမရှိရာလဲ ရောက်မယ်၊ ကျောင်းငွေကိုလည်း ထိမှာပေါ့"

"ဒါဖြင့် ငါက မင့်အတွက် ကျောင်းစရိတ်ထုတ်ပေးမယ်"

"ကျေးဇူးတင်ပါရဲ့ခင်ဗျာ၊ နို့ပေမယ့် ကိုယ့်အလုပ်နဲ့ ကိုယ်နေချင် ပါတယ်။ အလုပ်သာ မ,စပါခင်ဗျာ"

"မင်း ဘာလုပ်နိုင်မလဲ"

"အခု ကျောင်းမှာ တံမြက်စည်းလှည်းတဲ့အလုပ်နဲ့ သောက်ရေခပ်တဲ့အလုပ်ကို ကျွန်တော့်ကိုပေးပါ။ တစ်လ ရှစ်ကျပ်လောက် ရနိုင်တယ်လို့ သိရပါတယ်"

"ကောင်းပြီ၊ စမ်းကြည့်ဦးတော့"

ဤသို့ အလုပ်ရခဲ့သဖြင့် ကျောင်းဆက်နေမည့်အကြောင်းကို အမိအား ပြောပြရာ အမိမှာ ရင်ထုမနာဖြစ်၍–

"ငါ့သား... မင်းအလုပ်လုပ်ပြီး ကျောင်းနေမယ်ဆိုတာကို အမေ မကြည့်နိုင်ဘူး။ အမေ ကူလီလုပ်ပြီး ငွေရှာမယ်၊ ပြီးတော့လည်း မင်း ကျောင်းမှာ ဂုဏ်ငယ်မှာပေါ့"

"အမေ၊ ကျွန်တော်ပြောပြမယ်။ လူဟာ ယောကျ်ားဟာ အလုပ် လုပ်ရမယ်။ အလုပ်လုပ်တာ မကြည့်နိုင်ဘူးဆိုတာ အမေ ကျွန်တော့်ကို ချစ်ပုံလွဲနေတယ်။ ဂုဏ်ငယ်တယ်ဆိုတာမှာလည်း အပြစ်ကင်းတဲ့ အလုပ် မှန်ရင် ဂုဏ်ရှိတာချည်းပဲ။ အမှန်မှာ မိဘကြောင့်ကြကို ခံပြီး ကျောင်းနေတဲ့လူတွေမှ ရှက်စရာကောင်းတာဗျ။ ကိုယ့်စရိတ်နဲ့ ကိုယ်နေနိုင်မှ ဂုဏ်ရှိတာ အမေရဲ့"

အမိမှာ သား၏စကားကို မချေနိုင်ချေ။ "မင်းလည်း မင်းအဖေလိုပဲ အင်မတန်စိတ်ကြီးတယ်၊ မင်းကိုတော့ ငါနိုင်အောင် မပြောနိုင်ဘူး။ နို့ပေမဲ့ အမေတော့ မကြည့်ရက်တာ အမှန်ပဲ"ဟု မျက်ရည်စမ်းစမ်းနှင့် ပြောလေ၏။

ကျောင်းဖွင့်လျှင် မောင်ဘစီသည် ရှစ်ဆင့်တွင် နေရ၏။ နံနက် ငါးနာရီထ၍ အိမ်တွင် သောက်ရေသုံးရေ ခပ်၏။ နှစ်ယောက်စာ ဆန်ပြုတ်၏။ (စရိတ်ကုန်သဖြင့် လက်ဖက်ရည်၊ ကော်ဖီရည်၊ မသောက်

ကြလေ)ပြီးလျှင် မနီးမဝေးတွင်ရှိသော ကျောင်းသို့သွား၍ တံမြက်လှည်းခြင်း၊ ရေခပ်ခြင်းတို့ကို ပြုလုပ်၊ ပြီးလျှင်ပြန်လာ၊ ဆန်ပြုတ်သောက်၊ အချိန်ရသမျှ စာကျက်၍ ကျောင်းတက်၏။ နေ့လယ် မုန့်စားချိန်မှ အိမ်သို့ပြန်၍ နံနက်ထမင်းစားရ၏။ ညနေ ကျောင်းဆင်းလျှင် မိန်းကလေးသဖွယ် အိမ်အလုပ်ကို လုပ်၍ အမိ၏အလုပ်ကိုပင် ကူညီပေးသေး၏။ ဒေါ်မြက ချင်းသုပ်၊ လက်ဖက်၊ လက်သုပ်တို့ကို ဈေးထွက်၍ ရောင်းရ၏။

ဤကား မောင်ဘစီတို့သားအမိ၏ နေ့စဉ်အလုပ်တည်း။ မောင်ဘစီသည် မိမိအလုပ်မှ တစ်လရှစ်ကျပ်ရရာ ကျောင်းလခ၊ စာအုပ်၊ ခဲတံတို့အတွက် လုံလောက်စွာ သုံးစွဲရလေ၏။

ရှစ်ဆင့်တွင် တပည့် ၂၀ မျှ ရှိရာ မိန်းမကလေး သုံးယောက်ပါ၏။ မယ်တင့်၊ မြသိန်း၊ တင့်စိန်တို့ ဖြစ်၏။ တင့်စိန်ကား မောင်ဘစီနှင့် တစ်လမ်းတည်းနေ၍ ခုနစ်အိမ် ရှစ်အိမ်လောက် ခြား၏။ တင့်စိန်၏ မိဘများမှာ လွှထောင်သစ်ကုန်သည်ကြီး ဖြစ်၍ အတန်ပင် ကြွယ်ဝပြည့်စုံကြ၏။

တင့်စိန်တို့အိမ်မှာ ကျောင်းနှင့်နီး၍ မောင်ဘစီသည် ကျောင်းသို့ နေ့စဉ်သွား၍ အလုပ်လုပ်သည်ကို မြင်ရ သိရသဖြင့် သနားလည်း သနား ၏။ ချီးမွမ်းလည်း ချီးမွမ်းမိ၏။ သို့ရာတွင် နီးစပ်ခြင်းမရှိသဖြင့် ခပ်တန်းတန်းပင် နေကြ၏။

မောင်ဘစီမှာ ကိုယ့်အစွမ်းနှင့်ကိုယ်နေသူဖြစ်၍ အတန်းထဲ၌ ပထမချည်း ရသည်မှာ အံ့ဩဖွယ်မဟုတ်ချေ။ ဆရာများကလည်း ချစ်၏။ သို့ရာတွင် အချို့ကျောင်းသားတို့က အနံ့စားထင်သည့်ပြင် မနာလိုလည်း ရှိကြ၏။

တစ်နေ့၌ မယ်တင့်၊ မြသိန်း၊ တင့်စိန်တို့သည် အခန်းတစ်ခု၌ မုန့်စားနေကြစဉ် မယ်တင့်က–

"ဟော့… ဘစီက တယ်ထောင်နေပါကလား၊ လူကဖြင့် မုဆိုးမ သား၊ တံမြက်လှည်း ရေခပ်ပြီး ကျောင်းနေရတယ်၊ အနံ့စားအေ့"

တင့်စိန်က "ညည်းက ယောကျ်ားပီပီ ကိုယ့်အစွမ်းနဲ့ကိုယ် နေတာကို လူနုံထင်သလား၊ ဒါမျိုးမှ အဖိုးတန်တယ်အေ့"ဟု ရိုးရိုးအတိုင်း ပြောလိုက်လေ၏။

"ဟာ..ဟာ၊ ညည်းနဲ့ ဖြစ်နေမှန်း ခုမှသိတယ်"ဟု မယ်တင့်က မဦးမချွတ်ပြောလိုက်လေ၏။

တင့်စိန်က "ဟော့…မယ်တင့်၊ ငါ့ကို အရမ်းမစွပ်စွဲနဲ့။ ညည်းတို့လို ရုပ်တေးမှတ်လို့လား၊ ငါက ညည်းမတရားပြောတာကို မခံချင်လို့ ပြောတာ သိရဲ့လား"ဟု မျက်နှာထားနှင့်ပြောလေ၏။

ထိုအခါ မြသိန်းက ဝင်ဖြန်ပြီး ထသွားကြလေ၏။

တစ်ခါလည်း စာဖတ်ခန်းတွင် ယောကျ်ားကလေး၊ မိန်းကလေး များ သတင်းစာဖတ်သူကဖတ်၊ စာကြည့်သူက ကြည့်နေကြရာ မောင်ဘစီ တင့်စိန်တို့လည်း ပါ၏။ မောင်ဘစီ သတင်းစာဖတ်ပြီး ထသွားသော အခါ ကိုးဆင့် ဖိုးထင်က မိမိအနီးရှိ သူငယ်ချင်းတို့အား "ဟော့… ဟိုမှာ ဂျာရူးဝါးလား ထွက်သွားပြီ"ဟု သရော်တော်တော် ပြောလိုက်လေ၏။

မခံတတ်သောစိတ်နှင့် သတ္တိမငယ်သော တင့်စိန်က "ဘယ့်နှယ်လဲ ကိုဖိုးထင်၊ ယောကျ်ားပီပီ ကိုယ့်အစွမ်းနဲ့ကိုယ် နေတဲ့လူကို ရှင်တို့က သရော်သလား၊ နုံတယ်ထင်သလား၊ မိဘကြောင့်ကြွခံပြီး ပေါ်ကြော့နေတဲ့ လူတွေမှ နုံတာ၊ ရှက်ဖို့ကောင်းတာရှင့်"ဟု မျက်နှာခပ်တည်တည်နှင့် ပြောလိုက်ရာ ဖိုးထင်တို့လူစုမှာ တင့်စိန်၏သတ္တိကိုသိ၍ ပြန်မပြောဝံ့ဘဲ စပ်ဖြဲဖြဲ ကြောင်တောင်တောင် ဖြစ်နေကြလေ၏။

ဤသို့ တင့်စိန်သည် မောင်ဘစီဘက်ကချည်း ခုခံပြောနေသည်ကို မောင်ဘစီမသိချေ။

တစ်နေ့သ၌ မောင်ဘစီနှင့် တင့်စိန်တို့ ကျောင်းသွားချင်း ဆုံနေရာ ရုတ်တရက် မိုးကြီးရွာချလေ၏။ တင့်စိန်မှာ ထီးမပါချေ။ မောင်ဘစီ မှာကား အိမ်တော်ရာ ထီးစုတ်ကလေးတစ်ခု ပါ၏။ မိုးရွာလျှင်ရွာချင်း မောင်ဘစီသည် ထီးကို ကပျာကယာဖွင့်၍ "မတင့်စိန်၊ ရော့...ရော့၊ ဒီထီး ဆောင်းသွား"ဟု ပြောပြောဆိုဆို လက်ထဲ အတင်းထည့်ခဲ့၍ မိမိကား ကျောင်းသို့ပြေးလေ၏။ တင့်စိန်မှာ ဘာမျှမပြောနိုင် မလုပ်နိုင်ဘဲ ထီးကို ဆောင်း၍သွားရလေ၏။ အခန်းထဲသို့ရောက်လျှင် ထီးကို ပြန်အပေးခက်၍ တော်ရာ၌ ထောင်ထားလိုက်ပြီးနောက် မောင်ဘစီဘက်သို့ စောင်းကြည့် လိုက်ရာ မောင်ဘစီ၏အင်္ကျီ ပုဆိုးတို့မှာ အတန်ပင် ရေစိုနေသည်ကို မြင်ရသောအခါ တင့်စိန်၌ များစွာ စိတ်မကောင်းခြင်း ဖြစ်ရ၏။ ကျောင်း ဆင်းသောအခါမှ မိမိ၏မောင်ကလေးကို ထီးပို့ခိုင်းလိုက်၏။

နောက်တစ်နေ့ ကျောင်းတက်ချိန်၌ ဒေါ်မြပေါက်လာ၍ မောင်ဘစီ မိုးမိ အအေးမိပြီး ဖျားနေသဖြင့် ကျောင်းမတက်နိုင်ကြောင်း လာရောက်၍ ဆရာအား တိုင်သည်ကို တင့်စိန်ကြားရသောအခါ အလွန်ဝမ်းနည်းရှာ၏။ မိမိအတွက် ဖြစ်ရလေသည်ဟု ယူကျုံးမရ ဖြစ်၏။ ထိုနေ့ တင့်စိန် စာ ကောင်းကောင်းမရချေ။

ညနေကျလျှင် ဘွင်းဘွင်းပြောတတ်သော တင့်စိန်သည် မိခင်အား အလုံးစုံပြောပြ၍ မောင်ဘစီဖျားသည်ကို သွားရောက်ကြည့်လိုကြောင့် ခွင့်တောင်း၏။ သမီး၏သဘောသတ္တိကို သိပြီး ဖြစ်သော အမိက "အေး...အေး၊ သွားတာပေါ့၊ ညည့်အဒေါ်နဲ့သွား"ဟု ခွင့်ပေးလိုက်၏။

မှောင်စအချိန်တွင် ရောက်သွားရာ ဒေါ်မြသည် လှုကုံထံအိမ်က တင့်စိန်မှန်းသိလျှင် အံ့ဩဝမ်းမြောက်စွာဖြင့် ပျာပျာသလဲ ဖျာခင်းပေး၏။

ရေနံဆီမီးခွက် တစ်တိုင်ဖြင့် မှိန်မှိန်သာရှိသော အလင်းရောင်တွင်

ဖျာဟောင်းတစ်ချပ်ပေါ်၌ ပက်လက်အိပ်နေရှာသူ မောင်ဘစီကို တင့်စိန် မြင်ရသောအခါ မျက်ရည်လည်လာမိလေ၏။ အနီးသို့ကပ်၍ လက်ကို စမ်းကြည့်သောအခါ ခြစ်ခြစ်တောက် ပူနေသည်ကိုတွေ့ရ၏။

မောင်ဘစီသည် မျက်စိဖွင့်ကြည့်၍ မြင်ရသောအခါ "ဩော်... မတင့်စိန်ပါလား၊ ကျေးဇူးတင်ပါတယ်ခင်ဗျား၊ သုံးလေးရက်ကြာရင် ပျောက်ပါလိမ့်မယ်။ ကိစ္စမရှိပါဘူး"

"ကျွန်မအတွက် ဖြစ်ရလို့ စိတ်တောင်မကောင်းဘူး။ ဒါထက် ဘာဆေးသောက်ရပလဲ"

ဒေါ်မြကြ ဝင်၍ "ခုမှပဲ တူမရေ၊ ကွမ်းရွက်ရည်ကလေး တိုက် မလို့ပဲ။ ဆေး ထူးထူးခြားခြားတော့မရှိပါဘူး"

"အို... ဒါဖြင့် ကျွန်မ ဆေးယူခဲ့ပါတယ်၊ အဆင်သင့်ပဲ။ ဟော... ဒီမှာ ငန်းဆေးရယ်၊ ချွေးထုတ်ဆေးရယ်"

ဤသို့ပြောပြီးနောက် တင့်စိန်တို့ကိုယ်တိုင် ဆေးတိုက်ပြီး ပြန်ခဲ့ ကြ၏။ အိမ်သို့ရောက်သောအခါ ဆန်ပြုတ်နှင့် သောက်ရန်ဟု ငါးရံ့ ခြောက်ကြီးတစ်ပြားအပြင် မောင်ဘစီတို့ဆင်းရဲပုံကို မြင်ခဲ့ရ၍ ငွေစက္ကူ တစ်ဆယ်တန် တစ်ချပ်ကိုလည်း ပို့လိုက်လေ၏။

မောင်ဘစီသည် အလွန်ဝမ်းမြောက်၍ ချွေးများပင် ထွက်လာ၏။ သို့ရာတွင် သူတစ်ပါး၏ အမအစကို မခံလိုရကား မိမိ၏မှတ်စုစာအုပ် တွင် အောက်ပါအတိုင်း ရေးမှတ်ထားလိုက်လေ၏။

"၁၂၈၆ ခု၊ ဝါဆိုလဆုတ် ၃ ရက်နေ့တွင် မတင့်စိန်သည် ဆေး နှစ်ခွက်၊ ငါးခြောက်တစ်ပြား၊ ငွေတစ်ဆယ် ကျေးဇူးပြု၏၊ ၎င်းတို့ကို တစ်နေ့နေ့ ပြန်၍ဆပ်ပေးမည်"

သုံးရက်နှင့် အဖျားကျ၍ ကျောင်းပြန်တက်လေ၏။ ခြောက်လပတ် စာမေးပွဲပြီး၍ ကျောင်းပိတ်ပွဲတွင် ဆုပေးပွဲလည်းကျင်းပ၏။ ဖြစ်ရသည် ကား မောင်ဘစီသည် ခါတိုင်းကဲ့သို့ပင် ပထမဆု ရ၏။ တင့်စိန်က ဒုတိယဆု

ရ၏။ ၎င်းဆုတို့ကို ပေးပြီးမှ ကျောင်းဆရာကြီးက ထ၍ ပြောဆိုသည်မှာ–

"အမောင်တို့၊ အခုနှစ် ဆုပေးပွဲမှာ ရှေးက မပေးဖူးတဲ့ ဆုမျိုး ပေးရဦးမယ်၊ အခု ရှစ်ဆင့်က မောင်ဘစီဟာ အဖိုးတန်တဲ့ပုံစံတစ်ခုကို ပြလေပြီ၊ ကျောင်းလခ လွတ်ထားတာကိုလက်မခံ၊ သူတစ်ပါး ထောက်ပံ့တာကိုလည်း လက်မခံ၊ ကိုယ်အစွမ်းကို ကိုယ်အားကိုးပြီး မောင်တို့ မတို့ သိတဲ့အတိုင်း ကိုယ့်အလုပ် ကိုယ့်စရိတ်နဲ့ ကျောင်းမှာနေတယ်၊ အခုလို ငွေကြေးရှားတဲ့ခေတ်ကြီးမှာ မောင်ဘစီက နည်းသစ်နည်းကောင်း တစ်ခု ပြပေးတယ်လို့ ငါတို့ဆရာများနဲ့ ကျောင်းကော်မီတီများက ကျေးဇူးတင် ဝမ်းမြောက်ကြတယ်၊ မှတ်စရာက လောကမှာ ရိုးသားတဲ့အလုပ်မှန်ရင် မြင့်မြတ်တာချည်းပဲ၊ တစ်လကို ရှစ်ကျပ်တစ်ဆယ်ရတာထက် ကိုယ့်အစွမ်းကို အားကိုးပြီး စာသင်တဲ့ ယောကျ်ားပီသတဲ့သူငယ်ဖြစ်လို့ အခု ငါတို့ကျောင်းက ရွှေတံဆိပ်တစ်ခု ချီးမြှင့်တယ်" ရွှေတံဆိပ်ဆု ပေးလိုက်လေ၏။ တစ်ကျောင်းလုံးက သြဘာပေးကြ၏။

မောင်ဘစီနှင့်တင့်စိန်တို့သည် တစ်နှစ်တည်း ၁၀ တန်း အောင်ကြ၏။ နှစ်ယောက်လုံး ကျောင်းက ထွက်ကြ၏။ ထိုအခါ တင့်စိန်သည် မောင်ဘစီကို မိမိတို့သစ်စက်တွင် စာရေးခန့်ထားရန် မိဘတို့ကို ပြောပေး၏။ မောင်ဘစီနှင့် တင့်စိန်တို့အကြောင်းကိုသိသော လူ၏အဖိုးတန်ကို အကဲခတ်နိုင်သော မိဘတို့သည် သမီးအလိုကိုမဖယ်ချေ။

မောင်ဘစီသည် ပထမလအတွက် လခ ၄၀ ကျပ် ထုတ်သော နေ့၌ တင့်စိန်ထံသို့သွား၍ ငွေစက္ကူ ၁၀ ကျပ်တန်တစ်ချပ်၊ ငါးခြောက်ကြီး တစ်ပြား (ဆေးအတွက်)ငွေငါးကျပ်တို့ကို ပေးလေ၏။

တင့်စိန်က "ဒါ ဘာတွေလဲ"ဟု မေး၏။

မောင်ဘစီက အိတ်ထဲမှ မိမိမှတ်စုစာအုပ်ကိုထုတ်၍ ယခင်က မိမိရေးထားသည်တို့ကို ပြလေ၏။

တင့်စိန်က ဖတ်ကြည့်ပြီးလျှင် ပြုံး၍ "သြော်…သြော်၊ ဒါ ကြွေးဆပ်တာလား၊ ကိုဘစီ၊ ကျွန်မက ရှင့်ကိုချေးတာမဟုတ်ဘူး၊ ပေးတာရှင့်၊ ပေးတာ လူသေချာကြီးရဲ့"

"ကျုပ်က သူများပေးတာ မယူဘူးဆိုတာ သိတယ်မဟုတ်လား"

"သြော်…ဒီလိုလား၊ ဟုတ်ပေတယ်၊ ဟုတ်ပေတယ်"ဆို၍ တင့်စိန်သည် ငွေနှင့်ငါးခြောက်တို့ကို ယူ၏၊ ပြီးမှ မျက်နှာတည်တည်ထား၍–

"ရှင့်– လူသေချာကြီးရဲ့၊ ငွေ၊ ငါးခြောက်၊ ဆေးဖိုးတွေတော့ ရပါပြီ၊ အတိုးကော…"ဟု မေးလေ၏။

မောင်ဘစီမှာ ရှိန်းတိန်းတိန်းဖြစ်သွား၍ ဘာမျှပြန်မပြောနိုင်ဘဲ "ရော့၊ ဒါဖြင့် ငွေတစ်ဆယ်ထပ်ယူပါ"ဟု ထပ်ပေးပြန်လေ၏။

၄င်းငွေတစ်ဆယ်ကိုယူ၍ တင့်စိန်က ဆက်ပြန်သည်ကား "ကိုင်း… အရင်းလည်းရပြီ၊ အတိုးလည်း ရပြီ၊ သို့သော်လည်း ကျွန်မပေးစဉ်က ရိုးရိုးချေးငှားတာမဟုတ်၊ စေတနာနဲ့ ပေးကမ်းတာဖြစ်တယ်၊ ကိုင်း… စေတနာအတွက်ကိုကော ဘယ်လိုဆပ်မလဲ"ဟု ပြုံး၍မေးလေ၏။

မောင်ဘစီမှာ စေတနာကို ငွေကြေးဖြင့် ပြန်မဆပ်နိုင်သည်ကို သိလေရကား "ဒါလည်း ဟုတ်တာပဲ၊ စေတနာကို စေတနာနဲ့ပဲ ပြန်ဆပ်ဖို့ပါပဲ"ဟုဆို၍ မျက်နှာကို စိမ်းစိမ်းကြည့်လိုက်လေ၏။

ယခုအခါ ပုသိမ်မြို့မှ အနောက်ဘက်သို့သွားသော လမ်းမကြီး၏ အနောက်ဘက်တွင် ခေါင်းတိုင်သုံးလုံးနှင့် သစ်စက်ကြီးတစ်ခုကို တွေ့မြင်နိုင်၏။ ၎င်းကား သစ်ကုန်သည် စက်သူဌေး ဦးဘစီနှင့် သူဌေးကတော် ဒေါ်တင့်စိန်တို့၏ ကြီးပွားနေသော စက်ကြီးပင်တည်း။

## အခမဲ့ကုလီထမ်းခြင်း၏အကျိုး

လွန်ခဲ့သော ခြောက်နှစ်ခန့်က ကျွန်ုပ်သည် မြို့ငယ်တစ်ခုသို့ အမျိုးသား ကျောင်းစစ်ရန် သွားရ၏။ ၎င်းမြို့သို့ မီးရထားဆိုက်လျှင် ကျွန်ုပ်၏ သူငယ်ချင်း သပိတ်မှောက် ကျောင်းသားဟောင်း ဆရာကြီးသည် လာ၍ ကြိုနေသည်ကို တွေ့ရ၏။ ဘူတာအနီးတွင်ကပ်၍ ကျွန်ုပ်၏ရင်းနှီးသော မိတ်ဆွေတစ်ယောက် နေသည်ကို ခဏမျှတွေ့လိုသည်နှင့် သူငယ်ချင်း ဆရာကြီးအား ကျွန်ုပ်၏ပစ္စည်းများနှင့် သွားနှင့်ရန် ပြောဆိုလွှတ်လိုက်၏။ အဆိုပါ ဘူတာအနီးရှိ မိတ်ဆွေနှင့် စကားစမြည်ပြော၍ အတန်ကြာပြီး နောက် ဆရာကြီး အိမ်သို့ သွားတော့မည်ဟု ဘူတာအနီးကပင် ဖြတ်၍ လာခဲ့ရာ–

ဘူတာရုံအတွင်း၌ သပ်ရပ်စွာဝတ်ဆင်၍ သနားကမားသူငယ် ကျောင်းသားအရွယ်တစ်ယောက်ကို တွေ့မြင်ရ၏။ ၎င်းမှာ တစ်ယောက် တည်းလိုပင် ကျန်ရစ်ခဲ့ရာ မျက်နှာမကြည်မသာ တစ်စုံတစ်ယောက်ကို သို့မဟုတ် တစ်စုံတစ်ရာကို မကျေမချမ်း စိတ်လက်ဆိုးနေဟန်ရှိ၍ တဖျစ် တောက်တောက်နှင့် ဟိုလျှောက် သည်လျှောက် ပြုနေသည်ကို တွေ့ရ၏။ ကျွန်ုပ်သည်လည်း မနေတတ်သည်နှင့်–

“မောင်…ဘာဖြစ်လို့လဲ”

“ဟာ…မပြောပါနဲ့ဗျာ၊ ကောလိပ်ကျောင်းပိတ်လို့ ပြန်လာတယ်၊ အိမ်ကို စာရေးထားတာ ဘယ်သူမှလည်း လာမကြိုကြဘူး၊ အခု ဒီမှာ ခွကျနေတာပေါ့”

“နေပါဦး မောင်ရဲ့၊ ဘယ်သူမှ လာမကြိုလည်း ဘာအပန်းကြီးသလဲ၊ အိမ်က ဘယ်လောက်ဝေးလို့လဲ”

"အိမ် မဝေးပါဘူး၊ ဟိုဈေးနားတွင်ပဲ"

"အဲဒါဖြင့်လည်း မောင်ရယ်၊ ကိုယ့်ဟာကိုယ် သွားလိုက်ကရော့ပေါ့၊ လူလာမကြိုကော၊ ကိုယ့်အိမ်ကိုယ်ပြန်တာပဲ"

"ဟာ...ခင်ဗျားကြီး၊ တယ်ခွကျတာကိုး။ (ကျွန်ုပ်ကိုပါရော၍ စိတ်ဆိုးသွားဟန်တူသည်) အိမ်နီးပေမယ့် စီးသွားစရာ လာနေကျ မြင်းလှည်းကလေးတစ်စီးဟာလည်း မရလိုက်ဘူး၊ ပြီးတော့ ဒီမှာ သားရေအိတ်တစ်လုံးနဲ့၊ ကူလီတွေလည်း မရှိတော့ဘူး၊ ဘယ့်နှယ်လုပ်မလဲဗျ"

ကူလီလိုသည်ဆိုသော သားရေအိတ်ကို ကြည့်လိုက်ရာ အရှည်တစ်တောင်တစ်မိုက်ခန့်၊ အနံတောင်ဆုပ်လောက်မျှသာ ရှိသော သားရေအိတ် ဖြစ်နေ၏၊ ထိုအခါ ကျွန်ုပ်ကပင်–

"ကဲ... မောင်၊ ဒီသားရေအိတ်အတွက်ဖြင့် ဝန်လေးမနေပါနဲ့၊ ကျုပ်ပဲ ဆွဲခဲ့ပါ့မယ်၊ ကဲ...သွားသာသွားပါတော့"

ထိုအခါမှ သူငယ်သည် အတန်မျက်နှာကြည်လာပြီးလျှင် "အဲဗျာ၊ သွားရင်းလာရင်း ဆွဲခဲ့ပါတော့၊ ကျွန်တော် ကူလီခ ပေးပါ့မယ်"ဟု ဆိုလေ၏။

ကျွန်ုပ်သည် ကူလီခအကြောင်းကို တစ်စုံတစ်ရာ ပြန်မပြောဘဲ သားရေအိတ်ကိုသာ ကောက်ယူ၍ သက်သက်သာသာပင် ဆွဲကာ ထိုသူငယ်နှင့် မြို့တွင်းဘက်သို့ လျှောက်လာခဲ့ကြ၏။

စာဖတ်သူအား ပြောရန်ကျန်သေးသည်။ ကျွန်ုပ်သည် ခရီးသွားသည့်အခါ အေးအေးချမ်းချမ်း သွားတတ်သည်နှင့် ထိုအခါက ပိုးကြားပေါက် လုံချည်အနွမ်းကို ဝတ်၍ ပင်နီရှပ်အင်္ကျီ တစ်ပတ်နွမ်းကို လက်ပင့်လက်လိပ်၍ မျက်နှာသုတ်ပဝါကို ခေါင်းတွင် ထုထုပတ်ကာ ဝတ်ဆင်လျက် ရှိ၏။ ဖိနပ်မှာလည်း ပိန်းတန်းဖိနပ်မျှသာဖြစ်၏။ သို့ကြောင့်လည်း ထိုသူငယ်သည် ကျွန်ုပ်အား "ကူလီ"ငှားရန် အားမနာခြင်း ဖြစ်ဟန်တူသည်။

နှစ်ယောက်သား လာခဲ့ကြရာ ကျွန်ုပ်ကစ၍–

"မောင်...ကောလိပ်ကျောင်းမှာနေတာ ဘယ်အတန်းရောက်ပြီလဲ"

"အင်္ဂလိပ်လို ဆီနီယာ–အိုင်အက်စ်စီ (I.Sc)ခေါ်တယ်၊ ဗမာလိုတော့ ဟိုဒင်း...အဲ...၁၂ တန်း ဆိုပါတော့ဗျာ"

"ဟင်...ရောက်လှပါပကော၊ နို့ နေပါဦး မောင်ရဲ့၊ အဲဒီ ၁၂ တန်း ရောက်တော့ ဘာတွေသင်ရသလဲကွဲ့"

"အများကြီးပါဗျာ၊ အထူးကတော့ အက်ဒ်ဘန်းစ်ဒ်–အင်္ဂလိပ်ရှ် (Advanced English)ဆိုတာ သင်ရတယ်ဗျ"

"မောင့်ဟာက အင်္ဂလိပ်လိုကိုး၊ ဗမာလိုလည်း ပြောဦးမှပေါ့"

"ဗမာလို မလွယ်ဘူးဗျ၊ နေဦး နေဦး၊ ဟိုဒင်း...အဲ၊ ရှေ့ရောက်သော အဲ... ပိုမို၍ဖြစ်သော ဟာ...ဒါလည်း မဟုတ်သေးပါဘူးလေ၊ ဟိုဒင်း လွယ်လွယ်ဆိုကြပါစို့ဗျာ၊ သိပ်ခက်တဲ့ အင်္ဂလိပ်စာ ဆိုပါတော့"

"အင်း...အင်း၊ ကောင်းရဲ့၊ နို့ မြန်မာစာများကော မသင်ရဘူး လားကွဲ့"

"ဘားမီး(ဆ်)လား၊ ခင်ဗျာ့ မြန်မာစာ ဘာခက်လို့လဲဗျ၊ ကျွန်တော် တို့ ကောလိပ်မှာ အရေးတကြီး မသင်ပါဘူး၊ စာမကြည့်ဘဲနဲ့ ပ(စ်)(pass) နိုင်ပါတယ်ဗျာ၊ အလင်္ကာ အသုံးလည်းမကျလှပါဘူး"

"ဒါဖြင့် သည့်ပြင်ကော ဘာများ သင်ရသေးသလဲ"

"သည့်ပြင် တစ်ခုက ခယ်မစ်စတြီ (chemistry)ဆိုတာ သင်ရ တယ်၊ အဲဒါက မြန်မာလို ရှိမယ်မထင်ပါဘူး၊ ဟိုဒင်းဆိုပါတော့ဗျာ၊ ဓာတ်ခွဲပညာ ဆိုပါတော့၊ ဘယ်အရာတစ်ခုဟာ ဘယ်ဓာတ် ဘယ်ဓာတ် များ ပေါင်းစပ်ပြီး ဖြစ်နေတယ်ဆိုတာတွေလည်း ပါတယ်ဗျ၊ ဥပမာဗျာ ရေ ဆိုတဲ့ဓာတ်ဟာ ဘယ်ဓာတ် ဘယ်ဓာတ်များ ပေါင်းစပ်လို့ ဖြစ်တယ် ဆိုတာ သိရတယ်ဗျ"

"အို...တယ်နေရာကျပါကလား၊ ပြောစမ်းပါဦး မောင်ရယ်၊ ရေထဲမှာ ဘာတွေ ဘာတွေ ပါသတဲ့လဲ"

"ရေဆိုတာ အိတ်ချ်-တူးအို ($H_2O$)ဆိုတဲ့ဓာတ်တွေကို ပေါင်းစပ်ထားတာဗျ"

"မောင့်(အိတ်ချ်-တူးအို)ကို ဗမာလိုပြောဦးမှပေါ့ကွဲ့"

"ဟာ...ဘယ်မှာ အကုန်လုံးကို ခင်ဗျာ့ဗမာစကားတွေနဲ့ ပြောနိုင်မလဲဗျ၊ ခင်ဗျာ့ဗမာစကားကလည်း အင်မတန် ဆင်းရဲတယ်၊ ဒီလိုအထက်တန်းစကားကြီးတွေကို ဘာသာပြန်ဖို့ ရှိမယ်မဟုတ်ဘူးဗျ၊ ဒီတော့ အကြမ်းပဲ မှတ်ထား၊ အိတ်ချ်က နှစ်ဆ၊ အိုက တစ်ဆ၊ အဲဒါနှစ်ခုရောရင် ရေဖြစ်တာပဲ"

"အဲလေ...ဆိုပါတော့၊ ဒီတော့ 'အိတ်ချ်'က ဘာ၊ 'အို'က ဘာဆိုတာလည်း ပြောဦးမှပေါ့"

"ဟာ...ခင်ဗျား တယ်အမေးအမြန်းထူတဲ့လူကြီးပဲ၊ ဒါတွေဟာ ဓာတ်သဘောတွေဗျ၊ ခင်ဗျားတို့ကိုပြောလို့လည်း နားလည်မှာမဟုတ်ဘူး၊ အဲဒီတော့ အဲဒီ အင်္ဂလိပ်စာလုံးနှစ်လုံးပေါင်းရင် ရေဖြစ်တယ်ဆိုတာသာ မှတ်ထားပါဗျ"

"နေပါဦး မောင်ရဲ့၊ မောင့်အင်္ဂလိပ်စာလုံးတွေ မပေါ်ခင်က ရေရှိနှင့်တယ်မဟုတ်လား၊ မောင့်အင်္ဂလိပ်စာလုံးနှစ်လုံးရှိမှပဲ ရေဖြစ်ရတော့မလား"

"သြော်...တယ်ခက်ပါလား၊ ဒါက သင်္ကေတအမှတ်အသားဗျ၊ အဲဒီစာနှစ်လုံးရဲ့ အရှည်အဓိပ္ပာယ်ရှိသေးတယ်၊ သိရဲ့လား၊ အဲဒီအဓိပ္ပာယ်အရှည်ကို ကျွန်တော့်နှတ်ဘုတ် (note book)ထဲမှာ မှတ်ထားတယ်၊ အခုပါးစပ်ထဲမှာတော့ မရဘူး၊ ပြီးတော့လည်းဗျာ၊ ကျွန်တော်တို့ဆရာက အဓိပ္ပာယ်ပြောတာ မရှင်းပါဘူး၊ ကျွန်တော်တို့ နားလည်အောင် မပြောတတ်ဘူးဗျ၊ ဒီဆရာတွေဟာ အလကားပါဗျာ"ဟု ဆရာကို လွှဲချပြီး သူ့ဇာတ်ကိုသူ မြန်မြန်သိမ်းလိုက်လေသတည်း။

"နို့၊ မောင်တို့ကောလိပ်မှာ စားရပုံက ဘယ်လိုလဲကွဲ့"

"မှတ်ထား ဆရာကြီး၊ ကောလိပ်ဆိုတာကို ရောက်ဖူးမှ လူဖြစ်ရကျိုး နပ်တာ၊ အနေအစား အကုန်လုံး အထက်တန်း အညွန့်စားချည်းပဲ၊ မှတ်ထား၊ တစ်ခါတည်း နယူးလိုက်ဖ် (new life)ကို ရောက်သွားတာပဲ သိရဲ့လား"

"အဲ...အဲ၊ ဘာတဲ့၊ နရူး(နွားရူး)အလိုက်ခံရသလား၊ ဟိုရောက်ရင်"

"အောင်မယ်၊ ဗျို့ ဆရာကြီး၊ ဒါ သရော်စရာမဟုတ်ပါဘူး၊ ခင်ဗျားကြီးတို့ဟာ ပညာလည်းမတတ်၊ ယဉ်ကျေးတဲ့ အင်္ဂလိပ်စကားတွေလည်း နားမလည်၊ ဒါကြောင့် ခင်ဗျားတို့ဗမာတွေ ခွကျနေတာ သိရဲ့လား၊ နယူးလိုက်ဖ်ဆိုတာ အင်္ဂလိပ်စကားဗျ၊ အသစ်အသက်၊ အနေအစားအသစ်တစ်မျိုး ဆိုလိုတယ်၊ ကြည့်လေ၊ နေရတာက ကျွန်တော် တောမြို့ကလေးမှာ ဆယ်တန်းမှာ နေရတုန်းက သူဆင်းရဲသား၊ ကုန်သည်သား၊ သူကြီးသား ဆိုသလို သာမညလူတွေနဲ့သာ တွေ့ရတာကလားဗျ၊ ဟိုကောလိပ်ကျတော့ အနည်းဆုံး မြို့အုပ်သား၊ ဝန်ထောက်သား၊ အရေးပိုင်သား၊ မင်းကြီးသား ဆိုသလို အထက်တန်းစားတွေချည်းကလားဗျ၊ အဲလေ...ဆင်းရဲသားရဲ့ သားသမီးလည်း နည်းနည်းပါးပါးတော့ ရှိတာပေါ့၊ ဘာဖြစ်ဖြစ် ကျွန်တော်တော့ အထက်တန်းစားနဲ့မှ ရွေးပေါင်းတာပဲ၊ ကုန်ကုန်ပြောမယ်ဗျာ၊ ဖိနပ်တောင် ကြည့်ပါလား၊ ကျွန်တော် တောမြို့ကလေးမှာ နေတုန်းက ၁၀ ကျပ်တန်၊ ၁၅ ကျပ်တန်အထက် ပိုမစီးရဘူး၊ ခုတော့ ဟော... ၂၀ကျပ်တန် အောက် မစီးရဘူးဗျ"

"နေပါဦး၊ ၂၀ ကျပ်တန်အောက် မစီးရတာက မောင်တို့ကောလိပ်မှာ ဥပဒေလုပ်ထားလို့လား"

"ဘယ်က ဥပဒေလုပ်ထားရမှာလဲဗျ၊ ခင်ဗျားကြီးလည်း တော်တော်အ တာပဲ၊ ဟိုမှာ အထက်တန်းစားတွေနဲ့ ပေါင်းရတာဗျ၊ ခင်ဗျား ၁၀

ကျပ်တန် အစုတ်တွေနဲ့ မဖြစ်ဘူးဗျ၊ လူထဲ မတိုးဘူးဗျ၊ သိရဲ့လား၊ အခု ကျွန်တော် စီးထားတဲ့ ၂၀ ကျပ် ၂၅ ကျပ်တန်တောင်မှ လူထဲဝင်နိုင်ရုံ ရှိသေးတယ်၊ သိရဲ့လား၊ ၃၀ ကျပ်တန် ၄၀ ကျပ်တန် စီးနိုင်မှ ဖိနပ်ကို လူဝိုင်းကြည့်တာဗျ"

"ဟင်…မောင်တို့ကောလိပ်က လူအဖိုးတန်တာ အရေးမကြီးဘူး၊ ဖိနပ်အဖိုးတန်တာ အရေးကြီးသလို နေပါကလား"

"တယ်…ခင်ဗျားကြီး အင်မတန် နုံသေးတာကိုး၊ တော်ပါဗျာ၊ ကောလိပ်ဆိုတာ ကြွားဖို့ဗျ၊ ကြွားဖို့၊ လူပေါ် လူလုပ်ဖို့ သိရဲ့လား၊ အစစ အရာရာ အထက်တန်းချည်းပဲ သွားရ၊ စားရ၊ နေရတယ်၊ ကြည့်ပါလား၊ ကျွန်တော်ဟာ ကောလိပ်ကိုအသွားအပြန် စက်ကင်း ကလပ်စ် ဆိုတဲ့ ဘိုစီးတွဲမှ စီးတယ်၊ ခင်ဗျားတို့စီးတဲ့ တတိယတန်းဆိုတဲ့ ဆင်းရဲသားတွဲကို ဘယ်တော့မှ မစီးဘူး၊ အဲဒီစက်ကင်းကလပ်စ်ဆိုတာ ခင်ဗျားတို့ ဆင်းရဲ သားတွေလို သစ်သားခုံနဲ့ ညစ်ပတ်ပြီး ကြမ်းပိုးကိုက်တာ မဟုတ်ဘူး၊ သိရဲ့လား၊ ဆိုဖာဆိုတဲ့ မွေ့ရာတစ်မျိုးကို ခင်းထားတယ်၊ အောက်က စပရိန်ထည့်ထားတယ်၊ ပြီးတော့ ဓာတ်မီးတွေ၊ ပန်ကာတွေ၊ မှန်တွေ၊ ရေ တွေ စုံလို့ပါပဲဗျာ၊ တစ်ခါလောက် ခင်ဗျားတို့ကို စီးစေချင်တယ်၊ တစ်ခါ တည်း လျှာလည်သွားမှာပဲ၊ ပြီးတော့ အဲဒီ ဘိုစီးတွဲ အခက ခင်ဗျားတို့ ဆင်းရဲသားတွဲ အခရဲ့ သုံးဆပေးရတယ်၊ သိရဲ့လား၊ အဲလေ…တချို့ ပိုက်ဆံဝါလားတွေဟာ ပိုက်ဆံပေါလို့ စီးပေတဲ့ ဘိုစီးတွဲနဲ့ သူတို့နဲ့ တခြား စီပါဗျာ၊ ဟော…ကျုပ်တို့ကို အင်္ဂလိပ်စာတတ်တဲ့ ကောလိပ်ကျောင်းသား လည်း ဖြစ်ရမယ်၊ စတိုင်ကျကျ လှလှပပ ဝတ်ဆင်ရမယ်၊ ကျွန်တော့် ဘိုဆံထောက်ကိုကြည့်စမ်း၊ လိမ်းထားတာ ဆီရိုးရိုး မဟုတ်ဘူး၊ ဟို… ဘိလပ်တို့၊ အမေရိကန်တို့ကလာတဲ့ ဆီမွှေးတို့ ကော့စမက်တစ်တို့ကိုသာ လိမ်းတယ်၊ ပြီးတော့ ပေါင်ဒါဆိုတဲ့ အမွှေးမှုန့်တို့၊ ကတ္တီပါရည်တို့ အဲဒါမျိုးတွေကို လိမ်းလို့၊ အဲဒီလို လှလှပပ ကျကျနနနဲ့မှ ဘိုစီးတွဲနဲ့

တော်တာဗျ၊ ခင်ဗျားတို့ တောသားကြီးတွေနဲ့တော့ အလကားပါဗျာ၊ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာဆိုသလို မနေဘူးလား"

"မောင်ရယ်၊ မောင့်ဘိုစီးတွဲ မစီးရချင်နေပါစေတော့၊ ယောက်ျား ဖြစ်လျက်သားနဲ့ သနပ်ခါး မျက်နှာချေတွေတော့ မလိမ်းမဆင်ဝံ့ဘူး မောင်ရဲ့"

"အလို…ခင်ဗျားကြီး အတော်လာပါကလား၊ ဒါလောက် ပြောနေတာတောင် သဘောမပေါက်သေးဘဲကိုး၊ ခင်ဗျားတို့ဗမာတွေ မကြီးပွားတာ အဲဒီလို ခေတ်မမီ ခေတ်မဆန်တာတွေကြောင့်ပဲ၊ နားလည်ရဲ့လား"

ကျွန်ုပ်သည်လည်း ပြုံးရယ်၍သာ နေလိုက်၏၊ ထိုသို့ နှစ်ယောက် သား လာခဲ့ရာ အိမ်အနီးသို့ ရောက်လာလေ၏၊ အိမ်ဝသို့ဝင်လျှင် ၎င်း သူငယ်၏အမိ၊ အစ်မ၊ နှမများနှင့်တူသော မိန်းမတစ်စုက စုဝိုင်း၍ "ဟော.. ငါ့သားကလေး ပြန်လာပြီ၊ ဟော…မောင်သောင်း ပြန်လာပြီ၊ ဟော… ကိုကိုပြန်လာပြီ၊ အမေလည်း အခုပဲ မင့်ဆီကစာကို ရတယ်၊ ရရချင်း အဝတ်အစားလဲပြီး အခု ဘူတာဆင်းမလို့ပဲ၊ မင်းစာက နောက်ကျနေတာ ကိုးကွဲ့"

မောင်သောင်းမှာ များစွာစိတ်ဆိုးသော မျက်နှာဖြင့် "ဟာဗျာ… ဒဲမစ်(damn it) ခင်ဗျားကြီးတို့ ဒီလိုချည်းပဲ၊ စာကို ကပျာကယာ ပေးရ တာဗျ၊ ရ ရချင်း ဆင်းလာပြီးရောပေါ့၊ ကတဲ…လုချင်လိုက်ကြတာ၊ တယ်"

ထိုအခါ အစ်မကြီးဖြစ်ပုံရသူက "မဟုတ်ဘူးကွဲ့ မောင်သောင်းရဲ့၊ မင်းပဲ လိုတယ်၊ သံကြိုးရိုက်လိုက်ပါလား၊ ကတဲ…ပိုက်ဆံကလေး သုံးမတ် တစ်ကျပ်ကို ဂရုစိုက်လို့"

"မဟုတ်ဘူး မမရဲ့၊ တနင်္ဂနွေနေ့ကျနေလို့၊ အားဂျင်းဖီးစ် နှစ်ဆ

ပေးနေရမယ် သိရဲ့လား၊ ပြီးတော့ ပိုက်ဆံလည်း မပိုဘူး၊ ဟိုဒင်း ရွေးရ၊ ဒီဒင်း ရွေးရနဲ့"

နမငယ်က ဝင်တဲ့၍ "အဟုတ်သားပဲ၊ ကိုကိုမှာ ဘယ်တော့မှ ပိုက်ဆံ ပိုပိုမိုမို မသုံးရဘူး၊ ပိုက်ဆံမှာလိုက်ရင် ဟောဟိုဖေဖေက ဝင်ဝင်ပြီး များတယ် ဘာတယ်နဲ့၊ ကိုင်းခုတော့ ဘယ့်နှယ်နေသေးသလဲ၊ ကိုကို ခြေလျင်လျှောက်လာရတော့ ကောင်းသေးရဲ့လား"ဟု ဝမ်းနည်း ပက်လက်နှင့် ငိုမဲ့မဲ့ပြောလေသည်။

ခေါင်းရင်းခန်းတွင် ကုပ်၍ထိုင်နေရှာသော အဘိုးကြီးက ၎င်း သား အမိတစ်စုကို ကြည့်၍မဲ့လိုက်သည်ကို ကျွန်ုပ်မြင်လိုက်ရသဖြင့် ၎င်းသား အတွက် အိမ်တွင် ရှေးရိုးအဘိုးကြီးက တစ်ဖက်၊ ခေတ်ဆန်သော သား အမိတို့ကတစ်ဖက် ဖြစ်နေကြသည်ကို ကျွန်ုပ် ရိပ်မိလိုက်လေ၏။

ကျွန်ုပ်မှာလည်း ခေါင်းက မျက်နှာသုတ်ပဝါကို ခပ်အုပ်အုပ်ပတ် ကာ သားရေအိတ်ကို အိမ်ပေါ်တွင်ချ၍ အမှတ်မဲ့ ထွက်သွားမည်ဟု လှည့် လိုက်ရာ အမယ်ကြီးကမြင်၍ "ဟဲ့...ကူလီခ ပေးကြဦးလေ"ဟု ဆိုမှ မောင် သောင်းသည် ပိုက်ဆံနှိုက်ကာ "အို...ဟုတ်ပါရဲ့၊ ဟောဒီ ဆရာကြီးရှိလို့၊ နို့မဟုတ်ရင် အခက်ပဲ"ဆိုပြီး ပိုက်ဆံတစ်မူး ကျွန်ုပ်အား ပေးလေသည်။ ကျွန်ုပ်က "အို...နေပါစေ၊ ကျုပ်လည်း ခရီးကြုံတာနဲ့ ကူဆွဲလာတာပါ၊ နေပါစေ"ဆိုပြီး ထွက်ခဲ့၏၊ ထိုအခါ အစ်မကြီး ဆိုသူက "အို...ဒီမှာ ဦးကြီးရဲ့" (ထိုအခါ ကျွန်ုပ်က ပြုံး၍ ပြန်လှည့်ကြည့်လိုက်ရာ) ဟာ... ဟုတ်ပေါင် မောင်ကြီးရဲ့၊ ဟာ...ဟုတ်ပေါင်၊ ဒီမှာ ကိုဟိုဒင်းရဲ့၊ ပိုက်ဆံယူ သွားပါလေ"ဟုဆိုကာ ပိုက်ဆံလိုက်၍ပေး၏၊ ကျွန်ုပ်ကား လွတ်အောင် သုတ်သုတ်ထွက်ခဲ့၏။

ထိုအခါ ညီမငယ်က ရယ်၍ "မမက လောလိုက်တာ၊ ဦးကြီးရဲ့တဲ့၊ လူကြည့်တော့ဖြင့် မမနဲ့ရွယ်တူလောက်ရှိတယ်၊ ပြီးတော့ ကိုဟိုဒင်း တဲ့၊

ဟိုက ပြုံးသွားတာမြင်လိုက်ကဲ့လား"ဆိုသည်တွင် အစ်မကြီးက "ဘာလဲ၊ ကောင်မလေးက တော်တော်ရွှန်း၊ နင် တယ်ထတယ်"ဟု ကြိမ်းမောင်းသံကို သန့်သန့် ကြားလိုက်ရလေ၏။

ကျွန်ုပ်၏သူငယ်ချင်း ဆရာကြီးအိမ်သို့ရောက်၊ ညစာစား၊ နောက်နေ့ ကျောင်းစစ်ရ၏၊ ၎င်းညနေတွင် ဆရာကြီးက ကျောင်းဥက္ကဋ္ဌအိမ်တွင် ထမင်းစားဖိတ်ထားကြောင်း၊ အခြားကော်မီတီ သုံးလေးယောက်ကိုလည်း ဖိတ်ထားကြောင်း ပြောဆို၍ နှစ်ယောက်သား ရေမိုးချိုး အဝတ်အစားလဲကာ ထွက်ခဲ့ကြ၏။

ကျွန်ုပ်မှာ ယခုသော် ပိုးသားလုံချည်အင်္ကျီနှင့်တကွ ခေါင်းပေါင်းပေါင်း၍ အတန် သပ်သပ်ရပ်ရပ် ရှိသွားလေ၏။ ယခုအနေ မောင်သောင်းသာ မြင်ရပါလျှင် "ကူလီ"ဌားရန် အားနာဖွယ်ရှိ၏။

လာခဲ့ကြရာ မောင်သောင်းတို့အိမ်လမ်းသို့ ရောက်လေသဖြင့် ထိတ်ခနဲ ဖြစ်သွား၏။ စိတ်မလုံသည်နှင့် "အခုသွားမှာ ဘယ်အိမ်ကိုလဲ" ဟု ဆရာကြီးအား မေးရာ ခပ်လှမ်းလှမ်းရှိ မောင်သောင်းတို့အိမ်ကိုပင် ပြလေသတည်း။ ကျွန်ုပ်က "ဟိုက်...ခွကျကုန်ပြီ"ဟု လွှတ်ခနဲ ဆိုမိ၏။ ဆရာကြီးက ကြည့်၍ "ဟေ့လူ၊ ဘာဖြစ်တာလဲ မင်း..."

"ဟာ...ဘာမှမဖြစ်ပါဘူး၊ သွားသာ သွားပါကွယ်" ဆို၍ ဘာဖြစ်ဖြစ်ဟု စိတ်တင်း၍လိုက်ခဲ့ရ၏။

အိမ်သို့ရောက်လျှင် လှမ်းကြည့်လိုက်ရာ မောင်သောင်းကို ရုတ်တရက် မြင်လိုက်ရ၏။ မောင်သောင်းသည် ကျွန်ုပ်ကို မှတ်မိပုံရ၏။ ရုတ်တရက် အခန်းတွင်းသို့ ခပ်သုတ်သုတ်ဝင်သွားလေ၏။ မောင်သောင်း၏ အမိ၊ အဖ၊ အစ်မ စသည်တို့ကား ကျွန်ုပ်ကို မှတ်မိပုံမရချေ၊ ကျွန်ုပ် "ကူလီ"ဘဝနှင့် ရောက်စဉ်က အဝတ်အစား ညစ်ထပ်ထပ်နှင့် မျက်နှာကို မျက်နှာသုတ်ပဝါဖြင့် ခပ်အုပ်အုပ် ပတ်စည်းထားသောကြောင့်လည်းကောင်း၊ အိမ်သားအားလုံးတို့မှာ မောင်သောင်းကိုသာ ဝိုင်း၍ဂရုစိုက်ကြ

သောကြောင့်လည်းကောင်း ကျွန်ုပ်ကို မမှတ်မိခြင်း ဖြစ်ရ၏။

ကျွန်ုပ်သည်လည်း ဣန္ဒြေမပျက်နေ၏၊ မောင်သောင်းတို့အိမ်သား များက ပျူပျူငှာငှာ ဧည့်ခံကြလေ၏။ အတန်ကြာလျှင် အဘိုးကြီးက "ဟဲ့...မောင်သောင်းတစ်ယောက်ကော၊ ဒီမှာ ပညာဝန်များ လာကြတယ်၊ စကားစမြည်ပြောရအောင် လာကွယ်"ဟု အိမ်တွင်းဆီသို့ လှမ်း၍ခေါ်လိုက် ၏။

ထိုအခါ သမီးအငယ်က "ဖေဖေ၊ ကိုကိုရယ် ဟိုဦးလေးကြီး အိမ် ကိုတဲ့၊ အရေးကြီးလို့တဲ့၊ ခုပဲ ဆင်းသွားတယ်၊ တော်တော်ကြာမယ်လို့ လည်း ပြောသွားတယ် ဖေဖေ"

ထိုအခါ အဘိုးကြီးမှာ ကျေနပ်ပုံမရချေ၊ "တယ်ခက်သကို၊ ဧည့် တွေ စောင်တွေ ရောက်မှ ထွက်သွားရသတဲ့လား (ကျွန်ုပ်ဘက်သို့ လှည့်၍) မောင်ရေ့၊ သားတစ်ယောက် ကောလိပ်ကျောင်းမှာ ထားရတယ်၊ သူတို့ ကောလိပ်ဆိုတာက အင်မတန်..." ထိုအခါ အမယ်ကြီးက အဓိပ္ပာယ် ပါသော မျက်နှာဖြင့် အဘိုးကြီးကို ကြည့်လိုက်ရာ "အဲ...အဲ၊ သူတို့ ကောလိပ်ဆိုတာက အင်မတန်ကြီးကျယ်ဆိုပဲ မောင်ရဲ့"ဟု အစသတ် လိုက်လေ၏။ ကျွန်ုပ်ကား အဓိပ္ပာယ်ကို နားလည်လိုက်ပါ၏။

ကျွန်ုပ်တို့လည်း စားသောက် စကားစမြည်ပြောပြီး ပြန်ခဲ့ကြ၏၊ ၎င်းနောက် အခြားနှစ်မြို့သုံးမြို့တွင် ကျောင်းစစ်ပြီးနောက် ရန်ကုန်သို့ ပြန်ခဲ့၏။

*

၎င်းနောက် ငါးလခြောက်လခန့်ကြာသောအခါ ကျွန်ုပ်သည် မောင်သောင်း ကို မေ့၍နေချေပြီ၊ တစ်နေ့၌ ထူးထူးခြားခြား စာတစ်စောင် ရောက်လာ ၏၊ စာအိတ်မှာ စာရင်းစာအုပ်ဟောင်းတစ်ခုမှ ဆုတ်ယူအပ်သော မျဉ်း ကြောင်းနှင့် စာရွက်ကို အိမ်တွင် ကတ်ကြေးဖြင့် ကိုက်ညှပ်၍ ထမင်းလုံး

ကော်ဖြင့် ကပ်ထားသော အိမ်လုပ်စာအိတ် ဖြစ်၏။ အပေါ်ကလိပ်စာမှာ ရှေးလက်ရေးဘုန်းကြီးကျောင်း လက်ရေးရိုးကြီးဖြင့် သေသပ်လှပစွာ ရေးထား၏။ ထူးခြားလှ၏ဟု ဖောက်၍ကြည့်ရာ အောက်ပါစာကို တွေ့ရလေ၏။

"...မြို့နေ မောင်သောင်း၏ဖခင်က စာအားဖြင့် အကြောင်းကြားပါသည် မောင်ဖိုးကျား၊ စေတနာရိုးရိုးဖြင့် ပို့အပ်သော မေတ္တာကိုခံယူပါ၊ မောင့်အကြောင်းကို မောင်သောင်းက ဖွင့်ပြော၍သိရပါပြီ။ ဟိုထမင်းကျွေးတဲ့ နေ့က သူ့ဦးလေးအိမ်ကို သွားတယ်ဆိုတာ ရိုးရိုးမဟုတ်ဘူး၊ ပြေးတာ။ သူ့ကိုယ်သူရှက်၍ မောင်နဲ့ မျက်နှာမဆိုင်ဝံ့လို့ ပြေးခြင်းပါ၊ မောင်နဲ့တွေ့ရကြုံရကတည်းက အလွန်နောင်တရပြီး ယခု အလွန်ပြောင်းလဲသွားပါပြီ။ မောင့်ကြောင့် ကျုပ်သား အဖိုးတန်လာလေသဖြင့် မောင့်အား မည်မျှ ကျေးဇူးတင်သည်ကို မပြောတတ်သလောက် ရှိရပါသည်။

မောင်နှင့်မတွေ့မီက ကျုပ်သားဖြင့် ပစ်ရပြီ၊ ဒီသားကလေးတစ်ယောက်ကို ဘယ်လိုပြုပြင် ကယ်ဆယ်ရပါမည်လဲဟု တကြောင့်ကြကြနှင့် နေရပါသည်။ ယခု မောင်မင်းကြီးသား ကယ်ပေလို့ ကျုပ်သား ကျွတ်ပါလေပြီ။ အဖြစ်ကို ပြောပါရစေဦး၊ ကျုပ်သား ပျက်တာဟာ သူ့အမေ၊ အစ်မ၊ ညီမတွေကြောင့်ပဲ။ ကြည့်ပါဦး မောင်ရယ်၊ သားက ကောလိပ်ကနေပြီး ငွေမှာရင် ၃၀ ကျပ်မှာရင် အနည်းဆုံး ၄၀ ကျပ်လောက် ပို့ကြတယ်။ ကျုပ်က ပိုမပို့ဘဲ လျှော့ပို့ဖို့ပြောရင် သူ့အမေက ရှင်က ဘာသိလို့လဲတဲ့။ ဟိုမှာ လူထဲမှာနေရတာ။ လူလိုနေရတာတဲ့ မောင်ရယ်၊ အဲဒီလို မအေလုပ်စားတဲ့လူက စ လိုက်ရင်ပဲ အစ်မတွေ၊ ညီမတွေက တစ်ခါတည်း ဝိုင်းဆူကြတာပဲ။ ကျုပ် ဘယ့်နှယ်နိုင်နိုင်မလဲ၊ သူတို့က ဝိုင်းဆူတော့ ကျုပ်က ဘာလုပ်သလဲ သိလား၊ ကျုပ် ဘုန်းကြီးကျောင်းကို ထွက်သွားလိုက်တာပေါ့။ ကျုပ်မှာလည်း အားကိုးနဲ့ကလား မောင်ရဲ့။

တစ်ခါကလည်း ကြည့်ပါ့မောင်ရယ်၊ မောင်သောင်း ကောလိပ်က ပြန်လာလို့ ထမင်းဝိုင်းစားကြတော့ မောင်သောင်းက ဟင်းချို မချိုဘူးတဲ့၊ သူတို့ကောလိပ်မှာ ၁၂ မျိုး ဆိုလား၊ ၁၃ မျိုး ဆိုလား၊ အဲဒီဟင်းချိုမှ ချိုသတဲ့၊ ဒီတော့ ကျုပ်က မောင်သောင်းရယ်၊ ဟင်းချိုဆိုတာဟာ ပူရင်ချိုတာပေါ့ကွဲ့လို့ ပြောမိတာနဲ့ သားကလည်း စိတ်ဆိုးပြီး ထသွားတယ်၊ သူ့အမေကလည်း ကျုပ်ကို လက်ညှိုးကောက်ကောက်ထိုးလို့၊ ရှင့် ကိုအောင်ဘန်းရဲ့တဲ့၊ ရှင်တို့သာ ဟင်းရွက်ပြုတ်ရေကို ဆားခပ်ပြီး ခပ်ပူပူလုပ်သောက်ကြ၊ ကျုပ်သားကိုတော့ အတင်းမတိုက်ပါနဲ့ဆိုပြီး သူ့သားကလေးကို တရုတ်ခေါက်ဆွဲဆိုင်ခေါ်သွားပြီး အဲဟိုမျိုးစုံဟင်းချိုကို ဝယ်တိုက်သတဲ့။ ကျုပ်က ဟင်းချိုဟာ ပူရင် ချိုတာပဲဆိုတာ လွန်သလားမောင်ရယ်၊ ဟုတ်ကော မဟုတ်ဘူးလား မောင်ရယ်၊ ကျုပ်တို့ခေတ်တုန်းကတော့ ဟုတ်တာပဲ။ အခု သူတို့ခေတ်တော့ မပြောတတ်ဘူး။

မောင့်တော့ ပြောရဦးမယ်၊ တစ်ခါကလည်း သူတို့ ဘောလုံး ရိုက်ကစားတဲ့ လက်ရိုက်တစ်ခုတဲ့၊ ဝယ်လာတယ်၊ ကျုပ်က မနေတတ်လို့ ဘယ်လောက်ပေးရသလဲလို့ မေးကြည့်တော့ ကြည့်ပါဦးမောင်ရယ်၊ ၃၅ ကျပ်တဲ့၊ ဘုရား...ဘုရား၊ ကစားစရာ လက်ရိုက်တစ်ခုကို ၃၅ ကျပ်တဲ့မောင်ရယ်၊ ကြားဖူးပါစ၊ ဒီတော့ ကျုပ်မလည်း အံ့အားသင့်ပြီး မောင်သောင်းရယ်၊ ငါ့သား ဒီလောက်မိုက်သလားကွယ်၊ ၃၅ ကျပ်ဆိုတဲ့ငွေဟာ နည်းတာမဟုတ်ပါကလား၊ ဟိုဒင်း...နွားမတစ်ကောင်ဖိုးလောက် ရှိနေပါပြီလားလို့ ပြောမိပါတယ် မောင်ရယ်၊ သူ့အစ်မက အခန်းထဲကကြားတော့ ထွက်လာပြီး ဖေဖေကလည်း ကိုယ်ဆန့်လက်ဆန့် လုပ်မှ ကျန်းမာတယ်တဲ့၊ ဒီတော့ ကစားစရာဆိုတာ ဝယ်ရတာပဲ ဖေဖေရဲ့တဲ့၊ ဒီတော့ ကျုပ်က အေးလကွယ်၊ ကိုယ်ဆန့် လက်ဆန့်ဖြစ်ဖို့ နင်တို့ ၃၅ ကျပ်တန် လက်ရိုက်

ရမှမဟုတ်ပါဘူးဟဲ့ မယ်ခရဲ့၊ ထုပ်ဆီးတမ်း ဖန်ခုန်တမ်း ကစား ပါလားကွဲ၊ လမ်းလျှောက်ပါလားကွဲ့၊ ပြေးပါလားကွဲ့၊ အပုံပါ သမီးရယ်၊ နင်တို့ ၃၅ ကျပ်တန်ရမှ မဟုတ်ပါဘူးလို့ ကျုပ်က ပြန်ပြောတယ်၊ ပြောနေရင်း သူ့ အမေ ပေါက်လာပြီး ကိုအောင်ဘန်း ရှင်ဝင်ရှုပ်ပြန်ပလားတဲ့၊ ရှင်သာ နွားမတစ်ကောင်ကို ၃၅ ကျပ် ပေးဝယ်ပြီး နို့သုစ်ရောင်း စားပေတော့၊ ကျုပ်သားကတော့ ကောလိပ်ကျောင်းသား အင်္ဂလိပ်စာတတ်မို့ ဝယ်ချင်တာ ဝယ်ပစေ၊ ကုန်ကုန် ဘာဖြစ်သေးသလဲတဲ့၊ အဲဒီတော့ ကျုပ်က ဘာလုပ်လိုက်သလဲ သိရဲ့လား၊ ကျုပ်က ဘုန်းကြီးကျောင်းကို ထွက်သွားလိုက်တာပေါ့။

ပြီးတော့လည်း သူ့သားဆီက စာရောက်မှဖြင့် သူ့အမေမှာ အိမ်တကာ၊ ဈေးဆိုင်တကာ လိုက်ပြီးပြောနေတာပဲ၊ သူ့သား ဘယ်အတန်းရောက်ပြီ၊ တစ်လတစ်လ ငွေဘယ်လောက်ပို့ရတာကလားနဲ့၊ စုံပါရော မောင်ရယ်၊ ထမင်းစားတောင် လိုက်ခေါ်ယူရတယ်။

ကျောင်းပိတ်လို့ ပြန်လာတဲ့အခါ အိမ်က အလုပ်ကလေးများ ခိုင်းလိုက်လျှင် ဟော…သူ့အမေတွေ အစ်မတွေက ရှေ့က ကာဆီးကာဆီးနှင့် လာပါရော၊ အင်္ဂလိပ်ကျောင်းသား ကောလိပ်ကျောင်းသားများဟာ လက်အလုပ်တွေ၊ အလုပ်ကြမ်းတွေ မလုပ်ရဘူးတဲ့၊ ခိုင်းစရာရှိလျှင် သူတို့ကိုသာ ခိုင်းပါတဲ့၊ ကျုပ်လည်းပဲ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ဂြိုဟ်မှစ၍ မြန်မာစာ အတော်အတန် သင်ခဲ့ဖူးပါတယ်၊ အင်္ဂလိပ် ကျောင်းသားများ လက်အလုပ် အလုပ်ကြမ်း မလုပ်ရဘူးဆိုတာ ဘယ် စာထဲမှာမှ မတွေ့ဖူးပါဘူး မောင်ရယ်၊ လူရဲ့ဉာဏ်ရိုးရိုးနဲ့ စဉ်းစားကြည့်လျှင်လည်း မရပါဘူး မောင်ရယ်။

တစ်ခါတုန်းကလည်း မောင့်ကို ပြချင်တယ်၊ မောင်သောင်းကို ဘူတာရုံကို လိုက်ပို့ကြတယ်၊ လမ်းမှာ မိုးရွာထားလို့ ရွှံ့ဗွက်ကလေး နည်းနည်းရှိတာကို အမေနှင့်အစ်မက မောင်သောင်းကို ပွေ့ချီပြီးတော့ ကူး

ကြသတဲ့၊ ကျုပ်ကြားတော့ ရှက်လိုက်တာမောင်ရယ်၊ ကျုပ် ဘာလုပ် သလဲ သိလား၊ ကျုပ်က ဘုန်းကြီးကျောင်း ထွက်သွားလိုက်တာပေါ့။

အဲဒီလို မောင်သောင်း ပျက်စီးနေတာ မောင်က ကူလီပုံစံနှင့် ဆုံးမခဲ့တဲ့နေ့ကစပြီး အတန်ပြောင်းလွဲပါပြီ၊ အရင်က တစ်လ ၁၀၀ ကျပ် ပို့ရတယ်၊ အခု ၅၀ ကျပ်သာ ပို့ရတယ်။ တစ်ခါတစ်ခါ သူ့အမေများ အစ်မများက ပိုမိုပို့လျှင်လည်း ငွေကိုမသုံးဘဲ အိမ်ကိုပြန်ယူခဲ့တယ်၊ ယူခဲ့တဲ့ အပြင် သူ့အမေနှင့် အစ်မတို့ကို အပြစ်လည်းတင်၊ တရားလည်းဟော၊ လား...လား၊ သူတို့ ကောလိပ်ကျောင်းသားကပြောတော့ တုတ်တုတ် မလှုပ်ဘူး၊ ငြိမ်နေကြတာပေါ့၊ ကျုပ်က တစ်ထောင့်က ပြုံးပြုံးပြီး နား ထောင် နေတာပေါ့၊ အင်း...သူတို့တော့ ငါ့ဝဋ်လည်တာပဲလို့ ကြိတ်ပြီး ဝမ်းသာလိုက်တာပေါ့ မောင်ရဲ့။

အိမ်မှာ လုပ်စရာ ကိုင်စရာရှိလျှင်လည်း အခိုင်းကို စောင့်မနေ ဘူး၊ သူ့ဟာသူ ကောက်လုပ်တာပဲ။ တံမြက်စည်းလှည်း ရေခပ်ကစပြီး အကုန်လုပ်တာပဲ။ ရထားတို့၊ သင်္ဘောတို့မှာလည်း တတိယတန်းက ပိုမစီးဘူး၊ ဖိနပ်များလည်း ငါးကျပ်တန် ခြောက်ကျပ်တန်က ပိုမစီးဘူး၊ အများအားဖြင့်တော့ ခုံဖိနပ်တို့ ပိန်းတန်းတို့ကို စီးတာများပါတယ်။

ကျုပ်သည် ကျောင်းကန်ဇရပ် ဆောက်လုပ်ခြင်း၊ သီလ အမြဲ စောင့်ရှောက်ခြင်း စသည်ဖြင့် ဒါန၊ သီလ၊ ဘာဝနာ များစွာပြုကျင့်ပါ သည်၊ ပြုအပ်သော ကုသိုလ်ကောင်းမှုအလုံးစုံ၏အဖို့ကို ခံယူပါ။ ညအခါ မေတ္တာပို့လျှင် တရားကျမ်းဂန်အရ အဟံ အဝေရော ဟောမိ ဟု မိမိ ကိုယ်ကို ရှေးဦးစွာ မေတ္တာပို့ပြီးနောက် မောင်၏နာမည်ကိုတပ်၍ မေတ္တာ ပို့ပါသည်။ ပြီးမှ သားမယား၊ အိမ်သူအိမ်သား စသည်ဖြင့် အများအတွက် မေတ္တာပို့ပါသည်။ ကျွန်ုပ်၏ လေးနက်သောမေတ္တာရိုးရိုးကြီးကို ခံယူပါ လေ၊ မောင်၏ကျေးဇူး ကြီးလှပါ၏”

“ဩော်...ကောင်းစွ၊ ကောင်းစွ၊ ချမ်းသာစွ၊ ချမ်းသာစွ၊ ငါသည်

အမှတ်မထင် ပြုအပ်သောအမှုတစ်ခုသည် အလွန်တာသွားလေစွတကား" ဟု နှစ်ခြိုက်စွာ မြည်ကျူးမိ၏။

*

ဤသို့ ကောင်းမှုတစ်ခု၏အရသာကို ခံစားနေ၍ လေးငါးရက်မြောက်သော တစ်နေ့နံနက်၌ ကျွန်ုပ်သည် အိမ်ပြတင်းပေါက်မှ ရပ်ကြည့်နေစဉ် ခပ်လှမ်းလှမ်းမှ သူငယ်တစ်ယောက်သည် ငှက်ပျောခိုင်တစ်ခိုင်ကို ထမ်းကာ ကျွန်ုပ်ထံသို့ လာသည်ကိုမြင်ရ၏။ အနီးသို့ရောက်သော် အခြားသူမဟုတ်၊ မောင်သောင်းပင် ဖြစ်နေလေ၏။ ကျွန်ုပ်ကပင် ဆီး၍–

"အလို...မောင်သောင်းပါကလား၊ ဘယ့်နှယ်မောင်ရယ်၊ ငှက်ပျောခိုင်ကြီးကို တပင်တပန်းကြီး ထမ်းလာရသလဲ၊ လန်ခြားနဲ့ဖြစ်ဖြစ်၊ ကူလီနဲ့ ဖြစ်ဖြစ် လာရောပေါ့"

"ကိစ္စမရှိပါဘူး ဦးရယ်၊ ကျွန်တော် အခု ကူလီကို တယ် မသုံးတော့ပါဘူး" ဟု ပြုံး၍ပြော၏။

ကျွန်ုပ်သည်လည်း ယခင်ကအကြောင်းကို သတိရသည်နှင့် "အေး... ဒါလည်း ဟုတ်ပါရဲ့၊ နို့ပေမဲ့ ကာလ ဒေသ ကြည့်လုပ်ရပါတယ်၊ ကိုယ်တိုင်ပြုအပ်တဲ့အခါလည်း ရှိတယ်၊ ကူလီလိုတဲ့အခါလည်း ရှိတယ်၊ နေရာတကာတိုင်းကို မဆိုလိုပါဘူး၊ ခုနေရာမျိုးတော့ ကူလီငှားကောင်းပါတယ်ကွဲ့"

"ဦးကို ကျွန်တော် တောင်းပန်ရအောင် လာပါတယ်"

"မင်း တောင်းပန်စရာမလိုဘူး၊ ငါ့မှာ ကူလီခ ရပြီ၊ ရသင့်သည်ထက်တောင် အများကြီးပိုရတယ်၊ ရော့...ဟောဒီမှာကြည့်စမ်း"ဆို၍ သူ့ဖခင်ထံမှစာကို ထုတ်ပြလိုက်၏။

စာကိုဆုံးအောင်ဖတ်ပြီးနောက် အတန်ကြာတွေ၍နေ၏၊ အမှန်မှုချ ထူးခြားမွန်မြတ်လှသော အရသာကို ခံစားနေသည်ကို ကျွန်ုပ်သိ၏၊ ထို

သူငယ်၏နှလုံး၌ မွန်မြတ်သောစိတ်ဓာတ်တို့ တဖွားဖွားဖြစ်နေသည်ကို ကျွန်ုပ်သိ၏။

ထိုသည့်နောက် အာလာပ သလ္လာပ စကားပြောကြ၍ "ကိုင်း... မောင်၊ မောင်လည်း ကျောင်းတက်ရဦးမယ်၊ ပြန်ပေတော့၊ အချိန်လည်း နည်းနည်းသာရှိတယ်၊ ခရီးကလည်း အတန်ဝေးတယ်၊ အဲဒီတော့ ဒီလို နေရာ ဒီလိုအခါမျိုးမှာ မြင်းရထားကလေးတောင် မကဘူး၊ မော်တော် ကားနဲ့ပဲ သွားရလိမ့်မယ်"ဟု ကျွန်ုပ်က ဆို၍ ထိုသူငယ်က ငြင်းဆန် နေစဉ် တွန်းတွန်းပို့ပို့နှင့် ကားတွင်းသို့ ထည့်ကာ မော်တော်ကားဖြင့် သွားစေလိုက်ပါသတည်း။

## မြို့အုပ်မင်း

မြန်မာနိုင်ငံ မြေလတ်အရပ် မြို့ငယ်တစ်ခုသို့ တစ်ခါက အမျိုးသား ကျောင်း ကြည့်ရှုရန် သွားရ၏။ သဘော်ာနှင့်လာခဲ့ရာ လမ်းတွင် ရွာတစ်ခု သို့ ခေတ္တဆိုက်ကပ်ရ၏။

ကမ်းထိပ်တွင် လူခံ့ခံ့တစ်ယောက် ကာကီဘောင်းဘီတို၊ အင်္ကျီ လက်တို၊ ဦးထုပ်၊ နေရောင်ကာ မျက်မှန်၊ တုတ်ကောက်တို့ကို ဝတ်ဆင် ကိုင်စွဲကာ မြင်ရ၏။ အနီးတစ်ဝိုက်တွင် ရွာသား ၉ ယောက် ၁၀ ယောက်မျှ ခြံရံလျက်ရှိ၏။ သားရေအိတ်၊ အိပ်ရာလိပ်၊ ရေဘူး၊ လက်ဆွဲခြင်း၊ စာခြင်းတို့ကိုလည်း မြင်ရ၏။ ငှက်ပျောခိုင်၊ အုန်းသီးတို့ကိုလည်း မြင်ရ၏။ ကေန္တ အစိုးရအရာရှိတစ်ယောက် ဖြစ်ရမည်၊ ဘာအရာရှိပါလိမ့်။

သဘော်ာမှာ အငယ်စားနှစ်ထပ်ဖြစ်၍ ဒုတိယခန်း မပါချေ၊ ကုန်း ပတ်နှင့် ဦးခန်း ပထမခန်းသာ ပါ၏။ ကျွန်ုပ်မှာလည်း အလုပ်ကလေး ရှိသည်နှင့် ၎င်းဦးခန်းတွင် စီးနင်းခဲ့၏။ ကျွန်ုပ်သည် ထိုအရာရှိကို နောက်ထပ်မကြည့်ဘဲ စာကြည့်နေ၏။

မကြာမီပင် ထိုအရာရှိ၏ တပည့်နှစ်ယောက်သည် ဦးခန်းတွင် ပစ္စည်းတို့ကို နေရာချလာ၏။ ငှက်ပျောခိုင် အုန်းသီးခိုင်တို့မှာ ကျွန်ုပ် အနားတွင် ရောက်နေ၏။ စောင်းငဲ့ကြည့်လိုက်ရာ ကြက်ဥခြင်းကိုလည်း ထပ်၍တွေ့ရ၏။

"အင်း...သူတို့အစိုးရဘက် ဒီလိုချည်းပဲ။ ငှက်ပျော၊ အုန်း၊ ကြက်ဥ ဒါတွေလုပ်နေကြတာပဲ ထင်ပါရဲ့။ ဒါတွေဟာ အရပ်သားတွေက မရှိမဲ့ ရှိမဲ့နဲ့ လက်ဆောင်ပေးကြတာတွေပဲ။ မျက်နှာရဖို့ ပေးရတာ၊ ကြောက်လို့

ပေးရတာတွေလည်း ပါချင်ပါမှာပဲ" ဟူ၍ ထိုတွေ့ရမည့် အရာရှိကို စိတ်ထဲက ဘာတာတာ ရှိသွား၏။

များမကြာမီ ရှေ့တော်ပြေး ဖိနပ်သံပြင်းပြင်းကို ကြားရပြီးနောက် စားပွဲတစ်ဘက်တွင် ကုလားထိုင်တစ်ခုကို ဆွဲ၍ထိုင်သည်ကို ရိပ်ရိပ်မြင်လိုက်၏။ စိတ်ထဲက ဘာတာတာရှိ၍ပင် လှည့်၍မကြည့်ဘဲ ကိုယ့်စာ ကိုယ် စိုက်ကြည့်နေလိုက်၏။

နှစ်မိနစ် သုံးမိနစ်မျှ ကြာသောအခါ "ဟလို၊ အိုင်ဆေး၊ အောင်မယ်၊ မင်းနယ်ကွယ်"ဟု အသံကြားမှ လှည့်မော့ကြည့်လိုက်ရာ အလွန်ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းဖြစ်နေသည်ကို တွေ့ရတော့၏။

ထိုသူငယ်ချင်းကား ဟိုကောလိပ်ကျောင်း ရောက်ကြစက ဘယ်လိုကံ ဖန်တီးသည်မသိရ၊ ထိုသူနှင့် အလွန်ချစ်ခင်ရင်းနှီး၍ တစ်ခန်းတည်းတွင် အိပ်ရာယှဉ်၍နေရ၏။ သွားအတူ လာအတူ စားအတူ နေအတူ မခွဲကြသော သူငယ်ချင်းနှစ်ယောက်ဖြစ်၏။ သဘောချင်းလည်း များသောအားဖြင့် တူ၏။ မြန်မာစာပေကို အထူးသဖြင့် အတူတူလိုက်စားကြ၏။ သတင်းစာဖတ် ဝါသနာရှိကြ၏။ မကြာမီပင် ဆောင်းပါးများ ဝင်ရောက်ရေးကြ၏။ ပြင်ပ ပြင်လွင် အစည်းအဝေးသို့ ရောက်သည်က များ၏။ တစ်ခါတစ်ခါလည်း ဝင်ရောက်စွက်ခဲ့ကြ၏။ ကျောင်းတွင် အသင်းအမျိုးမျိုး ထောင်ရာ၌ ကျွန်ုပ်တို့နှစ်ယောက်လက်ချက် မကင်းချေ။

ဤသို့ နေခဲ့ကြရာ ၁၂၈၂ ခု သပိတ်မှောက်ကိစ္စ ပေါ်သောအခါ နှစ်ယောက်လုံးပင် ထွက်ခဲ့ကြ၏။ သို့ရာတွင် တစ်လအကြာ၌ ထိုကျွန်ုပ်၏ သူငယ်ချင်းမှာ ကောလိပ်ကျောင်းသို့ ပြန်သွား၏။ သွားရောက်ခြင်းကား အရေးပိုင်တစ်ယောက်သမီးနှင့် မိဘများက စေ့စပ်ထားရာ ထိုနှစ်၌ ဘီအေစာမေးပွဲကို အောင်မြင်မှသာ ပေးစားရန် စကားတစ်ခု ထားရသောဟူ၏။ (ထိုအရေးပိုင်သမီးမှာ ကျွန်ုပ်တို့ကောလိပ်တွင် ရှိ၍ ကျွန်ုပ်တို့

အောက် တစ်တန်းငယ်၏။ ကျွန်ုပ်နှင့်လည်း ရင်းနှီးခင်မင်ပါ၏။ ၎င်း အမည်ကား မတင်ဖြစ်၏။) ထိုဇရာမ အကြောင်းကြီးကြောင့် ခမျာမှာ စိတ်လေးလေးနှင့် ပြန်ရခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ ထိုသို့ပြန်သွား သည့်အတွက် ကျွန်ုပ်သည် ထိုသူအပေါ်တွင် အထင်အမြင်သေးခဲ့လေပြီ။ မကျေမချမ်း ရှိခဲ့လေပြီ။ ကျောင်းပြန်ရောက်၊ ဘီအေအောင်၊ အရေးပိုင် သမီးရ၊ မြို့အုပ် ဖြစ်သွားပြီဟူသော သတင်းကိုလည်း ကြားခဲ့ရ၏။ ထိုသို့ အထင်အမြင် သေး၊ စိတ်မကျေချမ်းသဖြင့်လည်း ယခု တွေ့ရသည့်အခါ၌ ကျွန်ုပ်က ခပ်တန်းတန်းမျက်နှာထား၍ နေလိုက်၏။

ထိုမြို့အုပ်က "ဟလို..အိုင်ဆေး၊ မင်းနယ်ကွယ်၊ အဆင်သင့်လိုက်တာ၊ မင်းကိုတွေ့ချင်တာအတော်ကြာပြီ။ အခု အဆင်သင့်ပဲ လာတွေ့ရတယ်"

"အေး...ငါလည်း တွေ့ရတာ ဝမ်းသာပါတယ်ကွယ်" (စိတ်မပါ့တပါ ပြောသည်)

"မင်းစိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ ငါသိပါတယ်ကွယ်၊ ဒါကြောင့်ပဲ မင်းကို တွေ့ချင်နေတာပဲ"

"မင်းမြို့အုပ်ဖြစ်တယ်လို့တော့ ကြားလိုက်ပါရဲ့၊ အခု ဘယ်မြို့မှာလဲ"

"ငါ အခု ....မြို့မှာ ရောက်နေတယ်၊ အခု ရွာတစ်ရွာမှာ အမှုတစ်ခုရှိလို့ စုံစမ်းရာက ပြန်လာခဲ့တယ်"

"နေပါဦး၊ မင်း မြို့အုပ်ဖြစ်တာတော့ ဟုတ်ပါပြီ၊ လခစား ဆိုတော့ သူများ ခိုင်းတာ လုပ်နေရတာပေါ့၊ ငါနဲ့ပြောတာက မင်းနဲ့ငါနဲ့ ကျောင်းမှာ တုန်းက အပင်ပန်းခံပြီး မြန်မာစာတွေ၊ ပညာတွေ ဆည်းပူးလာခဲ့ကြတယ်။ မင်း မှာတော့ အင်္ဂလိပ်ဘက်က ဘီအေလည်း အောင်ပြီးပြီ၊ အခု မင်းလုပ်နေတဲ့အလုပ်နဲ့ အဲဒီပညာတွေနဲ့ ဘာဆိုင်သလဲ၊ မင်းပညာတွေ မင်းမနမြောဘူးလား၊ ငါတော့ နမြောတာပဲ"

မြို့အုပ်က ဘာမျှ ပြန်မပြော၊ ပြုံးရယ်၍သာနေ၏၊

"အဲဒီတော့ မင်းကိုငါစိတ်နာတာပေါ့၊ မင်းလိုလူတစ်ယောက်က အခစား တစ်ပါးကျွန်လုပ်နေတယ်ဆိုတော့ ခွမကျဘူးလား၊ မင်းကို မြို့အုပ်မင်းရယ်လို့ အဘလောက် အဘိုးလောက်တွေက ဝိုင်းရှိခိုး၊ ဘုရားထူး။ ဟိုငှက်ပျောတို့၊ အုန်းတို့၊ ကြက်ဥတို့ကို မသထာရ၊ သထာရပေး၊ မင်းတို့ကယူ၊ အထက်က အစိုးရတွေ မျက်နှာရအောင်လုပ်၊ အခွန်တွေ နင်းကန်တောင်း၊ လူတွေဒဏ်တပ်၊ ထောင်ချ၊ မင်းက ဒါမျိုးတွေ သာယာနေတာပေါ့၊ ဟုတ်စ" (စိတ်ပေါက်ပေါက်နှင့် ပြောသည်)

မြို့အုပ်က "မင်းမှာ စွပ်စွဲစရာတွေ ဒါအကုန်ပဲလား" ဟု ပြုံးရယ်၍ မေးလေသည်။

"မကုန်သေးဘူး၊ အပုံကြီးကျန်သေးတယ်၊ လာဘ်စားတာတွေ၊ သူများမယား မျက်ရည်ကျမှ ကိုယ့်မယားထမင်းဝတာ စိန်ဝတ်ရတာတွေ၊ အစိုးရ အရာရှိနဲ့တူအောင် သောက်စား မူးရူး အပျော်လိုက်တာတွေ၊ ဘာကျန်သေးသလဲ၊ မင်းက ဒါမျိုးတွေ လောကနိဗ္ဗာန်ထင်ပြီး ပျော်မြူးနေတာပေါ့၊ မင့်မှာ နဂိုစိတ်ကောင်း အကျင့်ကောင်းရှိတာ ငါသိတယ်၊ အခုတော့ ပျက်ကုန်ရော့ပေါ့၊ စုပြီးသား ပညာတွေပျောက်ကုန်ပြီ၊ ငါနှမြောသကွယ် သူငယ်ချင်းရယ်"

"အင်း–ဒါတွေက မင့်ထင်မြင်ချက်တွေဆိုပါတော့၊ ဘာပဲဖြစ်ဖြစ်ကွယ်၊ အဲဒီစိတ်မချမ်းသာစရာတွေ ထားပါတော့၊ အခု ငါးနှစ်ခြောက်နှစ်ကြာပြီးမှ ပြန်တွေ့ရတဲ့အခါ ရှေးဟောင်းနှောင်းဖြစ် ဆိုသလို ကြည်ကြည်သာသာ အကြောင်းပဲ ပြောကြပါစို့ကွယ်"

"ဒါကတော့ ပြောရပါတယ်၊ ငါက အဖြစ်ကို ပြောပြတာပါ၊ နေပါဦး ဒါဖြင့် မင့်မိန်းမ မတင်ကော အခု ဒီမြို့မှာပဲလား"

"အေး ဟုတ်တယ်၊ မင်းအိမ်ရောက်တော့ တွေ့မှာပေါ့"

"မင်းအိမ်ကို ငါရောက်မှရောက်မှာ"

"မင်းရောက်ရမယ်၊ မင်း ငါ့အိမ်မှာ တည်းရမယ်"

"အလိုဗျာ မလုပ်ပါနဲ့၊ နေရှင်နယ်ကျောင်းဘက်က လူနဲ့ မြို့အုပ်မင်းနဲ့ ဘယ်ဖြစ်မလဲကွဲ့"

"ဖြစ်နိုင်တာကို ငါပြမယ်"

"ဟော့–မလုပ်နဲ့ကွဲ့၊ တော်တော်ကြာ ငါ့အတွက်ကြောင့် မင်းကို အထက်က အရာရှိတွေက မေးလားစမ်းလားနဲ့၊ ပြီးတော့ မင်းရာထူးကို ထိနေပါဦးမယ်၊ မလုပ်ပါနဲ့ကွယ်၊ ငါ့ဘာသာငါ အေးအေး ကျောင်းဆရာကြီး အိမ်မှာတည်းပါ့မယ်၊ မင်းအိမ်ကို သတ်သတ်လာလည်တာပေါ့"

"မင်း ဘယ်မှာမှ မတည်းရဘူး၊ ငါ့ဆီမှာပဲ တည်းရမယ်၊ မင်းဆရာကြီးတွေ ကျောင်းကော်မတီလူကြီးတွေ ငါပြောရင်ပြီးတယ်"

"အလဲ အတော်လာပါကလား၊ နေရှင်နယ်ဘက်ကလူတွေက မင်းအထက် အရေးပိုင်တွေ၊ မင်းကြီးတွေပြောတောင် နားထောင်ချင်မှ ထောင်မှာကွဲ့၊ မင်းက လေမထွားပါနဲ့"

"အေးကွယ် ထွားတာ မထွားတာ မင်းသိမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ငါ့အိမ်မှာပဲ တည်းရမယ်"

ထိုသို့ ငြင်းခုံနေကြစဉ်ပင် ထိုမြို့သို့ သင်္ဘောဆိုက်လေ၏၊ ကျွန်ုပ်လာမည်ဟု အကြောင်းကြားထားနှင့်၍ ကျောင်းဆိုင်ရာ လူကြီးများ၊ ဆရာများ လာရောက်ကြိုဆိုနေကြ၏၊ သင်္ဘောဆိုက်လျှင်ပင် ထိုသူတို့ တက်လာ၍ မြို့အုပ်မင်းကို သူ့ထက်ငါအလျင် အားတက်သရော နှုတ်ဆက်ကြ၏၊ ပြီးမှ ကျွန်ုပ်ကို နှုတ်ခွန်းဆက်၍ ကျောင်းဥက္ကဋ္ဌက–

"မြို့အုပ်မင်း၊ ဟောဒါ ကျွန်တော်တို့ အမျိုးသား..."

"ကျွန်တော်သိပါတယ်ဗျာ၊ ကျွန်တော်နဲ့ကျောင်းနေဖက် သူငယ်ချင်းပဲ၊ အခုသင်္ဘောပေါ်မှာ ရန်တောင်ဖြစ်လာကြသေးတယ်၊ သူ့ကို ကျွန်တော့်အိမ်မှာ တည်းဖို့ ပြောပြီးပြီ"

"ဟင်–ကျွန်တော်တို့လည်း ပြင်ဆင်ထားတာပဲ။ နို့ပေတဲ့ မြို့အုပ်မင်းကဆိုရင် ဘာဖြစ်ဖြစ် သဘောရှိပေါ့ဗျာ"

ထိုအခါ ကျွန်ုပ်တွေးလိုက်သည်ကား "တွေ့ကြတဲ့အခါ ငါ့ကို ကျော်ပြီး သူ့ကို အရင်နှုတ်ဆက်ကြတယ်။ ပြီးတော့လည်း အင်မတန် မြတ်မြတ်နိုးနိုး ခင်ခင်မင်မင်ပဲ။ ပြီးတော့ မြို့အုပ်မင်း သဘောအတိုင်းပေါ့တဲ့။ ဒါအတော်ထူးတာပဲ။ အင်း–ဒီအကောင် တစ်ခုခုတော့ လုပ်ထားပြီထင်တယ်။ နောက်မှ စုံစမ်းကြည့်ဦးမယ်"ဟု တွေးပြီးနောက် မြို့အုပ်မင်း အိမ်သို့ လိုက်သွားရလေ၏။

အိမ်တွင် မြို့အုပ်ကတော် မတင်နှင့် ချစ်ခင်ရင်းနှီးစွာ နှုတ်ခွန်းဆက်သ စကားစမြည်ပြောနေရ၏။

နောက်တစ်နေ့ ကျောင်းစစ်ပြီးနောက် ဆရာကြီးကို လက်တို့ခေါ်၍ မြို့အုပ်အကြောင်းကို စုံစမ်းမေးမြန်းရ၏။ ၎င်းဆရာကြီးကား ကျွန်ုပ်၏ တပည့်တပန်းဖြစ်ဖူး၏။ ဆရာကြီး ပြောချက်တို့ကား အောက်ပါအတိုင်းတည်း။

"ဒီမြို့အုပ်အကြောင်းလားဆရာ၊ ဟာ–လူထူးပဲ၊ သူမှ မျိုးချစ်စိတ်ရှိတဲ့လူ သူတော်ကောင်းဗျ၊ သူ့အစိုးရဝတ္တရားလည်း တစ်ကွက်မှ မပျက်ဘူး။ သူများအကျိုးလည်း သိပ်ဆောင်တာပဲ။ ဟော အခု ဒီအမျိုးသားကျောင်းဟာ အရင်က ပျက်မလိုဖြစ်နေတုန်း သူရောက်လာတာနဲ့ သူပြန်ပြီး ထူထောင်တာပဲ ဆိုပါတော့ဗျာ။ သူတို့မတော့ မင်းဆိုတော့ ဩဇာရှိပြီးသားကလား၊ မြို့ပေါ် ရွာပေါ်က လူတွေ သူကဆိုရင် လိုက်ကြလုပ်ကြရတာပေါ့ဗျာ။ အဆုံးမတော့ ဒီကျောင်းဟာ သူ့ကို အားကိုးနေရတာပဲဗျ။

ပြောရဦးမယ်။ သူ့အကြောင်း ပြောရတာ လက်ဖက်စားရတာထက် မြိန်သေးတယ်။ သူဒီနယ်ရောက်လာမှ သူခိုးလူဆိုး မရှိသလောက်ပါပဲ ခင်ဗျာ။ သူအုပ်စိုးပုံက တယ်ဟုတ်တာကိုး။ နည်းကျတယ်။ ယဉ်ကျေး

သိမ်မွေ့တယ်။ နက်နဲတယ်။ အကျိုးထိရောက်တယ်။ ဥပမာ ၁၀၉–၁၁၀ အလုပ်မရှိ ကျော်စောတွေကို ရှာဖွေဖမ်းဆီးတယ်။ ဖမ်းတာက သူများလို ထောင်ချဖို့ မဟုတ်ဘူး။ သူက အလုပ်ရှာပေးဖို့ ဖြစ်တယ်။ ကျွန်တော်တို့ ဟိုတောင်ပိုင်းက ညိုကြီးဆိုတာ သူခိုးဗိုလ် ဓားပြကြီးပေါ့။ ဟော–မြို့အုပ်မင်းက သူ့ကို ခေါ်တဲ့ပြီး လက်ဖက်ရည်ဆိုင်တည်ပေးသတဲ့၊ မြို့အုပ်မင်းကိုယ်တိုင်က ငွေ ၁၅၀ စိုက်ပေးသတဲ့။ ဆိုင်ကိုလည်း သူကိုယ်တိုင် ကြီးကြပ်ပေးတာပဲ။ တိုတိုပြောမယ်ဗျာ။ မနက်ချမ်း ညချမ်း မြို့အုပ်မင်းကိုယ်တိုင်လာလာပြီး လက်ဖက်ရည်ဖျော်နည်းတောင် ပြပေးသတဲ့။ လူစည်လိုက်တာဆရာရယ်၊ အနားက ကုလားဆိုင်တွေ၊ တရုတ်ဆိုင်တွေတောင် ပြုတ်ကုန်တာပဲ။ ညိုကြီးတောင် မကဘူး။ ဆိုးတေနေတဲ့ လူသုံးလေးယောက်လည်း ဒီဆိုင်ရောက်ပြီး အင်မတန် သေသေဝပ်ဝပ် ဖြစ်ပြီး ယခုအားလုံးပဲ အိမ်နဲ့ရာနဲ့ ချမ်းသာလို့ပါကလားဗျ၊ အဲဒါမကသေးဘူး။ ညိုကြီးတို့ ကျွတ်ပုံက အခု မဆိုးတဲ့အပြင် ဘုရားရေးတရားရေးနဲ့ ဝတ်အသင်းတစ်ခု ထောင်သတဲ့။ ညတိုင်း ဟောဟို မြို့လယ်က ဓမ္မာရုံမှာ ပရိတ်သံ မစဲဘူးဗျ။ လူဆိုးသူခိုး ဓားပြတွေ ဥပါသကာဖြစ်ကုန်တာ မထူးဘူးလား ဆရာရယ်။ သည့်ပြင် ကျန်တဲ့ ပေတေတေ လူတွေ၊ လူလေလူလွင့်တွေကိုလည်း သိမ်းကျုံးဖမ်းပြီး အထိုက်အလျောက် အလုပ်ရှာပေးတယ်၊ တချို့လည်း စပါးစက်ထဲရောက်၊ တချို့လည်း သူ့ရုံးမှာသုံး၊ ဟိုဟိုဒီဒီ ပေါ့ဗျာ၊ နေရာချပေးလိုက်တာပဲ။

တချို့မင်းတွေက သူတို့ အစိုးရ ဥပဒေအရဆိုပြီး ဒီလိုလူစားတွေကို ဖမ်းချုပ်ထောင်ချ၊ ဒါပဲ တတ်တယ်၊ ဟို ညိုကြီးတို့လို လူကတော့ ထောင်ကျပြီးတာ ခုနစ်ခါ ရှစ်ခါထက် မနည်းဘူး။ ဖြုံတောင် မဖြုံဘူး၊ ပိုတောင် ဆိုးလာသေးတယ်။ ဟော အခု မြို့အုပ်မင်းနည်းနဲ့တော့ 'ဟေ့–ညိုကြီး၊ မင်း မဆိုးရင် သတ်ပစ်မယ်'ဆိုတောင် အသေခံမယ့် ဘဝရောက်နေပြီ ဆရာရဲ့။

မြို့အုပ်မင်း မရောက်ခင်က ဒီမြို့က လူငယ်လူရွယ်တွေဟာ အားလုံး ကြမ်းပိုးချည်းပဲ ဆရာရေ့၊ ညနေကို ဘိုဆံတောက် သ၊ ရှိ သမျှကလေး ဝတ်၊ လက်ဖက်ရည်ဆိုင်ထိုင်၊ အဖျင်းစုပြော၊ အဖျင်းစုလုပ်၊ ဈေးပြန်တွေကို မျက်စိအရသာခံပြီး ပိုး၊ မဟားတရားပြော၊ ပြောင် လှောင်၊ ညအခါ အသံဆိုး အသံပြဲကြီးတွေနဲ့ ရွာရိုးလျှောက်ပြီး သီချင်းဆို၊ ဟားတိုက်၊ ရန်ဖြစ်၊ ဆိုးခိုးတိုက်၊ အဲဒါနဲ့ အချိန်ကုန်တာပဲ။ တစ်ယောက်မှ အကောင်း မရှိဘူးဗျ။

မောင်မင်းကြီးသား မြို့အုပ်ရောက်လာလို့ သုံးလေးလသာ ကြာ တယ်။ စာဖတ်အသင်းတစ်ခု ဖွင့်ပေးတယ်။ သူကိုယ်တိုင်က ငွေ ၃၀၀ ကျပ် ထုတ်ပြီး စာအုပ်စာတမ်း ဝယ်ပေးတယ်။ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် ဝယ်ပေးတယ်။ ဈေးနားက အခန်းတစ်ခု ငှားပြီး အသင်းတိုက် ပိဋကတ်တိုက် လုပ်ထားတယ်။ အခု လူငယ်လူရွယ်တွေ အဲဒီရောက်ကုန်ပြီ၊ စာဖတ်ဝါသနာမပါတဲ့ အကောင်တွေလည်း မြို့အုပ်ကို ကြောက်တာနဲ့ သွားဖတ်ရတာပဲ။ အဲဒီ အသင်းတိုက်မှာ စကားပြိုင်ပွဲ၊ အဟောအပြောပွဲ မကြာမကြာ လုပ်ပေးတယ်။ မြို့ထဲ ရွာထဲက မြန်မာစာပေတတ်သူ၊ ရာဇဝင်တတ်သူ၊ ပိဋကတ်တတ်သူ၊ ဆေးအတတ်တတ်သူ...အဲဒီလို ကျွမ်းကျင်တဲ့ လူတွေကို မကြာမကြာ ဟောပြောစေတယ်။

ပြီးတော့ ရှိသေးသဗျား၊ ဆင်းရဲတဲ့ကလေး၊ အချိန် လွန်တဲ့ လူကြီး၊ အဲဒီလိုလူတွေအတွက် အဲဒီအသင်းရုံကြီးမှာပဲ အခလွတ် ည ကျောင်းတစ်ခု ဖွင့်ထားတယ်။ မြို့အုပ်မင်းကိုယ်တိုင် အင်္ဂလိပ်စာ တစ်ချိန် ယူသင်တယ်။

မိန်းမတွေလည်း ကောင်းကောင်း မနေရဘူးဆရာ၊ သူ့ မင်း ကတော်ကလည်း ဘီအေကိုးဗျ။ သူတို့ နတ်ဖက်တာပဲ ဆရာ၊ မိန်းမတွေ အလုပ်ရဖို့ ဆေးလိပ်ခုံထောင်စေတယ်။ ပန်းထိုးဇာထိုး၊ ပန်းခိုင်လုပ်၊ ယပ်တောင်လုပ်၊ ဟာ–စုံလို့ပါပဲဗျာ။

အခုတော့ တစ်မြို့လုံး တစ်နယ်လုံး နတ်ပြည်ပါပဲ ဆရာရယ်။

လက်ဦးတော့ အထက်အစိုးရ အရေးပိုင်တို့ ဘာတို့က သူ့ကို တစ်မျိုးထင်ပြီး မသင်္ကာလို့ စုံစမ်းတယ်။ တစ်ခါက အရေးပိုင်ကိုယ်တိုင် လာပြီး ဘိုတဲမှာ သူ့ခေါ်မေးတယ်။ ကျွန်တော်တို့လည်း အမှတ်တမဲ့လိုက် သွားပြီး ဘိုရုံအောက်က ချောင်းနားထောင်နေတယ်။ ဟာ–ဘာပြော ကောင်းမလဲ၊ အရေးပိုင်ကို သူက တရားဟောလွှတ်လိုက်တာပေါ့။ အပြော ကလည်း ကောင်းတယ်ဆရာရေ့၊ ခင်ဗျာ့ အင်္ဂလိပ်အစစ် အရေးပိုင်ထက် သူက အင်္ဂလိပ်စကားပြော ကောင်းသေးတယ်။ နောက်ဆုံးတော့ အရေးပိုင် အရည်လည်သွားတာပေါ့။ အခု သူ့နည်းတွေ အတုခိုးဖို့ ကောင်းကြောင်း နဲ့ သည့်ပြင် မြို့အုပ် မြို့ချုပ်တွေကိုလည်း ပြောတယ်ဆို ထင်ပါရဲ့ဗျာ။

ဒီမြို့အုပ်ဟာ လူထူးဗျ။ ဆင်းရဲတဲ့လူ၊ မျက်နှာမရှိတဲ့လူကို ပိုပြီး အရေးလုပ်တယ်။ ဥပမာ–မသာ အသုဘရှိရင် မျက်နှာကြီးထဲက ဆိုရင် တော်ရုံပဲ၊ ဝတ်ကုန် ကျေကုန်လောက် သွားလိုက်တယ်။ ဟော–ဆင်းရဲ နွမ်းပါးတဲ့လူဆိုရင် သိသိ မသိသိရောက်အောင် ကြိုးစားသွားတယ်။ သွားရုံမကဘူး။ သူကိုယ်တိုင် မသာရှင် လုပ်နေတာပဲ။ လူပိုစည်တာ ပေါ့ဗျ။

အလှူအတန်း အခမ်းအနားမှာ သူမပါရင် မပြီးဘူး။ တစ်ခါက ဆရာ့ကို ပြချင်တယ်။ ဟိုကျောင်းနားက ရှင်ပြုတစ်ခုမှာ တရားနာပြီးလို့ ရေစက်ချမယ်လုပ်တော့ မြို့အုပ်ရောက်မလာသေးတာနဲ့ အလှူရှင်က ရေစက် မချဘူး၊ ဆိုင်းနေသတဲ့။ အလှူရှင်ရော၊ ဘုန်းကြီးတွေရော၊ ပရိသတ်တွေရော အကုန်စောင့်နေကြသတဲ့။ ဒီတော့မှ သူ့ကို မရမက အမြန်သွားခေါ်လို့ ရောက်လာမှ ရေစက်ချသတဲ့ဗျ။ အဲဒါသာ ကြည့်တော့။

သူ့ဆီကို အမှုမျိုးစုံ ရောက်တယ်ဆရာရေ့။ အစိုးရနဲ့ ဆိုင်တဲ့

အမှုကို ပြောတာ မဟုတ်ဘူး။ ကုန်ကုန်ပြောမယ်၊ သမီးရည်းစား ကိစ္စတောင် သူ့ဆီရောက်တယ်၊ ဘာကြာသေးသလဲ။ ဟိုဈေးနားက ကြံရောင်းတဲ့ မယ်မှုန်ရယ်၊ သူ့ရည်းစား သာဇကေ သူ့ကို ဖြတ်ထားတယ်လို့၊ အဲဒါ မယ်မှုန်က မြို့အုပ်ဆီသွားပြီး ငိုတိုင်သတဲ့။ မြို့အုပ်က သာဇကေကို ခေါ်ပြီး အောင်သွယ် လုပ်ပေးလိုက်ရသေးတယ်။ အခု သူတို့ လင်မယား အူမြူးနေကြတာပေ့ါဗျ။

မြို့ရေး ရွာရေးမှာလည်း သူလုပ်လိုက်ရင် အောင်မြင်တာပဲ။ သူက ကောင်းထားတော့ ငွေကြေးဆိုတာ တစ်ရာဆိုလည်း ချက်ချင်း၊ တစ်ထောင်ဆိုလည်း ချက်ချင်း ရတာဗျ။ ဝါဝင်ဝါထွက် သင်္ကြန်အခါကြီး နေ့ရက်ကြီးများမှာ ဆရာ့ကို ပြချင်တယ်။ လာလာပြီး ကန်တော့ကြတာတွေ အဝတ်အစား အသီးအနှံ မျိုးစုံပါပဲဗျာ။ အဲဒီ အဆမတန် ရတာတွေလည်း နည်းနည်းပါးပါးသာ ချန်ထားပြီး ဆင်းရဲနွမ်းပါးတဲ့ လူတွေကို အကုန်ပေးပစ်တာပဲ ဆရာရေ့။

မနှစ်က ဒီမြို့အုပ် နှစ်စေ့လို့ဆိုလား၊ အထက် အစိုးရက နယ်ပြောင်းဖို့ စီမံသတဲ့၊ ဒီအကြောင်းလည်း ကြားကြရော၊ ဟာ– ဘာပြောကောင်းမလဲ၊ မြို့ရော နယ်ရော ကမ္ဘာပျက်သလိုပါပဲဗျာ၊ တစ်ခါတည်း လူစုပြီး လူတစ်ထောင်လောက် ရှိပါလိမ့်မယ်။ အရေးပိုင်ဆီ သွားကြတာပဲ။ ဘယ်က လျှောက်လွှာတွေ ဘာတွေ လုပ်နေမလဲ၊ ပါးစပ်နဲ့ ဝိုင်းပြောကြတာပဲ၊ တချို့ ဆင်းရဲတဲ့လူတွေ၊ မိန်းမတွေက ငိုတောင် တောင်းပန်ကြသတဲ့။ အရေးပိုင်လည်း သံဃာ့အား ဘုရားမဆန်သာဆိုသလို မပြောင်းရဖို့ စီမံလိုက်သတဲ့။

နို့ပေမဲ့ တစ်နေ့နေ့တော့ ပြောင်းရမှာပဲတဲ့။ အဲဒါကို အခု မြို့နယ်က စီမံထားတာက နောက်တစ်ခါ ပြောင်းရမယ်ဆိုရင် မင်းကြီးအထိ ဘုရင်ခံအထိ လူတပ်ချီပြီး သွားတောင်းပန်ကြမတဲ့ဗျ။ မရတဲ့ အဆုံးကျရင် မြို့အုပ်အလုပ်က ထွက်စေပြီး သူတို့မြို့မှာပဲ ထားမတဲ့။

အရပ်က ကြေးခွဲငွေစုပြီး အစိုးရက ပေးတဲ့ လခထက် နှစ်ဆပေးထားမယ်လို့ စီမံထားကြတယ်ဗျ။ ဒါဟာ ကြွားတာမဟုတ်ဘူး။ ဧကန်လုပ်ကြမှာပဲ။

အဲဒါပဲ ဆရာရယ်၊ ဒီမြို့အုပ်မင်းအကြောင်း ပြောလို့ မကုန်ပါဘူး။ အရင့်အမာထဲကနဲ့ တူတာပါပဲဗျာ"

ထိုအခါ ကျွန်ုပ်က "အေး–သာဓုကွယ် သာဓု၊ မင်းကိုလည်း ပြောပြတဲ့အတွက် အင်မတန် ကျေးဇူးတင်သကွယ်"ဆို၍ ပီတိဖြစ်ကာ ငါးမိနစ်မျှ ငြိမ်သက်၍နေကြရ၏။

*

မြို့အုပ်၏အိမ်သို့ပြန်ရောက်၊ ထမင်းစားသောက်ကြပြီးနောက် မြို့အုပ်ကတော်မတင်က–

"ကိုင်း–ဆရာကျားရေ့၊ ရှင့်သူငယ်ချင်းတော့ တစ်ဆိတ်ပြောခဲ့ဦးမှပဲ။ မကောင်းတာတော့ လုပ်တာ မဟုတ်ပါဘူး။ နို့ပေမဲ့ တစ်ဆိတ်လွန်တယ်ထင်တယ်။ လခ ၂၀၀ ကျပ်–၂၅၀ ကျပ်ရတယ်။ ပေးကမ်းပစ်တာလည်း ဒါလောက်ပဲ။ ကျွန်မမှာ ဘာလုပ်ရသလဲ သိလား။ ကိုယ့်မိဘဆီက တစ်လှည့်၊ သူ့မိဘဆီကတစ်လှည့် တစ်လကို ၂၀၀ ကျပ်–၃၀၀ ကျပ်ဆိုသလို တောင်းသုံးနေရတယ်" (၎င်းတို့ နှစ်ဦးလုံး မိဘများ အတန်ကြွယ်ဝကြ၏။)

"ပေးပစ်ပုံကို ပြောရဦးမယ်၊ ရုံးခွင်မှာ တချို့ အပြစ်ရှိတဲ့ တရားခံကို ဒဏ်တပ်လိုက်ကရော၊ ဆင်းရဲလို့ မဆောင်နိုင်လို့ ထောင်ကျရတော့မယ်လို့သားမယား မိဘဆွေမျိုးတွေက ငိုင်းငိုကြရော၊ ဟော ရှင့်သူငယ်ချင်း ရုံးမင်းက တစ်ဖက်လှည့်နဲ့ ငွေကျိတ်ပေးလိုက်ပါရောရှင့်၊ အဲဒီငွေနဲ့ ဒဏ်ဆောင်ပြီး သွားကြတယ်။

တချို့လည်း ထောင်ဒဏ်ထိုက်လို့ ထောင်ချလိုက်ကရော၊ ကျန်

ရစ်တဲ့ သားမယားမှာ ဘာမှ လုပ်မစားတတ်ဖြစ်နေရော၊ အဲဒါ သူကြားရင် စရိတ်ထောက်ထားတယ်။ အဲဒီလိုချည်း ပေးနေရတာက အခု အထိ လေးငါးဦး ရှိတယ်။

ပြီးတော့ ရှိသေးတယ်။ သူတောသွားရင် အဝတ်အစား များများ မပေးလိုက်ဝံ့ဘူး။ များများပေးလိုက်ရင် တောမှာ ပေးပစ်ခဲ့တာနဲ့ ကုန်တာပဲ။ တစ်ခါက ဆောင်းတွင်းကြီးမှာ သားသည်အမေတစ်ယောက်၊ ကလေးကို လုံအောင်ပတ်စရာ အင်္ကျီအဝတ် မရှိတာ တွေ့လို့တဲ့။ သူ့အပေါ်အင်္ကျီ ချွတ်ပေးခဲ့တယ်။ အဲဒါ လမ်းမှာ အအေးမိပြီး ခုနစ်ရက်လောက် ခံလိုက်ရသေးတယ်။ အဲဒါသာ ကြည့်တော့ရှင့်။

ဘာကြာသေးသလဲ။ နောက်လကပဲ တောမှာ အမှုတစ်ခု သွားစုံစမ်းတော့ သက်သေခံရအောင် လာတဲ့ မိန်းမပျိုနှစ်ယောက် အင်္ကျီလုံအောင် မဝတ်နိုင်လို့ ထဘီရင်ရှားပြီး တဘက်စုတ်ခြုံပြီး လာကြသတဲ့။ အဲဒါ သူ့စာရေးကို ထဘီနှစ်ထည်၊ အင်္ကျီနှစ်ထည်ဆိုင်မှာ ဝယ်စေပြီး ကျိတ်ပေးခဲ့သတဲ့။

အခွန်တော် တောင်းခံတဲ့နေရာမှာ သူနာမည် အကောင်းဆုံးပေါ့ရှင်၊ ဘယ့်နှယ်မကောင်းဘဲ နေမလဲ၊ သူက စိုက်ဆောင်တာ များနေတာကိုးရှင့်။ သူကိုယ်တိုင်သွားကြည့်လို့ အဟုတ်ဆင်းရဲတာတွေ့ရင် လွှတ်သင့် လွှတ်ခဲ့တယ်။ လျှော့သင့် လျှော့ခံတယ်။ စိုက်ပေးသင့် ပေးခဲ့တယ်"

ထိုအခါ ကျွန်ုပ်က ပြောင်လှောင်လို၍ ပြုံးလျက် "နို့–ဘေးကဘီက လာဘ်ကလေးများ မရဘူးလားဗျ"

ထိုအခါ မင်းကတော်သည် ဟက်ဟက်ပက်ပက် ရယ်၍ "ဟော့ သာဒွန်း၊ ဟိုရေချိုးခန်းဘေးမှာ ငါဖြုတ်ချထားတဲ့ ဆိုင်းဘုတ်ယူခဲ့စမ်းကွယ်"ဟု စေလိုက်၍ ရောက်လာသောအခါ "ကိုင်း–လာဘ်ရသလား၊ မရဘူးလား၊ အဲဒီဆိုင်းဘုတ်ကိုသာ ကြည့်တော့"ဟု ဆို၍ ကျွန်ုပ်ရှေ့သို့ ဆိုင်းဘုတ်ကို တွန်းလိုက်၏။

ဆိုင်းဘုတ်တွင် "နောက်ဖေးလှေကားမှ အခွင့်မရှိ မတက်ရ" ဟု ရေးထား၏။ မတင်က ဆက်၍ "အဲဒီဆိုင်းဘုတ်ကို ကျွန်မက ရွံ့ရွံ့ရှိ တာနဲ့ ဖြုတ်ချပြီး တော်ရာမှာ ထိုးထားလိုက်တယ်။ ကျွန်မလည်း ဒါမျိုး ဝါသနာမပါပါဘူး။ အရပ်က မေတ္တာရှိကြလို့ လက်ဆောင်တွေ ဘာတွေ အများကြီး ပို့ကြပါတယ်။ အဲဒါ ရှင့်သူငယ်ချင်းက အဲဒီ လက်ဆောင် တွေထဲမှာ မရိုးတဲ့ လက်ဆောင်တွေပါမှာစိုးလို့တဲ့၊ မကြာမကြာ လာစစ် တယ်။ တစ်ခါတော့ ကျွန်မက စိတ်ပေါက်ပေါက်ရှိတာနဲ့ 'ရှင်က ကျွန်မကို ဒါလောက် အထင်သေးလား၊ ဒီနေရာမျိုးမှာ ရှင့်ထက် ရွံ့ရှာသေးတယ်'လို့ ခပ်ဆတ်ဆတ်ပြောပြီးမှ အခုတော့ အမေးအစမ်း မထူတော့ပါ ဘူး။ အဲဒါပဲ၊ ရှင့်သူငယ်ချင်းကို နည်းနည်းပြောခဲ့ဦးမှပဲရှင်'

ကျွန်ုပ် ထိုမြို့မှ မထွက်မီ တစ်ညတွင် အဆိုပါ စာဖတ်သင်းက ကမကထပြု၍ ကျွန်ုပ်ပြောဟောရန် စီမံ၏။ ထို စကားပြောဟောပွဲသို့ အမျိုးသားကျောင်းဆိုင်ရာလူများ၊ ညီကြီးတို့ ဝတ်အသင်း၊ စာဖတ် အသင်း... စသည်ဖြင့် မိန်းမယောကျ်ားများစွာ လာရောက်ကြ၏။ မြို့အုပ် မင်းမှာလည်း ကျွန်ုပ်၏ အနီးတွင် ထိုင်နေ၏။

ဟောပြောချိန်ကျကာလ ကျွန်ုပ်က ပညာရေး၊ စီးပွားရေး၊ ကြီး ပွားရေးမှစ၍ မျိုးစုံ ဟောပြောပြီးမှ နိဂုံးချုပ်သည်ကား–

"ယခု ဤမြို့သို့ ရောက်မှ ကျွန်ုပ်၏ မိတ်ဆွေ မြို့အုပ်မင်း၏ ဂုဏ်တို့ကို သိရပါတော့သည်။ (ထိုအခါ မြို့အုပ်က မပြောစေလိုကြောင်း လက်ပြ၏။ ကျွန်ုပ်ကား ဆက်၍ ပြောသွား၏။)

ထိုမြို့အုပ်မင်းအား ချီးမွမ်းနေရန် လိုမည်မထင်ပါ။ လူတိုင်း သိပြီး ဖြစ်ပါသည်။ အထူးကား ကျွန်တော်သည် ထိုမြို့အုပ်မင်းအား မနောကံဖြင့် ပြစ်မှားမိသော အချက်များ ရှိပါသည်။ ထိုပြစ်မှားချက်များ ကို သူ့ထံတွင် တောင်းပန်မည်ဟု ကြံထားပါသည်။ ယခုကား ကျွန်တော် ၏ ပြစ်မှားချက် ကြီးလေသဖြင့် ပရိသတ်စုံရာရှေ့မှာ တောင်းပန်လိုပါ

သည်"(ထိုအခါ၌ မြို့အုပ်မင်းသည် ရုပ်ဖျောက်ထွက်သွားလေပြီ။)

၁။ ပထမအချက်ကား ကျွန်တော်တို့မှာ အလွန်ရင်းနှီးသော ကောလိပ်ကျောင်းနေဖက် ဖြစ်ကြပါသည်။ သပိတ်မှောက်စဉ်က အတူတူ ထွက်လာပြီးမှ သူသည် ကျောင်းသို့ ပြန်သွားလေသဖြင့် သူ့အပေါ်၌ အထင်သေးကာ အလကား လူညာပဲဟု ထင်မှတ်ခဲ့မိပါသည်။ သဘော်ာပေါ် ၌ တွေ့စဉ်ကလည်း ဒီလူမျိုး အစိုးရဘက် ရောက်မှာပဲ၊ အလကား လူတွေပါဟု ယူဆကာ ကျွန်ုပ်စ၍ နှုတ်မဆက်ဘဲ ခပ်တန်းတန်း နေခဲ့မိပါ သည်။ ယခု ဤမြို့သို့ ရောက်မှ သူ့အကြောင်း သိရပါသဖြင့် ကျွန်တော် ပြစ်မှားခဲ့မိသည်တို့ကို စုံရာရှေ့တွင် တောင်းပန်ပါသည်။

၂။ ဒုတိယအချက်ကတော့ ကောလိပ်မှာ ရှိကြစဉ် အထူးသဖြင့် မြန်မာစာပေ လိုက်စားကြပါသည်။ သဘော်ာပေါ်တွင် 'ရခဲ့တဲ့ ပညာနဲ့ မင့်မြို့အုပ်အလုပ်နဲ့ ဘာဆိုင်သလဲ၊ ငါမင်းပညာတွေ နှမြောလှသကွယ်' စသည်ဖြင့် အထင်မှား ပြစ်မှားခဲ့မိပါသည်။ ယခု သူ့အိမ်တွင် စာအုပ်မျိုးစုံ ဗီရိုကြီးငယ်နှင့် အပြည့်ရှိ၍ စာကြည့်လျက်ပင် ရှိသေးသည်ကို တွေ့ရပါ သဖြင့် ကျွန်တော် တောင်းပန်ရပြန်ပါသည်။

၃။ တတိယအချက်ကတော့ အစိုးရအမှုထမ်း မြို့အုပ်မြို့ချုပ် တို့မှာ အများအားဖြင့် မင်းမာန်တက်ကာ သောက်စား၊ ပျော်ပါး၊ ကစား၊ အကျင့်ပျက်သည်က များပါသည်၊ ယခုမိတ်ဆွေ မြို့အုပ်မင်းကိုလည်း ဤသို့ပင် ထင်ခဲ့မိပါသည်။ ယခုမဟုတ်ရုံမက မြို့ရွာ နယ်ပယ် စည်ကား ချမ်းသာအောင်ပင် ပြုမူ ဆောင်ရွက်လေသဖြင့် တောင်းပန်ခြင်းကို ပြုပါ သည်။

၄။ စတုတ္ထအချက်ကား ပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ်တို့မှာ တန်ခိုးအာဏာရလေလေ၊ သူတစ်ပါးအကျိုးဆောင်နိုင်လေလေ ဖြစ်ပါ သည်။ အစိုးရနှင့် တိုင်းသူပြည်သားသည် တစ်စီးပွားတည်း ဖြစ်ပါသည်။ ပူလျှင်လည်း အတူ၊ အေးလျှင်လည်း အတူဖြစ်ပါသည်။ ယခုမြို့အုပ်မင်း

စိမ်ချက်ကို ပညာရှိသော အရေးပိုင်မင်းကြီးများကလည်း သဘောကျသည်ဟု ကြားသိရပါသည်။ ၎င်းနည်းကို အခြားအရာရှိများ အတုယူရန် အားပေးသည်ဟု ကြားရသဖြင့် ဝမ်းမြောက်လှပါသည်။

၅။ ဆောင်ရွက်ကြရာတွင် လူသိနတ်ကြား ကျော်ကြားသူများလည်း ရှိပါသည်။ လူအများ မသိဘဲ ကိုယ်ကျိုးစွန့်၍ အဟုတ် အဟတ်ထိထိရောက်ရောက် ဆောင်ရွက်နေသူများလည်းရှိပါသည်။ ယခု မြို့အုပ်မင်းမှာ နောက်လူစားမျိုး ဖြစ်ပါသည်။

၆။ ကျွန်တော်တို့မှာ အရပ်ရပ်သို့ ရောက်၍လည်းကောင်း၊ သတင်းစာတွင်ပါ၍လည်းကောင်း လူသိများပါသည်။ ယခု မြို့အုပ်မင်းမှာကား ကျိတ်၍ အလုပ်လုပ်နေသည်ကို ဤနယ်တစ်နယ်တွင်သာ သိပါသည်။ သို့သော်လည်း ကျွန်တော်တို့ထက် သူက ပိုမိုအလုပ်တွင်ကျယ်အရာရောက် ရောက်နေပါသဖြင့် ကျေးဇူးတင် ဝမ်းမြောက်လှပါသည်။

၇။ ဤသို့ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူအား ပြစ်မှားမိသည်ကို တောင်းပန်ပြီး၍ ယခုမြို့နယ်အား တောင်းပန်လိုသည်မှာ မြန်မာနိုင်ငံတွင် ဤမြို့အုပ်မင်းမျိုး အလွန်လိုသော နေရာများစွာ တွေ့ခဲ့ရပါသည်။ ဤမြို့နယ်က သဘောကြီးကြီး ထားစေလိုပါသည်။ နောက်တစ်ကြိမ် မြို့အုပ်မင်း နယ်ပြောင်းရမည် ရှိသောအခါ မကန့်ကွက်ဘဲ အခြားနယ်သို့ ရောက်သွားခြင်းကို ကြည်ဖြူကြစေလိုပါသည်။ (ထိုအခါ ပရိသတ် လှုပ်လှုပ်ရွရွဖြစ်သွား၏။) အခြား မြို့ရွာတို့ကိုလည်း ကရုဏာထားကြပါ။ မိမိတို့မြို့နယ် ကြီးပွားလာသလို၊ အခြားဆင်းရဲအောက်ကျသော မြို့နယ်များကိုလည်း ကြီးပွားနိုင်စေရန်၊ စေတနာ ထားတော်မူကြစေလိုပါသည်။ ဥပမာ– ဝေဿန္တရာမင်းကြီးသည် မိုးခေါင်ငတ်မွတ်နေသော ကလိင်္ဂရာဇ်ပြည်သို့ ဆင်ဖြူတော်ကို လှူဖူးပါသည်။ ဤမြို့နယ်ကလည်း ဘုရားလောင်းသဘောပိုက်၍ မြို့အုပ်မင်း ဆင်ဖြူတော်ကို မိုးခေါင်ငတ်မွတ်နေသော

နယ်တို့သို့ လှူဒါန်းနိုင်ကြပါစေဟု ဆုတောင်းမိပါသည်။ လှူဒါန်းရန် မတွန့်တိုကြစေလိုကြောင်း လေးနက်စွာ တောင်းပန်ပါသည်ခင်ဗျား"

*

မပြန်မီ တစ်နေ့၌ ကျွန်ုပ်တို့နှစ်ယောက် အိမ်ရှေ့ခန်းတွင် စကားပြောနေကြ၏။ ကျွန်ုပ်ကစ၍–

"အစည်းအဝေးပွဲမှာ ငါတောင်းပန်တော့ မင်းက ဘာပြုလို့ ထပြေးသလဲ"

"မကြားချင်လို့ပေါ့၊ ပြီးတော့ လိုလည်း မလိုပါဘူး"

"ဘာဖြစ်လို့ မလိုရမှာလဲကွဲ့၊ ငါက မင်းကို ပြစ်မှားမိတာပဲ"

"မင်းပြစ်မှားတယ်ဆိုတာက ကျူးလွန်လိုတဲ့ စေတနာမဟုတ်ဘူး။ ငါ့အဖြစ်အပျက် ငါ့အခြေအနေက ဒီလို တလွဲထင်စရာ ဖြစ်နေတယ်။ မင်း ဖွင့်မပြောပေမယ့် မင့်စိတ်ထဲမှာ ဘာရှိတယ်ဆိုတာ ငါသိပါတယ်။ ဟို သပိတ်မှောက်ပြီး ကျောင်းပြန်ဝင်ရတဲ့နေ့ကစပြီး ငါတစ်နေ့မှ စိတ်လက်မချမ်းသာဘူး။ နို့ပေမဲ့ ငါ့သဘောကို မင်းသိတဲ့အတိုင်းပဲ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ ဆိုပြီး ငါရတဲ့တန်ခိုးကို အသုံးပြုပြီး တတ်နိုင်သမျှ ဆောင်ရွက်ခဲ့တာပဲ။ ငါနဲ့ ရင်းနှီးတဲ့ သားမယား မိဘ ဆွေမျိုးအားလုံး သိကြကုန်ပြီ။ မင်းတစ်ယောက်ပဲ ကျန်တယ်။ တစ်နေ့နေ့ မင်းနဲ့တွေ့ရရင် ငါ့အပေါ်မှာ မမှန်တဲ့ဟာတွေ ရှင်းသွားရင် ငါသေပျော်တာပါပဲ။ ဒါကြောင့်လည်း မင်းနဲ့ သင်္ဘောပေါ်မှာ တွေ့တွေ့ချင်း မင်းနဲ့ တွေ့ချင်တာ ကြာပြီလို့ ငါဆိုလိုက်တာ၊ အဲဒီအဓိပ္ပာယ်ပဲ။ အခု တွေ့ရပြီ၊ ရှင်းပြီ၊ ငါသေပျော်ပြီ"

"မသေနဲ့ဦး ဆရာရေ့၊ မင်းလုပ်စရာတွေ အများကြီး ရှိသေးတယ်။ ခုခါ မင်းလိုလူတစ်ယောက်ကို အသေမခံနိုင်သေးဘူး မောင်ရေ။ မင်းတို့မှာ တန်ခိုးအာဏာ အထိုက်အလျောက် ရှိတော့ အဲဒီ တန်ခိုးကို

သူ့အကျိုး ကိုယ့်အကျိုး ပြီးအောင် ဆောင်ရွက်နိုင်တာသာ လိုရင်းပဲ။ ကိုယ့်အထက်က အစိုးရလည်း ကျေနပ်၊ အများကလည်း ကျေနပ်၊ ကိုယ့်ကိုယ်တိုင်လည်း ကျေနပ်ဆိုတော့၊ အကောင်းဆုံးပေါ့၊ အဲဒီတော့ နောက်တစ်ခါ နယ်ပြောင်းရမယ်ဆိုရင် မင်းကိုယ်တိုင်က ပါပြီး ပြောင်းလိုက်မှပဲ၊ မင်းပြောင်းရလေလေ၊ အများအကျိုးရှိလေလေ နေမှာပဲ"

"ငါလည်း ဒီလိုကြံထားတာပါပဲ။ အခု အရေးပိုင်ကလည်း ငါ့ကို လူဆိုးသူဆိုး ပေါတဲ့အရပ် ဆင်းရဲအောက်ကျနေတဲ့ အရပ်ကို ရွေးပို့မယ်လို့ချည်း ပြောနေတာပဲ။ ငါကတော့ ဝမ်းသာပါတယ်။ နို့ပေမဲ့ တစ်ချက်တော့ ရှိတယ်ကွယ်၊ မတင်ကို ငါသနားတယ်၊ သူတို့ မိန်းမဆိုတော့ ပစ္စည်းဥစ္စာ ကြွယ်ဝချင်မှာပဲကွဲ့"

"ဒီလောက်လည်း မဟုတ်ပါဘူးကွယ်၊ မတင်လည်း ဉာဏ်ပညာသေးတဲ့ မိန်းမ မဟုတ်ပါဘူး။ ပစ္စည်းဥစ္စာပေါ်မှာချည်း လူတို့ ချမ်းသာမှု တည်မနေဘူးဆိုတာ၊ သူလည်း တို့သိသလောက် သိတာပါပဲ။ ပြီးတော့လည်း မင်းတို့ နှစ်ဖက်လုံးဟာ ဆင်းတောင့်ဆင်းရဲမှ မဟုတ်ဘဲကလားကွဲ့၊ ဒီတော့ ကိုယ်လုပ်ချင်တဲ့ အလုပ်ကောင်းတစ်ခုကို လုပ်ရတာဟာ ချမ်းသာကြီး တစ်ခုပေါ့ကွဲ့"

"ဒါတော့ ဟုတ်ပါရဲ့၊ နို့ပေမဲ့ ငါတို့ လင်ယောကျ်ားရဲ့ ဝတ္တရားတော့ ပျက်တာ အမှန်ပဲ"

"ဒါတော့ မတင်က ကျေနပ်ရင် ပြီးတာပဲ။ သူက အခု မင်းလုပ်နေတာတွေ မကျေနပ်ကြောင်းများ ပြဖူးသလား"

"ဒီလိုတော့လည်း မပြပါဘူး။ သို့ပေတဲ့ အလွန်အမင်း မလုပ်ဖို့တော့ အမြဲသတိပေးတယ်။ တစ်ခါက မင်းကြီးက ငါလုပ်ပုံ ကိုင်ပုံတွေ မသင်္ကာတယ်လို့ ကြားတာနဲ့ ငါတောင် မသိဘူး။ သူ့ဟာသူ မင်းကြီးဆီသွားပြီး ငါလုပ်ကိုင်တဲ့နည်းတွေ လမ်းမှန်ကျပုံ ပြောဆိုထင်ပါရဲ့ကွယ်၊ မင်းကြီးက ကျေနပ်ရုံတင်မက အဲဒီနည်းတွေ ပျံ့နှံ့စေမယ်လို့တောင် ပြော

လိုက်သေးသတဲ့။ နောက် အတော်ကြာလို့ ငါနဲ့ မင်းကြီးနဲ့ တွေ့တော့ မင်းကြီးက 'ဟေ့မောင်... မင်းမိန်းမ မတင်က မင်းထက် အပုံကြီး သာပါကလား၊ ပညာရော၊ ပြောပုံဆိုပုံရော၊အင်္ဂလိပ်စကားပြောများ မင်းထက် အပုံကြီး တော်ပါကလား'လို့ တောင် ငါ့ကို ပြောသေးတယ်။ ငါက အဲဒါ စိတ်မထွက်သေးလို့၊ စိတ်ထွက်လို့ ပြောရရင် ဒါထက် အများကြီး တော်ပါသေးတယ်လို့တောင် ငါက ရယ်ပြောခဲ့သေးတယ်"

"အေးလကွယ်၊ လိုရင်းမတော့ လူသတ်ထောင်မှူး ဖြစ်နေပစေ စေတနာထားတတ်လျှင် ဆောင်ရွက်တတ်လျှင် အထိုက်အလျောက် အကျိုးရှိတာပေါ့။ ကိုင်းကွယ်–အခုတော့ အလွန်ချစ်ခင်တဲ့ လူတစ်ယောက်ကို သေပြီးမှ ပြန်တွေ့ရသလို ငါအင်မတန် ဝမ်းမြောက်တယ်"

"ငါကလည်း ငါ့အပေါ်မှာ အထင်လွဲနေတာတွေ ရှင်းသွားလို့ အင်မတန် စိတ်ချမ်းသာ သွားတာပဲကွ"

"အဲဒါတွေထက် ပိုပြီး ငါဝမ်းသာတာ ရှိသေးတယ်။ အခု အများအတွက် ဆောင်ရွက်ကြတဲ့ လူတွေမှာ အချို့လည်း အရပ်ရပ် အနယ်နယ်ရောက် အစည်းအဝေးတွေရောက်၊ ဟောလား ပြောလား လုပ်၊ သတင်းစာတွေထဲပါ၊ အဲဒီတော့ အင်မတန် လူသိနတ်ကြား ရှိကြတယ်။ အခု တွေ့ရတာကတော့ လူသိခြင်းမရှိ၊ ကျော်စောခြင်းမရှိ၊ သူများ အကျိုးဖြစ်လျှင် ပြီးရောဟဲ့ ဆိုပြီး အဟုတ်တကယ် အနစ်နာခံပြီး ကျိတ်ပြီး အလုပ်လုပ်နေတဲ့ မင်းတို့လို လူစားမျိုးတွေ ရှိသေးကြောင်း သိရတာနဲ့ မြန်မာနိုင်ငံကြီးအတွက် ငါဖြင့် အပုံကြီး အားတက်သွားတာပဲကွယ်၊ အမှန်မှာ မင်းအခု လုပ်နေတာဟာ ငါတို့ လွန်ခဲ့တဲ့ ၁၃ နှစ်အတွင်းမှာ လုပ်တဲ့ လုပ်ငန်းထက်တောင် အရေးရောက်၊ အကျိုး ရောက်တယ်လို့ ထင်တာပဲ၊ သာဓုကွယ်– သာဓု၊ ငါ့သူငယ်ချင်း ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ မြင့်မြတ်တဲ့အလုပ်ကို ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနဲ့ လုပ်ဆောင်နိုင်ပါစေ၊ သာဓုကွယ်–သာဓု"

## ဘုရားဖူးသွားခြင်း

ကျွန်ုပ်သည် ကောလိပ်ကျောင်း ဘီအေ အောက်တန်း၌ ရှိစဉ်က ကျွန်ုပ်နှင့် အတန်းတူ၊ အတန်ခင်မင်သော မိတ်ဆွေတစ်ယောက် ရှိဖူး၏။ ၎င်းကား မောင်ထွန်းမောင်ဖြစ်၏။

ထွန်းမောင်မှာ အလွန်အေးဆေးစွာ နေလေ့ရှိ၏။ စကားနည်း၏။ မဟုတ်မမှန် မဟားတရား မပြောတတ်၊ ဣန္ဒြေကြီး၏။ စကားနည်းသူတို့၏ စကားသည် လေးနက်တတ်သည်ဖြစ်ရာ ထွန်းမောင် စကားပြောလျှင် ကျွန်ုပ်တို့ ကျောင်းသားများ ဂရုပြု၍ နားထောင်လေ့ရှိ၏။ ဝါကြွားပြောတတ်သူသည် ထွန်းမောင်ရှေ့တွင် စကား ပြောခဲ၏။ အကြောင်းကား ထွန်းမောင်က တစ်ချက်တစ်ချက် ဝင်ထောက်လိုက်လျှင် ထိုကြွားဝါခြင်း ချက်ချင်း ပေါ်တတ်၏။ အပေါင်းအဖော်နှင့် အချိန်ဖြုန်း မနေတတ်၊ တစ်ယောက်တည်း တွေးတော၍သော်လည်းကောင်း၊ စာဖတ်၍သော်လည်းကောင်း နေတတ်၏။ သို့ရာတွင် အလွန် ရိုးသား ဖြောင့်မတ်သူဖြစ်လေရကား ကျောင်းသားများက ဝိုင်း၍ ရိုသေ ခင်မင်ကြ၏။ ကျွန်ုပ်နှင့်ကား အခြားသူတို့ထက် ပို၍ ခင်မင်ကြ၏။

ထိုနှစ် အင်္ဂလိပ် ဒီဇင်ဘာလ(နတ်တော်–ပြာသို)၌ ကျောင်း ၁၂ ရက်မျှ ပိတ်၏။ ထိုအချိန်အခါ၌ ကျောင်းသားများ ကျိုက်ထီးရိုးဘုရားသို့ အစုအစုပြု၍ သွားလေ့ရှိကြရာ ကျွန်ုပ်လည်း သွားလိုသည်နှင့် ထွန်းမောင်၏ အခန်းသို့ လာခဲ့၍–

“ဟေ့ ထွန်းမောင်၊ ကျိုက်ထီးရိုးဘုရားကို သွားရအောင်ကွာ၊ တို့ ၁၂ ရက်တောင် ရက်အားရတယ်”

"ဘုရားဖူးတာ ကျိုက်ထီးရိုးတောင် သွားရမလားကွဲ့၊ ရွှေတိဂုံဘုရားကို သွားပါတော့လား၊ အတူတူပေါ့"

"မတူဘူးဆရာ၊ ကျိုက်ထီးရိုးက မြတ်စွာဘုရား ကိုယ်တော်တိုင် တို့မြန်မာပြည်ကို ကြွလာပြီး ရသေ့ကြီးတစ်ပါးကို ဆံတော်ပေးသတဲ့။ အဲဒီဆံတော်အစစ်ကို ဌာပနာပြီး တည်တာမောင်ရဲ့ နားလည်ရဲ့လား"

ထိုအခါ အလွန်ပြုံးခဲသော ထွန်းမောင်သည် ပြုံး၍ "ဘုရားဒီကို ကြွလာတယ်လို့ မင်းကို ဘယ်သူက ပြောသလဲ"

"မင်းလည်း အတော်ခွကျတဲ့ အကောင်ပဲ။ ဘယ်သူပြောရမလဲကွဲ့၊ သမိုင်းထဲမှာ သေသေချာချာကို ရေးထားတယ် သိရဲ့လား"

"အဲဒီ မင်းသမိုင်းက ဘယ်သူက ဘယ်တုန်းက ရေးခဲ့တာလဲ"

"ဘယ်သူရေးတယ်လို့တော့ မင်းကိုသေသေချာချာ သံတော်ဦး မတင်နိုင်ဘူး၊ ရှေးပညာရှိလူကြီးတွေ ရေးခဲ့တာပေါ့ကွဲ့"(ခပ်ကျယ်ကျယ် ပြောသည်)

"ဟာ–ဟာ မင်းမှတ်မိသေးရဲ့လား၊ မင်းနဲ့ ငါနဲ့ ပြည်မြို့ကို သွားလည်ကြတုန်းက ဘုန်းကြီးတစ်ပါးက ဒွတ္တပေါင်မင်းကြီးရဲ့ ဝတ်လဲတော်အစစ်ကို ပြာချသစ်စေးသရိုးကိုင်ပြီး လုပ်ထားတယ်ဆိုတဲ့ ကမ္ဘဝါစာကို ထုတ်ပြတော့ မင်းက ကိုယ်တော် ဘယ့်နှယ် သိသလဲ... ဘာလဲ... ညာလဲနဲ့ စစ်စစ်ပေါက်ပေါက် မေးတော့ ဘုန်းကြီးက စိတ်ဆိုးပြီး မင်းကို မောင်းချတာ မှတ်မိသေးရဲ့လား၊ အခုလည်း မင်းက ငါ့ကို ငေါက်ပြန်ပြီလား၊ မင်းက ရာဇဝင်ဆရာမို့ သေသေချာချာသိမလားလို့ မေးတာပါဗျာ။ မကြိုက်ရင်လည်း မမေးပါဘူး"

"ဟေ့အကောင်၊ တော်ပါကွယ်၊ မင်းဟာ တစ်ခါတစ်ခါ အင်မတန် လျှာရှည်တယ်။ မင်းလိုက်ချင်လည်း လိုက်၊ မလိုက်ရင်လည်း ငါ့တစ်ယောက်တည်း တော်သလို ကြည့်သွားမှာပဲ" (ခပ်ဆတ်ဆတ် ပြောသည်)

"ဟင်–ဘုရားတရား ကြည်ညိုတဲ့လူကလည်း စိတ်တိုလိုက်တာ၊ ကိုင်းကွယ် ငါကပဲ လျှော့ပါမယ်၊ ငါလိုက်ပါမယ်"

ထိုအခါမှ ကျွန်ုပ်က ပြုံး၍ "အဲဒီလိုမှပေါ့ကွဲ့၊ ငါ့မှာ ငွေ ၅၀ ကျပ်လောက်တော့ စုထားတယ်၊ မင်းမှာကော"

"ငါ့မှာလည်း ၅၀ ကျပ်လောက်ပါပဲ"

"အေး–နေရာကျပြီ၊ စရိတ်စက စားဖို့သောက်ဖို့ ၁၅ ကျပ်လောက်ပဲ ကုန်မယ်ထင်တယ်။ လှူဖို့တန်းဖို့ အပုံကြီး ပိုတာပဲ။ ကိုင်း အခုညပဲ သွားကြစို့ကွယ်"

*

ကျိုက်ထိုဘူတာသို့ ရောက်လျှင် ထိုအခါက မော်တော်ကားများ မသွားသေးသဖြင့် လှည်းငှား၍ သွားကြ၏။ ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်း မရောက်မီ ခရီးတစ်ဝက်သာသာ၌ အင်းဝစခန်းသို့ရောက်ရာ ခရီးနားကြ၏။ ထမင်းဟင်း၊ လက်ဖက်ရည်၊ ဘူးသီးကြော် စသည်ဖြင့် အစားအသောက်လည်း ပြည့်စုံ၏။ ထိုစခန်းမှာ ရွာနီးချုပ်စပ်က လာရောက်၍ ဆိုင်တည်ခင်းသော နေရာစခန်းကြီး တစ်ခုဖြစ်၏။

ထိုအင်းဝစခန်းဆိုင်စု၏ မြောက်ဘက် အတန်ကွာရှိ သရက်ပင်ကြီးတစ်ပင်အောက်တွင် တဲငယ်ငယ်တစ်ခု ရှိ၏။ ထိုတဲငယ်ဘက်သို့ ထွန်းမောင်သည် လျှောက်၍ သွားသည်ကို မြင်လိုက်၏။ မကြာမီပင် တဲပေါက်တွင် ရပ်၍ အတန်ကြာ ကြည့်နေသည်ကို မြင်ရ၏။

နာရီဝက်ခန့်ကြာလျှင် ကျွန်ုပ်တို့ သွားချိန်ကျသည်နှင့် ထွန်းမောင်ကို ဟစ်၍ ခေါ်ရ၏။ ထွန်းမောင်သည် သုတ်လာခဲ့၍–

"ဟော့–ဟိုတဲထဲမှာ အဘိုးကြီး လင်မယား နှစ်ယောက်နဲ့ မြေးနှစ်ယောက် ဖျားပြီး လဲနေကြတယ်။ ငါအစားအသောက်ကလေး ဝယ်ပေးခဲ့ချင်တယ်၊ မင်းသွားနှင့်ကွယ်၊ ကင်ပွန်းစခန်းကို ငါမီအောင် လိုက်လာခဲ့မယ်"

"ဟောဗျာ–မင်းဇွဲဖောက်ပြီ၊ မင်းအကျင့် ဒီလိုပဲ၊ စိတ်တစူးစား ကြီးနဲ့၊ ကဲ–မောင်သဘောရှိ၊ ငါတော့ မင်းကို စောင့်မနေနိုင်ဘူး။ ကင်ပွန်း စခန်းကို မီအောင် လိုက်ခဲ့ပေတော့၊ မမီရင်တော့ ငါဆက်သွားမှာပဲ"

"အေးပါကွယ်၊ ငါမီအောင် လိုက်ခဲ့ပါမယ်"ဆို၍ လှည်းပေါ်က သူ့လွယ်အိတ်ကို ယူ၍ တဲငယ်ဘက်သို့ စိုက်စိုက် စိုက်စိုက်နှင့် သွားပြန် လေ၏။

ကျွန်ုပ်မှာကား ဘုရားသို့သာ ရောက်လို၍ ကျွန်ုပ်တို့ ကျောင်းက ကျောင်းသားတစ်စုလည်း ထပ်ရောက်လာသည်နှင့် ထိုလူစုနှင့် ရော၍ လိုက်သွားလေ၏။ ကင်ပွန်းစခန်းသို့ ရောက်သော်လည်း ထွန်းမောင် မပေါ် လာချေ။ ရေမြောင်ကလေး၊ ရေမြောင်ကြီး၊ ဘိုးပြန်တောင်၊ စိုင်တမော့ စသည်ဖြင့် စခန်းအစဉ်အတိုင်း နောက်ဆံတင်းငင်နှင့်ပင် လာခဲ့ရာ ဘုရား သို့သာ တိုင်တော့၏။ ထွန်းမောင် မပေါ်လာချေ။

*

ကျွန်ုပ်တို့တစ်စုလည်း တပျော်တပါးကြီး ပြော–ဆို–ကနှင့် လာခဲ့ကြရာ ဘုရားအနီး နတ်ရုပ်နတ်စင်နှင့် မိန်းမကြီးတစ်ယောက် ပိုက်ဆံခံနေသည် ကို တွေ့ရ၏။ နတ်ရုပ်မှာ ပါးတစ်ခြမ်း–နားတစ်ခြမ်း ပွဲ့နေ၏။ ၎င်းအပွဲ့ တို့ကို ပြ၍ ပြင်ဆင်ရန်ဆိုကာ ပိုက်ဆံခံနေခြင်း ဖြစ်၏။ ထိုအခါ ကျွန်ုပ် သည် ရုတ်တရက် သတိရမိသည်ကား လွန်ခဲ့သော နှစ်က ကျွန်ုပ်တို့ အခန်းက ကျောင်းသားတစ်စု ကျိုက်ထီးရိုးက ပြန်လာကြသောအခါ ထို ပါးပွဲ့ နားပွဲ့နေသော နတ်စင်က နတ်ကတော်ကြီးအား နတ်မေးကြကြောင်း ပြန်ပြောသည်ကို သတိရသည်နှင့် ကျွန်ုပ်တို့နှင့် အဖော်အလျော် ခေါ်ခဲ့ သော လှည်းသမားကို မေးကြည့်ရာ လှည်းသမားက ပြုံးရယ်၍ "ဒီအပွဲ့ တွေဟာ ကြာလှပြီဗျ၊ ပြင်လိုက်ရင် နောက်ထပ် ပိုက်ဆံ ဘယ့်နှယ်လုပ်

အလှူခံမလဲဗျ"ဟု ပြောလိုက်မှ ကောလိပ်ကျောင်းသားထက် သာသော လှည်းသမားများလည်း ရှိသေးကြောင်း သိရသည်။

"နို့ကွယ်၊ ရသေ့တွေ၊ ရသေ့မတွေ၊ ဖိုးသူတော်တွေ၊ မယ်သီလတွေ ပေါလှချည်ကလားကွဲ့"

"အဲဒီအထဲမှာ 'ခါတော်မီ'တွေ များကြီး ပါတယ်ဗျ"

ကျွန်ုပ်တို့ ဘုရားရှိခိုးနေစဉ် ပန်းသည်၊ ရွှေသည်၊ ရေသည်တို့၏ အနှောင့်အယှက်ကို များစွာ ခံရ၏။ ဘုရား ရှိခိုးနေစဉ် ရေ ပန်း ရွှေ ဝယ်ပါ ဝယ်ပါဟု တစာစာ လိုက်၍ ပူနေ၏။ ကျွန်ုပ်သည် ကလဲ့စားချေလိုသည်နှင့် ရေ ပန်း ရွှေတို့ကို ဈေးနှင့်ရောင်းသော ဆိုင်တို့တွင်သာ ဝယ်ယူလိုက်၏။

ကျောက်ကျီးကန်းပါးစပ်ဘက်သို့ လာခဲ့ရာ လမ်းတွင် တောင်စောင်းတစ်ခု ဂူတွင်း၌ ရသေ့တစ်ပါးထံတွင် ဘုရားသွားတော်အစစ် ရှိသည်ဆို၍ ဂူတွင်းသို့ ကျဉ်းကျဉ်းကျပ်ကျပ်နှင့် ဝင်ခဲ့၏။ ရသေ့က "သွားတော်"ကို လက်ဖြင့် ကိုင်၍ ခပ်လှမ်းလှမ်းက ပြ၏။ သေသေချာချာ ကိုယ်တိုင် ကိုင်၍ ဖူးပါရစေဟု တောင်းသောအခါ–

"ဟဲ့–ဒကာရဲ့၊ လက်နဲ့ မကိုင်ကောင်းဘူး၊ ငရဲကြီးတတ်တယ်၊ ခပ်ဝေးဝေးကပဲ ဖူးတာပေါ့"

"နို့–ရသေ့တော့ ငရဲမကြီးဘူးလား"

"ဟဲ့–ရသေ့ဆိုတာ စင်ကြယ်တဲ့သူတော်ကောင်း ဖြစ်တယ်။ ဘယ်တော့မှ ငရဲမကြီးဘူး။ မင်းတို့လူလို မဟုတ်ဘူး"

ထိုအခါ ကျွန်ုပ်သည် ဘာမျှ ပြန်မပြောဘဲ အခွင့်ရသမျှ သေချာစွာစူးစိုက်၍ ကြည့်ရာ 'သွားတော်'၏ အတွင်းက ဘာရှိသည်ကိုကား မသိရ၊ အပြင်ကမူကား စီးကရက်ဘူးထဲက ငွေရောင်ပြားကို ကပ်ထားသည်ကို မြင်တွေ့ရ၏။ သို့ကြောင့်လည်း ရသေ့ရှေ့ အလှူခံ ပိုက်ဆံခွက်ထဲသို့ တစ်ပြားတစ်ချပ်မျှ မထည့်ခဲ့ဘဲ ခပ်သုတ်သုတ် ပြန်၍ ထွက်ခဲ့၏။

ဤသို့လျှင် ကျိုက်ထီးရိုးတောင်၊ မုဆိုးတောင်တို့၌ အေးချမ်းပျော်မြူးစွာ ခုနစ်ည ကြာကြ၏။ ပြီးမှ ဆင်းခဲ့ကြ၏။

*

အပြန်လမ်းတွင် အင်းဝစခန်းသို့ ရောက်ကြသော် ထွန်းမောင်၏ အဖြစ်ကို မေးမြန်းလိုသည်နှင့် ကျွန်ုပ်သည် အဖော်များနှင့် ခွဲ၍ ယခင် တဲငယ်ဘက်သို့ လာခဲ့၏။

တဲငယ်မှာ ကျွန်ုပ်ပထမ မြင်စဉ်ကကဲ့သို့ စုတ်ချာပျက်စီးနေသည် မဟုတ်ဘဲ အမိုးအကာနှင့် အတန်ပင် သပ်ရပ်ကောင်းမွန်နေသည်ကို တွေ့ရ၏။ ခေါင်းရင်းခန်းကလေး၌ အတန်အိုမင်းပြီ ဖြစ်သော အဘိုးအို၊ အဘွားအိုနှစ်ယောက် ပုတီးစိပ်၍ နေကြ၏။ ခြေရင်းပိုင်း မြေကွက်တွင် မီးဖိုတစ်ခု၌ လက်ဖက်ရည်ကရားနှင့် ရေနွေးအိုး ကျိုနေသော ၁၃ နှစ် ၁၄ နှစ်ရွယ် မိန်းကလေးကို မြင်ရ၏။ ၎င်းအနီး၌ ၃ နှစ် ၄ နှစ်သား ခန့်ရှိ ယောကျ်ားသူငယ်ကလေးတစ်ယောက် ဘူးသီးကြော်တစ်ခုကို စားနေ၏။

ကျွန်ုပ်ကို မြင်ကြလျှင် အဘွားတို့က "အလို–မောင်၊ လာပါ လာပါ၊ ဘယ်အရပ်ကပါလဲ မောင်၊ ဘုရားဖူး အသွားလား၊ အပြန်လား၊ လာပါလာပါ ထိုင်ပါ"ဆို၍ နေရာပေးခြင်း၊ ကွမ်းအစ်ချခြင်းတို့ကို ပျာပျာသလဲ ပြု၏။ "ဟဲ့–ဖွားမေ၊ ရေနွေးဆူပြီ မဟုတ်လား၊ လက်ဖက်ခြောက် ခပ်ပြီး ယူခဲ့ဟေ့။၊ ဩော်–ဖွားမေ၊ ဟဲ့ဟို ထန်းလျက်ကလေး ရှိသေးမဟုတ်လား၊ တစ်ခါတည်း ထည့်ခဲ့ဟေ့၊ သောက်ပါ စားပါ မောင်ရယ်..." ဟု အလွန်ကြီးစွာသော စေတနာဖြင့် ဧည့်ခံလင့်၏။

အဘိုးကြီးက တစ်ဖန် "ငါ့မြေးက ဘုရားဖူး မဟုတ်လား"

"ဟုတ်ပါတယ် အဘိုးရယ်၊ ကျွန်တော်ဟာ လွန်ခဲ့တဲ့ ကိုးရက်လောက်က တက်သွားပါတယ်။ အခု ပြန်ခဲ့တာပါ၊ အဲဒီ တက်သွားတဲ့

နေ့က ကျွန်တော့် သူငယ်ချင်းတစ်ယောက် ဒီတဲမှာ ကျန်ရစ်တယ်။ အဲဒါ အခု သူဘယ်သွားလေသလဲလို့ မေးချင်လို့ ဝင်လာတာပါ အဘိုးရဲ့"

ထိုအခါ အဘိုးကြီးနှင့် အမယ်ကြီးသည် ငေါက်ခနဲ တစ်ပြိုင်တည်းဆန့်၍ "မောင်ထွန်းမောင်ကို မေးတာ မဟုတ်လား"ဟု သံပြိုင်မေးကြလေ၏။

"ဟုတ်ပါတယ်ခင်ဗျာ"

အမယ်ကြီးက ဆက်၍ "ဩော်–မောင်က မောင်ထွန်းမောင်ရဲ့ သူငယ်ချင်းလား၊ ဒါဖြင့် မောင်လည်း သူတော်ကောင်းပေါ့။ အေးအေး၊ မောင်ထွန်းမောင်ရယ်၊ ခုမနက်ပဲ ရန်ကုန်ကို ပြန်သွားပြီ၊ သူတို့ ကျောင်းတက်ရမယ်ဆိုကိုးကွဲ့၊ ပြောလိုက်ပါရစေဦး မောင်ရယ်၊ ဒီလို သူတော်ကောင်းမျိုး ရှိတာ အဘွားတို့ အခု အသက် ၇၀ ရှိပြီ။ ကြားပဲ မကြားဖူးပေါင် မောင်ရယ်"

"မောင်ထွန်းမောင်ဟာ ဘုရားကို လိုက်မလာဘဲ ဒီကပဲ ပြန်သွားပုံကို ပြောပါဦး အဘွားရဲ့"

"ပြောပါပြီလား မောင်ရယ်၊ ဒီလိုကွဲ့၊ ငါတို့က အဲဟို ကျိုက်ထိုကို သွားတဲ့လမ်းနားမှာရှိတဲ့ မီးသွေးကုန်းရွာကပါ။ အဘွားတို့မှာ သမီးတစ်ယောက်တည်း ရှိတယ်။ သူအိမ်ထောင်ကျလို့ သားသမီး လေးယောက်ရပြီးတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပဲ သူ့ခင်ပွန်း အနိစ္စရောက်တယ်။ သူကိုယ်တိုင်လည်း မနှစ်က ဆုံးပြန်ပါရော့။ သားသမီးလေးယောက်အနက်က နှစ်ယောက်သာ အဖတ်တင်တယ်။ ဟော–အခု မြင်တာ အကြီးဆုံးနဲ့ အငယ်ဆုံးပေါ့။ ဒီကလေးနှစ်ယောက်ကို ငါတို့ပဲ မွေးရတော့တာပေါ့။ ငါတို့ကလည်း အိုအိုမင်းမင်း သူတို့ကလည်း လူလားမမြောက်သေး၊ ပိုက်ဆံကြေးငွေကလည်း မပြည့်စုံ၊ တိုတိုပြောကြစို့မြေးရယ်၊ ငါတို့ ထမင်းရက်မှန်မှန် မစားရတာ ကြာပါပြီ။ အဲဒါ အခု ဘုရားဖူးများလာတဲ့အချိန် ဒီ

အင်းဝစခန်းမှာ တဲကလေး ထိုးပြီး ဖွားမေကိုပဲ ဘူးသီးကြော်ကလေးကြော် ပြီး ရောင်းစေရတာပဲ။

အဲဒါနဲ့လည်း ထမင်းရက်မှန်မှန် မစားရပါဘူး။ ကံများ ဆိုးချင် တော့ လွန်ခဲ့တဲ့ နှစ်လ သုံးလကစပြီး ဟော– မောင့်အဘိုးကြီး–ဟာ လူကလည်း အို၊ အစာရေစာ ဝလင်အောင်လည်း မစားရတော့ လဲပါရောမောင်ရေ၊ နောက် ဆယ်ရက်လောက်က အဖျားဝင်လာပြီး သတိမရ တစ်ချက် ရတစ်ချက်နေပါရော၊ အဲဟို မောင်ထွန်းမောင် ရောက်တဲ့နေ့က မြော့မြော့ပဲ ရှိတော့တယ်။

အဘွားကိုယ်တိုင်လည်း မောင့်အဘိုးလိုပဲ အားနည်းပြီး လဲနေရာ က နွေးနွေးမှ ခြံုစရာမရှိ၊ အဲဒီအထဲ တဲကလေးကလည်း မိုးမလုံတော့ အအေးမိပြီး အဘွားလည်း လဲပါရော မောင်ရေ့။

အဲဒီလို အဘွားတို့ အကျိုးအကန်းနှစ်ယောက်ကို မြေးမကလေး ဖွားမေက ချက်ပြုတ်ကျွေးနေရာက ဟော–ထင်းချိုးရာမှ သံစူးလို့တဲ့။ တစ်ခါတည်း ငန်းတွေ မန်းတွေ လိုက်ပြီး ပြည်တည်လို့ မောင်ထွန်းမောင် ရောက်တဲ့နေ့က ခြေထောက်မြောက်ပြီး အော်နေရတာပဲ။

အဲဒီ မောင်ထွန်းမောင် လာကြည့်တော့ ငါတို့ ထမင်းရေစာ မစားရတာ နှစ်ရက်တိတိ ရှိနေပြီမောင်ရဲ့၊ သေဖို့ အဆင်သင့်ပဲဆိုပါတော့၊ ဟော ဟိုမြေးအငယ်ကတော့ ကလေးကို အဲဟိုဆိုင်စုမှာ သွားပြီး တောင်း ရမ်းစားသတဲ့၊

အဲဒီလို ငါတို့ သေဖို့ အနေမှာ မောင့်သူငယ်ချင်း မြင်တော့ မေးသံကို ကြားပါရဲ့၊ ငါတို့ လူအိုနှစ်ယောက်ကတော့ စကား မပြန် နိုင်တော့ဘူး။ ဖွားမေကသာ အအော် အငိုရပ်ပြီး ပြန်ပြောသံကို ကြား လိုက်ရတယ်။

အဲဒါနဲ့ မောင်ထွန်းမောင်ဟာ ပထမ အဘိုးကြီး ပါးစပ်ထဲကို ရေချပေးတယ်။ နောက် နည်းနည်း လှုပ်လာတော့ ဟိုဆိုင်စုမှာ လက်ဖက်

ရည်၊ ကော်ဖီရည်၊ ရေနွေး၊ စားစရာတွေ ဝယ်လာပြီး ကော်ဖီနွေးနွေး ကလေးကို အစက်ချပြီး တိုက်ပေးရှာတယ်။ အဘွားကိုလည်း ဒီလိုပဲ။

ဖွားမေကိုလည်း အနာကို ရေဆေး၊ ပြည်ဖောက်၊ ဆေးထည့် လုပ်တာနဲ့ မောင်ရယ် တစ်နာရီလောက်မှာပဲ သက်သာသွားပါတယ်။

အမှန်ကတော့ ငါတို့ တစ်စုလုံး အစားအသောက် ချို့တဲ့လို့ ငတ်လို့ ဖြစ်ရတာကလားကွယ်၊ ငါတို့တော့ အရည်လောက်သာ သောက် နိုင်ကြပါတယ်။ ဖွားမေတို့ မောင်နှမ နှစ်ယောက်ကတော့ ဖျားတာ မဟုတ်ဘူး။ အဲဒါကို မောင်ထွန်းမောင်ရယ် သူ့လွယ်အိတ်ထဲက ပေါင်မုန့်၊ ငါးသေတ္တာတွေ တစ်ခါတည်း ထုတ်ကျွေးတယ်။ ငတ်ငတ်နဲ့ စားလိုက် ကြတာ မောင်ရယ်၊ အဘွားတို့လည်း ဘေးက ကြည့်ရတာ အားရ ဝမ်းသာတာနဲ့ အားပြည့်လာကြတာပဲ။

အဲဒါ တိုတိုက သူကိုယ်တိုင် ငါတို့ကို ဆေးတိုက်ပြုစုတဲ့အပြင် သူကိုယ်တိုင် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ်၊ အစုံဝယ်ပြီး ချက် ကျွေးရှာတယ်၊ ဖွားမေကို အညှော်မိမှာစိုးလို့တဲ့၊ မီးဖိုနားတောင် မလာ စေရဘူး။ ပြီးတော့ ဟော တဲကလေးကို ကြည့်ပါဦး၊ အခုတော့ သပ်သပ် ရပ်ရပ်ပေါ့၊ မောင်ထွန်းမောင် ရောက်စက အမိုးလည်းမလုံ၊ အကာတွေ လည်း ပျက်ကျနေတယ်။ လေပြင်းပြင်း တိုက်ရင် မခံနိုင်ဘူး၊ အဲဒီလို အနေမှာ မောင်ထွန်းမောင် ရောက်လို့ နှစ်ရက်အကြာမှာ နှင်းမိုး ရွာချလို့ မောင်ထွန်းမောင်ပါမကျန် ငါတို့အကုန်လုံး ရွှဲရော ဆိုပါတော့၊ မောင်ထွန်း မောင် ဘာလုပ်သလဲ သိလား၊ အနီးအနားက ဆိုင်စု အိမ်စုမှာ သက်ကယ် တို့၊ ထရံတို့ သူကိုယ်တိုင် သွားဝယ်ပြီး ကိုယ်တိုင် မိုးကာပေးခဲ့တယ် မောင်ရယ်"

အဘွားအိုသည် စကားကိုဖြတ်၍ လက်အုပ်အထက်သို့ မြှောက် ချီကာ "ဘုရားသိကြားတော်၊ တပည့်တော်မရဲ့ မြေးကြီး မောင်ထွန်းမောင် ကျန်းမာ ချမ်းသာပါစေ၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ ရေလိုအေးလို့ ပန်း

လို မွေးပါစေ…”ဆို၍ မျက်ရည်စမ်းစမ်းနှင့် ရှိခိုး ဆုတောင်းလေ၏။ ကျွန်ုပ်တို့ ပတ်လည်ရှိ လူများကိုပင် မေ့နေဟန် ရှိ၏။ အတန်ကြာမှ ဆက်ပြန်၍–

“ငါတို့ မိုးတွေစိုလို့ အေးကြချမ်းကြတော့ မောင့်သူငယ်ချင်း ဘုရားလောင်းကြီးက ဟော–သူမှာပါတဲ့ အင်္ကျီတွေ၊ ပုဆိုးတွေ၊ မျက်နှာသုတ်ပဝါတောင် မကျန်ဘူး။ အဲဒါတွေနဲ့ တစ်ခါတည်း ငါတို့ လေးယောက်ကို ပတ်ရံ ခြုံရုံပေးတာပဲ၊ မိဘက သားသမီး ပြုစုသလိုပါပဲ မောင်ရယ်၊ သူကိုယ်တိုင်ကတော့ စွပ်ကျယ်ကလေးနဲ့သာ နေတယ်။ အောင်မယ် ဟော–မောင့်သူငယ်ချင်းက သတ္တိကောင်းကလားကွဲ့၊ မိုးကြီးပေမယ့် သူမချမ်းဘူးတဲ့၊ ပြီးတော့ လူကြည့်တော့ လုံးရပ်တန်တန်ရယ်၊ နို့ပေမဲ့ သူ့အသားတွေက သံခဲလိုပါကလားကွဲ့၊ ဟော–နေ့ခင်း နေ့ခင်းမှာ ဖွားမေတို့ မောင်နှမနှစ်ယောက်ကို သူ့လက်မောင်းသားကြီးတွေ ကြွက်သားကြီးတွေကို ထုတ်ထုတ်ပြတယ်။ မောင်နှမ နှစ်ယောက် သူ့လက်မောင်းကြီးကို စီး စီးပြီး ကစားကြတာပဲ။ အင်မတန် ပျော်ကြတာပေါ့။ ဒီသူငယ်ဟာ လူထူးပါကွယ်၊ သန်က သန်မာပါဘိနဲ့၊ ဘုရားလောင်းများ ဆင်ပြောင် ငါးစီး ဆယ်စီးအား ဆောင်နိုင်တယ်ဆိုတာပဲ ထင်ပါရဲ့ကွယ်။

နောက်တစ်နေ့ မနက်စောစော ဟိုအနား ခဏသွားဦးမယ်ဆိုပြီး ထွက်သွားလိုက်တာ ညနေမှ ပြန်လာတယ်၊ တို့တစ်တွေဆိုတာ တစ်နေ့ခင်းလုံး သူ့ကို ထမင်းစား စောင့်နေကြတယ်။ အနီးအနား လိုက်ရှာကြတယ်၊ အဲဒီမနက် ငါတို့ ထမင်းမစားဖြစ်ဘူး၊ ညနေကျလို့ ပြန်လာတော့မှ သိရတာက လက်စသတ်တော့ သူ ဟို ကျိုက်ထိုကို သွားတာကိုး မောင်ရဲ့၊ ဟဲ့ ဖွားမေ၊ နင့်အစ်ကိုကြီး ဝယ်ပေးခဲ့တဲ့ အဝတ်အစားတွေ ယူခဲ့စမ်း၊ ကိုင်း–မောင်ရင်ကြည့်တော့ ငါတို့ဖို့ သူဝယ်လာတာတွေ”

ထိုအခါ အဘိုးကြီးသည် အထုပ်ခပ်ကြီးကြီးတစ်ခုကို ကောက်

ယူ၍ "ဟောဒါက ကျုပ်အထုပ်မောင်ရဲ့၊ မောင့်ကို ပြရဦးမယ်"ဆိုကာ အထုပ်ကို ဖြေလေသည်။ အထုပ်အပေါ်က ကြိုးစေ့အောင် အပတ်ပေါင်း များစွာ ရစ်ပတ်ထား၏။ ကြိုးတွေကုန်သောအခါ ပုဆိုးဟောင်း တစ်ထပ်၊ နောက်ပိတ်ဖြူတစ်ထပ်၊ နောက် စက္ကူ သုံး လေးထပ် အလွန်သေချာစွာ ထုပ်ထားသည်ကို တွေ့ရ၏။ နောက်ဆုံးအထပ် ကုန်လေမှ လုံချည် အညိုရောင်တစ်ထည့်၊ အတွင်းခံအင်္ကျီတစ်ထည်၊ အပေါ်အင်္ကျီတစ်ထည်၊ ခေါင်းပေါင်းပဝါတစ်ထည်၊ ပခုံးတင်ပိတ်ဖြူစ တစ်ထည်တို့ ထွက်လာလေ၏။

ထိုလေးထည်သော အဝတ်တို့ကို အဘိုးကြီးသည် ယုယမြတ်နိုးစွာ ကိုင်တွယ်၍ "အဲဒါ ကျုပ်မြေးရဲ့ ကုသိုလ်တွေပဲ မောင်ရယ်၊ ကျုပ် အဘိုး အဘ ဒီလို မပေးခဲ့ဖူးပါဘူး။ ကျုပ်သားသမီးတွေလည်း မပေးခဲ့ဖူးဘူး။ ကိုယ်တိုင်လည်း ဝယ်ပြီး မဝတ်နိုင်ခဲ့ဖူးဘူး။ ဒီအဝတ် လေးထည်ကို ကျုပ်ဘာလုပ်မလဲ သိလား၊ ဥပုသ်နေ့တိုင်း ဝတ်ဆင်ပြီး ဥပုသ် စောင့်မယ်၊ အခု စိတ်ကူးတာကတော့ ကျုပ်မြေး ကုသိုလ်ပွားအောင် နေ့တိုင်းပဲ ရစ်ပါးသီလစောင့်ပြီး သူ့အဝတ်တွေနဲ့ အရိုးထုတ်တော့မယ်၊ ကျုပ်သေတဲ့အခါ ဒီအဝတ်တွေ ကျုပ်တို့ဆရာ ဘုန်းကြီးကို လှူလိုက်ဖို့ မှာပြီးပြီ မောင်ရဲ့"

အဘွားကြီးကလည်း မိမိအတွက် အဝတ်အစားတို့ကို ပြ၍ "ကျုပ်လည်းပဲ မောင့်အဘိုးအတိုင်းပဲ ဆုံးဖြတ်ပြီးပါပြီ"ဟု ဆို၏။

ဖွားမေကလည်း မိမိအထုပ်ကို အားပါးတရ ဖြေကာ ပြ၏။ ပိုးသားလုံချည်၊ အင်္ကျီ၊ ဘီး၊ မှန် စသည်ဖြင့် မိန်းမ အသုံးအဆောင် အတန်များများ တွေ့ရ၏။ "အဲဒါတွေ ကျွန်မရဲ့ အစ်ကိုကြီး ဝယ်ပေးခဲ့တာ ရှင့်၊ ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရယ်၊ ကျွန်မလေ ညတိုင်း ညတိုင်း အိပ်ခါနီးကို  ဦးသုံးကြိမ် ချပါတယ်။ အစ်ကိုကြီးလည်း ပြန်သွားပြီ၊ သိပ်အောက်မေ့တာပဲ"ဆို၍ မျက်ရည်လည်လာလေ၏။ အနားတွင် အစ်မ

၏ မျက်နှာကို စိုက်ကြည့်နေသော မောင်ကလေးမှာလည်း မဲ့တဲ့တဲ့ဖြစ်၍ လာလေ၏။

အဘွားကြီးက ဆက်ပြန်၍ "အဲဒါ သူအပြုအစုကောင်းတာနဲ့ ငါတို့ အတော်အတန် ထူထောင်လာကြတာပါပဲ။ သူနေလို့ လေး ငါး ရက်ရှိတော့ ငါတို့လည်း မာပါပြီ၊ မင်း ဘုရားကို သွားဖို့ဟာ သွားတော့ လေလို့ ပြောတော့ အဘွားရယ်တဲ့၊ ဘုရားကို သွားဖူးတာထက် ဘုရား စကားနားထောင်တာ ပိုပြီး ကုသိုလ်ရတယ်တဲ့၊ ပြီးတော့လည်း ဘုရား သွားဖို့ အချိန်လည်း မရှိတော့ဘူး၊ ကျောင်းဖွင့်မီအောင် ပြန်ရမယ်တဲ့။ သူဘုရားမှာ ရွှေချဖို့ ပန်းလှူဖို့ ရေလှူဖို့ မှန်းခဲ့တဲ့အတွက် ငွေကိုလည်း အဘွားတို့ကိုပဲ လှူခဲ့မယ်ဆိုပြီး ငွေဒင်္ဂါးပြားရေ ၃၀ ကျပ်တိတိ ငါတို့ကို ပေးသွားတယ်။ အခု ငါတို့ အသက် ၇၀ ရှိပြီ၊ ကိုယ်ပိုင်အဖြစ်နဲ့ တစ်ခါမှ ငွေ ၃၀ ကျပ် ပြည့်အောင် မကိုင်ခဲ့ရဖူးဘူး။ ဒီလိုလူမျိုး တွေ့ဖူးဖို့ ထားလို့ ကြားတောင် မကြားဖူးပါဘူးကွယ်၊ ဟော မောင့်အဘိုးကဖြင့် လူမဟုတ် ဘူး။ နတ်သိကြားများ လူယောင်ဆောင်လာတာလို့ အခုထက်ထိ အတပ် စွဲနေတုန်းပဲ"

ထိုအခါ အဘိုးကြီးက ဝင်တဲ့၍ "ဟဲ့–မယ်တုတ်ကဲ့၊ အခု ဒီမောင် ရင်က သူ့သူငယ်ချင်းပါဆိုလို့သာ နေလိုက်ရတယ်၊ ငါတော့ ဇကန္တ နတ်သိကြားပဲလို့ စွဲလမ်းနေတုန်းပဲ၊ ကြည့်လေ၊ ငါအလကား ပြောတာ မဟုတ်ဘူး၊ ငါတို့ ဆရာ ဘုန်းကြီး ဟောဖူးတယ်၊ ဟဲ့–ဒကာကြီး ဖိုးခွေးတဲ့၊ ငါးပါးသီလ မြဲပြီး မေတ္တာပို့ပြီး ဣတိပိသော ဂုဏ်တော်ကို တစ်နေ့ကို အနည်းဆုံး ၁၀ ပတ်ရအောင် စိပ်တဲ့၊ အကျဉ်းအကျပ်တွေ့ရင် နတ် သိကြားများ လာပြီး ကယ်မတတ်တယ်တဲ့၊ အဲဒါ လွန်ခဲ့တဲ့ ၁၅ နှစ်လောက် ကစပြီး ဘုန်းကြီးစကားအတိုင်း စောင့်ထိန်းပြီး ပုတီး မှန်မှန် စိပ်ခဲ့ တာ ညည်းအသိပဲ မဟုတ်လား၊ အဲ–ဟိုနေ့က ငါပက်လက်ကလေး မြော့နေတော့ ဆရာဘုန်းကြီးရဲ့ အဆုံးအမနဲ့ ဂုဏ်တော်ကို သတိရပြီး

ဂုဏ်တော်ကို နှလုံးသွင်းနေတယ်။ တော်တော်ကြာ ပါးစပ်ပေါ် ရေစက် ကျလာတော့ အင်း–သိကြားမင်း ရေစင်ဖျန်းလာပေါ့လို့ ငါယုံကြည်လိုက်တယ်။ လူပုံသဏ္ဍာန်နဲ့ တောက်ပြောင် အေးကြည်နေတဲ့ မျက်နှာကို ငါမြင်ရတယ်၊ ဟဲ့–မယ်တုတ်ကဲ့၊ လူရိုးရိုးဟာ ဒီလောက် ကောင်းနိုင်ပါ့မလားဟဲ့။ လူမမာလေးယောက်ကို ဆေးကု၊ ပြုစု၊ ကျွေးမွေး၊ ဝတ်ဆင်၊ အိမ်ကို မိုးကာပေးပြီးတော့ ငွေ ၃၀ ကျပ် ရင့်မကြီးကို ပေးတာဟာ လူရိုးရိုး ဟုတ်နိုင်ပါ့မလားဟဲ့၊ တို့ဆရာ ဘုန်းကြီး ပြောဖူးတယ်၊ နတ်သိကြားများ လူယောင်ဆောင်လာရင် အရိပ်မထွက်ဘူး၊ မျက်တောင်မခတ်ဘူးတဲ့၊ ငါဖြင့် မောင်ထွန်းမောင်ရဲ့ အရိပ်ထွက်တာ၊ မျက်တောင်ခတ်တာ မမြင်မိဘူးဟဲ့၊ ပြီးတော့ ရုပ်ရည်ကလည်း သန့်ပါဘိသနဲ့၊ ငါဖြင့် ဒီလို ချောတဲ့လုလင် ယောကျာ်းကလေး မြင်ဖူးပေါင်ဗျာ"

"အို–ကိုဖိုးခွေးကလည်း လူတော့ လူအစစ်ပါတော့၊ လူရိုးရိုး မဟုတ်တာတော့ အမှန်ပဲ၊ ဧကန္တ အလောင်းအလျာ တစ်ခုခုတော့ ဖြစ်မှာပဲ၊ ကိုင်း–မောင်ရယ်၊ မောင်ထွန်းမောင်ရဲ့ သူငယ်ချင်းဆိုရင်ဖြင့် အဘွားတို့တဲမှာ တစ်ညလောက်တော့ တည်းပါဦး မောင်ရယ်၊ သူ့ငွေထဲက အလှူဦး ပြုပြီး ထမင်းတစ်နပ်တော့ ကျွေးလိုက်ပါရစေ၊ သံဃာတော် ဆွမ်းကျွေးဖို့တော့ ငွေ ၅ ကျပ် ဦးချပြီး ဖယ်ထားပြီးပါပြီ"

ထိုအခါ ကျွန်ုပ်မှာ အလွန်ပီတိဖြစ်၍ တစ်ညတည်းရန် ဝန်ခံလိုက်၏။

ညအိပ်ရာဝင်သောအခါ ကျွန်ုပ်၏ စဉ်းစားခန်း ပေါ်လာလေ၏။

"အင်း–ထွန်းမောင်ကြီးဖြင့် ဘုရားဖူးလာရကျိုး နပ်လေပြီ၊ ထွန်းမောင်ရဲ့ ကုသိုလ်ကို ငါအားကျလှသည်။ ငါကြားဖူးသည်ကား မြတ်စွာဘုရား ရှိစဉ်က တောနယ်မှ ရဟန်းနှစ်ပါး ဘုရားကို ဖူးမြော်ရန်

လာကြသတဲ့။ လမ်းခရီးမှာ ရေငတ်ကြသဖြင့် ရေသောက်ကြမည်ရှိရာ ရေစစ်မပါကြသည်နှင့် တစ်ပါးသော ရဟန်းက မြတ်စွာဘုရားသည် ရေစစ်နှင့်မှ ရေသောက်ရမည်ဟု ပညတ်ချက်ထားသည်။ ယခု ရေစစ်မရှိခဲ့။ ဘုရားကို ကြည်ညိုသည်ဆိုသည်မှာ ဘုရားစကားကို နားထောင်မှ ကြည်ညိုရာ ရောက်သည်၊ ထို့ကြောင့် ရေမသောက်ဘဲ အသက်သေစေတော့ဟု ဆုံးဖြတ်လိုက်၏။ တစ်ပါးသော်ကား ဘုရားဆိုသည်မှာ အလွန်ဖူးမြင်ရခဲ၏။ ရေသောက်ပြီး အသက်ရှင်၍ ဘုရားကို ဖူးမြင်အံ့ဟု ဆုံးဖြတ်လိုက်၏။ ပထမရဟန်းသည် လမ်းတွင် ပျံလွန်ခဲ့၏။ ဒုတိယရဟန်းကား ဘုရားထံရောက်၍ အဖြစ်အပျက်ကို ပြန်လှန် လျှောက်ထားသောအခါ မြတ်စွာဘုရားက ဘုရားစကားနားထောင်၍ လမ်းတွင် အသေခံသော ရဟန်းကိုသာ ချီးမွမ်းတော်မူသတဲ့၊ ယခုလည်း ငါတို့ နှစ်ယောက်နှင့် တူလေစွ။

ငါ့မှာ ကျိုက်ထီးရိုးဘုရားကိုတော့ ရောက်ပါရဲ့၊ ရောက်တော့ ဘာလုပ်သလဲ၊ ဘုရားကို ပုဆိန်ပေါက် ရှိခိုးတယ်၊ အနားပတ်လည်က ဆူဆူညံညံနှင့် အာရုံစိုက်၍ ရှိမခိုးခဲ့ရ၊ ၎င်းနောက် သူငယ်ချင်းတို့နှင့် လျှောက်၍ ပျော်ခဲ့တယ်။ ဟားတိုက် သီချင်းဆို၊ ဖဲကစား... အဲဒါတွေနဲ့ အချိန်ကုန်တာပဲ၊ အခု ထွန်းမောင်ကို အားကျလို့ အဘိုးကြီး၊ အဘွားကြီးတို့ကို ပိုက်ဆံပေးချင်လို့ ကြည့်တော့ လှည်းခနဲ့ ရထားခသာ ကျန်တော့တယ်။ ပိုက်ဆံတစ်ပြားမှ မပိုတော့ဘူး။ ဟိုကုန်းတော်မှာတုန်းက တို့လူစု မြေလတ်က အပျိုတစ်စုနဲ့တွေ့လို့ အလွမ်းသင့် ပိုးပန်းပြီး ဟိုဆိုင် ဧည့်ခံလိုက်၊ ဒီဆိုင် ဧည့်ခံလိုက်နဲ့၊ သုံးလေးရက် တို့လူစု ပိုက်ဆံဖြုန်းလိုက်ကြတာ၊ ဘုရားလှူဖို့ မှန်းထားတဲ့ အထဲက သုံးပုံနှစ်ပုံလောက် ပါသွားတာပဲ၊ အဲဒီ ပိုက်ဆံတွေ အခု ငါနမြောလိုက်လှတယ်။

ငါဘုရားဖူးရတာ မယ်မယ်ရရ အကျိုး ဘာမျှ မထင်ပါတကား၊ နတ်ကတော်၊ ရသေ့၊ ရသေ့မ၊ ဖိုးသူတော်၊ မယ်သီလ၊ ပန်းသည်၊ ရေသည်

အချို့တို့ကို စိတ်မကျေနပ်၊ လည်ပတ်၊ ပျော်ရွှင် ဒါတွေနဲ့သာ အချိန်ကုန်ခဲ့တယ်။ အင်း–အခု ငါတို့ပြည်မှာ ရတနာသုံးပါးကို အကြောင်းပြုပြီး လုပ်ကြတဲ့ ပွဲအမျိုးမျိုးတွေကို သတိရလိုက်ပါဘိတယ်။ ငါဘုရားကို ရောက်သော်လည်း ဘုရားစကားကို နားထောင်တဲ့ မောင်ထွန်းမောင်ရဲ့ ကုသိုလ်မျိုးကို ဘယ်မှာ မီနိုင်မလဲ"စသည်ဖြင့် စိတ်ကူးတွေးတောကာ မပျော်တစ်ချက် ပျော်တစ်ချက်နှင့် မိုးလင်းရလေ၏။

*

နံနက်တွင် ကျွန်ုပ်ပြန်တော့မည်ဟု နှုတ်ဆက်လေရာ အဘိုးကြီးက "အေးအေး –ပြန်ဦးတော့ မောင်ရယ်၊ မောင်တို့ ကျန်းမာ ချမ်းသာကြပါစေဆိုတာ အဘိုး ဆုတောင်းပါတယ်။ မောင်ထွန်းမောင်ကို ပြောပါ၊ သူဝယ်ပေးခဲ့တဲ့ အဝတ်အစားတို့ကို အဘိုး ဘယ်လို စီမံထားတယ်ဆိုတာ၊ အေးအေး သွားတော့ မောင်ရေ၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေကွယ်"

အဘွားကြီးက "သွားတော့မောင်ရေ၊ သွားတော့၊ အဘွားတို့ မသေခင် မောင်ထွန်းမောင်ကို တစ်ခါတော့ တွေ့ချင်သေးသကွယ်၊ မိုးမကျခင် အဘွားတို့ ကျန်းမာရင်ဖြင့် ရန်ကုန်ကို ဘုရားဖူးလာခဲ့မယ်လို့ ပြောလိုက်ပါမောင်ရယ်၊ အခု အဘွားတို့နှစ်ယောက် သေသည်အထိ ရှစ်ပါးသီလစောင့်ဖို့ သစ္စာဓိဋ္ဌာန်ပြုပြီးတဲ့အကြောင်း ပြောပါလေကွယ်၊ အေးအေး သွားတော့ မြေးရေ သွားတော့"

ဖွားမေက "အစ်ကိုကြီး ထွန်းမောင်ဖို့ လက်ဆောင်ပေးလိုက်ပါရစေ၊ ဟောဒါက ကျိုက်ထီးရိုးတောင်ဖြစ် ဝါးဆေးတံ၊ ဒါက သစ်ခွပန်းခြောက်တစ်ခု၊ ဟောဒါက ကျွန်မအရင်ဖျားတုန်းက ဖြတ်ထားတဲ့ဆံစု၊ အဲဒီ ဆံစုကို တစ်ဝက်ခွဲပြီး ဘုရားကို တစ်ဝက်လှူပါ။ တစ်ဝက်ကို အစ်ကိုကြီးထွန်းမောင် သိမ်းယူထားပါလို့ ပြောပါ၊ ကျွန်မ မသေခင်

တစ်ခေါက်တော့ ရောက်အောင်လာပါမယ်လို့လည်း ပြောပါ။ သူ့လိပ်စာကို ကျွန်မတောင်းထားလိုက်တယ်။ ပြီးတော့ ရှိခိုးလက်ဆောင်လည်း ပေးလိုက်ပါရစေ၊ သြော်–အစ်ကိုကြီး၊ အခုနေ ရန်ကုန် ဘယ်ဆီမှာလဲ"

ကျွန်ုပ်က ရန်ကုန်ရှိရာသို့ ညွှန်ပြလိုက်သောအခါ ဖွားမေသည် တစ်ပတ်နွမ်း တစ်ထည်ကို တင်၍ ရန်ကုန်(ထွန်းမောင်ရှိရာ)ဘက်သို့ ရှိသေလေးမြတ်စွာ လှည့်၍ ဦးသုံးကြိမ်ချကာ "အစ်ကိုကြီးကို ဦးသုံးကြိမ်ကန်တော့လိုက်ပါတယ်" ဆို၍ ဦးသုံးကြိမ်ချလေသည်။ ထိုအခါ ကလေးမ၏ မျက်ရည်တို့သည် ကျပြန်လေ၏။

ကျွန်ုပ်သည် ခြေလေးလေးဖြင့် ထွက်ခဲ့ရာ ဖွားမေတို့ မောင်နှမသည် ကျွန်ုပ်၏ လွယ်အိတ်ကို ယူဆောင်၍ လှည်းဆိပ်အထိ ပို့ကြ၏။ လှည်းသည် တအီအီနှင့် လိမ့်သွားရာ ဖွားမေတို့ မောင်နှမသည် မျက်နှာငယ်ငယ်ဖြင့် ငေးမျှော်၍ ကျန်ရစ်ကြရှာလေသတည်း။

*

ကျွန်ုပ်သည် ထွန်းမောင်အခန်းသို့ ဝင်ခဲ့၏။ ထွန်းမောင်က "အလို–မင်းပြန်လာပြီလား၊ မင်းဘုရားဖူးခဲ့ရတာ အမျှဝေပါဦးကွဲ့"

"မသရော်ပါနဲ့ကွယ်၊ ငါ့မှာ အမျှဝေစရာ ကျကျနန တစ်ခုမှ မပါခဲ့ဘူး။ (မျက်နှာငယ်ငယ်နှင့် ပြောသည်။) ဟော့–မင့်အကြောင်းတွေ ငါကြားခဲ့ သိခဲ့ပြီ၊ မင်းကုသိုလ် အင်မတန် ထူးမြတ်တာပဲ။ ငါ့ကို အမျှဝေစမ်းပါကွယ်၊ သူငယ်ချင်းရယ်"

"ဟင်–ဘုရားရောက်တဲ့ လူက လမ်းကပြန်လာတဲ့လူကို အမျှဝေခိုင်းနေသလားကွဲ့၊ မင်းကလည်း ရူးကြောင်ကြောင်နဲ့"

"ငါမရူးဘူး၊ ငါတကယ်ပြောနေတာ၊ ငါဟာ ကျိုက်ထီးရိုးဆိုတဲ့ စေတီနားတော့ ရောက်ခဲ့တာမှန်တယ်။ နို့ပေမဲ့ မင်းကတော့ သမ္မာသမ္ဗုဒ္ဓဘုရားအစစ်ဆီကို ရောက်ခဲ့တယ်လို့ ဆိုရမယ်။ ဒါ့ကြောင့် ငါ့ကို အမျှဝေပါကွယ်"

"ဟော့–မင်းစာကလေး ဘာကလေး အကြည့်ဖူးသားမဟုတ်လား၊ ငါက အမျှဝေမှ မင်းရနိုင်တာ မဟုတ်ဘူး။ မင်းဝမ်းမြောက်ပြီး ကိုယ့်ဘာသာကိုယ် သာဓုခေါ်နိုင်သလောက် ကုသိုလ်ရတာပဲကွဲ့"

"အဲဒါ ငါသိတယ်၊ ဘာဖြစ်ဖြစ် မင်းပါးစပ်က မြွက်ဆိုပြီး ပေးတာကို ငါကြားချင်တယ်၊ ငါသာဓုခေါ်ချင်တယ်။ ဆင်ခြေဆင်လက်တွေ လုပ်မနေပါနဲ့ကွယ်၊ ငါကြည်ညိုလွန်းလို့ပါ။ မင့်ပါးစပ်နဲ့ အမျှဝေစမ်းပါ"

"ကိုင်း ဒါဖြင့်လည်း အမျှဆိုတာ အဖို့ဘာဂ ဆိုလိုတယ်။ ငါကတော့ အဖို့တွေ အဖွဲ့တွေ လုပ်မနေပါဘူး။ ငါ့ကုသိုလ်အကုန်လုံးကိုပဲ ပေးပါတယ်ဗျာ။ အကုန်လုံး ယူပါလေတော့"

ထိုအခါ ကျွန်ုပ်သည် သာဓုလေးလေးနက်နက် ခေါ်ပြီးမှ

"မင်းကို ငါ ကျေးဇူးတင်တာ တစ်ခုရှိသေးတယ်"

"ဘာလဲ"

"မင်းက ငါ့ကို ဘုရားဖူးနည်း နည်းကောင်း နည်းမွန်တစ်ခု သင်ပေးတဲ့ အတွက်ပေါ့"

(မှတ်ချက်။ ။ဤဝတ္ထုတွင် ဘုရားကြည်ညိုနည်း၌ ဗုဒ္ဓဘာသာကို အရင်းတည်၍ ပြခြင်းမှာ မြန်မာနိုင်ငံတွင် အများအားဖြင့် ကိုးကွယ်သော ဘာသာကြီးဖြစ်၍ ပုံစံအနေဖြင့်သာ ပြခြင်းဖြစ်သည်။ အခြားဘာသာဝင်တို့အတွက်ကား သဘောတရားမျှသာ ယူရန် ဖြစ်၏။)

# လွဲသောအကြား

မကြာသေးမီက ကျွန်ုပ်တို့ အိမ်နားရှိ ဆေးလိပ် လိပ်စားသူ မယ်ခင်သည် ကျွန်ုပ်တို့ထံသို့ ဖိတ်စာတစ်စောင် ယူလာ၍–

“ဦး–ဒီမှာ ကျွန်မ ဖိတ်စာတစ်စောင်ရတယ်။ ဖိတ်စာကတော့ အသုဘ ဖိတ်စာပဲ။ နို့ပေမဲ့ ဆွေတွေမျိုးတွေ ထည့်ပြထားလိုက်တာက အများကြီးမို့ သေသူဟာ ဘယ်သူမှန်းကို မသိတော့ဘူး၊ အဲဒါ တစ်ဆိတ် ဖတ်ပြီး သေတာဟာ ဘယ်သူဆိုတာ ပြောပေးစမ်းပါ ဦးရယ်”

“ဟင်–နင့်ဟာက လွန်လှချေ့ကလား ဟဲ့၊ ဘယ့်နှယ်–သေတဲ့လူ မသိနိုင်ဘူးလို့၊ မှန်း ပေးစမ်း”ဆို၍ စာကို ကောက်ဖတ်ကြည့်ရာ–

ရန်ကုန်မြို့၊ အရှေ့ပိုင်း၊ ရွှေတန်ဆောင်းကြီး ဒါယကာ၊ သူဌေး ပွဲစားကြီး ဦးမြ၏ တူ၊

ဓနုဖြူမြို့၏ အနောက်၊ ချောင်းကောက်ရွာ၊ ဥစ္စာပြည့်စုံ ကုံလုံသော လေးထပ်ရွှေကျောင်းကြီး ဒါယကာ ဦးမဲ–ဒေါ်တူတို့၏ မြေး၊

ဘိုကလေးတစ်ဖက် ကျွန်းတောကုန်းရွာ ဆုသေနတ်ရ တရားမ ရာဇဝတ် အထူးအာဏာရ သူကြီးမင်း ဦးခွေးပု၏ ညီဝမ်းကွဲ၊

ကျွဲပွဲဘူတာမှ သုံးမိုင်ကွာ သေလာပဗ္ဗတတောင်စောင်း တောရကျောင်း၌ အလောင်းအလျာ ရဟန္တာဟု သမုတ်ခံရသော ဆရာတော် ဦးဝါယမ၏ တပည့်၊

မိတ္ထီလာနယ်တကြော၌ အဟောအပြောကောင်း၊ အသံကောင်း၊ လက်ဟန် ခြေဟန် ကိုယ်ဟန် သရုပ်ဟန်ပါပါနှင့် အလွမ်းအသောတို့ကို မျက်ရည်ထွက်အောင်၊ အူတက်အောင် တရားဟောပြ

နိုင်သော နိုင်ငံကျော် အေဝမ်းစပယ်ရှယ် သင်းကြူကြူ ဦးနန္ဒိနှင့် စာသင်ဖက်၊

လှိုင်းတက်မင်းသားထံ၌ ခစားခဲ့ဖူးသော အပျိုတော် အရီးအို၏ မြစ်၊

ဗြိတိသျှတိုင်းကြီးကို ဘုန်းမီးနေလ အစိုးရတော်မူသော ဂျော့ဘုရင်မင်းမြတ်၏ သားတော်၊ အိမ်ရှေ့ဘုရား ဝေလမင်းသားသည် မြန်မာနိုင်ငံသို့ တိုင်းခန်းလှည့်လည်လာစဉ် မြန်မာဧည့်ခံမဏ္ဍပ်ကြီးတစ်ခု ဆောက်၍ ဧည့်ခံကြရာ ၎င်းမဏ္ဍပ်သည် အကောင်းဆုံးဟု ရွေးချယ် ဆုံးဖြတ်ခြင်းကို ခံရလေသည်။ ထိုအကောင်းဆုံး မဏ္ဍပ်ကို တည်ဆောက်ပြုလုပ်သူ ပန်းချီကျော်ဆရာကြီး ဦးပန်းနွယ်၏ သုံးဆက်မြောက် တပည့် မောင်လှနှင့် ညီအစ်ကိုဝမ်းကွဲ။

မဲဆောက်မြို့ စော်ဘွားကြီး၏သမက် စောခွန်နိုင်နှင့် အင်္ဂလိပ်ကျောင်းတွင် စာသင်ဖက်၊

ဝါးနက်ချောင်းဘူတာရုံတွင် မီးရထားကုမ္ပဏီက ယုံကြည်ကိုးစားအားထားရ၍ မကြာမကြာ အချီးမွမ်းခံရသော ရုံပိုင်တော်ကြီး မစ္စတာမူတူး၏ ဇနီး မမကြီး၏ မောင်၊

တောင်ငူမြို့၊ တပင်ရွှေထီး၏ အဝင်အပါ ဖြစ်ဖူးသော မြေတစ်ကွက်တွင် အိမ်ဆောက်နေသူ မြေပိုင်ရှင် ဦးတုတ်၏တူ၊

ယခုအခါမူ ဗြိတိသျှ အစိုးရလက်အောက် မြန်မာပြည်အစိုးရက တည်ထောင်သော စည်ပင်သာယာရုံးတော်ကြီးတွင် ခန့်ခိုင်သော သမာဓိ ပြည့်ဝသော ဥစ္စာရှိ၍ အာမခံငွေ တစ်သောင်းတင်ပြီးကာ သူကြီးအလုပ်ကိုရရှိသော စည်ပင်သာယာရုံး သူကြီးမင်း ဦးတက်ခါး၏ စာရေးကြီး မောင်မောင်နွဲ့သည်

မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ခဲ့သော အလောင်း

ဘုရား မင်းမြတ်ကိုယ်တော်တိုင် "ဒဂုံ"ဟူသောအမည်ရင်းကို နစ်စေ၍ ဘေးရန် ကုန်ခြင်းတည်းဟူသော အောင်ခြင်းမင်္ဂလာကို ယူကာ "ရန်ကုန်" ဟု ဘွဲ့မည်အသစ် ပေးသနားတော်မူခြင်းကို ခံရသော ရန်ကုန်ရွှေမြို့တော်ကြီးအတွင်း၊

ရှေးမြန်မာမင်းများ အသုံးပြုလေသဖြင့်လည်းကောင်း၊ ရွှေတိဂုံ စေတီတော်နှင့် နီးစပ် တစ်စုံတစ်ရာ ဆက်စပ်လေသဖြင့်လည်းကောင်း၊ "တော်"တစ်လုံးရသော ကန်တော်ကြီးအနီး၊ ကန်တော်ကလေးရပ်ကွက် ဝယ်၊

ကြီးကျယ်သော နန်းရင်းဝန်သည် ရုံးဆင်းရုံးတက် အမြဲမပြတ် ဖြတ်၍ ဖြတ်၍ မော်တော်ကား စီးသွားနေကျဖြစ်သော စတောက်ကိတ် လမ်းတွင်၊

ဘုရင်ခံမင်းမြတ်အိမ်တော်၏ အရှေ့တောင်အရပ် တစ်မိုင်ကျော် အကွာတွင်လည်းကောင်း၊ သူဌေးဦးမြတ်ကျော်၏ တိုက်နှင့် တစ်အိမ်ခြား တွင်လည်းကောင်း တည်ရှိပါသော မိမိနေအိမ်၌ ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်ပါသဖြင့် ကျွန်တော်မ စာရေးကြီးကတော် တင်တင်က ဖိတ်ကြား လိုက်ပါသည်။

"ဟဲ့–မယ်ခင်ရဲ့၊ သူ့ဖိတ်စာအလိုကတော့ တင်တင်ရဲ့ ယောကျ်ား မောင်မောင်နွဲ့တဲ့၊ နေဦး နေဦး၊ အလို ဘုရား၊ ဟို စတောက်ကိတ်လမ်းက ဆိုတော့ ငါ့အသိ၊ ငနွဲ့နဲ့ မယ်တင်တို့များ ဖြစ်လေရော့လားဟယ်၊ ဟာ ဧကန္တပဲ၊ ငနွဲ့မမာဘူးကြားလို့ ငါတောင် နောက် ၁၀ရက်လောက်က ရောက်ခဲ့သေးတယ်။ ငနွဲ့ဖြစ်ရင်လည်း ငါနဲ့ အင်မတန် အကျွမ်းဝင်တာပဲ၊ ငါ့ဆီကိုလည်း ဖိတ်စာ ရောက်ဖို့ကောင်းတယ်"

ဤသို့ ပြောနေစဉ်ပင် အိမ်အောက်ထပ်က ကျွန်ုပ်၏တပည့် တစ်ယောက်က စာအိတ်တစ်အိတ် လာပို့၍ ဖောက်ကြည့်ရာ ၎င်းဖိတ်စာ မျိုးနှင့်တကွ မယ်တင့်လက်မှတ်နှင့် အကြောင်းကြားစာသက်သက် တစ်စောင်လည်း ပါလာလေ၏။

"ဟဲ့–မယ်ခင်ရဲ့၊ ဟုတ်ကပြီ၊ မယ်တင့် ယောက်ျား စာရေး ကလေး ငနွဲ့ပဲ၊ ဖြစ်မှဖြစ်ရလေတယ်။ တကတဲ ထည့်ထားလိုက်တာ 'နာမ ဝိသေသန'တွေ လူလုံးတောင် ပျောက်နေတာပဲ။ ကဲ ကဲ ငါသွားမှ ဖြစ်မယ်။ နင်ကောလိုက်ဦးမလား"

"ဟုတ်ကဲ့ရှင့်၊ လိုက်ခဲ့မယ်"

*

ကျွန်ုပ်တို့ရောက်သော် မယ်တင်သည် ဆီး၍ ငို၏။ အပိုတွေလည်း အများကြီးပြော၏။ အတော်မောလောက်ရှိမှ ကျွန်ုပ်က–

"ဘယ့်နှယ်လဲ မယ်တင်– ဆုံးဆုံးချင်း ငါ့ကို ဘာဖြစ်လို့ အကြောင်းမကြားသလဲ"

"ကျွန်မလည်း မွှန်ထွန်ပြီး ဘာလုပ်ရမှန်းကို မသိတော့ဘူး ဦးရဲ့"

"နေပါဦး၊ နင်တို့ ဖိတ်စာကို ဘယ်သူရေးသလဲ"

"ကျွန်မရယ်၊ ကျွန်မအဒေါ်ရယ်၊ ကိုနွဲ့ရဲ့ အစ်ကိုတစ်ယောက်ရယ် တိုင်ပင်ရေးကြတာပဲ၊ ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲတော့ ထားပါတော့၊ နင်တို့ဟာက ကတဲ ရေးထည့်ထားလိုက်တာတွေ၊ တော်ပါပယ်၊ သေဆုံးသူတောင် ဘယ်သူလဲလို့ မနည်း ရှာယူရတာပဲ"

"ဩော်–ဦးကလည်း၊ လောကမှာ လူရေးလူရာ ဆိုတာ ရှိသေးတယ် ဦးရဲ့၊ ဆွေဂုဏ်မျိုးဂုဏ်ဆိုတာ ဒီလို သေဆုံးတဲ့အခါမှ မထည့်ရရင် ဘယ်မှာ သွားထည့်ဦးမှာလဲ ဦးရဲ့"

"ကိုင်း သဘောရှိဗျား၊ နို့ နေပါဦး၊ ဘယ်နေ့ကို ကိစ္စအပြီးလဲ"

"ဆွေတွေမျိုးတွေ စုံလင်အောင် ၅ ရက်လောက်တော့..."

"နင့်ဖိတ်စာထဲမှာပါတဲ့ ဆွေမျိုးတွေ အကုန်စုံအောင်လား"

"ဒါတော့ ဟိုဒင်း လာသရွေ့ပေါ့ ဦးရယ်"

"ငါပြောမယ် မယ်တင်၊ စိတ်ကူးမလွဲနဲ့၊ အမြန်ဆုံး ကိစ္စပြီးတာ ကောင်းတယ်၊ အခုတစ်ည ရသွားပြီ၊ ထားချင်ရင် အလွန်ဆုံး ယနေ့ တစ်ညပဲ ထားတော့။ နက်ဖြန်ကို ပြီးပေစေ၊ ကြာလေလေ နင့်အပေါ်မှာ တာဝန်ကြီးလေလေပဲ။ လူဆုံးရတဲ့အထဲမှာ ဩ့ခံရတဲ့ ကိစ္စကြီးဟာ နည်းတဲ့စရိတ်၊ နည်းတဲ့ ဒုက္ခ မဟုတ်ဘူးဟဲ့"

"ဧည့်ခံရတာက ဒါနကုသိုလ်မဟုတ်လားဦးရဲ့၊ ဒါနဆိုရင်"

"တော်ပါ မယ်မင်းကြီးမရယ်၊ ငါ့ကို တရားဟောမနေပါနဲ့၊ ဒါန အကြောင်းကို ငါသိပါတယ်။ အပိုတွေ အကြွားတွေ လုပ်မနေစမ်းပါနဲ့၊ အဲဒါမျိုးက မလွှဲသာတဲ့ အောင့်သက်သက် ဒါနခေါ်တယ်။ မရှိမဲ့ရှိမဲ့နဲ့ ပေါင်နှံချေးငှားပြီး သောကဗျာပါဒ မကင်းဘဲနဲ့ လုပ်ရတဲ့ ဟာတွေပါ။ လောကရေးတွေပါ။ လူလည်း ဆုံးရသေးတယ်။ ကျန်ရစ်သူမှာလည်း ထပ်နစ်ရဦးမလား။ တတ်နိုင်တဲ့အခါ စိတ်ကြည်သာတဲ့အခါကျတော့ ဒါန သန့်သန့်ရှင်းရှင်းကို အတိုးချလုပ်တာပေါ့။ ငါ့တူမ စိတ်ကူးမလွဲနဲ့၊ အဲဒီဘက်ကလည်း တို့မြန်မာလူမျိုးတွေကို အတော်နိုပ်စက်နေတယ်ကွဲ့"

"ဦးကလည်း တယ်ခွကျတာကို၊ သုံးရက်နဲ့ချရင် ကျွန်မ အကမ်းအလှမ်းထည့်ရမှ စိတ်ကျေနပ်မယ်"

"ဟောဗျာ လုပ်ပြန်ပြီ၊ မသာမှာ အကမ်းအလှမ်း ထည့်တဲ့ ထုံးစံကို ဘယ်သူကများ စခဲ့ပါလိမ့်မနော်၊ ရန်ကုန်မှာဖြင့် အတော်ကဲနေတာပဲ။ ဟဲ့–မယ်တင်ရဲ့၊ အဲဒါတွေလည်း တို့အိမ်နားက တရုတ်ကြီး ပြောသလို 'ပကာစန'တွေပါပဲ။ နေပါဦး၊ နင့်မှာ ငွေဘယ်လောက် ရှိလို့လဲ"

"၇၀ ကျပ်–၈၀ကျပ်လောက်တော့ ရှိတယ်၊ ရွှေလက်ကောက် လည်း လေးရန် ရှိတယ်"

"ဟဲ့ ဟဲ့–ရွှေလက်ကောက်တွေကို ထည့်မတွက်နဲ့၊ ကျစ်ကျစ် သိမ်းထား၊ ရှိတဲ့ငွေနဲ့ လောက်အောင်လုပ်၊ ငါကတော့ ရှိတဲ့ငွေတောင်

အကုန်မလုပ်စေချင်ဘူး။ ဒည့်ခံဖို့ ကွမ်းနဲ့ ဆေးလိပ်အပြင် ဘာမှမလုပ်နဲ့၊ အကမ်းအလှမ်းလည်း မထည့်နဲ့၊ လက်ဆောင်ရမှ လိုက်ပို့မယ့် မိတ်ဆွေဖြင့် အသုဘရှုရမယ့် အကျိုးလည်းမရှိ၊ မိတ်ဆွေတို့ပြုအပ်တဲ့ ဝတ္တရားလည်း မပြည့်စုံ၊ မလာတာက ကောင်းပါတယ်။ မယ်တင် မမိုက်နဲ့ ငါ့စကားနားထောင်"

မယ်တင်သည် ကျေနပ်ပုံမရချေ။

ခဏကြာသောအခါ မိန်းမသုံးယောက် ရှေ့နောက်တန်း၍ ဝင်လာကြ၏။ ရှေ့နှစ်ယောက်မှာ အရပ်သူ ရိုးရိုးသဏ္ဌာန်ရှိ၏။ တစ်ယောက်က ဆေးလိပ်ထုပ်၊ တစ်ယောက်က နို့ဆီနှစ်ဘူး ကူပံ့ရန် ဆောင်ယူခဲ့ကြ၏။ နောက်ဆုံးတစ်ယောက်ကား တည်တည်ခံ့ခံ့နှင့် ကတော်ပုံရ၏။ တစ်စုံတစ်ရာ အကူအပံ့မပါ။ လူဟန်သာပါသည်။

ထိုအခါ မယ်တင်သည် ကပျာကယာထတဲ့၍ ရှေ့က မိန်းမနှစ်ယောက်ကို ကျော်ပြီး နောက်ဆုံးက ကတော်ဟန်ရှိသော မိန်းမကို လှမ်း၍ "သြော် မင်းကတော်ပါလား၊ ကြွပါကြွပါ"ဆို၍ ရှေ့နှစ်ယောက်ကို ကျော်ပြီး ခေါ်လာကာ အထက်ခန်း နေရာကောင်း၌ ချထားလေသည်။ ရှေ့ခများနှစ်ယောက်မှာကား မသာရှင်က မခေါ်လေသဖြင့် ကြောင်တက်တက်နှင့် တော်ရာချောင်တွင် ထိုင်ရ၏။

ကျွန်ုပ်သည် စိတ်အတော် ထသွား၏။ ထိုမိန်းမသုံးယောက် ပြန်သွားသောအခါ မယ်တင်ကို အိမ်အတွင်းဘက်သို့ခေါ်ခဲ့၍–

"ဘယ့်နယ်လဲ မမယ်တင်၊ ဘာလုပ်တာလဲ၊ ခုနက မိန်းမ သုံးယောက်လာတာကို ဘာဖြစ်လို့ ရှေ့နှစ်ယောက်ကို ကျော်ပြီး နောက်ဆုံးမိန်းမကို အရေးလုပ်ရတာလဲ ပြောစမ်းပါဦး"

"သြော်–ဦးမသိဘဲကိုး။ အဲဒီ နောက်ဆုံးဟာက မင်းကတော်ဦးရဲ့၊ ရှေ့ နှစ်ယောက်က ဈေးသည်တွေပါ"

"ဟင်–ကြည့်စမ်းပါဦးဟယ်၊ ရှေ့ကနှစ်ယောက်က ဝတ္တရား

သိသိရာရာနဲ့ အကူအပံ့တွေတောင် ယူလာရှာတယ်။ နင့် မင်းကတော်က ဘာပါသလဲ၊ လူဟန်သာပါတယ်မဟုတ်လား၊ ဒီလောက် ရုပ်ပျက် ဆင်းပျက် အရေးလုပ်ရသလားဟဲ့"

"ဦးကလည်း မင်းကတော်ဆိုတာ ဂုဏ်ရှိတယ်။ မင်းကတော်နဲ့ သိရကျွမ်းရတာလည်း ဂုဏ်ရှိတယ်မဟုတ်လား"

"နေပါဦး၊ နင့်မင်းကတော်က ဘာမင်းကတော်လဲ"

"ဟိုဒင်းလေ ဘာလဲ ဦးရယ်၊ ဟို ဟင်းချက်စားရတဲ့ ချဉ်ဖန့် ဖန့်အသီးဟာ"

"ဘာလဲ သပြေသီးလား"

"အဲ အဲ–ဟုတ်ပြီ၊ သပြေသီး မြို့အုပ်မင်းကတော်ရှင့်၊ အထက်တန်း မြို့အုပ်ကတော်ရှင့် သိရဲ့လား"

"ဖြစ်မှ ဖြစ်ရလေ မယ်တင်ရယ်၊ နင်ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး။ အင်္ဂလိပ်လို ဒက်ပြုတီး (deputy) ခေါ်တယ်။ သပြေသီး မဟုတ်ဘူး။ သူတို့ကို သွားပြီး အလွဲတွေ ခေါ်မနေနဲ့၊ ဟိုက ကြိုက်မှာ မဟုတ်ဘူး။ ပြီးတော့ အထက်တန်းစား မြို့အုပ်ဆိုတာလည်း မဟုတ်ဘူး။ လက်ထောက် မြို့အုပ်လောက်သာ ဖြစ်တယ်"

"ဘာပဲဖြစ်ဖြစ် ဦးရယ်၊ မြို့အုပ်ဟာ မြို့အုပ်ပဲ။ မင်းထဲမှာ ပါတာပေါ့၊ အဲဒီလို အထက်တန်းစားတွေနဲ့ ပေါင်းရတော့၊ ဂုဏ်တက်မလာဘူးလား၊ လူဆိုတာ အနိမ့်အမြင့်..."

ထိုသို့ ပြောနေစဉ် အိမ်ရှေ့က စီစီညံညံကြား၍ နှစ်ယောက်သား ထွက်ခဲ့ရာ အင်္ဂလိပ်စာတတ်ပေတတ် ခေတ်ဆန်သော သူငယ်မသုံးယောက် ဝင်လာသည်ကို တွေ့ကြရ၏။

မယ်တင်ကစ၍ "သြော်–မေရီ–မြတို့ပါကလား၊ ထိုင်ပါ ထိုင်ပါ"

မေရီ–မြ၊ ။"ကိုနွဲ့ဖြစ်ရတာ အိုင်တို့ အင်မတန် ဆောရီးဖြစ်ပါ

တယ်။ ခုမနက်ပဲ ကြားတယ်။ ဒါနဲ့ပဲ ဟောဒီ လူစီ–ခင်ထူးတို့ လောရာ–ခင်သန်းမြင့်တို့နဲ့ တိုင်ပင်ပြီး လာခဲ့ကြတာပဲ”(အိုင်မှာ အင်္ဂလိပ်ဘာသာ – ကျွန်ပ်ဟု ဆိုလိုသည်။ ဆောရီးမှာ ဝမ်းနည်းသည်ဟု ဆိုလိုသည်)

လူစီ–ခင်ထူး။ ။“ဟုတ်တယ်၊ အိုင်လည်းပဲ မနေ့က ညနေ၊ ဂျော်နီလှဖေနဲ့ တင်းနစ်ကစားနေရင်း ကြားရတယ်။ သြော်–ဒါမျိုးဆိုတာ မြေမှုန့်ကလာတာ မြေမှုန့်ကို ပြန်သွားတာပေါ့၊ ဘုရားသခင် အလိုတော်ကိုး။ ဘာတတ်နိုင်မလဲ”

လောရာ–ခင်သန်းမြင့်။ ။“အိုင်လည်းပဲ ယူ့အတွက် အင်မတန် ဆောရီးဖြစ်တယ်။ အိုင်ကြားတော့ အိုင်ဟာ ဆွင်းမိန်းကလပ်မှာ ရှိတယ်။ ဒါနဲ့ ဒိုက်ဗ်ိန်ထိုးဖို့ဟာတောင် ရပ်ထားခဲ့ရတယ်”

မေရီ–မြ၊ ။“ဟုတ်တယ်၊ မယ်တင်တင်၊ ရိုဇီ–လှလှတောင် လိုက်လာမလို့၊ ဟို သူ့နောက်ပိတ်ဖိနပ်က ခုံမြင့်လွန်းလို့တဲ့၊ အဲဒါစီးတာနဲ့ အခု ခြေနာနေလို့ မလိုက်လာနိုင်ဘူး။ တင်တင် အိုင်တို့ဆီကို တစ်ခါလောက် လာလည်ပါ။ တင်းနစ်၊ ပင်ပေါင်၊ ဘက်တ်မင်တန်၊ ဟော်ကီ၊ ဆွင်းမိန်း အို စုံနေတာပဲ။ တစ်ခါလောက် လာကစားပါလား”

လူစီ–ခင်ထူး။ ။“စကားမစပ်၊ တင်ရဲ့ ဆံထုံးကလည်း အကြီး အမြင့် နည်းနည်း လိုသေးတယ်။ ဟော– အိုင်တို့ခေါင်းက ဟာမျိုးမှ ခေတ်ဆန်တယ် တင်ရဲ့”ဟုဆို၍ မိမိတို့ခေါင်းတွင် လော်လော်မာမာ ထုံးထားသော ဆံထုံးအသစ်အဆန်းတစ်မျိုးကို ကိုးရိုးကားရားကို ပြလေသည်။

ကျွန်ပ်မှာလည်း နားမဆံ့သည်တို့ကို ကြားနေရသဖြင့် ‘သြော် ဒုက္ခ ဒုက္ခ’ဟု မြည်တမ်းကာ ကြာကြာနေလျှင် ငါငရဲကြီးတော့မှာပဲဟု အိမ်မှထွက်ခဲ့၍ အိမ်ရှေ့သစ်ပင်ရိပ်အောက်တွင် ထိုသူငယ်မတို့ဘက်ကို ကျောပေး၍ ထိုင်နေရလေ၏။

သို့ထိုင်နေသော်လည်း အဘယ့်ကြောင့် မသိရ၊ သူတို့ဘက်ကို မကြာမကြာ လှည့်ကြည့်မိသည်နှင့် မဖြစ်ချေဘူး။ ငါပြေးမှ တော်ချိမ့် မည်ဟု ၎င်းတို့မှ ဝေးရာ၊ ကွာရာ၊ မမြင်ရာ၊ လွတ်ကင်းချမ်းသာရာ လမ်း တစ်ဖက်ရှိ အတန်ဝေးသော သစ်ပင်ရိပ်အောက်သို့ ဆက်လက် ပြေးခဲ့ရ လေသည်။

*

ညချမ်းအခါ မလွဲသာသဖြင့် မယ်တင်တို့ အိမ်သို့လာကာ ဧည့်ခံနေရ ပြန်၏။

မကြာမီ မိန်းမရွယ်ရွယ်တစ်ယောက် စိန်ဆံထိုး၊ စိန်ကြယ်သီး၊ စိန်နားကပ်အပြင် အတန်ကြီးမားသော စိန်လက်စွပ်ကြီး နှစ်ကွင်းကို လက်ညှိုးတစ်ကွင်း၊ လက်သူကြွယ်တစ်ကွင်း ဝတ်ဆင်ကာ လာရောက်လေ၏။ သူ၏ စိန်လက်စွပ်ကြီးသည် ကျွန်ုပ်အား ထူးခြားစွာ ညို့ထားလေသဖြင့် ထိုစိန်လက်စွပ်ကြီးများမှ ကျွန်ုပ်၏ မျက်စိတို့ကို ခွာမရချေ၊ ထိုစိန် လက်စွပ်ဝတ်ထားသော လက်မှာ စကားပြောတိုင်း ပါလေ၍ အခြားလက် တစ်ဖက်ထက် ရွေ့ရှားလှုပ်ရှားခြင်း များပြီးလျှင် အလွန် အလုပ်များနေ လေ၏။

ထိုလက်စွပ်တို့၏ အညို့ခံရသူမှာ ကျွန်ုပ်သာ မဟုတ်၊ မယ်တင် ပါ ပါ၍ အခြားလူများလည်း မလွတ်ကြချေ။

ထိုအခါ ကျွန်ုပ်မှာ 'သြော်–သူတို့သည် မသာမယာ အိမ်မှာ တောင် မဆင်ခြင်နိုင်ကြဘူး၊ ငါစိတ်ဆင်းရဲလှသည်။ ကြာကြာနေလျှင် ငါအကုသိုလ်သာ ပွားတော့မည်။ လွတ်ရာအိမ်ရာသို့ ထွက်၍ နေတော့မည်' ဟု ထရုံ၌ ချိတ်ထားသော ကျွန်ုပ်၏ အပေါ်အင်္ကျီကို ယူလို၍ အနီး၌လည်း မယ်တင်ရှိနေသည်နှင့် မယ်တင်သို့ လှမ်း၍–

"မယ်တင်ရေ–ဟိုချိတ်ထားတဲ့ ငါ့စိန်လက်စွပ်ကြီး ပေးလိုက်

စမ်းကွယ်”ဟု အင်္ကျီအစား စွဲလမ်းနေသော စိန်လက်စွပ်ကြီးကို ယောင်၍ ပြောမိလေ၏။ မှားလျှင်မှားချင်း သတိရ၍ “ဟယ်–စကားမှားသွားပဟော့” ဆိုကာ ရှက်လည်းရှက်၊ အားလည်းနာသည်နှင့် အင်္ကျီကို မယူဖြစ်တော့ဘဲ အိမ်ရှေ့ဘက်သို့ ထွက်ပြေးခဲ့ရပြန်လေ၏။

လက်စွပ်ရှင်မှာလည်း ကျွန်ုပ်ယောင်သည်နှင့် တစ်ပြိုင်နက် လက်ကို ရုပ်၍ ခပ်ဝှက်ဝှက် ထားကာ ကျွန်ုပ်ကို မျက်စောင်းထိုး၍ ပါးစပ်က တစ်စုံတစ်ရာကို ဗျစ်တောက်ဗျစ်တောက် ပြောသည်ကို မြင်လိုက်ရ ၏။

မယ်တင်မှာ သော်ကား ကျွန်ုပ်သည် လူထူးလူဆန်း ဖြစ်ကြောင်း၊ လူရေးလူရာ များစွာ မကျွမ်းကြောင်း၊ တစ်ခါတစ်ခါ စကားမှားတတ်ကြောင်းများနှင့် လက်စွပ်ရှင်ကို ရှင်းပြတောင်းပန်နေလေသော ဟူ၏

*

ထိုနေ့သည် ကျွန်ုပ်အတွက် ပြဿဒါး မလွတ်လေသလားမသိ၊ ည အတန်မှောင်သောအခါ တူရိယာအသင်းတစ်ခု ရောက်လာလေ၏။ ကျွန်ုပ် မျက်လုံးပြူးသွား၏။

“ဟဲ့–မယ်တင်၊ ဒါတွေ ဘာလုပ်မလို့လဲ”

“သူတို့ တူရိယာအသင်းက အကူအညီအနေနဲ့ မသာလည်း စည်ကားအောင် တီးကြမှုတ်ကြမလို့တဲ့”

“ဟင်–မယ်တင်ရယ်၊ ငါသေသာ သေလိုက်ချင်တော့တာပဲ။ အတီးအမှုတ် အပျော်အရွှင်နဲ့၊ မသာနဲ့ မတော်ပါဘူးဟယ်၊ ပြီးတော့လည်း သူတို့ဟာ ကကြိုးတွေ၊ တီးလုံး အဆန်းတွေကို တီးကြမှုတ်ကြတာ၊ မတော်ပါဘူးဟယ်၊ မတီးပါစေနဲ့”

“သူတို့က စေတနာနဲ့ လာကူပြန်တော့လည်း ဘယ့်နှယ်လုပ်ပြီး တားဆီးမလဲ ဦးရဲ့”

ထိုအခါ ကျွန်ုပ်သည် “မယ်တင်ဟာ ငယ်ရွယ်သူဖြစ်တယ်။

ဆုံးမည့္သန်ကြားမယ့် လူကြီးသူကြီးလည်း မရှိရှာဘူး။ ငါပဲ အမုန်းခံမှ ဖြစ်တော့မှာပဲ”ဆုံးဖြတ်ပြီး ထိုတူရိယာဝိုင်းက လူကြီးကို ဘေးသို့ ခေါ်ယူ၍ မသင့်တော်ကြောင်း၊ သည်းခံစေလိုကြောင်း တောင်းပန်သောအခါ ထိုလူကြီး လုပ်သူသည် များစွာ မျက်နှာမသာဘဲ–

“ခုကာလမှာ တီးကြမှုတ်ကြတာပါပဲဗျာ၊ ခင်ဗျားကြီးတို့က နေရာတကာ ဝင်ဝင်ရှုပ်တာ သိပ်ခက်တာပဲ”ဆို၍ သူ့ဝိုင်းထဲသို့ ပြန်ဝင်သွားပြီး သူ့လူများကို ပြောကြားလေ၏။

တစ်ဝိုင်းလုံး မကျေနပ်ချေ၊ တော်တော် ခပ်ဆတ်ဆတ် သူငယ်များက “ကိုယ့်ဟာကိုယ် တီးတာ ဘာဖြစ်ရဦးမလဲ၊ တီးရုံမှုတ်ရုံတောင် မဟုတ်ဘူး။ ကတောင် ကဦးမယ်”ဟု ခပ်မာမာပြောဆိုကြလေသည်။

ထိုသို့ ကျွက်စီကျွက်စီ ဖြစ်နေစဉ် ကျွန်ုပ်သည် စစ်ကူမျှော်နေရတော့၏။ ကံအားလျော်စွာ ဓမ္မာရုံဝတ်အသင်းလူကြီး တစ်ယောက်နှင့် အသက်အတန်ကြီးသော မိန်းမကြီးတစ်ယောက်က ဝင်ရောက်၍ စင်စစ် မသင့်တော်ကြောင်း ပြောကြလေမှ ထိုဝိုင်းသားတို့သည် မိမိတို့ပစ္စည်းများကို ကောက်ယူကာ ခပ်ဆောင့်ဆောင့် ဆင်းသွားကြလေ၏။

ကျွန်ုပ်မှာလည်း ဖြစ်မှဖြစ်ရလေသည်ဟု စိတ်မကောင်းဖြစ်ကာ ယခင်ကောလိပ်ကျောင်းတွင်နေစဉ်က အောက်ပါအဖြစ်အပျက်တစ်ခုကို တွေးမိ၏။

*

ကျောင်းအားသော စနေနေ့ တစ်နေ့တွင် ကျောင်းအနီး ဓာတ်ရထားလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်၌ ကျွန်ုပ်သည် အဖော်သူငယ်ချင်း ကိုကျော်ညွန့်၊ ကိုချစ်တို့နှင့် လက်ဖက်ရည် သောက်နေကြရာ ဆိုင်းသံ ဗုံသံ စီညံစွာနှင့် မသာတစ်ခု ချလာ၏။ ရှေးဦးစွာ ဘုန်းကြီးပျံဟု ထင်မိ၏။

အနီးသို့ရောက်မှ လူမသာရိုးရိုးရှေ့တွင် ရှေ့ အိုးစည်ဝိုင်းက တပျော်တပါး ကြီး တီးမှုတ်ကခုန်၍ လာသည်ကို တွေ့ကြရ၏။

ကျွန်ုပ်တို့ သုံးယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်၍နေရာမှ ကျွန်ုပ်ကစ၍ "ဘယ့်နှယ်လဲဟေ့၊ ဒါဟာ အင်မတန်ဆိုးတာပဲ။ ဘာပဲဖြစ်ဖြစ်၊ တို့ထွက်တားရအောင်ကွာ"ဟု ဆို လိုက်ရာ သုံးယောက်သား သဘောညီ၍ ထိုအိုးစည်ဝိုင်းကို သည်းခံရန် တောင်းပန်ကြ၏။

ခေါင်းဆောင်လုပ်သူက "ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲ၊ ဘာလဲ ညာလဲ" စသည်ဖြင့် ရိုက်မောင်းပုတ်မောင်းပင် ပြုလုပ်ကြ၏။ ထိုသူတို့မှ အရက်နံ့၊ ကစော်နံ့လည်း ရ၏။

ထိုအခါ မသာရှင်ကလည်း နဂိုကပင် များစွာ သဘောမကျ လှလေရကား အိုးစည်ဝိုင်းကို မတီးမှုတ်ရန် တောင်းပန်၏။ ထိုအခါ အိုးစည်သားတို့သည် ဆက်လက် ရန်မမူတော့ဘဲ စိတ်လက်ဆိုးကာ သူတို့ဝိုင်းပါ ခုနစ်ယောက် ရှစ်ယောက်တို့သည် "မတီးမမှုတ် မကရရင် မလိုက်ဘူး"ဆိုကာ ထိုနေရာကပင် ပြန်သွားကြလေ၏။

ထိုအခါ မသာရှင်မှာလည်း မျက်နှာ ပိုမိုညှိုးငယ်လျက် ရှိလေရာ ငါတို့ကြောင့်ဖြင့် မသာမှာ လူမနည်းစေရဘူးဆိုပြီး သရေစာ စားနေကြ သော ကျောင်းသား ၁၀–၁၅ယောက် အနီးရှိ ကစားကွင်းမှ ၁၀–၁၅ ယောက် ပေါင်း ၃၀ခန့်တို့ကို စုရုံးခေါ်ငင်၍ ဝတ်လျက်ရှိသော အဝတ် အစားနှင့်ပင် ကြံတောသင်္ချိုင်းသို့အရောက် စိတ်ပါလက်ပါ ဣန္ဒြေ ရစွာဖြင့် မသာလိုက်ပို့ ကူညီခဲ့ကြဖူးပါ၏။

*

နောက်တစ်နေ့ မောင်နွဲ့၏မသာ ချ၍ သုသာန်သို့ရောက်ကာလ မျက်နှာ သုတ်ပဝါ ကမ်းနေသည်ကို တွေ့ရ၏။ စုံစမ်းကြည့်ရာ မယ်တင်၏လက် ချက်ဟု သိရ၏။

ကျွန်ုပ်သည် စောင့်ကြည့်ရာ လူ သုံးယောက် လေးယောက်သည် နှစ်ခါကျော့၍ မျက်နှာသုတ်ပဝါ ယူသည်ကို တွေ့ရ၏။

မသာကိစ္စပြီးသောအခါ ကျွန်ုပ် မပြန်သေးဘဲ ထိုလူ သုံးလေးယောက်ကို အကဲခတ်ကြည့်ရာ သူတို့လည်း ကျန်ရစ်သည်ကို တွေ့ရ၏။ တစ်ယောက်သို့ ကပ်၍ စုံစမ်းကြည့်ရာ သူတို့နှင့်တကွ သားမယားများပါ အလုပ်တစ်စုံတစ်ရာ မရှိ၊ အဝတ်အစားလဲ၍ သုသာန်အနီးတွင် စောင့်နေကြကြောင်း၊ အကမ်းအလှမ်းပါသော မသာတိုင်းမှ မသာပို့ယောင်ဆောင်၍ အကမ်းအလှမ်းတို့ကို ယူကြောင်းတို့ကို သိရ၏။

"တစ်နေ့ တစ်နေ့ကို အတော်စည်တယ်ဗျ။ အနည်းဆုံး သုံးလေးဦးတော့ ကျတာပဲ။ တစ်ဦးကိုတစ်ဦး အနည်းဆုံး မီးခြစ်၊ ဆေးလိပ်၊ ဆပ်ပြာတော့ ကမ်းတာပဲ။ ဒီတော့ တစ်နေ့ကို လူတစ်ယောက်အနည်းဆုံး ငါးမူးလောက်တော့ ဖြောင့်နေတာပဲ"ဟု နောက်ဆုံး ကြားသိခဲ့ရ၏။

ထိုသည့်နောက် ကျွန်ုပ်သည် ထို 'သေလာစား'တို့အကြောင်းကို တွေးတောကာ ခေါင်းငိုက်စိုက်နှင့် ပြန်ခဲ့ပါ၏။

*

ညအခါ မယ်တင်တို့ အိမ်သို့လာ၍ ၎င်းတို့၏ ဆွေမျိုးများနှင့် စာရင်းရှင်းကြ၏။ ကျွန်ုပ်က စ၍–

"မယ်တင်၊ အားလုံး ဘယ်လောက်ကုန်သလဲ၊ ပြီးတော့ အဲ အဲ...ကြွေးဘယ်လောက် တင်သလဲ"

"အားလုံး ၁၅၀လောက် ကုန်တယ်၊ ကြွေး ၇၀ ကျပ်လောက် တင်တယ်"

"နှင့်လက်ကောက်တွေကော"

"မျက်နှာသုတ်ပဝါ ကမ်းဖို့ မလောက်တာနဲ့ ပေါင်လိုက်ရတယ်"

"အင်း– ပြောလို့ မရတာတော့ မတတ်နိုင်ဘူး၊ ကိုင်း– ကြွေး ၇၀ ကျပ်တဲ့။ ဆွေမျိုးများက ဘယ်လို ပါဝင်ကြမယ်ဆိုတာ စီမံကြပါ တော့"

ထိုအခါ ဖိတ်စာတွင် အထည့်ခံရသော "ဂုဏ်ကြီး"ဆွေမျိုး အချို့က စုထည့်ကြသဖြင့် ၃၅ ကျပ်ခန့် ရ၏။ ကျန် ၃၅ ကျပ်မှာကား လက်ကောက်ရွေးရန်လည်း ပါကြောင်း ကျွန်ုပ်သိရသောအခါ–

"ကိုင်း–ငါက ငွေ ၃၅ ကျပ် ထည့်မယ်၊ အဲဒီငွေထဲက လက် ကောက်တွေ ရွေးပေးမယ်၊ ဘယ်မလဲ အပေါင်လက်မှတ်ပေး" ဆို၍ သူငယ်တစ်ယောက်အား ချက်ချင်း သွားရောက်ရွေးစေ၏။

ရောက်လာသောအခါ "ဒီလက်ကောက်တွေဟာ ငါရွေးပေး ရလို့ ငါ့လက်ကောက်တွေပဲ၊ ဒါကြောင့် ငါမသိဘဲ ငါ့အခွင့်မရဘဲ၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း မပြုပါဘူးလို့ မယ်တင်က ကတိဝန်ခံချက် ပေးရမယ်။ ဘယ့်နှယ်လဲ"

"ဟုတ်ကဲ့၊ ကျွန်မ ကတိပေးပါတယ်"

"ကိုင်း ရော့ ယူပေတော့"

*

စာရင်းများ ရှင်းပြီးနောက် လူခြေတိတ်သောအခါ မယ်တင်ကို အပူဖမ်း လေပြီ၊ လင်သား သေဆုံးသည့်အပြင် ရှိသမျှကိုလည်း "ပကာစန"တို့တွင် သုံးလိုက်လေရကား ခိုကိုးရာမဲ့ အလွန်အားငယ်နေရှာလေ၏။

"ဘယ့်နှယ့်လဲ မယ်တင်၊ ရှေ့ရေး စားရေး ဘယ်လို စိတ်ကူး သလဲ"

မယ်တင်သည် မျက်ရည်စမ်းစမ်းနှင့် "ကျွန်မမှာ ဘာမှမရှိတော့ ဘူး။ အားကိုးစရာ ဆွေကောင်းမျိုးကောင်းလည်း မရှိတော့ဘူး"

"နို့–နင့်ဖိတ်စာထဲက ဆွေမျိုးတွေကော"

"ဦးကလည်း သူတို့လာတောင် မလာကြဘူး။ လာတဲ့သူတွေ

မှာ လည်း သူတို့ဟာနဲ့ သူတို့အနိုင်နိုင်ပဲ။ ပြီးတော့ အရေးကြုံတော့လည်း ဘယ်သူမှ အားမကိုးရဘူး ဦးရဲ့"

"ကိုင်း–ဒါဖြင့် အားမငယ်နဲ့၊ ငါအကြံပေးမယ်၊ နင့်မှာလည်း တစ်ဝမ်းတစ်ခါးရယ်၊ ငါ့ဆီမှာနေလိုက နေနိုင်တယ်၊ နင့်မှာ ရွှေလက်ကောက် လေးရန်နဲ့ စိန်နားကပ်ကလေးတစ်ရန် ရှိတယ်မဟုတ်လား၊ ရွှေဆိုတာက ဘယ်တော့မှ အဖိုးမဆုံးဘူး၊ ကျစ်ကျစ်သိမ်းထား၊ စိန်ကတော့ အဖိုးဆုံးတတ်တယ်၊ အဲဒီတော့ နားကပ်ကလေးကို ရောင်း၊ ရသမျှကို တစ်ခုခု အရင်းပြုပြီး ရောင်းဝယ်ပေတော့၊ စားဖို့နဲ့ နေဖို့တော့ ငါ့တာဝန်ထားပေတော့၊ ကိုယ့်အခန်းကလေးနဲ့ ကိုယ်နေချင်သေးရင်လည်း နေတာပေါ့၊ မတတ်နိုင်တဲ့အဆုံးကျတော့ ငါ့ဆီမှာ လာနေနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဦးရယ်၊ ကျွန်မလည်း တတ်နိုင်သမျှ ကြိုးစားပါဦးမယ်၊ ကျွန်မဖြင့် ကြောက်သွားတာပဲ၊ နောက်ထပ် အိမ်ထောင် မပြုတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဟာ–အခု ကြည့်ပါလားဦးရဲ့၊ လင်သေတော့ ဒုက္ခတွေနဲ့၊ ကြွေးတွေနဲ့ ကျန်ရစ်ခဲ့တာ"

ထိုအခါ ကျွန်ုပ်က ပြုံး၍ "ကြွေးနဲ့ ဒုက္ခနဲ့ဆိုတာက အလျင်တင်ကူး ဆင်ခြင်စဉ်းစားပြီး စီမံရင် မတွေ့ရပါဘူးကွဲ့"

"ဟာ–ဘာပဲဖြစ်ဖြစ် နောက်ထပ် အိမ်ထောင် မပြုတော့ဘူး၊ အဟုတ်ကို မပြုတော့ဘူး၊ ဘုရားစူးရစေရဲ့ မပြုတော့ဘူး" ဟု စိတ်လိုက်မာန်ပါနှင့် ပြောလေ၏။

"ဟဲ့–နင့်ဟာက အချက် မဟုတ်သေးပါဘူး။ 'ပကာစန'တွေကို မပြုတော့ဘူးဆိုမှ သာပြီး အချက်ကျတယ်ဟဲ့"

"ဟုတ်ကဲ့ အဲဒီ 'ပကာစန'တွေလည်း စိတ်ပျက်ပြီး ကြောက်ပါပြီဦးရဲ့"ဟု ပြုံး၍ ပြောလိုက်လေသတည်း။

## မယ်ဒုက္ခ

ကျွန်ုပ်သည် တစ်ခါက ဟသ်ာတမြို့ပိုင် မဲဇလီကုန်းအရပ်ရှိ အိမ်တစ်အိမ်၌ တည်းခိုနေစဉ် နံနက် ၁၀နာရီအချိန်ခန့်တွင် မိန်းမ ရွယ်ရွယ်တစ်ယောက် အိမ်ရှေ့သို့ ရောက်လာ၍ အင်္ဂပူကို သိလျှင် ပြောစမ်းပါဟု ဆိုလာလေ၏။

ထိုမိန်းမမှာ အသက် ၂၅ နှစ် ကျော်မျှသာ ရှိသော်လည်း ၃၀ လောက် ထင်ရသည်။ အလွန့်အလွန် ဆင်းရဲသော သတ္တဝါဖြစ်လေသည်။ တစ်ကိုယ်လုံးမှာ လေးထည်သော အဝတ်တို့ဖြင့် ဖြစ်ကတတ်ဆန်း ဝတ်ဆင်၍ လာ၏။

အဝတ်လေးထည်ကား ဦးခေါင်းပေါ်၌ တင်လာသော စောင်တစ်ထည်၊ ၎င်းမှာ ဟောင်းနွမ်းကြာရှည်လေပြီဖြစ်သော်လည်း ဖွပ်လျှော်ခြင်းကို တစ်ခါတစ်ရံမှ အစော်မနံရလေ။

၎င်းနောက် ချွေးခံအင်္ကျီနှင့် အပေါ်ရင်ဖုံးအင်္ကျီတို့မှာ အညစ်ဆုံးသော ဖုတ်ရောင်ထလျက် ရှိ၏။ ထိုအင်္ကျီတို့မှာ အဆိုပါ မိန်းမ၏ ကိုယ်ခန္ဓာနှင့် မခွဲမခွာရသည်မှာ ကြာရှည်လှလေပြီဖြစ်၍ အမြွှာမြွှာ စုတ်ပြတ်နေလေပြီ။ ဤစုတ်ပြတ်ရာတို့လည်း မညီမညွတ် မလှမပသော ချုပ်ရိုးဖြင့် သီချုပ်ထားရကား ရှုံ့တွကောက်ကွေ့၍ အောက်မေ့တိုင်း စိတ်ပျက်စရာကောင်းသော အင်္ကျီ ဖြစ်လေသည်။

ထဘီမှာ ၎င်း၏ နဂိုအရောင်အဆင်းကို ဓာတ်ခွဲပညာဖြင့်လည်းကောင်း၊ ဗေဒင်ပညာဖြင့်လည်းကောင်း မည်သည့်နည်းနှင့်မျှ မသိနိုင်သော်လည်း ယခုမူကား ရွှံ့ပုပ်ရောင်ဖြစ်တော့သည်။ အဆိုပါထဘီမှာလည်း ထွားကျိုင်းသော ကိုယ်နှင့်မလိုက်၊ ဒူးအုပ်မိရုံသာရှိ၍ ဖြောင့်ဖြောင့် စုတ်သောအပြဲ၊ ကြေမွ၍ စုတ်သော အပြဲ၊ မီးပေါက်ကဲ့သို့ အသားထွင်း၍ စုတ်သော အပြဲစသည်ဖြင့် အပြဲအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်အပ်သည်

ဖြစ်၍ အထစ်အဖု စုရုံနှင့် ပြုပြင် ချုပ်လုပ်အပ်သော ဖာထေး ချုပ်စပ်ခြင်း ဝီရိယကြောင့်သာ ဝတ်စရာဖြစ်တော့သည်။ သို့မဟုတ်က ပစ်စရာသက်သက် ဖြစ်ချိမ့်မည်။

လူသဏ္ဌာန်ကား အသက် ၂၅ နှစ်ကျော်ရွယ်ရှိသော အပျိုဖြစ်၍ ကိုယ်လက် ကြီးမားထွားကျိုင်း၏။ မိုးဦးကျ၌ ပေါက်တတ်သော ဧရာမဝါးပိုးမှျစ်စို့ပေါက်ကြီးနှင့်လည်း တူ၏။ ရုပ်ရည်သဏ္ဌာန်မှာ သင့်ရုံရှိသော်လည်း လူမနီးသော တောကြီးအုံကြီး၌ နေရသူဖြစ်၍လည်းကောင်း၊ နေပူမိုးရွာမရှောင် အလုပ်လုပ်ရလေသဖြင့်လည်းကောင်း၊ ဟန်ပန်ပြုလိုသောစိတ်မရှိ၊ အရိုးအချာသက်သက် ဖြစ်လေသဖြင့်လည်းကောင်း သူ၏ ရုပ်မှာကြည့်စရာ များစွာ မကောင်းချေ။ သို့ရာတွင် ၃၁ဘုံ၌ ဖြစ်သမျှသော သတ္တဝါတို့သည် ဤဆင်းရဲရိုးအလှသော သူငယ်မကို မြင်ရလျှင် မသနားဘဲ မနေနိုင်ရာ၊ အထူးသဖြင့်ကား ဤမိန်းမပျို၏ ခေါင်း၌ ဆံတစ်ထွာသာသာလောက်သာရှိ၍ ဆံထုံးမထုံးနိုင်ချေ။ စု၍ ကြက်တောင်စည်းထားရ၏။ ဤသို့ ဆံပင်တိုရသည်မှာ အခြားမဟုတ်၊ ရှေးဦးစွာ၌ ဆံပင်သန်၍ကောင်းသော်လည်း၊ လိမ်းစရာ ဆီလည်း တစ်ကြိမ်တစ်ခါမျှ မဝယ်နိုင်လေ။ သို့ကြောင့် ဆံပင်ကို မရှင်းမလင်းနိုင်သဖြင့် ရှုပ်ထွေးပျစ်ခဲနေလေ၍ ဝါးပိုးခါးပန်းပေါ်မှာ တင်ပြီးလျှင် ဓားမကြီးနှင့် ဖြတ်တောက်ပစ်ရသောကြောင့် ဟူ၏။

၎င်းမိန်းမမှာ မဥလေးဟု အမည်တွင်၍ ဟသ်ာတ ကြံခင်းမီးရထားလမ်းရှိ အင်ပင်ဆိုသော ဘူတာမှ ဆင်းသွားရသော အလွန်ဝေးကွာသည့် ကပ်ခိုဆိုသော အရပ်၌ နေကြောင်း၊ မိဘများ သေဆုံးပြီဖြစ်၍ အစ်မများ မောင်များသာ ရှိသော်လည်း သူတို့ဆီ၌ မပျော်ပိုက်သဖြင့် ကရင်လင်မယားအိမ်၌ နေကြောင်း၊ ၎င်းမှာ သူများအိမ်၌ မျက်နှာငယ်စွာနှင့် နေရပုံ၊ နေထွက်က နေဝင်အထိ အလုပ်လုပ်သော်လည်းထမင်းမှ ဝအောင် မစားရပုံ၊ အဝတ်မှ လုံအောင် မဝတ်ရပုံတို့ကို ဤ

မိန်းမသာ စဉ်းစားတတ်ပါလျှင် အလွန် စိတ်ဝမ်းနည်းပေလိမ့်မယ်။ ယခုမူ ကား ပူရမှန်း ပင်ရမှန်း မသိတတ်ရှာလေ၊ ဤသို့ မသိသည်မှာ ခပ်ကောင်း ကောင်းပင်ဖြစ်တော့သည်။

တစ်ခါသော် ဆေးဆရာလင်မယားက မဲဇလီကုန်းအနီးရှိ သစ် ငုတ်တစ်ထောင်၌ ပဲများကောက်သော အလုပ်ရှိသည်။ လာလိုက်ခဲ့၊ အလုပ် လုပ်ရလျှင် အဝတ်အစားကလေးများ ဝယ်ရန် ရလိမ့်မည်ဟု ခေါ်လာရာ သစ်ငုတ်တစ်ထောင်သို့ ရောက်ကာလ မှန်းထားသော အလုပ်ကိုလည်း မလုပ်ရဖြစ်သဖြင့် စိတ်ညစ်ညစ်နှင့် ဒုံရင်းရွာသို့ ပြန်မည်ဟု မဲဇလီကုန်း က ဖြတ်၍ လာရလေရာ ကျွန်ုပ်နှင့် တွေ့ခြင်းဖြစ်သည်။

၎င်းမိန်းမမှာ စကားမှ လုံးစေ့အောင် မပြောတတ်လေ။ စကား တစ်ခွန်းတစ်ခွန်းကို တွေး၍တွေး၍ ပြောရ၏။ စိတ်ရှည်သောသူမှသာ သူနှင့်စကားပြောနိုင်ပေလိမ့်မည်။ မေးမြန်းသဖြင့် သိရသလောက်မှာ မိမိအရပ်သို့ မပြန်တတ်တော့ပြီ။ ဘယ်ရောက်နေမှန်းမသိ၊ မီးရထားလည်း မစီးတတ်ဖြစ်၍ နေသည့်အပြင် ထွက်လာစက ပိုက်ဆံဆယ်ပြားတိတိပါ ရှိလေရာ ယောက်မတော်သူကို ခြောက်ပြား ကြွေးဆပ်ခဲ့ရသည်မှတစ်ပါး ဆာလောင်လှသဖြင့် မုန့်ဟင်းခါး နှစ်ပြားဖိုးအထိ အဆစ်များများတောင်း ၍ စားခဲ့ရသဖြင့် နှစ်ပြားသော ပိုက်ဆံသာ ကျန်တော့သည်။ သို့ကြောင့် ရကား ခရီးဘယ်လောက်ပင် ဝေးစေကာမူ ခြေလျင်လျှောက်ရတော့မည်။ သို့လျှောက်ရမည်ဖြစ်ကလည်း ၂၅ မိုင်အောက် လျော့လိမ့်မည်မဟုတ်သည့် အပြင် လမ်းပန်းကလည်း တောကြီး မြက်ရှည်ဖြစ်၍ ကြမ်းတမ်းလှသဖြင့် ဤမိန်းကလေးသည် လမ်းမှာ တစ်နည်းနည်း ဒုက္ခရောက်ရှာချေတော့ မည်တည်း။

သို့ဖြစ်သော် ကျွန်ုပ်ကပင် သည်လိုနေလို့ဖြင့် နေရာကျမည် မထင်၊ မီးရထား စီးသွားပေတော့ဆို၍ ငွေတစ်ကျပ် ထုတ်ပေးလိုက်ရာ

အဘယ်နံရောအခါမှ ငွေဒင်္ဂါးတစ်ကျပ်ကို ကိုယ်ပိုင်အဖြစ်ဖြင့် မရဖူးလေသည်နှင့် ကျပ်ကျပ် ဆုပ်ကိုင်လျက် မျက်စိမျက်လုံးများ ကျယ်ဝန်း ကြည်လင်တောက်ပြောင် အရောင်တွေဝေ၍ ထွက်လာပြီးလျှင် ပါးစပ်ကိုသာ ဟလျက် ရှေးဦးစွာ ဘာမျှ မပြောနိုင်ပေ၊ ပြီးမှ မပီတပီ မရဲတရဲ ထစ်ထစ်ငေါ့ငေါ့နှင့်ပင် "ကျေးဇူးတင်လိုက်တာ"ဟူသော စကားကိုသာ ပြောနိုင်လေတော့သည်။ ထိုအခါ ကျွန်ုပ်တို့က ဆက်လက်၍ "အဲသည် ဒင်္ဂါးကို ဖျက်၍ ရထားစီး၊ အခမှာ တစ်မတ်လောက်သာ ပေးရလိမ့်မည်။ ကျန်သုံးမတ်ကို ထားလေ"ဟု ဆိုရာ "အို–ဒါဖြင့် သုံးမတ်တောင် ပိုတယ်၊ အင်္ကျီဖို့ ဖျင်ဆုတ်သွားမယ်နော်"ဟု ခပ်ဝဲဝဲ ပြောရာ အားလုံးက သနား ကြသဖြင့် အပျိုအရွယ်လည်း ဖြစ်၍ အဝတ်အစား လိုအပ်သည်ဟု ကျွန်ုပ် တို့ ထင်သည့်အတိုင်း အင်္ကျီတစ်ထည် ချုပ်ပေးလေသည်။ ရေမိုးချိုးပြီး နောက် အဝတ်တန်ဆာကို အောက်ပါအတိုင်း ခပ်မြိုင်မြိုင် ဆင်ယင်ပေး ကြလေသတည်း။

တည်းခိုနေသော အိမ်ရှင်၏ သမီးဖြစ်သူကလည်း သဒ္ဓါစေတနာ ကိုယ်ချင်းစာသဖြင့် လိုရင်းပဓာနဖြစ်သော ထဘီတစ်ထည်ကို ပေး၍ ဝတ်စေရာ ဝတ်နေကျအတိုင်း ဒူးအုပ်မိရုံကလေးသာ ဝတ်လျက် ထဘီနား ညီညီမကျဘဲ သီသီရီရီနှင့် ဒေါင့်တန်း ဆွဲနေ၏။ သို့ရာတွင် မနည်း ကြည့်ကောင်းလာ၏။ ၎င်းအလှူရှင်ကပင် ဘီးတစ်ချောင်း ထပ်၍ ပေးပေသေး၏။ ၎င်းနောက်မှ ချုပ်ပြီးသော အင်္ကျီသစ်ကို ရှိရင်းစွဲ အင်္ကျီများ အပေါ်က ထပ်၍ ဝတ်စေ၏။ အကြောင်းသော်ကား အင်္ကျီအဟောင်း ကို သိကြားနီကြီး ဆင်း၍ တောင်းသော်မှ ရနိုင်ဖွယ် မမြင်ချေ။

နောက်မှ ဦးခေါင်းကို တန်ဆာဆင်ပြန်၏။ တည်းခိုနေသော အိမ်က မိန်းမပျိုတစ်စုတို့သည် အဘယ်အခါကမှ ဆီမတွေ့ရဖူးသော ဆံပင်တို့ကို ခပ်ရွှဲရွှဲ ဆီလိမ်းပေးခြင်း၊ ဆံပင်တို့ကို အလယ်က ခွဲ၍ ဗိုလ် ကေ ခွဲ ခွဲ၍ ပေး၏။ ပြီးမှနောက်က ကြက်တောင်စု စည်းပေး၏ ကြက်

တောင်ကြီးကို အမှီပြု၍ ကံ့ကော်ပွင့် ၂၀ကျော်ကို ဟိုနယ်သည့်နယ် အလယ်က တစ်ထွေး၊ ဘေးဆီက တစ်ဖြာ၊ စီကာရီကာ ညီညာဆန်းဖြိုး စိတ်ကူးရတိုင်း အရမ်းထိုးထားသဖြင့် ညောင်ရေအိုးနှင့် တူသည်ဟု ဆိုချင်လျှင် ဆိုနိုင်၏။

ပြီးမှတစ်ဖန် မျက်နှာကို လိမ်းကျံရန် ရှိသေးသည်။ ဖွေးဖြူစွာသော မျက်နှာချေကို ညီညွှာသော အသားဖြင့် လိမ်းကျံထားသဖြင့် တခြားစီ နေကြသော်လည်း အသားအရေ အတန်ငယ်လတ်လာ၏။

ဤသို့လျှင် အကြင်သဘောဖြူသော တောသူမကလေးသည် သူတစ်ပါးသဘောကျအတိုင်း တန်ဆာဆင်ပြီး၍ အခန်းထဲမှ အပြင်သို့ ထွက်မည်ရှိရာ အပြင်က စောင့်ကြည့်နေသော သူများကလည်း သရဒအခါ တန်ဆောင်မုန်းလပြည့်နေ့ညဉ့်၌ တောင်ပေါ်က ကျော်ထွက်လာသော အထောက်မတန် ကြီးမား ပြောင်ရှန်းသည့် လဝန်းကြီးကဲ့သို့ပဲ ရှိလိမ့်မည်လား၊ သို့မဟုတ်ပါက ဆင်မယဉ်သာ လှမ်း၍ လာသကဲ့သို့ ဘယ်ညာနွဲ့သော ကိုယ်ဖြင့်ပဲ ထွက်လာမည်လား၊ သို့မဟုတ် ကျွဲ ကဆုန်ပေါက်သကဲ့သို့ အထောက်မတန် ဆူညံ မှောင်မှောင့် တဖောင့်ဖောင့်ပဲ ထွက်လာမလား၊ ထိုသို့မှ မဟုတ်ပြန်လျှင်လည်း မကြိုတ်ဆုံ ယိုးဒယားကသကဲ့သို့ ငြိမ့်ငြိမ့်အေးအေး ခပ်ဖြည်းဖြည်းပဲ လာမည်လား။ ဟိုလိုလား သည်လိုလား စမ်းတဝါးဝါး ထွေပြားသော အာရုံဖြင့် အကုန်စိုက်ကြည့်နေကြရာ မပဇာက လည်း ခန်းဆီးကို အသာမ ထွက်ကြွ၍ လာတော့မှ အရင်က တွေးကြတာ တစ်ခုမှ မဟုတ်ကြောင်း သိရ၏။ အကြောင်းသော်တမူကား ခပ်ရိုးရိုး သူလိုငါလိုပဲ ထွက်လာသောကြောင့်တည်း။

သို့ထွက်လာရာ သူ့ခမျာမှာ မာယာကို မသိတတ်၊ နပ်တယ် ဆိုတာ မကြားဖူး၊ ထူးထွေသော ဟန်ကိုလည်း နားမလည်၊ ပြယ်တယ်

တယ် ပြီတီတီ၊ မသဒီစရာလည်း မဟုတ်သော စင်းလုံးချော အရိုးသက်သက် ဖြစ်၍ မျက်နှာကို မထားတတ်၊ မျက်နှာကို ဖုံးလတ်၍ ပါးစပ်က ပြုံးချိုချို ရုက်စနိုးဖြင့် မိကံဆိုးသူငယ်မမှာ အနေရ ခွကျလေသတည်း။

ဤသို့ ခွကျတတနှင့်ပင် ဝိုင်း၍ စကားပြောနေကြကာ ဟိုမေးသည်မေးနှင့် ပျော်စရာကြီးပင် ဖြစ်၏။

သို့ရှိနေစဉ် အိမ်ရှင်အဒေါ်နှင့်တကွ အခြားသူများက မိမိတို့ အိမ်၌ နေမလားဟု မေးရာ မနေလိုကြောင်း၊ မိမိအရပ်မှလွဲလျှင် အခြား အရပ်တွေ မြို့တွေကို ဖွဲဆန်ကွဲထင်ကြောင်း၊ ၎င်းပြင် ဆက်လက်၍ ပြောသည်မှာ မိမိတို့ရွာ၌ တောကြီးအိုင်ကြီး ရှိ၍ ငါးသဲ့ရ–မျှားရသည်မှာ အလွန်ပျော်စရာကောင်းကြောင်း၊ ပုစွန်ဆိတ်ကလေးတွေ ခုန်ခုန်ပြေးသည်ကိုပင် ရှုမငြီးဖြစ်ကြောင်း၊ ငါးရှဉ့်တို့ကို သုံးပိုင်းလောက်ပိုင်း၍ ငရုတ်သီးထက်ပိုင်းကျိုးနှင့် ချက်၍ အားရပါးရ ပလုတ်ပလောင်းနှင့် လွေးသောအခါ ချိုင့်ချိုင့်မွှန်းအောင်မြိန်ကြောင်း။

ပီလော–ကဒတ်တို့ကို ခရုနှင့် နိုင်းချင်းရော၍ ဟင်းချိုချက်သောက်လိုက်ရလျှင် ဗိုက်ကို စူလာအောင် သောက်ကောင်းကြောင်း၊ ယခုကာလ အင်္ဂလိပ်ကျောင်းသားများ စကားပြောလျှင် လက်မကလေးကို ထောင်၍ စကားပြောသကဲ့သို့ လက်မကို စုံထောင်၍ သွားလေ့ရှိသော ပုစွန်လုံးများနှင့် ခြေမလောက်နီးနီး ရိုးတံကြီးသော ကန်စွန်းညွန့်တို့ကို ချဉ်ဟင်းချက်၍ သောက်လိုက်ရလျှင်လည်း "သြော်–မြို့သူမြို့သားများ ဒါမျိုး မစားရတတ်ပလေ၊ လူဖြစ်ရှုံးလေရဲ့"ဟု တမ်းတလောက်အောင် ကောင်းကြောင်း။

ထို့ပြင် မြို့ပြပြည်ရွာလို ဖုန်မှုန့်မထူ၊ ဆူဆူညံညံမရှိ၊ အလွန်အေးချမ်းပျော်မွေ့ဖွယ်ကောင်းကြောင်း စသည်ဖြင့် ပျော်ဖွယ်ရာတို့ကို အားရပါးရ အနားက မထနိုင်အောင် ပြောလေသဖြင့် ကျွန်ုပ်နှင့်တကွ အနားရှိလူတို့သည် ချက်ချင်းပင် မိမိတို့နေရပ်ကို စွန့်၍ ၎င်းမိန်းကလေး

ရွာသို့ လိုက်သွားကာ နေချင်သလိုလို ဘာလိုလိုတွေ ဖြစ်ကုန်လေ၏။

မိန်းကလေးကလည်း ကျေးချင် မွေးချင်ရှိလှ၍ ကျွန်ုပ်တို့ကို မကြာမကြာလိုက်ခဲ့ပါဟု ခေါင်ငင်ဖိတ်ကြားသမင့်လည်း အခွင့်မဆိုင်း မလိုက်နိုင်ကြောင်း တောင်းပန်ရ၏။ မိန်းကလေးမှာ ကျေနပ်ပုံမရ။

သို့နှင့် ညနေချမ်းရောက်လာလေ၏။ ထိုည၌ တန်ဆောင်းထဲတွင် တရားပွဲရှိ၍ သူလည်း အိမ်ရှင်သားသမီးတစ်စုနှင့် လိုက်လာလေသတည်း။ မိန်းမယောကျ်ားအများက ဝိုင်း၍ မေးကြ မြန်းကြ၊ ရယ်ကြမောကြနှင့် ခမျာသယ်မှာ ချာလည်ကြောင်ပတ်နှင့် စကားမပြောတတ် ရှိရှာလေသည်။ ၎င်းမိန်းကလေးမှာ မိမိနှင့် အရွယ်တူ သားသားနားနား အပျိုအရွယ်ကလေးများကို မြင်ရလျှင် "သြော်–သူတို့မှာ ချမ်းသာလိုက်တာ၊ လှလိုက်တာ"ဟု မြည်တမ်း၍ သူ့မှာ အံ့မဆုံးဖြစ်ရ၏။

ညအိပ်ချိန် ရောက်လာလေ၏။ ထိုအခါ ကျွန်ုပ်သည် သတိရ၍ "မနက်က ပေးထားသော ဒင်္ဂါးဘယ်မှာလဲ"ဟု မေးရာ "ရှိပါတယ်" ဆို၍ အတွင်းအိတ်ကို လက်နှင့် နှိပ်ထား၏။ "ရှိရင် ဘယ်မှာလဲ ပြပါ" ဆိုလျှင် "ရှိပါတယ်"သာ ပြန်ပြော၍ ထုတ်မပြလေ၊ စင်စစ်သော်ကား ကျွန်ုပ်ကိုပင် မယုံ့တယုံ ရှိလာပုံရသည်။

ဤဒင်္ဂါးသည် မိန်းကလေးအား တစ်ညလုံး ဒုက္ခပေး၏။ ကျွန်ုပ်တို့လည်း မှားပေသည်။ အကြောင်းကား ညအခါ၌ သူများအိပ်သော်လည်း သူမအိပ်နိုင်၊ တချွတ်ချွတ်နှင့် ကြား၍ စုံစမ်းကြည့်ရာ ဒင်္ဂါးထည့်ထားသော အတွင်းအိတ်ကို လက်တစ်ဖက်က အမြဲဆုပ်ကိုင်ထားလျက် သူခိုးဓားပြများကို ကြောက်လန့်သဖြင့် ခမျာမှာ မအိပ်ရဖြစ်လေသည်။

နံနက်မိုးသောက်သောအခါ မိန်းကလေးကို ဘူတာသို့ လိုက်ပို့ရန် ကိစ္စပေါ်လာလေ၏။ ကျွန်ုပ်ကလည်း မျက်နှာချေ လေးငါးထုပ်၊ လက်ကိုင်ပဝါကလေးတစ်ခု၊ အိမ်ရှင်များကလည်း ကုံကော်ပန်း၊ ငှက်ပျောသီး စသော စားဖွယ်သောက်ဖွယ်၊ လက်ဆောင်ပဏ္ဏာများ ပေးကမ်း၍

ကျွန်ုပ်တို့မိတ်ဆွေ လေး ငါးယောက် ဘူတာအထိ လိုက်ပို့၍ ရထားသို့ တင်လျက် ရထားစီးအဖော်တို့အား အင်ပင်ဘူတာသို့ကျလျှင် ဆင်းပါစေဟု အပ်ရ၏။ ရထားထွက်ခါနီး သူ့ခမျာမှာ လောကွတ်ကလည်း မတတ်၊ ကျေးဇူးတင်ပုံ၊ ဝမ်းမြောက်ပုံ၊ ခွဲခွာသွားရမည့်အတွက် ဝမ်းနည်းပုံများကို ပြောချင်လျက် မပြောတတ် မပြောနိုင်လေ။ သို့ရာတွင် အားလုံးက သိနားလည်ကြ၏။ မကြာမီ ရထားလည်း စ၍ ထွက်လေ၏။ ထိုမယ်ဒုက္ခလည်း ကျွန်ုပ်နှင့်တကွ မိတ်ဆွေများကို လှည့်ကြည့် လှည့်ကြည့်နှင့် ရထားနောက်သို့ ပါသွားရရှာလေသည်။

သံသရာကြီး၌ တွေ့ကြုံဆုံကွဲ မလွဲစသော ဓမ္မတာပင်ဖြစ်သဖြင့် ကျွန်ုပ်တို့မှာ ဝမ်းနည်းပက်လက် ကျန်ရစ်ကြရ၏။ သူ့ကို ချီးမြှောက်လို၍ ခေါ်သော်လည်း မိမိနေနေကျ နေရာက သင်းကလေး မခွာနိုင်ဖြစ်ရ၏။ သို့ရာတွင် ဤမယ်ဒုက္ခနှင့် ပတ်သက်၍ အောက်ပါတရားများ ရ၏။

(၁) ရိုးသားသောသူသည် ဆင်းရဲသော်လည်း သူတစ်ပါး ကြည်ညို၍ ချီးမြှောက်ခြင်းကို ခံရ၏။

(၂) ချမ်းသာသူကို တစ်စုံတစ်ရာပေး၍ မျက်နှာလုပ်ရသည်ထက် ဆင်းရဲသူကို ထောက်မရခြင်းသည် သာ၍ကောင်း၏။ အပေးခံရသူမှာ တစ်ပြားနှစ်ပြားကိုပင် အလွန်ထင်၏။ ပေးကမ်းရသူမှာ သဒ္ဓါလွန်ကဲ၍ အလွန်ဝမ်းမြောက်သွား၏။

(၃) နောက်ဆုံး၌ တွေ့ကြုံကြ၊ ကွဲကြ၊ ကွေကွင်းကြရမည် တည်း။ တရားနှင့် ဖြေရ၏။

ဤကား မယ်ဒုက္ခကို ဖွဲ့နွဲ့၍ ချဲ့ချဲ့ထွင်ထွင် ရေးခြင်းပင်ဖြစ်ပေသတည်း။

## အရက်သမား

အင်းစိန်မြို့နေ ကျောင်းဆရာမ မစိန်သည် ဆယ်တန်းနှင့် ဆရာဖြစ် စာမေးပွဲကို အောင်မြင်ပြီး ရန်ကုန်မြို့ ကျောင်းတစ်ကျောင်းတွင် အလုပ်လုပ်နေရာ တစ်နေ့၌ ကျောင်းဆင်း၍ ညနေ လော်ကယ်ရထားနှင့်ပြန်လာခဲ့၏။ ၎င်းစီးသော တွဲတွင် လူမများလှ၊ မနီးမဝေးခုံတွင် "ဗိုလ်ဆံတောက်" ခေါင်းစုတ်ဖွားနှင့် အဝတ်အစား မသပ်မရပ်သော လူရွယ်ရွယ် တစ်ယောက်ပါ၏။ အသက်ကား ၂၄နှစ်လောက် ရှိ၍ ဆရာမ မစိန်အောက် သုံးလေးနှစ်ငယ်ပုံရ၏၊ သမိုင်းဘူတာအနီးသို့ ရောက်သောအခါ လက်မှတ်စစ်တက်လာ၍ လက်မှတ်စစ်ရာ မကြာမီပင် ၎င်းလူကို ရထားခိုးစီးသည်ဟု ဖမ်းလေသည်။ မလိုက်ဘူး၊ လိုက်ရမည်ဟု ငြင်းနေစဉ် မစိန်က ဝင်၍ လက်မှတ်စစ်အား မိမိကပင် ကျသင့်သော လက်မှတ်ဖိုးငွေကို ပေးပါမည်ဆို၍ လက်ထဲသို့ ငွေထည့်ပြီး လက်မှတ်စစ်ကို လွှတ်လိုက်လေ၏။

"ရှင် ဘာဖြစ်လို့ ရထားခိုးစီးရသလဲ"

"ပိုက်ဆံ မရှိလို့"

"ဩော်–ဩော် ပိုက်ဆံမရှိရင် ခိုးစီးရရောလား"ဟု ဆရာသံဖြင့် ခပ်ထန်ထန်မေးလေသည်။

ထိုယောကျ်ားပျိုကား ဘာမျှ ပြန်မပြောဘဲ မျက်နှာအောက်ချ၍ အောက်သိုးသိုး လုပ်နေသည်။ အတန်ကြာမှ မစိန်က ဆက်၍–

"ဘယ်သွားမလို့လဲ"

"သွားချင်တာကတော့ ပြည်မြို့ကို ရောက်အောင်သွားချင်တာပဲ။ အင်းစိန်မှာ သူငယ်ချင်းတစ်ယောက်ရှိလို့ ပိုက်ဆံကလေးများ ရမလားလို့ အင်းစိန်ကို ဆင်းမလို့"

"ပြည်ကို ဘာလုပ်လဲ"

"အလုပ်ရှာရအောင်"

"ရှင် ဘာလုပ်တတ်သလဲ၊ ပညာဘယ်လောက်အထိ သင်ဖူးသလဲ"

ယောကျ်ားပျိုသည် ဆရာမမျက်နှာကို တစ်ချက် မော်ကြည့်ပြီး ဘာမျှပြန်မပြောဘဲ ငုံ့၍နေသည်။

"ဒီလူဟာ ဘယ့်နှယ်လဲ၊ မေးတာလည်း မပြောတတ်ဘူးလား၊ ရှင့်နာမည်ဘယ်သူလဲ"ဟု တပည့်တို့ကို ငေါက်နေကျအတိုင်း ခပ်ငေါက်ငေါက် မေးလေသည်။

ထိုလူပျိုသည် နာမည်ရင်းကို မပြောဘဲ လိမ်ပြောမည်ဟု ကြံထားသော်လည်း ဆရာမ၏ တည်ကြည်စူးရှသော မျက်လုံးတို့ကို မြင်၍ ဘာဖြစ်သွားသည်မသိရ၊ "ဘမြစ်"ဟု ထွက်သွားလေ၏။

"ရှင်–ဘာဖြစ်ဖြစ် လုပ်မလား"

ထိုအခါမှ အနည်းငယ် ပြုံးရွှင်လာ၍ "ဟုတ်ကဲ့၊ ဘာမဆို ကြိုးစားလုပ်ပါ့မယ်"ဟု ဖြေကြားလိုက်လေ၏။

"ကောင်းပြီ၊ ကျွန်မမှာ အဒေါ်တစ်ယောက်နဲ့ နေတယ်၊ ယောကျ်ားအဖော်အလျော် တစ်ယောက် အကူအညီဆိုသလို ရစေတော့ ကျွန်မတို့ဆီမှာနေမလား၊ ပန်းပင်တို့ဘာတို့ ရေလောင်း၊ ကျွန်မအဒေါ်ကို ကူညီညာလုပ်ဆိုသလိုပေါ့"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်အစွမ်းကုန် လုပ်ပါ့မယ်"

သို့နှင့် အင်းစိန်ဘူတာသို့ ဆိုက်လာ၍ ဘမြစ်သည် ကပျာ

ကယာ ထကာ ဆရာမ၏ ထီးတို့ လွယ်အိတ်တို့ကို ကောက်ယူလေ၏။ ဆရာမက "နေပါစေ၊ ကျွန်မ နိုင်ပါတယ်" ဆိုသော်လည်း ဘမြစ်က အတင်း ဆုပ်ကိုင်ထားသဖြင့် လုယူရန်လည်း မသင့်လျော်သည်နှင့် ဆရာမ က လက်လျှော့ပေးလိုက်ရလေ၏။

အိမ်ရောက်၍ အဒေါ်အား အလုံးစုံ ပြောကြားပြီး မိမိတို့အိမ် ဘေးရှိ မာလီခြံတဲကလေး၌ နေစေ၏။

မစိန်တို့အိမ်မှာ ဘူတာရုံနှင့် မနီးမဝေး လမ်းကြားထဲတွင် ရှိ၍ သစ်သားတစ်ထပ်အိမ် ခြံမိုးခြံပတ်လည်ရှိ၏။ ခြံတွင်း၌ ဟင်းသီး ဟင်းရွက်ပင်၊ အလှပန်းပင်များ ရှိ၏။

ဘမြစ်သည် ယခု အသက် ၂၄နှစ်အထိ ယခုနေရာ ယခုအခါ လောက် တစ်ခါဖူးမျှ ပျော်မွေ့ခြင်း မရှိခဲ့ချေ။ နံနက်စောစော ထ၍ ခြံ တွင်းရှိ ရေတွင်းနှုတ်ခမ်းတို့မှ သောက်ရေ သုံးရေတို့ကို ခပ်၏။ ခြံတွင်း ရှိ သစ်ပင်၊ နွယ်ပင်၊ ပန်းပင်တို့ကို ရေလောင်း၏။ ထို့ကြောင့်လည်း မစိန် တို့ အိမ်ကို ရေပေးနေကျ ပါနီဝါလား ဂန်ဂရား၏ မနာလို မုန်းထားခြင်း ကို ခံရ၏။ မစိန်၏အဒေါ် ချက်ရာပြုတ်ရာ၌ ကူညီသည့်အပြင် ဈေးဝယ် ပင် သွားလိုက်နိုင်သေး၏။ မစိန်ကျောင်းတက်ချိန်၌ ဘူတာသို့ လိုက်ပို့ ခြင်း၊ အပြန်ကြိုခြင်းကိစ္စတို့မှာလည်း အမြောက်ပစ်သော ကုလား၏နာရီ ကဲ့သို့ပင် မှန်လေ၏။

မစိန်တို့ တူဝရီးမှာ မောင်တစ်ယောက်၊ တူတစ်ယောက် ရသည် ဟု ကျိတ်၍ ဝမ်းသာနေကြလေ၏။ သို့ရာတွင် မစိန်ကား ဘမြစ်အား မျက်နှာမှန်မှန်ပင် ထား၏။ အဒေါ်လုပ်သူကပင် ဝင်၍ "ညည်းက အေ မျက်နှာထားကြီးနှင့် မနေပါနဲ့"ဟု ပြောရသော ဟူ၏။

*

ဘမြစ်၏ နေရပ်၊ မိဘစသည်တို့ကို မေးသော်လည်း မရချေ၊ ပေတေတေ

လုပ်နေတတ်၏။ သို့ကြောင့်လည်း ဆရာမသည် အကဲအလေးကို အထူး ပိုမိုဂရုစိုက်၍ ကြည့်နေ၏။ ဆရာမက ဈေးသုံး တစ်နေ့သုံးပဲ၊ တစ်မတ် ပေးတတ်၏။ ဘမြစ်သည် မကြာမကြာ ဆရာမကို တိုင်၍ ရန်ကုန်ဘက် သို့ လာတတ်၏။ တစ်ခါတစ်ရံ ကြားဖောက်၍ ဆရာမ မသိဘဲလည်း လစ်တတ်၏။ သို့ရာတွင် မိမိလုပ်နေကျ အလုပ်ကိုကား တစ်စုံတစ်ရာ အလစ်ဟင်းမခံချေ။

တစ်ခါသော် ထိုသို့ ရန်ကုန်ဘက်သွားနေခိုက် ဆရာမသည် ဘမြစ်၏ တဲရုံထဲသို့ ဝင်ကြည့်ရာ မြန်မာသတင်းစာ၊ အင်္ဂလိပ်သတင်း စာအဟောင်းများကို တွေ့ရ၏။ နောက်တစ်နေ့ ဘမြစ်သည် တံခါးပိတ် ၍ အင်္ဂလိပ်သတင်းစာတစ်ခုကို ဖတ်နေရာ ဆရာမက အပြင်က ချောင်း ကြည့်၍ မြင်ရမှ "အင်း–အာဂလူပါကလား"ဟု တွေးထင်မိ၏။ ပြီးမှ ဟန်လုပ် ချောင်းဟန့်ပြီး "ကိုဘမြစ်–တံခါးဖွင့်စမ်း၊ နေ့ခင်းကြီး တံခါး ပိတ်ပြီး ဘာလုပ်နေသလဲ"ဟု မေးလေ၏။

ထိုအခါ ဘမြစ်သည် ကပျာကယာ အရုပ်ပါသော မျက်နှာသို့ လှန်၍ "သြော်–ကျွန်တော် အရုပ်တွေ ကြည့်နေပါတယ်"ဟု ပြန်ပြော လိုက်၏။

ဆရာမသည် ထပ်မံစုံစမ်းလိုသည်နှင့် တစ်နေ့၌ မိမိစားပွဲပေါ် တွင် အင်္ဂလိပ်စာအုပ်သုံးလေးအုပ် တင်ထားခဲ့ပြီးလျှင် ကျောင်းတက်ရန် ဟု ထွက်လာ၍ အိမ်ဝအပြင်သို့ ရောက်မှ "သြော်–ကိုဘမြစ်၊ ကျွန်မစာအုပ် စားပွဲပေါ်မှာ မေ့ကျန်ရစ်တယ်။ ကပျာကယာပြေးပြီး ယူပေးစမ်းပါ၊ စာ အုပ်က 'မိုင်းဒ်ရိဒိန်' (Mind Reading) ခေါ်တယ်"ဟု ခိုင်းလိုက်လေ၏။

ဘမြစ်မှာ အမှတ်တမဲ့ဖြစ်၍ စုံစမ်းမှန်းမသိဘဲ ကပျာကယာ ပြေး၍ အလွယ်နှင့်ပင် ထိုအင်္ဂလိပ်စာအုပ်ကို ယူ၍ ပေးလိုက်လေ၏။ ဆရာမက ပြုံး၍ "ကျွန်မ မောင်ကလေး အတော်သားပဲ။ အင်္ဂလိပ်စာ သင်ရင် မြန်မြန်တတ်မှာပဲ" ဟု ပြောလိုက်၏။

ထိုအခါ ဘမြစ်သည် သတိရ တွေးမိ၍ "အင်း–ပထမ နာမည် ပေါ်တယ်။ အခု အင်္ဂလိပ်စာတတ်တာ ဒုတိယပေါ်ပြန်ပြီ၊ ငါတော့ ဒုက္ခပဲ"ဟု တွေး၍ ပူပန်မိလေ၏။

အလုပ်ကို အကြွေးမထား လက်ငင်းလုပ်တတ်သော မစိန်သည် ၎င်းညနေ ထမင်းစားပြီးနောက် "ကိုဘမြစ် လာဦး၊ မေးစရာ ရှိတယ်"ဟု ခေါ်၍ မိမိကား ဆရာမပီပီ စားပွဲအနီး ကုလားထိုင်တွင် ထိုင်ကာ ဘမြစ်ကို တပည့်သူငယ်ကဲ့သို့ အနီးတွင် မတ်တတ်ရပ်နေစေ၏။

"ကိုဘမြစ်– မေးရင် မှန်မှန်ပြောမလား"

"ဟုတ်ကဲ့–အင်း၊ ပြောရတာပေါ့"

"အင်္ဂလိပ်စာ ဘယ်နှတန်းအောင်ခဲ့သလဲ"

"အိုင်အေ"

"ဘယ်လောက်ကြာပြီလဲ"

"နှစ်နှစ်ကျော် ရှိပြီ"

"နှစ်နှစ်ကျော်အတွင်း ဘာလုပ်နေသလဲ"

အတန်ကြာ တွေနေပြီးမှ ဆရာမမျက်နှာကို တစ်ချက်စိုက်ကြည့်၍ "ဘီအေကို ဆက်သင်နေတယ်၊ စာမေးပွဲမအောင်ခဲ့ဘူး"

"အိုင်အေအထိ စာမေးပွဲကျခဲ့ဖူးသလား"

"မကျခဲ့ဖူးဘူး"

"ဘီအေကျမှ ဘာဖြစ်လို့ မအောင်ရသလဲ"

ထိုအချက်ကို ဘမြစ်သည် တစ်စုံတစ်ရာ ပြန်မဖြေဘဲ မျက်နှာအောက်ချ၍ နေသည်။

"ကောင်းပြီ၊ မပြောချင်ရင် နေပါ၊ နို့ပေမဲ့ ကျွန်မဟာ ဘယ်လိုမိန်းမစားဆိုတာ သိတယ်မဟုတ်လား။ ရှင် မပြောပေမယ့် သိအောင် စုံစမ်းနိုင်တဲ့ မိန်းမလို့ မှတ်ပါ။ ဒါပဲ ကိုင်း–သွားတော့"

ဘမြစ်သည် မိမိတဲဘက်သို့ ခြေလှမ်းနှေးနှေးဖြင့် လျှောက်ခဲ့ ၏။ "အင်း–ပထမနာမည်၊ ဒုတိယ အင်္ဂလိပ်စာတတ်တာ၊ အခု တတိယ အိုင်အေ အောင်တာ ပေါ်လေပြီ၊ နောက် မကြာခင် ငါ့အကျင့်တွေ ပေါ် တော့မှာပဲ။ ပေါ်တာက အရေးမကြီး၊ ပေါ်ရင်တော့ ငါ့ကို နှင်ထုတ်မှာက အရေးကြီးတယ်" ဟု အမျိုးမျိုးတွေး၍ စိတ်မအေး လက်မသာ ရှိရှာရ လေ၏။

*

ဤသည့်နောက် နှစ်လလောက် အကြာတွင် ဆရာမက ဖန်တီးကြံစည် ပေး၍ မိမိလုပ်သော ကျောင်းမှာပင် အထက်တန်းပြဆရာအလုပ်ကို သေချာလေ၏။ ထိုသို့ စီမံခဲ့ပြီးမှ ဆရာမက–

"ကိုဘမြစ်၊ အခု အလုပ်လုပ်ရမယ်"

"ဒါ–အဆန်းလားဗျ၊ ကျွန်တော် အခု အလုပ်လုပ်နေတာပဲ၊ မကျေနပ်တာ ရှိရင် ပြောပါ"

"အိမ်အလုပ်ကို ပြောတာမဟုတ်ဘူး။ ကျောင်းဆရာ အလုပ်လုပ်ရမယ်"

"ဟိုက်...ဟာ...မလုပ်ချင်ဘူးဗျာ"ဆို၍ အတော်မျက်နှာပျက်သွား၏။ အကြောင်းကား မိမိဆရာအလုပ်ရလျှင် မိမိ၏ ဇာတိ၊ အဖြစ်အပျက်၊ အကျင့်စာရိတ္တတို့ ပေါ်မည်ကို စိုးရိမ်သောကြောင့်တည်း၊ စင်စစ်သော်ကား ယခုလက်ရှိအလုပ်သည် လောကနိဗ္ဗာန် အကောင်းဆုံးအချမ်းသာဆုံးဟု ထင်နေသောကြောင့်တည်း။

"ဘာမလုပ်ချင်ဘူးလဲ။ လုပ်ရမယ်၊ စကားမရှည်နဲ့၊ အားလုံး ပြောဆိုစီမံခဲ့ပြီ"

"မလုပ်ပါရစေနဲ့ ဆရာမရယ်၊ အခုလက်ရှိအလုပ်ကို ကျွန်တော် အင်မတန်မြတ်နိုးပါတယ်"

"အခု အလုပ်လည်း လုပ်ရမယ်။ ဆရာအလုပ်လည်း လုပ်ရမယ်"

"ကျွန်တော် လူထဲကို မတိုးပါရစေနဲ့ခင်ဗျာ၊ ကျွန်တော့်ကို သနားပါ"

"သနားလို့ လူထဲ တိုးဝံ့အောင် စီမံခဲ့တာရှင့်။ လူထဲ မတိုးဝံ့တဲ့ အကြောင်းလည်း မပြောဘဲကိုး၊ ဘာပဲဖြစ်ဖြစ်၊ ရှင် အခု ဆရာအလုပ်ကို လုပ်ရမယ်၊ မလုပ်ရင် အိမ်မှာ မထားဘူး။ ခပ်ရှင်းရှင်းပဲ"(ခပ်ဆတ်ဆတ် ပြောသည်။)

ဘမြစ်မှာ အတန်အကြံရကျပ်သွား၏။ အခြားအကြောင်းတို့ထက် ဆရာမ၏ အိမ်၌ မနေရမည်က အရေးအကြီးဆုံး ဖြစ်နေလေသဖြင့် မငြင်းနိုင်တော့ဘဲ "ခုအခါတော့ ဆရာမတို့က နိုပ်စက်နိုင်တဲ့ အခါကို ကျွန်တော်မငြင်းဝံ့တော့ပါဘူး။ ခိုင်းတာ လုပ်ရမယ့်လူ ဖြစ်နေပါတယ်" ဟု ခနဲ့တဲ့တဲ့ ပြော၍ တဲကုပ်ဘက်သို့ ခပ်ဆောင့်ဆောင့် နင်း၍ ပြန်ခဲ့လေ၏။ နံနက် ကျရောက်ကာလ ဆရာမသည် တဲကုပ်ဘက်သို့ လာ၍ "ကဲ–ဟောဒီမှာ အဝတ်အစားတွေ၊ ခုမနက် ကျောင်းတက်ရမယ်"ဆို၍ မိမိဝယ်ထားသော ပုဆိုးသစ်၊ ပဝါသစ်၊ အင်္ကျီသစ်တို့ကို ပစ်၍ ပေးလိုက်၏။

ဘမြစ်ကား ကြည့်ရုံကြည့်လိုက်၏။ မလှုပ်ချေ။ ဘုတာရုံသို့ သွားချိန်ကျ၍ ဆရာမက ခေါ်သောအခါ ဘမြစ်သည် ရှိရင်းစွဲ အဝတ်အစားနှင့်ပင် ထွက်လာခဲ့လေ၏။

ထိုအခါ ဆရာမသည် စိတ်ထွက်လာ၍ "ဒါ–ဘာလုပ်တာလဲ၊ ဘာဖြစ်လို့ ကျွန်မပေးခဲ့တဲ့ အဝတ်အစားကို မဝတ်သလဲ၊ ဘာမှတ်လို့လဲ၊ လာ အခုလဲရမယ်"ဆို၍ ပြောပြောဆိုဆိုနှင့် ဘမြစ်ကို အတင်းဆွဲ၍ တဲကုပ်တွင်းသို့ ခေါ်ခဲ့၏။ အဒေါ်လုပ်သူကမြင်၍ "ဟယ်–မယ်စိန်ကလည်း ဒီလို မလုပ်ပါနဲ့"ဆို၍ ဆင်းလာပြီးလျှင် ဘမြစ်ကို မစိန်လက်ထဲက ဆွဲလုပြီးမှ "ငါတူကလည်းကွယ်၊ အလုပ်ကို သွားရမှာပဲ၊ အဝတ်အစားလဲမှပေါ့"

ဟု ချော့နေစဉ် မစိန်က "ကဲ–ရထားမမီဘဲ နေမယ်၊ အခုလဲ"ဆို၍ အင်္ကျီကို အတင်းချွတ်၍ အတင်းစွပ်ပေး၏။ ပုဆိုးကိုလည်း အတင်းချွတ်၍ ဝတ်ပေးမည်လုပ်ရာ ဘမြစ်က ပြုံးပြ၍ ဖယ်ပါဗျာ၊ ကျုပ်ဘာသာကျုပ် ဝတ်ပါ့မယ်"ဆို၍ တဲကုပ်အတွင်းခန်းသို့ ဝင်၍ အဝတ်အစားဝတ်၏။ ခေါင်းပေါင်းအုပ်ပေါင်းကို ယခု မစိန်တို့ အိမ်ရောက်မှ ပထမအကြိမ် ပေါင်းခြင်းဖြစ်၏။

ဝတ်စားပြီး၍ ထွက်လာသောအခါ တူဝရီးနှစ်ယောက်မှာ အံ့အားသင့်သွား၏။ "တောင်းမှာအကွပ်၊ လူမှာ အဝတ်"ဆိုသကဲ့သို့ ယခုကဲ့သို့ သန်မာထွားကျိုင်း ခံ့ညားသော လုလင်ပျိုတစ်ယောက်သည် ကောင်းမွန်သော အဝတ်အစားကို သပ်ရပ်ကျနစွာ အချိုးကျစွာ ဝတ်ဆင်လိုက်သောအခါ များစွာ ကျက်သရေ ရှိ၍ ကြည့်မငြီး ဖြစ်ရ၏။

ဆရာမ မစိန်ကား "အင်း–ကိုယ့်လူ အဟုတ်ကြီးပါတကား"ဟု ပထမအကြိမ် စိတ်တွင် ဖြစ်ပေါ်မိ၏။ သို့ရာတွင် မျက်နှာကို တည်တည်ပင် ထားလိုက်၏။

ထိုနေ့ နှစ်ယောက်အတူ ကျောင်းတက် ကျောင်းဆင်းကြရလေ၏။

*

ထိုသည့်နောက် နှစ်ပတ်လောက်အကြာ တနင်္ဂနွေနေ့တစ်နေ့တွင် ဘမြစ်သည် မိမိ၏ တဲကုပ်၌ တံခါးပိတ်၍အိပ်နေရာ ညငါးနာရီအထိ မထသည်နှင့် မစိန်တို့ တူဝရီးနှစ်ယောက် သွားရောက်ကြည့်ရှုရာ အပြင်က နှိုး၍ မရသည်နှင့် တံခါးကို ဖျက်၍ ဝင်ကြ၏။ အတွင်းသို့ ရောက်သော် ဘမြစ်၏ ကိုယ်မှ အရက်နံ့နှင့်တကွ ပါးစပ်က အမြှုပ်များ ထွက်လျက် မူးယစ်အိပ်မောကျနေသည်ကို တွေ့ရလေ၏။

ထိုအခါ မစိန်တို့မှာ အံ့သြခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် ရောလျက်

မျက်ရည်များပင် ကျမိ၏။ မစိန်၏ စိတ်တွင် ရထားပေါ်၌ တွေ့စက ဘမြစ်၏ ခေါင်းစုတ်ဖွားနှင့် ရုပ်ပုံကိုလည်းကောင်း၊ စာမေးပွဲကျခြင်း၏ အကြောင်းကိုလည်းကောင်း၊ မိမိအိမ်သို့ရောက်မှ မကြာမကြာ အခွင့် တောင်း၍ဖြစ်စေ၊ မတောင်းဘဲနှင့်ဖြစ်စေ ရန်ကုန်ဘက်သို့ ခဏခဏ လစ် သွားသည်ကိုလည်းကောင်း ဆက်၍ဆက်၍ တွေးမိလေ၏။

"ကိုင်း–အဒေါ် အိပ်ပေစေ၊ အိပ်ရာက နိုးမှပြောမယ်"ဆို၍ မစိန် တို့ ပြန်ခဲ့ကြ၏။ ၎င်းည မစိန်တို့ ထမင်းမစားနိုင်ချေ။

နံနက်သို့ ကျကာလ ဘမြစ်နိုးသောအခါ ယီးတီးယားတားဖြစ် နေပြီးလျှင် တံခါးပျက်စီးနေသည်ကို တွေ့ရမှ "အင်း–ပထမ နာမည်၊ ဒုတိယ အင်္ဂလိပ်စာတတ်တာ၊ တတိယ အိုင်အေအောင်တာ၊ စတုတ္ထ ငါ အရက်သောက်တတ်တာ ပေါ်ကုန်ပြီ၊ အခု ငါ့အကျင့်ဆိုး ပေါ်တော့ ငါ့ကို နှင်ထုတ်ဖို့ပဲ ရှိတယ်။ ငါ့တစ်သက်မှာ လောကနိဗ္ဗာန်လို့ ထင်ထားတဲ့နေရာ က ထွက်သွားရမှာ ငါအစိုးရိမ်ဆုံးပဲ"ဟု တွေးနေစဉ် "ကိုဘမြစ်၊ လာဦး" ဟူသော အမိန့်သံကို ကြားလေရာ ထိပ်ထက် မိုးကြိုးကျသကဲ့သို့ ပြင်းစွာ တုန်လှုပ်၍ အပြစ်ရှိသောတပည့်သည် ဆရာရှေ့မှောက်သို့ ရောက်သကဲ့ သို့ တုန်လှုပ်သောကိုယ်စိတ်ဖြင့် ဆရာမရှေ့သို့ ရောက်လာလေ၏။

မစိန်၏ မျက်နှာမှာ ခါတိုင်းကဲ့သို့ တင်းမာသော မျက်နှာထား မဟုတ်တော့ဘဲ ညိုးငယ်ပူပန်သော မျက်နှာတွင် မျက်ရည်စမ်းစမ်းဖြင့် ရှိလင့်၏။

"ကိုင်း–ကိုဘမြစ်၊ ကျွန်မတော့ အတော်ဝမ်းနည်းသွားတာပဲ။ ဒေါသလည်းဖြစ်မိတယ်။ ပထမတော့ နှင်ထုတ်မယ်လို့ စိတ်ကူးမိတယ်။ သို့သော် ကျွန်မပြုပြင် စီရင်ပေးလို့ အတော်နေရာကျလာမှ မလုပ်ရက် တာနဲ့ ရှင့်ကို အချိန်ပေးမယ်၊ ကိုင်း ဒီအရက်သောက်တဲ့ အကျင့်ကို ဖြတ် မလား၊ ဒီအိမ်က ထွက်သွားမလား၊ တစ်ခုခုကို ရွေးပေတော့"

ဘမြစ်မှာကား နှင်ထုတ်တော့မည်ဟု တထစ်ချ ယုံကြည်ထားရာ ယခု ရွေးဖို့ အချိန်ပေးသည်ကို များစွာ ကျေးဇူးတင်လျက် အားတက်ပြီးကာ နှုတ်မလေးဘဲ "ကျွန်တော် အရက်သောက်တဲ့ အကျင့်ကို ဖြတ်ပါမယ်"ဟု ဝန်ခံလိုက်လေ၏။

*

ထိုသို့ ဝန်ခံပြီးသော်လည်း နှစ်နှစ်သုံးနှစ်မျှ စွဲလမ်းခဲ့သော အကျင့်ဆိုးကို ထင်သလောက် မဖြတ်နိုင်ချေ။ စိတ်ကို တင်းပါသော်လည်း ခုနစ်ရက်ခန့် အကြာ၌ အရက်ဆိုင်ဘက်သို့ လှည့်မိ၏။ နောက်ခုနစ်ရက်ခန့်အကြာ၌ အရက်ဆိုင်အနီးသို့ ရောက်မိ၏။ နောက်တစ်ပတ်၌ ဆိုင်တွင်းသို့ ရောက်ပြီးမှ စိတ်ကိုတင်း၍ ထွက်ခဲ့ရ၏။ မကြာမီ အရက်၏ ဘေးရန်ကို ခုခံနိုင်တော့မည်မဟုတ်ကြောင်း သိရလေ၏။

သို့ရာတွင် ဘမြစ်တို့ မစိန်တို့၏ ကုသိုလ် လှုံ့ဆော်လာသည်လား မသိရ၊ တစ်နေ့၌ ဘမြစ်သည် ကျောင်းတွင် ငါးတန်း၌ မြန်မာဘာသာဆင်း၍ ပြရ၏။ ဘမြစ်သည် စာသင်လိုသောစိတ် မရှိသည်နှင့် အတန်းသားတို့အား မြန်မာစာစီစာကုံး ရေးစေ၏။ ဘာအကြောင်းဟူ၍ ပင် တွေးမရသည်နှင့် "မင်းတို့ အခုနှစ်ရက်၊ သုံးရက်အတွင်း တွေ့ကြုံခဲ့တဲ့ မှတ်သားစရာတစ်ခုခု၊ ဘာဖြစ်ဖြစ် စာ ၁၀ ကြောင်း၊ ၁၅ ကြောင်းလောက် ရေးချင်တာရေး"ဟု မသေမချာပင် ခိုင်းလိုက်၏။

အချိန်စေ့၍ စာစီစာကုံး စာအုပ်တို့ကို စု၍ အိမ်သို့ ယူခဲ့၏။ ညအခါ၌ ပြင်ရန်ဟု ကြည့်ရှုရာ သုံးလေးအုပ်အပြီးတွင် လှလှ ဆိုသော မိန်းကလေးတစ်ယောက်၏ စာစီစာကုံးသို့ ရောက်လာလေ၏။ ထိုစာကား အောက်ပါအတိုင်း ဖြစ်၏။

## အရက်သမားကြီးအကြောင်း

"ကျွန်မတို့ အိမ်အနီးတွင် အရက်သမားကြီးတစ်ယောက် ရှိ

၏။ မနေ့က သူသည် အလွန်အရက်မူးလာပြီးလျှင် မယားရော၊ ကလေးတွေကိုရော ကြိမ်လုံးကြီးနှင့် ရိုက်လေသည်။ ကျွန်မဖြင့် အင်မတန်ကြောက်၍ အသားများတောင် တုန်ပါသည်။ လူ့ပြည်မှာ အရက်သမားသည် အမိုက်ဆုံးဖြစ်ပါသည်။ အရူးဆုံးလည်း ဖြစ်ပါသည်။ ထိုလူကြီးမှာ အဝတ်အစားကိုပင် မနိုင်ဘဲ မုန်းစရာကြီး၊ ကြောက်စရာကြီး၊ ရွံစရာကြီး ဖြစ်ပါသည်။ ကျွန်မဖြင့် အရက်သမားအိမ်အနားမှာ မနေပါရစေနှင့်၊ အမျိုးထဲမှာ အရက်သမား မရှိပါစေနှင့်၊ အရက်သမားအဖေ၊ အရက်သမားမောင်၊ အရက်သမားလင်၊ အရက်သမားသား မရှိပါရစေနှင့်ဟု ဘုရားရှေ့မှာ ဆုတောင်းမိပါသည်…"

ဘမြစ်သည် မြန်မာစာပေကိုလည်း အတန်လိုက်စားသောသူဖြစ်၍ စာပေကျမ်းဂန်တို့၌ အရက်၏ အပြစ်အမျိုးမျိုးကို တွေ့ဖူးလှလေပြီ။ ဆရာသမား ဘုန်းကြီးတို့က ဟောပြောသည်ကိုလည်း နာခဲ့ရလှလေပြီ။ မိမိ၏ မျက်မြင် အရက်သမားတို့ ပျက်စီးကြသည်ကိုလည်း တွေ့ခဲ့ရဖူးလေပြီ။ မိမိကိုယ်တိုင် ဘယ်အထိ ပျက်စီးသည်ကိုလည်း ကိုယ်တွေ့ဖြစ်တော့သည်။ ထိုသို့ အမျိုးမျိုးကြားဖူးမြင်ဖူးပါသော်လည်း တရားမကျနိုင်၊ အမြစ်မပြတ်နိုင် ဖြစ်ခဲ့ရ၏။ ယခု ငါးတန်းသူ အသက် ၁၂နှစ်ရွယ် သူငယ်မကလေး၏ ရေးသားချက်ကို တွေ့မြင်ရသောအခါ ကျွတ်ချိန်ကျ၍လားမသိရ၊ ဘမြစ်၏ နှလုံးကို များစွာ ထိခိုက်လေ၏။ ထိုလူမမယ် သူငယ်မသည် မိမိ၏ စိတ်တွင် ဖြစ်ပေါ်လာသမျှ အရိုးခံသက်သက်ဖြင့် ရေးခြင်းကြောင့် ထိုသို့ ထိခိုက်လွယ်သည်ဟု ထင်မှတ်စရာ ရှိသည်။ ဤသို့ လူမမယ် သူငယ်မကလေးက ရိုးရိုးလွယ်လွယ်ဖြင့် ရေးအပ်သော စာတို့သည် ရှေးက ဘမြစ်ကြားဖူး၊ တွေ့ဖူးသော အချက်အလက်တို့ကို လွှမ်းမိုး၍ ဘမြစ်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆုံးမလိုက်လေသတည်း။

ဘမြစ်သည် ထိုစာကို အခေါက်ခေါက် အခါခါဖတ်၍ "အင်း–

ငါကျွတ်ချိန်ကျပြီ၊ ဒီကလေးမကလေး ပြောသလိုပဲ ငါဟာ ရွှံ့စရာကောင်းကြီး၊ မုန်းစရာကောင်းကြီး လူမိုက်ကြီးပဲ၊ ကိုင်း– တော်ပြီ၊ ပြတ်ပြီ"ဟု စိတ်ဖြတ်၍ ၎င်းစာအုပ်ကို ရင်ဘတ်ပေါ်မှာတင်လျက် ထိုညဥ့်အိပ်ပျော်ခြင်းသို့ ရောက်လေသတည်း။

*

ထိုသို့ မစိန်နှင့် လှလှတို့၏ ဆေးဖြင့် အရက်ရောဂါကို အမြစ်ဖြတ်လိုက်ပြီးနောက် တစ်လခန့်အကြာတွင် ဘမြစ်၏ မိဘတို့သည် ကျောင်းဆရာ၏ စာရင်းတွင် ဘမြစ်နာမည်ကို တွေ့သည်နှင့် စုံစမ်း၊ မေးမြန်း၍ မစိန်တို့အိမ်သို့ မိဘနှစ်ပါး ရောက်လာလေသတည်း။

ဘမြစ်ကား တဲကုပ်တွင် အိပ်နေ၏။ မစိန်သည် ဆီဒန်ကားကြီးနှင့် တခမ်းတနား ရောက်လာသော ဧည့်သည်နှစ်ယောက်ကို အံ့အားသင့်စွာဖြင့် ကြည့်ပြီးမှ ထိုင်ပါ–နေပါ စသည်ဖြင့် ဧည့်ဝတ်ပြုရ၏။

"ဘယ်ကပါလဲရှင်၊ ကိစ္စများ အထူးရှိတော်မူပါသလား"

"ကျုပ်တို့က ရန်ကုန်ထဲကပါ၊ ဟုတ်ကဲ့။ ကိစ္စကတော့ ဆရာမရဲ့ အိမ်မှာ ကျုပ်သားတစ်ယောက် နေတယ်ကြားလို့ပါ။ နာမည်က မောင်ဘမြစ်တဲ့"

"သြော်–ကိုဘမြစ်ရဲ့ မိဘများလား၊ ဟုတ်ကဲ့–ရှိပါတယ်ရှင်"

"ကြားရတာ ဝမ်းသာပါတယ်ဆရာမရယ်၊ ကျုပ်တို့က ကုန်သည်ပွဲစားပါပဲ။ ကျုပ်သားကလေး ကျောင်းမှာထားရတာ အိုင်အေလည်း အောင်ပြီးရော၊ ဘီအေတန်းအတက်မှာ အပေါင်းဖျက်တာနဲ့ အသောက်အစားစွဲပြီး အကျင့်လည်းပျက်၊ စာမေးပွဲလည်းကျ၊ အားလုံးပျက်စီးတာပါပဲလေ၊ ကျုပ်တို့လည်း စိတ်ပျက်ပြီး သူ့ကို အိမ်က နှင်လိုက်တယ်ပဲ ဆိုပါတော့။ မအေမှာတော့ အဲဒီလွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကစပြီး မျက်ရည်စက်လက်နဲ့ဟာ အဲ–အခု ကြုံကျနေတာသာ ကြည့်တော့၊ အဲဒါ အခု ဆရာမနဲ့

တွေ့လို့ ကယ်ဆယ်ထားတယ်ကြားတာနဲ့ အင်မတန် ဝမ်းမြောက်ကျေးဇူးတင်ပြီး ရောက်လာကြတာပါပဲဆရာမရယ်၊ ကိုင်း–သူ့ကို တွေ့ပါရစေ၊ သူ့အမေက တွေ့ချင်လှပြီ၊ မြင်တဲ့အတိုင်းပါပဲ"

"ဟုတ်ကဲ့ရှင်၊ ကျွန်မခေါ်ပေးပါ့မယ်" ဆို၍ တဲကုပ်သို့ ဆင်းခဲ့၏။ ဘမြစ်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်နေရာမှ လက်ဖြင့် ပုတ်နှိုး၍ ဝိုးတိုးဝါးတား ရှိနေစဉ် "ရှင့် ကိုဟိုဒင်း၊ ရှင့်အဖေနဲ့အမေတဲ့ လိုက်လာတယ်။ အဲဒါ တစ်ခါတည်း လိုက်သွားဖို့ အဝတ်အစားတွေပါ ထုပ်ယူခဲ့ပေတော့"

"ဘယ့်နှယ်–အဖေတို့ အမေတို့ လိုက်လာတယ်။ နေပါဦး၊ ကျွန်တော် သူတို့နောက် လိုက်သွားဖို့ အဝတ်အစားတွေ ထုပ်ယူခဲ့ရမှာက ဘယ်သူက ဘာပြောလို့လဲ၊ ဘယ်လိုစီမံလို့လဲ"

"ပြောလို့တော့ မဟုတ်ပါဘူး။ နို့ပေမဲ့ အဖေအမေဆိုတာ အမျိုးအရင်းကြီး ရှိသေးတယ်တော့၊ ဒီတော့ ရှင်လိုက်သွားမှပေါ့"

"ခင်ဗျားကြီး အင်မတန် စကားများတယ်၊ လျှာရှည်တယ်၊ သွားပါဗျာ၊ ပြောပါချေ၊ ကျွန်တော်မလိုက်ဘူးလို့"

"အလို–မလုပ်ပါနဲ့တော်၊ ကိုယ့်ဟာကိုယ် သွားပြောပါ၊ ကျွန်မကို တစ်မျိုး ထင်နေပါဦးမယ်"

ဤသို့ စကားဆိုနေကြစဉ် မစောင့်နိုင်သော မိခင်သည် တဲကုပ်သို့ လိုက်၍ လာခဲ့၏။ မြင်တွေ့ကြလျှင်ပင် "လူလေးရေ၊ သားရေ"ဟု ဆိုမြည်ကာ သားကို ပွေ့ဖက်လေ၏။ သားမှာလည်း မျက်ရည်သွယ်ဖြာနှင့် မိခင်၏ ယုယသော ပွေ့ဖက်ခြင်းကို ခံနေလေ၏။ သားအမိဖက်၍ ငိုယိုနေကြစဉ် မစိန်သည် အိမ်သို့ပြန်ခဲ့၍ အဒေါ်နှင့် ဘမြစ်၏ ဖခင်ကို စကားပြောနေစေ၍ မိမိကား အခန်းတွင်းသို့ ဝင်၍ အိပ်ရာ၌ လဲပြီးလျှင် အမျိုးမျိုး စုံတွေး၍ နေလေ၏။

ဘမြစ်တို့သားအမိ သားအဖဆုံမိကြသောအခါ ဖခင်ကစ၍–

"ကိုင်း–မင်းအိမ်ကို လိုက်မယ်မဟုတ်လား"

"ကျွန်တော်တစ်ယောက်တည်း မလိုက်နိုင်ဘူး"

ထို ဘမြစ်၏စကားကို မစိန်သည် အခန်းတွင်းက ကြားသောအခါ ထိတ်ခနဲ ဝမ်းသာသွား၏။

အဘိုးကြီးက ရယ်၍ "ဘယ့်နှယ်လဲ ရှင်မ"ဟု မေးလိုက်၏။

"ကျုပ်ကတော့ အစကတည်းက တစ်ပိုင်းသေပြီးသားပဲ။ ကျုပ်တို့မွေးထုတ်လိုက်တာတော့ ဟုတ်ပါရဲ့၊ အခု ဆရာမက ဒုတိယလူဖြစ်အောင် လုပ်ပေးတော့ သူလည်း ကျုပ်တို့ဆိုင်သလောက် ဆိုင်တာပဲ။ ဘာပဲဖြစ်ဖြစ် ကျုပ်သား ချမ်းသာသလို နေစေချင်တာပဲ"

"ကျုပ်ကလည်း မနေရဘူး မပြောပါဘူးဗျာ၊ ကဲလေ–ဘာပဲဖြစ်ဖြစ် အိမ်တော့ လိုက်ခဲ့ဦး၊ မင့်ဆရာမကိုလည်း အလည်အပတ် ခေါ်ခဲ့တာပေါ့"

*

ဘမြစ်တို့အိမ်မှာ ခြံကြီးဝင်းကြီးနှင့် အတန်ခမ်းနားကြီးကျယ်သော အိမ်ကြီးဖြစ်၏။ ဘမြစ်တို့မိဘမှာ ကြွယ်ဝသော သူများ ဖြစ်ကြ၍ အရာရာလိုလေသေးမရှိ ပြည့်စုံကြ၏။ ထိုမျှ ကြီးကျယ်ခမ်းနားသော အခြေအနေကို မြင်ရသောအခါ မစိန်သည် ဘမြစ်အား ရေခပ်ခြင်း၊ ရေလောင်းခြင်း ဈေးသွားခြင်း စသည်တို့ကို ပြုစေမိသမျှ တွေး၍ အားနာမိ၏။

ညစာ စားသောက်ပြီးကြသောအခါ ပွဲစားကြီးက စ၍ "ကိုင်း–မစိန်၊ 'ရေအဆုံး ကုန်းတစ်ဝက်'ဆိုသလို၊ ကျုပ်သားကို မစိန်တစ်ဝက်ဆိုင်တယ် ဆိုရမယ်။ ကျန်တစ်ဝက်ကိုလည်း ကျုပ်တို့က ကြည်ကြည်သာသာ မစိန်ကို ယုံကြည်စိတ်ချပြီး ပုံအပ်လိုက်ပါတယ်"

ထိုအခါ ပွဲကတော်ကြီးက ဝင်တဲ့၍ "အဆစ်မထည့်တော့ဘူးလားရှင့်"ဟု မေးလိုက်၏။

"ဘယ့်နှယ် ပွဲကတော်ရယ်၊ အဆစ်မထည့်ဘဲ ရှိပါ့မလား၊ အဆစ်ကလေ ကျုပ်တို့ရှိတဲ့ပစ္စည်းအကုန်ပေါ့ဗျ"

ထိုစကားကို ကြားသောအခါ ဘမြစ်ပင် အတန်အံ့သြသွား၏။

ထိုနောက် မစိန်တို့သည် ဘမြစ်တို့ အိမ်သို့ ပြောင်းရွှေ့ခဲ့ကြ၍ အင်းစိန်က ခြံအိမ်ကို အခြေမပျက်ထားပြီး တနင်္ဂနွေနေ့တိုင်း ခြံထွက်ကြလေသတည်း။

ကျွန်ုပ်သည် ထိုဆရာ လင်မယားနှင့် တွေ့ကြုံ၍ ၎င်းတို့ အကြောင်းကို သိရ၏။ မောင်ဘမြစ်သည် လှလှ၏စာကို စာအုပ်ပါ တောင်းယူ၍ တရိုတသေ သိမ်းထား၏။ လှလှကို ကျေးဇူးဆပ်သည့်အနေ ဖြင့် မောင်ဘမြစ်တို့သည် ထိုကလေးမ၏ ပညာသင်စရိတ်ကို ထောက်ပံ့ ခဲ့သည်မှာ ယခုနှစ် ဘီ–အေအောက်တန်းသို့ ရောက်နေလေပြီ။

မနေ့တစ်နေ့ကပင် ကျွန်ုပ်ကို ဖိတ်ခေါ်၍ အင်းစိန်က ခြံအိမ် ကလေးသို့ ရောက်ခဲ့ရ၏။ ထိုနေ့၌ ဘမြစ်တို့ လင်မယား၊ ပွဲစားကြီး လင်မယား၊ လှလှ၊ ကျွန်ုပ်ပါ ခြောက်ယောက် တွေ့ဆုံ စားသောက်ကာ များစွာ ပျော်ရွှင်ကြ၏။ ကျွန်ုပ်သည် ထိုစိတ်လက် ချမ်းသာသော လူတစ် သိုက်ကိုမြင်ရလျှင် အကယ်၍ မောင်ဘမြစ်သာ အရက်ရန်သူကို မခုခံနိုင် ခဲ့ပါလျှင် ထိုကျေးဇူးတရားတို့မှ ဆုံးရှုံးလေရာ၏ဟု တရားကျမိသဖြင့် ဤကိုယ်တွေ့ဝတ္ထုကလေးကို ရေးလိုက်ရပေသတည်း။

## ခြောက်ပြစ်ကင်း

တစ်ခါက ရန်ကုန်မြို့ ကြည့်မြင်တိုင်(ကြေးမြင့်တိုင်) အမျိုးသမီးကျောင်း ဆုပေးပွဲတွင် ငွေတိုက်ဘဏ်တိုက်ဘက်၌ ကျွမ်းကျင်သော ဦးခင်အမည်ရှိသူ ကျွန်ုပ်၏ မိတ်ဆွေသည် စကားပြောလေသည်။ သို့ပြောရာ၌ "ခြောက်ပြစ်ကင်း" ဥပမာပုံတစ်ခု ထည့်၍ ပြောရာ အလွန်မှတ်ဖွယ်ကောင်းလေသည်။ ထိုပုံ၏ သဘောသွား အဓိပ္ပာယ်ပေါ်အောင် အောက်တွင် ရေးပြပါအံ့။

ရွာငယ်တစ်ခု တောင်ပိုင်းတွင် အဖ၊ အမိ၊ သမီး၊ သား လေးဦးတို့ နေထိုင်ကြရာ ၎င်းတို့လေးဦးလုံးပင် မိမိတို့အပြစ်ကို မမြင်တတ်၊ သို့မဟုတ် မိမိအပြစ်ကို ဖုံးကွယ်ဖျောက်ဖျက်၍ သူတစ်ပါးအပေါ်၌ ချတတ်ကြ၏။

ထိုရွာမြောက်ပိုင်းတွင်လည်း အဖ၊ အမိ၊ သမီး၊ သား အခြားလေးဦးတို့ နေထိုင်ကြရာ မိမိအပြစ်ကို ဝန်ခံရန် ဦးမလေးသည့်အပြင် သူတစ်ပါးအပြစ်ကိုပင် မိမိအပြစ်ပြု၍ သူတစ်ပါးကို နှစ်သိမ့်စေတတ်ကြ၏။

### တောင်ပိုင်းတွင်

သမီးသည် ရေအိုးစင်၌ ရေသောက်ပြီး ဖန်ခွက်ကို အစွန်းအနားတွင် တင်ထားခဲ့၏။ နောက် မောင်ငယ်က ရေသောက်မည်ဟု ဖန်ခွက်ကို ကိုင်လိုက်ရာ အစွန်းတွင်ဖြစ်၍ ချွတ်ချော်ကာ ဖန်ခွက် ကျကွဲလေ၏။

သား။ ။"ဟောဗျာ၊ ဖန်ခွက် ကွဲသွားပြီ၊ ကွဲမှာပေါ့။ မမကိုယ်က အင်မတန် ပေါ့ပေါ့ဆဆနိုင်တာ။ ဖန်ခွက်ကို အတွင်းကျကျ နေရာရောက်အောင် မထားခဲ့ဘူး။ ကြည့်ပါလား၊ ဒီအစွန်အဖျား ကလေးမှာမှ တင်ထားခဲ့တယ်။ ဒီက ယူမယ်လို့ လုပ်ရုံရှိသေးတယ်။ ကျသွားတာပေါ့။ မမရဲ့ အပြစ်ပဲ သိရဲ့လား"(မျက်စောင်းထိုး၍ ပြောသည်။)

သမီး။ ။"ဩော် ဩော်၊ ဟုတ်ကလား၊ အင်း–တယ်တော်တဲ့ မောင်ကလေးပဲ။ မင်း ပျာလောင်ခတ်လုပ်ပြီး မိမိရရ မကိုင်လို့ ကျကွဲတာကို ငါ့ကို အပြစ်ချသလား။ ငါထားခဲ့တာ ဘာမှမဖြစ်ဘူး။ မင်း နန့်ပျာပျာလုပ်လို့ ကွဲရတာ သိရဲ့လား" (ထို့နောက် အလယ်ခန်းတွင် ထိုင်၍ ဆေးလိပ်သောက်ကာ နားထောင်ကြည့်ရှုနေသော အမိဘက်သို့ လှည့်၍) "ဒီဖန်ခွက် ကွဲရတာ အမေလည်း အပြစ်မကင်းဘူး။ မနက်က ဦးပဥ္စင်းလာလို့ အမေက ဗီရိုထဲက ဒီဖန်ခွက်ကို ထုတ်ပြီး ရေကပ်တယ်။ ရေကပ်ပြီး သူ့နေရာကို ပြန်ရောက်အောင် မထားဘဲနဲ့ ရေအိုးစင်မှာ ထားလို့ဖြစ်ရတာ၊ ဒီဖန်ခွက်ဟာ ဧည့်သည်များ ဘုန်းကြီးများအတွက် တယ်ဖို့ ကပ်ဖို့ သတ်သတ်ထားတာ၊ အဲဒါအမေက ဘုန်းကြီးကို ကပ်ပြီး သူ့နေရာမှာ ပြန်မထားလို့၊ ဒီလိုကွဲရတာ၊ အမေလည်း အတော်ခက်တာပဲ"(နှုတ်ခမ်း တလန် ပန်းတလန်နှင့် ပြောသည်။)

အမိ။ ။"အင်း–တယ်တော်ကြတယ်၊ ညည်းက အစွန်မှာ တင်ခဲ့တယ်။ မောင်လုပ်တဲ့လူက နန့်တန့်တန့် သွားလုပ်တော့ ကျကွဲတယ်။ ငါ့ကို အပြစ်ချသလား။ ကိုယ်အသုံးမကျတာကို မကြည့်ဘဲနဲ့ သူများအပေါ်မှာ တယ်အပြစ်ချတတ်ကြတယ်။ ညည်းတို့ အမျိုးကိုက မကောင်းတာ၊ ညည်းတို့မှာ ငါ့သား၊ ငါ့သမီးပေတဲ့၊ ငါ့သွေးတစ်စက်မှ မပါဘူး။ ညည်း အဖေ့ သွေးချည်းပဲ သိရဲ့လား။ ခု ဖန်ခွက်ကွဲရတာလည်း ညည်းအဖေဟာ တရားခံအစစ် သိရဲ့လား၊ ငါက နီးခွက်ချောချော ဝယ်ခဲ့ပါလို့ မှာလိုက်တယ်။ နီးခွက်ကို မဝယ်ခဲ့ဘဲနဲ့ ဖန်ခွက်ကိုမှ ဘိုဆန်တယ်ဆိုပြီး ဝယ်ခဲ့တာကလားအေ့။ ကတဲ–ဘိုဆန်ချင်လိုက်တာ၊ ဘို့ယောက်ဖလား၊ ဘို့ယောက္ခမလား၊ မပြောတတ်ပါဘူး"ဆို၍ ဆောင့်ကြောင့်ထိုင်ကာ ဆေးပေါ့လိပ်ကို ခပ်ဆတ်ဆတ် ဖွာပြီး တစ်ဖက်သို့ မျက်နှာလွှဲနေသည်။

ထိုအခါ ခေါင်းရင်းခန်းတွင် ကွမ်းစားနေသော အဖက စောင်းငဲ့

ကြည့်တဲ့၍ "အင်း–ခြောက်ပြစ်ကင်း ရဟန္တာတွေ၊ ရဟန္တာမတွေနဲ့ ငါတွေ့ရ ကြုံရတာဟာ ငါ့ကုသိုလ်ထူးတာပဲ။ တစ်ယောက်က နေရာမှာ ပြန်မထားဘူး။ တစ်ယောက်က အစွန်မှာ တင်ခဲ့တယ်။ တစ်ယောက်က ကမြင်းတင်းတင်း သွားလုပ်တယ်။ ဒါနဲ့ ဖန်ခွက်ကွဲရတာကို ငါဝယ်ခဲ့တဲ့ လူကို အပြစ်တင်သလား၊ ဒီလိုတင်မယ့် တင်ရင်လည်း ငါ့ကိုချည်းမတင်နဲ့၊ ဟိုရောင်းလိုက်တဲ့ ကုလားကိုလည်း တင်ဦး၊ ပြီးတော့ ဖန်ခွက်လုပ်တဲ့ အဲဟို ဘိလပ်က ဘိုကိုလည်း တင်ဦး၊ ဒါမှ တရားမှာ။ မ ခြောက်ပြစ်ကင်း တို့ရဲ့၊ ဘယ့်နှယ်ဗျာ၊ ချောချောမွတ်မွတ်၊ ကြည်ကြည်လင်လင် သုံးစွဲကြပါစေ လို့ ဝယ်ခဲ့တာပဲ။ ဟိုဒင်းပြောတာလို နင်တို့လား နင်တို့လေ၊ ဘုန်းကြီးလို့ သက်မရှည်၊ သက်ရှည်လို့ ဘုန်းမကြီးဘူးဟဲ့နော်၊ မှတ်ထား၊ နင်တို့ တစ်ယောက်မှ မကောင်းဘူးသိရဲ့လား၊ အိတ်သဟာတွေ၊ မြစ်ဆလိတွေ များလားများရဲ့၊ ဒေါဘဏ စေတသိက်တွေ များလားများရဲ့၊ နင်တို့တော့ သံသရာမှာလေ ဒုတ်စလိုက် ဗရပျစ်နဲ့ မျောနေဦးမှာ ငါမြင်ယောင်လိုက်လှသဟယ် ထွီ..."

အမိ။ ။"အောင်မယ်–ရှင်က၊ စာသံတွေ ပေသံတွေ လုပ်မနေပါနဲ့၊ ပိဋကတ်အိုးကွဲကြီးရဲ့၊ ကတဲ လူကဖြင့် သူ့သားရဲ့ ငါးတန်း ခြောက်တန်း ဖတ်စာကိုတောင်မှ စာလုံးပေါင်းပြီး ဖတ်ရတဲ့လူက လားလား ဟန်ကြီးပန်ကြီး ပါဠိတွေ၊ ပါဌက်တွေနဲ့၊ သူခေါ်တဲ့ဟာတွေကလည်း တို့ကြားဖူးတာနဲ့ မတူပါဘူး"

သမီး။ ။"ဟုတ်ပါရဲ့အဖေကလည်း၊ အင်မတန် ခွကျတယ်။ ရယ်စရာလည်းကောင်းတယ်၊ စာလည်း မတတ်ဘဲနဲ့၊ ပါဠိတွေ သုံးချင်လိုက်တာ၊ ပီလည်း မပီဘူး။ ဣဿာ၊ မစ္ဆရိယ၊ ဒေါမနဿ စေတသိက်၊ သံသရာ၊ ဒုစရိုက်လို့ ခေါ်မှ မှန်တယ်အဖေရဲ့ သိရဲ့လား" (မျက်နှာကို မော့မော့ထား၍ ခပ်ကြွားကြွား ပြောသည်။)

အဖ။ ။"အေးပါလဗျာ၊ ခင်ဗျားလိုတော့ ဟိုရွာဖျားက

ရွှေမျက်မှန်နဲ့ ဦးပဥ္စင်းကလေးဆီမှာ ကျုပ်က သင်္ဂြိုဟ်မတက်ရဘဲကို ခင်ဗျာ့။ ခင်ဗျားလောက်တော့ ဘယ်ပီမလဲ"ဟု ငေါ့လိုက်လေ၏။

သား။ ။"အစစ်ပဲ၊ မမစာတက်တဲ့ ဦးပဥ္စင်းက စပ်ဖြိဖြိနဲ့၊ စာတက်ရတာက တော်တော်ရယ်၊ နှစ်ယောက်သား ဟားတိုက်နေတာက များတာပဲ။ ပြီးတော့လည်း မမက စာတက်သွားတာတဲ့၊ လိမ်းလို့ ဖြီးလို့ ကြော့နေတာပဲ"

အမိ။ ။"နို့–မင်းကကော အရွယ်နဲ့မလိုက်ဘဲ လူပျိုလုပ်ရတာနဲ့၊ အခု စာမေးပွဲကျတာ နှစ်နှစ်ရှိပြီ မဟုတ်လား"

သမီး။ ။"ဟော့–မင်းတွေ့ကရာတွေ အရမ်းပြောမနေနဲ့၊ ငါ..."

သား။ ။"အလို–မဟိုဒင်း၊ ညည်းက ကျောင်းကြီးဖျက် လုပ်မလို့လား၊ ကဲကဲ ညဥ့်အလုပ်တွေ ဖြတ်တော့၊ ကြာရင်..."

ထိုအခါ အဖေက ဝင်၍ "နင်တို့ဟာတွေ ကြားရတာ ငါနားရှက်လှသဟယ်"ဆို၍ အိမ်ပြင်သို့ ထွက်သွားလေ၏။

ဤသို့လျှင် သားအမိ သားအဖလေးယောက် ငေါ့လိုက် စောင်းလိုက်နှင့် "မြောက်ပြစ်ကင်း"ဇာတ်ကို ခင်း၍ နေကြလေသတည်း။

## မြောက်ပိုင်းတွင်

အထက်ကကဲ့သို့ ဖန်ခွက်ကွဲသော ဇာတ် ဖြစ်၏။ သို့ရာတွင် ကပြပုံ၊ ပြောဆိုပုံ စာသားတို့မှာ ခြားနား၏။

သား။ ။"အောင်မယ် မမရေ၊ ဖန်ခွက် ကျွန်တော့်ကြောင့် ကွဲသွားပြီ၊ ကျွန်တော်က မိမိရရ မကိုင်လိုက်မိဘူး။ ကျွန်တော်ကို မဟန်ပါဘူးဗျာ"

သမီး။ ။ဟဲ့ဟဲ့–မောင်ကလေးရဲ့၊ မင်းအပြစ်မဟုတ်ဘူး။ ငါ့အပြစ်ကွဲ့၊ ငါ့အပြစ်၊ ငါက အစွန်မှာ ထားခဲ့မိတယ်။ မုန်းမုန်း၊ မင်း ဖယ်စမ်း၊ မင့်ကို ဖန်ခွက်ကွဲတွေ စူးကုန်လိမ့်မယ်။ မမကောက်ပစ်လိုက် ဦးမယ်။ ငါ့ကိုယ်က ပေါ့ပါသကွယ်”ဆို၍ ဖန်ကွဲတို့ကို ကောက်နေသည်။ မောင်ငယ်က တံမြက်စည်းနှင့် ထည့်စရာတို့ကို ယူပေး၍ အနားက ကူညီရန် စောင့်နေသည်။

အမိက ဝင်တဲ့၍ “ဟဲ့–မယ်သင်ရဲ့၊ ညည့်အပြစ် မဟုတ်ဘူး။ ငါ့အပြစ်အေ့–ငါ့အပြစ် သိရဲ့လား၊ ဘုန်းကြီးကို ရေကပ်ပြီး ဖန်ခွက်ကို ဗီရိုထဲ ပြန်မထည့်မိဘူး။ ငါကလည်း မေ့တတ်လျော့တတ်လိုက်တာ လွန် ရောဟေ့၊ ကဲကွယ်၊ ကွဲတာကွဲတာပေါ့။ ကွဲရင် အသစ်ရတာပေါ့”ဟု ပြုံး ရယ်၍ ပြောလိုက်လေသည်။

ထိုအခါ ခေါင်းရင်း၌ စာကြည့်နေသော အဖဖြစ်သူကလည်း စာအုပ်ကို ချ၍ “ဟေ့–ဒီမှာ၊ ငါ့သားဟာ နမော်မဲ့ နမာမဲ့ မဟုတ်ဘူး။ ငါ့သမီးလည်း သတိကောင်းတာပဲ။ ညည်းကလည်း မအားလို့ ပြန်မထား ဖြစ်တာ၊ အပြစ်မူလက ငါဖြစ်တယ်။ ထိရင် ကျရင် မခံတဲ့ ဖန်ခွက်ကို ဝယ်ခဲ့မိတာကိုးကွဲ့၊ ကိုင်း–ဘာမှ ပြောမနေနဲ့၊ ငါ့ဆေးလိပ်ဖိုးထဲက စိုက် ပြီး ငါနီးခွက်အသစ်ဝယ်ချေမယ်၊ ဟိုမယ်ညိုတို့ဆိုင်မှာ အသစ်တွေ ရောက် နေတယ်”ဆို၍ နီးခွက်ဝယ် ထွက်သွားလေ၏။

*

တောင်ပိုင်း “ခြောက်ပြစ်ကင်း”ဇာတ်တွင် သားအမိ သားအဖတို့မှာ မကျေ မချမ်း မသင့်မမြတ် တစ်ယောက်ကိုတစ်ယောက် စောင်၍နေကြသည်။ တစ်နေ့မဟုတ်၊ နေ့စဉ်လိုပင် တစ်ယောက်အပေါ်တစ်ယောက် အပြစ်ချ နေကြ၍ မကြည်မသာ မချမ်းမသာ ဖြစ်ကြရကုန်၏။

ဤသို့ မကြည်မသာ ဖြစ်နေရခြင်း၏ အပြစ်တို့ကား များလှ

စွာ၏။ ထမင်းဟင်းပင် ကောင်းကောင်း မကျက်မနပ်၊ ကျက်နပ်ပါလည်း အရသာ အဆီအငေါ်မတည့်၊ တည့်ပြန်ပါလည်း စားသောက်၍ မကောင်း၊ ဝမ်းထဲ ရောက်သော်လည်း အစာမကျေ၊ မအီမသာ မကျန်းမမာခြင်း အသက်တိုခြင်းလျှင် အဆုံးရှိ၏။

စီးပွားရေးဘက်ကလည်း ထိုသို့ မကြည်မလင် ရှိလေသဖြင့် အလုပ်အကိုင် အကြံအစည် အထမမြောက်တတ်ချေ။ တစ်ယောက်နှင့် တစ်ယောက် စောင်နေလေသဖြင့် တိုင်တိုင်ပင်ပင် မပြုရ၊ အကြံကောင်း ဉာဏ်ကောင်း မထွက်ပေါ်ရ။ ကြံစည်ပြုလုပ်လေသမျှ၌လည်း ချွတ်ယွင်း ပျက်ချော်၍ အကျိုးယုတ်ရသည်ကများလေတော့သည်။

ဤသို့လျှင် "ခြောက်ပြစ်ကင်း" လုပ်ချင်ကြ၍ စီးပွားရေးကို လည်းကောင်း၊ ကျန်းမာရေးကိုလည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ရေးကိုလည်းကောင်း များစွာ ထိခိုက်လေသည်။ "ထိုခြောက်ပြစ်ကင်း" ဇာတ်သမားတို့ မကြာမီပင် ပျက်စီး၊ ပြိုကွဲ၊ ဆုံးရှုံး၊ ပျောက်ပျက်ကုန်လေ ပြီဟု ကြားရလျှင် ကျွန်ုပ်တို့ အံ့သြကြမည် မဟုတ်ချေ။

*

မြောက်ပိုင်း "ခြောက်ပြစ်မကင်း"ဇာတ်၏ အကျိုးကား တောင်ပိုင်း "ခြောက် ပြစ်ကင်း"ဇာတ်၏ အပြန်ဖြစ်၏။

ထမင်းဟင်း ကျက်နပ်၊ အစပ်တဲ့၊ အရသာသြဇာပေ၊ အစာကျေ၊ ကျန်းမာအသက်ရှည်၏။

စီးပွားရေးဘက်ကလည်း အရာရာ ချောမောလေရာ၏။ ကုသိုလ် ကံ အလှည့်မသင့်၍ ကြွယ်ပိုးကြွယ်ဝမရှိ၊ ဥစ္စာချို့တဲ့စေဦး၊ တစ်ယောက် နှင့်တစ်ယောက် ကျေနပ်ချစ်ခင်စွာ ကြည်ကြည်သာသာ၊ ပျော်ပျော်ရွှင်ရွှင်၊ ချမ်းချမ်းသာသာ ရှိကြမည်ကားမလွဲတည်း။ လောကနိဗ္ဗာန်ကို ရနေသည် ဆိုနိုင်၏။ လောကနိဗ္ဗာန်ကိုရသော် လောကုတ္တရာ နိဗ္ဗာန်လည်း ဝေးသည် မဟုတ်တော့ချေ။

## ကျွန်ုပ် အလိမ်ခံရသောနေ့တစ်နေ့

ကျွန်ုပ်သည် ပုသိမ်မြို့ မြန်မာ–ကရင် အင်္ဂလိပ်ကျောင်းတွင် ၉ တန်းလား ၁၀ တန်းလား မမှတ်မိ၊ စာသင်နေစဉ် စာမေးပွဲပြီး၍ မိမိနေရပ် ဟင်္သာတနယ်၊ နိဗ္ဗာန်ရွာသို့ မီးရထားစီး၍ ပြန်ခဲ့သည်။

ရထားပေါ်တွင် ရထားစီး များစွာ ပါ၏။ ကျွန်ုပ်သည် ထိုအခါက များစွာ စကားပြောချင်၏။ နှုတ်ဆော့၏။ ဘယ်သူနှင့် စကားစမြည်ပြောရပါမည်နည်းဟု အပေါက်အစ ရှာလျက် ရှိ၏။

ကျွန်ုပ်၏ ရှေ့တန်း မျက်နှာချင်းဆိုင်လောက်တွင် အသက် ၃၀ ကျော်ခန့်ရှိ ယောက်ျားတစ်ယောက်ကို စိုက်ကြည့်မိသည်။ အသားကြမ်း၍ မည်းညို၏။ ခေါင်းတုံးကို မျက်နှာသုတ်ပဝါ ညစ်ထပ်ထပ် ပတ်ထားသည်။ အင်္ကျီမှာ လယ်ထွန်အင်္ကျီဖြစ်၏။ လယ်ထွန်အင်္ကျီ ဆိုသည်ကား ဖျင်ကြမ်းကြမ်း၊ ရင်စေ့ပုံ၊ လက်ကျပ် အိတ်နှစ်လုံးတပ်၊ ရှေ့က ကနုကမာ ကြယ်သီးမျိုး သုံးလုံးမျှပါ၏။ သို့ရာတွင် ကြယ်သီး တပ်မထားချေ။ ရင်ဘတ် အဟောင်းသားနှင့်ဖြစ်၏။ ပုဆိုးမှာကား ချည်လုံချည်အကြမ်းစား အနွမ်းပင် ဖြစ်၏။

ထူးခြားသော အချက်ကား ထိုသူ၏ လက်ဝဲဘက်လက်ကောက်ဝတ်တွင် အတန်အလုံးကြီးသော မဲကြိုးချည် ပတ်ထားသည်ကို တွေ့ရ၏။ ငါတော့ စီးစီးနင်းနင်း စကားပြောရမယ့်လူကိုတွေ့ပြီဟု စကားစလိုက်ပုံကား–

“ဒီမှာဆရာကြီး၊ ခင်ဗျားလက်ထဲကမဲကြိုးကဘာလုပ်တာလဲဗျာ့”

"သြော်–ဒီမဲကြိုးလား၊ ဟိုကျုပ်တို့ ရွာဦးကျောင်း ဘုန်းကြီးရဲ့ အိပ်မက်အရ ချည်ထားရတာဗျ"ဟု ပြုံးရယ်၍ ပြောသည်။

"သြော်–အိပ်မက်အရလား၊ ပြောပါဦးဗျာ၊ ခင်ဗျာ့ဘုန်းကြီး အိပ်မက်က"

"ဒီလို–ဒီလို၊ နောက်လက ကျုပ်တို့ ဘုန်းကြီးအိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ သိကြားလိုလို ဘာလိုလို ဆိုထင်ပါရဲ့ဗျာ။ အဲဒါ ဘုန်းကြီးဆီကို လာသတဲ့။ အောင်မယ်၊ ဘုန်းကြီးရှေ့မှာ ထိုင်တောင် မထိုင်ဘူး။ မတ်တတ်ကြီး ရပ်နေဆိုပဲဗျ။ သူ့ဟာက၊ အဲဒါနဲ့ ဘုန်းကြီးက မေးတော့ အဲဒီ အဝတ်ဖြူနဲ့ သိကြားလိုလူက ပြောသတဲ့၊ အရှင်ဘုရားရဲ့ နယ်ပယ်က ဒကာ–ဒကာမတွေကို အခုကစပြီး အနည်းဆုံး သရဏဂုံသုံးပါး တည်ပါစေတဲ့။ ဘာပြုလို့လဲဆိုတော့ ရှေ့လ ကဆုန်လပြည့်နေ့ကျရင် ဘီလူးသဘက် တစ်ထောင်တိတိ ကျုပ်တို့နယ်ကို ဝင်လိမ့်မယ်တဲ့၊ ဝင်ပြီးတော့ သရဏဂုံမတည်တဲ့ လူတွေကို အူအသည်း နတ်စားလိမ့်မတဲ့။ သရဏဂုံ တည်တဲ့ လူကိုသာ လွှတ်မတဲ့၊ ဒီတော့ သရဏဂုံ တည်တဲ့လူမှန်းသိအောင် ဘယ်ဘက်လက်မှာ မဲကြိုးချည်ပြီး မှတ်ထားရမတဲ့၊ အဲဒီလို ဘုန်းကြီးက လူတွေကို သတိပေးဖို့ လျှောက်ပြီး ကွယ်သွားရောတဲ့ဗျ။

အဲဒါ မိုးလင်းတော့ ကုလားတက်ခေါက်ပြီး လူတွေခေါ်ပြီး ဘုန်းကြီးက ပြောဟောလို့ မဲကြိုးချည်ကြရတာဗျ။ မချည်တဲ့လူတွေ အဲဟိုရှေ့လ ကဆုန်လပေါ့ဗျာ။ အဲဒီ ကဆုန်လပြည့်နေ့ညမှာ ဘီလူးသဘက်တွေက အူအသည်း နတ်စားကြမှာ၊ အဲဒါ ကျုပ်လည်း ချည်ထားရတာပေါ့"ဟု အားရပါးရပြောပြီး ဘေးကပ်အိတ်ထဲမှ ဆေးရွက်ခေါက်ကို ထုတ်၍ ပလုတ်ပလောင်း ဆေးငုံလိုက်လေသည်။

ထိုအခါ အလွန်စကားပြောချင်၍ နှုတ်ရွနေသော ကျွန်ုပ်သည် ဒီလူတော့ ငါ "ချွတ်"လိုက်ရဦးမယ်ဟု ခပ်ထွားထွား တရားဟောပုံကား–

"ဒီမှာ ဆရာကြီး၊ ခင်ဗျားတို့ တောက ဆင်းရဲသားတွေ အဲဒါ ခက်တာပဲ။ သရဏဂုံတည်ခြင်း မတည်ခြင်းဟာ မဲကြိုးနဲ့ ဘာမှဆိုင်တာ မဟုတ်ဘူးဗျ။ ပိဋကတ်သုံးပုံမှာ ဘယ်ကျမ်းမှာမှ အဲဒီလို မဟောဘူးဗျ၊ ခင်ဗျားတို့ ဘုန်းကြီးကလည်း ဒီသရဏဂုံနဲ့ မဲကြိုးနဲ့ မဆိုင်တာကိုမှ မသိ ဘူးလားဗျာ။ တယ်ခက်တာကိုး။ ဒီမှာလေ သရဏဂုံဆိုတာက အတွင်း စိတ်ဓာတ်နဲ့ ဆိုင်တယ်ဗျ။ ရတနာသုံးပါးကို ကြည်ညိုတယ်ဆိုတာ ယုံ ကြည်တယ်ဆိုတာ စိတ်ကမှ ဖြစ်တာဗျ။ ဒီအပေါ်ယံက မဲကြိုးနဲ့ ဘယ့်နှယ် ဆိုင်နိုင်မလဲ" ဆို၍ သရဏဂုံကိစ္စနှင့် အနည်းငယ်သာ ဆိုင်သော ပါဠိ အတိုအစအနည်းငယ်ကို ကပေါက်ချိကပေါက်ချာနှင့် ရွတ်ပြပြီး ကိုယ်လို ရာဘက်ကို များများကြီး ဆွဲ၍ ဟောပြောလိုက်လေသည်။

မဲကြိုးနှင့်ခမျာမှာ ပါးစပ်အဟောင်းသားနှင့် နားထောင်နေ၍ ဘာမျှပြန်မပြောနိုင်ရှာချေ။ အသို့ ပြောနိုင်ရှာအံ့နည်း။ ခမျာမှာ လုပ်စား ကိုင်စား ဆင်းရဲသား တောတွင်းကြီးပြင်း၍ ပညာဗဟုသုတ များစွာ ရှိနိုင် မည်မဟုတ်ချေ။ မိမိတို့ တောရွာဓလေ့အတိုင်း ဆရာဘုန်းကြီးပြောသမျှ ဆုံးမသမျှကို တစ်သဝေမတိမ်း လိုက်နာလျှင် သူတို့မှာ ကိစ္စပြီးပြီဟု မှတ် ထင်ကြလေသည်။

ဤသို့လျှင် ကျွန်ုပ်အား ခုခံပြောနိုင်သူ မပေါ်ပေါက်သဖြင့် "ဒီတွဲမှာ ငါတော့ ဗိုလ်ပဲ။ ငါအတော် တော်တာပဲ"ဟု အထင်ကြီးနေစဉ် ကျွန်ုပ်နှင့် နှစ်ယောက်ခြား ထိုင်နေသော ယောကျာ်းတစ်ယောက်က ကျွန်ုပ်သို့ လှမ်း၍ "ဟေ့–သူငယ်၊ ဒီမှာ"ဟု စကားစလိုက်သည်။

ထိုသူမှာ အသက် ၄၀ ခန့် ရှိသည်။ မြို့ကြီးသားကား ဟုတ်မည် မထင်၊ သို့ရာတွင် တည်ကြည်သော မျက်နှာ၊ စူးရှသော မျက်လုံးများ ရှိ၏။

ထိုသူက "ဟေ့–သူငယ် ဒီမှာ၊ အခုမောင်ပြောတဲ့ မဲကြိုးနဲ့ စပ် လို့ ကျုပ်ခပ်တိုတိုပဲ ပြောစရာ ရှိတယ်"

"ဟုတ်ကဲ့ခင်ဗျား၊ ကြားပါရစေ"ဟု ကျွန်ုပ်က အံ့သြသော မျက်နှာနှင့် ပြောသည်။

"ဒီလိုမှတ်ပါ မောင်ရယ်၊ ဒီမဲကြိုးဟာ မောင့်အတွက် မလိုသော်လည်း သူ့အတွက်လိုတယ်၊ အဲဒီစကားကို ပထမ စွဲစွဲမြဲမြဲ မှတ်ထား၊ ကိုင်း–နည်းနည်းတော့ ချဲ့ပြောရသေးတာပေါ့"

သရဏဂုံ တည်မှုဟာ စိတ်ထားသာလျှင် အရေးကြီးကြောင်း မောင်ပြောတာ မှန်တယ်။ မောင်ကလည်း မဲကြိုး မပါဘဲနဲ့ သရဏဂုံ တည်နိုင်ကြောင်း ယုံကြည်တယ်။ ဒါကြောင့် မောင့်အတွက်တော့ မဲကြိုး မလိုဘူး။ ဟိုလူမှာတော့ မောင့်လို သိထားနှင့်ခြင်း၊ ယုံကြည်နှင့်ခြင်း မရှိဘူး၊ ဆရာဘုန်းကြီးကိုသာ ယုံကြည်အားကိုးနေသူဖြစ်တယ်။ ဒီတော့ ဆရာဘုန်းကြီးက ပြောတဲ့အတိုင်း မဲကြိုးရှိမှ သရဏဂုံတည်ပြီး ဘီလူးတွေ လာမစားနိုင်ဘူးလို့ သူ့မှာ ယုံကြည်နေတယ်။ ပြီးတော့ အဲဒီ မဲကြိုးမရှိရင် ဘီလူးစားခံရတော့မယ်လို့လည်း ယုံကြည်နေတယ်။ အကယ်၍ မဲကြိုး ချည်မထားရင် ဟိုကဆုန်လပြည့်နေ့ညမှာ ဘီလူးလာစားလိမ့်မယ်လို့ သူ စိတ်တထင့်ထင့် ဖြစ်နေမှာပေါ့။ အဲဟိုညမှာ အိပ်ပျော်မယ်တောင် မဟုတ်ဘူး။ စိတ်ကစွဲနေတော့ ချွတ်ချွတ်သံကြားသည်ဖြစ်စေ၊ အရိပ်မည်းမည်း မြင်သည်ဖြစ်စေ၊ ခြင်ထောင်ကို လေတိုးလို့ လှုပ်သည်ဖြစ်စေ၊ ကြွက်တိုး မိလို့ဖြစ်စေ၊ ဘီလူးသဘက်ပဲဟု စိတ်က ထင်မြင်ပြီး လန့်ကြောက်ပြီး သေချင်ရင်သေမယ်။ ဉပါဒါန်ကြောင့် ဥပဒ်ရောက်ဆို မဟုတ်လားမောင်ရဲ့၊ အဲဒါကြောင့် ဒီမဲကြိုးရှိမှ သူ့စိတ်လုံမှာဖြစ်လို့ သူ့အတွက်တော့ မဲကြိုး လိုတယ်လို့မှတ်ရမယ်။ မောင့်အတွက်တော့ မလိုပါဘူး၊ မဟုတ်လားမောင် ရယ်"ဟု ပြောဆို၍ တသတ်နားလေသည်။

မဲကြိုးနှင့် ခမျာ၏ ဝဋ် ကျွန်ုပ်သို့ လည်လေပြီ၊ ထိုလူကြီးပြောဟောသည်ကို ကျွန်ုပ်ဘာမျှ ပြန်မပြောနိုင်၊ ပြောစရာလည်း မရှိ၊ မှန်ကြောင်း ဝန်ခံရုံ ရှိတော့သည်။ သူ၏ ပြောချက် မှန်ပေသည်ဟု မိမိ၏

ပရမတ်ဆန်ဆန် အယူကို အတန်ငယ်ဖြေကာ "ဦးခင်ဗျား၊ ဦးပြောတာ မှန်ပါတယ်။ ကျွန်တော် မှတ်သားရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျေးဇူးကိုလည်း ဘယ်တော့မှ မမေ့ပါဘူးခင်ဗျား"ဟု ပြောရပေသည်။

ကျွန်ုပ်သည် လောက လူတို့၏ အကြောင်းကို အတန်ပင် ပိုမို နားလည်သွားပါသည်။ ထိုနေ့သည် "ငါအလိမ္မာတိုးသောနေ့တစ်နေ့"ဟု ကျွန်ုပ်မှတ်သားထားလိုက်ပါ၏။ ယနေ့အထိ အနှစ် ၂၀ ကျော်ပြီ၊ ထိုဆုံးမ ဟောပြောပေးသော ဆရာ၏ ဂုဏ်ကျေးဇူးကို မပြတ်လိုပင် သတိရလျက် ရှိပါ၏။

*

ထိုမဲကြိုးဆရာကို မှီ၍ စိတ်ကူးရင့်လာလေသည်။ စိတ်သည် ထူးဆန်း အံ့သြဖွယ် ကောင်းလှ၏။ စိတ်၏ စွဲလမ်းယုံကြည်မှုကြောင့် ကြီးသော ကောင်းကျိုး၊ ကြီးသော မကောင်းကျိုးတို့ ဖြစ်ရှိလှလေပြီ၊ ဘုရားယုံကြည်မှု၊ နတ်ယုံကြည်မှု၊ ကမ္မဋ္ဌာန်းယုံကြည်မှု၊ ဓာတ်လုံး ယုံကြည်မှု စသည်ဖြင့် ထူးထူးခြားခြား အံ့သြစရာတို့သည် ဖြစ်ကုန်လေပြီ။

အထူးသဖြင့် ယုံလွယ်တတ်သော သူတို့အပေါ်၌ တစ်စုံတစ်ရာ ယုံကြည်စွဲလမ်းအောင်ပြု၍ အသက်မွေးကြသူတို့လည်း ပေါများလှ၏။ ပျောက်စေဆရာ၊ တောင်ဝှေးဆရာ၊ ပယောဂဆရာ၊ မှော်ဆရာ စသည်ဖြင့် များစွာ ထင်ရှားကြကုန်၏။ ဤဆရာကုလျှင် ပျောက်လိမ့်မည်ဟု ယုံကြည် နေသူမှာ ဆေးမပါဘဲနှင့် ရောဂါပျောက်နိုင်၏။ ကျွန်ုပ်တွေ့ဖူးသည်ကား–

ကျွန်ုပ်တို့အရပ်တွင် ကျွန်ုပ်၏ အစ်ကိုတော်တစ်ယောက် မျက်စိ နာ၊ မျက်စိစူး၍ အော်နေရ၏။ ကျွန်ုပ်တို့၏ ရွာ အနောက်ဘက် တစ်မိုင် လောက်အကွာတွင် ကြို့ကုန်းဘုန်းဘုန်းကြီး ဟူ၍ရှိ၏။ ထိုဘုန်းကြီးမှာ ရေမန်းကျော်လှ၏။ ကျွန်ုပ်အစ်ကိုတော်သည် ထိုဘုန်းကြီး၏ ရေမန်းကို

ခတ်ရလျှင် ချက်ချင်းပျောက်လိမ့်မည်ဟု စွဲစွဲလမ်းလမ်း ယုံကြည်ကာ ရေမန်းချက်ချင်း တောင်းပေးရန် ပူဆာလေသည်။

ကျောင်းမှာ သုသာန်အနီးတွင် ရှိသည်တစ်ကြောင်း၊ လမ်းမှာလည်း လူသွားလူလာ ပြတ်သည်တစ်ကြောင်း၊ ညအချိန် ၉ နာရီကျော်ဖြစ်နေသည်တစ်ကြောင်း ဤအကြောင်းတို့ကြောင့် သွားဝံ့သူမရှိ၊ အတန်ခဲယဉ်းနေလေသည်။

ထိုအခါ ဉာဏ်ဆင်ကြရလေတော့သည်။ "အေးအေး–သွားတောင်းပေးမယ်ဟေ့၊ ဟဲ့–မောင်ခင်နဲ့ မောင်လှတို့ လာကြစမ်း၊ ရော့–ဒီရေအိုးသစ်ကို ယူသွား၊ ကြို့ကုန်းကျောင်းရောက်တော့ ရေထည့်ပြီး မျက်စိနာခတ်ဖို့ ရေမန်းလျှောက်တောင်းခဲ့၊ ကိုင်း–မြန်မြန်သွား၊ မြန်မြန်ပြန်ခဲ့ကြဟေ့။ ဒီမှာ မျက်စိစူးလှပြီ"ဟု ထိုမျက်စိနာသမားရှေ့တွင် ကြားအောင် ပြောဆိုလွှတ်လိုက်ရ၏။ ထိုသူနှစ်ယောက် ထွက်သွားပြီးနောက် နှစ်အိမ်ကျော်လောက် ရှိမှ အိမ်တစ်အိမ်တွင် ထိုင်၍ နေကြစေ၏။ ထိုကျောင်းသို့ သွားရသလောက် အချိန်ရှိမှ ကျောင်းက ရေမန်းယူလာဟန် အိမ်တစ်အိမ်က ရေကို ထည့်၍ ယူခဲ့ကြရ၏။

မျက်စိနာသမားသည်ကား ကြို့ကုန်းဘုန်းကြီး၏ ရေမန်းပင်တည်းဟု ယုံကြည်စိတ်ချ၍ ခပ်လိုက်ရသောအခါ ချက်ချင်းသက်သာ၍ အိပ်ရလေတော့၏။ ယုံကြည်မှုပင်တည်း။

ကျွန်ုပ်တို့ ကြားဖူးသည်ကား အနောက်နိုင်ငံတစ်ခုတွင် စိတ်ဓာတ်မည်မျှတာသွားကြောင်း စုံစမ်းသည်မှာ အောက်ပါအတိုင်း ဖြစ်၏။

လူတစ်ယောက်သည် အခြားသူတစ်ယောက်အား လည်ပင်းကို လှီးဖြတ်၍ သတ်သဖြင့် သေဒဏ်စီရင်ချက် ချရန် သေချာသောအခါထို စိတ်ဓာတ်ကို စမ်းသပ်လိုကြသော ဆရာကြီးတစ်စုက တရားသူကြီးစသော ဆိုင်ရာတို့နှင့် ကျိတ်၍တိုင်ပင်ပြီး သေဒဏ်ချသောအခါ လည်ကို လှီးသွေးကြောကို ဖြတ်ပြီးသတ်မည်ဟု စီရင်ချက်ချရန်၊ ဟန်ဆောင် လှီး၍

သတ်ရန်၊ သေသော်သေစေ၊ မသေသော် ရှင်စေဟု လွှတ်ရန် စီမံကြ လေ၏။

စီရင်ချက်ချသောအခါ တရားသူကြီးသည် မောင်မင်းသည် သူ တစ်ပါးကို ရက်စက်စွာ လည်ကြောကို ဖြတ်၍ သတ်သည်ဖြစ်ရာ အသင် သေဒဏ်ခံရမည်၊ သေဒဏ်မှာလည်း မိမိပြုသည့်နည်းတူ အသင့်လည် ကြောကို ဖြတ်၍ သတ်ရလိမ့်မည်ဟု စီရင်ချက်ချလေ၏။ တရားခံလည်း ငါလည်ကြောပြတ်၍ သေရတော့မည်ဟု ယုံကြည်စိတ်ချလိုက်လေ၏။

သတ်နေ့ကျသောအခါ အခန်းတစ်ခု၌ သက်သေများ၊ ဆရာဝန် များ၊ လှီးဖြတ်ရန် ဓား စသည့် အသုံးအဆောင် စုံလင်စွာတို့ကို တရားခံ အား မြင်စေ၏။

မကြာမီ ၎င်းတို့ဆိုင်ရာ ဘုန်းကြီးသည်လည်း ထုံးစံအတိုင်း လာရောက် တရားဓမ္မ ဟောပြောပြီးလေ၏။

ထိုအခါ ထိုတရားခံအား ခုံပေါ်တွင် ပက်လက်အိပ်စေ၍ ခြေ ကြိုး–လက်ကြိုး စသည်ဖြင့် မလှုပ်နိုင်အောင် တုပ်ပြီးကာ မျက်နှာကို အဝတ်စည်းအုပ်လိုက်လေ၏။

"ကိုင်း–ဘုရားတရားသာ အောက်မေ့တော့၊ လည်ကြောကို ဖြတ် တော့မည်"ဟု ပြောဆိုကြကာ ဓားငယ်တစ်ခုဖြင့် အကယ်လှီးဖြတ်သည့် ဟန် အရေကျင်ရုံမျှ လည်ပင်းကြောပေါ်တွင် လှီးရစ်လိုက်လေ၏။ တရားခံ ကား အေးခနဲ မြည့်ခနဲ တွေ့ထိလိုက်၍ သွေးကြောပြတ်ပြီ ပေါက်ပြီဟု ထင်လိုက်၏။

ထိုအခါ လျှို့ဝှက်၍ ဆောင်ထားသော ပွန်ငယ်တစ်ခုမှ လည် ချောင်းနားတွင် ကပ်ကာ ရေတို့ကို သွင်သွင် သွင်သွင် ကျစေ၏။ တရား ခံသည်ကား ငါ့လည်ချောင်းသွေးများ သွန်ကျလေပြီဟု ကြားရှိ ယုံ ကြည်သည်နှင့် မိနစ်၂၀ခန့်အတွင်း အကယ်စစ်စစ် သေဆုံးသွားလေသည် ဟူ၏။

ဤတွင် လည်ကြောမပြတ်ဘဲ သွေးမကျဆင်းဘဲနှင့် စိတ်အထင်ယုံကြည်မှုဖြင့် အကယ်သေဆုံးရခြင်းဖြစ်လေသည်။

ဤသို့စိတ်ဆန်းကြယ်ပုံတို့ကိုထောက်၍ သိမှတ်စရာတစ်ချက်ပေါ်လာသည်ကား စိတ်ကုဆရာ၊ ပျောက်စေဆရာ၊ တောင်ဝှေးဆရာ၊ ဓာတ်လုံးဆရာ၊ စုန်းဆရာ၊ နတ်ဆရာ၊ မှော်ဆရာ၊ ရေမန်းဆရာ၊ အင်းအိုင်လက်ဖွဲ့ဆရာ...စသော သူတို့သည် မည်သည့်အခါမျှ ထမင်းငတ်နိုင်ကြမည်မဟုတ်လေကုန်။

# လူရိုး

ဘသာနှင့် ထွေးမောင်သည် ကျောင်းနေဖက် ဖြစ်ကြသည်။ ကျောင်းတွင် နေကြစဉ်က ဘသာမှာ သွက်လက်ချက်ချာ အကင်းပါး၍ လူလည်လူရှုပ် ဟုလည်း အခေါ်ခံရသည်။ ထွေးမောင်ကား ထုံ–ထိုင်း–အ–နှ–အေးအေး ဆေးဆေး နေတတ်၍ လူညံ့လူပျော့ဟု အခေါ်ခံရသည်။

ကျောင်းမှ ထွက်ကြပြီးနောက် နှစ်ယောက်လုံး အိမ်ထောင်ကျ ကြ၍ ဘသာမှာ (ရန်ကုန်)အလုံတွင် နေသည်။ ထွေးမောင်မှာ ကြည့်မြင် တိုင်တွင် နေသည်။ ဘသာသည် တစ်စုံတစ်ရာ စွဲစွဲမြဲမြဲ အလုပ်မရှိ၊ ထီးထမ်းလမ်းလျှောက် လူပေါ်ကြော့ လူပေါ်မှာ အညွန့်ရှူးစားလေသည်။ ထူးသည်ကား ဘသာမှာ ပြောင်ပြောင်လက်လက် ဝတ်စား၍ စားလိုက် သောက်လိုက်နှင့် အတော်ဟန်ကျပန်ကျ နေနိုင်လေသည်။ ထွေးမောင် ကား ဓာတ်မီးကုမ္ပဏီတစ်ခုတွင် ဓာတ်မီးပြင်ဆင်ကြည့်ရှုသည့်ဘက်က တစ်လ ၄၀ ကျပ်နှင့် လုပ်ရသည်။ သားသမီးသုံးယောက် ရှိလာသည့် အပြင် အိမ်သားများ မကြာမကြာ မကျန်းမာသည်နှင့် ငွေကြေး မလုံ လောက်၊ ဆင်းရဲကြွေးတင်ဖြစ်ရသည်။

မကြာမီပင် ဘသာသည် မိမိ၏မယားနှင့် မသင့်မမြတ် ခွဲခွာ ကြ၍ တစ်ခုလပ် ပေါ်ကြော့အနေဖြင့် နေလေတော့သည်။ ထွေးမောင်၏ အိမ်သို့ မကြာမကြာ လာရောက်လည်ပတ်တတ်၏။ ထွေးမောင် ဆင်းဆင်း ရဲရဲနေရသည်ကို သနားသည်ဟု တစ်နေ့၌ အကြံပေးလေသည်။

၎င်းတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထောင့်ကျ ၍ လူရှင်းသော စားပွဲတစ်ခုံတွင် ဆုံမိကြရာ ဘသာက တရားဟောလေ

သည်ကား "ဟော့–ထွေးမောင်၊ မင်း ဆင်းဆင်းရဲရဲနေရတာ ငါသနားတယ်ကွယ်၊ မင်းကိုကလည်း ညှဲ့ပါတယ်။ ဟော့–ဒီမှာကြည့်၊ ငါဘယ်လိုနေ သလဲ။ မင့်သူဌေးသားတွေ ငါ့လိုမနေနိုင်ဘူးကွ"

"နေနိုင်တာတော့ ဟုတ်ပါပြီကွယ်၊ မင်းအလုပ်တွေက မသန့်မရှင်းနဲ့ ထောင်နှုတ်ခမ်းနင်းနေတာပဲ။ အဲဒီလိုအလုပ်တွေတော့ ငါက မလုပ်ချင်ဘူးကွဲ့၊ ငတ်ပြီး အသေခံမယ်"

"အမယ်လေး–ဘုရားအလောင်းကြီးတွေ့နေမှကိုး၊ ဟော့–ဒီမှာ မင်းပြောပုံက လူနုံ–လူအ–လူစဉ်မမီတဲ့ လူတွေရဲ့သဘော ခင်ဗျားရဲ့၊ ဒီလို ဖြစ်ရင်လည်း တောထွက်သွားပါလားကွဲ့၊ ဘာဖြစ်လို့ သားတွေမယား တွေနဲ့ နေသေးသလဲ"

"မင်း ဘာပြောပြောကွယ်၊ ရှိသမျှနဲ့ပဲ ဖြစ်သလို ရိုးရိုးလုပ်ကိုင် စားတော့မယ်"

"ဟော့လူ–မနုံစမ်းပါနဲ့၊ ဒီမှာ ငါကော်ပေါက်တစ်ခု တွေ့ခဲ့တယ်။ ရန်ကုန်ထဲမှာ အင်္ဂလိပ်မကြီး–မင်းကြီးကတော် မုဆိုးမကြီးတစ်ယောက် ငါတွေ့ခဲ့တယ်။ သူ့အိမ်က စားပွဲထိုးနဲ့စပ်ပြီး အတွင်းရေးတွေ ငါစုံစမ်း လို့ သိခဲ့ပြီ၊ ဒီမှာ သူငွေသုံးလေးထောင်ကို ထားတာဟာ အလွယ်ကလေး ရယ်၊ မင်းပါရင် နေရာကျမယ်။ ဒီလိုကွဲ့၊ မင်းက ဓာတ်မီးဘက်က နား လည်တော့ ဓာတ်မီးပြင်သမားအနေနဲ့ ငါက မင်းအဖော် တပည့်အနေနဲ့ ဝင်ရရင် အလွယ်ကလေးရယ်၊ အိမ်ထဲရောက်ရုံသာလိုတယ်။ ရောက်ရင် ထားတဲ့နေရာက အလွယ်ကလေးနဲ့ ယူနိုင်တယ်။ အဲဒါ မင်းစဉ်းစားမနေနဲ့၊ တစ်ခါတည်းလိုက်ခဲ့၊ ငွေ ၁၅၀၀ ကျပ်–၂၀၀၀ ကျပ်ရရင် ကြွေးလည်း ကျေရော၊ ကိုယ့်အိမ်ကလေး ကိုယ်ဆောက်ပြီး အသင့်အတင့်တော့ နေနိုင် တာပဲ၊ ကိုင်း–လာကွယ်"

ထိုအခါ ထွေးမောင်သည် ပြုံး၍ "မဖြစ်နိုင်ပါဘူးကွယ်၊ ငါ့ကို မင်းဘယ့်နှယ် ဆွယ်လို့မှ ရမှာ မဟုတ်ဘူး။ မင်းငါ့ကို စေတနာထားတယ်

ဆိုတာတော့ ကျေးဇူးတင်ပါတယ်၊ ကိုင်း ငါလည်း အလုပ်သွားဖို့ နီးပြီ" ဆို၍ ထလေ၏။

"ဟော့–အကောင်၊ မင်းဒါကြောင့် ဒီလိုနေရတာ သိရဲ့လား၊ ကိုင်း ဆရာ သဘောပဲ၊ ကောင်းစေချင်လို့ နတ်ပြည်တင်၊ မြင့်တယ်လို့ ခုန်ချ ဆိုတာ မင်းလို အကောင်မျိုးတွေပေါ့။ သြော်–ဒီမှာ၊ မင်းမလိုက်ချင်ရင် နေ၊ နို့ပေမဲ့ ဘယ်သူမှ မပြောနဲ့နော် ဟုတ်လား"

"ဒါတွေ မင်းပြောစရာ မလိုပါဘူးကွယ်"ဆို၍ ထွေးမောင်သည် ချာခနဲ လှည့်ထွက်သွားလေ၏။

ဘသာသည် ဓာတ်မီးပြင်သမားသဏ္ဌာန် ပြုကာ လက်နက် ကိရိယာအသင့်အတန်နှင့် ထိုအင်္ဂလိပ်မကြီးအိမ်သို့ လာခဲ့၏။ ထိုအိမ်က ဓာတ်မီးပြင်ရန် ခေါ်သည့်ဟန်၊ ထိုအိမ်နံပါတ်၊ လမ်းအမည်ရေးထားသော စာရွက်ငယ်တစ်ခုလည်း ဆောင်ခဲ့၏။

အင်္ဂလိပ်မကြီးမှာ အခိုင်းအစေ မိန်းမတစ်ယောက်၊ ထမင်းချက် သမားတစ်ယောက်၊ စားပွဲထိုးတစ်ယောက်နှင့်သာ နေ၏။

ဘသာလာသော ညနေသုံးနာရီ အချိန်လောက်တွင် ထမင်းချက် သမားနှင့် စားပွဲထိုးသည် နောက်ဖေးသီးခြားမီးဖိုချောင်တွင် ချက်ပြုတ်နေ ၏။ အခိုင်းအစေမိန်းမကား အပြင်ဘက်သို့ အဝယ်အခြမ်း ထွက်နေ၏။ အင်္ဂလိပ်မကြီးမှာလည်း အတန်ပြင်းသော အဆစ်အမျက် ကိုက်သည့် ဝေဒနာကို ခံနေရသည်မှာ ကြာရှည်ပြီဖြစ်၍ အတန်မမာမကျန်းဖြစ်ကာ အိမ်ခန်းတစ်ခုတွင် အိပ်ရာပေါ်၌ လှဲနေ၏။

ဘသာသည် လူရှင်းကြောင်း သိ၍ အိမ်သို့ ဝင်၏။ ၎င်း၏ အကြံကား လူရှင်းလျှင် စာရေးခန်း စားပွဲအံဆွဲတစ်ခုတွင် ထားသည်ဆို သော ငွေကိုယူမည်။ လူတွေ့လျှင် ဓာတ်မီးကုမ္ပဏီမှ လွှတ်လိုက်သောလူ ဖြစ်ဟန်ဆောင်မည်ဟု ကြံ၍ ဝင်၏။

အိမ်ရှေ့ခန်းရောက်၍ လူရှင်းသည်ထင်သည်နှင့် ငွေထားရာ

စားပွဲဆီသို့ တိတ်တဆိတ်လာခဲ့ရာ နားပါးသော အမယ်ကြီးသည် ခြေသံ လိုလို ကြား၍ ချောင်းဟန့်ကာ အင်္ဂလိပ်လို ဘယ်သူလဲဟု အိပ်ရာမှနေ၍ မေးလေ၏။

ဘသာသည် အမြန်ဆုတ်၍ အဝင်ဝတံခါးတွင် ရပ်ကာ တံခါး ကို ခေါက်လေသည်။

အမယ်ကြီးသည် နွမ်းလျနာကျင်သော ကိုယ်ဖြင့် ထလာခဲ့လေ ၏။ ဘသာကို တွေ့မြင်ရလျှင် မြန်မာပြည်ပေါက်ဖြစ်၍ မြန်မာစကားကို ကောင်းစွာ တတ်ကျွမ်းသည်နှင့် မြန်မာဘာသာဖြင့် မေးမြန်းလေ၏။

"ကျွန်တော်တို့ ကုမ္ပဏီကို ဒီအိမ်က ဓာတ်မီးပြင်ချင်လို့ဆိုပြီး လူလွှတ်လိုက်လို့ ကုမ္ပဏီက ကျွန်တော့်ကို လွှတ်လိုက်ပါတယ်"

"မင်းတို့ မှားပြီထင်တယ်။ ကျုပ်မီးတွေ အကောင်းသားပဲ၊ လူ လည်း မလွှတ်ရပါဘူး"

"အို–ဟောဒီမှာ နာမည်လိပ်စာတွေတောင် ရေးပေးလိုက်သေး တယ်။ စပတ်လမ်း တိုက်နံပါတ် ၃၀၊ မစ်စစ်(စ်)ဘာတန်တဲ့။ အဲဒါ ခင်ဗျား ပဲ မဟုတ်လားခင်ဗျာ"

"အင်း–နာမည်တွေတော့ ဟုတ်ပါရဲ့၊ နို့ပေမဲ့ လူလွှတ်တာတော့ မဟုတ်ဘူး"ဟု ဆိုပြီးနောက် စေ့စပ်သော အမယ်ကြီးသည် ဆက်၍ "မင်း နာမည်က ဘယ်သူလဲ၊ ဘယ်မှာနေသလဲ" ဟု မေးလေ၏။

ထိုအခါ မရိုးသော ဘသာမှာ အကျပ်ရိုက်သွား၍ အမည်မှန် ကို ပေးရန် မဖြစ်နိုင်သည်ကို သိရှိကာ ရုတ်တရက် ထွေးမောင်ကို သတိ ရပြီးလျှင် "ကျွန်တော့်နာမည် ထွေးမောင်တဲ့၊ ကြည့်မြင်တိုင် ပိတောက်တန်း နံပါတ် ၂၈ မှာနေပါတယ်"ဟု ထွေးမောင်၏ အမည်၊ လမ်းအမည်၊ အိမ် နံပါတ်တို့ကို အလွဲသုံးစား ပြုလိုက်လေ၏။

ဤအချိန်တွင် အမယ်ကြီးမှာ အလွန်နာကျင် ကိုက်ခဲလာသည် နှင့် "အို–အို"ဆို၍ အနီးရှိ ကုလားထိုင်ပေါ်သို့ ခွေပျော့၍ ကျသွားလေ၏။

ထိုအခါ ဘသာသည် "အို–အမေကြီး မမာဘူးလား"ဟု မေးရလေ၏။

"ဟုတ်တယ်မောင်ရယ်၊ ကိုင်း ကိုင်း ခဏ ဟိုကုလားထိုင်ပေါ်မှာ ထိုင်ဦး၊ ဟုတ်တယ်၊ အမေကြီး အဆစ်အမျက် ကိုက်တဲ့ရောဂါခံနေရတာ သုံးနှစ်ကျော်ပြီ၊ ဆရာဝန်တွေလည်း စုံပါပြီကွယ်၊ ဒါနဲ့ပဲ သေရတော့မယ်ထင်ပါရဲ့"ဆို၍ အလွန်နာကျင်စွာ ခံနေရသည်ကို ဘသာမြင်ရလေ၏။

မေးမြန်းတတ်သော အမယ်ကြီးက ဆက်၍ "နေပါဦး၊ မင့်မိန်းမနာမည်က ဘယ်သူတဲ့လဲ၊ သားသမီးကော ရှိသလား။ လခဘယ်လောက်ရသလဲ၊ စားလောက်သောက်လောက်ရဲ့လား"ဟု မေးလေ၏။

"ကျွန်တော့်မိန်းမက မယ်လှတဲ့။ ကလေးသုံးယောက် ရှိပါတယ်။ တစ်လ ၄၀ ကျပ်တည်း ရပါတယ်။ ဘယ်မှာ စားလောက်မလဲခင်ဗျာ။ မကျန်းမမာလည်း ဖြစ်ကြတာနဲ့ ကြွေးတွေတောင် တင်နေပါတယ်။ အိမ်ကလေးတစ်ခန်းတောင် မိတ်ဆွေတစ်ယောက်က ကြည့်ရှုထားလို့ အလကား နေရပါတယ်"ဟု ထွေးမောင့်မိန်းမနာမည်၊ ထွေးမောင့်ကလေးသုံးယောက်၊ ထွေးမောင့်အခြေအနေတို့ကို ထပ်လောင်း၍ အလွဲသုံးစားပြုလိုက်ရပြန်လေ၏။

"သြော်..သြော်...မင်းတို့ တယ်ဆင်းရဲတာကိုးကွဲ့၊ ငါ့မှာလည်း တစ်မျိုးဆင်းရဲနေတာပဲကွယ်၊ ကြေးငွေတော့ ပြည့်စုံပါရဲ့။ ဟောဒီ ဝေဒနာခံနေရတယ်။ ပျောက်ရင်လေ ရှိသမျှ ပစ္စည်းကို ပေးပစ်နိုင်ပါရဲ့"

ထိုအခါ ဘသာသည် ပစ္စည်းစကားကို ကြားသောအခါ လိုချင်စိတ်ဖြစ်လာ၍ မိမိလည်း ဆေးနည်းတစ်ခု သိထားသည်နှင့် ပျောက်လိုပျောက်ငြားဟု ဤသို့ပြော၏။

"သြော်–အမေကြီး၊ ဒီအဆစ်အမျက် ကိုက်တဲ့ရောဂါမျိုး ကျွန်တော့်အမေ ခံရဖူးတယ်။ လေးငါးနှစ်ကို ကြာတာပဲ။ နောက်ဆုံးမှ ဆေးတွေ့သွားတယ်။ အဲဒီဆေးနည်းကို ကျွန်တော်ကိုယ်တိုင် ဖော်စပ်ပေးခဲ့ရလို့

မှတ်မိပါတယ်။ ဆေးကတော့ ဗမာဆေးပဲ။ ဗမာဆေးလည်း စွမ်းပါတယ်။ စမ်းကြည့်ပါလား အမေကြီး"

အင်္ဂလိပ်ဆေးမျိုးစုံ၊ အင်္ဂလိပ်ဆရာဝန်မျိုးစုံ မတတ်နိုင်သဖြင့် သေမင်းပြည်သို့ သွားရတော့မည်ဟု ယုံကြည်နေသော အမေကြီးသည် မြန်မာဆေးကို စမ်းကြည့်လိုသည်၊ ကျေးဇူးတင်ပါသည် စသည်ဖြင့် ပြောဆိုလေသည်နှင့် ဘသာသည် ဆေးယူပြန်ခဲ့လေ၏။

ဘသာသည် ဆေးကို ဘယဆေးဆိုင်တွင် စု၍ အမှုန့်ပြုကာ သံပရာသီး နှစ်လုံးသုံးလုံးနှင့် ယူခဲ့လေ၏။ ဆေးအားလုံးအတွက် သုံးမူးလောက်သာ ကျလေသည်။ အဆင်သင့်လို့ ပျောက်ရင်တော့ ငါကော်တာပဲဟု စိတ်တွင် ရှင်နေလေ၏။

ရောက်သော် ဆေးကို သံပရာရည်နှင့် ဖျော်၍ အမယ်ကြီးအား အဆစ်အမျက်တို့ကို ကိုယ်တိုင်လိမ်းပွတ်၍ ပေး၏။

"ကိုင်း–ဒီတစ်ည ကြည့်စမ်းပါ၊ သိသာပါလိမ့်မယ်။ တစ်နေ့ကို မနက်တစ်ခါ ညတစ်ခါ မှန်မှန်သာ လိမ်းပေးပါ။ ပျောက်ပါလိမ့်မယ်၊ ဗမာဆေးလည်း စွမ်းပါတယ်"ဟု ရယ်မော၍ ပြောလေ၏။

"အေး– ကျေးဇူး အင်မတန် တင်ပါတယ်ကွယ်၊ ပျောက်ရင်တော့…" ဆို၍ ရပ်ထားလေ၏။

"ကိုင်း–ကျွန်တော် ပြန်လိုက်ပါဦးမယ်"ဆို၍ ဘသာသည်လည်း ထွက်လာခဲ့လေ၏။

ဘသာသည် လူပေါ် လူညွန့်ရှုးစားနေရသည်မှာ အတန်ကြာပြီဖြစ်၍ အစိုးရပေါ်မှာ အညွန့်ရှုးစားရန် မကြာမီ ဖြစ်ပေါ်လာလေ၏။ အစိုးရဆောက်ပေးသော တိုက်ခန်းတွင် နေရ၏။ မအိပ်ချင်သော အိပ်ချင်သော အချိန်မှန်အိပ်ရ၏။ မစားချင်သော စားချင်သော အချိန်မှန်စားရ၏။ ပြင်ပပြင်လွင်သို့ ထွက်ချင်တိုင်း မထွက်ရသည်တစ်ခုသာ ဆိုဖွယ်ရှိ၏။ ၎င်းပြင်လည်း လုပ်ချင်သော မလုပ်ချင်သော အလုပ်တို့ကို မှန်မှန်လုပ်ရ၏။

ဤသို့အားဖြင့် အစိုးရ၏ ကြည့်ရှုကျွေးမွေးပြုစုထားခြင်းကို သုံးနှစ်မျှ ခံစားနေရ၏။

*

အင်္ဂလိပ်မကြီးမှာ ဆေးတွေ့ချိန်ကျ၍လား မသိရ၊ ဆေးတစ်ခါလိမ်းနှင့် ပင် ထိုညအတန်ကောင်းကောင်း အိပ်ရ၏။ ကောင်းမှန်းသိ၍ ဆက်လက် ပြီး ကြိုးစားလိမ်းရာ သုံးလတွင် ရောဂါရှင်းရှင်းပျောက်လေ၏။ ဆေးပေး သော ဆင်းရဲသည်ဆိုသော 'ထွေးမောင်'ကို ကျေးဇူးဆပ်လို၍ ထွေးမောင် အိမ်သို့ ကိုယ်တိုင် သွားရောက်၍ ကြေးငွေပေးမည်ဟု နှစ်ခါသုံးခါကြံ၏။

သို့ရာတွင် မိမိတို့အင်္ဂလိပ်ထုံးစံအရ သေတမ်းစာတွင် ကျေးဇူး ဆပ်ခဲ့သည်က သာ၍ ကျေးဇူးလေးနက် ဂုဏ်ရှိသည်ဟု ယူဆကာ သေ တမ်းစာတွင် ထွေးမောင်အတွက် ထည့်ရေးထားလေ၏။

ရောဂါပျောက်ပြီးနောက် နှစ်နှစ်လောက်အကြာတွင် အမယ်ကြီး သည် ကြမ္မာဆိုး ဝင်လာလေရကား မော်တော်ကားမှောက်၍ အနိစ္စရောက် ရရှာလေ၏။

သေတမ်းစာကို ဆိုင်ရာရှေ့နေများက ရရှိကြည့်ရှုကြရာ မိမိပိုင် ငွေတစ်သိန်းနီးပါးတန် ပစ္စည်းတို့ကို ဝေဖန်ထုခွဲစီမံချက် အရပ်ရပ်တို့ အနက် "ငွေငါးထောင်တိတိကို ကြည့်မြင်တိုင် ပိတောက်တန်း အိမ်နံပါတ် ၂၈ နေ၊ ဓာတ်မီးပြင်သမား သားသမီးသုံးယောက်နှင့် မောင်ထွေးမောင်၊ မလှတို့အား ပေးရန်၊ ဤသို့ပေးသည်မှာ မိမိ၏ ပြင်းထန်သော ဝေဒနာ ကို ရှင်းရှင်းပျောက်အောင် ကုသပေး၍ မိမိ၏ အသက်ကို ကယ်ဆယ်သော ကျေးဇူးကို ဆပ်ခဲ့ခြင်းဖြစ်သည်"ဟု တွေ့ရှိကြရလေ၏။

ရှေ့နေသည် ထွေးမောင်တို့လင်မယားကို မိမိ၏ ရုံးခန်းသို့ ခေါ်

၍ သေတမ်းစာအကြောင်းကို ပြောပြရာ ထွေးမောင်တို့မှာ မယုံမကြည် ကြောင်တောင်တောင် ဖြစ်နေကြလေ၏။

"မဟုတ်ပါဘူး၊ အမိန့်တော်ရမင်းရဲ့၊ တစ်ခုခုမှားပါလိမ့်မယ်၊ အဲဒီ အင်္ဂလိပ်မကြီးကိုလည်း မသိပါဘူး။ တစ်ခါမှလည်း မတွေ့ဖူးပါဘူး။ ဆေးကုပေးတယ်ဆိုတာလည်း မဟုတ်ရပါဘူး။ ကျွန်တော်ဆေးအကြောင်း ဆိုလို့ လျက်ဆားတောင် မဖော်တတ်ပါဘူး။ လူမှားပါလိမ့်မယ်ခင်ဗျာ" ဟု ရိုးသားစွာ ငြင်းနေလေ၏။

"ဟာ–ဘယ်မှာ မှားရမလဲကွဲ့။ ကြည့်မြင်တိုင်၊ ပိတောက်တန်း၊ နံပါတ် ၂၈ ထွေးမောင်–မလှ၊ အားလုံး မှန်တယ်မဟုတ်လား"

"အဲဒါတော့ မှန်ပါတယ်"

"ကလေးသုံးယောက် ဆိုတာကကော"

"ဒါလည်း မှန်တာပဲ"

"ဓာတ်မီးပြင်တယ်ဆိုတာကရော"

"ဒါလည်း မှန်တာပဲ၊ နို့ပေမဲ့ ဆေးကုတယ်ဆိုတာ…'

"ဟော့–တော်၊ မင်းအရူးလား၊ အားလုံးမှန်နေမှပဲ၊ ဆေးကုတာကို မင်းရူးလို့ မေ့နေတာဖြစ်မှာပေါ့။ တော်–မရှည်နဲ့၊ ငါ့မှာ အချိန်မရှိဘူး၊ ရော့–လက်မှတ်ထိုး၊ ရော့–ချက်ယူသွား၊ ဘဏ်မှာ ငွေငါးထောင် ထုတ်ယူချေ။

"ကျွန်…ကျွန်…ကျွန်တော် မထုတ်တတ်ဘူးခင်ဗျ"

"ဟော့…ဘရွှေ လာစမ်း၊ ဒီလူကို ဘဏ်မှာ ငွေထုတ်ပေးလိုက် စမ်းကွယ်" ဟု မိမိစာရေးအား ပြောလေ၏။

"ကျွန်တော်–ကျွန်တော် မဟုတ်ရပါဘူးဗျာ။ နောက်လွဲနေရင် အမှုတွေ ဘာတွေဖြစ်နေပါဦးမယ်"ဟု ထွေးမောင်သည် ထပ်၍ လောလေရာ–

"ဟာ–တယ်ရှည်တဲ့လူပါလား၊ ကိုင်း–ဘရွှေ၊ မြန်မြန်ဆွဲခေါ်

သွားစမ်းပါကွယ်၊ ငါ့မှာလည်း ဒီမှာ အလုပ်တွေ ရှုပ်နေလို့ပါ”ဟု ငေါက်လိုက်လေ၏။

*

ထွေးမောင်တို့လင်မယားမှာ စိန်လက်စွပ် ဝတ်ရမလိုလို၊ မုန့်ဟင်းခါး စားရမလိုလို၊ အော်ငိုရမလိုလို၊ အော်ရယ်ရမလိုလို ဟိုလိုလိုသည် လိုလိုနှင့် ကြောင်တက်တက်ဖြစ်ကာ စကားမှမပြောနိုင်ကြအောင် ရှိလေ ၏။

မယ်လှသည် ငွေစက္ကူထုပ်ကြီးကို ရင်ခွင်တွင် ပိုက်ထားလိုက်၊ ခဏကြာလျှင် ဆန်အိုးထဲသို့ထည့်၍ အပေါ်က ကျောက်တုံးနှင့် ဖိထားလိုက်၊ ခဏကြာလျှင် စိတ်မလုံ၍ ခေါင်းရင်းဖျာအောက်တွင် ထိုးထားလိုက်နှင့် ဗျာများ၍နေလေ၏။

စင်စစ်သော်ကား ထိုငွေရောက်လာမှုကြောင့် မစားနိုင် မသောက်နိုင်၊ ညအခါ၌လည်း မအိပ်နိုင်နှင့် ခများတို့မှာ ဒုက္ခကောင်းကောင်း ရောက်ရရှာလေ၏။

တစ်ရက်နှစ်ရက် ရှိသော် မိတ်ဆွေကောင်းများက ဘဏ်တွင် အပ်ထားပေးကြလေ၏။ ဘဏ်တွင် ထားသောအခါ၌လည်း မယ်လှမှာ စိတ်မအေးသေးချေ၊ အရင်းအချာမဟုတ်၊ လူစိမ်းသက်သက် ဘုမသိ ဘမသိ လူတွေဆီတွင် ငွေထားရသည်မှာ ပြန်မှပေးပါမည်လား၊ လိမ်ယူမည်လား စသည်ဖြင့် ပူရသေးသည်သာတည်း။

ထွေးမောင်သော်ကား ဘဏ်တွင် စိတ်ချ၏။ သို့ရာတွင် ဤငွေသည် လူမှား၍ ငါ့ကို ပေးခြင်းဖြစ်သည်။ တစ်နေ့နေ့ လူမှန်ပေါ်လျှင် ငါခက်ရချေရဲ့ဟု တွေးတောကာ တစ်မျိုးအားဖြင့် မအေးရှိရလေ၏။

*

ငွေရ၍ လေးငါးလအကြာတွင် ထွေးမောင် မယ်လှတို့ လူစိတ်ရိုးရိုးသို့ ပြန်ရောက်ကြသော် လခစားအလုပ်မှ ထွက်ပြီးလျှင် လမ်းမတော်ပိုင်းတွင် တိုက်ခန်းငှား၍ ဓာတ်မီးဆိုင်ရာ ဆိုင်တစ်ခု ဖွင့်လေ၏။ မကြာမီ ရိုးသားစွာ လုပ်ခြင်း၊ ဝီရိယရှိခြင်းတို့ကြောင့် ဆိုင်အတန်ပင် ကြီးပွားလာ၍ ထွေးမောင်–မယ်လှတို့မှာ အနေအစား ချောင်ချိ ချမ်းချမ်းသာသာ ရှိကြလေ၏။

*

ကျွန်ုပ်တို့၏ လူလည်ကိုဘသာကြီးမှာလည်း အစိုးရ၏ ဧည့်သည်တော်အဖြစ်ဖြင့် သုံးနှစ်မျှ ခံစားစံစားပြီးမှ လူ့ပြည်ဘက်သို့ ထွက်ခဲ့ရပြန်လေ၏။

မှီခိုရာမဲ့သည်နှင့် မိမိ၏ ငယ်သူငယ်ချင်း ကျောင်းနေဖက်ထွေးမောင်တို့ အိမ်ဆီသို့ ခြေဦးလှည့်ခဲ့လေ၏။ အိမ်နီးနားချင်းတို့က ထွေးမောင်တို့၏ နေရာသစ်ဆိုင်သစ်ကို ညွှန်လိုက်မှ လိုက်ခဲ့ပြန်လေ၏။

"ဦးထွေးမောင်–လျှပ်စစ် ဓာတ်မီးတိုက်"ဟူသော ဆိုင်းဘုတ်နှင့် အတန်ခမ်းနားသော ဆိုင်ကို မြင်ရလျှင် ချက်ချင်းမဝင်ဝံ့ဘဲ တွေ၍ ငေးကြည့်နေ၏။ ထွေးမောင်သည် ဆိုင်တွင်းမှနေ၍ ထိုအဝတ်အစားအနွမ်း နှင့် စုတ်ချာချာလူကို အတန်ကြာ စဉ်းစားကြည့်နေရာမှ ဘသာဖြစ်ကြောင်း သိသည်နှင့်–

"ဟေ့–ဘသာမဟုတ်လား၊ လာပါလေ၊ အထဲကို၊ ဒါ ငါ့ဆိုင် ပါပဲကွဲ့"ဟု ခေါ်ယူရလေ၏။

ရောက်မှ "အေး–ဘသာရယ်၊ မင့်အကြောင်း ငါသတင်းစာထဲ ဖတ်လိုက်ရတယ်။ အခု သုံးနှစ်ပြည့်ပြီပေါ့နော် မင်းဘယ်လို..."

ဤသို့ ထွေးမောင်က မေးမြန်းပြောဆိုနေစဉ်အတွင်း ဘသာသည် နားထောင်ဟန်မရှိ၊ ဆိုင်အတွင်း ပတ်လည်ထားပုံ၊ သိုပုံ၊ ကုန်စည်

ကိရိယာများပြားပုံ၊ ကြီးကျယ်ပုံတို့ကို ဟိုလှည့်ကြည့်၊ သည်လှည့်ကြည့်နှင့် လုပ်နေလေ၏။ ပြီးမှ ထွေးမောင် မေးသည်တို့ကို မဖြေဘဲ–

"နေပါဦး ထွေးမောင်ရယ်၊ ငါ့အကြောင်းတွေ ထားစမ်းပါဦး၊ မင့်အကြောင်းတွေကို ပြောစမ်းပါဦး၊ ဘယ်ပုံဘယ်နည်း ဒီအခြေရောက်လာတာလဲ။ မင့်ထီပေါက်သလား"

"အေး– တစ်နည်းတော့ ထီပေါက်တယ် ဆိုရမှာပဲ၊ ဒီလိုကွဲ့၊ အတော်ထူးတယ်။ မနှစ်ကကွယ်၊ ဟိုစပတ်လမ်းက အင်္ဂလိပ်မကြီး တစ်ယောက်က ငါနဲ့လည်း မသိဘဲနဲ့၊ ကြည့်ပါဦးကွယ်၊ သူ့သေတမ်းစာထဲမှာ ငါ့ကို ငွေငါးထောင် ပေးပစ်ခဲ့တယ်"

"စပတ်လမ်းက အင်္ဂလိပ်မကြီး မဟုတ်လား"

"အေး–ဟုတ်တယ်"

"နာမည် ဘယ်သူတဲ့လဲ"

"ဟိုဒင်းကွယ်...မစ်စစ်(စ်)ဘာတန်–ဆို ထင်ပါရဲ့"

"အစစ်ပဲဗျ" ဆို၍ ဘသာ၏ နား မျက်စိတို့သည် ပွင့်ကျယ်၍ လာလေ၏။

"နေပါဦး၊ အဲဒီ မစ်စစ်(စ်)ဘာတန်က ဘာပြုလို့ မင့်ကို ငွေပေးခဲ့တယ်လို့ ဆိုသလဲ"

"အဲဒါလည်း ထူးတာပဲ၊ ကြည့်ပါဦးကွယ်၊ သူ့မှာ အင်မတန်ပြင်းထန်တဲ့ အကိုက်ရောဂါကို ငါက ပျောက်အောင် ဆေးကုပေးခဲ့ဖူးလို့၊ အသက်သခင်မို့တဲ့ကွယ်၊ ငါလည်း မကုရပါဘူး။ သိလည်း မသိရပါဘူး"

"ဟယ်...ဟုတ်ပဟယ်..." ဆို၍ ဘသာသည် ထခုန်မိလေ၏။

"ဟေ့...ဘာအရူးထတာလဲ၊ ဘာဟုတ်တာလဲ"ဟု ထွေးမောင်က မေးမှ ဘသာသတိရ၍ အဖြစ်အမှန်ကို ပြောပြရလျှင် ထွေးမောင်၏ နာမည်ကို မိမိအလွဲသုံးစားပြုခဲ့ပုံ၊ မိမိ၏ ညစ်ပတ်စုတ်ပဲ့သော အမှုအကျင့်တွေ ပေါ်ကုန်မည်ကို စိုးသည်နှင့် "ဟာ–ငါက အားရလို့ပါကွယ်၊

အေး ဟုတ်သကွယ်၊ မင်းတော့ ကော်တာပဲ”ဟု မချိသွားဖြဲနှင့် ရောနှော၍ ချလိုက်ရလေ၏။

ထွေးမောင်။ ။“ငွေပေးခဲ့တာတော့ ဟုတ်ပါရဲ့၊ လူမှားတာနဲ့ တူတယ်ကွဲ့၊ ဆေးကုတာ ငါမဟုတ်ဘူးဆိုတာ ငါသိတာပေါ့ကွဲ့၊ ဒီတော့ တစ်နေ့နေ့ လူမှန်ပေါ်လိမ့်မယ်၊ ပေါ်ရင် ငွေကို ပြန်ပေးရတာ ကိစ္စမရှိဘူး။ မရိုးမဖြောင့် လိမ်လည်တယ်ဆိုပြီး အမှုရောက်နေမှာ ငါအင်မတန်ရှက်တယ်။ ဒါကြောင့်လည်း စိတ်တယ်မအေးဘူးကွဲ့”

ဘသာ။ ။“စိတ်အေးတော့ သူငယ်ချင်း၊ စိတ်အေးတော့၊ ဘယ်တော့မှ လူမှန်မပေါ်တော့ဘူး။ ငါ့ကို ယုံပါကွယ်၊ ငါအာမခံပါ့မယ်”

“ဟာ–မင်းက ကြားထဲက အာမဝင်ခံရုံနဲ့ ပြီးပါ့မလားကွဲ့၊ မင်းကလည်း မဖြစ်နိုင်တာပဲ”

“ဟေ့–ဖြစ်နိုင်လို့ ငါပြောတာ၊ စိတ်အေးအေးနေပေတော့”ဆို၍ ဘသာသည် ထကာ ထွေးမောင်၏ ပခုံးကို ကိုင်၍ စိတ်ပါလက်ပါ မျက်နှာကို ကြည့်ပြီးလျှင်–

“အင်း–ငါ့သူငယ်ချင်း လူရိုးကြီး–လူအကြီး၊ လူသူတော်ကောင်းကြီး၊ မင်းရထိုက်လို့ ရတာ၊ သူတော်ကောင်းဆီကို ထိုက်တဲ့ဥစ္စာ ရောက်လာတယ်လို့ မှတ်ပေတော့၊ အင်း–လူရိုးလူကောင်းများ တယ်ဟုတ်ပါကလား။ အေး–မင့်လိုလူမျိုးနဲ့ သူငယ်ချင်းတော်ရတာ ငါတော့ ဂုဏ်တက်ပါတယ်။ အေး–အေး–ချမ်းသာကြပါစေကွယ်၊ ငါသွားတော့မနော် သူငယ်ချင်း”ဆို၍ မျက်ရည်လည်ကာ လှည့်၍ ထွက်ခဲ့လေ၏။

ထွေးမောင်သည် အတန်ကြာ အံ့အားသင့်နေပြီးမှ ထွက်၍ လိုက်ဆွဲကာ ခေါ်သွင်းခဲ့ပြီးလျှင် “မင်း ဘယ်သွားမလဲ”ဟု မေးလေ၏။

ဘသာသည် မျက်နှာကို မကြည့်ဘဲ “ငါ့မှာ သွားစရာ ဘယ်မှာမှ မရှိတော့ဘူး၊ ငါတော့ လူဖြစ်ရှုံးပြီ၊ ရောက်ချင်ရာရောက် သွားတော့မှာပဲ”ဟု ဝမ်းနည်းစွာဖြင့် ပြောလေ၍–

"မင်းဘယ်မှ မသွားရဘူး၊ ငါ့ဆီမှာနေ၊ ငါကျွေးမွေး ထားနိုင်တယ်။ ငါ့ဆိုင်မှာလည်း အလုပ်တွေ ပြည့်လို့၊ အဲ–မင်းတစ်ခုတော့ ကတိပေးရမယ်"

"ဘာကတိလဲ"

"ရှေးက လုပ်ဖူးတဲ့ မကောင်းတဲ့ အမှုအကျင့်တွေ အကုန်ဖျောက်ပြီး ရိုးရိုးသားသား လုပ်ကိုင်စားပါ့မယ်ဆိုတဲ့ ကတိပေးရမယ်"

"အဲဒီကတိတော့ မင်းတောင်းဖို့ မလိုတော့ဘူး။ ထောင်က လွတ်လွတ်ချင်း ရွှေတိဂုံဘုရားကို အရင်ဆုံးသွားပြီး ဒီအမှုအကျင့်တွေ စွန့်ပစ်ပါပြီလို့ သစ္စာပြုခဲ့ပြီကွဲ့"ဟု ပြန်၍ ပြောပြလေ၏။

*

မကြာမီ ဘသာ၏ မယားဟောင်းသည်လည်း ဆိုင်သို့ ရောက်လာကာ ဘသာတို့ လင်မယားသည် ထွေးမောင်၏ ဆိုင်တွင် အားကိုးအားထားပြုရသော လက်ထောက်များ ဖြစ်နေသည်ကို တွေ့ကြရလေသတည်း။

*

ဘသာနှင့် ထွေးမောင်တို့မှာ ရန်ကုန်မြို့မ မြို့မ အမျိုးသားကျောင်းထွက်များဖြစ်ကြ၏။ ယခု ကျောင်းသစ်ကြီး မရှိသေးမီ ဂျူဗလီရုံနား၌ ခနိုတဲကျောင်းနှင့် ရှိစဉ်က နေဖူးကြသော ကျောင်းသားဟောင်းများဖြစ်ကြ၏။ ထိုသူများအကြောင်းကို ကြားသိရသဖြင့် မှတ်သားထိုက်သူများ ဖြစ်သည်နှင့် ရေးသား ဖော်ပြလိုက်ရပေသတည်း။

# မင်းကတော်

ညွန့်မေ၏ မိဘတို့သည် တောသူတောသားများ ဖြစ်ကြ၏။ ဆင်းရဲလည်း ဆင်းရဲကြရှာ၏။ ညွန့်မေ ငယ်စဉ်ကပင် အဖသေဆုံးသွား၍ မုဆိုးမ ဒေါ်ခင်သည် သမီးကလေးကို ငြိုငြင်စွာ မွေးမြူခဲ့ရ၏။

ညွန့်မေတို့မှာ ဟသ်ာတမြို့တောင်ဘက် ငါးမိုင်ခန့်အကွာ နတ်မော်ရွာတွင် အစွန်အဖျား၌ နေကြရ၏။ ဒေါ်ခင်သည် မိမိ၏ တဲအိမ်ကလေး ရှေ့ပိုင်းတွင် ဘူးသီးကြော် ကြော်ကာ အသက်မွေးရ၏။ ကံအားလျော်စွာ ဒေါ်ခင်၏ ဘူးသီးကြော်မှာ တဖြည်းဖြည်း နာမည်ရလာ၍ ကြော်နိုင်သမျှကုန်သောဟူ၏။

နတ်မော်လမ်းမှာ လှည်းလမ်း မော်တော်ကားလမ်းကျသဖြင့် ဒေါ်ခင်၏ ဘူးသီးကြော်ဆိုင်သည် စားတဲစားခန်းတစ်ခုဖြစ်သွားလေ၏။

ဒေါ်ခင်သည် သူများအမေများထက် သားသမီးကို ကဲလွန်ပိုမိုချစ်သည်ဟု ဆိုလောက်သည်။ မိမိမှာ ငြိုငြင်ဆင်းရဲစွာ လုပ်ကိုင်စားသောက်ရသော်လည်း သမီးကလေးကို အလုပ်ကြမ်းကို မဆိုဘိ၊ တံမြက်စည်း လှည်းမှ မခိုင်းရက်လေ။

ညွန့်မေမှာ ကုသိုလ်ထူးသူဖြစ်၍ အတန်ပင် ပုံပန်း ရုပ်ဆင်းချောမော၍ ချစ်ခင်နှစ်သက်ဖွယ် ကောင်း၏။ "ကျုပ်သမီးလေး ရုပ်မခေဘူးတော့၊ မင်းကတော်ဖြစ်မယ့် သမီးကလေး"ဟု အိမ်နီးနားချင်းတို့အား ပြောလေ့ရှိ၏။

ရွာဦးကျောင်း ဘုန်းတော်ကြီး ဦးကုသလက ညွန့်မေ၏ ခုနှစ်၊ လ၊ ရက်နေ့ကို မေး၍ "ဟဲ့၊ ဒကာမကြီး၊ နင့်သမီး ရာဇဖွားကလေးဟဲ့၊ မင်းကတော်ဖြစ်လိမ့်မယ်"ဟု တစ်ခါက ဥပုသ်စောင့်သွားရင်း ပြောမိရာ ဒေါ်ခင်သည် မင်းကတော်ရူး– ရူးနေလေ၏။ လူတွေ့တိုင်းလို ပြောပြသဖြင့် အချို့က ခေါင်းညိတ်၏။ အချို့က ပြုံး၏။ အချို့က မဲ့၍ မျက်စောင်းထိုး၏။

ငယ်ငယ် ခြောက်နှစ်ရွယ်လောက်ကပင် မခိုင်းရက် မစေရက်၊ ဦးရွှေလူ၏ မြန်မာစာသင်ကျောင်းတွင် ထား၏။ ခုနစ်တန်းအောင်သော် ညွှန့်မေသည် နတ်မော်ရွာ အုတ်တံတားပိုင်း လူကုံထံပိုင်းက ခင်ရွှေနှင့် သန်းမြင့်တို့ ဟင်္သာတမြို့ အင်္ဂလိပ်ကျောင်းတွင် နေကြသည်ကို အားကျ၍ မိမိလည်း အင်္ဂလိပ်စာ သင်ချင်သည်ဟု အမိအား ပူဆာလေ၏။

သမီးရူး–ရူးနေသူ ဘူးသီးကြော်သည် မုဆိုးမကြီးမှာ မငြင်းလည်း မငြင်းနိုင်၊ မတတ်လည်း မတတ်နိုင်ဖြစ်၍ ရင်ထဲ၌ ဗလောင်ဆူသွားလေ၏။ "ဟယ်–သမီးဂုဏော အနန္တောတဲ့၊ ငါကျွန်ခံပြီး ထားမယ်" ဟု စိတ်ပိုင်းဖြတ်လိုက်လေ၏။

မကြာမီပင် ဟင်္သာတမြို့တွင် နတ်မော်လမ်းသွား လှည်း၊ မော်တော်ကားများ ဆိုက်ရာနှင့်အနီး၊ အခန်းကျဉ်းကလေးတစ်ခုကို တစ်လလေးကျပ်နှင့်ငှား၍ အိမ်ထောင်ပြောင်းလေ၏။ အကြောင်းသိပြီးသော ဖောက်သည်ကားသမားများ၏ ပါးစပ်ကြော်ငြာကြောင့် ဒေါ်ခင့်ဘူးသီးကြော်ဟု အတော်ခေတ်စားလေ၏။ သို့ကြောင့်လည်း သမီးငယ်ကို အင်္ဂလိပ်လေးတန်းက စ၍ ထားနိုင်လေသည်။

အင်္ဂလိပ်ကျောင်းသူ ရှင်ညွှန့်မေ အပျိုပေါက်သည်ကား အမိဟုပင် မှတ်ထင်ဟန်မရှိ၊ အလုပ်အကျွေး အခိုင်းအစေဟု မှတ်ထင်ဟန် ရှိသည်။ ငယ်စဉ်ကစ၍ အမိဖြစ်သူက ငေါက်၍မှ မပြောမဆိုဖူးလေသဖြင့် ကြောက်ရွံ့ရိုသေရမှန်းပင် မသိဖြစ်နေလေ၏။

အဝတ်အစား အသုံးအစွဲ၌ အတန် လော်မာသော မိန်းမကလေးဖြစ်၏။ တစ်ခါတစ်ရံ မိမိလိုသလောက် ပိုက်ဆံတောင်း၍ မရလျှင် မိမိ၏ လက်အောက်ငယ်သားကဲ့သို့ အော်ငေါက်ကြိမ်းမောင်းခြင်းကိုပင် ပြု၏။ ထိုအခါ အမိမှာ တစ်စုံတစ်ရာ ပြန်မပြောဝံ့၊ တစ်ချောင်ချောင်တွင် ကုပ်၍ နေရရှာ၏။ ကုပ်နေရုံနှင့် မပြီးသေး။ လိုသောပိုက်ဆံကို

ချေးငှားပေါင်နှံ၍ပင်ဖြစ်စေ၊ ရှာပေးရချေသေး၏။

တဖြည်းဖြည်း အတန်းက ကြီးလာလေ စရိတ်ကြီးလေ ဖြစ်ရကား ဘူးသီးကြော်နှင့် လုပ်ငန်းနှင့် မလုံမလောက် ဖြစ်လာလေ၏။ ထိုအခါ ဒေါ်ခင်မှာ မကြံတတ်ပြီဖြစ်၍ အထက်တန်းပိုင်းတစ်ခု၌ တံမြက်လှည်း ကြမ်းတိုက် အဝတ်လျှော် အစေခံအလုပ်ကို မွန်းတည့်က ညနေစောင်းအထိ လုပ်ရရှာလေ၏။ ဤအလုပ်ကို သမီးသိလျှင် ရှက်မည်၊ ဂုဏ်ပျက်မည်စိုး၍ ဖွင့်မပြောဘဲ ဆေးလိပ်ဆိုင်၌ ဆေးဆုတ်လုပ်ရသည်ဟု လိမ်ပြောထား၏။

ဤသို့လျှင် နံနက်တွင် ဘူးသီးကြော်၊ မွန်းတိမ်းသော် အစေခံလုပ်၊ ခပ်နုပ်နုပ်အနေအစားဖြင့် မိဖုရားလောင်း သမီးတစ်ပါးကို ကြိုးစား၍ အင်္ဂလိပ်စာ သင်စေလေသတည်း။

*

ညွန့်မေ ဆယ်တန်းအောင်လျှင် ကံအားလျော်စွာ ဟသံ္တာတစာတိုက်ကြီးတွင် စာရေးမကလေးအလုပ်ကိုရ၏။ မိမိ၏ နေအိမ်အခန်းမှ ရုံးကြီးလမ်းဖြင့် ဖြတ်၍ စာတိုက်သို့ နေ့စဉ်သွားရ၏။

ညွန့်မေမှာ နဂိုက သနားကမား၊ အဝတ်အစားက ခေတ်ဆန်၊ ဟန်ကလေး ပန်ကလေးကလည်း လုပ်တတ်၊ ခပ်ဖျတ်ဖျတ် ခပ်ဆော့ဆော့၊ အတော်ကို လူကြည့်ခံရသော သူငယ်မဖြစ်လေသည်။

ထိုသူငယ်မ နေ့စဉ်သွားရသော ရုံးကြီးလမ်းတွင် ပခန်းသားမြို့အုပ်ပေါက်စ လူလုလု ဘရွေသည် နေလေ၏ ဟူသတတ်။

မကြာမီပင် ထိုလူလုနှင့် မိန်းမချော သဘောချင်း တွေ့ထိသဖြင့် ကြိုက်မိကြလေ၏။

"မညွန့်မေရယ်၊ မညွန့်မေတို့ အိမ်ကို တစ်ခါလောက် လာလည် ပါရစေ"ဟု မြို့အုပ်မင်းသည် မကြာမကြာ ပြောလေ့ရှိ၏။

သို့ပြောသောအခါတို့၌ ညွန့်မေမှာ အသက်ရှူကျပ်၍ သွားတတ်၏။ ငါကား ချော၏။ လှ၏။ အဝတ်အစား တောက်ပြောင်၏။ အင်္ဂလိပ်စာ တတ်၏။ စာရေးမကြီးလည်း ဟုတ်၏။ မြို့အုပ်မင်းသည် ငါ့အိမ်သို့ လာခဲ့သော် အခြေစုတ်နုပ်သော မလှမပ အခန်းငယ်ကို တွေ့ရလတ္တံ့။ ထိုထက် ငါ့အမိကား အမိဟုပင် မပြောဝံ့လောက်အောင် စုတ်ချာ၏။ ရုက်ဖို့ ကောင်း၏။ ဘူးသီးကြော်ရ၍ အိုးမဲပေပေရေ၊ ဆီမရှိသော ခေါင်းစုတ်ဖွား၊ ညစ်ပတ် စုတ်ပြတ်သော အဝတ်အစား၊ ကြမ်းတမ်းသော ရုပ်လက္ခဏာ၊ အို ဘယ်နေရာမှ ရစရာမရှိ၊ ဤသူအိုမ အနိဋ္ဌာရုံကြီးကို မြင်ရ၍ ငါ့အမိဟု သိသွားသော် အင်း–ငါ မင်းကတော် လုပ်ရတော့မည် မဟုတ်ချေတကားဟု တွေးတော၍–

"ဩော်–ကိုကိုကလည်း၊ လူတွေသိမှာစိုးလို့ပါ၊ မလာပါနဲ့ဦး၊ လာချိန်ကျတော့ ကျွန်မလာခေါ်မယ်"ဟု အသွယ်သွယ် လှည့်စား၍သာ နေ၏။ မနေနိုင်သော မြို့အုပ်သည်ကား သူလျှိုနှင့်စုံစမ်း၍ ညွန့်မေ၏ နေရာကို သိသောအခါ တစ်ညနေ၌ အတင်းသွားလေ၏။

ညွန့်မေသည် အံ့အားသင့်ကာ ပျာလောင်ခတ်၍ အမိကို ကပျာကယာ လက်ကုတ်ပြီး မီးဖိုချောင်ထဲ မြန်မြန်သွားနေပါဟု မောင်းထုတ်လိုက်လေ၏။ အမယ်ကြီးလည်း ဘာမသိ ညာမသိနှင့် ကပျာကသီ ပြေးဝင်သွားရရှာလေ၏။

"ကိုကိုကလည်း မလာပါနဲ့ဆိုတာ၊ လူတွေသိကုန်ရင်..."

"အို–သိသိဘာဖြစ်သလဲ"

"ကျွန်မ–အရင် ဟိုဥယျာဉ်ထဲမှာ တိုက်ငှားနေတယ်။ အခု သည်အခန်းကတော့ အရင် ဆယ်တန်း စာမေးပွဲနီးတုန်းက ချောင်ကျကျ တိတ်ဆိတ်တဲ့ နေရာမှာ တစ်ယောက်တည်း စာကြည့်ချင်လို့ ဒီအခန်းကလေး

ကို ခဏငှားပြီးနေတယ်။ စာမေးပွဲအောင်တာနဲ့ ဒီအခန်းကလေး အကျိုးပေးတယ်ဆိုပြီး မလွှတ်ရက်ဘူး"စသည်ဖြင့် သူ့ဟာသူ မလုံ၍ ပလီနေလေ၏။

ဤအတွင်း အရိပ်မသိတတ်သော အမယ်အိုသည် မီးဖိုဝက နေ၍ "သမီး–ဧည့်သည်ကို လက်ဖက်ရည်တိုက်ဦးမလား" ဟု လောကွတ်ချော်လိုက်လေ၏။

ညွန့်မေသည် အမယ်ကြီး အပြင်သို့ မထွက်လာစေချင်သည်နှင့် "အင်း–ရေနွေးအိုး တည်လိုက်စမ်းပါ"ဟု အမိန့်ပေးလိုက်လေ၏။

"ဩော်–ဒါက မညွန့်မေရဲ့ အမေလား"

"မဟုတ်ပါဘူး။ အစေခံပါ။ ငယ်ငယ်ကတည်းက ကြည့်ရှုလာခဲ့ရလို့ ကျွန်မကို သမီးလို့ ခေါ်တာပါ"ဟု ဇွတ်နှစ်၍ ပြောလိုက်လေ၏။

"ဩော်–အစေခံမကြီးနဲ့ နှစ်ယောက်တည်း နေသလား"

"အင်း–ဟုတ်တယ်"

"ကိုင်းဗျာ၊ ရေနွေးတွေဘာတွေ လုပ်မနေပါနဲ့၊ ကိုကို့အိမ်ကို လိုက်ခဲ့ပါ၊ ဟိုကျမှ သောက်ကြစားကြတာပေါ့"

"ဟာ–ရှက်စရာကြီး၊ မလိုက်ချင်ဘူး"ဟု မူလိုက်၏။

"အို–ဘာရှက်စရာလဲ၊ လာပါ"ဆို၍ ပါအောင် ခေါ်ခဲ့လေ၏။

*

ညွန့်မေ၏ တိုက်တွန်းချက်အရ နီးစပ်သော မိတ်ဆွေများလောက်နှင့်သာ ဘရွှေ၏ အိမ်တွင် လက်ဖက်ရည်ပွဲတိုက်ကျွေး၍ မင်္ဂလာဆောင်ကိစ္စကို ပြီးစေ၏။ ထို"မင်္ဂလာပွဲ"ကို ညွန့်မေ၏ အမေ ကြားရုံသာ ကြားလိုက်ရ၏။ မသွားရ၊ မတွေ့ရ၊ မမြင်ရရှာလေ။

ထိုသည့်နောက် ညွန့်မေသည် မြို့အုပ်အိမ်သို့ မြို့အုပ်ကတော် အထက်တန်းစား မိန်းမအဖြစ် သွားရောက်နေ၏။ မိခင်ကိုကား နေရင်း

အခန်းမှာပင် ဖြစ်သလို ထားခဲ့လေ၏။ "အခုလိုက်လို့ မဖြစ်သေးဘူး အမေရဲ့၊ နောက်တော့ ကျွန်မကြည့်ပြီး စီစဉ်ပါဦးမယ်"ဟု လောကွတ်လုပ်သွားသော ဟူ၏။

ထိုလောကွတ်ကိုပင် အင်မတန် ကျေးဇူးပေဟု ယူဆကာ "ငါ့သမီးကလေး မင်းကတော်ဖြစ်ပြီ၊ သူကြိုက်သလို နေပေစေ။ သူချမ်းသာရင် ပြီးရော"ဟု ကျေနပ်၍နေလေ၏။

ညွှန့်မေကား ထိုဘူးသီးသျှော် မတော်၍ မြို့အုပ်မင်း နှာခေါင်းသို့ ရောက်ရှိ၍ ညွှန့်မေ၏ အမေမှန်း သိသွားလျှင်ကား ခက်ရချေရဲ့ ဟု တစ်မျိုးပူမိ၏။

တစ်နေ့သ၌ ညွှန့်မေသည် လာခဲ့၍ "အမေရယ်၊ ဒီဘူးသီးကြော်အလုပ်ကို မလုပ်ပါနဲ့၊ လူကြားလို့မှ မကောင်းပါဘူး၊ အမေက ဖြစ်ချင်တိုင်းဖြစ်နေ၊ သမီးက မင်းကတော်အထက်တန်းစား၊ ဘယ့်နှယ်လုပ်မလဲ"ဟု မြည်တွန်နေလေ၏။

"နို့–သမီးရယ်၊ အတူလည်း မနေရ၊ စားဖို့သောက်ဖို့လည်း ဘယ်ကမှမရ၊ ငါဘယ့်နှယ်လုပ်နေရမလဲ"

"ဒါကတော့ ဖြစ်သလို တော်သလိုပေါ့။ ပြီးတော့လည်း ဟိုက မြို့အုပ်မင်း သိသွားရင်..."ဆို၍ စကားကို ရပ်ထားလိုက်၏။

ထိုအခါ အမယ်ကြီး ညွှန့်မေ၏ မျက်နှာကို အကြာကြီး စိုက်ကြည့်နေ၏။ တစ်ခါမျှ ဤမျှလောက် ကြာကြာမကြည့်ဖူးချေ။ မျက်လုံးများ စိုလာ၏။

"အေးအေး သမီးပြန်တော့၊ အမေတော်သလို ကြည့်နေမယ်"ဟု ဆို၍ မျက်နှာလွှဲလိုက်လေ၏။


ညွှန့်မေသည် ခြေလေးလေးဖြင့် ပြန်ခဲ့ရာ လမ်းတွင် "ငါလုပ်တာတော်မှတော်ရဲ့လား၊ အို–ဒီလိုမှ မဟုတ်ရင်လည်း ငါအထက်တန်းစားမိန်းမအဖြစ်က ရှောမှာပဲ"ဟု ကိုယ့်တရားကိုယ် စီရင်၍ ပြန်ခဲ့၏။

လေးရက်အကြာတွင် "ငါ့အမေ ဘယ်လိုများ နေသေးသလဲ၊ ငါပစ်ထားလို့ ကောင်းမယ်မထင်ပါဘူးလေ" ဟု တွေးတော သတိရကာ ထိုအခန်းဘက်သို့ လာခဲ့ပြန်လေ၏။

အခန်းတံခါးကလေး စေ့ထားသည်ကို တွေ့ရ၏။ တွန်းကြည့်သော် အခန်း၌ ပြောင်နေသည်ကို တွေ့ရ၍ ထိတ်ခနဲ ရှိသွား၏။ ထိုခဏ၌ ကပ်နေသော အခန်းမှ ရေထမ်းကုလား နာစယားသည် ပေါက်လာ၍–

"ဟဲ့–ကန်မကလေး၊ နင့်အမေလေ ဗူဒီးလေ၊ ဟိုဂျမ်ဂလီးကိုလေ တွားဘီ၊ န ကိုလေ၊ စာတစ်ခု ပွေးထားတယ်။ နင်လာရင် ပွေးလို့ ပြောသွားတယ်၊ ရော့"ဆို၍ စက္ကူညစ်ညစ်နှင့် စာကလေးကို အခေါက်လိုက် ပေးလိုက်၏။

ညွန့်မေသည် ရင်တထိတ်ထိတ်ဖြင့် တံခါးကိုမှီ၍ စာကိုဖတ်ကြည့်၏။ စာမှာ စက္ကူညစ်ညစ် အစုတ်တစ်ခုတွင် ရေးထား၏။ အမယ်ကြီးမှာ ညွန့်မေကဲ့သို့ အထက်တန်းစား၊ ပညာတတ်မဟုတ်ချေ။ သတ်ပုံမှစ၍ အမှားမှား အချွတ်ချွတ်နှင့် ဖြစ်တတ်သမျှ ရေးခဲ့သော စာဖြစ်၏။ ထိုစာမှာ နောင်အခါ၌ မြို့အုပ်လက်သို့ ရောက်ရှိသိမ်းထားရာမှ ကျွန်ုပ် နှင့် တွေ့ရှိခဲ့ရ၍ ဓာတ်ပုံရိုက်ရ၏။ အောက်ပါဓာတ်ပုံကား ထိုစာမူရင်း ဖြစ်၏။



ညွန့်မေသည် ဖတ်ပြီးသော် အတန်ကြာ ငိုင်နေလေ၏။

"နာစယား၊ အမေကြီး ဘယ်တုန်းက ပေးသွားသလဲ"

"ဗူဒီးလေ မနေ့က ပွေးတွားတယ်။ န ကိုလေ စာပွေးတော့လေ မျက်စိထဲမှလေ ပါနီတွေ အများကြီး လာတယ်ရှိတယ်၊ နင်တို့ ဘာဖြစ်တလဲ၊ ရန်ဖြစ်လား"

ညွန့်မေသည် ဘာမှပြန်မပြောဘဲ နာစယားကို စိုက်ကြည့်နေ၏။

ကုလားက ဆက်၍ "နင်လေ ကပွလာ ကောင်းကောင်းရှိတယ်။ ဗူဒီးမှာလေ ကပွလာ ကောင်းကောင်းမရှိဘူး။ ဟိုတစ်ရက်နှစ်ရက်လေ ဗူဒီး ခါနာမစားဘူး။ ပါနီလည်း မစားဘူး။ နာမေးတယ်၊ ဗူဒီး နင်ခါနာ မစားဘူး။ ဘာဖြစ်တလဲ နာမေးတယ်။ ဗူဒီးပြောတယ်။ ဖျားတယ်၊ ဗူဒီး လေ စိတ်အများကြီး မကောင်းဘူး ရှိတယ်"ဟု ရေထမ်းကုလားသည် ဖောက်သည် ချနေလေ၏။

ထိုသို့ မပီကလာ ပီကလာနှင့် ပြောတတ်သမျှဖြင့် ပြောနေသည်ကို ညွန့်မေကြားရသောအခါ လှိုက်လှိုက်လှဲလှဲ နောင်တကြီးစွာ ရ၏။ ငယ်ရွယ်စဉ်ကစ၍ ပင်ပန်းဆင်းရဲစွာဖြင့် လုပ်ကျွေး မွေးမြူခဲ့သော အမိ ၏ ဇာတ်လမ်းသည် ပေါ်၍ပေါ်၍ လာကာ မျက်နှာနီမြန်းလျက် မျက်ရည် လည်ခဲ့၏။ မိမိသည်ပင် "အထက်တန်းစား"မိန်းမလော။ မွေးမိခင်ပင် "အထက်တန်းစား"မိန်းမလောဟု တွေးတောဆုံးဖြတ်နိုင်လေ၏။

"ဟဲ့ ကန်မကလေး၊ နင်လည်း ဖျားတလား၊ မျက်နှာနီတယ်၊ ပါနီလည်း လာတယ်ရှိတယ်။ နင်တို့ ဘာဖြစ်ကြတာလဲဟယ်၊ နာလေ စိတ်အပုံကြီး မကောင်းဘူးရှိတယ်"ဆို၍ ကုလားပင် စိတ်ညစ်သွားလေ၏။

"တို့ ဘာမှမဖြစ်ပါဘူးကွယ်၊ ရော့ ပိုက်ဆံတစ်မတ်၊ ငါသွား တော့မယ်" ဆို၍ ထွက်ခဲ့လေ၏။

နာစယားသည် မတ်စေ့ကို ကြည့်လိုက်၊ ညွန့်မေသွားရာကို လှမ်း

ကြည့်လိုက်နှင့် ကျန်ရစ်နေလေသတည်း။

ညွန့်မေသည် လင်သည်မြို့အုပ်အား အလုံးဇာတ်လုန်၍ ပြော ပြီး မိမိမိုက်မှားသမျှကို ဝန်ချတောင်းပန်လေ၏။ ပညာတတ်ဖြစ်သော မြို့အုပ်သည်လည်း အမှားကို သိ၍ အမှန်ကို ရောက်လာခြင်းသည် မင်္ဂလာ တစ်ပါး ဖြစ်သည်ဟု အားလုံး ကျေနပ်ဝမ်းသာလေ၏။

မကြာမီပင် ညွန့်မေရော မြို့အုပ်ပါ မော်တော်ကားတစ်စီးဖြင့် ညွန့်မေတို့ နေရပ်ရင်း နတ်မော်ရွာသို့ လိုက်ခဲ့ကြ၏။

တဲအိမ်စုတ်ကလေးသည် ကျိုးတိုးကျဲတဲနှင့် သုသာန်တစ်စပြင် ကဲ့သို့ တိတ်ဆိတ်လျက် ရှိ၏။ ဝင်သွားကြသောအခါ နီးဖျာစုတ်ပေါ်တွင် ပက်လက်ဖြစ်နေသော အမယ်ကြီးကို တွေ့ကြရလေ၏။

ညွန့်မေသည် ထိတ်လန့်သွားကာ အသက်မှ ရှိပါသေး၏လော ဟု ရင်ကို စမ်း၍ကြည့်ရာ အသက်မြော့မြော့ရှိသေးကြောင်း တွေ့ရ၏။

အထူးကား ထိုပက်လက်ရင်ဘတ်ပေါ်တွင် လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ထားသော အရာတစ်ခုကို တွေ့ကြရ၏။ ထိုအရာကား ညွန့်မေ ၏ ရက်ချုပ်ဖြစ်၍ တောဓလေ့ထုံးစံအတိုင်း ဝါးခြမ်းချောချောတွင် ကညစ် ဖြင့် ရေးမှတ်ထားသော ရက်ချုပ်ဖြစ်လေသည်။

"သက္ကရာဇ် ၁၂၆၈ ခု၊ ပြာသိုလဆန်း ၄ရက်နေ့၊ ၆ ကြာနေ့ ညနေ ၂ နာရီအချိန်တွင် ရတနာသုံးပါး ဦးထိပ်ထား၍ မာတာမိခင် ဖွားသန့်စင်သည်၊ မညွန့်မေဇာတာ အသက် ၁၂၀ ရှည်စေသောဝ်"ဟု ရေးထားလေသည်။

ညွန့်မေသည် အမေ အမေဟု သာယာစွာ နှိုးလေရာ အတန်ကြာ မှ မျက်လုံးပွင့်လာ၍ ချိနဲ့သော အသံဖြင့် သြော်–သမီးညွန့်မေလား ဟု မေး၍ ပြုံးယောင်ပြု၏။ တစ်ဖန် မျက်နှာညှိုးသွား၍ မျက်ရည်များ ကျလာ ကာ သမီး လိမ်လိမ်မာမာ နေရစ်နော်ဟု ပြောပြီးနောက် မင်းကတော်အမေ ၏ အရသာကို မခံစားရတော့ဘဲ ဘူးသီးကြော်သည် အစေခံဘဝနှင့်ပင်

ဤဘဝကို ဇာတ်သိမ်းရပ်သွားလေသတည်း။

ညွှန့်မေမှာ မိမိမိုက်ပြစ်အတွက် နောင်တကြီးစွာ ရလေ၍ များစွာ ပူဆွေးလေ၏။ ပူဆွေးခြင်းမှာ ရိုးရိုးမဟုတ်၊ အတိုးနှင့် ဆွေးရ၏။ အတိုးမှာလည်း အတိုးရိုးရိုးမဟုတ်၊ နှစ်ထပ်တိုးနှင့်ဖြစ်၏။ စင်စစ်သော်ကား ညွှန့်မေကို သနားစရာကောင်းတော့၏။

ပြောင်းလဲခြင်း ငါးချက်တွေ့ရ၏။ ပထမ၊ မိမိသည် မောဟ ကြီးစွာ ဖုံးလွှမ်းသဖြင့် ဂုဏ်ကို မက်လေသဖြင့် အမိရင်းကို အစေခံဟု ပြောပြီးနောက် မိမိမှားသည်ကို မြင်စပြု၍ စိတ်၏ တုန်လှုပ်ခြင်း ဖြစ်လာ လေသည်။

ဒုတိယ၊ အမိထွက်သွားပြီးနောက် ပေးထားခဲ့သော စာကို ဖတ်ရလျှင်သော်ကား မိမိအမှားကြီး မှားကြောင်း သေချာစွာ သိရှိ၊ အထူး တုန်လှုပ်ချောက်ချားကာ အမိ၏ ကျေးဇူး၊ မေတ္တာ၊ ဂုဏ်တို့ ပေါ်လာ၍ "အထက်တန်းစား" မိန်းမမျိုးကို ဆုံးဖြတ်နိုင်လေသည်။

တတိယ၊ မိခင်သည် ကိုယ်စိတ်နှစ်ပါး ညှိုးကြုံ၍ မကျန်းမမာ တစ်ယောက်တည်း ပက်လက်ကလေး သေငယ်ဇော စောနေစဉ် မိမိ၏ ရက်ချုပ် ဇာတာကို ရင်ခွင်၌ တင်၍ ပိုက်ဖက်ထားသည်ကို တွေ့မြင်ရသော အခါ၌ အူအသည်းပြောင်းပြန်လန်၍ သွားလေ၏။

စတုတ္ထ၊ မိခင်ကို ကျေးဇူးမဆပ်လိုက်ရဘဲ သေပျောက်သွားသော အခါ၌ အရူးကလေး ဖြစ်သွားလေသည်။

ပဉ္စမ၊ မိမိကိုယ်တိုင် သမီးကလေး မွေးသောအခါ၌ ဖြစ်၏။

ဘုရားသခင်လက်ထက် ရာဇဂြိုဟ်ပြည်ဘုရင် အဇာတသတ်သည် ဒေဝဒတ်၏ အကြံဉာဏ်ပေးချက်အရ ထီးနန်းကို လုယူသည့်ပြင်၊ စိတ်ချရအောင်ဟု ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို လှောင်အိမ်၌ အစာငတ်ထားပြီးလျှင် ခြေဖဝါးကို ဓားခွဲ၊ ဆားလူး၊ မီးကင်၍ သတ်စေလေသည်။

မင်းကြီး နတ်ရွာစံသည်နှင့် မရှေးမနှောင်း၊ သို့ရာတွင် အဇာတသတ်သည် ထိုသို့ ခမည်းတော် နတ်ရွာစံကြောင်း မသိရမီ မိမိ၌ သားတော် ဥဒယဘဒ္ဒကို ဖွားမြင်လေသည်ကို သိရ၍ ထိုသား၌ ချစ်ခြင်းသည် ရိုးတွင်းခြင်ဆီကို စိမ့်၍ နှစ်သိမ့်သွားသောဟူ၏။

ဤသို့ ကိုယ်တိုင် မွေးဖွားမှ အဖသည် သားကို မည်မျှ ချစ်ကြောင်း သိရှိသောအခါ ငါ၏ အဖလည်း ငါ့ကို ဤသို့ ချစ်လတ္တံ့ဟု သတိရကာ မယ်တော်အား မိမိ၏ ခမည်းတော်လည်း မိမိကို ဤသို့ပင် ချစ်ပါသလားဟု မေးမြန်းလေ၏။

ထိုအခါမှ မယ်တော်က ဟယ်–မင်းမိုက် မင်းယုတ်၊ သင်၏ ချစ်ခြင်းကား အတုအပ အပေါ်ယံသာ ဖြစ်၏။ သင့်အဖ ထားအပ်သော မေတ္တာကား ထူးထူးချွန်ချွန် လွန်၍ ဖြစ်၏။ သင့်ကို ငါ သန္ဓေရှိသောအခါ မင်းကြီး၏ လက်ယာလက်မောင်းသွေးကို ကိုက်ဖောက်၍ သောက်လိုသော ချင်ခြင်းဖြစ်သည်ကို သင့်ခမည်းတော်သည် ရက်ရက်ရောရော ဖောက်၍ တိုက်၏။ ပညာရှိတို့က ထိုသားဖွားသော် မင်းကြီးကို ဧကန်သတ်လတ္တံ့၊ ဟု နိမိတ်ဖတ်သောကြောင့် အဖသတ်သားမျိုးကို မမွေးလို၍ ကိုယ်ဝန်ကို ဖျက်မည်ရှိရာ သင့်ခမည်းတော်သည် အခွင့်မပေးဘဲ ကြီးသောအခါ ငါ့ကို သတ်လို သတ်ပါစေ၊ ငါ့သား၏ မျက်နှာကို ငါမြင်ရုံမြင်ရပါစေတော့ မဖျက်ပါလင့်ဟု အခါခါ တောင်းပန်၍ သင်လူဖြစ်လာရခြင်းဖြစ်၏။

ဖွားလာသော် အစား၊ အအိပ်၊ ပျက်လောက်အောင် သင့်ကို ချစ်၏။ ကိုယ်တော်တိုင် ချီပိုးပိုက်ပွေ့၍ နေသည်များ၏။ တစ်ခါ၌ သင့်လက်မတွင် ခူနာပေါက်လာရာ ပြည်ကိုက်လှသည့်ကို သင့်ခမည်းတော် ခံတွင်းဖြင့် ငုံ၍ ပြည်ကို စုပ်ယူမျိုလေသည်။

ဤမျှ ချစ်ခင်ယုယစွာသော ဖခင်ကို သင်သတ်ရက်သည်မှာ သင့်ထက် မိုက်မဲ ယုတ်မာသူလောကတွင် မရှိပြီတကားဟု ရှိုက်ကြီးတငင်

ငိုယိုကာ ပြောပြလိုက်လေသည်။

ထိုအခါမှ အဇာတသတ်သည် ကိုယ်တွေ့ သား၏ အချစ်နှင့် စံပြု၍ ခမည်းတော်အား သနားစုံမက်လာကာ ခမည်းတော်ကို လွှတ်စေဟု အမိန့်ပေး၏။ လွန်လေပြီဟု လျှောက်ကြမှ ယူကျုံးမရ နောင်တကြီးစွာ ရလေသည်။

ယခုညွှန့်မေမှာလည်း မွေးမိခင်၏ ကျေးဇူးမေတ္တာကို အသင့်အတန်သိရှိနေရာ မိမိကိုယ်တိုင် သမီးတစ်ယောက်မွေးမှ အမိ၏ မေတ္တာသည် သားသမီးအပေါ်၌ မည်မျှမည်ပုံ မည်သို့ရှိကြောင်း၊ ကိုယ်တွေ့ လက်တွေ့ သိရသောအခါ သွက်သွက်ရူးသော အရူးမ မဖြစ်ရုံတမယ်သာ ကျန်တော့၏။

မိမိသည် ပညာအသင့်အတန် တတ်မြောက်ခဲ့သူဖြစ်၍ တဖြည်းဖြည်း တရားနှင့်ဖြေပြီးလျှင် အမိ၏ ဂုဏ်ကျေးဇူးကို ဆပ်ရန် တတ်နိုင်သော နည်းဖြင့် ပြုလေတော့၏။

ဒါန၊ သီလ စသော ကုသိုလ်တို့ကို အထူးပြု၍အမိကို ရည်စူးကာ အမျှအတန်းဝေ၏။ အမိအတွက်ဆို၍ သတ်သတ်လည်း ကုသိုလ်ကောင်းမှုများ ပြု၏။

မင်းကတော် သာမညတို့ကဲ့သို့ ဖဲရိုက်၊ လောင်းကစား၊ သောက်စား၊ ပျော်ရွှင်ခြင်းစသည်တို့ဖြင့် အချိန်မဖြုန်းဘဲ အောက်ပါအလုပ်တို့ကို လုပ်လေ့ရှိ၏။

သားသမီးတို့က ကောင်းစွာ မကြည့်မရှု ပစ်ထားသော မိဘတို့ကို ကြားသိ တွေ့မြင်ရလျှင် ဆိုင်ရာသားသမီးတို့ကို တရားဟောပြောခြင်းဖြင့်လည်းကောင်း၊ အချို့နေရာ၌ အာဏာတန်ခိုးဖြင့် ခြိမ်းခြောက်၍လည်းကောင်း ကြည့်ရှုပြုစုစေ၏။

သား၊ မြေးမရှိ၊ ဆင်းရဲနွမ်းပါးသော လူကြီးသူကြီးတို့ကို တွေ့လျှင် မိမိတတ်နိုင်သမျှ ကြည့်ရှုပြုစုစေ၏။ လူအိုရုံများကိုကား ရက်ရက်

ရောရော လှူလေ့ရှိ၏။

သား၊ မြေး၊ ရှိ–မရှိ၊ အသက် ၅၀ကျော် ယောကျ်ားကြီး မိန်းမ ကြီးတို့ကို အထူးသဖြင့် ဆင်းရဲနွမ်းပါးသူတို့ကို ရှစ်ရက် လပြည့်လကွယ် နေ့တို့၌ ဖိတ်ခေါ်၍ ကျွေးမွေးပေးကမ်းလေ့ ရှိ၏။

မင်းကတော်များနှင့် ငယ်ငယ်ရွယ်ရွယ် မိန်းမတို့ကိုကား မကြာ မကြာ လက်ဖက်ရည်သောက်ဖိတ်၍ "အထက်တန်းစားမိန်းမ"တရားကို ဟောပြောလေ့ရှိရာ မိမိကိုယ်တွေ့ အဖြစ်အပျက်ကို ထုတ်ဖော်၍ ပြလေ့ ရှိသည်။

*

တစ်ခါ၌ ကျွန်ုပ်သည် ကောလိပ်ကျောင်းတွင် ကျောင်းနေဖက် ဖြစ်ဖူး သော ဤမြို့အုပ် ကိုဘရွှေထံသို့ အလည်သွားရာ တစ်ခန်း၌ သူ့ကတော် ပြောဟောနေသံ ကြား၍ စုံစမ်းရာ–

"သြော်–မင်း ငါ့မိန်းမအကြောင်း မသိသေးဘဲကိုး၊ 'အထက် တန်းစား မိန်းမတရား'အင်မတန် အဟောကောင်းတယ်။ မင်းလည်း နား ထောင်သွားပါလား၊ ဟေ့–မညွန့်မေ၊ ဒီမှာကွယ်၊ ငါ့သူငယ်ချင်း တစ်ယောက်ရောက်လာတယ်။ မင်းတရားနာချင်လို့တဲ့၊ သူ့ကိုလည်း ဟော ပါဦး"ဟု ရယ်မောပြောဆိုကာ ကျွန်ုပ်ကို ဆွဲခေါ်သွားလေသည်။

တရားအဆုံး၌ ကျွန်ုပ်သည် သာဓု နှစ်နှစ်ခြိုက်ခြိုက် ခေါ်၍ ကိုဘရွှေနှင့် ပြန်ထိုင်မိသောအခါ ကိုဘရွှေသည် "မင်းကတော့ အတိုအစ မှတ်စရာ သားစရာကို စုဆောင်းတတ်တယ်၊ အဲဟို မညွန့်မေရဲ့အမေက နာစယားကတစ်ဆင့် ပေးခဲ့တဲ့စာကို ငါသိမ်းထားတယ်။ မင်းပဲ ယူသွား ပေတော့–ရော့"ဆို၍ သေတ္တာတစ်ခုမှ ထုတ်ပေးလိုက်ပါသည်။ ထိုစာကား စာမျက်နှာ ၁၄၆ တွင်ပြခဲ့သော ခတ်ပုံပင် ဖြစ်ပါလေသတည်း။

## မိတဆိုးရှင်ပြု

လွန်ခဲ့သော သုံးနှစ်လောက်က ရန်ကုန်–ပြည် မီးရထားလမ်းရှိ လက်ပံတန်းမြို့သို့ ကျောင်းစစ်ရောက်၏။

ထိုမြို့အမျိုးသားကျောင်း ကျောင်းအုပ်ကြီးမှာ ဦးစံရွှေဖြစ်၍ လွန်ခဲ့သော ၁၂၈၂ခုနှစ် သပိတ်မှောက်စက ပါရင်းစွဲ သပိတ်မှောက်ကျောင်းသားဟောင်း ဖြစ်၏။ လက်ပံတန်းမြို့အမျိုးသားကျောင်းတွင် ၁၇နှစ် လုံးလုံး လူ စိတ် ငွေ အပင်ပန်း အနစ်နာခံ၍ ဆောင်ရွက်ပြီးနောက် ၁၂၉၉ခုနှစ် ကုန်ခါနီးတွင်မှ မိမိပြုစုပျိုးထောင်ခဲ့သော အမျိုးသားကျောင်းကြီးကိုလည်းကောင်း၊ မိဘသားမယားအရင်းအချာတို့ကိုလည်းကောင်း၊ ကျွန်ုပ်တို့မိတ်ဆွေရင်းချာတို့ကိုလည်းကောင်း စွန့်ပစ်ကာ ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်သွားလေသတည်း။ ကောင်းရာမွန်ရာသို့ရောက်၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာပါစေသောဝ်။

ဆိုခဲ့သော သုံးနှစ်က ကျွန်ုပ်၊ ဦးစံရွှေ၊ ဆရာတစ်ယောက်၊ ကျောင်းသားငါးယောက် ပေါင်းရှစ်ယောက်လူတစ်စုသည် မြို့အရှေ့ဘက် ဆီ၌ ရှိသော တောင်ခြေသို့ လှည်းနှင့် အလည်အပတ်သွားရောက်ကြ၏။ တောင်ခြေရွာကလေးတစ်ခုဖြစ်သော ကျွဲခြံရွာသို့ ရောက်ရှိ၊ သူကြီးဦးလှဖေ၏ အိမ်တွင် စတည်းချကြ၏။

လည်ပတ်၊ ချက်ပြုတ်၊ စားသောက်နေကြ၍ တစ်ညအိပ်ပြီးနောက်ညနေတွင် မလှမ်းမကမ်းရွာငယ်တစ်ခုမှ ဗြောသံကြားရသဖြင့် မေးမြန်းကြည့်ရာ တစ်ခေါ်သာသာလောက် ဝေးသော ဖိုးဝိုင်းအစုခေါ် ရွာငယ်

ကလေးမှ ကိုထွန်းကျော်၏ သားရှင်ပြုအလှူဖြစ်ကြောင်း ကြားသိရ၏။

ကျွန်ုပ်သည် ဖြောသံကို နှစ်သက်ကြည်ညိုရင်း ရှိသည့်ပြင် တောရွာရှင်ပြုသို့လည်း ရောက်လိုသည်နှင့် ဦးစံရွှေနှင့် တိုင်ပင်ကာ ကျွန်ုပ်တို့ သုံးလေးယောက် လျှောက်လာခဲ့ကြ၏။

ဖိုးဝိုင်းအစုမှာ ကျွဲခြံ သူကြီးအပိုင် ကျွဲခြံရွာမှ ခွဲနေသော ခြောက်အိမ်ခုနစ်အိမ်မျှ ရှိသည့် အိမ်စုကလေး ဖြစ်၏။ ထိုအိမ်စုတွင် အကြီးအမှူးဟု အသိအမှတ်ပြုသော ဆယ်အိမ်ခေါင်း ဦးဝိုင်းကို အစွဲပြု၍ "ဖိုးဝိုင်းအစု"ဟု ခေါ်ခြင်းဖြစ်သည်။

အလှူအိမ်ဖြစ်သော ကိုထွန်းကျော်၏အိမ်မှာ တဲသာသာမျှ ရှိသော ဝါးအိမ်ငယ်ဖြစ်၍ အင်ဖက်မိုး၊ အင်ဖက်ကာ၊ ဝါးခင်း ဖြစ်၏။

ဘုံ၊ ပြာသာဒ်၊ မုခ်တို့ခြင့် အဆန်းတကြယ် တန်ဆာဆင်အပ်သော မဏ္ဍပ် မလိုချေ။ အိမ်ရှေ့နှင့် အိမ်ဘေးရှိ သစ်ပင်ကြီးတို့သည် ဓမ္မတာ အလျောက် ပေါ်ပေါက်၍နေသော မဏ္ဍပ်များ ဖြစ်ပေ၏။

အိမ်ရှေ့ခေါင်းရင်းဘက် သရက်ပင်အောက်တွင် ချုချာသော သစ်သားခုတင်ဟောင်းတစ်ခု ချထားပြီးလျှင် ခုတင်ပေါ်၌ နီးကြောဖျာ တစ်ပတ်နွမ်း ထောင့်စုတ်ကို ခင်းရ၏။ ရှေ့က ထုံးစံအတိုင်း ပရိက္ခရာ တစ်ပွဲ၊ ကျွန်းတောင်တစ်ခု၊ ကန်တော့ပွဲတစ်ခု၊ သပြေရွက်၊ အုန်းရွက် နှင့် တောပန်းတစ်ခက်နှစ်ခက် စိုက်ထားသော ပရိတ်အိုးတစ်ခုတို့ကို ထား၏။

ရှင်လောင်းမှာ ၁၁နှစ် ၁၂နှစ်သားလောက်ရှိမည် ထင်သည်။ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးနှင့် သမလျက် ကျွဲကျောင်းသား နွားကျောင်းသားဖြစ်၍ ကိုယ်လုံးကိုယ်ဖန်ကောင်း၏။ လုံချည်တိုတို တစ်ထည်နှင့် ကြီးခဲ့ရသူဖြစ်၍ အသားမည်းညစ်၏။ အင်္ဂလိပ် ကျောင်းသားတို့ကဲ့သို့ ဘိုဆံတောက်ဖြတ်ခြင်း၊ တို့ပတ်ရိုက်ခြင်း၊ ရေမွှေးဆွတ်ခြင်း စသည်တို့ကို မပြုခဲ့ရ၊ ခေါင်းတုံးပြောင်ပြောင်နှင့် ဖြစ်၏။

စွပ်ကျယ်လက်တိုနှင့် ပိတ်လုံချည်အဖြူကို ဝတ်ဆင်ထား သဖြင့် ဖိုးသူတော် အငယ်စားပင် ဖြစ်၏။ ချည်မျှင်စလွယ်တစ်ခုသာ ဖိုးသူတော်ထက် သာလေသည်။

အဆိုပါ "ခုတင်ကြမ်းပေါင် သုံးချောင်းထောက်" အပေါ် နီးကြောဖျာထက်တွင် အကြင်ရှင်လောင်းသည် တင်ပျဉ်ခွေလိုက်၊ ဒူးတုပ်လိုက်၊ ဆောင့်ကြောင့်ထိုင်လိုက်၊ ဟိုကြည့်လိုက်၊ သည်ကြည့်လိုက်နှင့် အချိန်ကုန် လွန်စေ၏။ မိမိမွေးပြီးစ ခုနစ်ရက်လောက်၌ "ကင်ပွန်းတပ်" သော ပထမ မင်္ဂလာနောက် ယခု ရှင်ပြုမင်္ဂလာကြီးသည် ဤ ရှင်လောင်း ငပုအတွက် ဒုတိယ မင်္ဂလာကြီး ဖြစ်၏။ သီးသန့်ထားသော နေရာ အမြင့်မြတ်တွင် မိမိ တစ်ဦးတည်း အဝတ်သစ် အစားသစ်နှင့် ထိုင်နေရသည့်ပြင် လူအများ ဝိုင်း၍ ကြည့်ရသော လူတစ်ယောက်ဖြစ်လာသည့် အနေဖြင့် ငပုသည် အလွန်နှစ်သက်ဝမ်းမြောက်ပုံလည်း ရ၏။ စိတ်ကြွ မြောက်နေပုံလည်း ရ၏။

ကွဲနွားကျောင်းဖက်၊ ကျည်းသားရိုက်ဖက်၊ ငှက်ပစ်ဖက်၊ ငါးရှာ ဖက်လည်း ဖြစ်ကြသော ခေါင်းတုံး၊ သျှောင်ထုံး၊ ဗိုက်ပူ၊ ရင်ကော့နှင့် အကွက်မပေါ်သော ချည်လုံချည် ထည်ချင်းဖြင့် တန်ဆာဆင်ခြင်းလည်း ရှိထသော၊ နပ်ကြောင်း ချေးကြောင်း ချေးကွက်တို့နှင့် မက်ဖွယ် ချစ်ဖွယ် နှစ်သက်လည်း ဖြစ်ထသော၊ ထိုထို ငယ်ပေါင်းသူငယ်ချင်းကောင်းများ ဖြစ်ကြသော ငချစ်–ငတေ၊ ငရွှေ–ငခွေး၊ ငအေး–ထွန်းပေါ်၊ ငကျော် စသော လူတစ်စုသည် ရှင်ပြုမည့် လူထူးကို အဖူးအမြော် အပျော် အပြက် ဝိုင်းလျက် တသောသော အာလာပသလ္လာပ ပြောဟော၍ နေကြလေ သတည်း။

မိန်းမ သူငယ်ချင်းများလည်း ရှိကြသေး၏ တမုံ့၊ ၎င်းတို့အနက် သွက်လက်သော မိပန်းသည် နှုတ်ခမ်းပြတ် လုံချည်၊ တစ်ထည်သော ဖျင်အင်္ကျီနှင့် ထိုငချစ်၊ ငတေစသော ယောက်ျားကလေးတို့ကို တိုးဝှေ့ဖယ်ရှား

၍ အနားသို့ ကပ်ရောက်ကာ–

"ငပုရယ်၊ နင်တော့ ကိုရင်ဖြစ်ရင် ညနေမှာ ထမင်း သိပ်ဆာမှာပဲနော်"

"အောင်မယ်– မိပန်းရယ်၊ ငါအကျင့်လုပ်ထားပါတယ်ကွယ်၊ မဆာပါဘူး။ ဆာရင်လည်းလေ၊ ထန်းချက်တို့ သကြားတို့ စားရတယ်တဲ့ ခင်ဗျ"

"အေးအေး ဆာရင်လည်း အောင့်ထားတာပေါ့ကွယ်၊ နင် လူထွက်တော့လေ၊ ငါလာကြိုမယ်နော်၊ တို့အိမ်မှာ ထမင်းစားသီလား၊ ပြီးတော့ တို့နွားကျောင်းတဲ့ ထိန်အင်းထဲကို သွားလည်ရအောင်နော်နော်"

"အေးပါကွယ်၊ လည်တာပေါ့"

ထိုအခါ ငခွေးက ဝင်၍ "ဟေ့ မိပန်း၊ နင်တို့နှစ်ယောက်တည်းလား၊ တို့ကော မလိုက်ရဘူးလား"

"ဟာ–လိုက်ရတာပေါ့ကွဲ့၊ အကုန်လုံးသွားရင် သာတောင် ပျော်သေးတာပေါ့"

ငတေ။ ။"အမယ်၊ နင်က တို့ကို လိုက်စေချင်မှာ မဟုတ်ပါဘူး" ဟု ရယ်၍ ပြောလေ၏။

မိပန်း၊ ။"ဟေ့–ငတေ၊ ဘာပြောတာလဲ၊ နင် ပြောင်စရာလား၊ ဘာမှတ်လို့လဲ"ဆို၍ ငတေ့အနားသို့ လက်သီးဆုပ်၍ ကပ်သွားလေ၏။

ငတေကား နောက်သို့ ယို့သွားပြီး "ကျီစားတာပါကွယ်၊ မိပန်းကလည်း စိတ်ချည်းပဲ"

"ဒီလို မကျီစားရဘူး။ နောက်တစ်ခါ ပြောရင်တော့၊ နားရွက်ကိုဆွဲပြီး အမွှေ့ခံရမယ် သိရဲ့လား"

မိပန်းစသော သူငယ်မတို့မှာ ယောကျ်ားကလေးများနှင့် အနေ

အစား အခွင့်တူ၊ တန်းတူဖြစ်ကြ၍ ရဲရင့်သန်မာကြ၏။ အပြေးအလွှား အခုန်အကျော်၊ ထုပ်ဆီးတမ်း၊ ဖန်ခုန်တမ်းတို့မှာလည်း စွမ်းကြ၏။ တစ်ခါတစ်ခါ ယောကျာ်းကလေးများနှင့် နပန်းပင် လုံးရ၏။ မိပန်းတို့ အောက်မကျပေ။ ထွေခင်းတမ်းကစားရာ၌ မိပန်း၏ အစီးကိုထိုယောကျာ်း ကလေးများ မခံဖူးသူ မရှိချေ။

*

ကျွန်ုပ်တို့ရောက်လျှင် ညနေငါးနာရီလောက် မိဆိုင်ဖဆိုင် နတ်များကို ကန်တော့ရန်ဟု အိမ်ရှေ့ကုက္ကိုပင်ကြီးအောက်တွင် ကျူထရံ ဖျာ တစ်ချပ်နှင့် ကန်တော့ပွဲတစ်ခု ထား။ ရှင်လောင်းက ရှေ့က ထိုင်၍ ရှိခိုး နေ၏။ အဖလုပ်သူက ဘေးနားက ထိုင်ကာ လက်ယုက်နေ၏။

ရှင်လောင်းအဖ ကိုထွန်းကျော်သည်ကား ၃၅ နှစ်ကျော် လောက် ရှိမည်ထင်သည်။ တောသား၊ လုပ်စားကိုင်စားဖြစ်၍ တုတ်ခိုင် သန်မာ၏။ ပုံကြမ်း၏။ အသားမည်းညို၏။ သားရှင်ပြု အလှူတော်ကြီးတွင် ဝတ်စား ရန်ဟု မနေ့တစ်နေ့ကမှ လက်ပံတန်းဈေးက တစ်ကျပ်မူးတင်းနှင့် ဝယ် ခဲ့သော အနီရောင်ချည်လုံချည် အသစ်စက်စက်ကို ဝတ်ထား၏။ ကော် မကျိုးသေး၍ ပွရောင်းကာ ထောင့်ဆွဲပြီးလျှင် မညီမညွတ် အချိုးမကျဖြစ် ရ၏။ အင်္ကျီမှာ ငါးပဲတန် အပါးစားစွပ်ကျယ်ဖြစ်၍ ကြီးမားသော ကိုယ် နှင့်မလိုက်၊ တင်းကျပ်ကာ အင်္ကျီလက်မှာ လက်မောင်းရင်းသို့ ကပ်နေ၏။ အင်္ကျီပါးလေသဖြင့် အတွင်းက မည်းညိုသော အသားရောင်ကို လုံးဝ ပျောက်ကွယ်သွားအောင် ဖုံးအုပ်ခြင်းငှာ မစွမ်းချေ။ ခေါင်းတုံးပြောင်ပြောင် တွင် တစ်ပတ်နွမ်း မျက်နှာသုတ်ပဝါကို ပတ်ပေါင်းထား၏။

ဤသို့ နတ်ကန်တော့ရန် ထိုင်နေကြစဉ် အမိကို မမြင်၍ မေး မြန်းကြည့်ရာ လွန်ခဲ့သောနှစ်က သေဆုံးသွားကြောင်း မိတဆိုးဖြစ်ကြောင်း

သိရသောအခါ ကျွန်ုပ်တို့ ဝမ်းနည်းကြရကုန်၏။

ကန်တော့ကြမည်ဟု ဦးချသောအခါ အိမ်ခြေရင်းဘက်ကျကျ ကြို့ပင်အောက်မှ ဗြောဆရာတို့က နတ်ဒိုးတီး၍ ပေးလိုက်ကြလေ၏။ နတ်ဒိုးသံသည် စိတ်ကို အလွန်ထိခိုက် လှုပ်ရှားသွားစေနိုင်သည်။ ကျွန်ုပ်တို့ ယောက်ျားများပင် ရိုးရိုးရွရွ တုန်လှုပ်လာကာ လွမ်းသလိုလို၊ ကြောက်သလိုလို ကြက်သီးများပင် ထ၍ စိတ်တို့သည် ချောက်ချားလွင့်မြောက်ရှိကြရကုန်၏။ မိန်းမတို့ကား ဆိုဖွယ်မရှိ၊ လူစိတ်ပျောက်သွားလောက်အောင် နတ်ဝင်ကြသည်ဆိုသည်မှာ ဟုတ်တန်စရာ ရှိ၏။

ဤသို့ နတ်ဒိုးတီးပေးစဉ် ကန်တော့သောအခါ ကိုထွန်းကျော်သည် မိဘမဆုံ၊ မိတဆိုးဖြစ်ရှာသော သားငယ်ရှင်လောင်းကို ကြည့်၍လည်းကောင်း၊ သွားလေသူ မိမိ၏ဇနီး မသင်၏ နေရာကွက်လပ်ကို ကြည့်၍လည်းကောင်း ဝမ်းနည်းပက်လက် စိတ်လက်မသာ ဖြစ်ရရှာလေ၏။ သို့ကြောင့်လည်း မျက်နှာနီလာ၍ မျက်တောင် မြန်မြန်ခတ်ကာ ခေါင်းအောက်စိုက်လိုက်သည်ကို မြင်လိုက်ရ၏။

ကျွန်ုပ်တို့လည်း ဣန္ဒြေမဆည်နိုင်ကြကုန်။ လူ၏စိတ်ကို လှုပ်ရှားစေသော နတ်ဒိုးသံကိုလည်းကောင်း၊ မိတဆိုး မျက်နှာငယ် ရှင်လောင်းကိုလည်းကောင်း၊ မျက်ရည်စက်လက်နှင့် ရှင်လောင်း၏ ဖခင်ကိုလည်းကောင်း ကျွန်ုပ်တို့ ကြားရမြင်ရတွေ့ရသောအခါ အသို့လျှင် စိတ်ကို ချုပ်တည်းနိုင်ကြအံ့တော့နည်း။

ဤတွင် မပြီးသေး၊ ကန်တော့ခြင်းကိစ္စပြီး၍ မကြာမီပင် ဗြောဆရာတို့က ဗြောဆက်၍ တီးလိုက်ပြန်သောအခါ နတ်ဒိုးထက်ပင် ဆိုး၍ သွားလေတော့၏။ ဗြောသံသည် တန်ခိုးကြီးလှ၏။ ကြည်နူးစိတ်၊ ကြည်ညိုစိတ်၊ ယိုဖိတ်စိတ် ဖြစ်ပေါ်စေသည့်အပြင် လွမ်းစိတ်၊ မျှော်ခေါ်စိတ်၊ လွင့်မြောက်စိတ် တို့ကိုလည်း ဖြစ်စေနိုင်၏။

ဤဗြောအတီးတွင်ကား ကိုထွန်းကျော်သည် အိမ်နောက်ဖေးသို့

ထွက်သွားကာ ရှိက်ကြီးတငင်၊ ပူပင်လှိုက်ဖို၊ ကျိတ်၍ငိုရှာလေတော့သတည်း။ "မယ်သင်ရယ်၊ သားရှင်ပြုပြီးအောင်မှ မစောင့်တော့ဘူးလားကွယ်"ဟု ကျွန်ုပ်တို့ ကြားလိုက်ရ၏။

သားငယ် ငပုသည်လည်း အဖနောက်သို့ လိုက်ကာ အဖ၏ လက်ကို ကိုင်ဆွဲမှီတွယ်၍ ဘယ်ဆီ၊ ဘယ်လမ်း၊ ဘယ်စခန်းဟု မျှော်မှန်း၍ မရနိုင်သော အမိကို တမ်းတလျက် သားအဖနှစ်ယောက် ငိုပွဲဆင်ကြလေသတည်း။

ကျွန်ုပ်တို့ လူစုလည်း ထိုသားအဖနှစ်ယောက်အနီးသို့ ရောက်မှန်းမသိ ရောက်သွားကာ မျက်ရည်လည်ရွဲနှင့် ဖြစ်ကြရကုန်၏။

ကိုထွန်းကျော်သည် ကျွန်ုပ်တို့ကို ပြောယောင်ယောင်ဖြင့် "မယ်သင်သာရှိရင်တော့ဗျာ..."ဟု ဤတစ်ခွန်းကိုသာ ပြောတတ်ရှာ၏။ ဤတစ်ခွန်းကိုသာ ပြောနိုင်တော့၏။

သို့ရာတွင် ဤ"မယ်သင်ရှိရင်တော့ဗျာ"ဆိုသော စကားတစ်ခွန်းသည် အလွန်ကျယ်ဝန်းများပြားလေးနက်သော အဓိပ္ပာယ်ကို ဆောင်လေတော့သည်။

ဤလေးလုံးလေးဖက်ယောက်ျားကြီးသည် ဖွဲ့နွဲ့ချွဲပျစ်၍ အော်ဟစ်ငိုသည်မဟုတ်ဘဲ လှိုင်းထသော ရင်အုံဖြင့် အတွင်းက ဆူလှိုက်၍ ကျိတ်ကာ ငိုကြွေးနေသည်ကို မြင်ကြရသောအခါ မည်သူမျှ စိတ်မတင်းနိုင်ကြတော့ချေ။ ကျွန်ုပ်၏ မိတ်ဆွေဦးစံရွှေမှာ မျက်ရည်စမ်းစမ်းနှင့် တစ်ဖက်သို့ လှည့်နေ၏။ ကွဲခြံသူကြီးသည် ခပ်လှမ်းလှမ်းသို့ လျှောက်သွားကာ မကြာမကြာ နှပ်ညှစ်ရလေ၏။ ကြည့်နေသော မိန်းမကြီးငယ်တို့လည်း အင်္ကျီလက်၊ တဘက်စသည်ဖြင့် မကြာမကြာ မျက်ရည်သုတ်ကြ၏။ အဘိုးကြီးများပင် ဟိုလိုလို၊ သည်လိုလိုလုပ်ကာ ရှောင်ခွာသွားကြရ ကုန်၏။

ငတေတို့ ငခွေးတို့လူစုနှင့် မိပန်းတို့တစ်စုသည်လည်း မိမိ

တို့၏ ကစားဖက်ကို မကြည့်ရက်ကြသကဲ့သို့ မိပန်းက ခေါင်းဆောင်ကာ ငပုလက်ကို ဆွဲခေါ်၍ ရှင်လောင်းနေရာ ခုတင်သို့ ဆောင်ယူခဲ့ကြလေသတည်း။

*

ကျွန်ုပ်တို့သည် ဤမိတဆိုးရှင်ပြုကို အလွန်သနား စေတနာ ရှိလာကြသည်နှင့် ဦးစံရွှေနှင့်တိုင်ပင်ကာ အလှူအိမ်တွင် ညအိပ်၍ တတ်နိုင်သမျှ ကူညီရန် ဆုံးဖြတ်လိုက်ကြလေသည်။ သို့လျော်စွာ ကျွန်ုပ်တို့၏ ဝန်စည်များကို ကျွဲခြံမှ ပြောင်းယူကာ အလှူအိမ်ရှေ့ ကုက္ကိုပင် အောက်ခြေရင်းတစ်ဝိုက်တွင် ဖျာကြမ်းလေးငါးချပ်နှင့် ကျွန်ုပ်တို့ စံရာဘုံဗိမာန်ကို ဖန်ဆင်းလိုက်ကြ၏။ အလှူရှင်လည်း အလွန်အားတက် အားရသွားရှာလေ၏။

နံနက်တွင် အလှူလာသူတို့အား ထမင်းကျွေးရန် ပြီးတန်သရွေ့ကို ယခုညက ပြင်ဆင်ချက်ပြုတ်ထားကြရမည်ဖြစ်ရာ ကျွန်ုပ်တို့ ရှစ်ယောက်သားသည် အပင့်အခေါ် မစောင့်ဘဲ အတင်းဝင်၍ ထင်းခွဲခြင်း၊ ရေခပ်ခြင်း၊ ဆေးကြောခြင်း၊ ကြော်လှော်ခြင်းစသည်တို့ကို အားတိုက် လုပ်ကိုင်သောအခါ အလှူရှင်နှင့် ရွာသားတို့သည် အားနာသမှုတားဆီးကြ၏။ သို့ရာတွင် ခေါင်းမာသော ကျွန်ုပ်တို့ကို လက်လျှော့ကြရကုန်၏။

ထူးသည်ကား ထိုအခါ၌ ကျွန်ုပ်တို့သည် မြို့အရပ်မှ အင်္ဂလိပ်စာတတ်ပေတတ်ဖြစ်ကြောင်း၊ အင်္ဂလိပ်ကျောင်းသား၊ အင်္ဂလိပ်ကျောင်းဆရာ၊ ကျောင်းအုပ်ကြီး၊ ပညာဝန်များဖြစ်ကြောင်းကို သူကြီးက လောကွတ်ချော်ကာ ပြောထားလေသည်နှင့် သိကြလေပြီ။ သို့ကြောင့်လည်း မြို့သား အင်္ဂလိပ်စာတတ်တို့ ထင်းခွဲခြင်း၊ ရေခပ်ခြင်းစသော လက်လုပ်အကြမ်းတို့ကို အဟုတ်လုပ်ကိုင်သည်ကို မြင်ရသောအခါ အလွန်အံ့သြ

ကြကုန်၏။ အကြောင်းသော်ကား အင်္ဂလိပ်စာတတ်သူများ လက်အလုပ်၊ အလုပ်ကြမ်းကို လုပ်လျှင် ငရဲကြီးတတ်သည်ဟု ကြားဖူးသောကြောင့် ဖြစ်ဟန်တူလေသည်။

မနေနိုင်သော ရွာသားတစ်ယောက်က "ခင်ဗျားတို့ အင်္ဂလိပ်စာတတ်မြို့သားများ၊ ထင်းခွဲ၊ ရေခပ်၊ ချက်ပြုတ် ကြော်လှော် လုပ်တတ်တယ်ဆိုတာ ဒီဌမြင်ရလို့သာ ယုံရတော့တာပဲ။ ကျုပ်ဖြင့် သိပ်အံ့သြတာပဲ"ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်တို့နှစ်ယောက် စိတ်မြောက်သွားကာ ကျွန်ုပ်တို့က "အမယ်–ဒါတွင် မကသေးဘူး။ တံမြက်စည်းလည်း လှည်းတတ်ပါတယ်" ဆို၍ ဟန်ကျပန်ကျသွက်လက်စွာ လှည်းပြလိုက်လေသည်။

ဦးစံရွှေကြီးကလည်း အညှံ့မခံဘဲ "အမယ်–ကျုပ်လည်း ပန်းကန်ခွက်ယောက် ဆေးတတ်ပါသေးတယ်"ဆို၍ ခပ်မြန်မြန်နှင့် စင်စင်ကြယ်ကြယ် ဆေးပြလိုက်လေ၏။

အလှူရှင်နှင့် ရွာသူရွာသားတို့လည်း အားရပါးရ ရယ်မောကြလေသတည်း။

*

ညဆယ်နာရီလောက်တွင် ညဦးအလုပ်ပြီး၍ အိပ်ရာသို့ ဝင်ကြ၏။ မိတဆိုးသားအဖကို တရေးရေး မြင်နေသည်နှင့် ကျွန်ုပ်က ဦးစံရွှေအား ဤသို့ စ၍ ပြော၏။

"ဒီ မိတဆိုး သားအဖမြင်ရတာ ကျုပ်တော့ သိပ်သနားတာပဲဗျာ"

"ဟုတ်တယ်၊ ဆရာကျားရယ်၊ ကျုပ်လည်း အတော်စိတ်ခိုင်တဲ့လူပဲ။ နို့ပေမဲ့ ဒီသန်သန်မာမာယောကျ်ားကြီး လှိုက်လှိုက်လှဲလှဲနဲ့ ရှိုးရှိုးကြီး ပူဆွေးတာမြင်ရတော့..."

"အစစ်ပဲဗျာ၊ ဒီလို မပြောတတ်မဆိုတတ်နဲ့ ရိုးရိုးကြီး နဂို အတိုင်း ပူဆွေးတာဟာ အင်မတန် စိတ်ကို ထိခိုက်စေနိုင်တယ်ဗျ။ စကား စပ်မိလို့ ပြောရဦးမယ်။ ဟိုဇာတ်သမား၊ ရုပ်ရှင်သမားတွေဟာ အများ အားဖြင့် ပီစိပါတာ ဖွဲ့နွဲ့ပြောပြီး ပျာလောင်ခတ် အလွမ်းသယ်တာများ အင်း...တစ်ခါတလေ ရယ်တောင် ရယ်မိတယ်ဗျ"

ထိုအခါ ဦးစံရွှေက ပြုံး၍ "ကျုပ်လည်း သတိထားမိတယ်။ အခု ရုပ်ရှင်တွေမှာ အလွမ်းခန်းပြတော့၊ နဂိုကျအောင် မလွမ်းတတ်တော့ စာ ကူပေးရတယ်ဗျ"

"ဘယ်လို စာကူတာလဲဗျ"

"ဒီလိုလေ၊ အလွမ်းခန်းမှာ ဖြတ်ဖြတ်ပြီး စာထိုးပြတာကောဗျ။ 'မင်းသား ငိုနေသည်' 'မင်းသမီး ပူဆွေးညှိုးငယ်နေသည်' အဲဒါမျိုးတွေ ပေါ့ဗျာ၊ ရုပ်ဟန် အမူအရာနဲ့ မလွမ်းနိုင်တော့ စာကူပေးရတာပေါ့"

"သြော်- ဒီလိုလား၊ ဒါဖြင့် စာမတတ်တဲ့လူတွေ ဘယ်မှာ ကောင်းကောင်း လွမ်းရတော့မလဲ"

"စာမတတ်သူလည်း မလွမ်းဘူး၊ စာတတ်သူလည်း မလွမ်း ဘူး၊ သြော်-ကျုပ်တစ်ခု ကြားဖူးတယ်၊ ဟိုနာမည်ကျော် မင်းသမီး မထွေး လေးဟာ သူ့ယောက်ျား ကိုဖိုးကွန်း ဟိုအနောက်ချောင်းမှာ ဆုံးတော့ ဇာတ်ထဲမှာလိုပဲ ပြောဆိုဖွဲ့နွဲ့ပြီး ငိုဆိုပဲဗျ။ တစ်ခန်းတစ်ခန်းအချမှာ ကွမ်းသီးဖတ် ဆေးလိပ်ကြီးတစ်တောင်လောက်ကို သောက်သောက်ပြီး နားသတဲ့၊ ဝတ်ဆင်လိမ်းကျံထားလိုက်တာကလည်း ကျော့လို့တဲ့။ လူတွေ ဝိုင်းကြည့်ကြတာ ပွဲရှုံးလို့ပဲတဲ့ဗျ"

"နို့-အဲဒီလူတွေ လွမ်းမသွားဘူးလား"

"ဟာ-ဘယ်က လာပြီး လွမ်းမှာလဲ၊ အပျော်ကြည့်ရအောင် လာ ကြတာဗျ"

"သြော်-ခင်ဗျာ့ လင်သေကိစ္စနဲ့ စပ်လို့ ကျုပ်ကြားဖူးတာ ရှိသေး

တယ်”

“ဘယ်လိုဟာများလဲ၊ ပြောစမ်းပါဦးဗျာ”

“ဒီလိုဗျ၊ ဥပမာ– လင်ယောကျ်ားသေတော့ မိန်းမများ ငိုတဲ့ နေရာမှာ အသံမထွက်ဘဲ ဝမ်းထဲမှာ ကျိတ်ပြီး၊ မြုံပြီး တွေတွေ စိုက်စိုက် ကြည့်ကာ မျက်ရည်စမ်းစမ်း၊ သို့မဟုတ် မျက်ရည်ပေါက်ကြီးများ တစ်လုံးပြီးတစ်လုံး၊ မှန်မှန်ကျဆင်းနေရင် အဲဒီမိန်းမဟာ အရွယ်ရှိဦးတော့ မုဆိုးမဘဝနဲ့ပဲ အရိုးထုတ်တတ်တယ်တဲ့ဗျ။

အသံထွက်ပြီး ကိုယ်လက်လှုပ်ရှား ခပ်များများငိုသူကတော့ လင်သေပြီးနောက် ငါးနှစ်က ဆယ်နှစ်အထိ နောက်ထပ်အိမ်ထောင်မပြု ဘဲ နေတတ်သတဲ့။

ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ဟစ်ပြီး ရင်ဘတ်စည်တီး လက်ပစ်ခြေပစ်ငိုရင် တစ်နှစ်က သုံးနှစ်အထိ နောက်အိမ်ထောင်မပြုတတ် ဘူးတဲ့။

ဘယ်သူ့ယုံလို့ ပုံခဲ့သလဲ... ဘာလဲ.. ညာလဲနဲ့ ဖွဲ့နွဲ့ အော်ဟစ် ပြီး ရုပ်ပျက်ဆင်းပျက်၊ မြေပေါ်လှဲချလိုက်၊ ထခုန်လိုက်၊ ရင်ထုလိုက်၊ ဆံပင်တွေ ဆွဲဆောင့်လိုက်၊ တစ်ခါတစ်ခါ မေ့လိုက်၊ တက်လိုက်၊ အဲဒီလို ငိုရင်တော့၊ အင်း...တစ်လက တစ်နှစ်အတွင်း နောက်ထပ် အိမ်ထောင် ပြုတတ်သတဲ့ဗျ”

ထိုအခါ ဦးစံရွှေသည် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောကာ “ဟုတ် ကဲ့လား ဆရာကျားရယ်၊ ခင်ဗျားဟာက–”

“ဟုတ်မဟုတ်တော့ အသေအချာ အာမ မခံဝံ့ဘူး၊ ကြားဖူးတာ ပြောရတာပဲ။ နောင်တော့ ခင်ဗျား သတိထားကြည့်ပါလား”

ထိုသို့ ပြောဆိုကြ၍ အိပ်ကြလေသတည်း။

*

နံနက် လင်းအားကြီးအချိန်တွင် ကျွန်ုပ်တို့ အိပ်မက်မြင်သလိုလို

ဘာလိုလို ရှိစဉ် ဗြောသံဖြင့် နိုးကြလေ၏။

အိပ်ရာ၌ မှေးမှေးရှိစဉ် လောကကြီးသည်လည်း တိတ်ဆိတ်ငြိမ်သက်စွာ ရှိသည့်အခိုက် လင်းရောင်ပျို့ပျို့ အချိန်၌ ဗြောသံ စည်သံကို ကြားရသောအခါ ဗြောသံဆိုသည်မှာလည်း ရတနာသုံးပါး အလှူ အတန်းနှင့် စပ်လေရကား ကြည်နူးစိတ် ကြည်ညိုစိတ်တို့သည် တဖိတ်ဖိတ် လျှမ်း၍ ထွက်ကုန်၏။

တောဗြောပင် ဖြစ်သော်လည်း နှံမှာ အတန်ချော၏။ တီးသည့် တေးသွားမှာလည်း ဘွဲ့သံ–ကြိုးသံဖြစ်၍ ဝိုင်းမှ အသံအတန်ကောင်း သော စည်းတီးဆရာက တစ်ခါတစ်ခါ လိုက်၍ သီဆိုလေရာ ဤမျှ သာတောင့် သာယာနာပျော်ဖွယ်ကြည်နူးဖွယ်ကို ကျွန်ုပ်တို့ မကြုံခဲ့ဖူးလေ။

ဤသို့ အိပ်ရာ၌ ဗြောမချမချင်း မလှုပ်မယှက် ပီတိဖြစ်နေကြရာ ဗြောချသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့လူစု ထကာ ချက်ပြုတ်ပြင်ဆင် ကူညီဖွယ် အရပ်ရပ်တို့ကို ပြုလုပ်ဆောင်ရွက်ကြလေသည်။

ဗြောတဖြုန်းဖြုန်း တအုံးအုံးနှင့် ပတ်ကုံးခြိမ့်သဲ ဤမိတဆိုး ရှင်ပြုအလှူတော်ပွဲကြီးသို့ ရွာခံမှလည်းကောင်း၊ ရွာနီးချုပ်စပ်မှလည်း ကောင်း လာကြသည်မှာ ကျွန်ုပ်တို့ပါ ကြီးငယ်ကျားမ ပရိသတ် ၆၀ မျှ ရှိလေ၏။ ထမင်းကျွေးခန်း၌ ကျွန်ုပ်တို့ လူစုက လုံးဝ တာဝန်ယူ၍ ထမင်း ဟင်းလိုက်ခြင်း၊ ပန်းကန်ခွက်ယောက်ဆေးခြင်း ကိစ္စတို့ကို ပြုလေသည်။

ကောက်ငယ် ဆန်ကြမ်းထမင်း၊ ပဲဟင်း၊ ငါးပိကြော်၊ ပဲတီချဉ် သနပ် ဤမျှသာဖြစ်၏။ ပရိသတ် ၆၀ စားကြသည်မှာ ဆန်တစ်တင်းချက် ချောလေသည်။ တွက်ကြည့်သော် တစ်တင်းတွင် နို့ဆီဘူးနှင့် ၁၂၈ လုံး ရှိရာ လူတစ်ယောက်လျှင် နို့ဆီဘူး နှစ်လုံးချက်ကျော်ကျော် တုတ်ကြောင်း ပေါ်လာလေ၏။ ကျွန်ုပ်တို့ လူစုကား ဤမျှလောက် တစ်ခါမျှ မမြင်ရှက် ဖူးချေ၊ သို့ကြောင့်လည်း စားသောက်၍ အပြီး၌ စန့်နေကြလေသည်။

*

မွန်းလွဲအချိန်၌ ရှင်လောင်းကို ကျောင်းသို့ ပို့ရမည့်ကိစ္စပေါ်လာလေ၏။ ကျောင်းမှာ နှစ်ခေါ်လောက်လှမ်း၏။

ရှင်လောင်းကို ရှေ့ဆုံးက ထား၏။ မြင်းမစီးရ၊ ရွှေထီး မဆောင်းရရှာလေ၊ နောက်နားက အဖသည် သင်္ကန်းပရိက္ခရာကို ပိုက်၍ လိုက်ရ၏။ အမိအဖ စုံပါမူကား အဖက သပိတ်ပိုက်၍ အမိက သင်္ကန်းတောင်းရွက်၍ လိုက်ရန်ဖြစ်၏။ ယခုသော်ကား ဤနေရာတွင် မသင်ကို သတိရရန် တစ်ချက်ပေါ်ပြန်လေပြီ။ ကိုထွန်းကျော် အတန် မချိပုံရ၏။ မျက်ရည် စမ်းစမ်းနှင့် ညှိုးငယ်ပြန်လေသည်။

သားအဖနောက်က ယောကျ်ားကြီး မိန်းမကြီးများ၊ ၎င်းနောက်က ဆက်၍ မယ်တုတ်၊ ဗုတို၊ ရွှေမ၊ ညိမ်းဇန်၊ မိကောင်း စသော အပျိုတစ်စုသည် ကန်တော့ပွဲ၊ ကွမ်းထောင်၊ ပရိတ်အိုး စသည်တို့ကို ရွက်၍လည်းကောင်း၊ ပိုက်၍လည်းကောင်း အကြောင်းအားလျော်စွာ လိုက်ကြကုန်၏။

မယ်တုတ်တို့မှာ ရွာခံအပျို မျက်နှာဖုံး ဖြစ်ကြ၏။ အားလုံးပင် အရုပ်အမောင်းကောင်း၍ ပြည့်ဖြိုး ကျန်းမာသန်မာကြ၏။ ဝတ်ဆင်ထားသော ထဘီတို့မှာ ပိုးနည်း၏။ ပိုးကြားဖောက် သရက်ထည်လုံချည်၊ ရှန်လုံချည်များ ဖြစ်ကြ၏။ အင်္ကျီကား မြို့သူတို့လောက် မပါးချေ၊ ဆံထုံး၊ ဘီးပတ်၊ ဆံတောက်ဆံရစ် အရွယ်အလိုက် တွေ့ရ၏။ စက္ကူပန်း မပန်ချေ၊ တောပန်း တောင်ပန်း သင့်တန်ရုံ ထိုးပန်ကြ၏။ မျက်နှာချေ မသုံးကြလှ၊ သနပ်ခါး အလိမ်းများ၏ အချို့မှာ ရွှေစရွှေန ဝတ်ဆင်၏။

ဤသို့ ရိုးရိုးစိုက်စိုက် ဝတ်စားနေထိုင်ကြ၍ တောင့်တင်း သန်မာထွားကျိုင်းလျက် သားကောင်းသမီးကောင်း ထွန်းကားနိုင်မည့် မိခင်လောင်းများ ဖြစ်သော အမျိုး၏ ကျက်သရေဆောင် ကျေးတောသူတို့ကို မြင်ရသောအခါ မြို့ပေါ်က မဟာဝါတို့၊ မဟိုဒင်းတို့ကို တွေးခေါ်

မိ၏။

မြို့သူတို့ကား ခင်လှသိန်းမြင့်၊ ညွန့်တင်တင်မြမြကျော်ဇံဦး၊ မေရီသန်းကြည်တင့်လှ၊ လူစီထိပ်ခေါင်တင် မေမမ၊ ကျူးရင့်သာဟန် ဂန္ဓမာဖွေ မိမိ၊ ပဒ္မကလျာဏီ နွဲ့ပါးလျဒေဝီ၊ လုပ်လုပ်လဲ့လဲ့ သော်မော် အရည်ပျော်–စသော ထူးဆန်းပွေရှုပ် ရှည်လျားသော နာမည်တို့ကို မှည့်ခေါ်ကာ ကိုယ်လုံးပေါ် အဝတ်အစားနှင့် ခုံမြင့်ဖိနပ်ကို စီးလျက် အင်္ဂလိပ် မျက်နှာချေမှုန့်ကို ထူထူလိမ်းကျံ၊ ပါးနှင့် နှုတ်ခမ်းကို ဆေးနီဆိုးပြီးလျှင် အမျိုးမျိုးသော ဖဲပွဲ၊ မြင်းပွဲ၊ စားပွဲ၊ သောက်ပွဲ၊ ဟိုတယ်ပွဲ၊ ရုပ်ရှင်ပွဲ၊ ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲ အမျိုးမျိုးနှင့် အချိန်ကုန်လေသည်။ ကျန်းမာ ထွား ကျိုင်း၊ သန့်ရှင်းစင်ကြယ်ရေးကို ဂရုမစိုက်ကြ၊ သို့ကြောင့်လည်း ပိန်ကြုံ ပါးလှီ ရှုံ့နာရှိုက်ကုန်း၊ ပိချပ်ပြား၊ ငါးဖောင်ရိုး၊ ကမ္ဘောဒ္ဒနံရုပ်၊ ဖြူဖပ် ဖြူရော်၊ ညောင်ညော်ညော်တွေ များလေသည်။

သို့ကြောင့်လည်း မည်မျှပင် အပေါ်ယံက ဆင်ပြင်လိမ်းကျံ ထား သော်လည်း မသာကောင် အလောင်းကို ဆင်ပြင်လိမ်းကျံထားသည်နှင့် တူလေတော့သတည်း။

အပျိုစုနောက်က ကာလသားများနှင့် ကျွန်ုပ်တို့ လိုက်ပါကြ၏။ ကာလသားဝိုင်းတွင် ဒိုးပတ် အတီးအမှုတ်ပါ၏။ ဒိုးပတ်နှင့် ထိုးသော သံချပ်အချို့ကား အောက်ပါအတိုင်းဖြစ်၏။

ကုသိုလ်ရေးမို့ ကြိုးစားပါ၊ ကျုပ်တို့ကိုယ်မှာ ချွေးတလုံးလုံး။ ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ၊ အမောပြေအောင် တိုက်ပါ့မမ။

ဝက်သားတုံးကြီး ဒူးလောက်ပေါင်လောက်၊ သူများစားတာ မြင် ဖူးပါရဲ့။

လေးဘက်မိတ်နဲ့ ထီးရိပ်ခိုု၊ ရှေ့ကအပျို ကျုပ်တို့ရည်းစား။
နံ့သာကွက်နဲ့ လှအပျို၊ ကျုပ်တို့ကိုယ်ကို ကြည့်စမ်းပါဦး။

ဤသို့ သံချပ်ထိုးကြသောအခါ အချို့အပျိုတို့သည် နောက်သို့

လှည့်ကြည့်၍ ပြုံးသွား၏။ အချို့အပျိုကား မျက်စောင်းထိုးသွား၏။

ကာလသားတို့မှာ တောအလိုက် ဝတ်ဆင်ကြ၏။ ကတုံး၊ ကြက်တောင်စည်း၊ ဆံပင်ရှည်၊ ပဝါပေါင်း ဖြစ်ကြ၏။ တစ်ယောက်နှစ်ယောက်မှာ ရုပ်ရှင်ကြည့်ဖူးဟန်တူ၏။ ဗိုလ်ဆံတောက်နှင့် ခေါင်းတွင် လည်ပတ်ကို ရုပ်ရှင်မင်းသားစတိုင် ပတ်ထားလေသည်။

လူထူးတစ်ယောက်ပါ။ ထိုသူကား သူကြီး၏ညီ မြတ်သာဒွန်း ဖြစ်၏။ ဗိုလ်ဆံတောက် အသစ်ကျပ်ချွတ်ကို ဒုန်းခံသူ ဖြစ်သည်။ သက္ကလတ်အင်္ကျီအသစ်နှင့် ရုပ်အင်္ကျီအဟောင်းကို တွဲ၍ ဝတ်၏။ နောက်ပိတ်ဖိနပ်ကို ပြောက်ကျားသော အဆင်းရှိသော မှော်ဇာနှင့် စီး၏။ စီးနေကျမဟုတ်၍ ဖိနပ်ပေါက်သည်နှင့် ထော့ကျိုးထော့ကျိုး နင်းရရှာ၏။

"ရှေ့က ခပ်ဆိုင်းဆိုင်းဗျ၊ နောက်က မီအောင်လိုက်လေ၊ လမ်းကို ကြည့်လျှောက်နော်၊ ခလုတ်တိုက်မိမယ်၊ ရှင်လောင်းက ရှေ့က သွား၊ အဲ ဟုတ်ကပြီ၊ ရှေ့က သွားတဲ့လူက ရှေ့ကသွား၊ နောက်က လိုက်တဲ့လူက နောက်ပဲလိုက်ပါ။ အပျိုတွေက ကိုယ့်အစုနဲ့ကိုယ်လိုက်၊ လူပျိုဝိုင်းထဲကို မရောက်စေနဲ့..." စသည်ဖြင့် သြဇာပေးကာ ရှေ့ပြေးနောက်ပြေးနှင့် အတော် အလုပ်များနေလေ၏။ မိန်းမပျိုဝိုင်းနားသို့ကား မကြာ မကြာ ရောက်၏။

"ဟဲ့ ဗုတို၊ ကန်တော့ပွဲကို တည့်တည့်ရွက်လေ"ဟု သြဇာသွားပေးမိရာ ဗုတိုက "ကျုပ် ရွက်ထားတာ တည့်ပါတယ်။ ရှင်က တည့်တည့် မကြည့်လို့ပါ"ဟု ပြန်၍ ပက်လိုက်လေ၏။ ထိုအခါ အပျိုဝိုင်းက ဝါးခနဲ ရယ်ကြလေ၏။ မြတ်သာဒွန်းကို ကျွန်ုပ် လှမ်းကြည့် လိုက်ရာ မျက်စိအတန်ငယ် စွေစွေ ရှိသည်ကို တွေ့ရလေသည်။

"တယ်–ဒီတိရစ္ဆာန်မ၊ နင်နော်–နေဦး"ဟု မြတ်သာဒွန်းသည် ကြိမ်းမောင်းပြီးနောက် မယ်တုတ်အား "ဟဲ့–မယ်တုတ်၊ ပရိတ်အိုး ရွက်ရတာ ညောင်းရင် ငါ့ကို ပေးလေ၊ ငါကူယူခဲ့မယ်"ဟု သွား၍ လောကွတ်

ချော်ပြန်လေ၏။

ထိုအခါ မယ်တုတ်က "သူများဟာ နေပါဦး၊ ကိုမြတ်သာဒွန်း ရယ်၊ ကိုယ့်ဟာကိုယ် နိုင်အောင် လုပ်ပါဦး၊ ရှင့်မှာ ထော့ကျိုးထော့ကျိုး နဲ့ အားနာပါတယ်"ဟု ပြုံး ပြောလိုက်လေ၏။

"ဟာ ဟဲ့၊ ထော့ကျိုး ထော့ကျိုးနေတာက ဖိနပ်ပေါက်လို့ပါဟဲ့၊ နင်ကလည်း" ဆိုနေစဉ် အပျိုစုက ဝိုင်းရယ်ကြသည်နှင့် ရှက်ကိုးရှက်ကန်း ဖြစ်ကာ ကျွန်ုပ်တို့ ကာလသားဝိုင်းသို့ ပြန်ရောက် ခိုဝင်လာတော့သည်။

ကျောင်းရောက်၊ ရှင်လောင်းကို သင်္ကန်းဆီးထားခဲ့ပြီး ပရိသတ် ပြန်လာကြ၏။

*

ညနေလေးနာရီခန့်တွင် ကျောင်းထိုင်ဘုန်းကြီး၊ ဦးပဥ္စင်း၊ ပြုသစ်စ ရှင် သာမဏေ ပေါင်းသုံးပါးတို့သည် အလှူအိမ်သို့ ကြွလာကြ၏။

ဟော–ဖြောစခန်း ပေါ်လာပြန်လေပြီ၊ အရှင်သုံးပါး ဖြောသံနှင့် ကြွလာသည်မှာ အထူးကြည်နူး ကြည်ညိုဖွယ် ကောင်းလှ၏။

ပရိတ်တရားနာ ရေစက်ချ အမျှဗျို့ဟု ဆိုအပြီး ကိုထွန်းကျော် သည် ဆက်၍ "မယ်သင်ရေ အမျှဟဲ့–အမျှ"ဟု အသံကွဲကြီးနှင့် အမျှ ဝေလိုက်ရာ ကိုရင်သည် မျက်ရည်ကျ၏။ ဦးပဥ္စင်းသည် မျက်တောင် မြန်မြန် ခတ်၏။ ဘုန်းတော်ကြီးသည် ငေးမော၍ ကိုထွန်းကျော်ကို စိုက် ကြည့်နေလေသည်။ သာဓုသံနှင့် ဖြောသံသည် အကနိဋ္ဌဘုံတိုင်အောင် တက်လေသတည်း။

နောက်တစ်နေ့ ကျွန်ုပ်တို့ပြန်ခါနီး အလှူပါဝင်ရန်ဟု ကျွန်ုပ်တို့ ရှစ်ယောက် ပိုက်ဆံပါသမျှ စုရာ ၃၈ ကျပ်ရ၏။

ပြန်ခါနီး၌ ကျွန်ုပ်တို့ ဝိုင်းထိုင်ကြ၍ ကိုထွန်းကျော်ကို မေးမြန်း

ကြ၏။

"ကိုင်း–ကိုထွန်းကျော်၊ အားလုံးအလှူစရိတ် ဘယ်လောက်ကုန် သွားသလဲ"

"ဟုတ်ကဲ့၊ ၄၀ ကျပ်လောက်ဆိုပါတော့"

"အကြွေးတင်သေးလား"

"တင်ပါသော်ကောဗျာ၊ အကုန်လုံး ချေးငှားလုပ်ရတယ်ဆိုပါ တော့။ ဟိုကျွဲခြံမှာ စပါးပေးယူတာ ၂၈ ကျပ်၊ မယ်သင်ရဲ့ ရွှေနားကပ် ကလေး ပေါင်လို့ ရတာက ၁၅ ကျပ် အားလုံး ၄၀ကျပ်ကျော်ပါပဲ"

"စပါးပေး ဘယ်လို ယူရသလဲ"

"စပါး ၁၀၀ ကို ၄၀ကျပ်ဈေးနဲ့ ယူရတယ်၊ အခုယူတဲ့ငွေ ၂၈ ကျပ်အတွက် စပါးပေါ်ချိန်မှာ စပါး ၇၀ ပေးရမယ်"

"ဟင်… လွန်လှပါကလားဗျာ၊ နို့– နားကပ်ပေါင်တာက တော့ကော"

"တစ်လကို ငွေတစ်ရာငါးကျပ်တိုး၊ ခုနစ်လကြာလို့ မရွေးနိုင် ရင် အဆုံးတဲ့"

"အဲဒီစပါးတွေ ငွေတွေကို ဘယ့်နှယ့် ဆပ်မလဲ"

"အင်း…ပြေအောင် ဆပ်ဖို့ အခက်သားပဲ။ ကျုပ်လယ်ထွန် ပျိုး နုတ် စာရင်းငှားလုပ်လို့ စပါး ၄၀လောက် ရမယ်၊ သားကလေး ရှင်လူ ထွက်ပြီး ကျွဲနွားကျောင်း၊ ရေခပ်၊ ထင်းခွဲ၊ အင်း ၂၀လောက်တော့ ရကောင်း ပါရဲ့။ အားလုံး ၆၀ရရင်၊ ၁၀တင်းလိုသေးတယ်၊ ဒါလည်း အခုအတော အတွင်း စားသောက်နေသွားဖို့က ရှိသေးတယ်ဗျ။ ဟိုနားကပ်ပေါင်ထား တာကတော့ အင်း….ရွေးနိုင်ပုံ မပေါ်ပါဘူး။ ဆုံးမှာပဲ။ သိပါရဲ့ဗျာ။ နို့ပေ မဲ့ ဒီလို ရက်ရွှေ့ရွှေ့နေတာနဲ့ မယ်သင်လည်း သားကို ရှင်မပြုလိုက်ရှာ ဘူး။ ဒါကြောင့်လည်း ပြီးရင်ပြီးရောဆိုပြီး ဇွတ်နှစ်ရတာပဲ။ တခြားဟာ တွေထက်ဗျာ၊ မယ်သင်ရဲ့ နားကပ်ကလေးကို အနမြောဆုံးပဲ။ သေသူ

ပစ္စည်းဖြစ်လို့ သိမ်းထားတာလည်း ဟုတ်တယ်။ ပြီးတော့ သူ့သားဖို့ သက်သက်လို့ ကျွန်တော်မှန်းပြီး ချန်ထားတာပဲဗျ။ ခုတော့ဖြင့်…”ဆို၍ ဆက်မပြောဘဲ ရပ်နေလေတော့သည်။

ထိုအခါ ဦးစံရွှေကြီးက ဝင်တဲ့၍ “ကိုင်း–ဆရာကျား၊ ဒီဆင်းရဲသားတွေ ဓားပြတိုက်တာ၊ သူပုန်ထတာ၊ ဘာ အံ့သြစရာရှိသလဲဗျ”ဟု မျက်နှာနီကြီးနှင့် ခပ်ဆတ်ဆတ်ပြောထုတ်လိုက်လေသတည်း။

ကျွန်ုပ်။ ။“မသင်ရဲ့ နားကပ် ဘယ်မှာပေါင်ထားသလဲ”

ကိုထွန်းကျော်။ ။“ဒီအစုဒင်ပါပဲ၊ ဟို ဒေါ်ပုကြီးဆီမှာ”

အရင်း ၁၅ကျပ်၊ အတိုး ၁ကျပ်၊ ပေါင်း ၁၆ကျပ်ကို ကျွန်ုပ်တို့ စုငွေထဲမှ ထုတ်ပေး၍ သူကြီးကို ချက်ချင်း အရွေးခိုင်းရ၏။ နားကပ်ပြန် ရသောအခါ ကိုထွန်းကျော်သည် ပြုံးကျယ်သော မျက်လုံးများ ပါးစပ် အဟောင်းသားနှင့် အလွန်ဝမ်းမြောက်ကျေးဇူးတင်ရှာလေ၏။

“ကျေးဇူးတင်လိုက်တာခင်ဗျာ၊ ဒီငွေကို ကျွန်တော် ကျွန်ခံပြီး ပြေအောင် ဆပ်ပေးပါ့မယ်”ဟု စိတ်အားထက်သန်စွာနှင့် ပြောရှာ၏။

ထိုအခါ ကျွန်ုပ်က “မဆပ်ရပါဘူးဗျ၊ ခင်ဗျားအလှူထဲကို ထည့်မလို့၊ ကျုပ်တို့ရှစ်ယောက်သား ငွေစုတာ ၃၈ကျပ် ရတယ်။ အခု ၁၆ ကျပ် နားကပ်ရွေးလိုက်ပြီ၊ ၂၂ကျပ်ကျန်တယ်။ ခင်ဗျားအလှူကူငွေ ၁၅ကျပ်လောက် ရတယ်ဆိုမဟုတ်လား၊ အဲဒီအထဲက ပေးစမ်း၊ ကိုင်း သူကြီးရော့ ၃၀ကျပ်၊ ခင်ဗျားတို့ကျွဲခြံက ကြွေးရှင်ကို အရင်း ၂၈ကျပ် အတိုး ၂ကျပ်လောက်ထားပြီး ဆပ်ပေးပါဗျာ။ ကိုင်း ကိုထွန်းကျော် ဒီမှာ ကျန်တဲ့ ၇ကျပ်လောက်ကို ချွေတာစားပေတော့”

“ဒီလိုဖြင့်ဗျာ၊ ကျွန်တော့်အလှူ ဘယ်မှာ ကျန်တော့မလဲဗျ”

“ကျန်ရုံမကဘူး။ ပိုတောင်ပိုသေးတယ်။ ခင်ဗျားရေစက်ချကတည်းက အလှူမြောက်ပြီးလို့ ခင်ဗျား အကုန်ရပြီးပြီ။ အခု နောက်ရတဲ့ အလှူငွေတွေက သူ့ကုသိုလ်နဲ့သူလာတာ တခြားစီ”ဆို၍ ပါဠိသံ လေးငါး

ခြောက်လုံးထည့်ကာ ခပ်ထွားထွားပြောရလေသည်။

ဤသို့ အင်္ဂလိပ်စာတတ်၊ မြို့သားလူလည်နှစ်ယောက်က ပါဠိသံတွေ ဘာတွေနှင့် ကိုယ်လိုရာဘက်ကို ဆွဲ၍ ရှုန်းရှုန်းဝေအောင် ပြောပြသောအခါ တောသားလူရိုးခမျာမှာ ဟုတ်ကဲ့...အင်း ဟုတ်ကဲ့...နှင့်၊ ခေါင်းညိတ်၍သာ နေရရှာလေသတည်း။

*

ကျွန်ုပ်တို့သည် ဖိုးဝိုင်းအစုမှ ကျွဲခြံသို့ ရွှေ့ခဲ့၍ လက်ပံတန်းပြန်မည်ဟု လှည်းပြင်နေကြစဉ် ကိုထွန်းကျော်သည် တောင်းတစ်လုံးကို ထမ်း၍ အပြေးကလေး ပေါက်လာလေ၏။ တောင်းတွင် ဖရုံသီး၊ ရုံးပတီသီး၊ ချဉ်ပေါင်ရွက်စသော ဟင်းသီးဟင်းရွက်အပြည့်ပါ၏။

"ကျွန်တော် တတ်နိုင်သမျှကလေး ပေးလိုက်စမ်းပါရစေခင်ဗျာ" ဆို၍ လှည်းပေါ်တွင် တင်လာ၏။ ကျွန်ုပ်တို့အားလုံးကပင် ကျေးဇူးတင်ကြောင်း ပြော၍ လှည်းထွက်လာစဉ် ကိုထွန်းကျော်သည် လှည်းနောက်က လိုက်ပါလာလေ၏။

"ဘယ်ကို လိုက်မလို့လဲ ကိုထွန်းကျော်"

"လိုက်ပို့ပါရစေခင်ဗျာ"

"ဟာ...ကျုပ်တို့က လှည်းနဲ့၊ ခင်ဗျားက အောက်က၊ နေကလည်း ပူသနဲ့ လိုက်ပို့ဖို့လည်း မလိုဘူး။ ကိုင်း ကိုင်း ပြန်တော့ဗျာ"

"ဝေးဝေး မဟုတ်ပါဘူး။ တစ်ခေါ်လောက်ပါ။ ကျေးဇူးတင်လွန်းလို့ပါခင်ဗျာ"

သို့နှင့် ခေါင်းမာသော ကိုထွန်းကျော်သည် အတင်းလိုက်ခဲ့၍ အတန်ကွာရောက်သောအခါ ကျွန်ုပ်တို့သည် လှည်းကိုရပ်၍ "ကိုင်း ကိုထွန်းကျော်၊ ခင်ဗျားပြန်ရင်ပြန်၊ မပြန်ရင်တော့ ကျုပ်တို့လည်း လှည်းမမောင်းတော့ဘူး။ ဒီမှာပဲ ရပ်နေတော့မယ်"ဟု အတင်းကိုင်လေမှ ပြည့်

တင်း ပြန့်ကျယ် ရှိးသားသော မျက်နှာကြီးဖြင့် အတန်ကြာ စူးစိုက်ကြည့်ပြီးမှ ရုတ်တရက်ထိုင်လိုက်ကာ ကျွန်ုပ်တို့ဘက်သို့ ဦးချကန်တော့ရှာလေသတည်း။ ဦးစံရွှေနှင့် ကျွန်ုပ်သည် ကိုင်ဆွဲထစေ၍ ရွာဘက်သို့ တွန်းပို့လိုက်ရလေ၏။

ဦးစံရွှေ။ ။"တောက လူတွေ သိပ်သနားဖို့ကောင်းတာပဲဗျ။ စိတ်နဂိုအတိုင်း လူရိုးလူကောင်းတွေဗျ၊ အခြေအနေ ဆိုးဝါးငတ်မွတ်လာကြတော့လည်း မနေနိုင်တော့ဘူး။ ဆိုး၊ ခိုး၊ တိုက် ဖြစ်ကုန်ရတာပဲ။ ခံနိုင်သမျှတော့ ခံကြတယ်။ မခံနိုင်တဲ့တစ်နေ့ကျတော့ အသက်စွန့်ပြီး သူပုန်ထပစ်လိုက်ကြတာပဲ"

ကျွန်ုပ်။ ။"ဒါကြောင့်မို့လည်း တောကျေးလက်က လူတွေ အသိပညာ အလိမ္မာတိုးပြီး အနေအစား ချောင်လည်ချမ်းသာကြအောင် ပြုပြင်စီမံကူညီပေးဖို့ လိုတာပေါ့ဗျ"

"ဒီလို ကျေးလက်ပြုပြင်ရေးတွေဟာ အစိုးရ အကြီးအချုပ်တွေရဲ့ တာဝန်ပဲဗျ၊ သူတို့ကို တိုက်တွန်းပေးဖို့ ကောင်းတယ်"

"သူတို့ကို တိုက်တွန်းနေရင် နှောင့်နှေးရုံရှိမှာပဲကိုယ့်လူ၊ သူတို့ကိုလည်း တိုက်တွန်း၊ ကိုယ့်ဟာလည်း ကိုယ်လုပ်ပေါ့ဗျ"

"ကိုယ့်ဟာကိုယ်လုပ်ဆိုတာ မလွယ်ဘူးဗျ။ ကျုပ်တို့မှာ အချိန်လည်း မရှိ၊ ငွေကြေးလည်း မပြည့်စုံဘူး"

"အလုပ်ဆိုတာ နည်းနည်းသေးသေး တတ်နိုင်သမျှက စရတာပေါ့ဗျ။ ခင်ဗျားက မလုပ်နိုင်ဘူးသာ ပြောတယ်။ အခုခင်ဗျား လုပ်နေတာပဲ"

"ဘယ်မှာ လုပ်ရလို့လဲဗျာ"

"အို…အခု၊ ဟို မိတဆိုးရှင်ပြုမှာ ခင်ဗျားတို့ ပြုမူဆောင်ရွက်ခဲ့တာတွေဟာ ဘယ့်လောက် တာသွားတယ် ထင်လို့လဲ"

"ဟာ…ဒါကတော့…"ဆို၍ ဦးစံရွှေကြီးသည် ဆက်မပြောတော့

ဘဲ ပြုံးတုံးတုံးကြီး လုပ်နေလိုက်လေသတည်း။

## အဖိုးတန်သော အိမ်သူမယ်သန့်

ကျွန်ုပ်သည် နောက်သုံးနှစ်လောက်က ပုသိမ်မြို့သို့ ကျောင်းစစ်သွား၏။ နံနက်လမ်းလျှောက်စဉ် ရွှေမုဋ္ဌောစေတီအနီးရှိ ရေးက ကျွန်ုပ်၏ တပည့်ဟောင်းဖြစ်ဖူးသော မယ်သန့်ဆိုသော သူငယ်မကို တွေ့ရ၏။ ကျွန်ုပ်သည် အင်္ဂလိပ်ကျောင်းသို့ မဝင်ရောက်မီ ပုသိမ်နယ် အသုတ်ရွာ ဘုန်းတော်ကြီးကျောင်းတွင် မြန်မာကျောင်းဆရာ လုပ်နေဖူး၏။ ထို ကျောင်း၌ ဉာဏ်အတော်အတန် ကောင်း၍ ရေးခြားချက်ချာသော တပည့်မကလေး တစ်ယောက်ကား ထို မယ်သန့်ပင်တည်း။ ကျွန်ုပ် ထိုကျောင်းမှထွက်၍ အင်္ဂလိပ်ကျောင်းသို့ ပြောင်းသောအခါ မယ်သန့်မှာ ၇တန်းတွင် ကျန်ရစ်၏။ ထိုက စ၍ ကွဲခဲ့သည်မှာ ၁၅နှစ်၊ အနှစ် ၂၀ခန့် ကြာလေပြီ။

ယခု တွေ့ရသော မယ်သန့်မှာ ၇တန်းနှင့် ဆရာဖြစ် အောင်ပြီးနောက် ပုသိမ်မြို့ မြန်မာကျောင်းတစ်ခုတွင် ဆရာမအလုပ် ရကြောင်း၊ နောက်မကြာမီ အခြားကျောင်းဆရာတစ်ယောက်နှင့် အိမ်ထောင်ကျကြောင်း စသည်တို့ကို ပြောပြသဖြင့် သိရ၏။ ပြီးမှ ထမင်းတစ်နပ် ကျွေးလိုကြောင်း ဖိတ်သည်နှင့် တစ်ညနေ၌ ထမင်းသွားရောက်စားရ၏။

ကျွန်ုပ်ရောက်လျှင် မိမိ၏ လင်ယောက်ျား မောင်မြကိုလည်း ခေါ်ငင်ပြသ၏။ ထိုအခါ ကျွန်ုပ်သတိပြုမိသည်ကား နေရာခင်းခြင်း၊ ထမင်းပြင်ခြင်း၊ ရေခွက်ထားပုံမှစ၍ အစစအရာရာကို မောင်မြသာလျှင်

ပြုလုပ်၏။ သို့ရာ၌ မောင်မြသည် မယ်သန့်၏ သြဇာကို အလုံးစုံခံယူ ကာ တပည့်သည် ဆရာအားလည်းကောင်း၊ မောင်ငယ်သည် အစ်မကြီး အားလည်းကောင်း၊ သားငယ်သည် အမိအားလည်းကောင်း ခံ့ညားရိုသေ သကဲ့သို့ နာခံပြုမူသည်ကို တွေ့ရ၏။ အယုတ်သဖြင့် လက်သုတ်ပဝါချ သည် ကိုပင် "မသန့်ရေ–လက်သုတ်ပဝါကို ရေတကောင်းရဲ့ ဘယ်ဘက် က ထားရမလဲကွဲ့"မေးပြီးမှ မယ်သန့်ပြောသော နေရာတွင် တစ်သဝေ မတိမ်းချလေသည်။

ထိုအမူအရာတို့ကို တွေ့မြင်ရသောအခါ ကျွန်ုပ်တွေးထင်မိသည် ကား "ဘယ့်နယ့်လဲ။ ငါ့တပည့်မ မယ်သန့်ဟာ အတန်လိမ္မာပါတယ်။ အခုတော့ လင်သားကို လက်အောက်ငယ်သား အစေအပါးကဲ့သို့ နိုင်လှ ချေကလား၊ မယ်သန့် တယ်ဆိုးနေပါကလား၊ ဒင်းတော့ ငါဆုံးမရလိမ့် မယ်"ဟု တစ်ယောက်တည်း စိတ်ကူးနှင့် စိတ်ဆိုးပြီး ထမင်းစားပြီးသည် နှင့် တစ်ပြိုင်နက် မောင်မြအလစ်တွင် မယ်သန့်ကို အနီးသို့ခေါ်၍–

"ဟဲ့–မသန့်၊ နင်တယ်ဆိုးနေပါကလားဟင်၊ သင်းဘယ့်နယ်လဲ။ လင်ကို နိုင်လှချည့်ကလား၊ နင်က အကောင်းမှတ်လို့လား၊ နင်..."

မယ်သန့်က ပြုံးလျက် "ဆရာက ကျွန်မကို လင်နိုင်တတ်တဲ့ မိန်းမဆိုး မှတ်လို့လား ဆရာရဲ့၊ ဆရာက ကိုယ့်တပည့်အကြောင်း မသိ သလိုပဲကိုး။ အဲလေ–ဟုတ်သလောက်တော့ ဟုတ်ပါတယ်။ နို့ပေမဲ့ ဘယ်လို ဘယ်ပုံ နိုင်တယ်ဆိုတာကို ကာယကံရှင် ကိုမြကိုပဲ မေးပါဆရာ ရယ်"

"အေး– မေးရလိမ့်မယ်။ နင်ဆိုးတာတွေ ပေါ်ကုန်ရင်တော့ ဒါပဲ..."ဟု ကြိမ်းမောင်းလိုက်၏။ မယ်သန့်သည်လည်း ရယ်လျက် ထသွား လေ၏။

ပြီးမှ မောင်မြကို ကျွန်ုပ်တည်းခိုသော အိမ်သို့ ခေါ်လာခဲ့၍

“ဘယ့်နှယ်လဲ မောင်မြ၊ မယ်သန့်က မင့်အပေါ်မှာ နိုင်တယ်လို့ ငါသဘော ရတယ်။ မယ်သန့်ဆိုးတာရှိရင်ပြော၊ ငါ့တပည့်မ ငါ့သားသမီးနဲ့ မခြားဘူး။ ငါဆုံးမနိုင်တယ်”

မောင်မြက ပြုံး၍ “ဆရာထင်တာ မလွဲပါဘူး။ မသန့်ရဲ့ ဩဇာကို ကျွန်တော် ခံတာ သူ့ အစီအရင်ကို ကျွန်တော်ခံတာဟာ အမှန်ပဲ ဆရာရဲ့၊ နို့ပေမဲ့ ဆရာရေ့၊ သူ့ဟာက အနိုင်ဆိုးမဟုတ်၊ အနိုင်ကောင်း ကိုဆရာရဲ့၊ သူက နိုင်တာမဟုတ်ပါဘူး။ ကျွန်တော်က ကျွန်တော့် စေတနာနဲ့ ကျွန်တော် အနိုင်ခံနေတာပါဆရာရဲ့”ဟု အားရပါးရ ပြော လေ၏။

“အင်း၊ နို့ မင်းအနိုင်ခံပုံ ပြောပါဦးကွဲ့ လူရဲ့” ဟု မေးမှ အောက်ပါအတိုင်း ပြောလေ၏။

“ဦးဖိုးလူရဲ့ ကျောင်းမှာ မသန့်က ၆ တန်း ဆရာမ၊ ကျွန်တော်က ဦးမြင့်ရဲ့ ကျောင်းမှာ ၇ တန်းဆရာ၊ အဲဒါနဲ့ လွန်ခဲ့တဲ့ ၆ နှစ်လောက်က ကျွန်တော်တို့ ညားကြပါတယ်။ သူက လခ ၆၀ ကျပ်၊ ကျွန်တော်က ၈၀ ကျပ် ရပါတယ်။

ဆရာ့တော့ ပြောရမယ်၊ ကျွန်တော်က အပျော်အပါးနည်းနည်း လိုက်စားပါတယ်။ အသုံးလည်း ဖွာချင်ပါတယ်။ ငွေကို ငွေ မမှတ်ဘူး။ ဒီလိုဆရာရဲ့၊ ကျွန်တော့်မိဘများက ချမ်းသာဖူးတယ်။ အဲဟိုတုန်းကတော့ ငွေကိုသုံးချင်သလိုသုံးရတာနဲ့ ကျွန်တော့်မှာ ဒီအကျင့်ဆိုးတွေ ပါနေပါတယ်။

အဲဒါနဲ့ မသန့်နဲ့ရတော့ ဆရာရေ့၊ သူက စည်းကြီးကမ်းကြီးနဲ့ကလားဗျ။ လခထုတ်လို့ သူ့လက်ထဲ မရောက်ရင် တစ်ခါတည်း ကျွန်တော့်ကျောင်းဆရာကြီးဆီ သွားပြီး တိုင်တာပဲ။ နောက်ဆုံးတော့ ဆရာရေ့။ ဆရာကြီးကလည်း ကျွန်တော့်အကျင့်ကိုလည်း သိ၊ မသန့်ရဲ့ သဘောသတ္တိကိုလည်း သိတာနဲ့၊ လခကို ကျွန်တော့်လက်ထဲကို မထည့်ဘူး။ မသန့်ကိုသာ ထုတ်ပေးတယ်။

အဲဒီကစပြီး ကျွန်တော်ဟာ မသန့်ကို ရန်သူလို တစောင်းစောင်း တမဲမဲနဲ့ နေမိပါတယ်။ သူထုတ်ပေးသမျှကိုသာ သုံးစွဲရပါတယ်။ ဒါနဲ့ မကြာမကြာ စကားများ လက်လွန်ခြေလွန်တောင် ရှိမိပါတယ်။ ကျွန်တော် အခု အင်မတန်နောင်တရပါတယ်။ တစ်နေ့တော့ ကျွန်တော်က–

'ဘယ့်နှယ်လဲမသန့်၊ ကျုပ်ကို ထောင်သားလို ထားမလို့လား'

'မဟုတ်ပါဘူး ကိုမြရဲ့၊ အားလုံး နောင်ကောင်းကြဖို့ အရေးပါ။ ကောင်းပြီ၊ ယခု ကျွန်မတို့ တစ်လ ၁၄၀ကျပ် ရတယ်။

| | |
|---|---|
| ရှင်က တစ်လကို ဈေးသုံး....... | ၁၅ ကျပ် |
| ကျွန်မက .................................. | ၁၅ ကျပ် |
| အိမ်က မိခွေးက ....................... | ၅ ကျပ် |
| အိမ်လခ .................................. | ၁၅ ကျပ် |
| စားစရိတ် .................................. | ၅၀ ကျပ် |
| ဝတ်စရိတ် .................................. | ၃၀ ကျပ် |
| သာရေးနာရေးအသေးသုံး............. | ၁၀ ကျပ် |
| ပေါင်းငွေ | ၁၄၀ ကျပ် |

ကိုင်း သဘောကျရဲ့လား'

စားစရိတ် ၅၀ ကျပ်၊ များလှချေကလား၊ မိခွေးအတွက်ကလည်း ၅ ကျပ်လား၊ ကျုပ်ကိုတော့ ၁၅ ကျပ်တည်း ပေးသလား'

'ရှင်တို့ ယောက်ျားများဟာ ဒါတွေ မသိတာပဲ၊ ဒါမိန်းမအလုပ်တွေ ရှင့်၊ မိန်းမမှ သိတယ်။ ရှင်တို့ နားမလည်ပါဘူး'

ကျွန်တော့်မှာ ဘာမျှ ပြန်မပြောနိုင်ပါ။ သို့ရာတွင် သာ၍ မကျေနပ် စိတ်ဆိုးပြီး အောင့်သိုးသိုး လုပ်နေပါတယ်။ သူ့ကို ရန်သူကြီး လုပ်ပြီး စကားပင် ကြပ်ကြပ် မပြောမိပါ။ မကြာမကြာ လက်ရောက်

ခြေရောက်ပင် ရှိမိပါတယ်။ ထူးတာက ဆရာရဲ့၊ ကျွန်တော့်ကို အင်မတန် သည်းခံတယ်။ ဘာမှမဖြစ်သလိုပဲ။ သူက ခေါ်ခေါ်ပြောပြော ကျွေးကျွေး မွေးမွေးနဲ့ ဝတ္တရားဘာမှ မပျက်ဘူး။ ဘာမှလည်း ဆိုစရာမရှိဘူး။ ကျွန်တော့်မှာသာ တစ်ယောက်တည်း ရန်ဖြစ်နေ ဆိုသလို အတော်ခွကျ နေတာပါပဲ။

အဲဒီလို နေလာကြလို့ ၃ နှစ်လောက်ကြာတော့ အစိုးရမှာ ငွေ မရှိလို့ဆိုပြီး ဆရာတွေအလျှော့မှာ ကျွန်တော်အလုပ်ပြုတ်ပါရော၊ မသန့်ရဲ့ လခ ၆၀ ကျပ်နဲ့သာ ခြစ်ခြစ် ခြုတ်ခြုတ်နေရပါတော့တယ်။ ကျွန်တော် လည်း အင်မတန် စိတ်ညစ်ပါတယ်။ ဘယ်မှာမှလည်း အလုပ်ရှာလို့ မရပါ။

နောက်သုံးလလောက်ကြာရင်ပဲ မသန့်ဖျားပါရော ဆရာရေ့၊ ပထမလမှာ လခနဲ့ အခွင့်ရပါရဲ့။ နောက်လတွေတော့ လခမရှိ အခွင့်သာ ရပါရော၊ သာပြီး ကျပ်သွားတာပေါ့ဆရာရဲ့။ ကျွန်တော်လည်း ဆင်းရဲ လေလေ သံဝေဂရဆိုသလို သတိတရားရပြီး အစွမ်းကုန် အလုပ်ရှာပါ ရဲ့။ မရပါ။ ဆွေမျိုးမျိုးများဆီက ချေးငှားရတာလည်း များတာနဲ့ နောက် ထပ် မချေးငှားဝံ့တော့ပါ။ အဲဒါနဲ့ ခြေကုန်လက်ပန်းကျပြီး အင်မတန် စိတ်အညစ်ကြီးညစ်ပြီး–

'ကဲ–မသန့်၊ ခွတော့ကျကုန်ပြီ၊ ငွေလည်းမရှိ၊ အလုပ်လည်းမရ၊ မင်းအသိပဲ၊ ချေးငှားသုံးတာလည်း ငွေ ၁၀၀ ကျပ်လောက် ကြွေးတင်နေ ပြီ၊ ကျုပ်တော့ မကြံတတ်ဘူး။ မင့်ဖို့ ဓာတ်စာကလေး ဘာကလေးတောင် မဝယ်နိုင်ဘူး။ ငါ့မှာလည်း မင်းမြင်တဲ့အတိုင်း အဝတ်အစားများမှာ လူထဲ တောင် မဝင်ဝံ့ဘူး။ ကျုပ်တော့ သေသာ သေချင်တော့တာပဲ'

အဲဒီတော့မှ မသန့်က 'အဲဒါပဲ၊ ရှင်တို့ ယောက်ျားတွေဟာ ရတုန်း အရမ်းသုံး၊ မရတဲ့အခါ အငတ်နေ ဆိုတာမျိုးလိုပဲ၊ ကျောချမှဓားပြမှန်း သိတော့တာပဲ။ ဟုတ်စ၊ ကျွန်မက ခြစ်ခြစ်ခြုတ်ခြုတ် သုံးဖို့ ပြောတော့ လုပ်တော့ ရှင်က ကျုပ်ကို ရန်မူတယ်၊ ခုတော့ ဘယ့်နှယ့်နေသလဲ။

အဲဒါမှတ်ထား၊ ကဲကဲ ရှင်မကြိုတတ်ရင် ကျွန်မကြိုရသေးတာပေါ့။ ရော့ ရော့၊ ဒါကြည့်စမ်း' ဆိုပြီး ခေါင်းအုံးအောက်က ဘဏ်မှာ ငွေစုထား တဲ့ စာရင်းလက်မှတ်ကို ထုတ်ပြပါတယ်။

ကျွန်တော့်မှာ အံ့သြပြီး ယူကြည့်လိုက်တော့မှ ငွေ ၂၅၀၀ ကျပ် လောက်ရှိနေတာကို တွေ့ရတော့မှ မသန့်မျက်နှာကို ကျွန်တော်အကြောင် သား ကြည့်နေရပါတယ်ဆရာ။

'ရှင် ကြောင်တောင်တောင် အူတူတူ လုပ်မနေနဲ့၊ ကျွန်မ ပြော ပြမယ်။ ရှင့်ကို ပြတဲ့ အသုံးစာရင်းထဲက

| | |
|---|---|
| ကျွန်မသုံးဖို့ ဆိုတဲ့ငွေ ....... | ၁၅ ကျပ် |
| မိခွေးဖို့ ................................... | ၅ ကျပ် |
| စားစရိတ် ၅၀ ကျပ်ဆိုတဲ့အထဲက | |
| ၃၀ကျပ်သာ သုံးလို့ ပိုငွေ....... | ၂၀ ကျပ် |
| ဝတ်စရိတ်တစ်ဝက်..................... | ၁၅ ကျပ် |
| အသေးသုံးတစ်ဝက်.................. | ၅ ကျပ် |
| ပေါင်း | ၆၀ ကျပ် |

အဲဒါနဲ့ တစ်လကို ၆၀ ကျပ် ရှင်မသိအောင် ကျွန်မဘဏ်မှာ ငွေစုခဲ့တာ ယခုသုံးနှစ်ကျော်ဆိုတော့ အတိုးနဲ့ဘာနဲ့ ၂၅၀၀ ကျပ်လောက် ဖြစ်နေတာပေါ့။ ၂၅၀၀ ကျပ်လောက် ရှိပေမယ့် ရှင်သုံးချင်တိုင်း မသုံး ရဘူး။ တင်နေတယ်ဆိုတဲ့ ကြွေး ၁၀၀ ကျပ် ဆပ်ဖို့နဲ့ အခုအတောအတွင်း သုံးဖို့ ၁၀၀ကျပ်၊ အဲဒီ ၂၀၀ ကျပ်ကိုသာ ထုတ်ချေ။ ရော့ 'ချက်'ဟု ရေး ပေးလိုက်ပါတယ်။

ကျွန်တော့်မှာလည်း ထန်းလျက်အိုးပေါ် မှောက်လဲသလို အင် မတန် ပြုံးရွှင်ပြီး 'ကျေးဇူးရှင်မမခင်ဗျား၊ ကျွန်တော်မျိုးအတွက် ၁၅ ကျပ် ကို နောက် တောင်းမသုံးတော့ပါဘူး။ မမပေးသမျှကိုသာ ယူပါတော့မယ်' လို့ ပြောင်သလိုလို အဟုတ်လိုလိုနဲ့ပဲ ပြောမိပါသေးတယ်။

အဲဒါနဲ့ မသန့်လည်း မကြာမီ ပြန်ပြီး ကျန်းမာလာလို့ သူ့အလုပ်ကိုပြန်ရပါတယ်။ ကျွန်တော့်မှာတော့ အလုပ်ပြန်မရ၊ ရှာလို့လည်း အဆင်မသင့် ဖြစ်နေပါတယ်။ ကျွန်တော်လည်း မသန့်ကျေးဇူးကို အမြဲသတိရနောင်တလည်း ရပြီး မသန့်အလုပ်သွားတဲ့အခါ ကျွန်တော်က အိမ်မှာ အလကားမနေဘဲ အစစအရာရာ ချွေတာပြီး မရှက်မကြောက် ရေခပ်၊ တံမြက်လှည်း၊ ထမင်းချက်၊ အဝတ်လျှော် ဆိုသလို ကူညီလိုက်တော့ အိမ်စရိတ်ဟာ တစ်ဝက်လောက် သက်သာသွားပါတယ်။ အဲဒါနဲ့ မသန့် လခ ၆၀ ကျပ်နဲ့ပဲ ကျွန်တော်တို့ နေလောက်စားလောက် ရှိပါတယ်။

တစ်နေ့တော့ ဆရာရေ့။ ကျွန်တော်ဟာ လခစားအလုပ် စိတ်ပျက်ပြီး ငါ့အစွမ်းနဲ့ ငါကြံမယ်လို့ စိတ်ထားပြီး စက်ပိုင်တစ်ယောက်ထံ သွားပြီး အဝယ်တော်ပွဲစားလုပ်လိုတဲ့အကြောင်း ပြောပြပါတယ်။

စက်ပိုင်က ကျွန်တော့် ပုံပန်းသွက်လက်ပုံကို ထောက်လို့ လုပ်တော့လို့တော့ ဆိုပါရဲ့။ နို့ပေမယ့် 'မောင်ရယ်၊ အခုခေတ်မှာ ငွေကြေးကို ယုံရဖို့ အင်မတန်ခက်တယ်။ ဒီတော့ကာ ငွေကိုတော့ အရင်ထုတ်မပေးနိုင်ဘူး။ မောင့်အစွမ်းနဲ့မောင်ပဲ စပါးဝယ်ခဲ့ရင်ဖြင့် ပွဲခနဲ့ တစ်ခါတည်းငွေချေရမှာပဲ'လို့ ပြောပါတယ်။

ကျွန်တော် အတော် စိတ်ပျက်သွားတာပေါ့ဆရာရဲ့။ ဘဏ်မှာ မသန့်ရဲ့ငွေ ၂၀၀၀ ကျပ်ကျော် ရှိတာကို ကျွန်တော်သိပါရဲ့။ နို့ပေမယ့် မတောင်းဝံ့ မတောင်းရက်ဘူး ဆရာရဲ့။ မသန့်ဟာ အင်မတန် စစ်စီတယ်။ တောင်းရင်လည်း ရမှာ မဟုတ်ဘူးလို့ ထင်ပြီး ကျွန်တော်မှိုင်မှိုင်နေတာပဲ။

နို့ပေမဲ့ အကင်းပါးတဲ့ မသန့်က ကျွန်တော်ရဲ့ မှိုင်ချက်ကို မသင်္ကာလို့ အထပ်ထပ်မေးတာနဲ့ နောက်ဆုံးတော့ ပြောပြလိုက်တာပေါ့။ ဒီတော့မှ မသန့်က ရယ်မောပြီး ရှင် အစက ဘာဖြစ်လို့ မပြော

သလဲ၊ ယောက်ျားဆိုတာ အဲဒီလို ကြံဖန်ရတယ်၊ နောက်မဆုတ်ရဘူး။ စွန့်စားရတယ်။ မတော်တဆ ဆုံးပါးသွားကော အကျိုးရှိမလားလို့ လုပ်တာပဲ။ ဘာပူစရာရှိသလဲ၊ မိသန့် စစ်စီတာက မတော်တဲ့နေရာမှာသာ စစ်စီတာ၊ ဒီလိုဟာမျိုးမှာ စစ်စီတာ မဟုတ်ဘူး။ ရော့ 'ချက်'ယူသွား၊ ငွေ ၂၀၀၀ ကျပ်ထုတ်ပြီး စက်မှာ သွင်းချေ'လို့ ဆိုလိုက်ပါတယ်။

ကျွန်တော့်မှာ အံ့အားသင့်ပြီး သြော်– တယ်ဟုတ်တဲ့ မိန်းမပါလား။ ငါအထင်မှားမိပြန်ပြီလို့ တွေးတောမိပါတယ်။ ပြီးမှ ငွေထုတ်၊ စပါးဝယ်၊ စက်ကို သွင်းတော့၊ ဈေးမကိုက်တာနဲ့ ငွေ ၇၀၀ ကျပ်လောက် ရှုံးပါတယ်။

အခုတော့ မသန့်ကို ယုံကြည်အားကိုးစိတ် ရှိနေတာနဲ့ ချက်ချင်းပဲ ရှုံးတဲ့အကြောင်း ပြောပြပါတယ်။ အတော်လာတဲ့ မိန်းမ ဆရာရေ့။ ရှုံးတဲ့ဟာကို သူက ဝမ်းသာတယ်တဲ့။ အဲဒီရှုံးတာဟာ ကျွန်တော် ကုန်သည်အလုပ်မှာ ပိုမို နားလည်ဖို့တဲ့ဗျ။ သူဟာ ဟုတ်တယ် ဆရာရေ့။ အဲဒီ ရှုံးပြီးကတည်းက ကျွန်တော်ရောင်းရာဝယ်ရာမှာ အင်မတန် ဆင်ခြင်စဉ်းစားပြီး ဟန်လောက်မှ ရောင်းဝယ်ခြင်းကို ပြုပါတယ်။ ဒုတိယတစ်ခါ သွားသွင်းတော့ အရှုံးကျေပါတယ်။ နောက်တစ်ခါတော့ အမြတ်ပေါ်တာပေါ့ ဆရာရဲ့။

အဲဒါနဲ့ လူကဲကို ခတ်နေတဲ့ စက်ပိုင်က မကြာခင်ပဲ ငွေအရင်းထုတ်ပေးပါတယ်။ တိုတိုပြောကြစို့ ဆရာရယ်၊ ၃–၄လ အတွင်းမှာပဲ ပွဲခရော ဘာရော ၃၀၀၀ ကျပ်လောက် ကျန်ပါတယ်။ ဒီတော့ မသန့်က–

'ကိုင်း–ဒီငွေဟာ ရှင့်အစွမ်းနဲ့ ရတာ၊ ဘဏ်မှာ ရှင့်နာမည်နဲ့ပဲ ထားပေတော့'

'ဟာ–ဘယ်က ကျုပ်အစွမ်းဟုတ်ရမလဲ။ မသန့်ငွေနဲ့ ရင်းလို့ ရတာ၊ ဒီတစ်သက်မှာ မမသန့်ကို အလုံးစုံ ယုံကြည်အားကိုး စီမံသမျှ ခံ

ပါတော့မယ်။ အလုံးစုံကိုပဲ လွှဲပါရစေတော့ ကျေးဇူးရှင်မမ ခင်ဗျား’ လို့ တောင် ကျွန်တော်က ရယ်မော ပြောင်လှောင် ပြောလိုက်ပါသေးတယ်။

အဲဒါပဲ ဆရာရေ့။ သူက နိုင်တာမဟုတ်ဘူး။ ကျွန်တော်က အနိုင်ခံတာပဲ။ ဘာပဲဖြစ်ဖြစ်၊ သူ့ဟာ အနိုင်ကောင်းမဟုတ်လား ဆရာ ရယ်”ဟု ပြောပြီးနားလေ၏။

ကျွန်ုပ်မှာလည်း တပြုံးပြုံးနှင့် နားထောင်လာခဲ့ရာ ပြီးဆုံးသည် နှင့်တစ်ပြိုင်နက် ကျွန်ုပ်စိတ်မြောက်ပြီး “အဲဒါငါ့တပည့်အစစ်ကွဲ့”ဟု လွှတ်ခနဲ အသားယူ၍ ဆိုလိုက်မိလေ၏။

ထိုအခါ မောင်မြကလည်း အားကျမခံဆိုဘိသကဲ့သို့ “အဲဒါမှ ကျွန်တော့်မယားအစစ် ဆရာရဲ့”ဟု လေလုံးထွားထွားနှင့် ကြွားလိုက်လေ သတည်း။

# လက်တွေ့ချမ်းသာရှာနည်း

## စကားချီး

သာမညအားဖြင့် ကိုယ်ချမ်းသာ စိတ်ချမ်းသာဟူ၍ နှစ်မျိုး ရှိသည်။ စင်စစ်သော်ကား စိတ်ချမ်းသာခြင်းတစ်ခုသာ အရေးအကြီးဆုံး ဖြစ်သည်။ စိတ်ချမ်းသာမှုကို ရှင်ရှင်လူလူတိုင်း အလိုရှိကြသည်။ ကြိုးပမ်းရှာဖွေကြသည်။ ချမ်းသာမှုဆိုသည်ကား စိတ်၏ အလိုပြည့်မှုကို ဆိုသည်။

သို့ကြောင့် မဟုတ်လော၊ ငါးမျှားတံနှင့် တံငါသည်သည်လည်းကောင်း၊ နွားသတ်သမားသည်လည်းကောင်း၊ လက်သမားသည်လည်းကောင်း၊ သူခိုးဓားပြသည်လည်းကောင်း၊ စစ်သူကြီးသည်လည်းကောင်း၊ သတင်းစာ မဂ္ဂဇင်းထုတ်သူသည်လည်းကောင်း၊ ရဟန်းသည်လည်းကောင်း ပုပုရွရွ မြင်သမျှ သတ္တဝါတို့သည် မိမိတို့ စိတ်အလိုပြည့်မှု ချမ်းသာမှုကို ရှာနေကြခြင်းဖြစ်၏။

ချမ်းသာမှုကား ပရမတ် ဆန်ဆန်ပြောရမည်ဆိုသော် အလိုဆန္ဒငြိမ်းမှုတည်း၊ ချဲ့ဦးအံ့။ ဥပမာ–ညီအစ်ကို သုံးယောက်သည် နံနက် အိပ်ရာထ ၇ နာရီခန့်တွင် အကြီးက ကော်ဖီနှစ်ခွက်သောက်ရမှ မိမိအလိုပြည့်၏။ ဝါ၊ ချမ်းသာ၏။ အလတ်က တစ်ခွက်မျှဖြင့် အလိုပြည့်၏။ အငယ်ကား ရေတစ်ခွက်ဖြင့် ကျေနပ်အလိုပြည့်၏။ ၎င်းတို့ အိမ်အနီးရှိ ဖိုးသာအောင်ကား နံနက်တွင် သရေစာစားခြင်း အလေ့အထမရှိ၊ နံနက်ထမင်း

ကျမှ စားတော့သည်။ ဤလေးယောက်ကို ယှဉ်ကြည့်သော် နံနက် ၇ နာရီ အချိန်၌ လေးဦးလုံး စိတ်အလိုပြည့်လျက် ချမ်းသာလျက်နေသည် ကို တွေ့ရသည်။ သို့ရာတွင် အလိုဖြည့်နည်းချင်း ခြားနားကြသည်။ အလို ပြည့်ရန် ဒုက္ခအနည်းအများမှာ အလိုပြည့်လိုသူသည် မိမိ၏စိတ်ကို ထိန်း သိမ်းနိုင်သလောက်ကို လိုက်၍ ဖြစ်သည်။

ထပ်၍ ထင်ရှားစေဦးအံ့။ ကျွန်ုပ်သည် မော်တော်ကားတစ်ခု လို ချင်သော ဆန္ဒဖြစ်ပေါ်လာ၏။ ပိုက်ဆံပြည့်စုံ၍ ဝယ်ယူသည်ဖြစ်စေ၊ သူ တစ်ပါးလက်ဆောင်ပေးသည်ဖြစ်စေ၊ ကျွန်ုပ်မရှက်မကြောက်ဘဲ တောင်း ယူသည်ဖြစ်စေ၊ ခိုး၍ဖြစ်စေ၊ တိုက်၍ဖြစ်စေ၊ မည်သည့်နည်းနှင့်မဆို မော် တော်ကားရလျှင် ထိုဆန္ဒပြည့်မှု ထိုဆန္ဒငြိမ်းမှု ဖြစ်ရလေသည်။

အကယ်၍ ကားကို ဘယ်နည်းနှင့်မျှ မရနိုင်သောအခါ စိတ်ကို ဆုံးမ၍ "မော်တော်ကား မရလည်း ပြီးနိုင်တာပါပဲ။ မလိုပါဘူးလေ"ဟု ဆုံးဖြတ်ကျေနပ်လျှင်ထိုဆန္ဒငြိမ်းလေသဖြင့်"ချမ်းသာမှု"ပင်ဖြစ်တော့သည်။

ထိုထက်အလွန်၊ နဂိုကတည်းက ထိုမော်တော်ကားလိုချင်မှု ဆန္ဒ ပေါ်မလာလျှင်လည်း အလိုလို ချမ်းသာမှုပင် ဖြစ်နေမည်တည်း။

ဤသို့ စိတ်ဖြေတတ်လျှင် ချမ်းသာမှု ရနိုင်ကြောင်းကို ကျွန်ုပ် တို့ အရပ်ရှိ စိတ်ကောင်းစွာ မနဲ့သော ဖိုးအောင်ဆိုသူကို တွေးမိသည်။

ဖိုးအောင်သည် တစ်နေ့၌ မိမိအိမ်က ကြက်ဖကြီးကို ချက်စား မည်ဟု ဖမ်းပြီးလျှင် ကြိုးနှင့် ချည်ထား၏။ ၎င်းအနီးတွင်ပင် ကြက်သား နှင့် ချက်ရန်ဟု ငရုတ်၊ ကြက်သွန်ထောင်းလေ၏။ ထိုအတွင်း ကြိုးပြတ် ၍ ကြက်လွတ်ပြေးလျှင် ဖိုးအောင်သည် လျင်မြန်စွာ လိုက်၍ ဖမ်း၏။ သို့သော် ကြက်ကြီးကို မမိချေ။ နာရီဝက်မျှ အပန်းတကြီး လိုက်ဖမ်း၍ မရနိုင်သည့်အဆုံး၌—

"အောင်မယ်၊ မမိချင်နေပါလား၊ ငါက ဘာပူမလဲ၊ ကြက်သား

ဟင်းနဲ့စားရမှ မဟုတ်ပါဘူး။ ငါးပိနဲ့စားလည်း ဝင်တာပဲ။ ဆားနဲ့စား လည်း ဝင်တာပဲ၊ မပူပါဘူး"ဟု ကြက်ကြီးကို မဲ့ကာရွဲ့ကာ လှမ်း၍ ရန်တွေ့ကာပြောပြီးအကယ်ပင်ငါးပိချက်တို့စရာတို့နှင့်မြိန်မြိန်ကြီးစားလိုက်လေသည်။ ဤဖိုးအောင်၏ပြောချက်ပြုမူချက်တို့တွင် တရားအပြည့် ရှိ၏။

အထက်စကားတို့အရဖြင့် ချမ်းသာမှု ဆင်းရဲမှုသည် စိတ်တွင်တည်ကြောင်း၊ စိတ်ထားအရေးကြီးကြောင်း ကိုယ်တွေ့အဖြစ်အပျက်ကို ရေးပြပါအံ့။

## လူချမ်းသာနှင့်တွေ့ခန်း

ကျွန်ုပ်သည် ကျောင်းနေစဉ် ကိုးတန်းအောင်ပြီးနောက် နွေကျောင်းပိတ်ချိန် ၂ လခန့်၌ အလဟဿ မနေလို၊ အလုပ်တစ်စုံတစ်ရာ လုပ်လို၍ အလုပ်လိုက်ရှာရာ စပါးပွဲစားကြီးတစ်ဦးထံ၌ 'တာလီကလပ်' ခေါ် ဂရိ ချိုးရသော စာရေးကလေး အလုပ်ကို ရ၏။ ၎င်းအလုပ်ကား စပါးခြင်တွယ်ရာ၌ တစ်တင်းနှစ်တင်း စသည်ဖြင့် တုတ်တံငယ် အမှတ်အသားဖြင့် မှတ်ရသော အလုပ်ဖြစ်၏။ လခ ၂၀ ကျပ် ရ၏။

ကျွန်ုပ်လုပ်ရသော စပါးစက်မှာ မြစ်တစ်ဖက်၌ ရှိသဖြင့် ထိုစက်က ထားသော ကူးတို့မှာ တစ်ပတ်တစ်ပတ်ကို ၁၅ မိနစ်၊ မိနစ် ၂၀ စောင့်ရတတ်၏။

တစ်ညနေတွင် မြို့ဘက်ကမ်း၌ ကူးတို့စောင့်နေရာ ကျွန်ုပ် အနီးသို့ မော်တော်ကားတစ်စီးမောင်းလာ၍ ရပ်လေသည်။ ထိုကားတွင် ပါသူကား ကျွန်ုပ်အလုပ်လုပ်နေသော စက်မှ ဝင်းပိုင်ကရာနီခေါ်သော ကြွယ်ဝ၍ အလွန်သြဇာကြီးသောသူဖြစ်ကြောင်း တွေ့ရ၏။ ၎င်းကား မြန်မာတည်း။ ထိုသူနှင့်အတူ ဇနီးနှင့်တကွ သမီးပျို ၂ ယောက်လည်း ပါ၏။ ထိုဇနီးနှင့် သမီးတို့ကိုကား ကျွန်ုပ်သည် ရှေးက မမြင်ဖူးချေ။

ထိုဝင်းပိုင်မှာ အသက် ၄၀ခန့်ရှိ၍ သမီးပျို ၂ ယောက်မှာ ၂၀ အထက်နှင့် ၂၀အောက်လောက် ရှိကြလိမ့်မည်။ ထိုအခါ (အနှစ် ၂၀ ကျော်)

က မော်တော်ကားကို သာမညလူ မစီးနိုင်ချေ။ အမှန်ကား လူဝိုင်း၍ ကြည့်ရသော အထူးအဆန်းတစ်မျိုး ဖြစ်၏။ ကျွန်ုပ်ကိုယ်တိုင်ကား ဤအကြိမ်သည် မော်တော်ကားကို အနီးသို့ ကပ်၍ သေသေချာချာ ကြည့်ရသော ပထမအကြိမ်ဖြစ်၏။

ထိုအခါ ကျွန်ုပ်သည် အမှတ်မဲ့ မနေတတ်၊ တွေးတောတတ်သော ဝါသနာအလေ့ရှိသည့်အလျောက် တွေးတောလေသည်ကား–

"သြော်–သူတို့မှာ၊ လူဖြစ်ကျိုးနပ်လေသည်။ ကရာနီကြီးမှာ ပိုက်ဆံချမ်းသာလှသည်။ သြဇာတန်ခိုးလည်း စက်တစ်စက်လုံး ဆိုသလို ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရသည်။ သူစက်ထဲ ဖြတ်လာလျှင် စာရေးကြီးငယ် ကူလီ မည်သူမဆို ရှဲခနဲ ရှဲခနဲနှင့် လမ်းဖယ်ပေးကြရသည်။ တစ်ခါက အဲဒီလို သူအလာ အများက ဖယ်ကြသော်လည်း ငါ့မှာ ရောက်စဖြစ်၍ မသိဘဲ လမ်းမဖယ်မိရှိသည်ကို ဒီကရာနီကြီးက စိုက်ကြည့်သွားတယ်။ သူလည်း လွန်သွားရော၊ ငါ့သူငယ်ချင်း စာရေး ဖိုးတုတ်က ကပျာကရာလာတဲ့၍ 'ဟေ့လူ၊ မင်းတော့ ဒုက္ခပဲ၊ ဘာပြုလို့ လမ်းမဖယ်သလဲ၊ မင်းကိုလည်း စိုက်ကြည့်သွားတယ်၊ သိရဲ့လား"လို့ မေးတယ်။ ငါကလည်း "ဟာ–သိမှမသိဘဲ၊ ပြီးတော့လည်း ကိုယ့်အလုပ် ကိုယ်လုပ်နေတာ၊ ဘာဖြစ်လို့ ဒီလောက် ကြောက်ရမှာလဲကွ..."လို့ ငါက ပြန်ပြောတယ်။ ဒီတော့ ဖိုးတုတ်က "ဟေ့ အကောင်၊ မင်းက အင်္ဂလိပ်စာကလေး ၉ တန်းအောင်တာနဲ့ လူဝါးမဝနဲ့၊ ဒီစက်မှာ သူရှင်ဘုရင်ပဲ၊ မင်းအလုပ်ပြုတ်ဖို့သာ ပြင်တော့"လို့ တကယ်စိုးရိမ်တဲ့ အနေနဲ့ ပြောတယ်။ အင်း ဟုတ်တန်ရာရဲ့။ သြော်–တန်ခိုးသြဇာကြီးပေစွတကား။

ကရာနီကတော်မှာလည်း လက်သီးဆုပ်လောက်ကြီးတဲ့ စိန်နားကပ်၊ စိန်ကြယ်သီး သြော်–ပြည့်လို့ပါကလား၊ သမီး ၂ ယောက်မှာတော့ အရွယ်ကောင်း ရုပ်ကောင်းဖြစ်ရတဲ့အပေါ်မှာ စိန်ဘီး၊ စိန်လည်တုန်၊ စိန်ဆံထိုး၊ စိန်ကြယ်သီး၊ စိန်ဆွဲကြိုး–စသည်ဖြင့် စိန်မိုးမွှန်နေပါတော့

ကလား။

သူတို့စီးလာတဲ့ မော်တော်ကားဆိုတာလည်း အင်မတန် အံ့သြစရာပဲ၊ ကြည့်ပါလား၊ ဘီးမှာ တပ်ထားလိုက်တာ၊ တိုင်ရာ ခေါ်တဲ့ဟာက ကြက်ပေါင်စေး ကော်ပတ်ကို လုပ်ထားတယ်၊ နူးနူးညံ့ညံ့ကြီးပဲ။ အထဲက လည်း တစ်ထပ်၊ ပြီးတော့ လေထိုးထားပြန်တယ်။ ဘယ်မှာ ဆောင့်တော့ မှာလဲ။ ပြီးတော့တစ်ခါ ဝင်ရိုးနှင့် အပေါ်က ရထားကိုယ်အကြားမှာ စပရိန် ခေါ်တဲ့ သံလေး ထည့်ထားတယ်။ ပြီးတော့ တစ်ခါ ထိုင်ခုံအောက်က လည်း အဲဒီလို စပရိန်သံလေးထည့်ထားသေးသတဲ့။ ထိုင်ခုံမှာလည်း မွေ့ရာတစ်မျိုးပဲ၊ ကိုင်း ကြက်ပေါင်စေး ကော်ပတ် ၂ထပ်၊ လေတစ်ထပ်၊ စပရိန်သံလေး ၂ ထပ်၊ မွေ့ရာတစ်မျိုးတစ်ထပ်၊ အဲဒီ နူးနူးညံ့ညံ့ အထပ် ထပ်ပေါ်မှာမှ ဘုရား သိကြား နတ် ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး အပြင် ၃၇ မင်း အတွင်း ၃၇ မင်း၊ ဦးရှင်ကြီး၊ သရဲတစ္ဆေ၊ မှင်စာ... အကုန်လုံး ဝိုင်းမတဲ့ လူချမ်းသာသြဇာကြီး ကရာနီ သားအမိ သားအဖတစ်စုတို့ ထိုင် ရတယ်။ သြော်–အင်မတန် ငြိမ့်မှာပဲ။ အင်မတန် အရသာ စည်းစိမ်ရှိမှာပဲ။ သြော်– ချမ်းသာစွ၊ ချမ်းသာစွ၊ လူဖြစ်ကျိုး နပ်လေစွ"ဟု များစွာ အားကျ ချီးမွမ်းမိလေသည်။

## မိမိကိုယ်တိုင်

ဤသို့ ထိုသူတို့ကို ပါးစပ်အဟောင်းသားနှင့် အံ့သြချီးမွမ်းပြီး နောက် မိမိကိုယ်ကို ပြန်၍ ကြည့်မိလေသည်။ တွေ့ရသည်ကား–

ခါးဝတ်မှာ ပါတိတ်လုံချည်ခေါ်သော လုံချည်ဖြစ်၍ ပန်းပြောက် အကွက်တို့ မှိန်လေပြီ။ နူတ်ခမ်းနားတို့တွင် အတန်ပင် စုတ်ပြဲသဖြင့် ချုပ်ထားရခြင်း အတန်များသည်။ အချုပ်အစပ်များသောဘက်ကို လူမြင် သက်သာအောင် ခါးဘက်က ထား၍ ဝတ်ဆီးရသည်။

အပေါ်အင်္ကျီကား သုံးဝါဆိုပြီးသော ဖလန်နယ် အင်္ကျီဖြစ်သည်။

အပွစားဖြစ်၍ စပါးမှုန်အတွင်း အတန်ကြာနေခဲ့ရကား အင်္ကျီတစ်ထည် လုံး ညစ်ထပ်ထပ် ဖြစ်နေသည်။ လက်ဖျားတို့မှာ အထူးညစ်ပေ၍ နေ သည်။ အမှန်မှာ ဝတ်ဖို့ပင် မကောင်းတော့ချေ။

သို့ရာတွင် မဝတ်၍မဖြစ်၊ မဖြစ်သော အကြောင်းကြီးတစ်ခု ကား အတွင်းရှပ်အင်္ကျီ၏ ကျောဘက်၊ ပခုံးဘက်၊ လည်ပင်းဆီတွင် စုတ် ပြဲ ချုပ်ဖာထားရသည်တို့ကို ထိုအပေါ် အင်္ကျီက ဖုံးအုပ်ထားရလေသည်။ ဤကား အပေါ်အင်္ကျီ၏ ဂုဏ်ကျေးဇူးတည်း။

ဘိုဆံတောက်မှာ၊ ဝါ–အင်္ဂလိပ်ဦးစွန်းဖုတ်မှာ ဆီနှင့်ဝေးသည့် ပြင် စပါးမှုန်တို့၏ ကောင်းမှုကြောင့် စုတ်ဖွား ညစ်ထေး၍ ဖရိုဖရဲဖြစ် နေသော ကြီးကန်းအသိုက် အညွှံစားနှင့် တူလေသည်။

ဖိနပ်မှာ ကွင်းထိုးခုံဖိနပ်ဖြစ်၏။ နောက်ပိုင်းက အတန်စားကုန် ပြီဖြစ်၍ ဖနောင့်မလုံတော့ချေ။

ကျွန်ုပ်၏ အချစ်တော် အိမ်တော်ရာထီးကလေးကို ထည့် မပြောဘဲ မပြီးနိုင်၊ နှစ်အစ မိုးဦးကျစက ဝယ်ပြီးနောက် တစ်မိုးတွင်းလုံး သူနှင့်ပင် နွဲခဲ့ရသဖြင့် ခမျာမှာ အတန်ပင် အားပျော့ ရုပ်ပျက်လေပြီ။

## စိတ်ဆင်းရဲခြင်း

အသို့နည်း၊ စာဖတ်သူမိတ်ဆွေ၊ ဟို မော်တော်ကားပေါ်က လူစု နှင့် ကျွန်ုပ်နှင့် ကွာခြားသည်မဟုတ်ပါလား။ အိမ်း–ကွာခြားလှ၏။ ဧရာမ အများကြီး ကွာခြားလှပေ၏။

ဤသို့ ယှဉ်ကြည့်မိလေလျှင် ကျွန်ုပ်မည်မျှ ဝမ်းပန်းနည်းမည် ကို တွေးကြည့်နိုင်ကြပါ၏။ အထူးသဖြင့် မိမိနှင့် အရွယ်တူ အပျိုကလေး များပါလေသဖြင့်၊ ကျွန်ုပ်မှာ အဝတ်အစားကောင်း သာ၍ဝတ်ချင် သာ၍ လှချင်သော စိတ်တို့သည် တဖွားဖွား ပေါ်ကုန်၏။

ထိုလူစုတို့ မိမိထက် သာလေသည်တကားဟု မိမိ၏ အဖြစ် ညံ့ရလေခြင်း၊ မိမိ၏အဖြစ် စက်ဆုပ်ဖွယ်ကောင်းလေခြင်း စသဖြင့် အမျိုးမျိုး

တွေးတော၍ အလွန် စိတ်ဝမ်း ညှိုးငယ်ပြီး လူ၏အဖြစ်ကိုပင် မလိုချင်တော့ချေ။ ဤသို့အားဖြင့် ထိုကမ်းနားသစ်ပင်ရိပ်အောက်တွင်ပင် ခြေကုန်လက်ပန်း ထိုင်ချ၍ စိတ်လက်မသာ ဗျာပါရကြီး ညည်းညူဆင်းရဲ၊ ပူဇာတ်ပွဲကို၊ မစဲအောင်ခင်းလျက် နေရလေသတည်း။

## စိတ်ချမ်းသာပုံ

ထိုအခါ ယခင် လူချမ်းသာစုနှင့် ကျွန်ုပ်ကိုယ်ကို ယှဉ်ကြည့်သကဲ့သို့ ယခု လူဆင်းရဲစုနှင့်လည်း ယှဉ်ကြည့်မိပြန်လေသည်။ ထိုအခါမှ သက်သာစရာ တရားတစ်ခု ကွက်ခနဲ ပေါ်လာလေသည်။ ပေါ်လာဟန်ကား ငါသည် ကိုယ့်အထက်က လူချမ်းသာစုနှင့်ယှဉ်ကာ များစွာ စိတ်မချမ်းမသာဖြစ်ခဲ့ရသည်။ ယခုတစ်ဖန် ကိုယ့်အောက်က လူဆင်းရဲစုနှင့် ယှဉ်လိုက်သောအခါ ငါသည် အပုံကြီးတော်ပါသေးကလား၊ ငါသည် အပုံကြီး ဝမ်းမြောက်ဖွယ်ပါတကား၊ ငါ၏ ဆင်းရဲစိတ်သည် ယခုသက်သာရာရချေပြီတကား၊ အင်း–အင်း–ဟုတ်ပြီ–ဟုတ်ပြီ၊ ငါတစ်ထိုင်တည်း၌ ယခုပင် ဆင်းရဲခဲ့၏။ မည်သူ့ကြောင့်နည်း။ စိတ်ကြောင့်ပင်တည်း။

## လက်တွေ့ချမ်းသာဆေးနည်း

ထိုအခါကစ၍ ချမ်းသာရေး နည်းလမ်းကောင်းတစ်ခု ကျွန်ုပ်ရခဲ့ပါ၏။ ယခုတိုင် အသုံးပြုရလေသဖြင့် အကျိုးကြီးလှ၏။ ဤ ချမ်းသာဆေးကြီးကို ရေလဲအမျိုးမျိုးနှင့် သုံးရပါ၏။ သုံးနည်းရေလဲတို့ကား–

(၁) မိမိစိတ်ဆင်းရဲသော် မိမိထက်ဆိုးသူနှင့် ယှဉ်ကြည့်လျှင် သက်သာရာ ရနိုင်သည်။

(၂) မိမိထက် သာသူကို ကြည့်၍ စိတ်မကျေမချမ်း စိတ်ဆင်းရဲရသည်ထက် မိမိအောက် နိမ့်သူကို ကြည့်၍ စိတ်ချမ်းသာရခြင်းက သာ၍ ကောင်းသည်။

(၃) မိမိအထက်က လူလောက်မချမ်းသာဟု ညည်းညူနေမည့် အစား မိမိအောက်က လူလောက် ဆင်းရဲခြင်းမှ လွတ်ကင်းသည်ကို ကျေးဇူးတင်ရမည်။

(၄) မိမိ၌ ဉစ္စာ ပညာဂုဏ် အတော်အတန်ရှိ၍ မာနတက်ကြွ လိုသောစိတ်များ ပေါ်ပေါက်လာသော် မိမိထက် သာသူတို့ကို ကြည့်၍ မာနကို ချိုးဖျက်နိုင်သည်။

(၅) ဆင်းရဲချမ်းသာသည်အဆုံး၌ စိတ်တွင် တည်၏။ စိတ်ကို နိုင်သလောက် ချမ်းသာရ၏။

ဤ ကိုယ်တွေ့ချမ်းသာရေး ဆေးနည်းများကို ရှင်လူအပေါင်း တို့အား လှူဒါန်း ဝေငှလိုက်ပါ၏။ သုံးစား၍ ချမ်းသာတော်မူကြပါ စေသောဝ်။

## မယ်မြ

လွန်ခဲ့သော ၁၃ နှစ်က သပိတ်မှောက် အမျိုးသားကျောင်းများ ပေါ်ပေါက်လာရာ ရခိုင်ပြည်နယ် စစ်တွေမြို့တွင်လည်း အမျိုးသားကျောင်း တစ်ကျောင်း တည်ထောင်လေသည်။ ထိုကျောင်းသို့ တစ်နှစ်တစ်ခေါက် ဆိုသလို သွားရောက်ကြည့်ရှုရာ၊ လွန်ခဲ့သော ၄–၅ နှစ်လောက်က တစ်ခေါက်သွားရသည်။

ရန်ကုန်မှ စစ်တွေသို့ ပင်လယ်ကူး သင်္ဘောဖြင့် နှစ်ည သုံးနေ့ သွားရ၏။ ၎င်းသင်္ဘောမှာ စစ်တကောင်းကုလား (ခေါ်တော)များ အစီး အများဆုံးဖြစ်၏။ ရခိုင်များ အနည်းငယ်စီးကြ၏။

ကျွန်ုပ်သွားသော အခေါက်၌ ရခိုင် သုံးလေးယောက်နှင့် မြန်မာ ကျွန်ုပ်တစ်ယောက်သာ ပါ၏။ အခြားတို့ကား ကုလားများဖြစ်ကြ၏။ ရန်ကုန်က ထွက်၍ တစ်ညအိပ်ပြီးနောက် ကမ်း–လမ်းမမြင်သော ပင်လယ် ပြင်ကြီးသို့ ရောက်၏။ ပင်လယ်သမုဒ္ဒရာတို့၏ အံ့သြဖွယ်သည် ကြီးကျယ် လှ၏။ သင်္ဘောစီးသူတို့သည် ကုန်းပတ်သို့ထွက်၍ ပင်လယ်သမုဒ္ဒရာ၏ အညို့ဓာတ်ကို မပြတ်မစဲ စွဲမြဲကြည့်ရှု၍ ငေးမောနေသူနေ၊ တွေးတောနေ သူနေ ရှိကြကုန်၏။

ကျွန်ုပ်သည်လည်း ကုန်းပတ်သို့ထွက်ခဲ့ရာ ကုန်တင်ကုန်ချ အပေါက်အနီး ထောင့်တစ်ခု၌ ကုလားလင်မယားနှစ်ယောက်ကို တွေ့မြင် ရ၏။ ကုလားမမှာ ခေါင်းမြီးခြုံ၍ ရှိ၏။ ၎င်း၏ အသားအရေမှာ အတန် ပင် ဖြူစင်သပ်ရပ်၏။ ထိုကုလားမသည် 'ဖြူစင်သပ်ရပ်လှသည်။ အသို့

နည်း’ဟု အနီးသို့ မယောင်မလည်ကပ်၍ ကြည့်မိရာ ၎င်း၏ ယောကျ်ား ကုလားက “ဘယ့်နှယ့်လဲ ဆရာကြီး၊ ဘယ်သွားမလို့လဲဗျ၊ ထိုင်ပါဦး လား၊ ကွမ်းများ ဘာများစားရအောင်လေ”ဟု မြန်မာရေလည်ပတ်စွာနှင့် နှုတ်ဆက်လေရာ–

“သြော်–ခင်ဗျား မြန်မာလို ကောင်းကောင်းတတ်သကိုး၊ မြန်မာ ပြည်မှာ တော်တော်ကြာကြာနေဖူးတယ်ထင်ပါရဲ့”

“ဟုတ်ကဲ့ ၈ နှစ် ၉ နှစ်လောက် ရှိပါပြီ”

“အင်း အင်း၊ မြန်မာစကားကို ကြိုးစားသင်လို့ ထင်ပါရဲ့၊ အင်မတန်လည်းပီတာပဲ၊ နို့ခင်ဗျားမိန်းမကော မြန်မာစကားတတ်ကဲ့လား”

ထိုအခါ ကုလားက ဟက်ဟက်ပက်ပက် ရယ်၍ “တတ်လား မတတ်လား၊ ခင်ဗျားပဲ မေးကြည့်ပါတော့၊ ဟော့–မယ်မြ၊ ဒီမှာ မြန်မာ တစ်ယောက်ကွဲ့၊ စကားများပြောပါဦး”ဟု ဖော်ရွေစွာ ပြော၏။

မယ်မြဆိုသူသည် ထိုအခါမှ ကျွန်ုပ်တို့ဘက် လှည့်၍ မျက်နှာ ဖုံးကို အတန်ဖွင့်ကာ မျက်နှာထားနှင့် ဆိုသည်ကား–

“ရှင်က ဘယ်ကလဲ၊ ဘယ်သွားမလို့လဲ”

“ကျွန်တော် ရန်ကုန်က လာပါတယ်။ အခု စစ်တွေကို သွားမလို့ ပဲ။ နေပါဦး ခင်ဗျားက ဘယ်အရပ်ကလဲ။ အကြောင်းပါတာ ဘယ်လောက် ကြာပြီလဲ”

“ကျွန်မက ဟင်္သာတနယ်ကပါ။ အကြောင်းပါတာ တစ်နှစ် ကျော်ကျော်ပဲ ရှိပါသေးတယ်”

“သြော်–ဟင်္သာတနယ်ကလား၊ ကျွန်တော်လည်း ဟင်္သာတနယ် ကပဲ။ ခင်ဗျားနေရပ်က–”

“ကျွန်မက နိဗ္ဗာန်–ရှင်ပင်သာလျောင်း ရွာကပါ။ ရှင်ကကော”

“ဟင်–ကျွန်တော်လည်း နိဗ္ဗာန်ကပဲ”ဆို၍ မျက်နှာကို စိုက်ကြည့် မိရာ သိသလိုလို ရှိ၏။ ၂ ယောက်သား စိုက်ကြည့်ကြ၍ မကြာမီပင်

ကျွန်ုပ်ထင်သည့်အတိုင်း–

"နေပါဦး၊ ခင်ဗျား...ဟာ ဇကေန္ဒပဲ၊ နင် ကိုထွန်းသမီး မယ်မြ မဟုတ်လား၊ နင် ငါ့ကို မမှတ်မိဘူးလား၊ ငါမောင်ကျားရယ်လေ"

"ဟေ–အောင်မယ်လေးဟယ်၊ အေးဟယ်–ဟုတ်ပါရဲ့၊ နင်က အခု ဆံပင်တွေ ဘာတွေနဲ့၊ ဝလို့ကိုးဟဲ့။ ကတဲဟယ်၊ ငယ်ငယ်က ရုပ် တစ်စက်ကမှ မရှိဘူး၊ အေးဟယ် ဟုတ်ပါရဲ့၊ နင့်အစ်ကိုကြီးနဲ့ ငါ မကြာ မကြာတွေ့တယ်။ နင် ရန်ကုန်မှာ နေတယ်ပြောတယ်။ အခုတွေ့ရတာ အင်မတန် ဝမ်းသာတယ်ကွယ်၊ တို့ကျောင်းက ထွက်ကတည်းက ကွဲသွား ကြတာ နေပါဦး အခုဆိုရင် ၁၂ နှစ် ၁၃ နှစ်လောက် ရှိရောမယ်။ (သူ့ ယောကျ်ားဘက် လှည့်၍) ဒီမှာ အဒူလမြစ်ရဲ့၊ ဒါဟာ တို့သူငယ်ချင်း၊ ကျောင်းနေဖက် ကစားဖက်ကွဲ့၊ အင်မတန် ခင်ကြတယ်"

"ဟေ–ဟုတ်ကလား၊ အေးအေးကောင်းတယ်၊ ကိုင်း စကားပြော ကြဦး"ဟု ဆို၍ ထသွား၏။

ဇာတ်ရင်းကို လှန်ရဦးမည်။ နိဗ္ဗာန်ရွာနှင့် ရှင်ပင်သာလျောင်းရွာ စပ်ကြားတွင် လောကဓာတ် ဘုန်းကြီးကျောင်း ရှိ၏။ ထိုကျောင်းတွင် ကျွန်ုပ်တို့ ငယ်ငယ်က နေကြရာ ကျွန်ုပ်တို့ နိဗ္ဗာန်ဘက်က ဖိုးအေးကြီးနှင့် ကျွန်ုပ်တို့က တစ်တွဲ၊ ရှင်ပင်သာလျောင်းရွာဘက်က မယ်မြ၊ အေးစိန်၊ သန်းညွန့်တို့က တစ်တွဲ အလွန်ချစ်ခင်ကြ၏။ ကစားအတူ စားအတူ ဆိုသလို နေကြ၏။ ၎င်းကျောင်း ၆ တန်းတွင် အတူနေကြရ၏။

ကျွန်ုပ်တို့ လူစုတွင် မယ်မြနှင့် ဖိုးအေးကြီးတို့အကြောင်းကို အထူးပြောရဦးမည်။ မယ်မြမှာ ဉာဏ်ကောင်း၏။ သွက်လက်၏။ ပါးနပ် ၏။ ကျွန်ုပ်၏ သူငယ်ချင်း ဖိုးအေးကြီးကား မယ်မြ ဉာဏ်ကောင်း သလောက် ဖိုးအေးကြီးက ဉာဏ်ထိုင်း၏။ ထုံ၏။ နုံ၏။ သို့ရာတွင် အလွန် သဘောကောင်းရှာ၏။ မယ်မြက ဖိုးအေးကြီးကို သစ်တုံးဟု သဘောထား ၏။ သူ့လက်အောက် ငယ်သားကဲ့သို့ ခိုင်းစေ၏။ စိတ်မထင်လျှင် နားရွက်

ဆွဲခြင်း၊ ထုရိုက်ခြင်းကို ပြု၏။ အလွန်နိုင်ရ၏။ သို့ရာတွင် မုန်းသည်ကား မဟုတ်ချေ။ မယ်မြမှာ စားစရာရှိလျှင် မိမိနည်းနည်းယူ၍ ဖိုးအေးကြီးကို ပိုပေးတတ်၏။ ဖိုးအေးကြီးကို သူများက စော်ကားလျှင် မယ်မြက ဝင်၍ ခုခံ၏။ မယ်မြမှာ ဖိုးအေးကြီးအတွက် မကြာမကြာ ဆရာ ဘုန်းကြီးရှေ့ သို့ ရောက်ရ၏။

ဤသို့နေကြရာ ၆ တန်း စာမေးပွဲပြီးသည့်နောက် ကျွန်ုပ်ထွက် ခဲ့၏။ သူတို့လည်း မကြာမီဆိုသလို ကျောင်းကထွက်ကြ၍ မယ်မြနှင့် ဖိုးအေးကြီးတို့ ချစ်ကြိုက်နေကြသည်ဟု ကြားရ၏။ ကျွန်ုပ်သည်လည်း အခြားကျောင်းများတွင် မြန်မာ ၇ တန်း၊ ဆရာဖြစ်၊ အင်္ဂလိပ် ၁၀ တန်း၊ နောက် ရန်ကုန်ကောလိပ်သို့ ရောက်ခဲ့၏။ ၁၂ နှစ်၊ ၁၃ နှစ် ကွဲကြပြီး နောက် သမုဒ္ဒရာပင်လယ်ကြောတွင် မယ်မြကို ကုလားမယားအဖြစ်နှင့် တွေ့ရကြုံရသည်မှာ အတန် ထူးဆန်း အံ့သြဖွယ်ကောင်း၏။

"မယ်မြရယ်၊ နင် ဘယ်အဖြစ်ရောက်လာတာလဲ၊ နင်ဟာ တော်ပုံ တော်ပန်းနဲ့ နေပါဦး၊ ဖိုးအေးကြီးကော"

"မင့်လူ ဖိုးအေးကြီးလား၊ မင်းက လူဟုတ်ကြီးထင်နေသလား၊ ငယ်ငယ်က နုံနုံ၊ ကြီးတော့ သာနုံသေးတယ်၊ သူ့ကို မချစ်လို့တော့ မဟုတ် ပါဘူး။ နို့ပေတဲ့ လူစတုံးလွန်းလို့ပါကွယ်၊ ဒီအကောင်..."

"နင့်ကုလားကကော၊ ဘယ်လောက်များ လူစကောင်းလို့လဲဟဲ့" (မခံချင်၍ ဒေါသနှင့် မေးသည်။)

"ဟာ–မင်းမသိဘူး။ ငါ့ကုလားကလေ၊ ခိုဒါစူးရစေရဲ့၊ သိပ် လည်တာ၊ ငါပြောမယ်၊ ဒီမှာကြည့်၊ သူအရင်က နွားသတ်ကုလားဆီမှာ နေရတယ်။ မကြာဘူးမောင်ရေ့။ သူကိုယ်တိုင် မင်းတို့ နိဗ္ဗာန်ဘက်က နွားသတ်ရုံကို သူလေလံဆွဲနိုင်တာပဲ။ အခု နွားသတ်ရုံ လေလံပိုင်မောင် ရဲ့၊ နှယ်နှယ်မမှတ်နဲ့"

"ဟင်–နို့ နင်ကိုယ်တိုင်လည်း နွားသတ်သလား"

"ဟာ–နင်ရူးသလားဟဲ့။ ငါကိုယ်တိုင်သတ်မှ နွားသေရမှာလား ဟဲ့။ ဘာလဲ မင်းက၊ မင်းတို့ ဗုဒ္ဓဘာသာတရားနဲ့ ပါဏာတိပါတာကံတွေ ဘာတွေ ပြောချင်လို့လား၊ ဟေ့–မင်းနဲ့ငါနဲ့ ကျောင်းနေဖက်ပါကွယ်။ မင်းသင်ရသလောက် ငါသင်ရတာပါပဲ၊ မဖိန်းပါနဲ့၊ တို့ကျမ်းစာက စား ချင်ရင် သတ်ရတယ်။ ဒါတွေဟာ ကမ္ဘာ့ဟင်းသီးဟင်းရွက်တွေ၊ ပြီးတော့ ကျန်းမာရေးဘက်က ကြည့်ဦး၊ နာ–သေတဲ့ အသားစားရင် ရောဂါဖြစ် တတ်တယ်။ လတ်လတ်ဆတ်ဆတ်ကို သတ်စားမှ သန့်ရှင်းတယ်၊ ကျန်း မာတယ်။ နားလည်ရဲ့လား၊ အဲဒါတွေ မင်းတို့အင်္ဂလိပ်စာတွေ သင်ရတာ မပါဘူးလား"

"ဟာ–မယ်မြ၊ နင့်ဟာတွေ လွဲကုန်ပြီ၊ ဒီမှာ..."

ထိုအခါ မယ်မြက အသံထွက်အောင် ရယ်၍ "ဟေ့–မင်းက ငါ့ကို တရားဟောမလို့လား၊ မရဘူးဆရာ၊ ငါက မင့်ကိုဟောမှာ၊ အဘိ ဓမ္မာတွေ ဘာတွေ တပ်မနေဘူး။ မင့်ကို သတ်တရားနဲ့ ရှင်းရှင်း ဟောပြ မယ်။ မင့်မြန်မာဗုဒ္ဓဘာသာတွေက သတ်တော့မသတ်ရဘူး။ သူများသတ် ပေးတော့ မြိန်မြိန်ကြီး စားသလား၊ အလှူအတန်းရှိရင် နွားသတ်ကုလား ကို လာပြီး လက်တို့တတ်သလား။ ပြီးတော့ ပူပူနွေးနွေး စားချင်တယ်ဆို ပြီး စျေးရောက်အောင်မှ မစောင့်နိုင်ဘဲ နွားသတ်ရုံအထိ လာစောင့်ပြီး လဒတွေလို ဆွဲကြ လုကြတယ်။ ဘာဗုဒ္ဓဘာသာလဲကွဲ့ ပြောစမ်းပါဦး။ ပြီးတော့ မင်းတို့ မြန်မာတွေ အခုတလော ဝံသာနုစကား အင်မတန်ပြော ကြတယ်။ ဟေ့ မှတ်ထား၊ ဘာလူမျိုးဖြစ်ဖြစ်၊ တရားနဲ့ပြည့်စုံရင်၊ ဝတ္တရား မလစ်ဟင်းရင်၊ အဲဒါ လူအဖိုးတန်လို့ မှတ်ထား၊ ဟော–အခု ငါ့ယောက်ျား အဒူလမြစ်ဟာ ရွှေနဲ့ငွေနဲ့ အခန့်စားမောင်ရေ့၊ ပိုက်ဆံရှိရင် ဂုဏ်ရှိတာ ပဲ။ အဖိုးတန်တာပဲ။ ငါနဲ့ မရခင်ကတည်းက အင်မတန်ဖော်ရွေတယ်။

တို့မိဘများ ငွေလိုရင် သူကတောင် လာပို့တယ်။ ဘယ်လောက်တော် သလဲ"

"ဟဲ့–အဲဒါက ဒါနပြုတာ မဟုတ်ဘူးဟဲ့၊ နင့်ကို ပိုးပေးတာ၊ အခု အဲဒီပိုက်ဆံတွေကို နှိမ်ပြီး နင့်ကို ယူတာမဟုတ်လား"

"ဒါက နောက်မှဖြစ်တာ၊ ငါ့ကို မရခင်ကလည်း ပေးတယ်၊ ရပြီး တဲ့နောက်လည်း ပေးတာပဲ။ အဖြစ်ကို ပြောရဦးမယ်၊ ငါကုလားနဲ့ရတော့ တစ်မျိုးလုံး တစ်ရပ်လုံးက ငါ့ကို လက်ညှိုးဝိုင်းထိုးကြတယ်။ တော်တော် ကြာလို့ ငတ်ကြတော့ ကုလားဆီ ငါ့ဆီကို ဒူးတုပ်လာကြရတယ်။ မင်း တို့မြန်မာများ ဘယ်လောက်ဖျင်းချာသလဲဆိုတာကိုကြည့်၊ ငါ့မှာ ရွှေနဲ့ ငွေနဲ့ဆိုတော့ ငါ့ကို အရပ်က အခု မမြတဲ့။ တချို့က ဘီဘီမြတဲ့။ အဲဒါ သာ ကြည့်တော့။ ပိုက်ဆံဟာ အရေးအကြီးဆုံးပဲ။ တို့ရွာမှာ အခုကုလား ခေတ်ထနေတယ်။ ငါ့ကို အားကျပြီး ကုလားတွေကို လိုက်မြှူနေကြတယ်။ တို့သူငယ်ချင်း အေးစိန်လေ၊ လွှတိုက်တဲ့ အကောင်နဲ့ ရတယ်။ သန်းညွန့် က ဘုန်းကြီးလူထွက်နဲ့ ရတယ်။ အခုသူတို့ သူတို့မြန်မာလင်တွေ ကွာပြီး ကုလားကို ယူမလို့ စိတ်ကူးနေကြတယ်။ ခေတ်မောင်ရေ့ ခေတ်၊ မင်းကော အိမ်ထောင်ကျပလား။ မကျသေးရင် ကုလားလိုဝတ်လာခဲ့။ မင့်ကို အရင် က စခန်းကြီးနေတဲ့ ဟိုအကောင်မကြီး ရှိတယ်မဟုတ်လား။ အခု ရစေ့ မယ် လာခဲ့။ ငါ အာမခံမယ်"

"မယ်မြ၊ နင်ရူးပြီ၊ ဒီကုလားတွေကြောင့် တို့မြန်မာတွေရဲ့ အကျိုး ယုတ်ရတယ်။ ဒီမှာကြည့်၊ ငါပြောမယ်–"

"ဟော့–တော်၊ မင်းတို့က ကျေးဇူးရှင်ကို ကျေးစွပ်မလို့လား၊ ကြည့်စမ်း၊ ချစ်တီးတွေဟာ ရပ်ဝေးကလာပြီး ငွေအား ကြေးအားနဲ့ မင်းတို့ မြန်မာတွေကို ထောက်ပံ့တယ်။ သူတို့ရှိလို့ မင်းတို့လယ်လုပ်ဖို့ အရင်းရ တယ်။ စပါးလှောင်ဖို့ ကုန်ကူးဖို့ဆိုလို့ အရင်းအမ ရတယ်မဟုတ်လား။ ဒီကျေးဇူးတွေ မင်းတို့မသိဘူးလား"

"ဩော်–သူတို့ဟာ ကျေးဇူးရှင်တွေလား၊ နို့–နေပါဦး အခုတို့နယ်

က လယ်တွေ၊ ခြံတွေ၊ အိမ်တွေ၊ အခုဘယ်သူ့လက်ထဲရောက်ကုန်ပြီလဲ”

“ချစ်တီးလက်ထဲ ရောက်ကုန်ပြီ၊ ဘာဖြစ်သေးလဲ၊ ရောက်မှာ ပေါ့။ အရောက်တောင် နည်းသေးတယ်။ မင်းက ကုလားကို အပြစ်တင်ချင်လို့လား။ မင်းဟာ အင်္ဂလိပ်စာတွေ ဘာတွေလည်း တတ်တယ်။ ရန်ကုန်မြို့ကြီးမှာလည်း နေရတယ်။ မင်းကို တော်လိမ့်မလား အောက်မေ့မိတယ်။ မင်းလည်း ခပ်ချာချာပါကလား။ ဟေ့ မင်းမြန်မာတွေဖျင်းလို့၊ ညံ့လို့၊ အဟုတ်မဟုတ်လို့၊ ကောက်ချင်လိမ်ချင်လို့၊ အမြော်အမြင်မရှိလို့၊ ချွေတာခြင်းမရှိလို့၊ ကိုယ့်ရှိတာထက် ကြွားချင်လို့ သိရဲ့လား၊ လူမှာဖြင့် စားစရာ ဆန်မရှိဘူး။ ခေါက်ဆွဲဆိုင်၊ ပလာတာဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထန်းရည်ဆိုင်၊ အရက်ဆိုင်၊ ဖဲဝိုင်း၊ ရုပ်ရှင်၊ မြင်းပွဲ၊ ဘာကျန်သေးလဲ။ ကိုယ့်အပြစ်နဲ့ကိုယ်ဖြစ်တာ၊ ဘာပြုလို့ သူများအပေါ်မှာ မတရား ချချင်ကြသလဲ။ အကုန်တောင်နည်းသေးတယ်။ ငါသိပါတယ်ကွယ်၊ အခု တို့နယ်က လယ်တွေမြေတွေ ကုလားလက်ကို တစ်ကျပ်မှာ ငါးမူးခြောက်မူးလောက် ရောက်ကုန်ပြီ။ ကျန်တာလည်း မကြာဘူး ရောက်မှာပဲ။ ကြည့်- မင့်မြန်မာတွေ၊ ရှေ့ကို သာပြီးကျပ်ဦးမယ်။ အခု ကုလားတွေက သနားလို့၊ လယ်ငှားလုပ်စေတယ်။ အဲဒါကို ကျေးဇူး မတင်ဘူး။ လယ်ငှားခ ပေးခါနီးကျရင် စပါးကို ကဲ့ထားတယ်။ ခိုးရောင်းတယ်။ ကုလားက စိတ်နဲ့ မာန်နဲ့တောင်းရင် မင့်မြန်မာတွေက ဆဲတယ်။ ရိုက်ရိုက်လွှတ်တယ်။ အဲဒါ ကောင်းသလား။ ဒီလို မဖြောင့်တဲ့လူတွေ ကောင်းစားမယ်လို့ မင်းတို့ ရှင်ဂေါတမက ဟောသလား။ ရှေ့ကို ဘာဖြစ်မလဲ သိရဲ့လား။ အခု မြန်မာတွေကို ဒီလိုညစ်လို့ ဆိုးလို့ ချစ်တီးတွေက သူတို့ကို နောင်ကို လယ်ငှားမှာ မဟုတ်ဘူး။ အခု ငါမလာခင်ကလေးတင်ပဲ ကုလားတွေကို ရွေးပြီး ငှားနေတယ်သိရဲ့လား။ ရှေ့ကို ကြံထားပုံကိုလည်း ငါပြောဦးမယ်။ မကြာခင်ပဲ ကုလားပြည်က ကုလားတွေကို အများအပြား ခေါ်ပြီး ရွာတည်ပေးလိမ့်မယ်။ ဘယ့်ကလောက် ဉာဏ်ကြီးသလဲ မင်း ကြည့်

တော့။ ပြီးတော့ အဒူလမြစ်တို့လူစု ကြံပုံကလည်း ကုလားတွေကို ရနိုင်သမျှ မြန်မာပြည်မှာခေါ်ထား။ ရသမျှ မြန်မာတွေကိုယူ၊ လင်ခန်း မယားခန်းမြောက်အောင်ဆိုပြီး ဇာတ်သွင်း၊ မွေးလာတဲ့ ကပြားကလေးတွေကို ကုလားဇာတ်သွင်း၊ နောက်ကို အကြာလှဆုံး အနှစ် ၅၀ ပဲ။ မြန်မာပြည် ဘာဖြစ်မလဲ။ မင်းတွေးကြည့်တော့၊ ငါကိုယ်တိုင်လည်း အခု ကုလားဇာတ်သွင်းပြီးပြီ။ အခု စစ်တကောင်းမှာ အတော်ကြာ နေပြီးရင် ဟိုအနောက်က မကာမြို့ကို အရောက်သွားမယ်။ ပြန်လာတော့ ကြည့်၊ ငါ့အရပ်ကစပြီး ငါမြန်မာတွေကို 'ချွတ်'ပြမယ်"

"မယ်မြ၊ နင့်ဟာ လွန်ကုန်ပြီ၊ ငါ–နင့်အဖြစ် မြင်ရတာ အင်မတန် သနားတယ်။ ငါပြောပါရစေဦးဟဲ့"

"ဘာ–မင်းက ငါ့ကို သနားတယ်၊ ဟုတ်ဟုတ်လှသေး။ ငါက မင့်ကို သနားတာ။ မင်းအခု ပညာဝန် လုပ်နေတယ် ငါကြားတယ်။ ပြီးတော့ ဝံသာနုအလုပ်တွေလည်း လုပ်နေတယ် ကြားတယ်။ မလုပ်နဲ့ ဆရာရေ့။ မင့်မြန်မာတွေအလကားပဲ။ ဘာလုပ်လုပ် ပျက်မှာပဲ။ မင်းတို့ မောရုံသာ ရှိမယ်။ ငါမြန်မာပြည်မှာ မြန်မာလာဖြစ်မိတာ တွေးမိတိုင်း ရှက်တယ်။ အခု ခိုဒါအရှင် ကယ်တော်မူပေလို့၊ နို့မဟုတ်ရင် အမယ်လေးဟယ်၊ ငါ ကလီဇာတုန်လှတယ်။ မပြောချင်ပါဘူး"

"ကိုင်း–မယ်မြ၊ ငါလည်း ဘာမှ မပြောရဘူး။ နင်ချည်း ပြောတာပဲ။ အခု ငါပြောလို့လည်း ရမယ်မဟုတ်ဘူး။ နင့်လို မိန်းမတစ်ယောက် ဒီလို ဖြစ်သွားတာကို ငါအင်မတန် ဝမ်းနည်းတယ်။ သို့သော်လည်း နင့်လို မိန်းမတစ်ယောက်ဟာ ဘယ်နည်းနဲ့မှ ကြာကြာလွဲမှားနေနိုင်မှာမဟုတ်ဘူး ဆိုတာကတော့ ငါယုံကြည်တယ်။ တစ်နေ့နေ့တော့ နင်သိမယ်။ ကိုင်း ဒါပဲ ငါသွားမယ်။ နောက်မှ လာဦးမယ်"ဟု ဆို၍ ကျွန်ုပ်ထခဲ့၏။

ထိုနေ့ညနေ ကျွန်ုပ် ထမင်း မစားနိုင်တော့ပါ။ ကော်ဖီတစ်ခွက်သာ သောက်၍ အိပ်ရာသို့ ဝင်တော့၏။ အိပ်၍လည်း မပျော်နိုင်။

တွေးမိသည်ကား "သြော်–ဒီလိုဖြစ်ရတာဟာ ကုလားများ ငါတို့ပြည်မှာ လာနေလို့ ဖြစ်ရတာပဲ။ သူတို့ကို အပြစ်တင်စရာပဲ။ နေဦး နေဦး၊ သေသေချာချာ တွေးလိုက်တော့ သူတို့အပြစ်မဟုတ်ဘူး။ သူတို့ ဒီလို စည်းကမ်းမရှိ လာချင်တိုင်း လာနေနိုင်တာဟာ ဆိုင်ရာ အစိုးရများက ခွင့်ပြုထားလို့ပဲ။ ဒါဖြင့်– အစိုးရကို အပြစ်တင်စရာ ဖြစ်နေပါကလား။ နေဦး နေဦး၊ တွေးစရာကျန်သေးတယ်။ အစိုးရကို အပြစ်တင်ဖို့မှ ဟုတ်ပါလေစ၊ စင်စစ်မတော့ တို့လူမျိုး ဖျင်းလို့ပဲ။ "ဥစ္စာရင်လို ဥစ္စာရင်ခဲ"ဆိုသလို ကိုယ်အကျိုးအတွက် ကိုယ်လုပ်မှ ရတော့မပေါ့။ ငါတို့တစ်တွေ အမှုမဲ့အမှတ်မဲ့ နေခဲ့လို့ အခုလို အဘက်ဘက်က ပျက်စီးရတာပဲ။ ဒါဖြင့် တို့လူတွေကို အပြစ်တင်သင့်တာပေါ့။

နေဦး၊ တို့လူတွေခမျာမှာလည်း ပညာဗဟုသုတ မရှိရှာကြဘူး။ အားကိုးစရာ ခေါင်းဆောင်လူကြီးလည်း ကောင်းကောင်း မရှိရှာကြဘူး။ ဒီတော့ ပိုမို သိကျွမ်းမြော်မြင်တဲ့လူများက ရှေ့ဆောင်ပေးမှ သိကြရမှာပဲ။ ဒါဖြင့် တော်တော်တန်တန် သိမြင်တဲ့လူတွေ ဝတ္တရားပျက်နေပါကလား။ ဒီလူထဲမှာလည်းငါတစ်ယောက် ပါဝင်သင့်တယ်ထင်တယ်။ မိမိသိကျွမ်း သိမြင်သမျှကို တတ်နိုင်သမျှ လူအများနားလည်အောင် ပြုလုပ်ဖို့ ရှိတယ်။ ငါပြုသင့်သလောက် မပြုသေးဘူး။ ဒါဖြင့် တရားခံ လက်သည်အစစ် ငါဖြစ်နေပါကလား။

ကိုင်း–ဒါဖြင့် ဇာတ်ကြောမရှည်နှင့်တော့။ ကုလားတွေ၊ အစိုးရတွေ၊ လူတွေကို အပြစ်ဆိုမယ့်အစား၊ ကိုယ့်ကိုယ်ကိုသာ ဆိုပေတော့။ ဥပဒေသတစ်ခုလည်း လုပ်ကြစို့။

**ကိုယ့်ကိုယ်ကို ကိုယ်အပြစ်တင်ခြင်းသည် အမှန်ဆုံးဖြစ်၏။**

**ကိုယ့်ကိုယ်ကို ကိုယ်အပြစ်တင်ခြင်းသည် အပြစ်အကင်းဆုံးဖြစ်၏"**

ဤဥပဒေသတရားကိုရမှ အိပ်ပျော်သွားလေတော့သတည်း။

နောက်တစ်နေ့ သဘော်သည် စစ်တွေသို့ ကပ်ခဲ့၏။ ကျွန်ုပ် သည် မယ်မြတို့ ကုလားလင်မယား မောင်နှံအား ဆလံများများကြီး ပေး ၍ စိတ်လေးလေးနှင့် ဆင်းခဲ့၏။ ဆင်းခါနီး၌ "မယ်မြ ဘယ်အခါမဆို ရန်ကုန်ရောက်ရင် ငါ့အိမ်ကိုဝင် ထွက်သွား၊ ရော့ လိပ်စာ ယူထား"ဆို၍ ပေးခဲ့၏။

စစ်တွေတွင် ၇ ရက် တစ်ပတ်မျှ နေပြီး၍ ရန်ကုန်ပြန်ခဲ့၏။ မယ်မြတို့နှင့် တွေ့ပြီးနောက် တစ်နှစ်ကျော်ကြာသောအခါ ကြုံရသည် ကား မယုံနိုင်စရာဖြစ်၏။

တစ်နေ့တွင် မိန်းမစုတ်ချာချာတစ်ယောက် လန်ချားနှင့် ကျွန်ုပ် အိမ်သို့ ရောက်လာ၏။ ထိုသူကား မယ်မြပင်တည်း။

သဘော်ပေါ်တွင် တွေ့မြင်ခဲ့ရသော စိုရွှမ်းဝဖြိုးသော အသားတို့ မရှိပြီ။ ပါးရိုးပေါ်တွင် ပိန်ကြုံခဲ့ပြီ။ မျက်တွင်း ကျလေပြီ။ ဆံပင်များခြောက် သွေ့၍ မသပ်မရပ်ဖြစ်ကုန်လေပြီ။ အဝတ်အစားလည်း နွမ်းခဲ့လေပြီ။ ထိုအားလုံးပေါ်တွင် မကြည်မသာခြင်းတည်းဟူသော စိတ်ညှိုးငယ်ခြင်းက တစ်မျက်နှာလုံး တစ်ကိုယ်လုံးကို ဖုံးအုပ်လျက် ရှိလေတကား။

"မောင်ကျားရယ်၊ ငါ့အဖြစ် မြင်ဝံ့သေးရဲ့လား၊ (မျက်ရည် လည်ရွှဲနှင့် ပြောသည်။) ငါတော့ ခွေးဖြစ်တာပဲ။ စစ်တကောင်းကို ရောက် လို့ တစ်နှစ်လောက်ကြာရင်ပဲ သူတို့ မိဘဆွေမျိုးများက ငါ့ကိုမလိုဘူး။ သူတို့ပြည်က ကုလားမတစ်ယောက်နဲ့ လက်ထပ်စေတယ်။ ငါ့ကို ကျွန်လို ထားတယ်။ ငါ့ကို မော့်မကြည့်ဝံ့တဲ့ အဒူလမြစ်ဟာ ငါ့ကို ဆဲဆို ကြိမ်း မောင်းတယ်။ တစ်နေ့တော့ ငါ့ကို ခြေနဲ့တောင် ကန်တယ်။ အဲဒါနဲ့ ငါ့ ဇာတိမာန် ထလာတာပေါ့။ ငါ သူတို့ကို အကုန်လုံး အဆိပ်ကျွေး သတ် မယ်လို့ ကြံတယ်။ နောက်ကိုယ့်စိတ်ကိုယ်ချုပ်ပြီး ညအခါ ညအခါမှာ သူတို့ သေတ္တာ ကို ဖွင့်ပြီး တစ်ရာယူ နှစ်ရာယူ... ယူပြီး၊ ကဲ့ဝှက်ထားလို့

ငါးရာအပြည့်မှာ ငါထွက်ပြေးပြီး သင်္ဘောက ထမင်းချက်သမားကို ငွေပေးပြီး သင်္ဘောပေါ်မှာ ပုန်းလိုက်ခဲ့တယ်။ အခု မင်းပေးခဲ့တဲ့ လိပ်စာ အတိုင်း မေးမြန်းလာလို့ ရောက်လာတာပဲ"

"အေး–နင့်လို မိန်းမမျိုး ကြာကြာ လွဲမှား မနေနိုင်ဘူးဆိုတာ အစကပဲ ငါပြောလိုက်တယ် မဟုတ်လား။ အေးလကွယ်၊ တစ်သက်တစ်ခါ ဒုက္ခဆိုတာ တွေ့ရတာပေါ့။ အခုလို လွတ်လွတ်လပ်လပ်ဖြစ်လာတာကိုပဲ ကျေးဇူးတင် ဝမ်းသာပေတော့။ ငါ့ဆီမှာ နင်ပျော်သလောက် နေပါ။ အရင်းအချာလိုပဲ အောက်မေ့တာပေါ့"

မယ်မြသည် ကျွန်ုပ်ထံတွင် တစ်လကိုးသီတင်းနေပြီး၍ မိမိ၏ အရပ်ရင်း မိမိအစ်မထံတွင် နေလိုကြောင်း၊ လက်တွင် ငွေ ၃၀၀ ကျပ်မျှ ကျန်သေးသဖြင့် တောအရပ်တွင် ကောင်းစွာ ရင်းနှီးစားနိုင်ကြောင်း ပြောသည်နှင့် ကျွန်ုပ်ပို့လိုက်ပါ၏။

လွန်ခဲ့သော ၂ နှစ်ခန့်က နေ့စဉ်သတင်းစာကြီးတစ်စောင်တွင် ပါလာသည်ကား–

"ဟင်္သာတနယ်၊ နိဗ္ဗာန်ရွာသို့ ခေါင်းဆောင်လူကြီးများ ရောက်ရှိ နိုင်ငံရေးတရား ဟောပြောကြောင်း၊ ပရိသတ်မှာ အစည်ဆုံး ဘုန်းကြီးပွဲများထက် စည်ကြောင်း၊ ပရိသတ်တို့ကို ရှင်ပင်သာလျောင်း အရပ် ကုမ္မာရီ အသင်းက ရှာလပတ်ရည် ကွမ်းဆေးလက်ဖက်တို့ဖြင့် ဧည့်ခံကြောင်း၊ တရားပွဲအပြီး၌ ၎င်းကုမ္မာရီအသင်း ဥက္ကဋ္ဌ ဒေါ်မြက ကျေးဇူးတင်စကား ပြောသည့်ပြင် အမျိုး၏ စောင့်စည်းမှုတွင် မိန်းမများ အရေးကြီးပုံ၊ မိမိ မစောင့်စည်းသဖြင့် ဒုက္ခရောက်ခဲ့ပုံတို့ကို ပြောပြရာ၌ ပရိသတ်အလွန်နှစ်သက်ကြောင်း၊ ၎င်းအသင်းက ယခုအခါ အနီးအနား ရပ်ရွာတို့သို့ သွားရောက်၍ အမျိုးသမီးများ စောင့်စည်းအပ်ကြောင်း လိုက်လံဟောပြောနေကြကြောင်း။

ထို့ပြင် မကြာမီပင် ၎င်းအသင်းဥက္ကဋ္ဌ ဒေါ်မြ ကမကထပြု၍

အရပ်နှင့် စုပြီးလျှင် နိဗ္ဗာန်ဘက်ရှိ နွားသတ်ရုံကို လေလံအမြင့်ဆုံးပေး၍ ဆွဲယူလိုက်ကြောင်း၊ သို့ကြောင့် ယခုလာမည့်နှစ်အတွက် အထူးသဖြင့် နွားသတ္တဝါများ အသက်ချမ်းသာကြရတော့မည်ဖြစ်ကြောင်း" ပါလေသည်။

"အင်း–တို့မယ်မြကြီး တယ်ဟုတ်နေပါကလား" ဟု ကျွန်ုပ်သည် ဆိုမြည်လျက် သဘောကျ ဝမ်းမြောက် ကျေးဇူးတင်ကာ ပြုံးလိုက်မိလေ၏။

နောက်ထပ်၍ သတင်းကြားရသည်ကား လူရိုး ဖိုးအေးကြီးသည် မယ်မြကို စိတ်နာ၍ အိမ်ထောင်မပြုဘဲ ဖွဲ့နှင့်နေခဲ့ရာ မယ်မြပြန်ရောက်၍ ၂ လလောက်အရှိတွင် မယ်မြက ငယ်နိုင်ဖြစ်သည့်အတိုင်း ဖိုးအေးကြီးကို နားရွက်ဖြင့် ဆွဲခေါ်ခဲ့၍ သင့်တင့်အေးချမ်းစွာ လင်မယားအဖြစ် ပေါင်း သင်း နေထိုင်ကြလေပြီ ဟူသတည်း။

## ရွှေဘိုမဂျမ်းခင်

ကျွန်ုပ်သည် အိုင်အေအတန်း၌ ပညာသင်ကြားနေစဉ် သတင်းစာများ၌ မြန်မာမိန်းမများ နောက်ပိတ်ဖိနပ် စီးသင့် မစီးသင့် များစွာ ရေးကြ၏။ စီးသင့်သည်ဟု စ သူကား ရွှေဘိုက မဂျမ်းခင် ဆိုသူဖြစ်သည်။ မစီးသင့်ဟု ပြန်၍ ရေးကြသော သူတို့တွင် ကျွန်ုပ်လည်း တစ်ယောက်အပါအဝင် ဖြစ်၏။

မဂျမ်းခင်၏ အရေးအသားတို့မှာ အလွန်စကားလုံး ပြောင်၏။ လောကီလောကုတ္တရာများစွာ နှံ့စပ်၏။ ဖွဲ့ကောင်း၏။ ရှုံးရှုံးနိုင်နိုင် လျှော့၍ မပေးတတ်ချေ။

ကျွန်ုပ်တွေးသည်ကား ဂျမ်းခင်သည် အထက်အညာသူဖြစ်သည်။ ရွှေဘိုမြို့တော်ကြီးကလည်း ဖြစ်သည်။ အာသံ လျှာသံ ရေးပုံသားပုံတို့မှာ ဇပ်ဇပ်ကြဲဖြစ်သည်။ သတ္တိခေပုံမရ၊ ပုံပန်းလည်း ညံ့မည် မဟုတ်ချေ။ ၎င်း၏ နာမည်နှင့်ပင် ငါသည် ခင်မင်သောစိတ် ရှိ၏။ တွေ့ချင်မြင်ချင်စမ်းပါသည်။ တစ်ကြောင်းလည်း လွန်ခဲ့သော အနှစ် ၁၇၀ လောက်က မြန်မာပြည်ကြီး ဝါးအစည်းပြေသကဲ့သို့ ရှိစဉ် ရန်သူတို့ကို နှိမ်နင်း၍ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်တည်ထောင်ပေးတော်မူခဲ့သော ကျေးဇူးရှင် အလောင်းဘုရား ဦးအောင်ဇေယျ၏ ဖွားတော်မူရာ အောင်မြေ အရပ်ကို ရောက်ချင်ကြည့်ချင် သိချင်သော စိတ်ကလည်း ယိုဖိတ်အားကြီး တားဆီးမရ ဖြစ်သည်။ ဤသို့အားဖြင့် (၁) အောင်မြေရွှေဘိုသို့ ရောက်ရန်တစ်ကြောင်း (၂) မဂျမ်းခင်ကို တွေ့ရန်တစ်ကြောင်း၊ (၃) ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတားစသည်တို့ကို ရွတ်ပုံ ဆိုပုံတို့ကို တတ်ကျွမ်းနားလည်သော

အဝေးရောက်မင်းထံသို့လည်းချဉ်းကပ်၍ ပညာယူရန်တစ်ကြောင်း၊ (၄) အညာဆီ၌ ရတတ်သမျှသော ဗဟုသုတတို့ကို စုဆောင်းရန်တစ်ကြောင်း၊ ဤအကြောင်းတို့ကို အခြေပြု၍ ရထားဖြင့် ဆန်တက်သွားလေသတည်း။

လမ်းခရီး စစ်ကိုင်း၌ ပြင်ဘက်က ကွေ့၍ ရထားစီးသွားရသော အခါ စစ်ကိုင်းတောင်ပေါ်ရှိ များစွာသောင်းသောင်း စေတီပေါင်းနှင့် တင့်တောင့်တင့်တယ် ကြီးငယ်ပြာသာဒ် အထပ်ထပ်သော တန်ဆောင်းတို့က လည်း ရှုမညောင်းဖြစ်ပေ၏။ ဘုရားဒါယကာ ဖြစ်သော ရှေးမင်းကောင်း မင်းမွန်တို့ကို အလွန် လွမ်းထိုက်လှ၏။ လက်ယာဘက်က စစ်ကိုင်းတောင် ရိုးကြီး၊ လက်ဝဲဘက်က ကောင်းမှုတော်စေတီကြီးတို့ကို တွေ့မြင်ဖူးမြော် ရသဖြင့် ဧရာဝတီမြစ်ဘက်ကထက်ပင် ကြည်နူး ကြည်ညိုဖွယ် ကောင်း ပေ၏။

ကြေးဖလား၊ ကြေးတန်ဆာများထွက်သော ရွာထောင်ဘူတာက လွန်သောအခါ ဘူတာစဉ်တို့၌ အညာသူကလေးများ စားဖွယ်သောက်ဖွယ် ရောင်းကြသည်။ အောက်သူများကဲ့သို့ ဝဝဖြိုးဖြိုးကား မရှိကြ။ သို့ရာတွင် လုံးတန် ရပ်တန် ကြည့်၍ ကောင်းကြ၏။ စကားပြောလျှင် ဝဲတဲတဲနှင့် နားထောင်၍ တစ်မျိုးကောင်း၏။ ရှုမျှော်ခင်းလည်း အလွန်သာယာ၍ ထန်း တော၊ လယ်တော၊ ယာတောများကို ဝဲယာ ၂ဖက်၌ပင် မြင်တွေ့၍ သွား ရ၏။

ဤသို့လာခဲ့၍ မုဆိုးချုံဘူတာကို လွန်သော် ရွှေဘိုမြို့တော်ကြီး ကို မြင်စပြုသတည်း။ အဝေးကပင်လျှင် အုပ်အုပ်မှိုင်းမှိုင်း ခက်ကျိုင်းစိမ်း ညို့ ပျို့သော ထန်းပင်သစ်ပင်တို့ဖြင့် တန်ဆာဆင်လျက် ယခင်က မြို့ရိုး ဟောင်း ကျုံးဟောင်းတို့ကို မြင်ရသောအခါ ရင်ခုန်၍ လာ၏။

## ဂျမ်းခင်နှင့် တွေ့ခန်း

ရွှေဘိုသို့မသွားမီ ကျွန်ုပ်လာမည့်အကြောင်း ဂျမ်းခင်အား စာပေး လားကမ်းလား လုပ်မထားချေ။ အကြောင်းသော်တမူကား ထိုသို့ စာပေး

ရမှာ ခက်တက်တက်ရှိသောကြောင့်တည်း။

ကျွန်ုပ် ရွှေဘိုသို့ နံနက်ရောက်တော့မည်ဆိုလျှင် ညက ဂျမ်းခင်မှာ အိပ်မက်များ မြင်မက်၏ ဟူသတတ်။ (နောက်မှ ပြန်ပြော၍ သိရ သည်။) အိပ်မက်ထဲတွင် မိမိသည် အရှေ့ဘက်ကျုံးထဲသို့ ဟင်းရွက်ခူး ဆင်းသွားသောအခါ ချုံစပ်၌ ကျားတစ်ကောင်ကို ရင်ဆိုင်တွေ့ရာ ကြက် သေသေ၍ မေ့လဲသွားကြောင်း၊ အတန်ကြာ၍ သတိရသောအခါ ၎င်း ကျားကြီးသည် မိမိအနီးတွင်ပင် ထိုင်လျက် ချိုပြုံးသော မျက်နှာနှင့် ရှိ ကြောင်း၊ ထိုအခါမှ ကြောက်စိတ်များ ပျောက်ပြီး ထိုင်၍ စကားပြောနေရာ ကျားသည် လူဖြစ်မှန်းမသိ ဖြစ်လာ၍ အသက် ၅၀ ကျော် ရှင်ပျသော အဘိုးကြီး ဖြစ်သွားကြောင်း၊ မကြာမီပင် ၄၀ အရွယ် ၃၀–၂၀–၁၅နှစ် ရွယ်စသည်ဖြင့် ရုပ်အမျိုးမျိုး ပြောင်းလဲလေသဖြင့် ဘယ့်နှယ်လူပါလိမ့် မလဲဟု စဉ်းစားနေရင်း လန့်နိုးကြောင်း အိပ်မက်မြင်နှင့်လေသတည်း။

နံနက်အခါ ဂျမ်းခင်သည် စိတ်လေးလေးနှင့်ပင် အိပ်မက်ကို တွေးနေရာ ထူးထူးခြားခြား မျက်ခုံးလက်ရုံး အကြီးအကျယ် လှုပ်လျက် မီးရထားဘူတာရုံသို့ သွားချင်သလိုလို အထူးအဆန်းတစ်ခုခုနှင့် တွေ့ရ တော့မည်လိုလို ဘာလိုလို ထွေရာလေးပါး ထင်မြင်လာသည့်အလျောက် အောက်ရထားဆိုက်ချိန်ကို မှန်း၍ ဘူတာရုံဘက်သို့ လျှောက်လာခဲ့လေ၏။

ကျွန်ုပ်မှာလည်း ရထားဆိုက်လျှင် အထုပ်များ ထီးများကို ယူ လျက် အသိတစ်ယောက်မျှ မရှိသော အရပ်ဒေသသို့ ဆင်းခဲ့လေ၏။

စာဖတ်သူတို့ သိမှတ်စေလိုသည်ကား ကျွန်ုပ်တို့ အောက်အရပ် ၌ အညာသားများကို မြင်ရုံနှင့် သိသကဲ့သို့ အညာမှာလည်း အောက်သား များကို သိနိုင်လေသည်။ သို့နှင့် ကျွန်ုပ်သည် ဘူတာရုံတွင်း၌ ဟိုကြည့် သည်ကြည့် ကြည့်နေသော မိန်းမပျိုတစ်ယောက်ကိုမြင်ရ၏။ မြင်ရုံနှင့် ပင် သွေးပြော၍လား မသိ၊ ဂျမ်းခင်ပင်တကားဟု စိတ်ထဲက ထင်မှတ်

ယုံကြည်လိုက်၏။

ငင်းမိန်းကလေးမှာ အသက် ၂၅နှစ်ထက် ကျော်မည်မဟုတ်၊ ခပ်ညိုညို၊ ငါးရံ့ကိုယ်၊ နှုတ်ခမ်းပါး၊ မျက်လုံးမကျယ်လှ၊ သို့ရာတွင် မျက်လုံးတို့မှာ များစွာ ကြည်လင်စူးရှ၏။ ကိုယ်ပေါက်ကိုယ်ရောက် ယဉ်စစ ရှိ၏။ အဝတ်အစားမဆန်းလှ။ သိက္ခာကြီး၏။

အခြားခရီးသွားတို့သည် မိမိတို့အလိုရှိရာသို့ အသီးသီး သွားကုန်ကြသောအခါ ကျွန်ုပ်မှာ တစ်ယောက်တည်း ကြောင်လည်း ကြောင်ပတ်နှင့် ဘူတာတွင် ကျန်ရစ်၏။ မိန်းမကလေးသည်လည်း ကျွန်ုပ်အား အကဲခတ်နေရာ ဘယ့်နှယ်ရှိရှိဟု အားတင်းပြီး အနားသို့ ကပ်၍–

"နမရယ်–ဒီမြို့မှာ အဝေးရောက်မင်း ဆိုတာ ရှိပါသလား"

မိန်းကလေးသည် ကျွန်ုပ်အား ခြေဆုံးခေါင်းဆုံး ကြည့်၍ "ဟုတ်ကဲ့–ရှိပါတယ်။၊ တော်က ဘယ်ကတုံး"

"ကျွန်တော် အောက်ပြည်ရန်ကုန်က လာခဲ့ပါတယ်။ စကားမစပ် မဂျမ်းခင်ဆိုတာကော ရှိပါသလားခင်ဗျား"

"ဟုတ်ကဲ့.. ရှိပါတယ်။ သူနဲ့သိသလား"

"အင်း...သိတယ်ဆိုပါတော့၊ လူချင်းတော့ မတွေ့ဖူးပါ"

"လူချင်း မတွေ့ဖူးဘဲနဲ့ ဘယ့်နှယ်သိသလဲ။ တော်တို့ စာပေးကြသလား" (ကျီစားသလိုပြုံး၍ ပြောသည်။)

"စာ တိုက်ရိုက်ပေးကြတာတော့ မဟုတ်ပါဘူး။ သတင်းစာမှာ ဆောင်းပါးရေးဖက် ဖြစ်ကြပါတယ်"

"ဩော်–ဟုတ်လား၊ တော့်နာမည် ဘယ်သူတဲ့တုံး၊ မှန်မှန်ပြော"

ကျွန်ုပ်မှာ မရှောင်သာသည်ဖြစ်၍ "ဟုတ်ကဲ့၊ သတင်းစာမှာ "ကျား"ဆိုတဲ့နာမည်နဲ့ ရေးပါတယ်"

"အမယ်–တော်မပြောဘဲနဲ့ သိတယ်။ အနို့ ကျွန်မနာမည်ကို ကော

သိရဲ့လား"

"မဂျမ်းခင်ကိုယ်တိုင် မဟုတ်လား"

"အစစ်ပေါ့"

"ဒါဖြင့် အခု ဘာပြုလို့ နောက်ပိတ်ဖိနပ်စီးမလာသလဲ"ဟု အချက်ကို မေးလိုက်ရာ အကောင်မလေး အံ့ကြီး ရှက်သွားပုံရ၏။ မျက်နှာ နီလာလျက် တင်းတင်းထားပြီး စကားများများ မပြောတော့ချေ။ ကျွန်ုပ် လည်း အတန်အားနာခြင်း ဖြစ်သွား၏။

ဤသို့ဖြင့် လာခဲ့ကြရာ အဝေးရောက်မင်းထံတော်သို့ ရောက်ရှိ၊ အာလာပ သလ္လာပ ပြောကြပြီးနောက် နောက်နေ့ နံနက်ချိန်၌ ရွှေဘိုမြို့ ကြီးကို လှည့်လည်ကြည့်ရှုရန် မဂျမ်းခင်နှင့် ချိန်းဆိုကြ၍ လူခွဲကြလေ သတည်း။

*

နံနက်သို့ ကျကာလ ဂျမ်းခင်သည် အညာသူတို့ တံထွာ၊ ချောစွာသော ဆံထုံးကို ထုံးလျက် အိပ်ရာထ သနပ်ခါးမပျက်တပျက်ပါရှိသော မျက်နှာ ရွှင်ရွှင်နှင့် မကြာခင် ရောက်လာသောအခါ ပဲပြုတ်နှင့် လက်ဖက်ရည်ကြမ်း ကို နှစ်ခြိုက်စွာ စားသောက်ကြပြီးနောက် မြို့ကိုလည်၍ ကြည့်ကြသည်။

"မြန်မာသက္ကရာဇ် ၁၁၁၃ ခု ရောက်သော ဆုံကျည်ပွေ့မှ မလွတ် အဝပြည်လုံး ပင်လယ်နားသို့ မျောပါလတ္တံ့။ ထိုရောအခါ ဖုန်းပညာနှင့် ပြည့်စုံသော အမတ်သားသည် ဋ္ဌာဝရကိန်းမရ၊ ဇင်မကိန်း၌ မြို့သိဃ်ဟု နန်းမပြည်ကြီး တည်လတ္တံ့"ဟုသော ဂဝံပတေ့ ရသေ့သိကြားသိုက်တို့ အတိုင်းလည်းကောင်း၊

"နဝမ သေသကာလေ၊ ငါးရာလေးဆယ်ကြွင်းသော ကာလ၌။ ဥတ္တရဌာနတော၊ မြောက်အရပ်မှ။ ဘူမိပါလော၊ ရေမြေကို အစိုးရသော။ ပမက္ခရာဇာ၊ မြန်မာမင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့"ဟူသော နတ်စက်

ရောင်သိုက်အတိုင်းလည်းကောင်း။

"သတ်နေ့ခါကြုံ၊ မုဆိုးချုံ၊ ရွှေဘုံ ရွှေနန်း စိုက်လတ္တံ့"ဟူသော ဇာဂရုသိုက်အတိုင်းလည်းကောင်း၊

၁၁၁၃ ခုတွင် အင်းဝပြည်ကြီးပျက်၍ အလောင်းဘုရား ဦးအောင်ဇေယျသည် မွန်ရန်များကို ဖြိုဖျက်၍ 'အုတ်သော အော်မြည်၊ ကုန်းဘောင်တည်'ဆိုသည့်အတိုင်း ၁၁၁၅ တွင် ကုန်းဘောင်ပြည်ကြီးကို တည်လေသည်။ ထိုပြည်ကြီးမှာ အမည် ငါးပါးရသည်။

(၁) ရွှေဘို။ ။မုဆိုးမောင်ပို၊ သို့မဟုတ် မောင်ရွှေဘိုကို စွဲ၍ ခေါ်သည်။

(၂) မုဆိုးဘို။ ။၎င်းမုဆိုးကို စွဲ၍ ခေါ်သည်။ (မုတ်ဆေး၊ ဆိုးသော အရပ်ဖြစ်၍ မုတ်ဆိုးဟုလည်း ခေါ်နိုင်ရာ၏။)

(၃) ကုန်းဘောင်။ ။မြို့အရှေ့ဘက်က ကုန်းဘောင် ခင်တန်းကြီးကို စွဲ၍ ခေါ်သည်။

(၄) ရန်ကြီးအောင်။ ။ရန်အမျိုးမျိုးကို အောင်ရာဖြစ်၍လည်းကောင်း၊ အထူးသဖြင့် မွန်တို့ ရန်ကြီးကို အောင်ရာဖြစ်သဖြင့်လည်း ကောင်း ခေါ်သည်။

(၅) ရတနာသိင်္ခ။ ။မြို့၏ ဘွဲ့တော်ဖြစ်သည်။ ရတနာ အပေါင်းတို့ စုဆုံ စုပေါင်းရာဟု အဓိပ္ပာယ် ရှိသည်။ (ရတနာ သီခလည်း မဟုတ်၊ ရတနာသိခ်လည်း မဟုတ်)

ရွှေဘို၊ မုဆိုးဘိုနှင့် စပ်၍ ဦးအောင်ဖြိုး၏ မင်းဆက်ရာဇဝင် သာချင်းတွင်–

"မုန်ရန်စကား၊ ထိုသုံးပါးတွင်၊ ပိုင်းခြားသိလို၊ နဂါးဘိုနှင့်၊ အုတ်ဘိုသုည၊ ကြွင်းရစ်ကြသော 'ငွေ့'(ကြောင့်) ရန်စနိုမ်ချိုး၊ ဘုန်းတော်တိုး၍၊ မုတ်ဆိုးရွှေဘို၊ မြန့်တိုင်းအလုံး၊ သိမ်းယူကျုံး၍၊ ညွှတ်ရုံးခိုရသည်၊ မြင်းမိုရ် ရွှေတောင်၊ ထွန်းသောရောင်"ဟူ၍လည်းကောင်း၊

နေမိရကန်၌–

"နိုင်ငံအလုံး၊ ချောက်ချားတုန်းကို၊ လက်ရုံးမီးတောက်၊ ပွင့်ချိန်ရောက်ပြီမို့၊ မြောက်နဂါးဘို၊ မြေအုတ်ဘိုနှင့်၊ ရွှေဘိုသုံးဆူ၊ တန်ခွန်ထူသည်တွင်" ဟူ၍လည်းကောင်း စပ်ကြသည်။

ရတနာသိင်္ဃနှင့်စပ်၍ကား။ ။ရာဇဝင်ချုပ်တွင် "သို့သည် မီးကို၊ မိုးကြီးနဝဒတ်၊ ဖုန်းရည်အာဝဠ်၊ ငြိမ်းသတ်စေပြီး၊ (ရတနာ သီဟ၊ ရတနာသီခ)ရတနာသိင်္ဃ၊ နွတ္တတံဆိပ်၊ ခပ်နှိပ်မြေပေါ်"ဟူ၍လည်း ကောင်း၊ "သိုက်ထွက်ညီစွာ၊ ဝတိန်သာသို့၊ ရတနာသိင်္ဃ၊ နဂရ သည်၊ ပြည်များထိပ်ခေါင် ကြွင်းတည်း"ဟူ၍လည်းကောင်း စပ်ဆိုသည်။ (ရတနာသိင်္ဃသာ အမည်ရင်းမှန်ဖြစ်၏။)

မြို့တည်သောအခါ အောက်ပါ ခုနစ်ဌာနကို တစ်ပြိုင်တည်း တည်သည်။

၁။ တာဝန်း ၂၀၀၀ ရှိ မြို့တော်၊

၂။ ၅၄ ဆောင် ရှိသော နန်းတော်၊

၃။ မြို့မှ ၁၀ တာကွာ၊ အပြေတာ ၂၀ ရှိသော ကျုံးတော်၊

၄။ ၉၉ ရပ် အမွန်ရှိသော ချောင်းတို့စီးဝင်ရာ မဟာနန္ဒာကန်တော်။

၅။ ဖွားတော်မူရာ ရွှေချက်သိုစေတီတော်။

၆။ သာသနာစောင့်နတ်တို့အား ဗလိနတ်စာပေးရာ နတ်ကွန်းတော်ကြီး။

၇။ နာရီတော် လျှောက်ကြားရာ ပဟိုရ်စင်တော်၊

သို့ 'ငှင့်' (ကြောင့်) မင်းဆက်လင်္ကာ၌ "ရွှေဘုံအောင်မျို၊ ရွှေမြို့ကျုံးဝန်း၊ နတ်ကွန်းရေကန်၊ ချိန်မှန်ပဟိုရ်၊ ရွှေချက်သိုဟု၊ ချီးဆိုမကန်၊ ခုနစ်တန်ကို"ဟူ၍လည်းကောင်း၊

မြင်ကွန်းမင်းသား ရေးသည်ဆိုသော ပတ်ပျိုး၌ "မြန်ချာမြေ ကို၊

စံရာရွှေဘို၊ နန္ဒာရေညို၀န်း၊ ဖြာရောင်ရွှန်း၊ လူ့မှူးလုံးဖျား၊ ပြည်ကုန်းဘောင် ရန်အောင်မော်ကွန်းထား၊ ခြောက်ပါးခြည် ရောင်စိုသည် နှင့်နှင့်၊ တည်ထွန်းရွှေချက်သို၊ ပဟိုရ်လေ ရွှေကွန်းနန်း၊ ကျုံးပတ်လည် ထွေထူးဆန်း၊ စံခန်းဣန္ဒာ၊ လျှံလန်းသိင်္ဂါ၊ ခုနစ်မည်ဌာနမှာ၊ ပြည်ပြည်မျှော် ဦးညွတ်ရာ”ဟူ၍လည်းကောင်း စပ်ဆိုကြသည်။

ဤမြို့နှင့်စပ်၍ အထူးမှတ်ဖွယ်ကား ‘အောင်မြေ’တည်း။

၎င်းအောင်မြေမှာ မြို့မြောက်ဘက် ကျုံးပြင်မှာ ရှိသည်။ ‘ကောင်းကင်ထိပ်အရပ်မြေ’ဟုလည်း ခေါ်သည်။ မင်းလုပ်လိုသူတို့သည် မိမိတို့ ကြံစည်ရာ ထမြောက်အောင်မြင်ရန် ဤမြေကို လာရောက်နင်းလေ့ရှိကြသည်။ ယခုအခါ ထိုမြေကို သင်္ချိုင်းမြေ လုပ်ထားလေသည်။ ဤမျှ ရာဇဝင်နှင့် ဆိုင်သော အမှတ်တရမြေကို သင်္ချိုင်းမြေ ဖြစ်စေခြင်းမှာ အလွန်ဝမ်းနည်းဖွယ်ကောင်းလှသည်။

မြို့မြောက်နားဆီ၌ ကိုးတောင်ပို့ဆိုသော အရပ်ရှိသည်။ တောင်ပို့ကလေးများ ပေါ်ပေါက်လျက် ရှိသည်။ ဘုရားလည်း တည်ထားသည်။

၎င်းပြင် ခိုနန်းချိုးဘုရား ဟူ၍ ရှိသေး၏။ ၎င်းဘုရားမှာ မြို့တော် မတည်မီက ရှိနှင့်၏။ မြို့တည်သောအခါ မြို့ရိုးတွင်းကျတော့မည် ရှိရာ ဘုရားဒါယကာက “မောင်အောင်ဇေယျ ရှင်ဘုရင်ဖြစ်တာနဲ့ဗျာ၊ ကျုပ်ဘုရားမဖူးရတော့ဘူး’ဟု ဆိုလေသဖြင့် ဘုရားကို အပြင်ကျအောင် မြို့ရိုးကို ချိုး၍ ရှောင်ကွေ့ပြီး တည်ရလေသည်။ သို့ ‘ငြေ့’(ကြောင့်) ခုနန်းချိုးဘုရားဟု ခေါ်လေသည်။ (ဤ၌ ဘုရားဒါယကာမှာ ဦးအောင်ဇေယျ၏ ဘကြီး၊ ဘထွေး စသော ရင်းနှီးသူ ဖြစ်ပုံရသည်)

ယခုအခါ နန်းတော်ရာအားလုံးကို ရုံးများ၊ ထောင်များ ပြုထားလျက် ရှိချေပြီ။ မိဖုရားကြီးကိုယ်တိုင် စိုက်ခဲ့သော တရုတ်စကားပင်ကြီးများ ရှိသေး၏။

ဖွားတော်မူရာ၌ ရွှေချက်သိုစေတီတော်၊အလောင်းကိုသင်္ဂြိုလ်ရာ၌ လေးတိုင်စင်ပြာသာဒ်ငယ်နှင့် ကျောက်ဖျာတွင် ကမ္ပည်းထိုးလျက် ရှိသည်။

မင်းလက်ဝဲသုန္ဒရရေး မဲဇာတောင်ခြေရတုတွင် ပါဝင်သော ဘုရားများလည်း ရှိပေသေး၏။

၁။ ဇမ္ဗူ့ဆီမီး(ပုလိပ်ရုံးနားတောင်ဘက်)

၂။ ရွှေဂူကြီး(အထက်ဘုရား၏ အနောက်တောင်ယွန်း)

၃။ ရွှေလင်းပင်(အထက်ဘုရား၏ အရှေ့တောင်ယွန်း)

၄။ ရွှေခြသေ့်မွေ(အထက်ဘုရား၏ အနောက်တောင်ယွန်း)

၅။ ရွှေစေတီကြီး(မြို့၏ တနင်္ဂနွေထောင့်တွင် ရှိသည်။ မော်ဓောမြင်သာဟုလည်း ခေါ်သည်။

ဤမြို့တော် ကြီးကျယ်ပုံကို စိန္တကျော်သူဘွဲ့ရ ဦးဩ၏ မင်းဆက်ရာဇဝင်လင်္ကာတွင် စပ်ဆိုထားသည်မှာ…

“မြန်မာထိပ်ခေါင်၊ ကြငှန်းဆောင်သား၊ ကုန်းဘောင်မည်မှတ်၊ နန်းပြာသာဒ်က၊ မန္ဒာတ်တူနှုန်း၊ စက်ရှိန်မှုန်းလျက်၊ ပျက်ပြုန်းရန်မျိုး၊ ပျပ်ဝပ်ကျိုးမှ၊ ပဲခိုးတပုံ၊ ပျက်ကိန်းကြုံ၍၊ မြို့လုံသောထွေ၊ မညွတ်နေသော်၊ စက်ရွှေတော်ညွှန့်၊ စံမြူးကွန့်၍၊ တောင်ကျွန်းအလုံး၊ ကြောင်သို့ချုံး၏။ စွန်းသုံးရာနောက်၊ တစ်နှစ်မြောက်သော်၊ ထွန်းတောက်သာသနာ၊ ပွင့်လင်းစွာ၍၊ ဝေသာလီဝယ်၊ ချဲ့သည်နှယ်လျှင်၊ လေးဆယ်ဒွါရ၊ တန်ဆောင်းပြုမူ၊ ရာ့သုံးဆယ့်နှစ်၊ ဝန်းရစ်သုံးယူ (ယူဇနာကို ဆိုလိုသည်။) ဇမ္ဗူဉသျှောင်၊ မြို့ကြီးထောင်၏။ သည့်နောင်တစ်နှစ်၊ ရောက်ပြန်လစ်သော်၊ မူးမြစ်ဒိုးလျှိုမြို့ရန်ဖြိုကို၊ ရေညိုလက်ယာ၊ ရစ်စိမ့်ငှာဟု၊ စကြာဖြန့်ထောင်၊ ရန်တိုင်းအောင်သည်။ မြောင်းပေါင်ရိုးလျောက်၊ မူးကိုဖောက်၏။ ချီးမြှောက်ဖွယ်မူ၊ အစုစုကို၊ မေရုစုတ်တံ၊ ပေရွက်ခံဝယ်၊ ရည်လျှံတွေတွေ၊ သမုဒ်ရေနှင့်၊ မြေကိုနည်ဖျော်၊ ရေးလုည့်သော်လည်း၊ ကိုယ်တော်မြတ်ဂုဏ်၊ တီမှာကုန် အံ့၊ ဝသုန္ဒြေ၊ တက်ပေါ်ဆီနှင့်၊ ဘုမ္မိနက်သန်၊ မြို့တော်မှန်သည်၊ နိဗ္ဗာန်သည် က

စောင်းတန်းတည်း"

နေမိရကန်တွင်လည်း–

'မြောက်နဂါးဘို၊ မြေအုတ်ဘိုနှင့်၊ ရွှေဘိုသုံးဆူ၊ တန်ခွန်ထူ သည်တွင်၊ မတူနှုန်းထောက်၊ ဖုန်းရှိန်တော် မောက်ပြီးလျှင်၊ ခြောက်ကျိပ်ရှစ် ဦး၊ ရဲစစ်မှူးများနှင့်၊ ရိုက်ကြုံးအောင်စည်၊ ထန်းလုံးတပ်တည်၍ဘဲ၊ ဂုဏ်ရည်မနွဲ့၊ စိုက်ထောင်ခဲ့သည့်၊ နိုင်ငံချဲ့ရွှေဘို၊ မြို့ရန်ဖြိုကိုပါ၊ ထိုထိုပြည်ဘောင်၊ ဘယ့်နှယ်ပင် ထောင်သော်လည်း၊ ကုန်းပေါင်ဆိုက၊ ဦးနှိမ်လို့ ချရသည်။ မြို့များမကိုဋ္ဌ ရွှေကုန်းပေါင်၊ ခေတ်သုံးရပ်ကုံ၊ အောင်ဘုံများမှူး၊ အောင်ဖူးညွှန့်လန်း၊ နန်းဆောက်ဆောက် မဆောက်ဆောက်၊ တောင်မြောက်ဗီလာ၊ စက္ကဝါကမ်းခပ်၊ လေးရပ်ရှစ်ရပ်၊ နယ်မသတ်ပြီဘုး။ မြို့မြတ်ရွှေဘို၊ လာပြီဆိုလျှင်ပဲ၊ ပြိုလေသည်ချည်း၊ ရန်မာန်လှည်း၊ ကမ္ဘည်းရာဝင် ပြောင်လိမ့်၊ အောင်ရွှေဘိုတဲ့၊ နိုင်ငံချဲ့နေကျ၊ အတုမဲ့ပြေ၊ ဥပဒေကဲ့သို့"ဟူ၍လည်းကောင်း အသီးသီး စပ်ဆိုချီးကျူးကြလေသည်။

*

အိမ်း–ဤသို့ ရာဇဝင်ပြောင်လှသော ရွှေဘိုမြို့ကြီးကို တတ်အားသမျှ လှည့်ပတ်ကြည့်ရှုပြီး၍ ညချမ်းအခါ ဂျမ်းခင်နှင့်တကွ အိမ်သို့ ပြန်ခဲ့ကြ၏။

ဂျမ်းခင်က "ယနေ့ ကျုပ်တို့ဆီမှာပဲ ထမင်းစားပါ"ဟု အတင်းခေါ်သဖြင့် ငြင်းသော် မသင့်ဟု ကျွန်ုပ်လိုက်သွားရ၏။

ထမင်းမှာ အဆန်းအပြား မဟုတ်ပေ။

ထမင်းမှာ ဆန်ခပ်ကြမ်းကြမ်း နီနီပင် ဖြစ်၏။ ဟင်းမှာ ခါသားကို ဘူးသီးနုနုနှင့် ချက်၍တစ်ခွက်၊ ပဲကြီးနှင့် ဆူးပုပ်ရွက်ရော၍ ယုန်သားခတ်ချက်သော အတုမဲ့ဟင်းချိုတစ်ခွက်၊ စပ်သီး ဖြိုင်ဖြိုင်နှင့် ငါးပိထောင်း တစ်ခွက်၊ ကင်ပလင်းခွေးတောက်၊ ခတက်ညွှန့်များ

အပြုတ်တစ်ခွက်။

ဤမျှသာဖြစ်သော်လည်း ယခုအသက်တိုင် ဤမျှလောက် မမြိန်ဖူးကြောင်း ရဲရဲကြီး ပြောဝံ့ပါသည်။ တစ်ခါတစ်ခါ ထိုထမင်းဟင်းများကို အိပ်မက်ပင် မက်မိပါသည်။

စားသောက်ပြီးသော် လက်ဖက်ရည်ကြမ်း ဝိုင်းသောက်ရင်း ဂျမ်းခင်က စ၍–

"တော်–ဘယ်တော့ပြန်မလဲ"

"နှစ်ရက်လောက် ကြာရင်"

"မြန်လှချည့်ကလား၊ လွမ်းစရာများ ရှိလို့လား"(ပြုံးတုံးတုံးနှင့် မေးသည်)

"ဟာ–လွမ်းစရာ ဘာမှ မရှိပါဘူး။ သြော်–လွမ်းစရာတစ်ခု တော့ ကျန်ရစ်တယ်"

"ဘာလဲ၊ ဘာလဲ"(အလျင်စလိုမေးသည်)

"စာတစ်အုပ်"

"ဘာစာအုပ်လဲ"

"ဟိုဒင်း–မိန်းမများ နောက်ပိတ်ဖိနပ် စီးသင့် မစီးသင့် ရေးထားတဲ့ စာအုပ်ပါ"

"ကျုပ်တော့ စီးသင့်တယ်ထင်တာပဲ"

"ဘာပြုလို့လဲ"

"ဘာပြုလို့ ရမလဲတော့၊ သူ့ခေတ်နဲ့သူ ဖြစ်လာတာကိုး၊ တော်တို့ခေတ်ကို တားနိုင်သလား"

"ဘာဖြစ်လို့ မတားနိုင်ရမှာလဲ"

"ဟား…ဟား၊ ကိုင်း–အခု အနောက်တိုင်းသားတွေ အုပ်စိုးလို့ အောက်ပြည်မှာ အနှစ်တစ်ရာလောက်၊ အထက်ပြည်မှာ အနှစ်လေးဆယ်လောက် ရှိသေးတယ်။ သူ့ခေတ်နဲ့သူ ဖြစ်လာလို့ တော်ကိုယ်တိုင် အင်္ဂလိပ်

ဦးစွန်းဖုတ်ထားတယ်မဟုတ်လား။ အခုလည်း အတွင်းရှပ် အင်္ကျီနဲ့ပဲ မဟုတ်လား၊ အဲဒီခေတ်ကို တော်တို့ မတားနိုင်တဲ့ပြင် ကိုယ်တိုင်လည်း လိုက်လာခဲ့တယ်မဟုတ်လား"

"ဟာ–ဒါတော့"ဆို၍ ကျွန်ုပ်မပြန်နိုင်ချေ။

"ကိုင်း–ဖိနပ်ကိစ္စကို ပြောဦးမယ်။ အခု မြန်မာပြည်မှာ ရှိနှင့်တဲ့ ဖိနပ်များမှာ ပိန်းတန်း၊ ရွှေထိုး၊ ကွင်းထိုး၊ ခုန်ဖိနပ်၊ လွှာဖိနပ်၊ အဲဒါတွေကို မြန်မာပြည်မှာ ယောကျ်ားရော၊ မိန်းမရော အတူတူပဲ စီးကြတယ် မဟုတ်လား၊ ကျုပ်မေးတာ ဖြေပါလေ"

"ဟုတ်တယ်လေ…စီးကြတယ်၊ ဘာဖြစ်သလဲ"

"ကောင်းပြီ၊ အခု တော်တို့ ယောကျ်ားတွေဟာ နောက်ပိတ်ဖိနပ် စီးလာလိုက်ကြတာ ကာလအတော်ကြာပြီ၊ အဲဒါ ကျုပ်တို့မိန်းမတွေက စီးကြရင် တော်တို့က ဘာအပြစ်ပြောစရာ ရှိသလဲ"

"အပြစ်ပြောစရာက မြန်မာမိန်းမဆိုတာ အသွားအလာမှစ၍ ယဉ်ကျေးရတယ်။ နောက်ပိတ်ဖိနပ်ကြီးနဲ့ဆိုတော့ ခြေမြှောက်မြှောက်၊ ခြေလှမ်းကြဲကြဲနဲ့ နင်းသွားတော့ ခွမကျပေဘူးလား"

"ဒါမတော့ အကုန်မပြောထိုက်ပါဘူး။ နောက်ပိတ်စီးပြီး ခြေမှန်မှန်နဲ့ ယဉ်ယဉ်ကျေးကျေး လှမ်းရင်လည်း ဖြစ်တာပါပဲ"

"နေဦးလေ၊ မြန်မာမိန်းမများ အသားဖြူဖြူခြေထောက်နဲ့ ကတ္တီပါဖိနပ်နဲ့ဆိုတော့ ကြည့်လို့လှတယ်။ ကျက်သရေ ရှိတယ်။ နောက်ပိတ်ဖိနပ်ကြီးနဲ့ဆိုရင်၊ ကတည်း–ကျပ်စည်းထားသလိုလည်း ကြည့်လို့ အင်မတန်ဆိုးမှာ"

"ဒါမှာတော့ ဒီလိုပါတော့၊ မြင်နေကျရင် ကြည့်လို့ကောင်းတာပဲ၊ အသားမကျခင်သာ ကြည့်မကောင်းတာကိုး။ တော်တို့ခေါင်းက ဦးစွန်းဖုတ်ဟာ ထားကြစက အကြည့်ရဆိုးတယ်။ အခုတော့ မျက်စိထဲ အရသာ တွေ့နေကြတယ် မဟုတ်လား။ ပြီးတော့လည်း အာရုံဆိုတာ အမြဲမရှိ

ဘူး။ ဥပမာ– မကြာမီခေတ်က ထိုးကွင်း မရှိသူဟာ မိန်းမနဲ့ တူတယ်လို့ အသရော်ခံရတယ်။ အခုထိုးကွင်းရှိသူဟာ ကြောင်တောင်တောင် ဖြစ်မနေဘူးလား၊ အခုလည်း ဆေးရုံက သူနာပြုမိန်းမများ၊ အချို့ ကျောင်းဆရာမများ၊ အချို့ အထက်တန်းစားဆိုတဲ့ မင်းကတော်၊ စိုးကတော်များ နောက်ပိတ်ဝတ်နေကြတာပဲ။ မကြာခင် တော်တို့ မျက်စိယဉ်လာမှာပေါ့”

“ကျုပ် မျက်စိယဉ်ဖို့တော့ ဝေးပါသေးတယ်။ ပြီးတော့ ကျန်းမာရေးဘက်က ကြည့်ရင်လည်း အင်မတန် မတော်ပါဘူးဗျာ၊ ယောကျ်ားများမှာတော့ ထထကြွကြွ သွားလာလုပ်ကိုင်ရတယ်။ ဒီတော့ ချွေးတို့ဘာတို့ ထွက်လို့ အပူထွက်စရာ ရှိတယ်။ မိန်းမများမှာတော့ အငြိမ်းစားဖြစ်နေတယ်။ ကျန်းမာရေး ထိခိုက်မှာပေါ့”

“တော့် စကားတွေကို ပြန်ဖြေစရာ အပုံကြီး ရှိတယ်။ နောက်ပိတ်ဖိနပ်စီးတဲ့ ယောကျ်ားတွေဟာ အများအားဖြင့် စာရေးစာချီ အရာရှိတွေများတယ်။ သူတို့မှ သနားစရာကောင်းတာက တစ်နေ့လုံး ဆိုသလို ကုလားထိုင်ပေါ်မှာ ကြိုးနှင့်တုပ်ထားသလို ထိုင်နေရတယ်။ အပူတွေလှိုက်မနေပေဘူးလား၊ ပြီးတော့ ကြည့်ပါဦး၊ မြန်မာပြည်ဟာ ပူတဲ့တိုင်းပြည်ဖြစ်တယ်။ အဲဒါ တော်တို့ ယောကျ်ားကြီးတွေက သိုးမွေး ခြေအိတ်၊ တစ်ခါတလေ စတောက်ကိန်း ဆိုတဲ့ ထူထူရှည်ရှည် ခြေအိတ်ကြီးများကို၊ ဝတ်လို့၊ ပြီးတော့ နောက်ပိတ်ထက်ဆိုးတဲ့ ဘွတ်ဖိနပ်ကြီးများကို ဝတ်လို့၊ အဲဒါတွေတော့ ကျန်းမာရေးနဲ့ ညီသလား၊ ပြီးတော့ ဆောင်းရာသီ မိုးရာသီမှာ ရှင်တို့ သန်မာထွားကျိုင်းသော ယောကျ်ားကြီးတွေတော့ ခြေနွေးအောင်လို့ ခြေအိတ်နဲ့ ဖိနပ်နဲ့ စီးရတယ်။ ကျုပ်တို့ နူးညံ့သိမ်မွေ့သော မိန်းမတွေတော့ ခြေထောက်ဗလာ ထားရမလား၊ အဲဒါ တော်တို့ တရားသလား၊ ရှက်ကောမရှက်ဘူးလား၊ တွေးကြည့်စမ်းပါဦးတော့”

“ဟာ...ဒါက အလေ့အကျင့်ဖြစ်နေကြတာပဲ။ ပြီးတော့ တစ်ခု က နောက်ပိတ်ဖိနပ်စီးကြရင် စရိတ်ကြေးငွေများစွာ ပိုမိုကုန်ကျမယ် မဟုတ်လား။

အကယ်၍ မြန်မာမတွေ အားလုံးနောက်ပိတ်ဖိနပ် စီးကြ ရင် အခု ပိန်းတန်းစတဲ့ ဖိနပ်လုပ်သူတွေ ကုန်သည်တွေ အလုပ်လက်မဲ့ ဖြစ်မကုန်ပေဘူးလား"

"အဲဒါမှာလည်း စရိတ်ကုန်တယ်ဆိုတာက တော်တို့ ယောကျ်ား တွေက အရင်ဖြုန်းနေတယ် မဟုတ်လား။ ထပ်ပြီး ထူးလှမယ် မဟုတ် ပါဘူး။ ပြီးတော့ ဖိနပ်သည်တွေ အလုပ်လက်မဲ့ဖြစ်ကုန်မယ် ဆိုတာက တော့်ကိုပဲ အတိုချုပ်ပဲ ပြောမယ်၊ အလုပ်သမားရဲ့ ကုန်ကိုလိုက်ပြီး သုံးတဲ့ လူက မသုံးဘူး၊ အသုံးသမား သုံးတာကိုသာ အလုပ်သမားက လိုက် လုပ်ပေးရတယ်။ အကယ်၍ မြန်မာမိန်းမများ နောက်ပိတ် စီးလာကြရင် လည်း အလုပ်သမားတွေက တွင်ကျယ်တဲ့ နောက်ပိတ်ကို ကူးပြောင်းလုပ် ရမယ်။ ဘာပဲဖြစ်ဖြစ် ငါလုပ်မြဲ အလုပ် လုပ်နေမယ်ဆိုရင် ထမင်းငတ်ကြ ရုံပေါ့"

"တော်ပါဗျာ။ ခင်ဗျားတို့ အညာသူများ အင်မတန် စကားတတ် တယ်။ အညာသူကို ကျုပ်အထင်သေးခဲ့တာ မှားတာပါပဲ။ ဒီမှာလေ မဂျမ်း ခင်၊ ကျုပ်ပြောပြတဲ့အချက်တွေဟာ အမှန်တွေပဲ။ နို့ပေတဲ့ ခင်ဗျားက စကားတတ်တော့ ကျုပ်အချက်တွေ အရေးနိမ့်သလို နေတယ်။ အဲဒီတော့ ကျုပ်မပြောတတ်တာနဲ့ ဒီကိစ္စတွေကို အရေးနိမ့် မခံနိုင်ဘူး။ ဒီတော့ ဒီကိစ္စ ကို ရပ်ကြစို့ရဲ့ဗျာ"

ထိုအခါ ဂျမ်းခင်သည် အသံထွက်အောင် ရယ်၍ "တော်တို့ အောက်သားတွေဟာ ဒီလိုပဲလား၊ ကဲတော် မပြောစေချင်ရင် မပြောပါဘူး။ နေပါဦး၊ တော် ဘယ်တော့ပြန်မလဲ"

"နှစ်ရက်လောက် ကြာရင်"

"နောက် လာဦးမလား"

"ဒါတော့ ဘာပြောနိုင်ဦးမလဲ"

"ကျုပ်တို့ ရန်ကုန်ကို ရောက်ရင် တော့ဆီကို လာမလည်ရဘူး

လား"

"လာမလည်ရင် မဂျမ်းခင်က ဆိုးရာရောက်မှာပေါ့။ မဂျမ်းခင်သာ ရန်ကုန်ရောက်ရင် ကျုပ်ဆီမှာ တည်းရမယ်၊ ဘယ်မှာမှ မတည်းရဘူး"

"ဒါဖြင့် တော့ဆီမှာ တည်းရမှာစိုးတာနဲ့ ရန်ကုန်ကို အလည်မသွားသေးဘူး"(ရယ်၍ ပြောသည်)

"အညာသူများ ရက်စက်တယ်ဆိုတာ သိပါတယ်"

"အညာသူက ပွင့်ပွင့်ရက်စက်တယ်၊ အောက်သားကတော့ အုံ့ပုံးရက်စက်တယ်"

"တော်ပါဗျာ၊ ခင်ဗျား အင်မတန်စကားတတ်တယ်"

ဤသို့ စကားစမြည်ပြောပြီးနောက် ခွဲခွာသွားကြ၏။

ကျွန်ုပ်မပြန်မီ တစ်နေ့တွင် ထပ်မံတွေ့ဆုံ၍ နောက်တစ်နေ့ညနေရထားနှင့် ပြန်ဖြစ်မည်ထင်ကြောင်း ပြောပြ၏။ ဂျမ်းခင်သည် မိမိကိုယ်တိုင် ရထားဘူတာရုံသို့ လိုက်၍ ပို့မည့်အကြောင်းကိုလည်း ပြောထား၏။

ညအခါ၌ ကျွန်ုပ်စဉ်းစားမိသည်ကား ခင်မင်သူတို့နှင့် ရထား၊ သင်္ဘောစသည်တို့၌ ခွဲခွာရခြင်းသည် ဣန္ဒြေပျက်တတ်ကြောင်းကို တွေးမိသဖြင့် ညနေရထားနှင့်မဟုတ်ဘဲ မနက်ရထားနှင့် သုတ်ခြေနှင်မှ နေရာကျမည်ဟု ဆုံးဖြတ်လိုက်၏။

နံနက်ကျကာလ မိမိ၏ထီးများ၊ အထုပ်များကို ယူလျက် ရတု၊ ရကန်၊ အဲ၊ အန်၊ လေးချိုးဆိုပုံတို့ကို သင်ကြားပေးလိုက်ပေသော ကျေးဇူးရှင် အဝေးရောက်မင်းအား ရိုသေစွာ ရှိခိုးကန်တော့၍ ဘူတာသို့ ရပ်ဖျောက် ခပ်သုတ်သုတ် လာခဲ့ပြီးနောက် သံသရာသည် ရက်စက်နိုင်မှတော်ရုံကျသည်ဟု စိတ်တင်းလျက် ထိုမနက်ရထားနှင့်ပင် ရွှေဘိုမြို့ကြီးမှ ထွက်ခွာခဲ့လေသတည်း။

ညနေရထားချိန်၌ ဂျမ်းခင်သည် ဘူတာရုံသို့ဆင်းပုံ၊ ကျွန်ုပ်ကို မတွေ့၍ ကျွန်ုပ်တည်းအိမ်သို့ သွားရောက်မေးပုံ၊ မနက်ရထားနှင့်ပင် သွားလေပြီဟု ကြားရသောအခါ၊ သက်မ ကြီးချ၍ အောက်သားများ မကောင်းဘူး။ လိမ်တတ်တယ်။ သူတို့ဆီကိုသွားရင် ထမင်းကျွေးရမှာစိုးလို့ ဒီလို ခြေရာဖျောက် လုပ်သွားတယ်။ ငါ့ကို စိတ်မကောင်းအောင် လုပ်သွားတယ်၊ ဘာတယ်၊ ညာတယ်၊ ဟိုဒင်းတယ်၊ ဒီဒင်းတယ် စသည်ဖြင့် တဖျစ်တောက်တောက် ရှိမည့်ပုံများတွင် ကျွန်ုပ်စိတ်၌ ယခုတိုင် မြင်မိသေး၏။

ကျွန်ုပ်မှာလည်း အကောင်မကလေးကို တရေးရေးမြင်လျက် အကြင်လောကကြီးသည် ကလီကမာ သနားစရာဖြစ်တတ်ပါတကားဟု တရားကို ရှေ့ရှု၍ အေးမှုကို ဖန်ခါနေရလေသတည်း။

## ရိုဇီခင်တင့်ထူး

ရန်ကုန်မြို့၊ ကုန်သည်လမ်း ပွဲစားကြီး ဦးထူးထံတွင် ဝါးနက်ချောင်းဘူတာမှ များစွာ မကွာဝေးလှသော သရက်ကုန်းရွာ ဦးဘက မိမိ၏ တစ်ရှဉ်းထွန် လယ်တစ်ရှင်း၊ ခြံငယ်တစ်ခု၊ ၎င်းခြံတွင်းရှိ နေအိမ်ငယ်တို့ကို ပေါင်နှံထားရာ မရွေးနိုင်၍ ဆုံးလေသည်။ သို့ရာတွင် ဦးထူးက ဦးဘကိုပင် အခြေမပျက်နေစေ၍ လယ်နှင့်ခြံကို အခ အနည်းငယ်နှင့် လုပ်ကိုင်စားသောက်စေသည်။ လွန်ခဲ့သော ၂ နှစ်လောက်က ဦးဘသေဆုံးရာ ကျန်ရစ်သော တစ်ယောက်တည်းသား မောင်ခကို ဆက်လက် နေထိုင် လုပ်ကိုင်စေသည်။ မောင်ခ၏ မိခင်ကား ဦးဘအလျင် ဆုံးနှင့်သည်။ သို့ကြောင့် မောင်ခမှာ မိဘသားချင်း အရင်းအချာမရှိ၊ ထိုသရက်ကုန်းရွာ၌ ဆွေမျိုး အနည်းအပါးသာ ရှိသည်။

မောင်ခသည် အသက် ၂၆နှစ်၊ ၂၇နှစ် ခန့် ရှိချေပြီ။ အိမ်ထောင်မပြုဘဲ ရိုးရိုးအေးအေးပင် မိဘလက်ငုတ်ကို လုပ်ကိုင်စားသောက်လာခဲ့သည်။ မိမိဖခင်၏ မိတ်ဆွေရင်း အသက် ၅၀ခန့်ရှိ၊ ဦးဖျော်၊ မိမိ၏ တူတစ်ယောက် အသက် ၁၅နှစ်ခန့်ရှိ မောင်သန်း၊ ၎င်း ၂ ယောက်နှင့် နေထိုင်ရလေသည်။

မောင်ခသည် ဝါးနက်ချောင်း ဘုန်းကြီးကျောင်းတွင်သာ နေဖူးသည်။ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမကာရ၊ ပရိတ်ကြီး၊ သင်္ဂြိုဟ်၊ သဒ္ဒါ၊ တက်ဖူး သင်ကြားဖူးသည်။ ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်၊ ဓိနတ္ထပကာသနီတို့ကို ဖတ်ဖူးသည်။ ပျို့ကဗျာ လင်္ကာလည်း အသင့်အတန် ဝါသနာပါသည်။ ဗေဒင်လည်း

သက်ရောက်ဂြိုဟ်စား၊ မဟာဘုတ်တို့ကို အသင့်အတန် ခေါက်မိသည်။

သို့ရာတွင် ခေတ်ဆန်လာသော အင်္ဂလိပ်စာနှင့်ကားအဆက်မပါလေ။ ဝါးနက်ချောင်း ဘူတာရုံပိုင်က အင်္ဂလိပ်စာ အလကားသင်ပေးမည်ဆိုသည်ကိုပင် ငြင်းပယ်ခဲ့ဖူးသည်။ ထိုမောင်ခသည် ၂၇နှစ်အထိ လူပျိုကြီးဖြစ်နေသည်မှာ မိန်းမများကို အရောမဝင်လို၊ အထူးသဖြင့် အင်္ဂလိပ်စာတတ် မိန်းမတို့ကို ရွံစရာသတ္တဝါတစ်မျိုးဟု ထင်တတ်သည်။ အပြောအဆို၊ အဝတ်အစား၊ အသုံးအနှုန်းစသည်တို့၌ ဘိုဆန်သော မိန်းမတို့ကိုကား မတော်တဆပင် လမ်း၌ မတွေ့မကြုံရပါလို၏ဟု ရန်ကုန်သို့ တစ်ခေါက်ရောက်တုန်းက ရွှေတိဂုံဘုရားတွင် ဆုတောင်းဖူးသည် ဆိုသည်။

တစ်နေ့၌ ဦးဖျော်က ပစ္စည်းရှင် ရန်ကုန်က ပွဲစားကြီး ဦးထူး၌ သမီးအပျိုတစ်ယောက် ရှိကြောင်း၊ ကောလိပ် ဘီ–အေ အောက်တန်း၌ စာသင်နေကြောင်း၊ ဘိုအလွန်ဆန်ကြောင်း၊ အင်္ကျီပါးလည်ဟိုက်၊ အနားက အတွန့်တွေ အပေါက်တွေနှင့် လုံချည်၊ နောက်ပိတ်ဖိနပ်တို့ကို ဝတ်ဆင်တတ်ကြောင်း၊ ရေကူးတတ်၊ မြင်းစီးတတ်၊ ဘိုင်စကယ် စီးတတ်၊ မော်တော်ကားမောင်းတတ်၊ ဘောလုံးရိုက်တတ်ကြောင်းတို့ကို ပြောမိလေရာ မောင်ခမှာ ထမင်း ၂ နပ်တိတိ မစားနိုင် ဖြစ်သွားသော ဟူ၏။

"ဒီမိန်းကလေးများ မတော်တဆ ဒီကို ရောက်ပြုလာရင် ကျွန်တော်တော့ ဒုက္ခပဲ ဦးရဲ့။ ရှူးရင်ရှူး၊ မရှူးရင်လည်း ကျွန်တော့်မိဘရဲ့ လက်ထက်က လယ်တွေ၊ ခြံတွေ၊ အိမ်တွေ ပစ်ပြေးရတော့မှာပဲ"ဟု မျက်နှာပျက်ပျက်နှင့် ပြောလေသည်။

"မင့်မလဲကွယ်၊ ဒါလောက်တောင်ဖြစ်ရသလား။ သူ့ဘာသာဘာလုပ်လုပ် မင်းအပူလား၊ တကယ်လို့ လာရင် မျက်နှာလွှဲနေ၊ စကားမပြောဘဲနေ၊ ငါချက်ပြုတ်ကျွေးနေပါ့မယ်"

ဤသို့ ပြောဆိုနေကြရင်းပင် ဘယ်ကြမ္မာ ဖန်လေသည်မသိ။

ဦးထူးထံမှ စာတစ်စောင် ရောက်လာ၏။ စာပါ အဓိပ္ပာယ်အချုပ်ကား မိမိ၏သမီး ရိုဇီခင်တင့်ထူးသည် စာမေးပွဲအပြီး ကျောင်းပိတ် ၂လအတွင်း ခြံသို့ လာရောက်နေထိုင်မည့်အကြောင်း၊ လာမည့်ရထား၌ ဝန်စည်စလယ် လည်း အတန်ပါမည်ဖြစ်၍ ဘူတာက ကြိုစေလိုကြောင်းတို့ ဖြစ်၏။ လာမည့်ရက်မှာလည်း ၃ ရက်သာ လိုတော့ကြောင်း သိရလေ၏။

"ကိုင်း–ဦးဖျော်၊ ကျုပ် အခု တနင်္ဂနွေဘင်္ဂမှာ သက်ရောက်တယ်။ အိုးအိမ်ပျက်ဖို့ကိန်းရှိတယ်။ ဟို ကျွန်တော့်သူငယ်ချင်း ဖိုးဆော့တို့ အိမ်မှာ သွားနေချေဦးမယ်၊ ဦးဖျော်ရယ်၊ မောင်သန်းရယ် အဲ...အခု လာမယ့် မဟို ဒင်းရယ်၊ တော်သလိုပဲ နေကြဦးတော့"ဆို၍ အထုပ်ပြင်ရန် အခန်းထဲသို့ ဝင်သွားလေ၏။

"ဟော့–မောင်ခရဲ့၊ လာပါဦးကွဲ့၊ ဒါတော့လည်း ဖြစ်လွန်းသကွာ၊ ဘယ်သွားရမလဲကွဲ့၊ မဟုတ်ထာပဲ။ မင်းမသွားရဘူး။ မင်းလည်း ဘာမှ မပူနဲ့၊ ဒီကိစ္စကို ငါကြည့်စီမံမယ်"

"ဟာ–တယ်ခက်တယ်ဦးဖျော်၊ နေပါဦး၊ ဒီမိန်းကလေးက မြို့ ထဲမှာ ကမြင်းနေတာ အားမရလို့ အခု ဒီတောထဲ တောင်ထဲ လာပြီး ကမြင်းဦးမလို့တဲ့လား။ သူ့အဖေကကော ဒီမှာ လူပျိုရှိနေတယ်ဆိုတာ သိတယ်မဟုတ်လား။ ဘာပြုလို့ သူ့သမီးအပျိုကို ဒီလိုလွှတ်ချင်ရတာလဲ ဗျ။ ကျွန်တော်ကို တမင်အရွဲ့တိုက်တယ်ထင်တာပဲ"

"ဟဲ့–ဟဲ့–သူ့အဖေကို အပြစ်မချနဲ့၊ အခုလာမယ်ဆိုတာ သူ့ အဖေသဘောမဟုတ်ဘူး။ မိန်းကလေးရဲ့ သဘော၊ သူက တစ်အိမ်လုံးမှာ ဗိုလ်ကွဲ့၊ သူ့အဖေကလည်း ကြောက်ရတာပဲ။ သူသွားချင်တဲ့နေရာကို သူလုပ်ချင်တဲ့ဟာကို အကုန်အလိုလိုက် ရတယ်မောင်ရဲ့၊ အမှန်မှာ ကလေး ဆိုးကြီးလိုဖြစ်နေတယ်။ ဘယ်သူမှ နိုင်တဲ့လူ မရှိဘူး"

"သြော်–ဟုတ်ကလား၊ တယ်ဆိုးတဲ့ ဟာမကလေးပါကလား၊ ဒီလိုဖြင့် ကျုပ်ကို အပ်ထားစေချင်တယ်။ မကြာရဘူး၊ ၃ လတည်းသာ

အပ်ပါဗျာ၊ တစ်ခါတည်းလေ သိလား"ဟု ဒေါနှင့်မောနှင့် ပြောလေသည်။

ထိုအခါ ဦးဖျော်က ရယ်၍ "အေး...ဒီလိုမှပေါ့ကွဲ့၊ ဘယ့်နှယ် မဟုတ်တာပဲ မိန်းမတစ်ယောက်လာတာနဲ့ ယောကျ်ားက တခြားပြေးရ မယ်လို့"

"ကြောက်လို့ ပြေးမှာ မဟုတ်ဘူးဦးရဲ့၊ ရှုံလို့ ရှောင်မှာ"

မောင်ခ အိမ်မပြောင်းဖြစ်ချေ။ ကြို့နေ့ကြိုချိန်ကျ၍ ၂ယောက် သား လှည်းနှင့် ဘူတာသို့ လာခဲ့၏။

ရထားဝင်သောအခါ ဦးဖျော်က "ဟော့–ဘိုစီးတွဲမှာ ကြည့်"ဆို ၍ ဒုတိယတွဲတွင် ကြည့်ကြရာ မိန်းမတစ်ယောက်မျှ မပါချေ။ သို့နှင့် လျှောက်၍ ကြည့်ခဲ့ရာ အစိုးရတွဲခေါ်သော ပထမတွဲကျမှ တွေ့ကြလေ၏။ ဦးဖျော်ကား ထိုရှိဇီခင်တင့်ထူးကို မှတ်မိ၏။

ရှိဇီမှာ နောက်ပိတ်၊ လယ်ဟိုက်၊ အနားတွန့်လုံချည်၊ ဆံထုံးကြီး စသည်ဖြင့် ဘိုဆန်ဆန် ဝတ်စားလျက် ရှိ၏။ နှုတ်ခမ်းဖျားနှင့် ပါးနှစ် ဖက်တွင် ပန်းဆီဆိုးထား၏။ လက်တွင် ငွေကွပ်သော ကြိမ်လုံးငယ်ကို ကိုင်၍ ပါးစပ်တွင် မီးမရှိသော စီးကရက်ကို တပ်လျက်ရှိ၏။

"သြော်–အဘိုးကြီး လာကြိုသလား၊ ဟိုမောင်ခ ဆိုတဲ့လူ မပါ ဘူးလား"(မောင်ခသည် ဘိုဆန်သူကို ရှုံတတ်ကြောင်း၊ ရှိဇီသည် သန့်သန့် ကြားဖူး၏။)

"ပါပါတယ်။ ပါပါတယ်။ ဟော့– မောင်ခရေ၊ ဒီအနား လာ လကွယ်'ဟု ခပ်လှမ်းလှမ်းမှနေ၍ အကဲခတ်နေသော မောင်ခကို လှမ်း ၍ ခေါ်လိုက်လေ၏။

ရှိဇီမှာ မောင်ခအောက် ၃–၄နှစ် လောက် ငယ်လိမ့်မည်။ သို့ရာ တွင် ကိုယ်လုံး မသေးသဖြင့်လည်းကောင်း၊ မောင်ခမှာ တောသားဖြစ် သဖြင့်လည်းကောင်း၊ အထူးသဖြင့် မိမိ၏ ပစ္စည်းစောင့်မျှသာ ဖြစ်သဖြင့် လည်းကောင်း အထက်ကနေ၍ စကားပြော၏။ ဘိုဆန်သည်ကို ရှုံတတ်

စည်ဆို၍ အရွဲ့လည်း တိုက်လို၏။

"အိုး–သည်ဥစ္စာဟာ မောင်ခလား၊ အိုင် ရန်ဂူးမှာ အလွန်ပူးအိုက်သည်း။ ခြံထဲမှာ ချမ်းအေးသော ရာသီဥတုရှိသည်၊ သို့ကြောင့် ကျွန်ုပ်ပြောင်းလဲရန် လာခဲ့သည်း"

မောင်ခသည် ဘာမျှပြန်မပြောချေ။ စိတ်ထဲတွင် ယားကျိကျိဖြစ်ကာ ရိုးရိုးစိုက်စိုက်ကြီး ရိုဇီ၏ မျက်နှာကို ကြည့်နေသည်။

"ဩော်–ဘုရား ဘုရား၊ မိန်းကလေးဟာ ပုံပန်း မခေဘူး၊ ရုပ်လက္ခဏာ ကြန်အင်္ဂါလည်း လူကောင်းလူမွန်ဖြစ်ဖို့ ရှိတယ်၊ အပြင်က ပယောဂတွေကြောင့် ပျက်နေတာပဲ"ဟု တွေးမိ၏။

ရိုဇီသည် သူ့နောက်က အဖော် မဆင့်ဘက်သို့ လှည့်၍ "မဆင့်ကျေးဇူးပြု၍ မီးခြစ်ခြစ်လိုက်ပါး"ဟု အမိန့်ပေး၏။ မဆင့်က မီးခြစ် ခြစ်၍ ရိုဇီပါးစပ်တွင် တပ်ထားသော စီးကရက်ဆေးလိပ်ကို မီးတို့ပေး၏။ စီးကရက်ကို ခပ်မော့မော့သောက်ကာ မောင်ခမျက်နှာဘက်သို့ မီးခိုးများများမှုတ်၍ လွှတ်လိုက်လေသည်။

မောင်ခသည် အတော်စိတ်ထသွား၏.။ "နေဦးကွယ်၊ ငါနဲ့တော့တွေ့ကြရောပေါ့"ဟု စိတ်ထဲက ကြိမ်း၍ "ကိုင်း... ဦးဖျော်သွားကြစို့ဗျာ" ဆို၍ လှည်းဆီသို့ လာခဲ့၏။

ဦးဖျော်က ကြပ်မတ်၍ လူနှင့် ပစ္စည်း လှည်းပေါ် ရောက်ကြသောအခါ မောင်ခကိုယ်တိုင် လှည်းမောင်း၏။ စိတ်တွင် အငြိုးထားကာ အထွက်တွင် နွားကို သံချွန်တပ်သော ကြိမ်နှင့် ဆတ်ခနဲ ထိုးလိုက်၏။ လှည်းဆောင့်၍ ထွက်လေရကား ရိုဇီသည် "အိုး...ဂေါ့ဒ်"ဆို၍ ပက်လက်လန်သွားလေ၏။ "ဟော့–မောင်ခ၊ မောင်မင်း ကောင်းကောင်းမောင်းပါ၊ ကျွန်ုပ်အပုံကြီး စိတ်ဆိုးသည်"ဟု ကြိမ်းလိုက်၏။

မောင်ခသည် လမ်းကြမ်းသောဘက်က သက်သက် လှည့်၍ မောင်းခဲ့၏။၊ ခပ်မြန်မြန်လည်း မောင်း၏။ လှည်းပေါ်က လူနှင့် ပစ္စည်း

တို့မှာ ပဲခူးငလျင် လှုပ်သကဲ့သို့ ဖြစ်နေ၏။ သက်သက်လုပ်သည်ကို ဦးဖျော်သိ၏။ ခရီးတစ်ဝက်လောက်တွင် အတန်မြင့်သော လယ်ကစင်း (လယ်ကန်သင်း)ကို အရှိန်နှင့် ကျော်တက်၍ မောင်းလိုက်ရာ လှည်းစောင်း၍ ဆောင့်လိုက်သည်တွင် ရှိဇီသည် မောင်ခအပေါ် ခွလျက် လဲကျ၍ ဖက်ထားလိုက်လေ၏။

ထိုအခါမှ မောင်ခမှာ ကျောကို တောက်တဲ့ကပ်သကဲ့သို့ ကျောကော့ပြီး အတင်းရုန်း၍ ခါချလေ၏။ လှည်းကလည်း သွားလျက်ပင် ရှိသဖြင့် တော်တော်နှင့် ခွာ၍ မရလေ၊ ဦးဖျော်နှင့် မဆင့်တို့မှာ ၎င်းတို့ အဖြစ်ကို ကြည့်၍ အလွန် ရယ်မော ပျော်ရွှင်ရလေ၏။

လှည်းအတန်ငြိမ်သောအခါ ရှိဇီမှာ ဆံထုံးတွေ၊ ဘာတွေ ပျက်၍ အတော် ဖရိုဖရဲ ဖြစ်နေ၏။ အတန်လည်း စိတ်ဆိုး မျက်နှာနီလျက် "ဟေ့ မောင်ခ၊ ဘာလုပ်တာလဲ၊ ဘာမှတ်လို့လဲ၊ ငါ့ကို အရွဲ့တိုက်တာလား၊ ဟုတ်လား"စသည်ဖြင့် ရန်တွေ့လေသည်။ ထိုရန်တွေ့ရာ၌ကား အင်္ဂလိပ်သံ မပါတော့ချေ။

မောင်ခကား လှည့်၍မကြည့်၊ မောင်းမြဲ မောင်းနေ၏။ ရှိဇီသည် မချင့်မရဲ ရှိလာ၍ "ဒီလူက ဘာမှတ်လို့လဲ ဟင်"ဟု ဆို၍ မိမိလက်ကိုင်ကြိမ်နှင့် ရိုက်မည်ပြုသည်ကို မဆင့်က ဆွဲထားသဖြင့် မရိုက်ရသောကြောင့် လက်နှစ်ဖက်နှင့် မောင်ခကျောပြင်ကို ဆင့်၍ ဆင့်၍ စုံထုလေ၏။ မောင်ခသည် တွန့်ခနဲ တွန့်ခနဲ ဖြစ်သွား၏။ သို့တွန့်သည်မှာ နာ၍မဟုတ်၊ သူ့အထိကို မခံလို၍ ဖြစ်သည်။

ထိုအခါမှ မောင်ခသည် အတန်ကျေနပ်၍ လမ်းကောင်းကောင်းက ဖြည်းဖြည်း မောင်းလေသည်။ သို့မောင်းလေသည်မှာ ရှိဇီကို အားနာ၍ မဟုတ်၊ အဖက်အထိ မခံလို၍ ဖြစ်သည်။

*

အိမ်ရောက်ကြသောအခါ ဦးဖျော်နှင့် မောင်သန်းတို့က အရာရာ

ကြည့်ရှု ပြုစုရလေသည်။ မောင်ခကား လယ်ထဲသို့ ဖြစ်စေ၊ ခြံတွင်းသို့ ဖြစ်စေ၊ အရပ်ထဲသို့ဖြစ်စေ ရှောင်နေတတ်၏။ ညကိုလည်း အိပ်ချိန်လောက်မှ ပြန်လာတတ်၏။

ဦးဖျော်ကလည်း သမီးရင်း တူမရင်းသို့ အလွန်ဂရုစိုက်၏။ မောင်သန်းကလည်း "မမ...မမ"နှင့် အလွန်ခင်မင်၏။ ရှိဇီမှာ ဦးဖျော်၊ မောင်သန်းတို့နှင့်လည်းကောင်း၊ အစားအသောက်နှင့်လည်းကောင်း၊ လယ်ယာခြံမြေအိမ်နှင့်လည်းကောင်း အလွန်အချိုးကျ၍ များစွာ နှစ်သက်ဝမ်းမြောက်လှ၏။ သို့ရာတွင် သို့သော် သို့ဖြစ်လင့်ကစား မောင်ခကိုကား မကျေနပ်ချေ၊ လူကို မုန်းသည်ကား မဟုတ်၊ ဥစ္စာပေါ၊ ရုပ်ချော၊ အင်္ဂလိပ်စာတတ်၊ အထက်တန်းစား၊ ခေတ်ဆန်သူ ကျေးဇူးရှင်တစ်ယောက်ကို တောသား၊ ဆင်းရဲသား၊ အင်္ဂလိပ်စာ မတတ်၊ ကျေးဇူးစားတစ်ယောက်က ရှောင်နေသည်ကို မခံချင်ခြင်းဖြစ်သည်။ မောင်ခသည် မြန်မာ စာပေဘက်ကလည်းကောင်း၊ ဗေဒင်ဘက်ကလည်းကောင်း အသင့်အတန်ခေါက်မိသည်ကိုကား ဦးဖျော်ထံမှ ကြားသိရ၏။

"နေပါဦး–ဦးရဲ့၊ မောင်ခက ဘယ်သွားနေတာလဲ"

"သူလေ ဟိုဒင်း ဒီလိုပဲ လည်နေတတ်တယ်"

"အမယ်...ဦးက မဖာပါနဲ့၊ ကျွန်မကို အရွဲ့တိုက်နေတာ၊ သူ့ကို ခဏခေါ်ပေးစမ်းပါရှင်"

ခြံထဲ ထောင့်တစ်ထောင့် သရက်ပင်တစ်ပင်အောက်၌ စာဖတ်နေရာမှ လိုက်လာခဲ့၍ အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ ရှိဇီနှင့် ခပ်လှမ်းလှမ်းတွင် ဘေားစောင်းထိုင်၍ နေလေသည်။

"မောင်ခ မြန်မာစာတတ်သည်းဟု ကျွန်ုပ်ခြားသည်၊ ကျွန်ုပ် မြန်းမာစာ ဖတ်ချင်သည်း"

မောင်ခသည် ဘာမျှ ပြန်မပြောဘဲ အိမ်ပေါ်သို့ အမြန်တက်သွားပြီး ဘုရားစင်ဘေးက မိမိ၏ စာအုပ်မျိုးစုံကို တစ်ပွေ့ ပွေ့လာ၍

ရှိဇီရှေ့တွင် ချထားပြီးနောက် လှည့်ထွက်သွားမည့်အလုပ်တွင်...

"အိုး...အပုံကြီး ဈေးဖူးတင်သည်း၊ အိုး–နေပါဦး၊ မြန်းမာကဗျာကို ဖတ်ချင်သည်း၊ ဘာခေါ်တယ်...ဟို ဒွေးချိုးတို့ တေးထပ်တို့ ဆိုတာ၊ သည်းဟာတွေပါတဲ့ စာတစ်အုပ် ရွေးပေးပါမောင်ခ"

မောင်ခသည် မြန်မြန်လွတ်ချင်သည်နှင့် အဆင်သင့် အပေါ်ဆီက ရှိသော မဟာဂီတ စာအုပ်ကို ဆွဲ၍ တေးထပ်ခန်းကို လှန်လိုက်ရာ စာမျက်နှာ ၁၂၆–၁၂၇ တို့ ပေါ်လာလေ၏။ "ရော့–ဒီမှာ တေးထပ်တွေ ပါတယ်။ ဖတ်ကြည့်တော့"ဆို၍ ပေးလိုက်၏။

ရှိဇီသည် အပေါ်ဆုံးထိပ်က နံပါတ် ၁၈၀ မယ်ဘွဲ့တေးထပ်ကို အလျင် တွေ့ရှိ၊ စာလုံးပေါင်း၍ ဖတ်လိုက်သည်မှာ...

"ထက်ဝေယန် ဘုံကြွမှာ၊ ဝါသဝဘုန်းကြွယ်၊ ရွှေဖူးစာ နီးလွယ်အောင် ဖန်လာတယ်လေသိ..."

"အိုး...ဒါဘာတွေလည်း တစ်လုံးမှ နားမလည်ပါဘူး"

"ဝေယယန်က ဝေဇယန္တာဆိုတဲ့ သိကြားနေတဲ့ ပြာသာဒ်၊ ဝါသဝက သိကြား၊ နဖူးစာဆိုတာက နဖူးမှာ ဘယ်သူနဲ့ဘယ်သူ ညားရမယ်ဆိုတဲ့ စာ"

"သြော်...နဖူးမှာ ဘယ်သူနဲ့ ဘယ်သူညားဖို့ စာပါသတဲ့လား၊ ဆေးရုံမှာ လူကောင်ကို အမြဲဖျက်ကြည့်နေတဲ့ ဆရာဝန်တွေဟာ စာတွေ့တယ်လို့ တစ်ခါမှ မကြားဖူးပါကလား"

"စာအစစ် ဟုတ်ချင်မှ ဟုတ်မယ်ဗျ၊ တစ်ဦးနဲ့တစ်ဦး ညားဖို့ အကြောင်းကံရှိတယ်လို့ ဆိုချင်တာနဲ့ တူတာပဲ"

"အိုး–ရေးတာတခြား၊ အဓိပ္ပာယ်တခြား၊ မြန်းမာကဗျာ ဘယ်မှားကောင်းလို့လဲ"

"အဲဒီလို အဓိပ္ပာယ်နက်နက် တွေးယူရတာဟာ ကောင်းတာပေါ့ဗျာ..." (မခံချင်စိတ်နှင့် ခပ်ဆတ်ဆတ်ပြောသည်)

"နေပါဦး၊ ပြီးတော့ သိကြားဆိုတာက ဘာလဲ"

"သိကြားဆိုတာ မိုးပေါ်မှာနေတဲ့ နတ်တွေရဲ့ ရှင်ဘုရင်"

"အို...အိုင်ဆီး၊ ဩော်...ဟိန္ဒူဘာသာမှာလာတဲ့ ဟိန္ဒူနတ် အင်ဒရကိုခေါ်တယ်မှတ်တယ်။ ဟား...ဟား... မောင်ခတို့ မြန်မာတွေက ကုလားနတ်တွေကို အရေးတယ်ယူပါကလား၊ ကိုင်း...ကိုင်း... နေပါဦး၊ အဲဒီသိကြားက ဘာလုပ်တယ်..."

"သိကြားက ယောကျ်ားမိန်းမ ၂ ယောက်ကို ညားဖို့ လင်မယား ဖြစ်ဖို့စီမံပေးတာပေါ့"

"ဟင်...နတ်ရှင်ဘုရင်ရဲ့ အလုပ်ဝတ္တရားထဲမှာ သမီးရည်းစား စပ်ပေးရတဲ့ အောင်သွယ်အလုပ်လည်း ပါသလား"

"ဟာ... ခင်ဗျား အင်မတန် ကတ်သီးကတ်သတ်နိုင်တယ်၊ မသိဘူးဗျာ" (မောင်ခ စိတ်တို၍ လာသည်)

"နေပါဦး၊ အဲဒီသိကြားက စပ်ပေးတဲ့ ယောကျ်ားနဲ့ မိန်းမဟာ ဘယ်သူနဲ့ ဘယ်သူတဲ့လဲ။ နာမည်ကို သိလား"

"ဟာ...ဘယ်သိမလဲဗျ"

"ထင်ကော မထင်တတ်ဘူးလား"

"အင်း...အင်း...ထားပါတော့'။ ဒါဖြင့် ဤယခု တေးထပ်သည်း သိကြားက ညားလွယ်အောင် ဖန်တီးပေးတယ်ဆိုတဲ့ သဘောပေါ့။ အင်း... ဟုတ်ပေသည်။ အိုး...ဒါဖြင့် မြန်မာကဗျာဟာ ဘယ်မှာ ခက်လို့လဲ"

"ဒီက အဓိပ္ပာယ် ပြောပေးပြီးမှကိုး။ လွယ်မှာပေါ့။ ကိုင်း...ရော့၊ ဟောဒါ ဖတ်စမ်း"ဆို၍ ကိုးခန်းပျို့ ကဗျာပထမပိုဒ်ကို ပြလိုက်လေ၏။

ရှိဇီဖတ်ကြည့်ရာ "ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပဟုန်းစုံး၊ ဖက်မဲ့ကြိုးသား၊ အားသုံးထောင်ထား၊ မျိုးလေးပါး၏။ တကပ်ပွား စောင်းမာန်၊ လွှားတံခွန်ကို..."ဟု တွေ့ရလေသည်။

"အဲဒါကော နားလည်ရဲ့လား"

"ဟင့်အင်း...နားမလည်ဘူး၊ တချို့ ကြားတောင် မကြားဖူးဘူး၊ မောင်ခ အဓိပ္ပာယ် ပြောပေးပါ"

"ကျွန်တော်လည်း မသိဘူး"ဟု ဇာတ်ကြောကို ဖြတ်ပစ်လိုက်လေ၏။ ရှိဇီကလည်း ရိပ်မိ၏။

"ကိုင်း...ကိုင်း...မသိရင်လည်း နေပါ၊ ခြံထဲဘာထဲကို လှည့်ကြည့်ချင်သည်း၊ လိုက်ပြစမ်းပါ"

မောင်ခသည်လည်း ငါတော့ ချောက်ကျတာပဲဟု ညည်းညူကာ စိတ်မပါ့တပါနှင့် လိုက်၍ ပြရလေ၏။

ဒီမိန်းမ မြန်မြန်စိတ်ပျက်ရင် မြန်မြန်ပြန်မှာပဲဟု ရှေးဦးစွာ သရက်ပင်ကိုတွေ့က အထူးအဆန်းအနေနှင့်...

"အဲဒါ သရက်ပင်ခေါ်တယ်"

ရှိဇီက ပြုံး၍ "အို...အိုင်ဆီး၊ သြော်...သရက်သီးသည်း ဒီအပင် မျိုးက သီးတာကိုးနော်...နေပါဦးမောင်ခ၊ သရက်သီး စားဖူးသလား"ဟု ပြန်၍ ပက်လိုက်လေ၏။

"ဟာ...သရက်သီး ဘယ့်နှယ် မစားဖူးဘဲ ရှိမလဲဗျာ"

"မောင်ခတို့ဆီက တောသားတွေစားတဲ့ သရက်သီးကို ပြော သည်းမဟုတ်ဘူး။ မြို့သူတွေစားတဲ့ သရက်သီးကို ပြောခြင်းဖြစ်သည်း" ဟု နှံလိုက်လေ၏။

မောင်ခသည် အောက်နှုတ်ခမ်းကိုက်နေလေ၏။

'ဟိုအကိုင်းကြားထဲမှာ သရက်သီး အစိမ်းတစ်လုံး မြင်ရသည်း ဆွတ်ပေးပါမောင်ခ"

"ဒီအပင် အင်မတန် ခါချဉ်ကိုက်တယ်၊ ဘယ်သူမှ မတက်ဝံ့ဘူး"

ရှေ့သို့ လျှောက်သွားကြရာ မောင်ခက "အဲဒါက ပိန္နဲပင်ခေါ် တယ်"ဟု ပြောလိုက်ပြန်၏။

"ပိန္နဲသီးတစ်လုံး တက်ခူးပေးပါ"

"မမှည့်သေးဘူး"

ရှေ့နားရောက်ပြန်သော် "ဟောဒါတွေက နှင်းဆီပင်တွေ"

"နှင်းဆီပွင့်တစ်ပွင့် ခူးပေးပါ"

မောင်ခမှာ ဆင်ခြေရှာမရ၍ တစ်ပွင့်ခူးပေးလိုက်ရလေ၏။

ပန်းကိုပန်ပြီးနောက် "ဒီမှာ မောင်ခ၊ ကျွန်ုပ်သည် ပန်းနှင့် တော်ရဲ့လား။

"ပုံပန်းကတော့ အလှသား၊ အတော်သားပဲ၊ အယူအဆတွေ အမူအရာ အပြောအဆိုတွေက ဖျက်လို့ ခွကျနေတာ"ဟု အမေးနှင့် မဆိုင်လှသော်လည်း ဝမ်းထဲတွင် ရှိသည်တို့ ထွက်သွားလေ၏။

ရိုဇီကလည်း အသံ အတော်ထွက်အောင် ရယ်လိုက်လေ၏။

ထိုအတွင်း မောင်သန်းသည် ရိုဇီကို မနက်ထမင်းစား လာ၍ခေါ်လေ၏။ ၃ ယောက်သားသည် နွားခြံရှေ့သို့ ရောက်သော် လက်သပ်မွေးထားသော နွားထီးကြီး ၄ကောင်ကို ပြ၍ "နွားဆိုတာ ဒါကို ခေါ်တယ်" ဟု မောင်ခက စပြန်လေ၏။

"အို…အိုင်ဆီး၊ ကျွန်ုပ်တို့ ကော်ဖီနှင့်သောက်တဲ့နွားနို့ဟာ ဒီအကောင်ကြီးတွေဆီက ရတာကိုနော်၊ နေပါဦး၊ ဘယ်အနားက နို့ထွက်သလဲ"ဟု ပြန်၍ ခွထိုးလိုက်လေ၏။

မောင်ခသည် ဘာဖြစ်ဖြစ် မတော်တရော် ပြောတော့မည်ဟု ပြင်နေစဉ် မောင်သန်းက ဝင်၍ "မဟုတ်ပါဘူးမမရဲ့၊ ဒါက နွားထီးတွေ၊ နွားမကမှ နို့ထွက်တယ်၊ နွားမတွေက ဟိုဘက်ခြံမှာ"ဟု ဝင်၍ ကယ်လိုက်ရလေ၏။

ရိုဇီက "အို..အိုင်ဆီး"ဟု ဆိုလိုက်၏။

မောင်ခက "နေပါဦး၊ ခင်ဗျားက အိုင်ဆီး–အိုင်ဆီးနဲ့ ဘာကို ပြောတာလဲ" ဟု မေးလေ၏။

"အိုင်ဆီးဆိုတာ မောင်ခတို့မတတ်တဲ့ အင်္ဂလိပ်စကားဖြစ်သည်း၊ ကျွန်ုပ်နှုတ်ကျိုးနေသည်၊ အဓိပ္ပာယ်ကတော့ သြော်...သိပြီ၊ နားလည်ပြီ... လို့ ဆိုလိုသည်း"

ထိုအခါ မောင်ခက အားကျမခံဘဲ "အို...အိုင်ဆီး"ဟု လွှတ်လိုက်လေ၏။

*

ယနေ့အထိ မောင်ခသည် ရှိဇီနှင့်အတူ ထမင်းတစ်ခါမျှ မစားခဲ့လေ၊ တစ်နည်းနည်းဖြင့် ရှောင်၍ တော်ရာမှာ စားခဲ့၏။ ယခုမနက် ထမင်းစားချိန်၌ကား ရှိဇီက မစားမနေရဆို၍ အတူစားရတော့၏။ ရှိဇီသည်လည်း ထိုအခါကစ၍ စကားပြော မဝဲလှတော့ချေ။

ရှိဇီက ဇွန်းခက်ရင်းနှင့် စား၏။ မောင်ခက မိရိုးဖလာအတိုင်း လက်နှင့် စား၏။

"မောင်ခ လက်နဲ့စားတာဟာ အင်မတန် ညစ်ပတ်တယ်မဟုတ်လား"

"လက်ကို ရေစင်စင်ဆေးရင် မညစ်ပတ်ပါဘူး"

"မဟုတ်ဘူးမောင်ခ၊ ဘယ်နည်းနဲ့မှ မစင်နိုင်ဘူး။ ဆေးပြီးစက စင်တယ်ထားဦး၊ စားနေရင်း လက်ဆီတို့ ဘာတို့ထွက်နိုင်တယ်၊ ပြီးတော့ ဟင်းခွက်ထဲကို လက်နဲ့နှိုက်တော့လည်း မသန့်မရှင်း ဖြစ်ကုန်တာပဲ။ အရွဲ့မတိုက်ပါနဲ့ မောင်ခရယ်၊ ဇွန်းနဲ့ခက်ရင်းနဲ့စားတာက ကျန်းမာရေးမှာ မုချပိုကောင်းရတယ်မဟုတ်လား"

မောင်ခသည် ဤအချက်ကို မငြင်းနိုင်ချေ။ ရှိဇီက ဆက်ပြန်သည်ကား...

"အခု ကမ္ဘာမှာ ယဉ်ကျေးတယ်ဆိုတဲ့ ဥရောပ အမေရိကန် အနောက်တိုင်းသားတွေရော၊ တရုတ်၊ ဂျပန် စတဲ့ အရှေ့ဘက် တိုင်းကြီး

ပြည်ကြီးသားများရော အားလုံးပဲ လက်နဲ့ မစားမသောက်ကြဘူး။ ဇွန်း၊ ခက်ရင်း၊ တူတို့နဲ့ စားကြသောက်ကြတယ်။ ရှင်တို့ မြန်မာတွေ ကုလား တွေနဲ့ ကပ္ပလီစတဲ့ လူရိုင်းတွေသာ လက်နဲ့စားကြတာ၊ အဲဒါဟာ မြန်မာ တွေ ပြုပြင်ဖို့ မကောင်းဘူးလား"

"အင်း... ကောင်းသလောက်တော့ ကောင်းပါလိမ့်မယ်၊ နို့– ဇွန်းခက်ရင်းအတွက် စရိတ်ပိုမကုန်ဘူးလား"

"ထပ် မကုန်လှပါဘူး။ အခုပဲ ဟင်းခွက်ငါးပိခွက်တို့အတွက် ဇွန်းကို သုံးနေပြီမဟုတ်လား၊ နည်းနည်းပါးပါးသာ ထပ်ဖြည့်ရတော့ မယ်။ ဖြည့်ရတဲ့အတွက်လည်း အကျိုးက ၂ ဆ၊ ၃ ဆ မက ပိုရနိုင်ပါတယ်။

မောင်ခသည် ဘာမျှ ပြန်မပြောချေ။ ပြောစရာလည်း မရှိလှ၊ မောင်ခသည် ယခုတစ်ခါဖြင့် စကားပြောတော့မည်။ ရှောင်မနေတော့ဘူး၊ ပြုပြင်လျှင်လည်း ရမည့်မိန်းကလေးနှင့် တူ၏ဟု စကားဆက်၍ ပြောဟန် ကား–

"ခင်ဗျားကို စကားပြောချင်တယ်ဗျာ၊ ခင်ဗျား အမူအရာ အသုံး အနှုန်းတွေဟာ မကောင်းတာများပါတယ်။ ဥပမာဗျာ... ခင်ဗျားနာမည် က ဘာတဲ့...'

"ရိုဇီခင်တင့်ထူး..."

"မြန်မာနာမည် ရိုးရိုးတော့ မဟုတ်ဘူး။ အဓိပ္ပာယ် ပြောစမ်း ပါဦး"

"ရိုဇီက အင်္ဂလိပ်အသုံးအနှုန်း၊ မိန်းမကလေးများ၏ အမည် တစ်ခုဖြစ်တယ်။ အဓိပ္ပာယ်က မြန်မာလိုတော့ မနှင်းဆီပေါ့။ နှင်းဆီပန်း လိုလှတယ်။ မွှေးတယ်။ အရောင်ကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ကျွန်မ ပါးနဲ့ နှုတ်ခမ်းမှာ နှင်းဆီရောင်ဆိုးထားတာ ပိုမလှဘူးလား"

မောင်ခက ပြုံး၍ "စိတ်မဆိုးနဲ့နော်၊ ကျွန်တော်တည့်တည့်ပြော မယ်၊ မြန်မာအသားနဲ့ ခင်ဗျား နှင်းဆီရောင်နဲ့ မလိုက်ဘူး။ နှုတ်ခမ်းမှာ

လည်း ကွမ်းစားထားတဲ့ အရောင်နဲ့မှ လိုက်တာဗျာ။ အဲဒီတော့ ခင်ဗျားပါး ကို ဆေးမဆိုးပါနဲ့၊ ကွမ်းစားပြီး မှန်ထဲ ကြည့်စမ်းပါ။ အခုထက် ၁၀ ဆ လှလာစေရဲ့"

ရှိဇီသည် များစွာ ပြုံးရယ်၍ "ကဲရှင်… ရှင့်အကြိုက်ပဲ လုပ်ပါ့ မယ်တဲ့…"ဟု ပြောလိုက်၏။

"ကဲ…ခင်ဗျားနာမည်ကို ဆက်ပါဦး"

"အဲ…အဲ… 'ရှိဇီ'ကို ပြောပြီးပြီ၊ "ခင်တင့်"က မြန်မာနာမည်ရင်း ပေါ့။ အဖျားက 'ထူး'ကလည်း အင်္ဂလိပ်ထုံးစံအရ ထည့်ထားတာ၊ သူတို့ ထုံးစံအရ အဖနာမည်ကို အဖျားက ဆက်ထည့်တတ်တယ်။ အခု ကျွန်မ မခင်တင့်အဖေက ဦးထူးဆိုတော့ "ခင်တင့်ထူး"ဖြစ်လာတယ်။ မြလွင်ရဲ့ အဖ ဦးမြင့် ဆိုရင် "မြလွင်မြင့်"၊ ခင်သိန်းရဲ့ အဖေ ဦးမဲ့ဆိုရင် "ခင်သိန်း မဲ့"၊ တင်မေရဲ့ အဖေဦး…"

"ဦးပေါက်တူးဆိုရင်" ဟု မောင်ခက ထောက်လိုက်ရာ…

"အဲ–အဲ–တင်မေပေါက်တူးပေါ့ဟု ရယ်မော၍ ရှိဇီက အစသတ် လိုက်ရလေ၏။

တစ်ဖန် ဆက်၍ "မောင်ခအဖေက ဦးဘဆိုတော့ 'မောင်ခဘ'။ နို့မဟုတ်ရင်လည်း 'ပီတာ ခဘ'လို့ ခေါ်ချင်လည်း ခေါ်ပေါ့"ဟု ထပ်၍ ပြောလေသည်။

"မလုပ်ပါနဲ့ဗျာ…ကျွန်တော့်နာမည်ရင်းအတိုင်းပဲ ရှိပါစေ၊ ဒီလိုပါ မခင်တင့်ရယ်၊ ရှိဇီခင်တင့်ထူးဆိုတဲ့ နာမည်ကို ခင်ဗျားပဲ နား ထောင်ကြည့်စမ်းပါဦး။ တစ်ချက်ကမှ အဆီအငေါ် မတည့်ပါဘူးဗျာ၊ အနည်းဆုံး အဖျားက "ထူး"နဲ့ ဆုံးနေတာ နားထောင်လို့ မကောင်းပါဘူး။ အဲဒီအဖျားတော့ ဖြုတ်စေချင်တာပဲ"

ခင်တင့်သည် အတန်ကြာ စဉ်းစားနေ၏။ "ဟုတ်တယ် မောင်ခ၊ ကျွန်မလည်း မကြိုက်လှဘူး။ ဘိုဆန်ချင်တာနဲ့ ထည့်ထားတာ အမှန်ပဲ။

သြော်...လောကဟာ တယ်ခက်တာကလား။ ကိုယ့်စိတ်က ကောင်းမယ် ထင်ရင် ကိုယ့်ကိုယ် အနစ်နာခံပြီးတောင် ဟန်လုပ်ကြတယ်ရှင့်။ ဥပမာ– တရုတ်မများ ခြေကျိုးခြေသိမ် ရှိမှ လှတယ်။ မြင့်မြတ်တယ် ထင်ကြတယ်။ အင်္ဂလိပ်မများလည်း ဖိနပ်ကျဉ်းကျဉ်းကလေးကို နောက်မြင့်မြင့်စီးမှ လှတယ်ထင်တယ်။ ကျွန်မကိုယ်တိုင် စီးတာကြာလှပြီ။ အခုမှ ဖွင့်ပြောရဦး မယ်၊ ဖိနပ်ကျပ်လို့က တစ်မျိုး၊ နောက်က အဆမတန် မြင့်နေတော့ တစ်ကိုယ်လုံးရဲ့ အလေးဟာ ရှေ့က ခြေဖျားကလေးပေါ်မှာ သွားတည်နေ တော့ အိုရှင်... လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်ဘူး။ အဲဒီလို အဆမတန် အနစ်နာခံပြီးတော့ လှချင်တယ်၊ ဘိုဆန်ချင်တယ်ဆိုတာဟာ တော့ အင်း...မတော်ဘူး ဆိုရမယ်။ ကျွန်မတို့ ကြားရတာက အမေရိကန် ပြည်သူတွေတော့ အများအားဖြင့် ဖြက်ကျယ်ကျယ်နဲ့ ခုံနိမ့်ကို စီးတယ်ဆို ပဲ။ အဲဒီလိုဆိုရင် တော်သေးရဲ့၊ အခု ဒီက အင်္ဂလိပ်မတွေ ဝတ်ပုံစားပုံတော့ မတော်ဘူးလို့ ကျွန်မထင်တယ်။ အဲဒီတော့ နောက်ပိတ်ကို ကျွန်မစီးဦး၊ ကျပ်ကျပ်နဲ့ ခုံမြင့်ကိုတော့ မစီးတော့ဘူးလို့ အောက်မေ့တာပဲ"

တစ်ဝက်တစ်စိတ်လျော့လာခြင်းသည်ပင် အကျိုးကြီးလှပြီဟု မောင်ခက "သာဓုဗျာ"ဟု ခေါ်လိုက်၏။

"နို့ 'ထူး'ကိုတော့ ဖြုတ်မယ်မဟုတ်လား"

"ဟုတ်တယ်၊ 'ထူး'ကိုလည်းဖြုတ်မယ်၊ 'ရှိဇီ'တော့ တစ်ကျောင်း လုံးကလည်း ခေါ်နေတယ်။ အရပ်ထဲကလည်း ခေါ်နေတယ်။ တော်တော် နဲ့ ဖြုတ်လို့ ဖြစ်မယ်မဟုတ်ဘူး"

"ဟုတ်ကဲ့၊ ချက်ချင်း မဖြုတ်တောင် တဖြည်းဖြည်း ဖြုတ်ရင်ရ ပါတယ်။ မခင်တင့်ဆိုတဲ့ နာမည်ဟာ အင်မတန် ယဉ်ပါတယ်ဗျာ။ ကျွန်တော်လည်း ခင်ဗျားအခွင့်ပြုပြု မပြုပြု မခင်တင့်ပဲ ခေါ်မယ်။ 'ရှိဇီ' တွေ 'ထူး'တွေကို မထည့်နိုင်ဘူး"

"သဘောရှိပါရှင်"ဟု ခင်တင့်က ပြုံး၍ ပြန်ပြောလိုက်၏။ တစ်အောင့်လောက် နေပြီးမှ "ရှင့်ကိုလည်း ကိုခလို့ ခေါ်ပြီး ဗမာလို ပီပီပဲ ပြောတော့မယ်နော် ဟုတ်ကလား"

"သာဓုဗျာ...သာဓု..."ဟု ၂ ချက်ဆင့်လိုက်လေ၏။

ထိုည မောင်ခသည် စဉ်းစားခန်းပေါ်လေသည်။ "မခင်တင့် ဘို ဆန်တာ မှန်တယ်။ သို့သော် ငါ့ကို အရွဲ့တိုက်တဲ့အနေနဲ့ သက်သက်ပိုပြီး ပြုမူ ပြောဆိုတာတွေလည်း အတော်များများ ပါတယ်။ ဒါကြောင့် အလွန် ဆိုးဝါးတယ်လို့ မဆိုနိုင်ဘူး။ ပြီးတော့ ယနေ့မနက် စကားပြောကြရာမှာ လည်း အကျိုးအကြောင်းနဲ့ ပြောတော့ ခေါင်းမမာဘဲ အသင့်အတန် ပြု ပြင်တယ်။ ဒီလို အကျိုးအကြောင်းကိုပြောဆို ဆင်ခြင်နိုင်တာလည်း သူ ပညာရှိလို့ပဲ။ အခု အင်္ဂလိပ်လို ၁၃ တန်း ရောက်တယ်ဆိုတာ အတော် မြင့်တာပဲ။ ငါတို့မြန်မာစာမှာသာမဟုတ် အခြားအင်္ဂလိပ်စတဲ့ ဘာသာ ကျမ်းစာတို့များလည်း မှတ်စရာသားစရာ အကျိုးအကြောင်း ဆင်ခြင်နိုင် စရာတွေပါတာမုချပဲ။ အင်း–တို့မြန်မာစာတစ်ခုတည်း အထင်ကြီးနေလို့ လည်း ဖြစ်ပုံမပေါ်ဘူး။ သြော်... မခင်တင့် မခင်တင့်၊ ရောက်စက ငါက မုန်းမုန်းနဲ့ ညဉ်းခဲ့တာတွေ၊ သူ့ကို ခွပြောခဲ့တာတွေ၊ စကားမပြော ရှောင် ကွင်းနေခဲ့တာတွေ ငါမှားတာပဲ။ ငါက ယောက်ျားပါကလား။ အိမ်ရှင် လည်း ဖြစ်တယ်။ အိမ်ရှင်ယောက်ျားက ဧည့်သည်မိန်းမကို ဒီလိုပြုမူခဲ့တာ ဟာ ငါအတော်လွန်တာပဲ။ ဒီနေ့ကစပြီး သိပ်အရောမဝင်သော်လည်း အိမ့်ရှင်ဝတ်တော့ ကျေအောင်လုပ်မှ တော်မှာပဲ"ဟု မောင်ခ၍ အားနာစိတ် သနားစိတ်၊ ကရုဏာစိတ်တွေ ဖြစ်ကုန်လေ၏။

*

နောက်နေ့နံနက်တွင် မောင်ခသည် မခင်တင့်ထံသို့ လာခဲ့၍ "ဘယ့်နှယ့် လဲ၊ အိပ်၍ ပျော်ရဲ့လား"ဟု မေးလေ၏။

မခင်တင့်ရောက်သည်မှာ တစ်လခန့်ကြာပြီ၊ ယခုအကြိမ်သည် မောင်ခက ပထမစ၍ စကားပြောသော အကြိမ် ဖြစ်ကြောင်း မခင် တင့် သတိပြုမိ၏။ အင်း… ဒါဟာ တော်တော်ထူးတာပဲဟု အောက်မေ့ ကာ–

"ဟုတ်ကဲ့၊ ကျွန်မအိပ်လို့ အပျော်သွားပဲ၊ ကိုခ အိပ်မပျော်ဘူး ထင်တယ်ဟုတ်လား"ဟု ပြန်၍ မေးလိုက်လေ၏။

မောင်ခမှာ ညဥ့်က တွေးတောနေ၍ သန်းခေါင်ကျော်မှ အိပ်ပျော်သည်ကို သတိရ၍ အင်း…အာဂဟာမကလေးပဲ ဟု စိတ်ထဲက တွေးကာ ပြုံးရယ်၍ "ခင်ဗျား ဗေဒင်တယ်တယ် ထင်တယ် ဟုတ်လား"ဟု ပြန်၍ မေးလိုက်လေ၏။

"ဩော်–ဗေဒင်ဆိုလို့ ခုမှသတိရတယ်။ ရှင် ဗေဒင်တတ်တယ်ဆို၊ ကျွန်မ ဗေဒင်ကို မယုံဘူး၊ နို့ပေတဲ့ ဟောစမ်းပါ"

"ဟာ…ကျွန်တော် ဟန်ကျပန်ကျ မတတ်ပါဘူး။ ပြီးတော့လည်း မယုံတဲ့လူကို ဟောလို့ ဘာအကျိုး ရှိမှာလဲ"

"ဘယ့်နှယ့် မရှိရမလဲ။ ကျွန်မ အခုမယုံပေတဲ့ ဟောလို့မှန်ရင် ကျွန်မ ယုံချင်ယုံမှာပေါ့ရှင့်။ ကဲ ရှင် ဟောစမ်းပါ"

"ဘယ်နှစ်ခုလဲ"

"ဘာ ဘယ်နှစ်ခုလဲ"

"ဘယ်နှစ်ခုနှစ်၊ ဘယ်သက္ကရာဇ်မှာ မွေးသလဲလို့ မေးတာ"

"ဩော်..ဒီလိုလား၊ နိုင်တီးဟန်ဒရက် အင်ဒစစ်(က်စ်)၊ အို… ယောင်လို့၊ ၁၉၀၆မှာ မွေးတယ်"

မောင်ခသည် အင်္ဂလိပ်သက္ကရာဇ်ကို သတိမထားမိချေ။ သို့ကြောင့် မခင်တင့်က ပြောင်လှောင်နေသည်ထင်၍ "ခင်ဗျားက ဘာဖြစ်လို့ ကောင်းကောင်းမပြောသလဲဗျ။ ခင်ဗျားက အမှန်မပြောရင် ဟောတဲ့လူက ဘယ့်နှယ် မှန်အောင် ဟောနိုင်မလဲ။ အခုမှ ၁၂၉၁ ရှိသေးတယ်၊ ၁၉၀၆မှာ မွေးတယ်ဆိုတော့…"

"သြော် သြော်၊ မသိလို့ မသိလို့ စိတ်မဆိုးပါနဲ့ ဗေဒင်ဆရာရယ်၊ ကျွန်မက အင်္ဂလိပ်သက္ကရာဇ်ကို ပြောမိတာပါ။ မြန်မာသက္ကရာဇ်နဲ့တော့ ၁၂၆၈ ခုရှင့်"

"လက ကော"

"သီတင်းကျွတ်"

"နေ့ကကော"

"အင်္ဂါ"

ထိုအခါ မောင်ခသည် မဟာဘုတ်တိုင် ထူလိုက်၏။ "ခင်ဗျား သိုက်ဖွား၊ ဥစ္စာပစ္စည်း ပြည့်စုံရမယ်၊ သူဌေးသူကြွယ် အကြီးအမှူး သြဇာကြီး ဖြစ်နိုင်တယ်"

"ဟာ ဒါကတော့ ရှင်တို့အသိပဲ။ ဓာတ်သိ အဟောမျိုးထင်ပါရဲ့"ဟု မယုံမကြည်ပုံ ပြောလေ၏။

"ဓာတ်သိလို့ ဟောတာမဟုတ်ဘူး။ ကိန်းအကျကို ဟောတာ၊ မယုံရင်လည်း နောက်ထပ် မဟောတော့ဘူး"

"အမယ်လေးဟဲ့ စိတ်တိုတဲ့ ဗေဒင်ဆရာနဲ့ တွေ့နေပါပြီ၊ ကဲ–ရှင်၊ သည့်ပြင်ဟာတွေ ကြည့်ပါဦး"

"အမိအဖ ဂြိုဟ်ညံ့တယ်။ ဒါကြောင့် ခင်ဗျား မိဘတို့ထက် ခင်ဗျားက ကြီးပွားထွန်းကားရမယ်"

ဟုတ်ဟန်ရှိ၏ ဟု ခင်တင့် စိတ်မြောက်သွား၏။

"ကြာသပတေး အဓိပတိဂြိုဟ် အင်မတန်ကောင်းတယ်။ ပြီးတော့ ခင်ဗျား မွေးနံအင်္ဂါနဲ့ "စိန်ပန်း" ဓာတ်ကျလို့ ပညာတတ်ရမယ်၊ ပညာနဲ့ ကြီးပွားရမယ်၊ ပညာအကျိုးခံစားရမယ်"

ယခု ငါ့အခြေနဲ့ထောက်သော် ဟုတ်တန်ရာ၏ဟု ခင်တင့် တွေးမိ၏။ "မိတ်ကောင်းဆွေကောင်းများမယ်၊ အခြွေအရံ များမယ်၊ ပြီး တော့…

ဟောရမလား"

"အို…ဟောပါ ဆိုနေတာ ဘာဖြစ်ဖြစ် ဟောပါ"

"အင်္ဂါနံ သိုက်ရတယ်။ ခင်ဗျား ကြွယ်ကြွယ်ဝဝ ကောင်းကောင်း မွန်မွန် လင်ကို ရနိုင်တယ်"

"ဆင်းရဲတဲ့လူနဲ့ မရနိုင်ဘူးလား"

"ကိန်းက ခင်ဗျားယောက်ျား ချမ်းသာရမယ်ဆိုတယ်"

"နို့–ဆင်းရဲတဲ့လူကိုယူဦး၊ ကျွန်မလက်ထဲ ရောက်ရင် လူချမ်းသာဖြစ်ရမယ်လို့ကော မဖြစ်နိုင်ဘူးလား"ဟု ခင်တင့်က တွေးတွေးခေါ်ခေါ် မေးလေ၏။

"အင်း–ဒီလိုလည်း ဖြစ်နိုင်သားပဲ"ဟု ပြောပြီး အင်း–ဒီသူငယ်မ တော်တော် အမေးအမြန်းအတတ်သားပဲဟုလည်းကောင်း၊ ဘာကို ရည်ရွယ်မေးပါလိမ့်မလဲ ဟုလည်းကောင်း တွေးနေ၏။

"ဘယ်တော့ လင်ရမလဲ"

ထိုအခါ မောင်ခသည် ကိန်းတစ်မျိုးနှင့် ကြည့်မည်ဟု "မိုး– ဇွေ– အံ့–ခါ–ရွာ–တုံး–သာ–လှ"ဟူသော အဋ္ဌလက်ကိန်းလင်္ကာကို ရွတ် ၍ ချသောအခါ…

"နေပါဦးရှင့်၊ မိုးရွာတုန်း မိုးဇွေတုန်းမှာ သာပြီးလှတာက ကျွန်မလား၊ ကျွန်မရမယ့်လူလား"ဟု မေးလေ၏။

မောင်ခသည် အသံထွက်အောင် ရယ်၍ "ဒါက ဇေဒင်လင်္ကာ ခင်ဗျ ဇေဒင်လင်္ကာ၊ လှတာကတော့ ခင်ဗျား လှတာပဲ၊ ခင်ဗျားရမယ့် လူတော့ မပြောတတ်ဘူး"

ခင်တင့်သည် အတန်သဘောကျသွား၏။

"အဲ…အခု ခင်ဗျား ၂၃နှစ်ထဲမှာဆိုတော့ 'ကောလိ'ထဲမှာ ကျနေတယ်။ အင်မတန် စုဒ်ကြီးတယ်။ ခင်ဗျား ဒီနှစ် လင်ရရင်ရ မရရင် အနည်းဆုံး ချစ်သူရည်းစားတွေ့ရမယ်"

"ဘယ်အရပ်ကလဲ၊ ဘယ်လိုဟာလဲ၊ ဘာလူမျိုးလဲ၊ ချမ်းသာသလား၊ ဆင်းရဲသလား၊ ဘယ်အရွယ်လဲ ဘယ်နေ့သားလဲ၊ အသားဖြူဖြူလား၊ မည်းမည်းလား၊ ညိုညိုလား၊ ပုံပန်းကရော ကျရဲ့လား၊ စိတ်ကောင်းသလား၊ အဲဒီလူဟာ မျက်နှာများမယ့်လူလား၊ နာမည်ကကော ဘယ်သူတဲ့လဲ၊ သူဘာကြိုက်တတ်သလဲ။ သူကကော ကျွန်မကို ကျကျနန ချစ်မတဲ့လား" စသည်ဖြင့် ဆင့်ကာဆင့်ကာ မေးလေ၏။

ထိုအခါ ဗေဒင်ဆရာသည် ပြုံး၍ နားထောင်နေရာမှ ကျောက်တန်ကို ကျောက်သင်ပုန်းပေါ်သို့ အသာတင်တဲ့၍ စိတ်မောဟန်နှင့် ထိုင်ပြီးမှ "ဒီမှာ မခင်တင့် ကျွန်တော်ဟာ မဟာဘုတ် သက်ရောက် ဂြိုဟ်စားဆိုသလို ဗေဒင်မှာ အနိမ့်စားလောက်သာ နည်းနည်းပါးပါး တတ်တာဗျ။ ခင်ဗျားအမေးတွေကို ဘယ့်နှယ်လုပ်ဖြေနိုင်မလဲ၊ ကျွန်တော်နားလည်သလောက်ဖြင့် ဘယ်ဗေဒင်ကျမ်းကမှ ခင်ဗျားသိချင်တဲ့ဟာတွေ အကုန်တော့ ဟောနိုင်မယ်မထင်ဘူး မခင်တင့်ရဲ့"ဟု စကားပြော ပြောရ၏။

မခင်တင့် ကျေနပ်ပုံ မရချေ။

"ကိုင်း...ရှင်၊ ဒါဖြင့်လည်း ဘယ်တော့ ဟန်ကျပန်ကျ ကောင်းစားမလဲ"

"အင်္ဂါသိုက်ထဲမှာ ၈ နှစ် နေပြီးပြီ၊ အခု ဗုဒ္ဓဟူး မရဏထဲမှာ ၁၇ နှစ်နေရမယ်ဆိုတော့ အသက် ၂၅ နှစ်မှာ လွတ်ပြီး အထွန်းဂြိုဟ်စနေထဲကို ရောက်လိမ့်မယ်။ ဒီတော့ အခု ခင်ဗျား အသက် ၂၃နှစ်၊ နောက် ၂နှစ်ကြာရင် အခုထက် ပိုကောင်းစားရမယ်"

"ကောင်းစားရမယ့်ဟာက ၂နှစ်တောင် စောင့်ရဦးမတဲ့လားရှင်၊ ဗုဒ္ဓဟူးက ဘာဖြစ်လို့ ၁၇ နှစ်တောင် ကျွန်မကို ဆိုင်းထားသလဲရှင်"

"ဩော်...ကောင်းကင်က ဂြိုဟ်တွေကို ဘယ့်နှယ်သွားပြီး ရန်တွေ့ရတာလဲဗျာ၊ သူ့ကိန်းနဲ့သူ့ ဂြိုဟ်သက်နဲ့ လောကဓမ္မတာကြီးဟာကို ဘယ်မှာ သွားပြောလို့ ဖြစ်မလဲဗျ။ ဒီမှာ မခင်တင့်ရဲ့၊ 'တနင်္ဂနွေ ရှေ့

မြောက်ကြို၊ နေတုံ ၆ နှစ်မျှ။ တနင်္လာကျား တစ်ဆယ့်ငါး၊ နေပြား ရှေ့ရပ်က။ အင်္ဂါခြင်္သေ့ ရှေ့တောင်ကွေ့၊ မရွေ့ရှစ်နှစ်မျှ…’ရယ်လို့။ ဟော တနင်္ဂနွေ ဂြိုဟ်သက်က ၆ နှစ်၊ တနင်္လာက ၁၅၊ အင်္ဂါ ၈ ၊ ဗုဒ္ဓဟူး ၁၇၊ စနေ ၁၀ ၊ ကြာသပတေး ၁၉ ၊ ရာဟု ၁၂ ၊ သောကြာ ၂၁ ၊ အဲဒီလို ဂြိုဟ်သက်တွေ ရှိကြတယ်။ ဆိုချင်တာက တနင်္ဂနွေဂြိုဟ်ဟာ သူ့နယ်ထဲ ရောက်လာရင် အကျိုးဖြစ်စေ၊ အပြစ်ဖြစ်စေ ၆ နှစ် ပေးတတ်တယ်။ တနင်္လာ…”

“နေပါဦး၊ အဲဒီ တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်၊ တနင်္လာ ၁၅နှစ်တို့ ဆိုတာက ဘာကို ထောက်လို့ သိရတာလဲ။ ရှင်တို့ မြေကြီးပေါ်က လူက ဟိုကောင်းကင် အဝေးကြီးဟာကို ဘယ်သူ့အသက်က ဘယ်လောက်၊ ဘယ်သူ့အသက်က ဘယ်လောက်နဲ့ ဘယ့်နှယ့်လုပ် သိကြသလဲ၊ သိပုံ ပြောစမ်းပါဦးရှင်”

“သြော်…သြော်… ဒီလို…ဒီလို၊ ပထမ တနင်္ဂနွေနဲ့ တနင်္လာကို ပြောမယ်၊ သည့်ပြင် ကျန်တဲ့ ဂြိုဟ် ၆လုံးရဲ့ အသက်တွေဟာက ဒီတနင်္ဂနွေ တနင်္လာဂြိုဟ် ၂ လုံးအပေါ်မှာ တည်နေတယ်။ အမှန်က တနင်္ဂနွေက နေကို ဆိုတယ်။ တနင်္လာက လကိုဆိုတယ်။ ကောင်းကင်မှာ နေ လ ၂ပါး အရင်းပေ့ါလေ။ နေဟာ အချင်း ယူဇနာ ၅၀၊ အဝန်း ယူဇနာ ၁၅၀ ရှိတယ်“

“ခဏနေပါဦး၊ အချင်းအဝန်းဆိုတာ ဘာလဲ”

“စက်ဝိုင်းမှာ အလယ်တည့်တည့် ဖြတ်တိုင်းတဲ့အကျယ်ကို အချင်း၊ ပတ်လည်နှုတ်ခမ်းသား အရှိကို အဝန်းခေါ်တယ်”

“အို…အိုင်ဆီး၊ ဒိုင်အာမီတာ (diameter) နဲ့ ဆာကမ်းဖားရင်းစ် (circumference) ကိုခေါ်တာကိုး”

“အင်း အဲဒီနေရဲ့ အချင်းယူဇနာ ၅၀ကိုတည်၊ အရပ် ၈ မျက်နှာနဲ့ စားလဒ် ၆၊ အကြွင်း ၂ မဟုတ်လား။ ဒီတော့ လဒ် ၆ကို ယူပြီး တနင်္ဂနွေ

ဂြိုဟ်သက် ၆နှစ်လို့ ဆိုတယ်။

တနင်္ဂနွေကစပြီး တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု အဲဒီ ပါပဂြိုဟ် ၄ လုံးမှာ နောက်သုံးလုံးအတွက် အကြွင်း ၂ ခု အရ ၂ခုစီ တိုးသွားလို့ အင်္ဂါဂြိုဟ် ၈၊ စနေဂြိုဟ်သက် ၁၀၊ ရာဟုဂြိုဟ်သက် ၁၂ ရတယ်။ တနင်္လာအတွက်တော့ လ၊ အချင်း ယူဇနာ ၄၉ ကိုတည်၊ အရပ်ရှစ်မျက်နှာနဲ့စား၊ လဒ် ၆ အကြွင်း ၁ ရရော၊ ဒီတနင်္လာအတွက်တော့ စားခြေ ၈+ လာဒ် ၆+ အကြွင်း ၁၊ အကုန် စုပေါင်းလိုက်တော့ ၁၅ ရရော၊ အဲဒါ ဟာ တနင်္လာဂြိုဟ် ၁၅ ပဲ။

နောက် တနင်္လာ၊ ဗုဒ္ဓဟူး၊ကြာသပတေး၊ သောကြာဆိုတဲ့ သောမ ဂြိုဟ် ၄ လုံးမှာ နောက်သုံးလုံးအတွက် ဟိုတနင်္ဂနွေအတွက် စားကြွင်း ၂ခုအရ ၂ခုစီ ထပ်တိုးသွားရင် ဗုဒ္ဓဟူးဂြိုဟ်သက် ၁၇၊ ကြာသပတေးဂြိုဟ်သက် ၁၉၊ သောကြာဂြိုဟ် ၂၁ နှစ်ရရော"

ခင်တင့်သည် အတန် စဉ်းစားသော မျက်နှာနှင့် တစ်အောင့် လောက်နေပြီးမှ–

"ရှင်ဟောလာခဲ့တာ တချို့ အသင့်အတင့်မှန်လို့ ကျွန်မဖေဒင်ကို ယုံတုံတုံ ရှိပါတယ်။ အခုဂြိုဟ်သက်တွေ တွက်ပုံကြားရတော့ ကျွန်မ အပုံကြီး ယုံမှားရှိလာတယ်။ အခြေစိုက်တာ မမှန်ရင် နောက်ဟာတွေ ဘယ့်နှယ့်မှန်နိုင်မလဲ။ ကိုင်း ရှင်... သည့်ပြင် ဂြိုဟ်တွေကို ထားဦး၊ အရင်းခံဖြစ်တဲ့ တနင်္ဂနွေနဲ့ တနင်္လာဆိုတဲ့ နေနဲ့လကို စကားပြောချင်တယ်။ နေဟာ ယူဇနာ ဘယ်လောက်ရှိတယ်"

"အချင်း ယူဇနာ ၅၀ ရှိတယ်"

"တစ်ယူဇနာဆိုတာ ဘယ်လောက်ရှိသလဲ"

"အင်း... ယူဇနာဖွဲ့နည်းတွေက အများကြီးပဲ ၄ တောင်တာနဲ့ ဖွဲ့တာ၊ ၅ တောင်တာ၊ ၇ တောင်တာ၊ ၁၀ တောင်တာ၊ အတောင် ၂၀ ဖွဲ့တာ ရယ်လို့ ၅ မျိုးတောင် တွေ့ဖူးတယ်။ ဒီတော့ အဲဒီ ၅ မျိုးကို

လိုက်လို့ တစ်ယူဇနာကို အခု အင်္ဂလိပ်မိုင်နဲ့ ၇ မိုင်ကျော် ၉ မိုင်ကျော် ၁၂မိုင်ကျော် ၁၈ မိုင်ကျော် ၃၆ မိုင်ကျော် ရှိကြတယ်။ အဲဒီလို ရှိတဲ့အနက် ကုပ်ကုပ်လေးတာ မြင်းမိုရ်တာ စက္ကဝါတာ"

"တော်ပါဦး တော်ပါဦး၊ ရှင်တတ်တာတွေ အစွမ်းပြမနေပါနဲ့၊ ကိုင်း... ဒီတော့ ရှင့်အများဆုံး ၃၆ မိုင်ကိုပဲ တစ်ယူဇနာ ထားပါဦး၊ နေရဲ့ အချင်း ဘယ်နှစ်မိုင်ရှိမလဲ"

"မိုင် ၁၈၀၀ ရှိမယ်"

"ကိုင်း မှတ်ထား၊ အခု ဥရောပ အမေရိက အနောက်နိုင်ငံ နက္ခတ်ဆရာကြီးတွေက နေကို လောကဓာတ်ပညာ အမျိုးမျိုးနဲ့ တိုင်းကြည့်ကြတာ နေရဲ့အချင်းဟာ ၈၆၀,၀၀၀(မိုင် ရှစ်သိန်းခြောက်သောင်း) ရရှိ တယ်။ ဒီတော့ ဘယ့်လောက်ကွာခြားသလဲ။ ၁,၈၀၀၀နဲ့ ၈၆၀,၀၀၀ ဆို တော့ မိုင်ပေါင်း ၈၅၈,၂၀၀ ကွာနေတယ်။ တစ်နည်းတော့ ၄၇၈ ဆ လောက် ကွာနေတယ်။ အဆမတန်ပါကလား ကိုခရယ်..."

"ကျွန်တော့် ယူဇနာ ၅၀ က ကျမ်းဂန်ထဲကဗျ၊ ခင်ဗျားက ပေါ့ပေါ့မလုပ်ပါနဲ့"

ထိုအခါ ခင်တင့်သည် အတန်ရယ်မော၍ "ဒီမှာ စာအုပ် ဆရာ ကြီးရဲ့ လက်တွေ့သမားကို ရှင်ကပဲ တပြန်ကြီးလား၊ ဒီမှာ ကြည့်စမ်း၊ ကျွန်မရဲ့ အဒေါ်တစ်ယောက် ဘုရားရှိခိုးတာ မကြာမကြာ ကြားရတယ်။ ဘာတဲ့ ဟို ၃၂ ကောဋ္ဌာသ ဘုရားရှိခိုးမှာ 'အဋ္ဌိစ သုံးရာသောအရိုးတို့သည် လည်းကောင်း'တဲ့။ လူမှာ အရိုး ၃၀၀ တဲ့၊ သူ့အဆိုက အခုခေတ် ဆေးရုံ တွေမှာ၊ ဆေးကျောင်းတွေမှာ လူကောင်ကို ဖျက်ပြီး သေသေချာချာ ရေတွက်ကြည့်ရှုသင်ကြားနေရတယ်။ အရိုးပေါင်း ၂၀၆ သာ ရှိတယ်။ ဘယ်က ၃၀၀ ရှိရမှာလဲ။ ပြီးတော့ ပါဠိက "အဋ္ဌိ"အရိုးသာ ဆိုတယ်။ အရေအတွက် မပါဘူး။ ဘယ်သူက ဘယ့်နှယ် ထည့်သွားမှန်းမှ မသိဘဲ နဲ့"

"ခင်ဗျာ့ ၂၀၆ ထဲမှာ သွား ၃၂ ချောင်း ပါသလား"

"မပါဘူး၊ သွားတွေကို အရိုးဆိုမလို့လား"

"သွားဟာ အရိုးမဟုတ်လို့ ဘာလဲ၊ အရိုးမှ အစစ်"

"ကဲ ရှင်… သွား ၃၂ ခု ထည့်ပါဦး၊ ၂၃၈ သာရှိတယ်"

"၂၃၈ ဆိုရင် ၂၄၀ ပေါ့။ ၂၄၀–၂၅၀ ဆိုတာလည်း ၃၀၀ တွင်းမှာပဲ။ ဒီတော့ ဂဏန်းပြတ်အခေါ်လွယ်အောင် ၃၀၀ လို့ ခေါ်လိုက်တာ ဖြစ်မှာပေါ့"

"အင်း–ရှင်လည်း အတော်လာတဲ့လူပဲ။ သြော် သြော် နေပါဦး၊ ၃၂ ကောဋ္ဌာသဆိုလို့ တစ်ခု သတိရပြန်ပြီ၊ ရှင့်စာက ဘယ့်နှယ် လူ့ကိုယ်မှာ ရှိတာတွေ ဆိုစမ်းပါဦး"

ထိုအခါ မောင်ခသည် မြင်းကောင်းပြေးသကဲ့သို့ ဒိုးဒိုးဒေါက် ဒေါက်နှင့် ရွတ်ပြလိုက်သည်မှာ–

| | | | |
|---|---|---|---|
| ၁။ | ကေသာ | …… | ဆံ။ |
| ၂။ | လောမာ | …… | အမွေး။ |
| ၃။ | နခါ | …… | ခြေသည်းလက်သည်း။ |
| ၄။ | ဒန္တာ | …… | သွား။ |
| ၅။ | တစော | …… | အရေ။ |
| ၆။ | မံသံ | …… | အသား။ |
| ၇။ | နှာရု | …… | အကြော။ |
| ၈။ | အဋ္ဌိ | …… | အရိုး။ |
| ၉။ | အဋ္ဌိမိဉ္ဇံ | …… | ရိုးတွင်းခြင်ဆီ။ |
| ၁၀။ | ဝက္ကံ | …… | အညှို့။ |
| ၁၁။ | ဟဒယံ | …… | နှလုံး။ |
| ၁၂။ | ယကနံ | …… | အသည်း။ |
| ၁၃။ | ကိလောမကံ | …… | အမြှေး။ |

| | | |
|---|---|---|
| ၁၄။ ပိဟကံ | ...... | အဖျဉ်း။ |
| ၁၅။ ပဗ္ဗာသံ | ...... | အဆုတ်။ |
| ၁၆။ အန္တံ | ...... | အူမ။ |
| ၁၇။ အန္တဂုဏံ | ...... | အူသိမ်။ |
| ၁၈။ ဥဒရိယံ | ...... | အစာသစ်။ |
| ၁၉။ ကရီသံ | ...... | အစာဟောင်း။ |
| ၂၀။ မတ္တလုင်္ဂံ | ...... | ဦးနှောက်။ |
| ၂၁။ ပိတ္တံ | ...... | သည်းခြေ။ |
| ၂၂။ သေမှံ | ...... | သလိပ်။ |
| ၂၃။ ပုဗ္ဗော | ...... | ပြည်။ |
| ၂၄။ လောဟိတံ | ...... | သွေး။ |
| ၂၅။ သေဒေါ | ...... | ချွေး။ |
| ၂၆။ မေဒေါ | ...... | အဆီခဲ။ |
| ၂၇။ အဿု | ...... | မျက်ရည်။ |
| ၂၈။ ဝသာ | ...... | ဆီကြည်။ |
| ၂၉။ ခေဠော | ...... | တံထွေး။ |
| ၃၀။ သိင်္ဃာဏိကာ | ...... | နှပ်။ |
| ၃၁။ လသိကာ | ...... | အစေး။ |
| ၃၂။ မုတ္တံ | ...... | ကျင်ငယ်။ |

အဲဒီ ၃၂ ပါးပဲဗျ။ ပထမ ၂၀ က မာသော အရာဝတ္ထု အစိုင်အခဲတွေမို့ ပထဝီဓာတ်ခေါ်တယ်။ ကျန်တဲ့ ၁၂ ဦးက အရည်သဘောမို့ အာပေါဓာတ် ခေါ်တယ်။ လူတစ်ကိုယ်လုံးမှာ အဲဒီ ၃၂ ပါးအကုန်ပဲဗျ။ သည့်အပြင် မရှိတော့ဘူး။ ကိုင်း–ဘာပြောချင်လို့လဲ”

“ဒီမှာ စာအုပ်ဆရာကြီးရဲ့၊ ၃၂ ကောဋ္ဌာသထဲမှာ အင်မတန်ထင်ရှားအရေးကြီးတဲ့ ကျောက်ကပ် ဆိုတာ မပါပါကလား၊ ကျောက်ကပ်ဆိုတာ ရှင်ကြားဖူး တွေ့ဖူးတယ် မဟုတ်လား။ ကိုင်း ဘယ်မှာလဲ

ကျောက်ကပ်"

ထိုအခါ မောင်ခသည် မိမိ၏ "ကေသာ…ဆံပင်…"စသည့်စာကို တိုးတိုးပြန်ရွတ်၍ ကျောက်ကပ် ပါမပါ စုံစမ်းလေသည်။ မပါဟု သိသော အခါ–

"အင်း–ဟုတ်တယ်ဗျို့၊ ကျောက်ကပ်တော့ မပါဘူး။ နို့ပေမဲ့ ကျွန်တော်ဆိုလိုတာက ကျောက်ကပ်လို့ တိုက်ရိုက်တော့ မပါဘူး။ သည့် ပြင်ပါတဲ့ ဟာတွေနဲ့ ဆက်နေလို့များ ဒီကျောက်ကပ်ကို အန္တောဂတနည်း နဲ့ မြှုပ်ထားသလားမှ မသိပဲ။ နေပါဦး၊ ကျွဲနွားစတဲ့ တိရစ္ဆာန်တို့ရဲ့ ကျောက် ကပ်ကိုတော့ မြင်ဖူးတယ်။ စားတောင်စားဖူးတယ်။ လူရဲ့ ကျောက်ကပ် တော့ ပြောစမ်းပါဦး"

"ရှင်က မြှုပ်ထားတာလေး ဘာလေးနဲ့ မဖိမ်းပါနဲ့၊ အနာတမီ ဆိုတဲ့ လူအင်္ဂါအစိတ်အပိုင်း ကျမ်းကိုလည်း ရှင်နားလည်မှာ မဟုတ်ပါ ဘူး။ ဒီမှာ ကျွန်မပြောပြမယ်။ ကျောက်ကပ်ဆိုတာ အလုံး ၂လုံးပြူး၊ နောက်ကျောရိုးနားမှာ တစ်ဖက်တစ်လုံးစီ ကပ်နေတယ်။ နံရိုးတွေအောက် နားက သိရဲ့လား။ ကျောက်ကပ်ရဲ့အလုပ်က ကိုယ်တွင်းရောက်တဲ့ အစာ ရေစာတို့မှဖြစ်တဲ့ မလိုအပ်တဲ့ အညစ်ကြေး အရည်ဘက်က ဟာတွေကို စစ်ပြီး ကျင်ငယ်ရည်အဖြစ်နဲ့ ကျင်ငယ်အိမ်ထဲကို ရောက်စေတယ်သိ ရဲ့လား"

"ဒါဖြင့် ကျင်ငယ်ရေကို ဖြစ်စေတဲ့ အင်္ဂါတစ်ခုပေါ့။ နေဦး နေဦး၊ ၃၂ ကောဋ္ဌာသထဲမှာ ကျင်ငယ်ရည်သာပါတယ်။ ကျင်ငယ်အိမ် လည်း မပါဘူး။ ဒီတော့ ကျင်ငယ်ရည်နဲ့ စပ်နေတဲ့ ကျင်ငယ်အိမ်ရော ကျောက်ကပ်ရော မထည့်ဘဲနဲ့ အပြီးသတ်ဖြစ်တဲ့ ကျင်ငယ်ရည်တစ်ခု တည်းနဲ့ အုပ်ပြီး အန္တောဂတနည်းနဲ့ ဆိုလိုက်ဟန်တူတယ်။ ပြီးတော့ မြန်မာစာမှာ ဥပစာ ဆယ်ပါးရှိတယ်။ အကြောင်းရဲ့အမည်ကို အကျိုးမှာ တင်စားခေါ်တာတွေ၊ အကျိုးရဲ့အမည်ကို အကြောင်းမှာ တင်စားခေါ်တာ တွေ၊ ကာရဏူပစာတို့–ဖလူပစာတို့ ဆိုတာပေါ့ဗျာ၊ အခုလည်း အကျိုးဖြစ်

တဲ့ ကျင်ငယ်ရည်ကို ဆိုတာနဲ့ အကြောင်းဖြစ်တဲ့ ကျောက်ကပ်တို့၊ ကျင်ငယ်သိုထားရာဖြစ်တဲ့ ကျင်ငယ်အိမ်တို့ ဘာတို့ ပါသွားချင်ပါသွားမှာဗျ"

"တော်ပါ–ရှင့်ဥပစာတွေ၊ အန္တောဂုဏ်တွေ၊ ပို့ တောဂုဏ်တွေ ကို၊ ကျွန်မလည်း ဆယ်တန်းကတည်းက သင်ရပါတယ်။ ကွေ့လည်ကြောင်ပတ် လုပ်မနေပါနဲ့၊ ရှင့် ကောဋ္ဌာသထဲမှာ အဲဒီလို အကျိုးရော အကြောင်းရော မမြုပ်ဘဲနဲ့ အစုံထည့်ထားတာတွေ အပုံပဲ။ ရှင့်မှာ ခိုင်ခိုင်မာမာ ပြန်ငြင်းစရာ ဘာမှမရှိဘူး။ ကျောက်ကပ်ဟာ မပါတာ အမှန်၊ သက်သက်ကို ကျန်နေတာ။ သိရဲ့လား"

"ခင်ဗျားပြောတာနဲ့ ကျွန်တော် မယုံနိုင်သေးဘူး။ လူရဲ့ ကိုယ်အင်္ဂါကျမ်းစာအတတ်ကို ကျွန်တော် မသင်ဖူးတာတော့ မှန်တယ်။ သို့ပေမဲ့ ကျွန်တော်တို့ ကျမ်းစာကို လွယ်လွယ်နဲ့ ဖျက်လို့ မရတာ မဟုတ်ဘူးဗျ။ ကျွန်တော်ရဲ့ဆရာ ဘုန်းကြီးကို လျှောက်ကြည့်ဦးမှာပေါ့။ ပြီးတော့လည်း ဆေးရုံတွေ၊ ဆေးကျောင်းသားတွေ၊ ဆရာဝန်တွေဆီမှာလည်း ကိုယ်တိုင် စုံစမ်းဦးမယ်၊ အောင်မယ် ဘာနေမလဲ ငခ က"

ထိုအခါ ခင်တင့်သည် ပြုံး၍ "အေး–အဲဒါ ခင်တင့်ရဲ့ ရည်ရွယ်ချက်ပဲ၊ ခင်တင့်ပြောတာဖြစ်စေ၊ ဘယ်သူပြောတာဖြစ်စေ၊ စုံစမ်းပြီးမှ ယုံတာ အကောင်းဆုံးပဲ၊ ဆက်ဆက် စုံစမ်းပါရှင်။

ကိုင်း ကိုင်း၊ ဒါတွေ ထားပါဦး၊ ခုနက နေရဲ့ အတိုင်းအထွာကို ပြန်ဆက်ပါဦး၊ ရှင်က ကျမ်းဂန်ထဲကလို့ ဆိုတယ်။ ဟိုက မှန်ပြောင်း တန်ဆာပလာအစုံ အတတ်မျိုးစုံနဲ့ ဟုတ်ဟုတ်ညားညား တိုင်းထွာထားတဲ့ ဟာကို သွားငြင်းရင် ရှင်အရှုံးဖြစ်မှာပေါ့။ ပြီးတော့ လက ဘယ်လောက်ရှိတယ်"

"အချင်း ၄၉ ယူဇနာ"

"အို–ဒါဖြင့် နေက လထက် တစ်ယူဇနာထဲ ပိုကျယ်တာပေါ့"

"ဟုတ်တယ်"

"၄၉ ယူဇနာဟာ ဘယ်နှစ်မိုင်လဲ"

"အများဆုံး ၃၆ မိုင်နှုန်းနဲ့ဆိုရင် ၁၇၆၄ မိုင် ရှိတယ်"

"အဲဒါလည်း ခွကျတာပဲ။ ဒီမှာ စာအုပ်ဆရာကြီးရဲ့၊ လရဲ့အချင်းအကျယ်က မိုင်ပေါင်း ၂၁၆၀ ရှိတယ်။ မိုင် ၄၀၀ကျော် ကွာနေတယ်။ ပြီးတော့ လနဲ့နေဟာ ရှင့်ကျမ်းအလိုဖြင့် တစ်ယူဇနာ(မိုင် ၃၆ မိုင်)သာ ကွာတယ်ဆိုတယ်၊ အမှန်က လနဲ့နေဟာ အချင်းအကျယ်မှာ မိုင်ပေါင်း ၈၅၇,၈၄၀ တောင်ကွာတယ်"

"ဟာ–မဟုတ်တာ၊ အခု ကောင်းကင်မှာ အမြင်ဟာ လနဲ့ နေနဲ့ အကြီးအငယ် အတူတူလောက် ရှိတာပဲဗျ။ ဘယ်က ဒီလောက် ကွာနိုင်မလဲ"

"သြော်–ကိုခ–ကိုခ၊ ရှင်အတော်လိုသေးတာပဲ၊ ဟောဟိုမှာ ကြည့်စမ်း၊ ဟိုအိမ်ရှေ့နားမှာ စားနေတဲ့ နွားနီနဲ့ ဟိုအတော်လှမ်းတဲ့ တောစပ်မှာ စားနေတဲ့ နွားဖြူ ၂ ကောင်ဟာ ဘယ်အကောင်က အရွယ်ကြီးသလဲ"

"အတူတူပဲ၊ ဒါကျွန်တော်တို့ရဲ့ နွား ၂ ကောင်"

"ကောင်းပြီ...အခု အနီးမှာ ရှိတဲ့နွားနဲ့ အဲဟို အဝေးမှာ ရှိတဲ့ နွားဟာ အမြင်အားဖြင့် ဘယ်အကောင်က ကြီးသလဲ"

"အမြင်တော့ ဒီအနားက အနီက ကြီးတာပေါ့။ ဟိုအဝေးမှာ ရှိတဲ့ အဖြူကတော့ ပေါက်ခါစလောက်သာ ထင်ရမြင်ရတာပေါ့"

"ဘာဖြစ်လို့လဲ"

"ဝေးသွားလေလေ၊ သေးသေးမြင်ရလေလေဖြစ်လို့ပေါ့"

"အဲ... ရှင်အတော် တော်လာပြီ၊ ဒီမှာကြည့်၊ အခုက ကျွန်မတို့နေတဲ့ မြေကြီးနဲ့ နေဟာ မိုင်ပေါင်း ၉၃,၀၀၀,၀၀၀ (ကိုးကုဋေ သုံးသန်းလောက် ဝေးတယ်။ လကတော့ မိုင်ပေါင်း ၂၄၀,၀၀၀ (နှစ်သိန်း လေးသောင်း)လောက်သာ ဝေးတယ်။ ဒီတော့ နေက ၉၂,၇၆၀,၀၀၀ (ကိုး

ကုဋေကျော်) ပိုဝေးတယ်။ ဒီတော့ နေက အများကြီး ပိုကြီးပေတဲ့ အများကြီးပိုဝေးတော့ လနဲ့နေဟာ မတိမ်းမယိမ်း အတူတူလောက်ပဲ ရှိတယ်လို့ ကျွန်မတို့ မြေကြီးပေါ်က ထင်ရမြင်ရတာရှင့်"

မောင်ခ ဘာမျှ ပြန်မပြောဘဲ ငြိမ်နေသည်။ တစ်အောင့်လောက်ကြာပြန်သောအခါ ခင်တင့်က ဆက်သည်ကား...

"ပြီးတော့ ရှိသေးတယ်။ ဂြိုဟ်သက်ကို လိုချင်ပါလျှင် နေအကျယ်ကိုတည်၊ အရပ် ၈ မျက်နှာနဲ့စား၊ ရလဒ်သည် ဂြိုဟ်သက် ဖြစ်၏ ဆိုတာဟာ ပြောပါဦးကိုခရဲ့၊ ဘာဆိုင်လို့လဲ၊ ကျွန်မ တစ်ခုပြောမယ်၊ ကျွန်မတို့အောက်တန်းတွေမှာ သင်္ဘောတစ်စင်းဟာ အရှည်ပေ ၃၅၀ ရှိတယ်။ တစ်နာရီကို မိုင် ၂၀ ခုတ်နိုင်တယ်။ ကပ္ပိတန် အသက် ဘယ်လောက်လဲ'တဲ့"

"ဘာ..."

"သင်္ဘောအရှည်ပေ ၃၅၀၊ တစ်နာရီကို မိုင် ၂၀ ခုတ်နိုင်တယ်၊ ကပ္ပိတန်အသက် ဘယ်လောက်လဲတဲ့"

မောင်ခသည် အတန်စိုက်တွေး၍ နားလည်သလိုလို ရှိလာမှ လက်ခုပ်တီး၍ ရယ်ပြီး "သင်္ဘောအရှည်နဲ့ စက်အားနဲ့ ကပ္ပိတန် အသက်နဲ့ ဘာဆိုင်လို့လဲဗျာ့"

"အေးလေ...ဘာဆိုင်လို့လဲလို့၊ မှတ်ထားကိုခရဲ့၊ အရပ် ၈ မျက်နှာနဲ့စားရမယ်ဆိုရုံနဲ့ မပြီးနိုင်သေးဘူး။ ဘာဖြစ်လို့ အရပ် ၈ မျက်နှာနဲ့ စားရမယ်ဆိုတာ အကြောင်းလိုသေးတယ်။ အဲဒီပြလာမယ့် အကြောင်းဟာလည်း အပြီးအဆုံး မဟုတ်သေးဘဲနဲ့ အကြောင်းတစ်ဆင့် လိုချင်လိုလိမ့်ဦးမယ်။ စားပြီးတော့လည်း ရလဒ်ကို တစ်မျိုး အသုံးချရတယ်။ အကြွင်းကို တစ်မျိုး အသုံးချတယ်။ အကြောင်းတွေ မေးစရာ အပုံကြီး ပေါ်လာတယ်။ အခုအနေတော့ ၆ ကို လိုချင်တာနဲ့ တွေ့ကရာနဲ့ အစား

ခိုင်းတာနဲ့ မတူဘူးလား၊ ကိုင်းရှင် ကျွန်မက ဒီလိုဆိုမယ် 'နေ၏ အချင်း ယူဇနာ ၅၀ ကိုတည်၊ အရပ် ၄ မျက်နှာနှင့်စား၊ စားခြေ ၄ နဲ့ အကြွင်း ၂ နဲ့ပေါင်း၊ ရသော ၆ သည် တနင်္ဂနွေ ဂြိုဟ်သက်ဖြစ်၍ အင်္ဂါ၊ စနေ၊ ရာဟုတို့မှာ ၂ ခွင်မြောက်၊ ၂ ခွင်မြောက်မှာ ရှိလေသောကြောင့် ၂ခုစီ ၂ ခုစီ ရောသွား၊ ၈–၁၀–၁၂–တို့ ရကုန်၏' ကိုင်း–ရှင် ဘာပြောမလဲ၊ ကျွန်မကိန်းကို ဖျက်နိုင်ရဲ့လား"

"၄နဲ့ မဟုတ်ဘူး။ ဂြိုဟ် ၈ လုံး၊ ၈ရပ် ရှိလို့ ၈ ရပ်နဲ့ စားရတာဗျ"

"အောင်မယ်… ရှင့်လောက်နဲ့ ဘာရမလဲ၊ ဂြိုဟ် ၈ လုံးရှိပေတဲ့ အခု သိလိုတာက တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု ၄ လုံးအတွက်သာ သိလိုတာ၊ ဒါကြောင့် ၄ လုံးအတွက် ၄ ရပ်တည်းနဲ့သာ စားရမယ်၊ ဒီလိုပါ ကိုခရဲ့၊ ကျွန်မက သဘောကို ပြောပြတာပါ၊ ပညာရှာတဲ့ နေရာမှာ သူပြော ထားရေးထားရုံနဲ့ မကျေနပ်ရဘူး။ အကျိုးအကြောင်း အချက်အလက်ကို သိအောင် စုံစမ်းရမယ်။ ဥပမာ–အခု ကိစ္စမှာ အရပ် အရေအတွက်နဲ့ စပ် ဆိုင်ပုံကိုလည်း ပြရမယ်။ အရပ် ၄ မျက်နှာ၊ ၈ မျက်နှာ၊ ၉ မျက်နှာ၊ ၁၀ မျက်နှာရယ်လို့ ရှိတာမှာ ၄–၉–၁၀–ရပ်တို့နဲ့ မဆိုင်ကြောင်း၊ ၈ ရပ် တစ်ခုတည်းနဲ့သာ ဆိုင်ကြောင်းကို ပြနိုင်ရမယ်။ ဥပမာ–တရော်ထုတာ ကို ဓားနှောင့်နဲ့ ထုရမယ်လို့ စာမှာ ရှိတယ်ဆိုပါတော့။ ပထမလူက ဘာ မှ ထပ်မစုံစမ်းဘဲ အနှောင့်နဲ့ထုရတာကိုသာ မှတ်ထားတယ်။ ဒုတိယလူ က စဉ်းစား စုံစမ်းတတ်တယ်။ ဒီတော့ ဘာဖြစ်လို့ အသွားဘက်က မထု ရသလဲလို့ မေးလာလိမ့်မယ်။ ဒီတော့ ပြတ်ကုန်မှာစိုးလို့ လို့ အဖြေထွက် မလာလား။ ဒီတော့ အနှောင့်နဲ့သာ ထုရမယ်ဆိုတဲ့ အကြောင်းအကျိုးစုံ လာတယ်။ အဲဒီလို တစ်ဖက်က မဝင်သာအောင် အကြောင်းအကျိုး ဆက် ပြီး စုံစမ်းရှာဖွေမှ ပညာအစစ်ကို ရတယ်ရှင့်"

"နေပါဦး၊ ဒါဖြင့် ဗေဒင်ပညာ ပစ်ရတော့မလား"

"တယ်ခက်တယ် ကိုခ၊ ကိုခလည်း ဗေဒင်အနိမ့်စားလောက် တတ်တယ်ဆိုတော့ ကိုခထက် တတ်တဲ့လူတွေ ရှိလိမ့်ဦးမယ်။ သူတို့များ အကျိုးအကြောင်း ဆက်ပြနိုင်မလား မသိဘူး။ ဒီလိုလေ–ဒီလို၊ ရှင် အခု အကြမ်းဟောတာတောင် တချို့မှန်သလိုလိုပဲ။ ပြီးတော့ ဗေဒင်ကျမ်းဟာ ကြာလှပြီဆိုပဲ။ ဘုရားမပွင့်ခင်ကတဲ့။ ဒီတော့ အခုကြားရသလောက်ဖြင့် တိမ်လွှန်းတယ်လို့လည်း ဆိုနိုင်တယ်။ နက်လွန်းတယ်လို့လည်း ဆိုနိုင်တယ်။ နေနဲ့ လရဲ့ အကျယ်ကို ပြတာတွေ၊ အဲဒီလို အရပ် ၈ မျက်နှာနဲ့ စားဆိုတာတွေဟာ အင်မတန် တိမ်တာပဲ။ သို့သော် ဘယ်လိုကြောင့် ဘယ်လိုရယ်လို့ စပ်ဆိုင်အောင် ကျေနပ်အောင် ပြနိုင်စရာ ရှိသေးရင်လည်း အင်မတန် နက်နဲလိမ့်မယ်လို့ ထင်စရာ ရှိတယ်။ ဒီတော့ ကိုခကလည်း ထပ်မံစုံစမ်းသင်ကြားပါဦး၊ ကျွန်မလည်း အင်း–ရှင့်ဗေဒင်ကို ကျေကျေ နပ်နပ် မယုံနိုင်သေးဘူး"

"ကျွန်တော် ဘာနေမလဲဗျ။ ကျွန်တော့် ဆရာတွေ ရှိတယ်၊ ထပ်မေးမှာပေါ့၊ နို့ပေမယ့် ခင်ဗျားနဲ့ တွေ့ရတာ အတော် ဉာဏ်ရင့်သန်လာတယ်။ ကျွန်တော် ဝန်ခံပါတယ်။ ခု ကျွန်တော် ဗေဒင်၊ မြန်မာစာ၊ သဒ္ဒါ၊ သင်္ဂြိုဟ်ဆိုသလို သင်လာခဲ့တာ၊ စာထဲ ရေးထားတာကို ကျက်မှတ် လေ့လာတာပဲ။ မေးမြန်းစုံစမ်း ထပ်မံကြံစည်ခြင်း မရှိလှခဲ့ဘူး။ အင်း– ကျွန်တော်တို့ မြန်မာတွေ ကိုယ့်ရှိတဲ့ ဟာကလေးနဲ့ ကျေနပ်ပြီး နွား ခြေရာခွက်ထဲက ဖားလို ဟန်ထုတ်နေကြတာ မှားတာပဲ၊ ဟုတ်ကဲ့ဗျာ၊ ကျေးဇူးတင်ပါတယ်"

ခင်တင့်ခြံသို့ ရောက်သည်မှာ တစ်လခွဲလောက် ရှိချေပြီ။ တစ်နေ့၌ ဆိုင်းသံမကြား၊ ဗုံသံမကြား ခင်တင့်၏ ဖခင် ဦးထူးရောက်လာ လေ၏။

"အလို…ပါပါ၊ ဘယ့်နှယ် အကြောင်းမကြား ဘာမကြားနဲ့ ရိုဇီ ကို စိတ်မချလို့ လိုက်လာသလား"

"မဟုတ်ပါဘူးကွယ်… ဟို အင်းစိန်ကို ငါလာတယ်၊ သန်းဖေ တို့ဆီမှာ ကိစ္စကလေးတစ်ခု ရှိလို့ အဲဒါနဲ့ အင်းစိန်ရောက်တဲ့အတူတူ

ဒီကိုလည်း မဝေးတာနဲ့ သစ်သီးဝလံများလည်း လတ်လတ်ဆတ်ဆတ် စားချင်တာနဲ့ ဆိုပါတော့ကွယ်... ဆက်လာခဲ့တာပါ၊ သမီးပျော်ရဲ့လား"

လာခဲ့ခြင်းကား သမီးကို စိတ်မချ၍ လာခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် စိတ်မချ၍ လိုက်လာသည်ဆိုလျှင် လွတ်လပ်စွာ နေနိုင်သည်။ လုပ်ချင်ရာလုပ်နိုင်သည်ဟု အယူရှိထားသော ဘိုဆန်သူရှိဇီက စိတ်ဆိုးမည်စိုး၍ ကြောက်၍ အဘိုးကြီးက လှည့်ပတ်ပြောခြင်းဖြစ်သည်။ သမီး၏ စိတ်ဆိုးကို မခံဝံ့ချေ။

"ပျော်ပါတယ် ပါပါရယ်...ပျော်ပါတယ်။ အောင်မယ် ပါပါလာဦး လာဦး ဒီကိုလာဦး"ဆို၍ အဘိုးကြီးလက်ကို အတင်းဆွဲခေါ်သွားလေ၏။ အဘိုးကြီးသည် ပြုံးပြုံးနှင့် ဒရွတ်ဒရွတ် ပါသွားရလေ၏။ မောင်ခမြင်သောအခါ ခင်တင့်ကို နွားကြိမ်နှင့်ချချင်သောစိတ်ပေါ်လာလေ၏။

ခပ်လှမ်းလှမ်း သစ်ပင်အောက် ရောက်သောအခါ "ဒီမှာလေ ပါပါ၊ ရှိဇီ ဒီရောက်တာ အတော် အကျိုးများတယ်။ ဒီမှာလေ ဟို ကိုခဆိုတဲ့လူက လူရိုးပဲ။ ဘိုဆန်တာတွေ ဘာတွေလည်း တယ်မကြိုက်ဘူး။ အဲဒါ အတိုကောက်က သူပြောပြတာနဲ့ အခု ရှိဇီဟာ အပုံကြီး ဘိုဆန်တာတွေ ဘာတွေ ပြုပြင်လိုက်ပြီ ပါပါရဲ့"

အဘိုးကြီးသည် အလွန်အမင်း ဝမ်းသာလေ၏။ ဘိုဆန်သည်ကိုကြိုက်၍ မဟုတ်၊ ကြောက်၍ ကြည့်နေရခြင်း ဖြစ်သည်။ ပြောဆိုပေးသည်ဆိုသော မောင်ခကို ပြေး၍ ရှိခိုးလိုက်ချင်၏။ သို့ရာတွင် အလွန် ဝမ်းမြောက်ကြောင်းကိုလည်း ထင်ထင်ရှားရှား မပြဝံ့သည်နှင့်–

"အေး...အေး... သမီးကြိုက်သလိုပဲ။ ဒါဖြင့် ဒီနေရာဟာ သမီးနဲ့ သိပ်တော်တာပဲ။ နောက်ကို နွေနွေမိုးမိုး ကျောင်းပိတ်ရက် သုံးရက်ထက်မနည်းရင် ဒီခြံကို လာနေပေရော့၊ သမီးဖို့ သပ်သပ် အိမ်တစ်လုံး ထပ်

ဆောက်ပေးမယ်"

"အင်း...ဒီမှာ ကြပ်ကြပ်ပို့ထား၊ တော်တော်ကြာတော့ သိလား"

ဆို၍ ကလေးကဲ့သို့ မျက်စောင်းထိုးကာ ပြောပြီး အဘိုးကြီးလက်ကို ဆွဲခေါ်ခဲ့ပြန်၏။

ထိုအခါ ဦးဖျော်၊ မောင်သန်း၊ မဆင့်၊ မောင်ခတို့လည်း အစုံအညီ ရှိကြ၏။

"အေး...မင်းတို့တစ်စု ပျော်ပျော်နေရတာ ငါအင်မတန် ဝမ်းသာသကွယ်၊ ငါလည်းပဲ ကြာကြာမနေနိုင်ဘူး။ အခုပဲ ပြန်မယ်၊ သြော်–မောင်ခ၊ ငါ့ကို ဘူတာရုံ လိုက်ပို့စမ်းကွယ်၊ သမီးတို့ မလိုက်ပါနဲ့ကွယ်၊ လမ်းကကြမ်းနဲ့ ဟုတ်လား"

ခင်တင့်သည် ခါတိုင်းလိုဖြစ်လျှင် လိုက်မည်ဖြစ်၏။ ယခု မောင်ခပါမည် ဖြစ်၍ အန်းတန်းတန်း ဖြစ်ပြီး "ဟုတ်ကဲ့ ပါပါ၊ ရှိဇီ နေရစ်မယ်"ဟု ပြောလိုက်၏။

မောင်ခကို ခွဲ၍ ခေါ်ခဲ့ခြင်းကား ရှိဇီကို ပြုပြင်ပေးသော ကျေးဇူးကို ပြုလို၍ပင်ဖြစ်သည်။

"ရော့ မောင်ခ ငါ့မှာ ငွေ ၄၀ တည်း ပါတော့တယ်။ ရော့ ဈေးသုံးဖို့၊ ကိုင်း...မင်းပြန်တော့"

မောင်ခသည် အံ့အားသင့်ပြီးနေစဉ် ဦးထူးထွက်သွားလေ၏။ မောင်ခသည် စဉ်းစား၍ မရသည်နှင့် အိမ်သို့ ပြန်ရောက်သောအခါ "မခင်တင့်–ဟောဒီမှာ ဦးက ကျွန်တော့်ကို ဈေးသုံးဖို့ ငွေ ၄၀ တောင် ပေးသွားတယ်၊ ဘာသဘောလဲမသိဘူး"

"အင်း–ပါပါဆီက ပိုက်ဆံ အင်မတန် ရခဲတယ်။ ဒါဟာ မဟုတ်ကာမှ လွဲရော့မယ်။ ကျွန်မ ကိုခနှင့် တွေ့ဖို့ ဘိုဆန်တာ အတော်ပြုပြင်တယ်ကြားရလို့ ရှင့်ကို ကျေးဇူးတင်လို့ မုန့်ဖိုးပေးသွားတာနဲ့ တူတယ်၊ ကောင်းကောင်းသိမ်းထား"

ထိုအခါ မောင်ခသည် "ဟာ ဒါဖြင့် ကျွန်တော်တစ်ယောက်တည်း မဆိုင်ဘူး။ အားလုံးနဲ့ဆိုင်တယ်။ ရော့ ဦးဖျော် ၁၀၊ မောင်သန်း ၁၀၊ ဒေါ်ဆင့် ၁၀၊ ကျွန်တော် ၁၀"

"ကျွန်မအတွက်ကော"

"ကိုင်း..ရော့၊ ကျွန်တော့်အတွက် ၁၀ကိုပဲ ယူပါ"ဆို၍ ပေးလိုက်လေ၏။

"အောင်မာ... ဝေသန္တရာမင်းကြီးညီ သူဌေးကိုဘမွဲက တယ်ရက်ရောလိုက်ပါကလား။ ရော့ပါ ကျွန်မက စိတ်ကို စမ်းတာပါ"

"ကျွန်တော်တို့ တောသားလူရိုး အင်္ဂလိပ်စာမတတ်တဲ့လူကို ဘာမှ စိတ်စမ်းနေစရာမလိုဘူး"

ထိုအခါ ခင်တင့်က မျက်နှာကို စိုက်စိုက်ကြည့်၍ ပြုံးလိုက်၏။ မောင်ခစိတ်တွင် ခါတိုင်းထက်ပို၍ လှသည်ဟု ထင်လိုက်၏။

နောက်တစ်နေ့တွင် ခင်တင့်သည် အင်္ဂလိပ်စာကို ကိုင်ကာ

"ဒီမှာ ကိုခ၊ ကျွန်မ အေဂရိကလ်ချာ(agriculture)ဆိုတဲ့ စိုက်ပျိုးရေး ပညာကို ကျွန်မ သင်ကြားလေ့လာခဲ့ရဖူးတယ်။ အခု ဒီစာအုပ်မှာ အပင်တို့ကို ဘယ်လိုစိုက်ရပုံ၊ ရေလောင်းရပုံ၊ မြေကျွေးရပုံ၊ အရိပ်ကာရပုံတို့ကို ဘယ်လိုဘယ်လိုရယ်လို့ ကျကျနနပြထားတယ်။ ရှင်တို့ကတော့ ရမ်းသမ်းလုပ်နေကြတာ"

"နေပါဦး...ရမ်းတာ ထားစမ်းပါဦး၊ ဘယ်လိုဘယ်လို စိုက်ရမယ်လို့ စာကဆိုသလဲ"

ထိုအခါ ခင်တင့်သည် အင်္ဂလိပ်စာအုပ်ကို အသံထွက်အောင် ဖတ်ပြီးမှ မြန်မာလို ပြန်၍ ပြော၏။ အင်္ဂလိပ်လို ဖတ်သံကြားရသောအခါ မောင်ခ၏ နားတွင် ကျေးကြက်တူရွေး စကားသံလိုလို၊ ဆက်ရက်သံလိုလို၊ တစ်ခါတစ်ခါ ကြောင်ချင်းကိုက်သံလိုလို ကြားရသော ဟူ၏။

"ဒီမှာရှင့်၊ အစေ့ သို့မဟုတ် အညှောင့်အတက်ကို မြေကြီးထဲမှာ

မြုပ်စိုက်ရမယ်တဲ့"

"သြော်…သြော်…နို့ နေပါဦး၊ အခု ကျွန်တော်တို့ စိုက်နေတာက ကျောက်ပေါ် အုတ်ပေါ်မှာ စိုက်နေလို့လား"

"နေဦး၊ ရှင်ဖြတ်ဖြတ် မပြောနဲ့၊ ဒီကပြီးမှ ပြောပါ။ အဲဒီမြေထဲ မြုပ်စိုက်၊ သေမကုန်အောင် သို့မဟုတ် တည်တံ့ကြီးပွားအောင် ရေလောင်းပေးရမည်။ သို့မဟုတ် ၎င်းအနီး အနား၌ စိုစွတ်၍ နေစေရမည်။ ထိုမှ တစ်ပါးလည်း ကြီးထွားသန်မာအောင် မြေပုပ်မြေဆွေး စသည်တို့ဖြင့် မြေကျွေးပေးရမည်။ ၎င်းပြင် နုနယ်စဉ်အခါ နေအပူမှ ကာကွယ်ရန်၊ အရိပ်ရစေရန် ကာကွယ်ပေးရမည်"

"ဒါတွေကို နားလည်အောင် မခင်တင့်တို့ အင်္ဂလိပ်စာမှာ ဘယ်နှစ်နှစ် သင်ရသလဲ"

"ကျွန်မတို့ ၁၀တန်းတုန်းက အပိုဘာသာအနေနဲ့ ယူတာ အကြာကြီးသင်ရတာပေါ့ရှင်"

"လက်ဦးတော့ ကျွန်တော် သိပ်ပြီး ရယ်လိုက်မလို့ပဲ။ အခုတော့ အားနာတယ် မရယ်သေးဘူး။ ဟေ့ မောင်သန်း၊ ဟို ဖိုးဆော့သမီး မိပုကို ခေါ်လိုက်စမ်းကွယ်၊ မိပု နင့်အသက် ဘယ်လောက် ရှိပြီလဲ"

"၇ နှစ်"

"ကျောင်းနေဖူးလား"

"ဟင့်အင်း၊ နွားကျောင်းနေတယ်"

"သစ်ပင်စိုက်တတ်ရဲ့လား၊ ခရမ်းပင်ဆိုပါတော့ကွယ်"

"အင်း…စိုက်တတ်သားပဲ၊ ခရမ်းစေ့ကို မြေထဲမြှုပ်၊ ရေလောင်း ပေါက်စအပင်ကလေးကို နေပူကာပေးတယ်"

"နို့–မြန်မြန် အပင်ကြီးအောင် အပင်ထွားအောင် ဘာလုပ်ရသလဲ ကွဲ့"

"နွားချေးမြေ ကျွေးရတာပေါ့၊ ဦးလေးကလည်း အသိသားနဲ့ ဘာပြုလို့ ကျွန်မကို မေးနေရသေးလဲ၊ ဟိုမှာ နွားတွေ သွားမောင်းရဦးမယ်"

ဆို၍ ထပြေးသွားလေ၏။

မောင်ခက ခင်တင့်မျက်နှာကို "ဘယ့်နှယ်ရှိစ"ဟူသော အနေမျိုးဖြင့် ကြည့်၍ နေ၏။

"ရှင်က ဟို ဗေဒင်ကိစ္စတုန်းက ရှင့်ကို ကျွန်မက စာအုပ် ဆရာကြီးလို့ ခေါ်တာကို လက်စားချေတာပေါ့လေ၊ ဟုတ်ကလား"

"လက်စားချေတာရယ်လို့တော့ မဟုတ်ပါဘူး။ ခင်ဗျားတို့ ကျောင်းတွေမှာ ဘာမဟုတ်တဲ့ ပညာကလေးကို ကြီးကျယ်အောင် ဟန်လုပ်ပြီး စရိတ်အဆမတန် ယူ၊ အချိန်အဆမတန် ယူတာကို သိစေချင်လို့ပါ။ ခင်ဗျာ့စာအုပ်ထဲမှာ ရေးထားပုံက ချဲ့ထွင်ပြီး "ငင်းပြင် ထိုနည်းလည်း ကောင်း၊ သို့မဟုတ် ထိုမှတစ်ပါးလည်း" တွေနဲ့ ကတဲ…ရှုပ်ပွေနေတာပဲ။ အခု ၇ နှစ်သမီး စာမတတ်တဲ့ နွားကျောင်းနေရတဲ့ မိပုက ပြောသွားတော့ မရှင်းလား။ ရှင်းရုံမဟုတ်ဘူး။ သူကိုယ်တိုင်လည်း စိုက်ပြတတ်တယ်။ အဲဒီလို အရှင်းအလွယ်ကို ရှုပ်အောင် ခက်အောင် လုပ်ထားပုံကို မနှစ်က တစ်ခါ ကျွန်တော်ကြားရတယ်။

ခင်ဗျားတို့ လယ်ယာစိုက်ပျိုးရေးကျောင်း ဟိုမန္တလေးမှာဆို မဟုတ်လား။ အဲဒါ ဟိုတောင်ဘက်နားက သဖန်းကုန်း ရွာသူကြီးသား ဘညွန့်ဆို ထင်ပါရဲ့။ အဲဒီကျောင်းမှာ သွားနေတယ်။ တစ်နှစ်နေပြီးလို့ ပြန်လာတော့ သူ့မိဘဆွေမျိုးတွေက ဝိုင်းမေးကြတာပေါ့လေ။ ဘာတွေ ဘာတွေ သင်ရသလဲလို့၊ လယ်ယာစိုက်ပျိုးရေးဆိုတော့ ကျွဲနွား သိမ်းဆည်း ကြည့်ရှုရေးလည်း ပါဆိုထင်ပါရဲ့။ အဲဒါ ခြံထဲမှာ နွားတွေထားရင် နွား ဘယ်နှစ်ကောင် ရှိတယ်ဆိုတာ ရေတွက်တဲ့ နည်းဆန်းတစ်ခု တတ်လာသတဲ့။

"ဘယ်လို ရေတွက်ရသလဲ"ဟု မခင်တင့်က ထောက်လိုက်၏။

"သူ့ဟာက ဒီလိုဗျ။ ခြံထဲမှာ ရှိနေတဲ့ နွားတွေရဲ့ ခြေထောက်တွေကို အကုန်လုံး လိုက်ရေရမယ်၊ အဲဒီရတဲ့ ခြေထောက်ပေါင်း အရေအတွက်ကိုတည်၊ ၄ နဲ့စား၊ ရလဒ်ဟာ ခြံထဲမှာရှိတဲ့ နွားအရေအတွက်

ဖြစ်ကရောတဲ့ဗျ"

ထိုအခါ ခင်တင့်သည် လက်ခုပ်လက်ဝါးတီး၍ မျက်ရည်ထွက်အောင်ပင် ရယ်ရလေ၏။ အနီးတွင် နားထောင်ကြသော ဦးဖျော်တို့ လူစုလည်း ရော၍ ရယ်ကြရ၏။

*

ခင်တင့် ခြံတွင် ၂ လပြည့်လုနီးပြီ၊ မကြာမီ ပြန်ရတော့မည်၊ မပြန်ခင်ကလေးတွင် ခင်တင့်၏ စိတ်ကို လှုပ်ရှားစေသော အကြောင်းတစ်ခု ပေါ်လာလေသည်။

တစ်နေ့နံနက်၌ မောင်ခဆီသို့ မိန်းမတစ်ယောက် လာလေ သည်။ မောင်ခနှင့် ရွယ်တူလောက် ရှိ၏။ တောသူရိုးရိုး၊ အနေအစားရိုးရိုး၊ အဝတ်အစားရိုးရိုးဖြစ်၍ လှပချောမွတ်သည်ကား မဆိုနိုင်၊ သို့သော် ကိုယ်လုံးကိုယ်ပေါက် အဆင်ပြေ၍ ခံ့ညားသည်။ မျက်နှာကြည်လင်၏။

"မောင်ခရေ့...မင်းအားသလားဟေ့။ ဒါဖြင့် လာစမ်းကွယ်၊ တို့နွားတစ်ကောင် မနက်က လွတ်သွားလို့ ဟို ကညင်ပင်ကုန်းဘက်နားလိုက်ခဲ့စမ်းကွယ်၊ ကူဖမ်းပေးစမ်းပါ"

"ဘယ်နွားဟာလဲ"

"ဟို...ငနီကြီးရယ်"

"အေး...သွားတာပေါ့။ နဖားကြိုး ပါသွားသလား၊ ကြိုးပိုတစ်ချောင်းကော ယူခဲ့ရဲ့လား အေးအေး၊ ကိုင်း...သွားမယ်"ဆို၍ ပေါ့ပေါ့ပါးပါး ဆင်း၍ လိုက်ခဲ့၏။

ခင်တင့်သည် ၎င်းတို့အသံကို ကြား၍ အခန်းထဲတွင် စာဖတ်နေရာမှ ထ၍ ကြည့်မိ၏။

သူတို့ ၂ ယောက် သွားကြသည်မှာ ယောကျ်ားချင်း၊ ညီအစ်ကိုချင်းလိုလည်းကောင်း၊ မွေးကတည်းက လည်ပင်းဖက် ကြီးလာသကဲ့သို့

လည်းကောင်း၊ အလွန်ရင်းနှီးပျော်ရွှင်စွာ ပြောဆို ရယ်မော၍ သွားကြ၏။ တစ်ခါတစ်ခါ ခေါင်းချင်းကပ်ကာ စကားပြောကြလေ၏။ တစ်ခါတစ်ခါ တစ်ယောက်နှင့်တစ်ယောက် ပူးကပ် ထိခိုက်၍ပင် သွားကြ၏။ ကွင်းစပ်တွင် သူတို့ ၂ ယောက် ပျောက်သွားမှ ခင်တင့်သည် အကြည့်ရပ်လိုက်၏။

ခင်တင့် စာပြန်ဖတ်၍ မဖြစ်ချေ၊ အခန်းအတွင်းမှ ခပ်ဆတ်ဆတ်ဆင်းခဲ့၍ အိမ်ဘေးထမင်းချက်တဲကလေးမှ ဦးဖျော်ထံသို့ လာခဲ့၏။

"ဦး–ခုနက ကိုခကို နွားလိုက်သွားဖို့ လာခေါ်တာ ဘယ်သူလဲ" ဟု မျက်နှာထား ခပ်တင်းတင်းနှင့် မေးလေ၏။

ဦးဖျော်သည် ခင်တင့်မျက်နှာ တင်းတင်းရှိသည်ကို သတိပြု မိ၏။

"ဩော်...ခုနက လာတာလား၊ ဟိုဘက်ကုန်းစောင်းက ဖွေးတုတ်ကပဲ၊ ဘာဖြစ်လို့လဲ"

"ဩော်...မဖြစ်ပါဘူး။ တစ်ခါမှ လာတာမတွေ့ဖူးလို့ ဘယ်သူလဲလို့ မေးတာပါ"

"ဖွေးတုတ်ပါ။ အင်း...ဟုတ်တယ်။ အခုတစ်လော ဒီအိမ်ကို မရောက်ဘူး။ ဩော်...ဩော်...ဟို သူတို့ အရီးတစ်ယောက် ဟိုမြောက်ဘက်နားက ဝါးတောဆိုတဲ့ရွာမှာ မမာလို့၊ နို့မဟုတ်ရင် ဒီအိမ်ကို တစ်နေ့ ၃–၄ခေါက် ရောက်မှာပေါ့။ လာနေကျပဲ"

"ကိုခတို့နဲ့ အမျိုးလား"

"ဘာမှ မတော်ပါဘူး။ နို့ပေတဲ့ အရင်းလိုပဲ ငယ်ငယ်ကလေးကစပြီး သူတို့ ၂ယောက် ကစားဖက်ကလားကွဲ့၊ အင်မတန် ချစ်ကြတယ်။ တစ်ယောက်စားရရင် ဝေစားကြတယ်။ သူတို့ ၂ ယောက် ရန်ဖြစ်ဖက်လည်းဟုတ်တယ်။ စကား ၃–၄ခွန်း ပြောမိရင် ရန်ဖြစ်တာပဲ။ တစ်ခါတစ်ခါ ဖက်သတ်ကြတာပဲ။ အောင်မယ်... ဖွေးတုတ်က မိန်းကလေး

ပေတဲ့ မင့်မောင်ခတော့ ဘာကြောက်မလဲ၊ ဖက်သတ်ရင် မင့်မောင်ခ အောက်ကျတာ များတယ်။ အင်း…ရန်ဖြစ်ပြီး ကြာလှရင် ထမင်းအိုး တစ်လုံးချက်ပဲ။ ဟော…ဘာမှမဖြစ်ခဲ့သလိုပဲ၊ ခေါ်လို့ပြောလို့၊ ရယ်လို့ ပြုံးလို့ နေကြပြန်ရော"

"အခု ကြီးမှကော ဖက်သတ်ကြသေးသလား"

"အင်း၊ အခုတော့ ငယ်ငယ်ကလောက် မဟုတ်ပါဘူး။ နို့ပေတဲ့ ရန်ဖြစ်သေးတာပဲ။ ဖြစ်ရင် လက်နဲ့ တွန်းထိုး ပုတ်ခတ်တော့ လုပ်သေး တာပဲ"

"ဒါဖြင့် သူတို့ဟာ လင်မယားလို ဖြစ်နေကြတာပေါ့"ဟု ခင်တင့် ပါးစပ်က လွှတ်ခနဲ ထွက်သွားလေ၏။

"ဒီလိုတော့ မဟုတ်ဘူး တူမကြီးရဲ့၊ ဒီကလေး ၂ ယောက်ဟာ တို့မျက်စိအောက်မှာ ကြီးလာတာ၊ သူတို့ ထွေထွေပြားပြား မဟုတ်ကြဘူး။ မောင်ချစ်နှမချစ်ရိုးရိုးပဲ"

"နို့–ယောကျ်ားနဲ့ မိန်းမ၊ ဒီလောက် နီးနီးကပ်ကပ် ကိုယ်ထိလက် ထိနေကြရင်…"

"ဒါမတော့ ဒီလိုလကွယ် တူမရယ်၊ ဦးတို့တောဆီမှာတော့ ဒီလို နေကြတာပဲ။ အလေ့အကျင့် ဖြစ်နေကြတာကိုးကွဲ့။ အဖောက်အပြား အပျက်အစီး မရှိကြပါဘူး"

"မောင်ခတို့ ဖွေးတုတ်တို့မှာ ၁၅နှစ်၊ ၁၆ နှစ်အရွယ်ရှိတောင် ကစားကြတာများ ထွေခင်းတမ်းတို့ဘာတို့ပေါ့။ ထွေခင်းဆိုတာ ရှုံးတဲ့လူ က အစီးခံရတာ၊ အဲဒါ မင့်မောင်ခက မကြာမကြာရှုံးလို့ ဖွေးတုတ်ရဲ့ အစီးခံရတာ ခါးချိချိ နေတာပေါ့ကွဲ့၊ သည့်ပြင် ကလေးတွေ ကလေးမတွေ လည်း ဒီလိုပါပဲ။ အလေ့အကျင့် ဖြစ်နေကြတယ်။ ကိစ္စမရှိပါဘူး"

ခင်တင့်သည် များစွာ မယုံချေ။

ဦးဖျော်က ဆက်၍ "ဒါမျိုးဟာ အလေ့အထကို လိုက်လို့ ဖြစ်

တယ်။ ဥပမာ အင်္ဂလိပ် ယောက်ျားနဲ့ မိန်းမများ လက်ဆွဲနှုတ်ဆက်တယ် ဆို မဟုတ်လား၊ လက်ဆွဲနှုတ်ဆက်တာဟာ ထုံးစံဖြစ်နေတော့ လက်ချင်း ဆုပ်ကိုင်တာ သူတို့မှာ ဘာမှ စိတ်ဖောက်ပြားခြင်းကို မဖြစ်စေဘူး။ ဒီ ထုံးစံမရှိတဲ့ လူများမှာတော့ ထိရုံနဲ့ ပေမယ်လို့ ဖောက်ပြားစိတ် ပေါ်ချင် ပေါ်လာတတ်တယ်။ အခုလည်း တို့ရွာက ကလေးတွေလည်း အလေ့ အကျင့် ဖြစ်နေတော့ ဖောက်ဖောက်ပြားပြား ပျက်ပျက်စီးစီး ရယ်လို့ မကြား မိပါဘူးကွယ်"

ထိုအခါ ခင်တင့်သည် အတန်ငယ်သက်သာရာရသော်လည်း ဖက်သတ်သည်၊ တစ်ယောက်တစ်ယောက် စီးကြသည်ဆိုသည်တို့အတွက် မကျေနပ်နိုင်သေးဘဲ ဦးဖျော်ကို နှုတ်မဆက်ဘဲ ချာခနဲ လှည့်ထွက်ခဲ့၍ အတော်ကွာတွင် ပန်းပင်ရေလောင်းနေသော မောင်သန်းဆီသို့ လာခဲ့၏။

"ဟေ့ မောင်သန်း၊ ခုနက မင့်ဦးလေးကို လာခေါ်သွားတာ ဘယ်သူလဲ"ဟု ဆိုင်းမဆင့်ဘဲ မေးလေသည်။

"အစ်မကြီး ဖွေးတုတ်ကယ်၊ ဘာဖြစ်လို့လဲ မမ"

"အဲဒီဖွေးတုတ်ဟာ အပျိုလား၊ လင်နဲ့လား"

"အပျိုပဲ၊ လင်တစ်ခါမှ မရသေးဘူးဗျ"

"ရည်းစားကော မရှိဘူးလား"

"မရှိပါဘူးဗျာ၊ ကျွန်တော်တို့နဲ့ အတူတူနေကြတာပဲ။ ရှိရင် သိမှာပေါ့"

"သူ့ကို ဘယ်သူကမှ မကြိုက်ဘူးလား"

"အစ်မကြီး ဖွေးတုတ်ကို ကြိုက်တဲ့သူတွေ အများကြီးဗျ။ နို့ပေမဲ့ ကြောက်ကြလို့ မပြောဝံ့ကြဘူး။ တစ်ခါက ဟိုရွာဖျားက ကိုအေးကြီး က လိုချင်လို့ ကျွန်တော့်ဦးလေး ကိုခဆီတောင် ပြောပေးပါလို့ လာပြော သေးတယ်"

"နို့ မင့်ဦးလေးက ပြောမပေးဘူးလား"

"ဟင့်အင်း–ပြောမပေးဘူး။ မင်းဟာမင်း သွားပြောပါလားလို့ ပြောလိုက်တယ်"

"ဒါဖြင့် မင့်ဦးလေးက မင့်အစ်မကြီး ဖွေးတုတ်ကို သူကိုယ်တိုင် ကြိုက်နေလို့ ပြောမပေးတာ ဖြစ်တော့မပေါ့"

"အမယ်...မလုပ်ပါနဲ့ဗျာ။ သူတို့ မောင်နှမအရင်းလိုပဲ ချစ်ကြတာ၊ ကြိုက်တာတွေ ဘာတွေ မဟုတ်ပါဘူး။ တစ်ယောက်တစ်ယောက် လည်း အင်မတန် ယုံကြည်အားကိုးကြတယ်။ တစ်ယောက်ဖျားရင်လည်း တစ်ယောက်က သွားကြည့်ရှုပေးတာပဲ"

"အင်း အင်း ပြောပါဦး၊ ငါ့မောင်လေး တယ်လိမ္မာတယ်၊ သူတို့ တစ်ယောက်ကိုတစ်ယောက် နင်းနှိပ်ပေးကြသလား။ ပွဲ့ဖက်ကော လုပ် သေးသလား"

"နင်းနှိပ်တော့ ပေးကြတယ်။ ပွဲ့ဖက်တော့ မလုပ်ပါဘူး။ နေပါ ဦးမမ၊ ဘာပြုလို့ မေးတာလဲ"

"အို...ဒီလိုပါကွယ်၊ မမက ဒီလိုပဲ ဘာဖြစ်ဖြစ် သေသေချာချာ မေးတတ်တယ်။ တို့ကောလိပ်ကျောင်းမှာ အဲသည်လို သေသေချာချာမေး တတ်ဖို့ဟာ ပညာတစ်ရပ် လုပ်ပြီး သင်ရတယ်ကွဲ့၊ အေး...ပြောပါဦးကွယ်၊ ရော့ ငါ့တူ ငွေ ၁ ကျပ်၊ လက်ဖက်ရည်သောက်ဖို့၊ အင်း အင်း ပြောပါဦး"

"တစ်ခါတစ်ခါ အစ်မကြီးဖွေးတုတ်တို့ အိမ်မှာ လူမရှိရင် ဦး လေးက အဖော်ရအောင် သွားအိပ်ရတယ်၊ ဦးလေး မမာတဲ့အခါလည်း အစ်မကြီးဖွေးတုတ်က ညအိပ်ပြီး ကြည့်ရှုပေးတာပဲ"

မောင်သန်းဆီကျမှ ခင်တင့်တွင် တိုး၍ စိတ်ကျပ်သွားလေ၏။

"လည်ပင်းဖက် ကစားတယ်။ ဖက်သတ်တယ်။ ကိုယ်ထိလက်ထိ ရန်ဖြစ် တယ်၊ တစ်ယောက်တစ်ယောက် နင်းနှိပ်ပေးတယ်။ တစ်ယောက်အိမ်

တစ်ယောက် သွားအိပ်တယ်။ အင်း...ဒါဟာ အတော်ကျပ်တာပဲ”ဟု ခင်တင့်သည် တွေးနေလေ၏။ အတန်ကြာမှ “မောင်သန်း လာဟေ့ ဟို အနား လျှောက်ရအောင်”ဟု လက်ဆွဲခေါ်၍ မောင်ခတို့ ထွက်သွားသော ဘက်သို့ လျှောက်ခဲ့ကြ၏။

ခင်တင့်သည် မျှော်ကြည့်မျှော်ကြည့်နှင့် လာခဲ့၏။ ကွင်းစပ် တောစပ်နှင့် မနီးမဝေးသို့ ရောက်သောအခါ မောင်ခတို့ ထွက်လာသည် ကိုမြင်ကြရ၏။

မောင်ခက ရှေ့က နွားကိုဆွဲ၍ ဖွေးတုတ်က နောက်က နွား မောင်း၍ လာခဲ့ကြ၏။

တွေ့ကြသောအခါ မောင်ခက “အလို... မခင်တင့်၊ လမ်း လျှောက်သလား”

ခင်တင့် ဘာမျှ ပြန်မပြောချေ၊ ဖွေးတုတ်ကိုသာ စိုက်ကြည့်နေ ၏။ ဖွေးတုတ်ကား မြို့သူလိုလည်း ဟန်ပန်မပြုတတ်၊ ဆန်းဆန်းပြားပြား လည်း မတွေးတတ်၊ ပညာတတ်သူတို့ကဲ့သို့ ခေါင်း၍လည်း မတွေးတတ်၊ ရိုးရိုးစင်းစင်းကြီး ဖြစ်သည့်အတိုင်း “မောင်ခ–ဒါဘယ်သူလဲ”

“တို့ခြံရှင်၊ ရန်ကုန်က ပွဲစားကြီးသမီး မခင်တင့်တဲ့။ အင်္ဂလိပ် စာ ၁၃ တန်းရောက်နေပြီ၊ အခု ကျောင်းပိတ်လို့ လာနေတာ၊ ၂ လတောင် ရှိတော့မယ်”

ထိုအခါ ဖွေးတုတ်သည် ခေါင်းတွင်ပတ်ထားသော တဘက်ကို ဖြေ၍ ချွေးများသုတ်ကာ ခင်တင့်အနီးသို့ လာခဲ့၍ “သြော်...နာမည်က မခင်တင့်တဲ့လား၊ ဝမ်းသာပါတယ်ရှင်၊ ကျွန်မတို့ရပ်ရွာမှာ လာနေတာ နို့ ပျော်ပါရဲ့လား”

“ဟုတ်ကဲ့၊ ပျော်ပါရဲ့”

“တယ် ပျော်မယ်မထင်ပါဘူး။ ကျွန်မတို့အရပ်က တောက လားရှင့်။ (မောင်ခဘက်သို့လှည့်၍) ဘယ့်နှယ်လဲဟေ့၊ မောင်ခ၊ ညှော့

သည်ကို ကောင်းကောင်းပြုစုရဲ့လားကွယ်၊ (မခင်တင့်ဘက်သို့ လှည့်၍ သြော်–မခင်တင့်ရေ၊ ကျွန်မက အရီးတစ်ယောက် မမာလို့ သွားပြုစုနေရတယ်။ နို့မဟုတ်ရင် ကျွန်မကိုယ်တိုင် ချက်ပြုတ်ကျွေးနေမှာ၊ မောင်ခက မပြုစုတတ်ဘူး။ ပြီးတော့လည်း ဒီအကောင်က အရွဲ့တိုက်တတ်တယ်။ စိတ်ထင်ရာ လျှောက်လုပ်တတ်တယ်။ ကျွန်မရှိရင်တော့ ကျွန်မက နိုမ်နိုင်တယ်"

"ဟုတ်ကဲ့ ခင်ဗျားနိုမ်ရင် ကျုပ်က ခံနေလိမ့်မယ် စောင့်နေ"ဟု မောင်ခက ပြန်၍ ပက်လိုက်လေ၏။

"ဘာလဲ နင်က ဟောဒီမှာ ကျောအောင့်သွားမယ်သိလား"ဟု လက်သီးဆုပ်သည် ကျောနားသို့ ရောက်သွားလေ၏။

ထိုအခါ ခင်တင့်သည် ရန်တကျက်ကျက် ဖြစ်တတ်သည်ဟု ဦးဖျော် ပြောသည်ကို ယခုမြင်ရတွေ့ရသဖြင့် ဤအတွက် ဦးဖျော်ပြောသည်မှာ မှန်လျှင် အခြားတို့အတွက်လည်း မှန်တန်ရာ၏ဟု စိတ်တွင် နည်းနည်းသက်သာသွား၏။

မောင်ခက "ကဲပါလေ၊ လာကြပါ။ အိမ်ကျမှ စကားပြောကြတာပေါ့။ ခုတောင် အတော်နေမြင့်သွားပြီ"ဆို၍ အိမ်သို့ ပြန်ခဲ့ကြ၏။

*

အိမ်ရောက်ကြ၍ မနက်ထမင်းစားကြမည်ဟု မောင်ခ၊ ခင်တင့်၊ ဖွေးတုတ် ၃ယောက်တွက် ဖိုခနောက်ဆိုင် သုံးနေရာပြင်ထားရာ ခင်တင့်က မိမိနေရာတွင်မဟုတ်၊ မောင်ခနှင့် ဖွေးတုတ်အကြားက တိုးဝင်၍ ထိုင်လိုက်လေ၏။ ၂ ယောက်သားက ဖယ်ပေးသည့်အနေနှင့် ခပ်ဝေးဝေး ရှောင်ပေးလိုက်ရာ တစ်ဖက်တွင် မောင်ခနှင့် ဖွေးတုတ်တို့ နီးကပ်သွားပြန်လေ၏။ ခင်တင့်နောက်ထပ်နေရာ မရွှေ့ဝံ့တော့ချေ။

စားကြသောအခါ တောသူရိုးရိုးကြီး ဖွေးတုတ်က စေတနာကြီး

စွာဖြင့် ခင်တင့်ထမင်းပန်းကန်ထဲသို့ ဟင်းဖတ်ကောင်းကောင်းများကို မကြာမကြာ ဆယ်ယူ ထည့်ပေးနေလေသည်။ မောင်ခပန်းကန်ထဲသို့လည်း တစ်ခါတစ်ခါ ထည့်ပေး၏။ သို့ထည့်ပေးသောအခါ ခင်တင့်စိတ်ထဲက "သူ့လင်ကို တယ်သဒ္ဒါတယ်"ဟု ဝန်တိုမိ၏။ အို...ခင်တင့်၊ အသင်သည် မတရားတော့ပါတကား...

စားသောက်ပြီးသောအခါ စကားခေတ္တဝိုင်းပြောကြပြီးနောက် ဖွေးတုတ်သည် ခင်တင့်ကို လာလည်ရန် ဖိတ်ခေါ်ပြီး ပြန်သွားလေ၏။

ခင်တင့်က "ကိုခ၊ မဖွေးတုတ်ဟာ အပျိုဆို"

"ဟုတ်တယ်"

"ဘာဖြစ်လို့ လင်မယူသေးသလဲ"

"ဟာ...ဘယ်သိမလဲ၊ လင်ယူချင်တဲ့စိတ်မရှိလို့ ဖြစ်ချင်ဖြစ်မယ်၊ သူကြိုက်တာ မတွေ့သေးလို့ ဖြစ်ချင်ဖြစ်မယ်"

"သူဟာ ရှင်နဲ့ရွယ်တူလောက်ဆိုတော့ ၃၀ နားကပ်နေပြီ၊ ဟိုင်းတောင် နေပြီ၊ အဲဒါ လင်ပေးစားရအောင် ကျွန်မတို့ မြို့ထဲက လူတစ်ယောက်ယောက်နဲ့ ကျွန်မနေရာချပေးမယ်"

"ဟာ...ခင်ဗျားတို့ မြို့ကလူနဲ့တော့ သဘောမတူဘူး"

"အလို...ရှင်က မဖွေးတုတ် လင်ပေးစားမှာကို ဘာပြုလို့ ကာဆီးကာဆီး လိုက်လုပ်ရသလဲ၊ ရှင်က သဘောမတူရအောင် ဘာဆိုင်လို့လဲ။ ဘာများ အဆက်အသွယ် ရှိလို့ပါလိမ့်"(မဲ့ရွဲ့၍ ပြောသည်။)

"ကျွန်တော်နဲ့ ဆိုင်သလောက် ဆိုင်တယ်။ မောင်နှမအရင်းနဲ့ အတူတူပဲ။ မကောင်းတဲ့လူနဲ့ ဖြစ်သွားမှာကို ကျွန်တော်တားဆီးဖို့ ဝတ္တရားရှိတယ်။ ကျွန်တော့်ကို အလွဲမထင်နဲ့၊ ခင်ဗျားတို့မြို့က လူတွေဟာ ခါးချိုးပြီး အလုပ်မလုပ်ချင်ကြဘူး။ ပြီးတော့ တောသူကို မြို့သားက ဘယ်တော့မှ အတည်တကျ မပေါင်းဘူး။ ပစ်ရင်လည်း ပစ်ထားတယ်။ မပစ်ရင်လည်းမတော်တဲ့နေရာမှာ ရောင်းစားတယ်။ ဘာကြာသေးလဲ ဟို

ဦးသာအောင် တို့အစု ရွာက သူငယ်မကလေးတစ်ယောက် မြို့သားနောက် ပါသွားလို့ ဒီကဆွေမျိုးတွေ လိုက်သွားတော့ မတော်တဲ့ အတန်းရောက် နေတာ တွေ့ခဲ့ရတယ်…"

"ဒါတော့ မြို့သားတိုင်း မဟုတ်ပါဘူး။ ကျွန်မဓာတ်သိ ကျွန်မ လူနိုင်တွေ ရှိတယ်။ ကျွန်မအာမခံပြီး ပေးစားမယ်။ ရှင်သဘောတူတူ မတူတူ ကျွန်မအတင်းပေးစားမယ် သိရဲ့လား။ ရှင်က လိုက်ဖျက်မနေနဲ့"

"နေပါဦး၊ ခင်ဗျားက ဖွေးတုတ်ကို ဘာဖြစ်လို့ အရင်စလို လင် ပေးစားချင်ရတာလဲ"

"အဲဒါလည်း ရှင့်အပူ မဟုတ်ပါဘူး။ မဖွေးတုတ်ဆီသွားပြီး နားချချေဦးမယ်"ဆို၍ ထွက်သွားလေ၏။

မောင်ခလည်း ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်၏။

*

"လာပါလာပါ မခင်တင့်၊ အင်မတန် ဝမ်းသာပါတယ်ရှင်၊ တောအိမ်ပဲရှင့် ခမ်းခမ်းနားနားတော့ မဟုတ်ဘူး။ ကဲ…ကဲ…ကွမ်းစားပါ၊ ဆေးသောက် ပါ"

"နေပါစေ မဖွေးတုတ်ရယ်…ကျွန်မ ကွမ်းမစားတတ်ပါဘူး။ မဖွေးတုတ် တစ်ယောက်တည်းနေရတာ ခွမကျဘူးလား၊ အိမ်ထောင်ရက် သားပြုပါလားရှင့်"ဟု ဆိုင်းမဆင့်ဘဲ မင်းသမီး မင်းသားထွက်လိုက်လေ ၏။

တောသူကြီးသည် ခင်တင့်မျက်နှာကို အတန်ကြာစိုက်ကြည့်ပြီး မှ မသိမသာ ပြုံးလာ၍ "ဘယ်သူနဲ့ ပေးစားချင်လို့လဲ"ဟု တောက်ခနဲ မေးလိုက်၏။

"ဘယ်သူ့ကို လိုချင်သလဲ"

"ကျွန်မလိုချင်တဲ့လူကို မခင်တင့် ပေးနိုင်ပမလား၊ အဲလေ…

မခင်တင့်ရအောင် ပြောပေးနိုင်ပမလား”ရယ်မောပြောလိုက်လေ၏။

“ပြောပေးနိုင်ပါတယ်”ဟု မချိသွားဖြဲ စကားပြန်လိုက်ရလေ၏။

မြွေကိုမြွေချင်း ခြေမြင်ကြလေ၏။

“သြော်…မဖွေးတုတ်၊ ကိုခဟာ ဘာဖြစ်လို့ လူပျိုကြီးလုပ်နေသလဲ”

“အချိန်မကျသေးလို့ ထင်ပါရဲ့။ နို့ပေတဲ့ မကြာပါဘူး။ သူ အိမ်ထောင်ပြုတော့မှာပဲ”

“အလို…ဘယ်သူနဲ့လဲ၊ မကြားမိပါလား”

“သူ့ကို မေးကြည့်ပါလား”

“အင်း…သြော်…ဟုတ်ကဲ့၊ မေးကြည့်ရဦးမယ်”

“သြော်…မဖွေးတုတ်၊ ကျွန်မ နေ့ခင်းအိပ်တတ်တယ်။ ပြန်ချေဦးမယ်”ဟု ပြောပြောဆိုဆိုနှင့် ထွက်သွားလေ၏။ လမ်းတွင် “သြော်…တောသူပေမယ့် တောသူတိုင်း ညံ့တာ မဟုတ်ပါလား”ဟု ခင်တင့်သည် လေးနက်စွာ တွေး၍ သွားလေ၏။

လူတို့၏ စိတ်ဓာတ်သည် ဆန်းကြယ်လှ၏။ အထူးသဖြင့် မိန်းမတို့၏ စိတ်ဓာတ်သည် ပိုမိုဆန်းကြယ်၏။ ရှေးက မိမိအမှုမဲ့အမှတ်မဲ့ ဂရုမစိုက်ခဲ့သူကိုပင် ထိုသူသည် အခြားမိန်းမတစ်ယောက်နှင့် ရင်းနှီးချစ်ခင်သည်ကိုမြင်ရသောအခါ စိတ်တစ်မျိုးပြောင်းလာတတ်၏။

ခင်တင့်သည် မောင်ခအပေါ်တွင် ရှေးက မုန်းခဲ့သည်မဟုတ်ချေ။ ဖွေးတုတ်နှင့် ရင်းနှီးသည်ကို တွေ့ရသောအခါ အပြောအဆို အမူအရာများစွာ ကွာခြားလာသည်ကို စာဖတ်သူတို့ တွေ့ခဲ့ရပြီ၊ အမှန်မှာ ခင်တင့်သည် မောင်ခအပေါ်၌ မေတ္တာသက်ရောက်လေပြီ။ အသို့လျှင် ဖွေးတုတ်ကို စိတ်ချနိုင်အံ့နည်း။

ဖွေးတုတ်၏ ကိစ္စမှာလည်း အတန်မှတ်ဖွယ်ကောင်း၏။ မောင်

ခနှင့် ဖွေးတုတ်တို့သည် မွေးကတည်းက ယခု ၃၀ အရွယ် နီးပါးအထိ မောင်နှမအရင်းသို့မှတစ်ပါး အခြားပွေလီဖောက်ပြားမရှိသည်ကို ကာယ ကံရှင် ၂ ဦးလုံးလည်း သိကြ၏။ တစ်ရွာလုံး တစ်ရပ်လုံးကလည်း ညောင် ရေအိုး ရွက်ဝံ့ကြ၏။

ဥစ္စာပေါ ရုပ်ချောပညာတတ် မြို့သူတစ်ယောက်သည် မောင်ခ နှင့်အတူ လာနေသည်မှာ ၂ လနီးပါး ရှိပြီကိုလည်းကောင်း၊ ထမင်းပွဲတွင် ခင်တင့်က မောင်ခနှင့် ဖွေးတုတ်တို့ ၂ ယောက်အကြားတွင် တိုးဝင်၍ ထိုင်သည်ကိုလည်းကောင်း၊ ယခုနောက်ဆုံး မခင်တင့် လာရောက်မေး မြန်း ပြောဆိုသွားပုံကိုလည်းကောင်း တွေးမိသောအခါ တောသူသည် ရိုး သည်၊ ထူသည်၊ အသည်၊ နသည် မှန်၏။ သို့ရာတွင် ဤကိစ္စမျိုး၌ကား အလွန်ပါးနပ်ထက်မြက် စူးရှတတ်၏။

သို့ကြောင့်လည်း ယနေ့အထိ မောင်ချစ် နှမချစ် ရှိခဲ့ကြရာမှ ဖွေးတုတ်သည် ယနေ့၌ စိတ်တစ်မျိုး ပြောင်းသလိုလို ဘာလိုလို ထင်မိ ၏။ သို့ရာတွင် ခင်တင့်အပေါ်၌ မနာလိုစိတ်ရှိလာခြင်းကိုကား ဖွေးတုတ် သေသေချာချာသိ၏။

ကျွန်ုပ်တို့ တေမိမင်းသားကြီး မောင်မောင်ခမှာလည်း ရူး သလို လို နမ်းသလိုလို စိတ်မကောင်းသလိုလိုနှင့် အတော်ပင် ချောက်ချား နေလေ၏

*

ခင်တင့်ရန်ကုန်သို့ ပြန်ရတော့မည်။ ဖွေးတုတ်ပေါ်လာမှ အထူးတုန်လှုပ် ချောက်ချားခဲ့သော စိတ်သည် ယခုတိုင် မငြိမ်သေးချေ။ ဘယ်တော့မှ ငြိမ်မည်မဟုတ်။

ယခုခွဲထွက်သွားခါနီး၌ ချစ်ခင်သောကိစ္စအပြင် စိတ်မချသော စိတ်က ဝင်နှောင့်လေသဖြင့် ဣန္ဒြေပျက်မလောက် ရှိခဲ့သည်။ သို့သော် ပညာ အတော်တတ်၍ အဆင်အခြင် ကြီးသော မိန်းကလေး ဖြစ်ရကား

အရုပ်မဆိုးအောင် ထိန်းသိမ်းနိုင်၏။

"ကိုင်း…ကိုခတို့ ကျွန်မပြန်ဦးမယ်"

"အင်း…"ဟု တစ်ခွန်းသာဆို၍ ငေးတေးတေးကြီး လုပ်နေလေသည်။

"နောက်လည်း အခွင့်သင့်တဲ့အခါ လာလည်ဦးမယ်"

"အင်း…"

"ကျွန်မ လာ လာနေလို့ ရှင့်မှာ အနှောင့်အယှက်များ ဖြစ်မလား"

"ဟင့်အင်း"

"ရှင်လည်း တစ်ခါတလေ ရန်ကုန်လာလည်ပါလား"

"အင်း"

"မဖွေးတုတ်ကိုလည်း မမေ့ပါနဲ့၊ ခေါ်ခဲ့ပါ"

"အင်း…ဟင့်အင်း"

"မဖွေးတုတ်က လွတ်ပါ့မလား"

"အင်း"

"ဟုတ်မှလုပ်ပါ ဆရာကြီး"

"အင်း"

"မဖွေးတုတ်ဟာ တောသူပေတဲ့ ချစ်စရာကောင်းတယ်နော်"

"အင်း"

"ကြိုက်ဖို့ကော မကောင်းဘူးလား"

ဘာမျှ ပြန်မပြောဘဲ ခေါင်းစိုက်နေသည်။

ထိုခဏ၌ ဖွေးတုတ်ပေါက်လာလေ၏။

"သြော်…မခင်တင့် ပြန်မယ်ကြားလို့ နှုတ်ဆက်ရအောင် လာခဲ့တယ်။ မောင်ခကော အလည်လိုက်မသွားဘူးလား။ ရန်ကုန်ကို"ဟု မောင်ခသို့ လှည့်၍ မေးလိုက်၏။

"နင်လိုက်သွားပါလား"ဟုမောင်ခက ပြန်၍ ရန်ထောင်လိုက်၏။

"အို…ငါ့ကိုမခေါ်လို့ ခေါ်ရင်လိုက်မှာ"

ထိုအခါ ခင်တင့်က "တစ်ယောက်တည်းတော့ မတရားရာ ကျနေမယ်၊ ၂ ယောက်လုံး လိုက်ရင်ဖြင့် ခေါ်ပါရဲ့"ဟု ရယ်၍ ပြောလိုက်လေ၏။

"ကိုင်း…ဦးဖျော်ရယ်၊ မောင်သန်းရယ်၊ ဖွေးတုတ်ရယ်၊ မခင်တင့်ကို လိုက်ပို့လိုက်ကြပါ၊ ကျွန်တော်ခေါင်းကိုက်လို့ မလိုက်နိုင်ဘူး"ဟု မောင်ခက ပြောလေ၏။

ဦးဖျော်က "ငါလည်း ဝမ်းကိုက်နေတယ်"

မောင်သန်းက "ကျွန်တော်လည်း ခြေကိုက်နေတယ်"

ထိုအခါမှ ဖွေးတုတ်က "ကျုပ်လည်း စိတ်ကိုက်နေတယ်"ဟု မောင်ခ မျက်နှာကို ကြည့်၍ ပြောင်သလိုလိုနှင့် ကြိတ်လိုက်လေ၏။

ခင်တင့်လည်း "ကဲ ရှင်၊ ကိုက်နေကြပါ၊ ကိစ္စမရှိပါဘူး။ ကဲ–မဆင့် လာ"ဆို၍ ထကြလေ၏။

မောင်ခတို့ လူစုကား မနေနိုင်ဘဲ အားလုံး ထကြ၍ လှည်းဖြင့် ပို့လိုက်ကြ၏။

ရထားထွက်သောအခါ မောင်သန်းကလေးသည် ငိုယို၍ အင်္ကျီလက်နှင့် မျက်ရည်သုတ်နေလေသည်။

ဦးဖျော်ကား ပါးစပ်အဟောင်းသားနှင့် ငေးကျန်ရစ်လေ၏။

မောင်ခနှင့် ဖွေးတုတ်တို့ကား တစ်ယောက်မျက်နှာကို တစ်ယောက်မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေရစ်ကြ၏။

ခင်တင့်ကား ရထားအတွင်း၌ ပါသွားသည်ဖြစ်၍ ဘယ်လိုဖြစ်သွားသည်ကို မမြင်လိုက်ကြရကုန်။

*

ခင်တင့်သည် ရန်ကုန်သို့ ပြန်အရောက် စာမေးပွဲလည်း အောင်သည်နှင့်

ဘီအေအထက်တန်းတွင် ဆက်လက်သင်နေရသည်။

ခင်တင့်၏ အမူအရာ အနေအစား၊ အဝတ်အစားတို့ အတန် ပြောင်းလဲကြောင်းကိုလည်းကောင်း၊ တစ်ခါတစ်ရံ ငေးမှိုင်နေခြင်း မျက်နှာမသာခြင်း စသော စိတ်နေပုံကိုလည်းကောင်း ခင်တင့်၏ ဖခင် ဦးထူးသည် အထူးသတိပြုမိသည်။ သို့ရာတွင် တစ်စုံတစ်ရာ မမေးမြန်းချေ။

မောင်ခတို့ခြံမှာလည်း သုသာန်တစပြင်ကဲ့သို့ သွေ့ခြောက်နေကြလေသည်။ တစ်နေ့၌ ဖွေးတုတ်သည် ပေါက်လာ၍–

"ဘယ့်နှယ်လဲ ဆရာကြီး မှိုင်လှပါကလား။ စိတ်အတော်ထိခိုက်နေတယ်ထင်တယ်"

"သွားစမ်းပါဟယ်၊ နင် ငါ့ကို လာလာပြီး နှောက်မနေစမ်းပါနဲ့"

"နှောက်တာ မဟုတ်ဘူးဆရာ၊ သနားလို့ လာကြည့်တာ၊ မင်းစိတ်ဖြတ်ရင်ဖြတ်၊ မဖြတ်ရင် ရူးလိမ့်မယ်။ သေတောင်သေချင် သေလိမ့်မယ်၊ မြို့သူမောင်ရေ့၊ မြို့သူ အခုလောက်က ပစ်သွားလို့ တော်သေးတာ၊ သားတစ်ယောက်ရမှ ဆိုရင် အဲဒါထက်ဆိုးမှာ"

"နင်ကလည်း မဦးမချွတ်...ဘယ့်နှယ်လဲ...မဟုတ်တာတွေ ပြောမနေပါနဲ့"

"ဘာမဟုတ်ရသလဲ၊ ငါ့အချစ်က ကလီကမာမဟုတ်ဘူး။ ရိုးရိုးကြီး ချစ်တာ၊ မင်းအခု ပိန်ကုန်ပြီ။ ငါက မကြည့်နိုင်လို့ ပြောတာ"

ဖွေးတုတ်သည် မောင်ခအတွက် အမှန်စိုးရိမ်၏။ မောင်ခမှာ အသားအရေများစွာ ယုတ်လျော့လျက် ဖွေးတုတ်နှင့် အိမ်သားတို့ပါ အကဲခတ်နေကြရတော့၏။ အခြေအနေချင်း အလွန်ကွာခြားလေသဖြင့် မခင်တင့်ဆီသို့ လိုက်၍လည်း မသွားဝံ့။ အကြောင်းလည်း မကြားဝံ့ဖြစ်နေကြကုန်၏။ တစ်မိုးကုန်သွားလေ၏။

ခင်တင့်သည် ၆ လပတ် အစမ်းစာမေးပွဲကို မအောင်လေ၊ သီတင်းကျွတ် ကျောင်းပိတ်ရက်တွင် မောင်ခတို့ရွာ သရက်ကုန်းသို့ သွားမည်ဟု မှန်းထားရာ ဖခင်ဦးထူး မမာမကျန်းသည်နှင့် ပြုစုနေရသော ကြောင့် မသွားဖြစ်လေ။

ဆောင်းဦးပေါက်တွင် မောင်ခ လဲလေ၏။ အစာရေစာမဝင် မလွန် ပိန်ကြုံလျက် အတန်စိုးရိမ်ရသော အခြေသို့ ရောက်လေ၏။ တစ်ခါ တစ်ခါ အိပ်နေစဉ်လည်းကောင်း၊ အဖျားကြီးသောအခါ၌လည်းကောင်း ခင်တင့်နာမည်ကို တမ်းတခေါ်ဝေါ်လေတော့သည်။

ဖွေးတုတ်မှာကား အမြဲလူနာ ပြုစုနေရာ ယခုသော် အရေးကြီး လေပြီဟု အိမ်သားများနှင့် တိုင်ပင်ကာ မောင်ခအသက်ကို အစွမ်းရှိ သလောက် ကယ်မည်ဟု ရန်ကုန်သို့ ရထားနှင့် တစ်ယောက်တည်း လိုက် လာခဲ့၏။

ခင်တင့်သည် ကျောင်းနှင့် အဖထံမှ ၃ ရက် ခွင့်တောင်း၍ လိုက် လာခဲ့၏။ အခန်းငယ်အတွင်း ရုပ်ပျက်ဆင်းပျက်နှင့် ပက်လက်ရှိနေသော မောင်ခကို မြင်ရသောအခါ ခင်တင့် မျက်ရည်တွေတွေ ကျမိ၏။

ဖွေးတုတ်က "မောင်ခ၊ မောင်ခ၊ မခင်တင့်လာတယ်"ဟု ပြော ပေး၏။

မောင်ခသည် ခင်တင့်ဆိုသော အသံကိုကြား၍ မျက်လုံးများ ဖွင့်ကြည့်မြင်ရသောအခါ ပြုံးယောင်ပြုကာ ဆတ်ခနဲ ထမည်ပြု၏။ သို့သော်လည်း မထနိုင်တော့ချေ။ "သြော်…မခင်တင့် လာသလား၊ ကျေးဇူး တင်ပါတယ်။ ဝမ်းလည်းသာပါတယ်"

ဖွေးတုတ်နှင့် အိမ်သားတို့သည် အခန်းပြင်သို့ ထွက်နေကြ၏။

"ကိုခ အားတင်းပါ၊ ကျွန်မကြိုးစားကုပေးမယ်"

"အလာ နောက်ကျပြီ၊ အနာလည်း ကျွမ်းပြီ မခင်တင့်"

"အို…နောက်မကျပါဘူး။ ကျွန်မ ရန်ကုန်က ဆရာဝန်ခေါ်ပေး

မယ် ”

ထိုခဏ၌ ဖွေးတုတ်ဝင်လာ၍ ခင်တင့်ကို ပြင်ဘက်သို့ လက်တို့ခေါ်ခဲ့၏၊ အိမ်နှင့်အတန်ဝေးသော သရက်ပင်ကြီး အောက်အထိ ခေါ်သွား၍ ဖွေးတုတ်က ပြောသည်မှာ–

“မခင်တင့် မောင်ခ အသက်ကို မခင်တင့်တစ်ယောက်ပဲ ကယ်နိုင်တော့မယ်၊ ကျွန်မပြောမယ် နားထောင်ပါ။ ကျွန်မအချစ်ဟာ မောင်နှမချစ်အရင်းခံပါ။ မခင်တင့်နဲ့တွေ့မှ မိန်းမတို့ဓမ္မတာ ဝန်တိုသလိုလို ဘာလိုလို ဖြစ်မိတယ်။ သို့သော် ဒီစိတ်တွေကို အခုနိုင်ပါပြီ၊ ကျွန်မအတွက်ရှင့်စိတ်မှာ ကင်းရှင်းပါတော့၊ မောင်ခဟာ မောင်နှမအချစ်မျိုးမှာ ကျွန်မထက်ပိုလို့ ချစ်တဲ့မိန်းမ ကမ္ဘာမှာ မရှိဘူးလို့ ကျွန်မယုံကြည်တယ်။ ကျွန်မလည်း အဲဒါနဲ့ပဲ ကျေနပ်ပါပြီ၊ မခင်တင့်ကိုလည်း ကျွန်မ မမုန်းပါဘူး။ အမှန်မှာ ညီမအရင်းလို ချစ်ပါတယ်။ ဒါကြောင့် ကျွန်မမောင်နဲ့ ညီမတို့အသက်ရှည်လို့ ချမ်းသာတာကိုပဲမြင်ချင်တယ်။ ကိုင်း...ဒီတော့ မောင်ခကို ရှင်အောင် ကုပေတော့။ ဆရာဝန်နဲ့ မရဘူး။ မခင်တင့်နဲ့မှ ရမယ်၊ မောင်ခနဲ့ မခင်တင့်တို့ကြားမှာ သည့်ပြင် အနှောင့်အယှက်ရှိရင်လည်း ကျွန်မ အကုန်ရှင်းလင်း ဖြိုဖျက်ပေးမယ်၊ ဖွေးတုတ်ကို အားကိုးနိုင်ပါ တယ်”

တောသူမ ရိုးရိုးကြီး၏ စကားလုံးတိုင်းကို ခင်တင့်ယုံကြည်၏။ ခင်တင့်သည် စကားမပြောဘဲ ခေါင်းသာညိတ်၍ လိုက်နေ၏။ ပြီးမှ အိမ်ဘက်သို့ လာခဲ့ပြန်၏။

အထက်ပါ ဆုံးဖြတ်စီရင်ချက်ကား ဖွေးတုတ်၏ စီရင်ချက် ဖြစ်၏။ “ခင်တင့် လာရင် မောင်ခ ကျန်းမာမယ်၊ ငါက ရှောင်ပေးလိုက်ရင် သူတို့ ၂ ယောက် လွတ်လွတ်လပ်လပ် ချမ်းသာကြမယ်။ အဲဒါ ငါ့စီမံချက်ပဲ”ဟု ဖွေးတုတ် စီရင်ခဲ့၏။

သို့သော် မဖွေးတုတ်ကြီး အသင် အထင်မကြီးနှင့်၊ အသင်စီမံ

တိုင်း ဖြစ်နိုင်မည်လော၊ အသင့်ထက် စီရင်ပိုင်သူတို့သည် ဤ ကမ္ဘာ ဤစကြဝဠာ၌ များပြားလှကုန်၏။ အသင်သည် အသူနည်း။ အသင်သည် ဖွေးတုတ်ဟု ခေါ်ဆိုသော သာမညလူ မိန်းမငယ်တစ်ယောက် ဖြစ်၏။ ကမ္ဘာလောကကြီး၏ သေးသေးကလေး တစ်နေရာတွင်ဖြစ်ပေါ်ရှိနေ၏။ သင့်စီရင်ချက်ကို ဖျက်နိုင်သူတို့ အဆင့်ဆင့်ရှိကြ၏။ သင့်အထက်က– အထက်က–အထက်က–ဤသို့အဆင့်ဆင့် တက်ခဲ့၍ အဆင့်ပေါင်း မရေ တွက်နိုင်သော အထက်က တရားသူကြီးသည် စီရင်ချက်တစ်မျိုး ချတော့ မည်။ ထိုတရားသူကြီးသည် အလွန်တန်ခိုးကြီး၏။ သူ့စီရင်ချက်ကို ဖွေး တုတ်ရော၊ မောင်ခရော၊ မောင်သန်းရော၊ ဦးဖျော်ရော၊ ခင်တင့်ရော၊ နတ် ရော၊ သိကြားရော၊ ဗြဟ္မာရော၊ ဘုရားရော တစ်လောကလုံး နာခံကြရ ကုန်၏။

နောက်တစ်နေ့တွင် ထိုစီရင်ချက်ကြီးကို ချလိုက်လေ၏။ မောင်ခကလွဲ၍ တစ်အိမ်လုံး ဆူသွား၏။ မကြာမီ တစ်ရပ်လုံး ဆူသွား ၏။ နောက်မကြာမီ ခြံထဲ၌ပင် ငြိမ်သက်နေသော မောင်ခကို ဂူသွင်းလိုက် ကြရလေ၏။

*

မခင်တင့်၏ဖခင် ဦးထူးသည်လည်း လာရောက်သင်္ဂြိုလ်၏။ ကိစ္စပြီးကြ သောအခါ ဦးဖျော်နှင့် မောင်သန်းတို့ကို ခြံတွင် ဆက်လက်ထား၍ ဖွေးတုတ်၊ ဖွေးတုတ်၏ တူငယ်၊ ဖွေးတုတ်၏အမိ၊ ၎င်း အိမ်သား ၃ ယောက်တို့ကို မခင်တင့်က ရန်ကုန်သို့ အတင်းခေါ်ခဲ့၍ မိမိကိုယ်တိုင် ကျွေးမွေးကြည့်ရှုထားသည်။

တောသူမကြီးဖွေးတုတ်၏ ရိုးသားပုံ၊ စိတ်ထားစင်ကြယ် မြင့် မြတ်ပုံတို့ကို ခင်တင့်သည် အလွန်ကြည်ညို၏။ သွားလေသူ မောင်ခ၏ ချစ်ခင်ခြင်းကို ခံရသော သူတစ်ယောက်ဟူသော အနေနှင့်လည်း အလွန်

ချစ်ခင်၏။ အဓိပ္ပာယ်ကား မောင်ခအစား ချစ်နေရသည် ဆိုလိုသည်။ ဖွေးတုတ်ကလည်း ကျေးဇူးရှင်အနေဖြင့်လည်းကောင်း၊ သူတော်ကောင်းစိတ်ရှိသူ တစ်ယောက်အနေဖြင့်လည်းကောင်း၊ မောင်ခအစား ချစ်ရ သူအနေဖြင့်လည်းကောင်း ခင်တင့်ကဲ့သို့ပင် ကြီးသော မေတ္တာကို ထား၏။

ခင်တင့်သည် ထိုနှစ် ကျောင်းက ထွက်နေ၏။ နွေဦးပေါက်စ တစ်နေ့၌ ခင်တင့်နှင့် ဖွေးတုတ်တို့သည် ကားနှင့်ခြံသို့ လာခဲ့ကြ၏။ ခင်တင့်၊ ဖွေးတုတ်၊ မောင်သန်း၊ ဦးဖျော် ဤလေးဦးတို့သည် မောင်ခ၏ ဂူရှိရာသို့ လာခဲ့ကြ၏။ ရောက်ရှိကြသောအခါ–

မောင်သန်းသည် မဆည်နိုင်ဘဲ "ဦးလေးရေ–အစ်မကြီး ဖွေးတုတ်တို့၊ မမခင်တင့်တို့ လာတယ်ဦးလေးရေ့"ဟု ဟစ်အော်လိုက်လေ၏။

ခင်တင့်ကား "ကိုခရေ…အမျှ…အမျှ…"ဟု တုန်ရီသော အသံဖြင့် ခေါ်ဝေါ်ကာ မျက်ရည်ဖြိုင်ဖြိုင် ကျရှိလေ၏။

ဖွေးတုတ်သော်ကား တစ်စုံတစ်ရာ နှုတ်က မမြွက်မဆိုဘဲ ဂူ ကို စိုက်စိုက်တင်းတင်းကြီး ကြည့်နေကာ မျက်ရည်ပေါက်ကြီးတို့သည် တစ်လုံးပြီးတစ်လုံး တစ်ပေါက်စီ တစ်ပေါက်စီ လိမ့်ကျလေကုန်၏။

မောင်သန်းသည် အပြင်းအထန် ပေါက်ကွဲနေသော မီးတောင်နှင့်တူ၏။ ခင်တင့်သည် ငြိမ်သက်စွာ ထွက်သော မီးတောင်နှင့် တူ၏။ ဖွေးတုတ်ကား မီးမထွက်ဘဲ အတွင်း၌ အကြိတ်အခဲကြီးစွာ လှိုက်ဆူနေသော မီးတောင်နှင့် တူ၏။

ဦးဖျော်သော်ကား ငြိမ်သက်လေပြီးသော မီးတောင်ဟောင်းကြီးကဲ့သို့ သံဝေဂမျက်နှာဖြင့် စိုက်ကြည့်နေရာမှ လှည့်ထွက်ခဲ့၍…

"သဗ္ဗေ သင်္ခါရာ အနိစ္စ၊ သဗ္ဗေသင်္ခါရာ ဒုက္ခ၊ သဗ္ဗေဓမ္မာ အနတ္တ၊ ယဒါ ပညာယ ပဿတိ၊ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ"ဟု

ဖြည်းဖြည်းရွတ်ဆိုကာ စိုက်သောဦးခေါင်းဖြင့် တစ်လှမ်း ချင်းလှမ်းလျက် ခြံထောင့်သစ်ပင်အောက်တွင် ကွပ်ပျစ်သို့ လာခဲ့၏။ ကွပ် ပျစ်ပေါ်ရောက်မှ ဆိတ်ငြိမ်စွာ ထိုင်၍ ပုတီးစိပ်နေလေတော့သတည်း။

*

မခင်တင့်သည် အခြားသူမဟုတ်၊ ကျွန်ုပ်၏ဇနီးနှင့် အင်္ဂလိပ် ၁၀တန်း၌ လည်းကောင်း၊ ဆရာဖြစ်ကျောင်း၌လည်းကောင်း အတူနေခဲ့ဖူးသော မိန်းမ တစ်ယောက် ဖြစ်၏။ ကျွန်ုပ်၏ဇနီးနှင့်စပ်၍ ထိုအဖြစ်အပျက်တို့ကို ကြား သိရ၏။

ယခုသော် မခင်တင့်သည် ဘီအေအောင်ပြီးမှ ကျောင်းတစ် ကျောင်းတွင် ဆရာမလုပ်နေ၏။ ဘိုဆန်လွန်းသော စိတ်ဓာတ်အမူအရာ တို့ များစွာ ပြောင်းလဲလေပြီ။ ချစ်သူ၏ အလိုကိုလည်း ပြည့်စေတော့ဟူ ၍လည်းကောင်း၊ မိမိကိုယ်တိုင် ဉာဏ်ပညာဖြင့် ဆင်ခြင်နိုင်၍လည်း ကောင်း ပြုပြင်ခဲ့ခြင်း ဖြစ်လေသည်။

ဆံထုံးလည်း မကြီးလွန်း၊ မမြင့်လွန်း၊ လည်ဟိုက်ဖြစ်သော လွန် လွန်းသော အင်္ကျီကိုမဝတ်၊ နောက်ပိတ်ခုံမြင့်ဖိနပ်ကိုသော်လည်းကောင်း၊ ခုံမြင့်ရှေ့ထိုးကိုသော်လည်းကောင်း၊ မစီးမဆင် ယဉ်ကျေး ခံ့ညားရုံသာ ဝတ်ဆင်နေလေ့ရှိ၏။

တစ်နေ့၌ ကျွန်ုပ်၏ဇနီးနှင့် မခင်တင့်တို့ တွေ့ဆုံကြ၍ စကား စမြည် ပြောနေကြရာ ကြားရသော စကားအချို့တို့ကား…

ဇနီး။ ။"ဘယ့်နှယ့်လဲ မခင်တင့်၊ နောက်ထပ် အိမ်ထောင်မပြု တော့ဘူးလား"

မခင်တင့်။ ။"ဘယ်တုန်းက အိမ်ထောင်ပြုဖူးလို့ အခုထပ်ပြု ရမှာလဲရှင့်" (ရယ်၍ ပြောသည်။)

ဇနီး။ ။"သြော်–သြော်–ယောင်လို့၊ ဟိုဒင်းလေ…အတူတူပေါ့ ရှင်…ဒီလိုပဲ နေတော့မလားလို့၊ ဟိုဒင်းက ကြာလှပါပြီ၊ ၆ နှစ် ၇ နှစ်

ရှိသွားမှပဲ”

မခင်တင့်။ ။“အင်း...အနှစ် ၆၀–၇၀ ရှိလည်း ထူးလှမယ် မဟုတ်ပါဘူး။ ပြီးတော့လည်း ဒီအပူမျိုးကို ကြောက်လှပါပြီရှင်။ နောက် ထပ်မပျိုးချင်တော့ပါဘူး။ အပူကို ပျိုးမယ့်အစား သူကြိုက်တဲ့ဟာရော၊ ကျွန်မကြိုက်တဲ့ဟာရော ဖြစ်သမျှ ဖြစ်အောင်လို့ ကြိုးစားနေတာပဲ။ အခု ကျွန်မနဲ့နီးစပ်တဲ့ သူငယ်ချင်း မိတ်ဆွေတွေဟာ အဝတ်အစား အမူအရာ အပြောအဆို လော်လော်မာမာတွေကို အတော်ဆင်ခြင်လာကြပြီရှင့်”

ဇနီး။ ။“သာဓုရှင်–သာဓု၊ ကြိုးစားပါ၊ ကျွန်မတို့လည်း တတ် နိုင်သမျှ ကူညီပါ့မယ်...”

"ဟော့ကောင်မ–ညည်းကို ဟိုပိုက်ဆံဝါလားကြီးက ရစ်နေပါလားအေ့၊ ညည်းတော့ ကော်တာပဲ"

"အောင်မယ်–ဒီတဏှာရူး–ယစ်ထုပ်ကြီး–သေခါနီးကြီးကို ငါက ဘာလုပ်ရမှာလဲ။ ရုပ်ကြီးကလည်း ဖြစ်နေလိုက်တာ၊ ငှက်ပျောသီး ပျော့ပျော့ကို ခွေးနင်းထားသလိုပဲ။ ငါက ပိုက်ဆံကို ဂရုစိုက်တာ မဟုတ်ဘူးအေ့–သိရဲ့လား"

"ညည်းက မကြွားပါနဲ့၊ ပိုက်ဆံဟာ ပိုက်ဆံအေ့၊ မှတ်ထား၊ ပိုက်ဆံရဲ့အားကို ညည်းတွေ့တော့မှ သိမယ်။ ညည်း ဘယ်နည်းနဲ့မှ ပိုက်ဆံအားကို မခံနိုင်ဘူး။ ကြည့်ပါလား။ ဟိုဈေးနားက မယ်ရှင်ဟာ ဘာဖြစ်သွားသလဲ။ ကလေး ၅ယောက်အဖေ မုဆိုးဖိုရွှတ်တွကြီးက ပိုက်ဆံနဲ့ ပေါက်ယူသွားတယ်မဟုတ်လား"

"ညည်းက ငါ့ကိုဒီလောက် အထင်မသေးပါနဲ့အေ၊ မယ်ရှင်ဟာ မယ်ရှင်၊ ဒီက မယ်မြစ်က မယ်မြစ်သိရဲ့လား။ မျက်နှာကို သေသေချာချာ ကြည့်ထား"(မိမိမျက်နှာကို လက်ညှိုးနှင့် ထိုး၍ ခပ်ကြွားကြွားပြောလေသည်။)

"အေးတော် မျက်စိဒေါက်ထောက်ကြည့်ရသေးတာပေါ့"

*

အထက်ပါစကားတို့ကား၊ မိန်းမရွယ်ရွယ် ၂ ယောက် ပြောနေကြသော စကားများဖြစ်သည်။ ၎င်းစကားတို့မှာ လင်ရေး သားရေး၊

ယောကျ်ားမိန်းမ ချစ်ကြိုက်ရေးများ ဖြစ်ပုံရသည်။

သို့ရာတွင် ထိုစကားတို့ကို ကျွန်ုပ်ကြားရသောအခါ သူတို့ လင်ရေးသားရေး၊ ချစ်ကြိုက်ရေးတို့ကို အပထား၍ ကျွန်ုပ်၌ တွေးတောစရာတစ်ခု ပေါ်လာလေသည်။ ထိုပေါ်လာချက်ကား–

လောက၌ ပိုက်ဆံမျက်နှာ ကြီးသည်ဆိုသည်မှာ အမှန်ပင် ဖြစ်သည်။ မည်သို့ပင် အပေါ်ယံက ဟန်လုပ်၍ ပြောကြသော်လည်း ကြေးငွေ ပိုက်ဆံကို လူတိုင်းချစ်ခင် ကြည်ညိုလိုချင်ကြသည်သာတည်း။ ကောင်းပြီ၊ အဘယ်ကြောင့် ချစ်ခင် ကြည်ညို လိုချင်ကြသနည်း။

## အဖြေထွက်လာပုံကား

ကြေးငွေရခြင်းမှာ ကောင်းသောရခြင်း၊ မကောင်းသော ရခြင်းဟူ၍ အကြမ်းအားဖြင့် နှစ်မျိုး ရှိသည်။ အချို့မှာ မိမိ၏ ကံ–ဉာဏ်–ဝီရိယဖြင့်၊ ကောင်းရာကောင်းကြောင်း ရှာဖွေ၍ ရသည်။ အချို့ကား ခိုး တိုက် လိမ်စသော မကောင်းမှုဖြင့် ရသည်။

အခြားတစ်နည်းလည်း ရှိတန်ရာသေး၏။ အချို့မှာ "အချောင်" ရတတ်ကြသည်။ ဥပမာ ကောက်ရခြင်း၊ ထီပေါက်ခြင်း၊ အမွေရခြင်း စသည်တို့တည်း။ (ဤအချောင်ရသည်ဆိုသည်မှာလည်း ဗုဒ္ဓဘာသာအယူအရ ရှေးကံဟောင်းနှင့် ဆက်နေသည်၊ ဤတွင် အကျယ်ပြရန် မလို)။

ဤသို့ ရနည်းအမျိုးမျိုး ရှိရာတွင် ယခု ကျွန်ုပ်ရေးလိုသော ကိစ္စ၌ ယေဘုယျအားဖြင့် ရရိုးရစဉ်ဖြစ်သော မိမိတို့ ကံ ဉာဏ် ဝီရိယဖြင့် ရင်း၍ ရခြင်းကို အဓိကထား၍ ရေးလိုသည်။

## အတိတ်ကို စွဲ၍ ငွေမျက်နှာကြီးပုံ

ကျွန်ုပ်တို့သည် ကြေးငွေပိုက်ဆံကို အလကားအကြောင်းမဲ့ ရကြသည် မဟုတ်ကုန်။ ဉာဏ်ပညာရှိခြင်း၊ အမြော်အမြင်ရှိခြင်း၊ လုံ့လဝီရိယ ရှိခြင်း၊

တည်ကြည့်မှန်ကန်ခြင်းတို့ဖြင့် ရင်းနှီးပြုလုပ်ပြီးမှ ပိုက်ဆံကြေးငွေကိုရလေသည်။ အချုပ်ကား ကံ ဉာဏ် ဝီရိယတည်းဟူသော အကြောင်းတို့ကြောင့် ပိုက်ဆံတည်းဟူသော အကျိုးဖြစ်လာရသည်။

ကံ ဉာဏ် ဝီရိယကို ကျွန်ုပ်တို့ နှစ်လိုကြည်ညိုကြသည်။ သို့ကြောင့်လည်း ၎င်းတို့၏ အကျိုး ကိုယ်စားဖြစ်သော ပိုက်ဆံကြေးငွေကို ကျွန်ုပ်တို့လိုက်၍ နှစ်လို ကြည်ညိုခြင်း ဖြစ်သည်။

ဥပမာ–ဤမည်သော ကုန်စည်ကို ဤမည်သော ကာလဒေသ ၌ ရောင်းရသော် မြတ်စွန်းရာ၏ဟု ဉာဏ်ဖြင့် စဉ်းစားချင့်ချိန်မြော်ဆ၍ မပျင်းမရိ ကြိုးစားရောင်းဝယ်၏။ သို့ရောင်းဝယ်ရာ၌လည်း လိမ်လည် ကောက်ကျစ်မရှိ၊ ရိုးသားဖြောင့်မှန်စွာ ပြုမူရောင်းဝယ်၏။ ထိုအခါ အမြတ်ပိုက်ဆံကြေးငွေများစွာ ရရှိလေရာ၏။ ထိုသူ၏ ကံ ဉာဏ် ဝီရိယ ဖြောင့်မှန်ခြင်းတို့ကို ထိုပိုက်ဆံကြေးငွေပေါ်၌ တင်စား၍ ချစ်ခင် ကြည်ညို နှစ်လိုခြင်း ဖြစ်ကြလေသည်။

ထိုမှတစ်ပါးလည်း သူတစ်ပါးတို့ကို နှစ်သက်ရန်၊ အလိုကျရန်၊ အကျိုးရှိရန်၊ ပြုလုပ်ဆောင်ရွက်ပေးသဖြင့်လည်း ပိုက်ဆံကြေးငွေကို ရနိုင်၏။ ဥပမာ–ဆာမိသည် ဒေါ်မိုးအား ထင်းခွဲပေးသဖြင့် ဒေါ်မိုးက ပိုက်ဆံ တစ်မတ်ပေးလေသည်။ ဆေးဆရာသည် ရောဂါပျောက်အောင်၊ သဘင်သည်သည် ကြည့်ရှုပျော်မြူးအောင်၊ အထည်အဝတ်သည်သည် အထည်အဝတ်ရအောင်၊ သရေစာသည်သည် အဆာပြေအောင်၊ စာအုပ်သည်သည် ဖတ်သူတို့ တစ်နည်းနည်း အကျိုးရှိအောင်၊ အနှိပ်သည်သည် အညောင်းပြေအောင်၊ ဘိန်းရှင်သည် ဘိန်းစားတို့ အလိုပြည့်အောင် စသည်ဖြင့် ပြုလုပ်ဆောင်ရွက်ပေးကြသောကြောင့် ပိုက်ဆံကြေးငွေရကြကုန်သည်။

ထိုသို့ သူတစ်ပါး နှစ်လို ကြည်ညို နှစ်သက်အောင် ပြုလုပ်ပေးခဲ့သဖြင့် ထိုသို့ ရခဲ့သော ပိုက်ဆံရှင်ကို လူတို့က နှစ်လိုကြည်ညို နှစ်သက်

ကြခြင်းဖြစ်သည်။

ဤကဲ့သို့အားဖြင့် ကံ ဉာဏ် ဝီရိယ ဖြောင့်မှန်ခြင်း၊ သူတစ်ပါးတို့ နှစ်လိုဖွယ် အကျိုးရှိဖွယ်တို့ကို ဆောင်ရွက်ခြင်းတည်း ဟူသော အကောင်းအမွန်တို့၏ ကိုယ်စားဖြစ်သော ပိုက်ဆံကြေးငွေကို ကျွန်ုပ်တို့ ချီးမွမ်း နှစ်သက် ကြည်ညိုလိုချင်ကြခြင်း ဖြစ်သည်။

ဤကား အတိတ်ကို စွဲ၍ ငွေမျက်နှာကြီးပုံတည်း။

## အနာဂတ်ကို စွဲ၍ ငွေမျက်နှာကြီးပုံ

ရခဲ့ပုံ အတိတ်ကိုစွဲ၍ မျက်နှာကြီးသည့်ပြင် နောင်လူတို့၏ အကျိုးကို ဆောင်နိုင်သဖြင့် အနာဂတ်ကို စွဲ၍ မျက်နှာကြီးသေးသည်။

ကြေးငွေရှိသူမှာ လိုရာကို ပြီးစေနိုင်သော တန်ခိုးသတ္တိ ရှိနေလေသည်။ ဤအချက်တွင် ကောင်းသောရခြင်း၊ မကောင်းသောရခြင်းတို့ကို မကြည့်တော့ပြီ။ ရှေ့၌ သုံးစွဲနိုင်သော တန်ခိုးသတ္တိကိုသာ ကြည့်တော့ သည်။ ထိုငွေရှင်မှာ မိမိ၏ လိုအင်ဆန္ဒအမျိုးမျိုးကို ဖြည့်နိုင်သည့်အပြင် လူအမျိုးမျိုးတို့၏ ဆန္ဒအမျိုးမျိုးကိုလည်း ဖြည့်နိုင်လေသည်။ ထမင်းငတ်နေသူကို ထမင်းကျွေးနိုင်သည်။ အဝတ်အစားလိုသူကို ပေးနိုင်သည်။ ပွဲကြည့်လိုသူကို ပွဲပြနိုင်သည်။ ကုန်စည်သွယ်လိုသူကို အရင်းပေးနိုင်သည် စသည်ဖြင့် သူတစ်ပါးတို့ နှစ်သက်ဖွယ် အကျိုးရှိဖွယ်တို့ကို ဆောင်နိုင်လေသည်။ ထိုမှတစ်ပါးလည်း သူတစ်ပါးတို့၏ အကျိုးပျက်အောင် ပျက်စီးသေကျေအောင် ပြုနိုင်သဖြင့် သူတစ်ပါးတို့၏ ကြောက်ရွံ့ခြင်း ရိုသေခံ့ညားခြင်းကိုလည်း ခံရလေသေးသည်။

## အကျဉ်းချုပ်ရသော်

(၁) ကြေးငွေရခြင်းမှာ၊ ကံ ဉာဏ် ဝီရိယ ဖြောင့်မှန်ခြင်း၊ သူတစ်ပါး အကျိုးကို ဆောင်ရွက်ခြင်းတို့ကြောင့် ရသည်။ သို့ကြောင့် အကောင်း အမွန်တို့၏

ကိုယ်စားအဖြစ်ဖြင့် ပိုက်ဆံကြေးငွေကို လူတို့ နှစ်သက်ကြည်ညိုလိုချင်ကြကုန်သည်။ ဤကား အတိတ်ကိုစွဲ၍ မျက်နှာကြီးပုံကို ပြသည်။ (မကောင်းမှုဖြင့် ရခြင်းကို လူတို့ ကဲ့ရဲ့ကြကုန်သည်။ "အချောင်" ရသည်ကိုး၊ "ကိုယ်အစွမ်းနဲ့ ရတာ မဟုတ်ပါဘူး"ဟု ခပ်နိမ့်နိမ့် ပြောကြသူလည်း ရှိသည်။ "သြော်...ဒါတော့ ကံ ကုသိုလ် ကောင်းတာကိုး"ဟု တရားသံဖြင့် ကျေနပ်ချီးမွမ်းကြသူလည်း ရှိသည်။)

(၂) ကြေးငွေအားဖြင့် လူတို့၏ လိုအင်ဆန္ဒတို့ကို ဖြည့်နိုင်သည်။ နှစ်သက်မှု အကျိုးရှိမှုတို့ကို ဆောင်နိုင်သည်။ ဤသို့အားဖြင့် အနာဂတ်ကို စွဲ၍ မျက်နှာကြီးခြင်းဖြစ်သည်။

*

အစကပြခဲ့သော မယ်မြစ်ခများမှာ ထိုမျှတန်ခိုးအင်အားကြီးသော ပိုက်ဆံရှင် ဟိုလူကြီးလက်က လွတ်မှလွတ်နိုင်ပါ့မလားဟု တွေး၍ ပူမိသည်။

စုံစမ်းကြည့်၍ သိရသည်ကား မယ်မြစ်မှာ ဆေးလိပ်ဆိုင်ငယ် တည်ခင်း ရောင်းရသူဖြစ်သည်။ မိဘများလည်း ဆင်းရဲရှာ၏။

မကြာမီပင် ထိုရပ်ကွက်က ကာလသားခေါင်း ဆိုးပေမှာ ခေါင်းပေါင်းစ တထောင်ထောင်နှင့် သောက်စားမူးယစ် တက္ကစီ မော်တော်ကားနှင့် တဝီဝီနေလေသည်။

မယ်မြစ်နှင့် စကားပြောဖော် သူငယ်ချင်း မိန်းမပျိုမှာလည်း ပိုးတွန့်လုံချည်အလဲလဲနှင့် ဆွဲကြိုးစ လက်ကောက်စ ဆင်မြန်းနေသည်ကို တွေ့ရသည်။

မယ်မြစ်၏ မိဘများမှာလည်း မိမိတို့ငှားနေသော တစ်ထပ်အိမ်ကလေးကို အပိုင်ဝယ်ယူလိုက်သည်ဟု ကြားရသည်။

ဘုရား ဘုရား၊ မယ်မြစ်ကလေး ပါရချေတော့မယ် ထင်ပါရဲ့။ ဟယ်...ပါသွားပြီတဲ့။

မယ်မြစ်၏ သူငယ်ချင်း မိန်းမပျိုနှင့်တွေ့၍ စကားစပ်ပြောကြ ရာ "ဒီလို ဦးရဲ့၊ ကျွန်မက အကျိုးဆောင်ပေးလိုက်တာပါ။ အဘိုးကြီးက ပိုက်ဆံသိပ်ချမ်းသာတာ၊ ပြီးတော့လေ ဒီမှာ အဘိုးကြီး နောက်နေရရင် အလွန်ဆုံး ၃ နှစ်ပဲ။ သူသေရင် မယ်မြစ်ဖို့ချည်းပေါ့ရှင်။ ကျွန်မသူငယ်ချင်း ကောင်းစားအောင် လုပ်ပေးလိုက်တာပေါ့ဦးရဲ့"ဟု မြေစိုက်ဘုရားတစ်ဆူ တည်ရသလောက် ကုသိုလ်ရသည့်ပုံဖြင့် စိတ်အားထက်သန်စွာ ပြောလေသည်။

ကျွန်ုပ်ကလည်း အင်း–သူ့ဟာ ဟုတ်တုတ်တုတ်ပဲ။ အဘိုးကြီး မြန်မြန်သေရင် ကောင်းမှာပဲဟု တွေးမိသည်။ ဟော–ကျွန်ုပ်ငရဲကြီးချေ ပြီ။ သို့သော် နေဦး၊ သည်တွင် ရပ်မထားပါနှင့်။ သေတော့ ဘာဖြစ်သလဲ၊ ကောင်မကလေး ချမ်းသာရော မဟုတ်လား။ မုဆိုးမဖြစ်တာ ဘာအရေးလဲ။ မုဆိုးဖို အသက်ကြီး ရွတ်တွ ယစ်ထုပ်ကြီး အရုပ်ဆိုးကြီးတောင် ပိုက်ဆံတန်ခိုးနဲ့ သမီးလောက် မြေးလောက် ရုပ်ချောကို ရသေးတာပဲ။ အရွယ်ကောင်း ရုပ်ကောင်း ပိုက်ဆံရှိ မုဆိုးမကလေးမယ်မြစ်ဟာ ကြိုက်တာကို ခေါင်းခေါက်ယူနိုင်တယ်။ ဘာဖြစ်သလဲ၊ မယ်မြစ်အကျိုးတွေပဲ ဟု ဝမ်းမြောက်မိသည်။ ဟော–မုဒိတာ ကုသိုလ်တွေ ကျွန်ုပ်တွင် ဖြစ်ပြန် ချေပြီ။ သို့ရာတွင် ပထမငရဲကို ယခုမုဒိတာကုသိုလ်က ချေမှုချေနိုင်ပါ့ မလားဟု ကျွန်ုပ်တွေးမိသည်။ ကျွန်ုပ်မဆုံးဖြတ်နိုင်၊ သင်္ဂြိုဟ်ဆရာများ က ကျေးဇူးပြု၍ ဆုံးဖြတ်ပေးတော်မူကြပါဟု တောင်းပန်လိုက်ရသည် ဟူလို။



**ဦးဖိုးကျား (၁၈၉၁–၁၉၄၂)**

ဟသ်ာတခရိုင်၊ နိဗ္ဗာန်ရွာ၊ လယ်သမားကြီး ဦးဖေ၊ ဒေါ်ဒေါင်းတို့မှ ၁၈၉၁ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ နိဗ္ဗာန်ရွာ ဆရာတော်ဦးသာသန၏ လောကဓာတ်ကျောင်း၊ အသုတ်ရွာ ဆရာတော် ဦးသုန္ဒရ၏ လေးထပ်ကျောင်းတို့၌ အောက်တန်းများကို စာ ပြန်သင်ပေးရင်း တပည့်ဆရာအဖြစ်နှင့် ကျောင်းနေခဲ့ရသည်။ အသက် ၂၇ နှစ်ရောက်မှ ၁၀တန်းအောင်ပြီး ဂျပ်ဆင်ကောလိပ် တွင် တက်ရောက်သင်ကြားသည်။ သပိတ်မှောက်ကျောင်းသားများ ကောင်စီဝင် ဖြစ်သည်။ ကောလိပ်ကျောင်းသားဘဝကပင် မြန်မာ့ အလင်းသတင်းစာ၌ စာပေစတင်ရေးသားခဲ့သည်။ ၁၉၂၂ ခုနှစ်ခန့် တွင် ဘီအေစာမေးပွဲ အောင်သည်။ ထို့နောက် အမျိုးသားပညာဝန် ဖြစ်ခဲ့သည်။

ဦးဖိုးကျားသည် ပုသိမ်ရာဇဝင်၊ ဦးထွန်းရှိန်အတ္ထုပ္ပတ္တိ၊ မြန်မာ့ဂုဏ်ရည်၊ ပေါရာဏအဘိဓာန်၊ စလေဦးပုည အတ္ထုပ္ပတ္တိနှင့် ရေသည်ပြဇာတ်၊ ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ၊ အလယ်တန်း မြန်မာရာဇဝင်အကျဉ်း၊ သီပေါမင်း ပါတော်မူအရေးတော်ပုံ၊ ၃၇မင်း အလောင်းတော်ကဿပ၊ မြောက်ပိုင်း ဗုဒ္ဓဘာသာ မဟာယန ဂိုဏ်းကိုယ်တွေ့ဝတ္ထုများ စသည့် စာအုပ်များစွာကို ရေးသားခဲ့သည်။

၁၉၂၇ခုနှစ်တွင် မိမိနေထိုင်ရာ (ထိုစဉ်က) ကာလဘတ် လမ်း နေအိမ်တွင် မြန်မာ့ဂုဏ်ရည်ပုံနှိပ်စက်နှင့် မြန်မာ့ဂုဏ်ရည် စာအုပ်တိုက်တို့ကို တည်ထောင်သည်။ လွတ်လပ်ရေးရပြီးခေတ် တွင် ဦးဖိုးကျားကို ဂုဏ်ပြုသောအားဖြင့် ကာလဘတ်လမ်းကို မြန်မာ့ဂုဏ်ရည်လမ်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

ပညာရေး၊ လူမှုရေး၊ စာပေအရေး၊ နိုင်ငံ့အရေး စသည်တို့၌ နိုင်ငံနှင့် လူမျိုးအတွက် များစွာ ကျေးဇူးပြုခဲ့သော ဦးဖိုးကျားသည် စစ်ဘေးတိမ်းရှောင်ရင်း ၁၉၄၂ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ထန်းတပင်မြို့တွင် ကွယ်လွန်ခဲ့သည်။

အမျိုးသားပညာဝန်
" ဦးဖိုးကျား " သည်
ကိုယ်တွေ့ဝတ္ထုများ
၆ တွဲရေးသားခဲ့သည်။
ထိုဝတ္ထုများထဲမှ အချို့ကို
ကိုယ်တွေ့ဝတ္ထု ကောက်နုတ်ချက်များ အမည်ဖြင့်
ထုတ်ဝေခဲ့ဖူးသည်။
ယခုအခါ ......
တိမ်မြုပ် ရှားပါးနေပြီဖြစ်သော
ကိုယ်တွေ့ဝတ္ထုအားလုံးကို
ခက်ခက်ခဲခဲရှာဖွေပြီး
စုစည်းတင်ဆက်ခြင်း ဖြစ်ပါသည်။

